www.burmeseclassic.com


မောင်ညိုမှိုင်း (သန်လျင်)

စီစဉ်သော

# ဗုန်းဆိုးမြေမှမြွေကုန်းကြမ်း

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ



မောင်ညိုမှိုင်း(သန်လျင်)၊ ထောင်မှူးကြီးသိန်းဝင်း၊ မြောင်းမြမောင်ကို၊ မကွေးညှိုးစိမ့်၊ အောင်သာစိုး

သား၊ဥသသုံ့၊ ညွှန့်ဩ၊ ဇေယျမင်းသျှင်၊ လေးမောင်၊ မြဘုန်းထက်၊ သီဟထိပ်တင်စော၊ ဝင်းနိုင် (ရွှေမြည်သာ)

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၄၊ ဩဂုတ်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ *Myat Min Han (New Idea)*
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Zin Oo & Brothers*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
၁၁၆၊ ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ ၊ ၈၃
ကလောင်စုံ
ဖုန်းဆိုးမြေမှမြွေကုန်းကြမ်း အပါအဝင် ဂမ္ဘီရဝတ္ထုတိုများ/
ကလောင်စုံ–ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၄။
၃၅၆–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) ဖုန်းဆိုးမြေမှမြွေကုန်းကြမ်းအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ

## မာတိကာ


| စဉ် | ဝတ္ထုအမည် | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဖုန်းဆိုးမြေ မြွေကုန်းကြမ်း | *မောင်ညှိုနိုင်း(သန်လျင်)* | ၁ |
| ၂။ | ဝမ်ခမ်းအိုင် | *ထောင်မှူးကြီးသိန်းဝင်း* | ၃၂ |
| ၃။ | ငွေအစိတ်နှင့် ကိုပုလိပ် | *မြောင်းမြမောင်ကို* | ၅၉ |
| ၄။ | ထီးတန်းဈေးမှ တစ္ဆေများ | *မကွေးညိုစိမ့်* | ၇၆ |
| ၅။ | ခေါင်းလားပန်းလား | *ဇေယျမင်းသျှင်* | ၁၁၁ |
| ၆။ | တစ်သက်တာမှာ နှစ်ခါသေရခြင်း | *အောင်သာမိုး* | ၁၄၀ |
| ၇။ | တုန်လှုပ်ခဲ့သော အမဲပစ်ခရီး | *လေးမောင်* | ၁၅၈ |
| ၈။ | ရွှမ်ကဘီလူးနှင့် မရဏတမန် | *သီဟထိပ်တင်စော* | ၁၉၂ |
| ၉။ | တိုက်ကျွဲကြီးမိုးသီး | မြဘုန်းထက် | ၂၄၁ |
| ၁၀။ | လူဖြူကြီး | ဩမိသ | ၂၆၃ |
| ၁၁။ | သင်းကွဲတစ္ဆေအောင်ဖေ | ထားဉသုံ | ၂၈၃ |
| ၁၂။ | ဆရာဆိုသောပုဂ္ဂိုလ်နှစ်ဦး | ဝင်းနိုင်(ရွှေပြည်သာ) | ၃၃၁ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ကျွန်တော် ဒီကောင်နှစ်ယောက်ကို အတန်တန် သတိပေးပါတယ် ဆရာမှိုင်းရှာ။ လုံးဝ နားမထောင်တာ။ မိုက်မဲကြမ်းတမ်းတာ။

မြကြီးနဲ့လှဖေ။

မြကြီးက ဒေါနရွာသား။

လှဖေက မြို့ပေါ်က မြွေဖမ်းသမား။

မြွေဈေးက ငါးရှဉ့်ဈေးထက်ကောင်းနေတော့ မြစ်ဝကျွန်းပေါ်မှာရော အထက်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းမှာပါ မြွေရှာသမားတွေ နည်းရော့လားဗျာ။

အထက်ဘက်မှာ မြွေပွေး၊ မြွေဟောက်နဲ့ ငန်းတော်ကျား၊ စပါးကြီး၊ စပါးအုံးများကို ရတာနဲ့ အိမ်နီးချင်းနိုင်ငံကို ပို့ရောင်းကြ ဆိုကိုး။

သူတို့ဆီမှာ မြွေပွေးမြွေဟောက်ရဲ့ သည်းခြေနဲ့အဆီကို တိုင်းရင်းဆေး ဖော်ရောင်းကြတယ်။

ပြီး . . . တိုင်းရင်းဆေး သစ်ဥ၊ သစ်ဖုများနဲ့ မြွေတွေကို ဖန်ပေါင်းအိမ် (ပုလင်းကြီး)ထဲမှာ အရက်နဲ့စိမ်ပြီး ကာမအားတိုးဆေး၊ အကြောအားဆေး အဖြစ် ဖော်စပ်ရောင်းချကြတာ။





ရန်ကုန်မြို့ ( . . . . . )ဈေးအောက်ထပ် အဝင်ဝမှာ ဆရာမှိုင်း မြင်ပါလိမ့်မယ်ခင်ဗျာ။

လူတစ်ဖက်စာ ပုလင်းကြီးထဲ ခန်းတောက်မြစ်၊ ဂျင်စင်းမြစ်၊ အရက်နဲ့ မြွေအကောင်ငါးဆယ်တစ်ရာ အခြောက်ခံရောပြီး စိမ်ရောင်းနေတာ။

အရက်တစ်ခွက်ကို ဈေးအတော်ပေးရတယ်။

ပြီး . . . မြွေသား . . .

မြွေသားက အရမ်းချိုသကိုး ဆရာမှိုင်းရဲ့၊ မြွေဟာအသားစား သတ္တဝါဆိုတော့ အာဟာရသိပ္ပံက ကောင်းနေတာပေါ့ဗျာ။

ကျွန်တော်တို့လည်း ကာလသားဘဝက လင်းမြွေသား စားဖူးပါတယ်ဆရာ။ လင်းမြွေကိုခေါင်းဖြတ်၊ အရေခွံဆုတ်ပြီး ရေနွေးနဲ့ပြုတ်ချင်ပြုတ်။

ဒါမှမဟုတ် အကောင်လိုက် မီးမြှိုက်၊ မီးမြှိုက်ပြီးရင် လက်နဲ့ ပွတ်သပ်ချလိုက်တာနဲ့ မြွေအသားချည်း ဖွေးကျန်နေရော။

အဲဒီ အသားကို ငါးရှဉ့်လို နွှင်ပြီး ငရုတ်သီးလေးစိတ်ကွဲ၊ စပါးလင်၊ မဆလာ၊ ချင်း၊ ကြက်သွန်အဖြူအနီများနဲ့ ချက်လိုက်ရင် သွားရည်ဖြန်းဖြန်းကျအောင် အနံ့က မွှေးတာကလား။

အရိုးတွေကို ဟင်းချိုလုပ်။

ပြီးရင် တောအရက်ရရ၊ ဘီအီးရရ၊ ရမ်ရရ ရတာနဲ့ မြည်းစားသောက်လိုက်ရင်လား၊ ဆက်ရက်မင်းစည်းစိမ်ဗျာ။

ဘယ် . . . ငါးရှဉ့်တို့၊ ငါးလင်ပန်းတို့နဲ့ လဲမှာလဲလို့။

ခုနောက်ပိုင်း . . .

မြွေဟောက်သားက ပိုလေးဆိုပြီး မြွေဟောက်အရှင်ကို ဖမ်းကြရဲ့။ ဟော . . . မြွေပွေးသားက ကိုယ်ရေပြားရောဂါနဲ့ ကင်ဆာရောဂါကို နိုင်တတ်လို့ဆိုကြရော။ မြွေပွေးဈေးကွက်ဝင်ပါရော ဆရာရေ။

ဒီကိစ္စတော့ ကျွန်တော်နည်းနည်းထောက်ခံချင်သလိုပဲ ဆရာမှိုင်းရဲ့။ ကျွန်တော့်ညီ မောင်တရှုတ်ကြီးမိန်းမ မသန်းစု သားအိမ်ကင်ဆာဖြစ်ပါရောလားဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ခမျာ ရှိစုမဲ့စုလေး ရောဂါဖြစ်ရော ကုလိုက်ရတာ နည်းရော့လား။ အဲဒါ ကင်ဆာရောဂါခံစားရသူ လူမမာတစ်ဦးက ကျွန်တော့်ညီကို အကြံပေးရော ...

"ကိုတရုတ်ကြီး မြွေပွေးသားကို ချက်ကျွေး၊ ကြော်ကျွေးစမ်းပါဗျာ"

"ဘာကောင်းလို့တုံးဗျာ"

"ကင်ဆာရောဂါနဲ့ရင် ပျောက်တယ်ဗျာ။ ရင့်ရင့် ဆွဲစားအမြစ်မပွားဘူးဗျ"

"ဟုတ်ရဲ့လားဗျာ"

"ကျုပ်မိန်းမ ရင်သားကင်ဆာ အင်္ဂလိပ်ဆေးလည်းစား၊ တိုင်းရင်းဆေးလည်းစား၊ မြွေပွေးသားလည်း နေ့စဉ်ချက်ကျွေးလိုက်တာ ကောင်းသွားပြီဗျ"

"မြွေပွေးသားက မျက်စိမှုန်တယ်ဆို"

"အဆိပ်ရှိတဲ့ ခေါင်းပိုင်းကိုဖြတ်ပြီး ခေါက်ထိုးဆွဲထားလိုက်ဗျာ။ ပြီးမှ ရေနွေးနဲ့ပြုတ်ပြီး ငါးရှဉ့်ချက်သလို ချက်စားရတာ"

အဲဒါ လူပြောများလို့ သူပြောသည့်အတိုင်း ချက်ကျွေးရ တယ်။ မြွေပွေးသားက ရှာရခက်သကိုးဆရာရဲ့။ နောက်ဆုံး အဲဒီအချိန်တုန်းက (....) ဈေးအပေါ်ထပ်မှာ မြွေပွေး၊ မြွေဟောက်များကို သံဆန်ခါ သေတ္တာနဲ့ လှောင်ရောင်းပြီး ကိုယ်တိုင် အမျိုးမျိုးချက်ရောင်းနေတဲ့ စားသောက်ဆိုင်ကြီးတစ်ဆိုင် ရှိရဲ့ခင်ဗျ။

လွန်ခဲ့သည့် (၁၀)နှစ်ခန့်က မြွေပွေးတစ်ပိဿာတစ်ကောင်ကို သုံးထောင်ကျပ်ပေးရတယ်။ အခု မရတော့ဘူး။ သောင်းဂဏန်းနား ကပ်နေပြီ။ အဲဒါဝယ်ပြီး တစ်လလောက် ချက်ကျွေးလိုက်ရော ...

သားအိမ်ထုတ်ပစ်ရမလိုလို သတင်းကြီးပြီး စိတ်ဓာတ်ကျနေသည့် ကျွန်တော့်ခယ်မ ကင်ဆာရောဂါ ပျောက်လုနီးပါးနဲ့ အခု အလေးအပင်မ,နိုင်ပြီး ဈေးရောင်းနေပါရောလား။

အဓိကက ရောဂါသည်အနေနဲ့ စားရဲဖို့ပဲ အရေးကြီးတယ်။





ကျွန်တော့်ဆရာ စာရေးဆရာကြီး တက္ကသိုလ် (.......) အူကင်ဆာဖြစ်ရော။ ကျွန်တော်က မြွေပွေးသားစားကြည့်ဖို့ အကြံပြုတယ်။ ဆရာကတော်ကလည်း စားစေချင်တယ်။

ဆရာက မြွေသားကို ပါဏာပေတံ အသက်ထက်ဆုံးရှောင်ပြီး နေ့စဉ် မြွေသတ္တဝါများကို မေတ္တာပို့နေသူမို့ ငါအသေခံသွားမယ် မစားဘူးလို့ ဖွတ်ငြင်းခဲ့တယ်။

နောက်ဆုံး ကျွန်တော့်ဆရာ ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားရရှာတယ်။ ဆရာရဲ့ သီလနဲ့သစ္စာကတော့ ရှာမှရှားပါပဲဗျာ။

တိုတိုပြောရရင် မြွေပွေး၊ မြွေဟောက်က ဆေးဘက်ဝင်အသားလို့ နာမည်ကျော်ရော အမြို့မြို့အနယ်နယ်က မြွေပွေး၊ မြွေဟောက်၊ ငန်းတော်ကျား၊ လင်းမြွေ၊ စပါးကြီး၊ စပါးအုံးများ မြွေရှာမြွေဖမ်းသမားများ လက်ချက်နဲ့ ပြုတ်ပြုတ်ပြုန်းလုနီးပါး ရှိကုန်ပါရောလားဆရာ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## [၂]

☐

စီးပွားရေးဘက်ကကြည့်ရင် အလွန်ဝင်ငွေကောင်းသည့် အလုပ်ပါပဲ။ ဒါကြောင့် မြကြီးတို့ ရွာစဉ်လှည့်၊ တောစဉ်လှည့်ပြီး မြွေပွေး၊ မြွေဟောက် ရှာကြတယ်။

ဖြစ်ရပ်ဆန်းကြယ်တစ်ခု ပြောပြချင်တယ်ဆရာ ...

ကိုယ်မကောင်းတဲ့ လူအချို့ ... ဟိုတုန်းက ရွာပြင်အပို့ခံရတယ်။ အနူရောဂါလို့ ပြောကြပါစို့။ အဲဒါ လူတောထဲမတိုးနိုင်တော့ စိတ်ဓာတ်ကလည်း ကျနေတာပေါ့။ တောထဲမှာ မှိုရှာ၊ မျှစ်ရှာ၊ သစ်သီး သစ်ညွန့်ရှာပြီး ဘဝဝမ်းစာကို ကျောင်းနေရတာ။

အနူရောဂါဆိုတာ ရင့်သွားရင် ခြေတို လက်ပြတ် နှာပြတ်နဲ့ ရုပ်ပျက်ဆင်းပျက်ရောဂါလေဆရာ။

မီးကိုင်ရင် မပူဘူး။ ခလုတ်တိုက်ရင် မနာဘူး။ ဆူးစူးရင် မနာဘူး။ အရေပြားထုံပြီး အာရုံကြောများက နာကျင်မှုအရသာကို မခံစားရတော့ဘူး။

အဲဒါ သေတာအေးပါတယ်ဆိုပြီး မြွေဟောက်နဲ့တိုးတုန်း အကိုက်ခံလိုက်တာ မျက်လုံးထဲ ဝင်းခနဲဖြစ်ပြီး ပစ်လဲကျသွားရော။

သတိလည်းပြန်ရရော ...





သူ့ကိုယ်သူ မသေမှန်းသိရပါရောဗျာ။

ထူးဆန်းတာက မြွေဟောက်အကိုက်ခံရသည့် အချိန်ကစ,ပြီး မြွေဆိပ်တက်လို့မသေပဲ အနာတွေခြောက်ကုန်ပါရောဗျို့။

ဒီလို ထူးဆန်းတာမျိုး ကြုံကြရောတဲ့ဗျာ။

ကျန်ရောဂါသည်အချို့လည်း မြွေပွေးပါအကိုက်ခံပြီးသေရင် တစ်ဓာတ်ငြိမ်းပြီလို့ ဆုံးဖြတ်ချက်ချလိုက်တာ ...

အလိုလေးလေး ဘုရားရေ ...

မြွေပွေးအကိုက်ခံရပြီး နောက်ပိုင်းကျမှ အနံ့အရည် တရွှဲရွှဲ အနာများ ခြောက်သွေ့ပြီး ရောဂါရပ်သွားတာကို အံ့ဖွယ်ဘနန်း ကြုံရပြီး လက်တည့်စမ်းချင်သူ များလာလို့ တာဝန်ရှိသူများက ပြောဆိုဆုံးမခဲ့ရတယ်။

သည်နောက်ပိုင်း ...

မြွေပွေး၊ မြွေဟောက်သားသည် ကင်ဆာရောဂါ၊ အနူရောဂါကို သက်သာစေသည်၊ ပျောက်ကင်းစေသည်ဆိုပြီး ရှာဖွေစား၊ ဈေးကြီးပေးဝယ်စားလိုက်တာ ယနေ့တိုင်ပါပဲဗျာ။

ဒီတော့ မြွေပွေးနဲ့မြွေဟောက် လွတ်ပြီးဈေးကောင်းရလာရော။ အရွာရွာအနယ်နယ်မှာ လက်ထောက်ခွနဲ့ မြွေပခြုပ်လွယ်ပြီး မြွေဖမ်းလှက်သူများ ဥဒဟိုပေါ့။

မြွေများ နေစရာမရှိတော့ဘူး။

တစ်နေ့လည်းကျရော ကျွန်တော်တို့ရွာကို မြွေဖမ်းသမားနှစ်ဦး ရောက်လာပါရောခင်ဗျား။

မြကြီးက ကျွန်တော့်ရွာဟိုဘက် ဒေါနရွာက ရွာသား။

လှဖေက မြို့ပေါ်က မြွေဖမ်းသမား။ အရင်တုန်းက လှဖေက မြို့တကာလှည့်ပြီး မြွေအလမ္ပာယ်ပြလို့ ဆေးရောင်းစားတဲ့လူ။

မြွေအလမ္ပာယ်ဆရာ၊ မြွေဖမ်းသမားလှဖေရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဆေးမင်ကြောင်မြွေရုပ်များ အန္တပဲ။ အင်းကွက်တွေကလည်း လက်ခုံ၊ လက်သီး၊ လက်ဖျံပေါ်မှာ အစီအရီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရွာမှာ ကာလသားခေါင်းပေါ့ ဆရာမှိုင်းရာ။ သူတို့နှစ်ဦး ကျွန်တော့်ရှိရာ ရောက်လာကြတယ်။

"ကိုရွှေတင်ဆိုတာလား ခင်ဗျာ"

"ဟုတ်ပါတယ်။ ခင်ဗျားတို့ကရော ..."

"ကျွန်တော်က မြကြီးပါ။ ဟိုဘက် ဒေါနရွာကပါ။ သူက( .....) ‌နဲ့က ကိုလုဖေပါ"

"ဩော် ... ဩော် ... ဘာကိစ္စများရှိလို့လဲဗျ။ ငှက်ထောင် ‌လို့လား"

"မဟုတ်ဘူး ကိုရွှေတင် ... ခင်ဗျားတို့ရွာမှာ မြွေဆိုးတွေ ပေါ်ဆို လို့ ‌နဲ့မြွေဖမ်းရအောင် လာခဲ့တာဗျ။ ခင်ဗျားက ဒီရွာက ကာလသား ခေါင်းဆောင် ‌ဆိုတော့ လေးစားသမှုနဲ့ ဝင်အကြောင်းကြားရတာပါ"

ဒါနဲ့ ကျွန်တော်က နေရာထိုင်ခင်းပေးပြီး ဧည့်သည်ရွာသား ‌နှစ်ဦးကို ရေနွေးကြမ်း၊ စားစရာနဲ့ ဧည့်ဝတ်ပြုရတာပေါ့။

"နဂါးရုံဖုန်းဆိုးမှာ မြွေပေါတယ်လို့ လူပြောများလို့ လာခဲ့တာ ‌လေဗျာ။ မြွေများများရရင် ကာလသားခေါင်းကိုလည်း ထိုက်သင့်သလောက် ‌ကျေးဇူးပြုမှာပါ"

ဒါက မြွေဖမ်းသမား ကိုလုဖေရဲ့စကား ...

"ကိုလုဖေ ..."

"ပြောပါ ကိုရွှေတင်"

"မြွေဖမ်းတာကြာပြီလား ခင်ဗျာ"

"ကျွန်တော်အဖေက တစ်ချိန်တုန်းက မြို့ပေါ်မှာ နာမည်ကျော် ‌မြွေအလမ္မာယ်ဆရာကြီးပါ။ နာမည်က ဦးဂျွန်တဲ့ခင်ဗျ။ ကျွန်တော်လည်း ‌ငယ်စဉ်ကတည်းက အဖေ့ဆီကနေ မြွေကိုင်နည်း၊ မြွေချော့နည်း၊ မြွေနဲ့ ‌ကစားနည်း၊ မြွေကို ဒေါသထွက်အောင်လုပ်နည်း၊ မြွေခေါ်နည်း စသည့် ‌ပညာရပ်များကို သင်ကြားတတ်မြောက်ခဲ့လို့ အဖေနဲ့အတူ မြို့တကာနယ်တကာ ‌မြွေအလမ္မာယ်ပြတဲ့ အလုပ်လုပ်ခဲ့တာပေါ့။ ခုတော့ ကင်ဆာရောဂါသမားအချို့





မှာလို့ ဆေးဝါးကိစ္စ အသုံးလိုတာနဲ့ မြွေဖမ်းရောင်းတဲ့အလုပ်နဲ့ အသက်မွေး ဝမ်းကျောင်းနေပါတယ် ကိုရွှေတင်"

"ကိုလုဖေနဲ့ ကိုမြကြီးခင်ဗျား"

"ပြောပါ ကိုရွှေတင် ပြောပါ"

"ကျွန်တော် မေတ္တာရပ်ခံချင်တာ တစ်ခုရှိသဗျာ"

"ဘာများပါလိမ့်ဗျာ"

"ကျွန်တော်တို့ ဒီ ဥသျှစ်တောကျေးရွာမှာ မြွေမဖမ်းတာ ခင်ဗျားတို့အတွက် အန္တရာယ်ကင်းလိမ့်မယ်ဗျာ"

"ဘာကြောင့်လဲဗျာ"

"ဘယ်လိုပြောရမလဲဗျာ၊ ကျွန်တော်တို့ရွာ အမှန်တကယ် မြွေပေါပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရွာသားများ မြွေကိုက်သေတာ မရှိ သလောက်ပဲ"

"အဲဒီတော့ ..."

"အထူးသဖြင့် ကျွန်တော့်ရွာသားများ ရေလုပ်ငန်း၊ လယ်လုပ်ငန်း၊ ယာလုပ်ငန်းလုပ်ကြလို့ မကြာခဏ မြွေဆိုးများကို ကြုံကြရပါတယ်။ ဆွဲပိုက်ထဲမှာမြွေပါရင် မြွေကိုဖယ်ပြီး ကုန်းပေါ်ကိုလွှတ်ကြတယ်။ ယာခင်း ထဲမှာ မြွေတွေ့ရင် မသတ်ကြဘူး။ တုတ်နဲ့ကော်ပြီး ခြောက်လှန့်ပြီး အဝေး ကို လွှင့်ပစ်မောင်းနှင်လွှတ်ကြတယ်။ စပါးရိတ်ချိန် မြွေတွေ့ရင် ကွင်းပိုင် အရှင်သခင်နဲ့ အမေရေယဉ်တို့ကို မေတ္တာရပ်ခံပြီး ဖယ်ရှားပေးကြပါလို့ မေတ္တာရပ်ခံလိုက်ရင် ကြွက်လိုက်နေသည့်မြွေတောင် ချက်ချင်း နေရာပြောင်း သွားကြရော။ ဆိုလိုတာက ကျွန်တော်တို့ရွာသားအားလုံး မြွေကို လုံးဝမသတ် ဖြတ်ဘူး၊ မနှိပ်စက်၊ မညှဉ်းပန်းဘူး၊ မြွေသားမစားဘူး"

"ဒါဆို မြွေကိုက်ခံရသူ မရှိဘူးလား"

"ရှိတော့ရှိတယ်။ လုံးဝ မသေဘူး"

"ရေမြွေ၊ လင်းမြွေ ကိုက်လို့နေမှာပေါ့ ... ကိုရွှေတင်ရဲ့"

"မဟုတ်ပါဘူး။ အချို့ မြွေပွေး၊ မြွေဟောက်ပါ အကိုက်ခံရဖူးပါ တယ်။ မတော်တဆနင်းမိလို့ ကိုက်မိကြတာပေါ့။ အဲဒါ ရွာဦးကျောင်းဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးရဲ့ ရေစင်ရေမန်းနဲ့၊ စားဆေးလိမ်းဆေးနဲ့ မြွေဆိပ်ပြယ်သွားတာပဲ။ ဆရာတော်ကြီးက မြွေများကို မေတ္တာပို့ပေးပါ၊ ရွာတော်ရှင်နယ်တော်ရှင်နဲ့ ကွင်းပိုင် တောပိုင်များကို မေတ္တာပို့ပေးပါဆိုလို့ မှာသည့်အတိုင်း လုပ်ခဲ့ကြတယ်။ ဒါကြောင့် နောက်ပိုင်း မြွေကိုက်ခံရသူ လုံးဝမရှိခဲ့ဘူး''

''မြွေတော့ ရှိတယ်ပေါ့''

''ရှိတာပေါ့ ...''

''နဂါးရုံးဖုန်းဆိုးမြေမှာ ပိုများတယ်လို့ ကြားရတယ်။ ဒါရော ဟုတ်သလားခင်ဗျာ''

''ဟုတ်တယ် ... နဂါးရုံဖုန်းဆိုးမြေကို ဟိုးအရင်သက်ကြီး ဝါကြီးများပြောချက်အရ အမေရေယဉ်နတ်ကွန်းရှိရာမြေလို့ ပြောကြ ဆိုကြတယ်။ အရင်တုန်းက အမေရေယဉ်နတ်ကွန်းတောင် ရှိခဲ့ဖူးဆိုပဲ။ မြွေပေါသလား မမေးနဲ့။ ဒီဖုန်းဆိုးမြေကိုဝင်ရင် မြွေပဲတွေ့ရတယ်။ အမေရေယဉ်နတ်ကွန်းက လွန်ခဲ့သည့်နှစ်ပေါင်း (၇၀)အထက် ရှိခဲ့ဖူးပေမဲ့ အခုတော့ စစ်ဘေးစစ်ဒဏ်၊ ရာသီဥတုဘေးဒဏ်ကြောင့် နတ်ကွန်းမရှိတော့ဘူး။ ညောင်ကျိုးပင်ကြီးနဲ့ ဆူးပင်ဆီးပင်၊ ကိုင်းပင်၊ ကြခတ် ဆူးချုံများပဲ ရှိတော့တယ်။ အဲဒီအရပ်မှာ ညစ်ညမ်းသည့်စကား ပြောလို့မရဘူး။ သမီးရည်းစား၊ လင်မယား ချစ်တင်းနှောလို့မရဘူး။ မတောင်းပန်ဘဲ ချေးပါသေးပေါက်လုပ်လို့မရဘူး။ စားဦးစားဖျား မတင်မစွန့်ဘဲ စားလို့မရဘူး။ ခေါက,ကလို့မရဘူး။ ကိုယ်လုံးတီးလမ်းလျှောက် မူးယစ်သောက်စားလို့မရဘူး။ရှောင်ကြဉ်ကြတယ်ဗျာ။ မြေကြမ်းလို့ပါ။ မြွေ ဘယ်လောက်ပေါသလဲဆိုရင် မိတ်လိုက်တဲ့ မြွေလုံးအော်သံတောင် ဝုန်းဒိုင်းကြနေတယ်လို့ ငှက်သမားတွေ ပြောကြရဲ့။ အဲဒီ ဖုန်းဆိုးက မြွေကို ဘယ်သူမျှ မသတ်ကြ၊ မဖမ်းကြဘူး။ ကျွန်တော်တို့ ရွာမှာ အယူရှိနေတာက ရွာကိုဝင်သည့်၊ လယ်ကိုဝင်လာသည့် မြွေမှန်သမျှကို နဂါးရုံ ဖုန်းဆိုးမြေက အမေရေယဉ်ရဲ့ သားသမီးတွေလို့တောင် ယူဆနေကြရဲ့။ မြွေများဟာ တွင်းရေစပ်မှာ အစာရှာပြီးရင် အဲဒီ ဖုန်းဆိုးမြေရှိရာကို ဝင်သွားကြတာ ထူးထူးဆန်းဆန်း မြင်ရတယ်။ ညဘက်ထွက်ရင် မြွေမတွေ့ရဘူး။ မြွေတွန်သံ ကျွန်တော်တို့ဝန်းကျင်မှာ မကြားရဘူး။ ဒါကြောင့် ဖြစ်နိုင်ရင်





ဒီဖုန်းဆိုးမြေမှာရော၊ ဒီရွာဝန်းကျင်မှာရော ခင်ဗျားတို့ မြွေမဖမ်းကြပါနဲ့လို့ သတိပေးချင်တာပဲ။ အန္တရာယ်ဖြစ်မှာ စိုးလို့ပါ''

''စမ်းကြည့်ချင်တယ်ဗျာ''

''ဒါက ခင်ဗျားတို့သဘောပါ။ အတန်တန် သတိပေးလျက် သားနဲ့မှ မယုံလို့ စမ်းကြည့်ချင်ရင် ခင်ဗျားတို့ ဆန္ဒသဘောပေါ့''

''အရှင်ကရော အန္တရာယ်ဖြစ်ဖူးကြလို့လား''

''ဖြစ်ဖူးလို့ ပြောတာပါ''

✿ ✿ ✿

|၃|

❑

သည့်နောက် အန္တရာယ်ဖြစ်ခဲ့ဖူးသူများအကြောင်း ကျွန်တော် ပြောပြခဲ့တယ်။

မြစ်ဝကျွန်းပေါ်ကပြောင်းလာတဲ့ လယ်သူရင်းငှား ကိုဘကျားတဲ့။ လယ်လုပ်ငန်းတော့ အတော့်ကို ကျွမ်းကျင်တာဆရာရဲ့။

မိုးဒဏ်ရေဒဏ်လည်း ခံနိုင်ရဲ့ဗျာ။ အရက်ကတော့ သောက်သလား နဲ့၊ ဘကြီး ဦးကတုံးရဲ့ လယ်သူရင်းငှားပေါ့။

သူက မြွေသားသိပ်ကြိုက်တာရယ်။

မြစ်ဝကျွန်းပေါ်မှာနေတုန်းက မြွေသားနဲ့အရက်ကို နေ့တိုင်း သောက်ဆိုပဲ။ ဒီကိုရောက်လာတော့ မြေဆီအိတ်ကြီးတစ်လုံး အပြည့် သလို မေးရော ...



www.burmeseclassic.com

www.burmeseclassic.com



မြွေသားခြောက်တဲ့ဗျာ။

အကျိုးနည်းပျော။ မြွေဟောက်သားခြောက်၊ မြွေပွေးသားခြောက်၊ လင်းမြွေသားခြောက်မှ အိတ်တစ်လုံးအပြည့်ဗျာ။ အဲဒီပါလာတဲ့ မြွေသားခြောက်များကို ကြော်လိုက်၊ မီးဖုတ်လိုက်၊ ရေစိမ်ချက် စားလိုက်နဲ့ မျက်စိလည်း မမှုန်ပါဘူးဗျာ။

လေးလုံးခြောက်ဖက် သန်မှသန်ပဲ။

ပါလာတဲ့မြွေသားကုန်ရော မြွေရှာထွက်ဖို့လုပ်ပါရော။ ဒါနဲ့ လယ်စာရင်းဒိုင် ဦးကတုံးက စာရင်းငှား (သူရင်းငှား)ကိုဘကျားကို သတိပေးရရော ...

"ဘကျား"

"ဗျာ ... ဦးလေး"

"ဒီကွင်းမှာနေရင် မြွေလုံးဝမသတ်နဲ့၊ မစားနဲ့"

"ဘာဖြစ်လို့လဲ ဦးလေးရ"

"ငါတို့ကွင်းက မြွေသတ်ရင် မြွေသားစားရင် မကြိုက်ဘူး"

"ဘယ်သူက မကြိုက်တာတုံး။ သူကြီးကလား"

"သူကြီးမဟုတ်ဘူး။ မင်းအမေလင်က"

"ဟာ ... ကြံကြီးစည်ရာဗျာ ကျွန်တော့်အမေလင်က သေတာကြာပြီဥစ္စာ။ အဖေလည်း မြွေသားများစားရရင် ဆွေမေ့မျိုးမေ့ဗျ။ မြွေသားကချိုတယ်၊ အကြောအားကောင်းတယ်။ ကျုပ်ကို ကြည့်လေဗျာ"

"ဟဲ့ကောင် ဘကျား။ ချိုချင်ချို၊ ချဉ်ချင်ချဉ်၊ သတိပေးရမှာဒို့တတ္တရားမို့ပြောတာ။ ပြီးမှ အမယ်လေး မတနဲ့"

"မယုံပေါင်ဘူးဗျာ"

"ခွေးမသား မယုံလည်း မင်းထိုက်နဲ့မင်းကံပဲ။ မင်းသေတော့လည်း နောက်ထပ်စာရင်းငှား အသစ်ရှာရုံပေါ့"

ကိုဘကျားက ရယ်တယ်။ ရယ်ရင်းက ပြောလိုက်သေးတယ်။

"မြွေသား မစားဖူးလို့ပါ။ တစ်ခါလောက်စားဖူးရင် အမဲသားရှောင်ပြီး မြွေမြင်ရင် အစိမ်းလိုက်ဝါးစားကြမှာ ... တဲ့"





"အဲဒါ တစ်နေ့ စပါးရိတ်ရင်း မြွေဟောက်တစ်ကောင်တွေ့ပါရော။ မြွေဟောက်က လက်မောင်းလုံးလောက်အကောင်ကြီး"

ကြွက်ကိုလိုက်နေတာ။

ကိုဘကျား တံစဉ်ပစ်ချပြီး ဝါးပိုးတစ်ခုဆွဲလို့ မြွေကို လိုက်ရိုက်ပါရော။ ဘယ်လိုရိုက်ရိုက် မထိဘူး။ မြွေကရှေ့ကပြေး သူက နောက်ကလိုက်ရိုက်။

ဒီမှာ စပါးရိတ်နေတဲ့လူများက မြင်ပြီး အော်ကြရော ...

"ကိုဘကျား မလုပ်နဲ့"

"ကိုဘကျား မရိုက်နဲ့။ ပြန်လာခဲ့"

"မလာဘူးဟေ့။ ဒီမြွေကို ရအောင်ရိုက်မကွ"

"မလုပ်နဲ့၊ ခင်ဗျား ဒုက္ခရောက်လိမ့်မယ်"

"ရမှ ဒီကျနုပ်မယ်ဟေ့။ မြစ်ဝကျွန်းပေါ်သားကွ ... ကိုင်းဟာ"

"ဗုန်း"

"ဖောင်း"

"ကိုင်းဟာ"

"ဖုန်း"

ဘယ်လိုရိုက်ရိုက် မြွေကို ထိအောင်ရိုက်လို့မရဘူး။ မြွေကလည်း သူ့ကိုပြန်မကိုက်ဘူး။ ကြောက်လန့်တကြား နဂါးရုံ ဖုန်းဆိုးမြေရှိရာကို ဝင်ပြေးတာ။

ကိုဘကျားကလည်း ဖုန်းဆိုးမြေရှိရာကို မကြောက်မရွံ့ဝင်ပြီး ရှာရိုက်နေလိုက်တာ ...

အဲဒါ (၁၅)မိနစ်၊ မိနစ် (၂၀)လောက်ကြာရော ကိုဘကျား ကြောက်လန့်တကြား ပြေးလာပါရောဗျာ။

"အမယ်လေး"

"ဟဲ ... ဟာ ... လုပ်ကြပါဦးဟ ... ဘကျား ... ဘကျား"

"အမယ်လေး ... ပြေး ... ပြေး"

"လာကြပါဦး။ ကိုဘကျားကို မြွေပတ်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



စပါးရိတ်သမားတွေ ဘကျားရဲ့အဖြစ်ကိုမြင်ပြီး လန့်အော်ကြ ပြေးကြပါရော ဆရာမှိုင်းရေ . . .

ဘုရား . . . ဘုရား . . .

ကြည့်စမ်းပါဦးဗျာ။ ကိုဘကျားလည်ပင်းမှာ မြွေဟောက်ကြီး တစ်ကောင်ပတ်ပြီး ခေါင်းပေါ်မှာ ပါးပျဉ်းမိုးနေတဲ့မြင်ကွင်း။

ကိုဘကျား မအော်နိုင်ဘူး။

အတင်းရုန်းကန်ပြီး စပါးရိတ်နေသူများရှိရာကို ပြေးလာနေတာ။ စပါးရိတ်သူများလည်း ကြောက်လန့်ပြီးပြေးရော။ ကိုဘကျားလည်း ကန်သင်းရိုးပေါ် ပစ်လဲကျသွားပြီး လူးလိမ့်နေတာပဲ။

ဒီမှာ ကွင်းထဲက ယောကျ်ားသားများ ပြေးအုံဝိုင်းလာရော။ ကိုဘကျား အကြောဆွဲနေပြီ။

နဖူးမှာ မြွေပေါက်ရာနဲ့ သွေးစီးကျလို့။

မြွေတော့ မရှိတော့ဘူး။

အဲဒါ ကိုဘကျားကိုပွေ့ထမ်းပြီး ရွာဦးကျောင်းဆရာတော်ရှိရာကို သယ်သွားကြတယ်။

လေးလိုက်တဲ့ကိုယ်နှယ်။

ပါးစပ်ကလည်း တအီးအီးနဲ့ညည်းလို့။

တော်ပါသေးရဲ့။ ဆရာတော်ဘုရားကြီးက ခန္ဓသုတ်နဲ့ မောဖျှင်သုတ်ကိုရွတ်ပြီး ရေစင်ရေမန်းနဲ့သပ်ချ။ အန်ဆေးများကျွေးလိုက်မှ ကိုဘကျား အသက်ပြန်ရှင်လာခဲ့တယ်။

ဒါပေမဲ့ မျက်စိကောင်းကောင်း မမြင်ရတော့ဘူး။

နှစ်ပေကွာ၊ သုံးပေကွာကလူကိုတောင် ဝါးဝါးပဲမြင်ရတော့တယ်။ ဒါနဲ့ သတိရတော့ ဝိုင်းမေးရော။

"ကိုဘကျား ဘယ်လိုဖြစ်ရတာတုံးဗျာ . . . ဟင်"

ဒီမှာသူက ကြောက်ကြောက်လန့်လန့်နဲ့ ပြန်ပြောပြရဲ့။

"ငါ မြွေဟောက်ရဲ့နောက်ကို လောဘဇောၤ ဒေါသဇောနဲ့ လိုက်ရိုက်တာ ဖုန်းဆိုးမြေထဲလည်းရောက်ရော မြွေတွန်သံတွေကြားရပါရော။ ငါလိုက်





နေတဲ့ မြွေဟောက်လည်း မမြင်ရတော့ဘူး။ ဒါပေမဲ့ ငါ့ဝန်းကျင်မှာ မြွေဆိုးတွန်သံတွေ ဆူညံနေတယ်။ ဒါနဲ့ ရရာမြွေကို ဟင်းစားရအောင် ရိုက်မယ်ဆိုပြီး လိုက်ရှာတော့ မြွေတစ်ကောင်မှ မမြင်ရဘူး။ မြွေတွန်သံက ငါ့ဝန်းကျင်ကနေ အနီးကပ်ကြားနေရတာ။ နီးစပ်ရာ ချုံပုတ်တွေ ရိုက်ရှာလည်း မြွေနဲ့တူတာ မြက်လျှော်တောင်မတွေ့ရဘူး။ ဒီလိုရှိတုန်း ငါ့လည်ပင်းပေါ်ကို တစ်ခုပြုတ်ကျလို့ ကြည့်လိုက်ရော မြွေဟောက်ကြီးတစ်ကောင်ရယ်ကွာ၊ မြွေက လျှင်လျှင်မြန်မြန်ကို ငါ့လည်ပင်းကို တစ်ရစ်ပြီးတစ်ရစ် ပတ်နေတာ၊ ငါလည်း လည်ပင်းအစ်လာလို့ ပြေးရော မင်းတို့ဆီအရောက် မြွေကိုက်ခံလိုက်ရတာပဲ။

"မင်းကို ငါ ကြိုပြောသားပဲ . . . ဘကျားရာ၊ ခုတော့ သွားပြီ"

"ကျွန်တော်မှားပါပြီ . . . ဦးလေးရယ်"

သူ့ကို ဘုန်းကြီးက ရနိုင်သမျှ ကြိုးစားကုပေးပေမဲ့ အသက်ပဲ ရှင်ခဲ့တယ်။ မျက်စိကောင်းကောင်း မမြင်ရတော့ဘူး။ နောက်ဆုံး မြစ်ဝကျွန်းပေါ်က သူ့သားချင်းများလာခေါ်ကြလို့ သူမြစ်ဝကျွန်းပေါ်ကို ပြန်ပါသွားခဲ့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

နောက်တစ်ယောက်က ဆင်ခြေရာရွာသား ကိုဂျိုးနက်။

ဂျိုးနက်က လူပေလူရွှတ်။

တစ္ဆေသရဲလည်း မကြောက်ဘူး။ ကွင်းပိုင်တို့ နတ်တို့လည်း သိပ်ဂရုမစိုက်ဘူး။

လောင်းကြေးစားကြေး သင်္ချိုင်းကုန်းမှာ အံရက်သောက်တယ်။

ဂူပေါ်မှာအိပ်တယ်။

ညဥ့်သန်းခေါင် လတ်လတ်ဆတ်ဆတ် မြေပုံပေါ် ကိုယ်တုံးလုံး ထိုင်ပြတာ ဘာမှုမဖြစ်ပေါင်ဗျာ။

သရဲခြောက်တဲ့ထန်းပင်ကို ညဥ့်သန်းခေါင် အရက်သုံးပုလင်းကြေး ထုံးကွင်းပြီး ဓားနဲ့စိုက်ပြတာ။

အဲဒီလို လူကြမ်းကြီး။

ဒီလိုနဲ့ လောင်းကြေးငွေယူ၊ အရက်ယူ၊ ကြက်ယူပြီး စားသောက်ပေတေ ဖြစ်သလိုနေတာ။

သရဲရှိရင်ထွက်ခဲ့ ငါနဲ့နပန်းလုံးမယ်လို့ စိန်ခေါ်ရဲတာ။ ဘယ်သရဲတစ္ဆေမှ ကိုဂျိုးနက်ကို မကိုင်ရဲပေါင်ဗျာ။





"ကိုဂျိုးနက် ဘာအဆောင်ရှိလို့လဲဗျ"

"ဘာအဆောင်မှ မရှိပေါင်ဗျာ။ ပင်ကိုသတ္တိပါ"

"လက်ဖွဲ့ရှိလို့လား"

"မရှိဘူး"

"အမြှုတေရှိလို့လား"

"မရှိပါဘူးဗျာ"

"ခင်ဗျားက မောင်းတစ်လုံးလက်ဖျံသမားလား"

"မဟုတ်ပေါင်ဗျာ"

"သရဲနိုင်ဂါထာ ရှိလို့လား"

"နိုး . . . နိုး . . . ဘုရားတောင် မရှိခိုးဖြစ်ပါဘူး ငါ့လူရာ"

"ဒါဖြင့် ခင်ဗျားက ဘာကြောင့် သတ္တိကောင်းနေရတာလဲ"

"မူးလို့"

ကောင်းရောဗျာ။ မူးလို့တဲ့၊ မူးကြမ်းကြီးဗျ။ ဘကြီးဦးချစ်ဖွယ်ကတော့ပြောသား။ လူမင်းဘုန်းကြီးချိန်တော့ နတ်မင်းမနေသာဘူးပေါ့ကွာ။ လူမင်းဘုန်းနိမ့်ချိန်ရောက်ရင် အနော်ရထာတောင် ကျွဲခတ်လို့ သေရသေးသကွ။ စောင့်နားထောင်တဲ့။

တစ်နေ့ . . .

ဘယ်သူမြှောက်ပေးလို့လည်း မသိဘူးဗျာ။

ကျွန်တော်တို့ရွာက ဖုန်းဆိုးမြေကို ကိုဂျိုးနက်မူးပြီး ရောက်လာပါရော။ လက်ထဲမှာ ဌက်ကြီးတောင်ဓားတစ်ချောင်းနဲ့။

ဖုန်းဆိုးမြေထဲဝင်ပြီး သရဲတစ္ဆေ၊ ကျတ်တို့ရှိရင်ထွက်ခဲ့။ ဂျိုးနက်နဲ့ ဓားချင်းယှဉ်ခုတ်မယ်လို့ စိန်ခေါ်ပါရောလား။

ဘာကြာလဲဗျာ . . .

ဂျိုးနက်ပြေးလာလိုက်တာ ကိုယ်မှာပုဆိုးမပါဘူး။ ဓားရှည်ကြီးကိုင်ပြီး ပြေးလာရတာ။

နောက်ဆုံး ဓားရှည်ကိုင်ရင်း မေ့လဲကျသွားရော။



www.burmeseclassic.com

www.burmeseclassic.com



သူကိုင်ထားတဲ့ဓားလည်း လိမ်စောင်းပဲ့ရွဲ့လို့။ ထုံးစံအတိုင်း ရှာဦး ဆရာတော်ပဲ ရေစင်ရေမန်း ပရိတ်ရေနဲ့ ကုပေးရပါရောလား။

ပြန်သတိရတော့ မေးရရော ...

"မြွေ ... မြွေ ... မြွေအုပ်ကြီး ... မြွေအုပ်ကြီး ... အား"

"ဂျိုးနက် ... ဂျိုးနက်"

"မြွေအုပ်ကြီးဗျ ... ကိုင်းဟာ ... ကိုင်း ... ကိုင်း"

"ဗုန်း"

"ဒိုင်း"

"ဂျိုင်း"

"ဂျိုးနက်"

"ဗျာ ... အား ... အား"

"ဘယ်လိုဖြစ်တာတုံး ဘဘုန်းကိုပြောစမ်း"

"မြွေအုပ်ကြီး"

"အိမ်း ... ဘာဖြစ်လဲ"

"အများကြီးပဲ။ ကျွန်တော့်နောက်ကို လိုက်ကြတာ"

"ဟုတ်ရဲ့လားဟဲ့"

"ဟုတ်တယ်ဘုရား။ အကောင်သုံးလေးရာတောင်ရှိတယ်"

"ဘာမြွေတွေတုံး ဂျိုးနက်"

"မြွေဟောက်၊ မြွေပွေး၊ ငန်းစောင်း၊ ငန်းပုပ်၊ ငန်းဝါ အများကြီးပဲ ဘုရား"

"ဒီတော့ မင်းက ဘာလုပ်လိုက်သတုံး"

"ဓားနဲ့လိုက်ခုတ်တာ ဘုရား၊ ခုတ်လေများလေဖြစ်ပြီး ဓားလိမ်ပဲ့သွားတယ်။ နောက်ဆုံး မနိုင်လို့ ပုဆိုးချွတ်ချပြီး ပြေး ... ပြေးခဲ့ရတယ် ဘုရား"

"ဂျိုးနက်"

"ဘုရား ..."

"နောင်ကို အဲဒီဖုန်းဆိုးမြေကြမ်းရှိရာကို မသွားနဲ့"

စိတ်ကူးသစ်စာပေ



"ဘာဖြစ်လို့လဲ ဘုရား"

"မြေကြမ်းတယ်"

"သရဲတစ္ဆေတွေလား ဆရာ"

"မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲဘုရား"

"အဲဒါ မြွေဆိုးကုန်း၊ မြွေဘေးမဲ့တောလိုနေရာမျိုး။ လူဟာ သူ့စည်း ကိုယ့်စည်း ရှိရတယ်။ သူ့နေရာကိုယ့်နေရာ စည်းထားရတယ်။ အချို့နေရာက အများမခံဘူး။ ကိုယ့်စည်းနဲ့ကိုယ်နေ၊ နောက်မသွားနဲ့။ မစမ်းနဲ့။ မရမ်းနဲ့။ မကြမ်းနဲ့ ... ကြားလား"

"မှန်ပါဘုရား"

နောင် ကိုဂျိုးနက် အဲဒီဖုန်းဆိုးမြေကြမ်းရှိရာကို ခြေဦးမလှည့် တော့။ မြွေတစ်ကောင်မြင်သည်နှင့် အော်လို့ ပြေးတော့တယ်။

အချို့က သူ့ကို အရက်ကြောင်ကြောင်တာလို့ ပြောကြတယ်။

အချို့က ဖုန်းဆိုးကွင်းက ခြောက်လိုက်တာလို့ ပြောကြတယ်။

အချို့က မူးကြောင်လို့ မြင်ချင်ရာမြင်ပြီး ဓားနဲ့ခုတ်ရင်း ဓားလိမ် သွား၊ ခွေသွားတာလို့ ဝေဖန်ကြတယ်။

ဒါပေသည့် ဂျိုးနက်ကို ဖုန်းဆိုးမြေသွားဦးမလားလို့ မေးရင်၊ စိန့်ခေါ် ရင် ခေါင်းကိုခါပြီး ငြင်းဆန်ရော။

"ဘာလို့လဲ ဂျိုးနက်ကြီးရ"

"မြွေဆိုးအုပ်ကြီးရှိတယ်။ ဒီလို မြွေပေါတာမျိုး တစ်ခါမှ မမြင်ဖူး၊ မကြုံဖူးဘူး၊ သရဲတစ္ဆေမကြောက်ဘူး။ မြွေတော့ အဲဒီလိုများရင်ကြောက်' လို့ ပြောယူရပါရောခင်ဗျား"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၁]

❑

ခုလည်းကြည့်ဗျာ။ ကိုမြကြီးနဲ့ကိုလှဖေကို ကျွန်တော် အတန်တန် သတိပေးတယ်။ သူတို့က လက်မခံဘူး။ မြေပေါ်မှန်းသိလို့ ဝမ်း တောင်သာနေကြလေရဲ့။

ဒါနဲ့တစ်နေ့လည်းကျရော ဖုန်းဆိုးမြေကို နှစ်ဦးသား မြေပခြုပ်ကိုယ်စီ၊ ခွထောက်ကိုယ်စီနဲ့ ဝင်သွားကြရော ...

နောက်ပိုင်း ကိုမြကြီးပြောပြချက်အရ ...

ဖုန်းဆိုးမြေကိုဝင်သွားတော့ အသံတိတ်နေသတဲ့။

မြွေတွန်သံ လုံးဝမကြားရဘူး။

မြွေတစ်ကောင် မမြင်ရဘူး။

ဒါနဲ့ ကျင်းတွေချုံတွေကို လိုက်ထိုးရှာလည်း ဘာမြွေမှမမြင်ရဘူး။

"မြကြီး ... မင်းနဲ့ ဟိုကာလသားခေါင်းပြောတော့ ဒီနေရာက မြွေသိုက်လိုလို၊ မြွေကုန်းလိုလို၊ မြွေနန်းတော်လိုလိုနဲ့ ခုတော့ ဘာမြွေမှ မတွေ့ပါလား"





"အေးဗျ ... ထူးဆန်းလိုက်တာ ကိုလှဖေရာ"

ဒါနဲ့ နေရာအနှံ့လိုက်ရှာသည့်တိုင် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ပြီး အပ်ကျသံပါကြားနေရအောင် ရှိနေသတဲ့။

ငှက်အော်သံလည်း မကြားရဘူး။

မြွေတွန်သံလည်း မကြားရဘူး။

လေတိုးသံလည်း မကြားရဘူး။

သစ်ရွက်လှုပ်သံလည်း မကြားရဘူး။

"မြွေမှရှိရဲ့လားဟ မြကြီးရ"

"လူတိုင်းပြောနေတဲ့ မြွေကုန်းပဲဗျ။ ခင်ဗျားလည်း ကြားပြီးဥစ္စာ။ ဒီမှာ ကိုမြကြီး"

"ဘာတုံးကွ"

"ခင်ဗျား မြွေခေါ်မန္တန်ရသမို့လား"

"ရတယ်"

"ရရင် မန္တန်ရွတ်ဗျာ"

ဒီမှာပဲ မြွေဖမ်းသမား အလမ္ပာယ်ဆရာကိုလှဖေက တွင်းဝတစ်နေရာမှ ထိုင်လိုက်ပြီး မြွေခေါ်မန္တန်ကိုရွတ်ပါရော။

(မှတ်ချက် ... ၎င်းမန္တန်အား ရေးသားဖော်ပြရန် မသင့်ပါ၍ ချန်ထားခဲ့လိုက်ပါသည်။)

"ဥုံ ..................

..................

..................

.................."

မြွေဖမ်းသမား အလမ္ပာယ်ဆရာ ကိုလှဖေက မြွေခေါ်မန္တန်ကို ကိုးအုပ်မန်းမှုတ်၍ခေါ်သော်လည်း မြွေတစ်ကောင်မျှထွက်မလာလို့ အရမ်းအံ့သြနေတယ်။

လူတိုင်းပြောနေတဲ့ ... မြွေကုန်း။

ခု ဘာကောင်မျှမရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ဟိုဟိုဒီဒီ ဖုန်းဆိုးအနံ့ကို လိုက်ရှာကြည့်တော့ ညောင်ပင်အို ကြီးတစ်ပင်အောက်ခြေဝန်းကျင်မှာ သစ်သားဆွေးအစနဲ့ ငုတ်တိုင်အချို့ကို ငိုးတိုးငုတ်တုတ် တွေ့ရတယ်တဲ့။

ဟိုးလွန်ခဲ့သည့်နှစ်ပေါင်း (၇၀)ခန့်က နတ်ကွန်းတိုင်အဆွေးများ လား မသိဘူး။

ကျင်းပေါက်တွေ အများကြီးတွေ့ရတယ်။

ဒါ မြွေတွင်းအစစ်အမှန်ပဲ။ ကြွက်တွင်း မဟုတ်ဘူး။ ကျစ်စာ မရှိဘူး။

ဒါနဲ့ နောက်ဆုံး အချိန်ကုန်လို့ ပြန်လာခဲ့လိုက်ကြတယ်။ သူတို့ နှစ်ဦးပြန်လာတော့ ကျွန်တော်တို့အားလုံးက စိုးရိမ်ကြတာပေါ့။

ဟိုးအရင်လူတွေလို တစ်ခုခုများ ဖြစ်ကုန်ပြီလားပေါ့။

ကြည့်စမ်း။

ဘာမှ မဖြစ်ကြဘူးဗျာ။ ရွာထိပ်ထန်းရည်ဆိုင်မှာ ထိုင်ပြီး အာကျယ် အာကျယ် ဟောင်ဖွာဟောင်ဖွာနဲ့ သူတို့အတွေ့အကြုံကို ပြန်ပြောနေကြ လေရဲ့။

အဲဒီအချိန်မှာပဲ ...

ထန်းရည်ဆိုင်ထဲကို နတ်ကတော် ဒေါ်ခါးပွင့်ဆိုတဲ့အဘွားကြီး ဝင် လာပါရော။

ကျွန်တော်တို့လည်း ဘယ့်နှယ် ... ထန်းရည်ဆိုင်ထဲကို အမေခါး ဝင်လာပါလိမ့်ပေါ့။ အမေဒေါ်ခါးပွင့်က ရွာမှာ ရိုးရာမြှောက်ရင်း ဝိုင်းလုပ်ပေးနေ ကျ မိန်းမကြီးကိုး။

ရွာမှာလည်း ....

ကိုးမြို့ရှင်၊ မြင်းဖြူရှင်၊ ပန်းပဲမောင်တင့်တယ်၊ ပဲခူးတလိုင်း၊ မင်းကြီးမင်းလေး စသည့် ရိုးရာအလိုက် နတ်ကိုးသူများရှိကြသကိုး။

ဘုရား တရား သံဃာ ရတနာသုံးပါး သီးသန့်ကိုးကွယ်သူလည်း ရှိသေးသကိုးဆရာရဲ့။





ရွာဆိုတာ ရိုးရာတော့ လေးစားကြသကိုး။ အဲဒါ သမ္မာရင့် နတ် ကတော် အမေဒေါ်ခါးပွင့်ကပဲ နတ်ပွဲကိစ္စများကျရင် လုပ်ပေးနေ ကျဆိုတော့ အမေခါးပွင့်ကို အများက လေးစားကြလေရဲ့ခင်ဗျ။

ဒီမှာ အမေခါးပွင့်က ထန်းရည်သောက်နေတဲ့ မြကြီးနဲ့လှဖေ တို့ရှိရာကို ဝင်သွားပြီး ...

"ဖုန်းဆိုးမြွေကုန်းကို သွားကြတာ လူလေးတို့လားကွယ့်"

"ဟုတ်တယ်၊ ဘာလုပ်မလို့လဲ"

မြကြီးက အမေခါးကိုကြည့်ပြီး ဘုတောလိုက်ရောဗျ။

"ငါ့သားများကို သတိပေးစရာ ရှိလို့ပါကွယ်"

"ခင်ဗျားက ဘာမို့လို့လဲ"

"အမေညက အိပ်မက်မက်လို့ပါ"

"အဲဒီအိပ်မက်နဲ့ ကျုပ်တို့နဲ့ ဘာဆိုင်လို့လဲဗျ ... သွား .. သွား"

"နားထောင်ကြပါဦး သားတို့ရယ်၊ အမေ့အိပ်မက်ထဲမှာ လူရွယ် ဦးကို မြွေအုပ်ဝိုင်းနေတာ မြင်မက်ရလို့။ အဲဒါ သားတို့ နှစ်ဦးများဖြစ်နေခဲ့ရင် အောင် အဲဒီ ဖုန်းဆိုးမြွေကုန်းကို မသွားကြပါနဲ့လို့ လာပြောရတာပါ တို့ရယ်"

"ဒီမှာ အမေကြီး။ ဒါ ခင်ဗျားအလုပ် မဟုတ်ဘူး။ ဒါ ကျုပ်တို့ အကြောင်းကြောင်းစကားတွေ လာမပြောနဲ့။ သွား ... သွားဗျာ"

"အမေက ..."

"သွားဆိုရင် သွားတော့ဗျာ"

"ဒါဆိုလည်း ငါ့သားများသဘောပါကွယ်"

အမေဒေါ်ခါးပွင့်က ဘာမှပြန်မပြောတော့ပါဘူး။ ကုပ်ကုပ်နဲ့ ထွက် သွားပါရော။ ကျွန်တော်တို့လည်း ကိုယ့်ရွာက လေးစားရတဲ့ အမေ အိုကြီးကို ထန်ထန် ပြောနိုင်လွတ်လို့ ရင်ထဲမှာ နင့်ခနဲဖြစ်သွား ကြတာပေါ့ဗျာ။

ဒါနဲ့ ပြောရရောဗျာ ...



www.burmeseclassic.com

www.burmeseclassic.com



"မြကြီး"

"ဘာတုံး သူငယ်ချင်း"

"ဟို အမေကြီးက စေတနာနဲ့ လာပြောတာပါကွာ"

"နိမိတ်မရှိ နမာမရှိမို့ လို့ပေါ့ကွ . . . ရွှေတင်ကြီးရ"

"သက်ကြီးဝါကြီးလေကွာ။ နည်းနည်းလေးစားမှပေါ့"

"ငါတို့တောင်းပန်ပါတယ် ရွှေတင်ကြီးရာ။ မြွေဖမ်းသွားရင်း မြွေမရလို့ စိတ်တိုပြီးပြောမိတာပါ သူငယ်ချင်းရာ"

"ဒီအမေကြီးရဲ့စကားရယ်၊ ငါတို့ ရွာဘုန်းကြီးရဲ့စကားရယ်ကို ငါတို့တစ်ရွာလုံးက အလေးအနက်ထားကြတယ် မြကြီး။ ငါတို့လည်း တို့ရွာ ဝန်းကျင်မှာ မင်းတို့ကို မဟုတ်မဟတ် မဖြစ်စေချင်ဘူး။ အမေကြီး မခါးမွှင့် စကားကို နည်းနည်းဂရုစိုက်ပါလို့ ပြောချင်တယ်"

သူတို့နှစ်ဦး မျက်နှာအနည်းငယ်ပျက်သွားသလို ရှိနေတယ်။ သည့်နောက် ထန်းရည်ဖိုးရှင်းပြီး ထသွားကြရော။

✿ ✿ ✿

[၆]

❑

နောက်နေ့လည်းကျရော သည်းထိတ်ရင်ဖိုဇာတ်လမ်းကို ကြားရပါရောဗျား။

အဲဒီနေ့က သူတို့နှစ်ဦးက ဗျူဟာတစ်မျိုးပြောင်းပြီး ဖုန်းဆိုးမြွေကုန်းကို လာခဲ့ကြသတဲ့။

နှစ်ဦးသား ကြွက် (၁၀)ကောင်ဖမ်းပြီး လှောင်အိမ်နဲ့ထည့် လာလိုက်ကြလို့ ဖုန်းဆိုးကုန်းပေါ် တက်ခဲ့လိုက်ကြတယ်။

ဟောကြည့် . . . ဒီနေ့ကျတော့ ဟိုနေ့ကလို မဟုတ်တော့ဘူး။

ဖုန်းဆိုးကုန်းပေါ်ရောက်ရော လေပြင်းများကျသလို ရှိပါရော။ ချုံပုတ်တွေနဲ့ သစ်ပင်များက လေတိုက်လေတိုးသံကြောင့် နတ်ပူးသလို ယိမ်းယိုင်နေကြတယ်။

ဖုန်းဆိုးကုန်းမှာ လေပွေလေရူးများကြောင့် ဖုန်၊ သစ်ရွက်တွေ သူးလွင့်ဝဲပျံနေတယ်။ ဒါနဲ့အတူ မြွေတွန်သံတစ်ချက် ကြားလိုက်ရလို့ နှစ်ဦးသား မျက်လုံးတွေကျယ်သွားကြရော။

"မြကြီး . . . ဟိုနားကကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဒါ မြွေဟောက်တွန်သံကွ"

"ဖယ်နေ ... ငါ ကြွက်တွေ လွှတ်လိုက်မယ်"

လှဖေက ကြွက်ခြင်းကိုဖွင့်ပြီး လွှတ်လိုက်ရော ကြွက်တွေပြေးထွက်ကုန်ရော။ ဘာကြာလဲ မြွေဟောက်တစ်ကောင် ကြွက်ရှိရာကို ပြေးပြီးပေါက်လိုက်တာ ကြွက်ငယ်တစ်ကောင် သေရော။

ကြွက်သေကို မြွေဟောက်က ပါးစပ်နဲ့မျိုနေတုန်းမှာပဲ လှဖေက ခွထောက်နဲ့ မြွေဟောက်ရဲ့လည်ပင်းကို ခွဖိထောက်လိုက်တာ အစာမျိုရင်း တန်းလန်း မြွေအမိခံလိုက်ရရော။

မြွေဟောက်ကရုန်း၊ လှဖေက မြွေဇက်ကိုဖိကိုင်ပြီး မြွေဟောက်ကို ပခြုပ်ထဲထည့်လို့ အဖုံးကိုပိတ်ထားလိုက်ရော။ မြွေဟောက်က ပခြုပ်ထဲမှာ ရုန်းကန်ပါလေရော။

မြွေဟောက်က သိပ်မကြီးပါဘူး။ လက်ကောက်ဝတ်လုံးလောက်ပဲရှိတယ်။ မရှိဘူးဆို ငါးဆယ်သားကျော်မယ်။ ငွေသုံးထောင်ပြေးမလွတ်ဘူး။ ပိုရင်သာပိုမယ်။

သူတို့ ချေးဦးပေါက်ပြီမို့ ဝမ်းသာနေတုန်းရှိသေးတယ် ... မြွေတွန်သံ အရပ်လေးမျက်နှာက ကြားရပါရောဗျာ။

မြွေတွန်သံကြားလို့ ဝမ်းသာတုန်းရှိသေး ...

အလိုလေး ... မြွေတွေမြွေတွေ ထွက်လာလိုက်တာ ...

"ဟိုမှာကွ"

"အေးဟ ... နေ ... နေ"

တွင်းဝကထွက်လာတဲ့ မြွေကို ခွထောက်နဲ့ဖိတုန်းရှိသေး အနားမှာ မြွေဟောက်နှစ်ကောင် ဖူးဆိုအသံပြုပြီး ပါးပျဉ်းခွက်နေလို့ တုတ်နဲ့ယမ်းလိုက်ရရော။

ဒီမှာ နောက်ထပ်မြွေနှစ်ကောင် ပေါ်လာပြန်ရော ...

အားလုံးပါးပျဉ်းခွက်လို့ လေးကောင်။

ဘယ်အကောင်ကို ဖမ်းရမှန်းမသိဘူး။ အကောင်ကြီးကြီးကို ဖမ်းမလို့လုပ်ရော ...





"ဖူး"

"ဖူး"

"ဟ ... ဟ ... ဟ"

"ဟ ... ဟ ... လှဖေ ... အများကြီးပဲ၊ အများကြီးပဲ"

ဟိုကဒီကနေ မြွေတွေထွက်လာလိုက်တာ သူတို့နှစ်ဦးဝန်းကျင် မှာ ဘစ်ခထာချင်း မြွေအုပ်ကြီးဝိုင်းသလိုရှိပြီး မျက်လုံးပြူးရရော ..

"ရှီ ... ရှီ"

"ရှီ ... ရှီ"

"ဖူး ... ဖူး"

"ဖူး ... ဖူး"

"နောက်မှာ"

"အမယ်လေး"

မြွေကြီးတွေက ဝိုင်းထားရာကနေ သူတို့ရှိရာ ချဉ်းကပ်တိုးဝှေ့လာနေတာမြင်ရော ...

"လှဖေ ... ဘယ်လိုလုပ်မှာလဲ"

"နောက်ဆုတ် ... နောက်ဆုတ် ... အများကြီးပဲ"

"ဆုတ်လို့မရဘူး။ ဝိုင်းထားကြတယ်"

"ရှီ ... ရှီ"

"ရှီ ... ရှီ"

"ဖူး ... ဖူး"

"မြကြီး တုတ်နဲ့ယမ်းပြီးဖောက်ထွက်။ ပိုများလာပြီ"

ကြည့်လိုက်တော့ မြွေဟောက်နဲ့ ငန်းဝါကြီးတွေ အကောင်တစ်ရာဝန်းကျင်ခန့်ရှိမယ်။ သူတို့ရှိရာကို နီရဲရဲမျက်လုံးများကို ပြူးပြီးပါးပျဉ်းထောင်လို့ လျှာတန်းလန်းထုတ်လို့ တရွေ့ရွေ့ ချဉ်းကပ်လာနေကြတာ။

"ရိုက် ... ယမ်း ... ရိုက် ... ယမ်း"

"ဒိုး"

"ဖရမ်း ... ဖရမ်း"



www.burmeseclassic.com

www.burmeseclassic.com



"နွှဲ"

"ဖရုမ်း"

"နွှား"

"ပြေး ..."

လုဖေက ခွတုတ်နဲ့ယမ်း၊ မြကြီးကလည်း တုတ်ရှည်နဲ့ယမ်းပြီး မြွေများအရှဲ့မှာဖောက်ထွက်ပြေး ...

မြကြီးကလည်း မြွေပခြုပ်ကိုကိုင်ပြီးပြေး ...

မြွေအုပ်ကြီးက နောက်ကနေ တွန်သံပေးပြီး လိုက်ကြ။ နှစ်ဦးသား ကြောက်လွန်းလို့ ဖောခွေးများပြန်ပြီး မောဟိုက်နေကြ။

ပြေးရင်းက ခလုတ်တိုက်လဲ။

လဲသည့်ရှေ့မှာ မြွေ။

"အမယ်လေး ... မြွေ ... မြွေ"

သို့နှင့် လက်ယာဘက်ကို ပြေးပြန်တော့ လက်ယာဘက်မှာ မြွေ။ လက်ဝဲဘက်ကို ပြေးပြန်တော့လည်း လက်ဝဲဘက်မှာ မြွေဆိုးတစ်အုပ်။

မြွေဖမ်းသမားကြီးလုဖေ ဖောခွေးများပြန်နေပြီ။

ကြောက်လွန်း၍ တုန်နေပြီ။ ဒီလို မြွေပေါများသည်မျိုး တစ်သက်နှင့်တစ်ကို တစ်ခါမျှမတွေ့ဖူး။

နှစ်ဦးသား နောက်ပြန်လှည့်လိုက် ပြေးလိုက် လဲလိုက်နှင့်။

လက်ကဆွဲထားသည့် မြွေပခြုပ်လည်း တဖြည်းဖြည်း လေး၍ လေး၍လာသည်။

လွှင့်ပစ်ခဲ့ချင်သော်လည်း မြွေတစ်ကောင်တန်ဖိုး လက်မလွှတ်ချင်လို့ အားတင်းပြီး ဆွဲအလာ"

"ဝုန်း"

"အမယ်လေး ... ဟ ... ဟ ... လုပ်ပါဦး ... မြ ... မြ ... ကြီးရ"

ကိုလုဖေ ညောင်ပင်အောက်မှာပေါ်နေသည့် သစ်ငုတ်စကို တိုက်မိပြီး လဲကျသွားတယ်။ မြကြီးလည်း လျှာထွက်နေပြီ။





လုဖေသည် သစ်ငုတ်နှင့်တိုက်မိရင်း လဲကျသွားပြီး မျက်နှာနဲ့ အုတ်ခဲနဲ့ ဆောင့်မိလို့ နှာခေါင်းနဲ့ပါးစပ် သွေးသံရဲရဲဖြစ်နေချိန် ..

"ဖြုန်း"

"ဟာ ... ဟာ ..."

"အမယ်လေး ..."

သူတို့နဲ့ မလှမ်းမကမ်းမှာကျသွားတဲ့ မြွေပခြုပ် ဖြုန်းခနဲ ကွဲလွင့်ပြီး အထဲက မြွေထွက်လာလိုက်တာ ...

ဘုရား ... ဘုရား ...

မြွေက နည်းနည်းနောနောအကောင် မဟုတ်ဘူး။

စောစောက သူတို့ဖမ်းပြီးထည့်ထားတုန်းက လက်ကောက်ဝတ်ခန့်သာရှိသည့်မြွေ။ အခု မြင်လိုက်ရသည်ကား ရေခွေးထည့်သည့် ဓာတ်ဘူးကြီးလုံးခန့်ရှိသော မြွေဟောက်မည်းမည်းကြီး။

မြွေဟောက်ကြီးသည် ပခြုပ်ကို ကိုယ်လုံးနှင့်ဖြဆန့်ပြီး လင်ပန်းယံခန့် ပါးပျဉ်းထောင် လျှိုထွက်လာနေတယ်။

ရောမမြွေဟောက်ကြီးကိုမြင်ရရော လုဖေ ကုန်းရုန်းလူးလဲ ထ,လို့ အပြေး ...

"ဖောက်"

"အမယ်လေးဗျ"

"ဖောက်"

"အား ... အား ... အ ... အ ..."

လုဖေကို မြွေဟောက်က ပေါက်ချလိုက်တယ်။ လုဖေ ငယ်သံအောင်အော်ပြီးလိမ့်နေတုန်း မြွေက ထပ်ပေါက်လိုက်တယ်၊

မြကြီးလည်း လုဖေကို မကူညီနိုင်။ ငယ်သံပါအောင်အော်ပြီး ကိုယ်လုံးတီးနဲ့ ရွာထဲကို အော်ဟစ်ပြေးဝင်လာတာကို ကျွန်တော်တို့ အားလုံးမြင်လိုက်ရလို့ ပြေးထွက်အကြည့် ...

မြကြီး ဝုန်းခနဲအမောဆို့လို့ ပစ်လဲကျသွားပါရော ဆရာမှိုင်းရေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၇]

❑

ဖာတ်လမ်းကို နိဂုံးချုပ်လိုက်ရင် မြွေဖမ်းသမားလှဖေ၊ ဖုန်းဆိုး မြွေကုန်းပေါ်မှာ မြွေကိုက်ပြီး ပွဲချင်းပြီးသေခဲ့ရသလို ...

မြကြီးလည်း ...

မြွေအုပ်ကြီး ... မြွေအုပ်ကြီးလို့ လန့်လန့်အော်ရင်း နောက်ပိုင်း လုံးလုံးကို ရူးသွပ်သွားသည့်ဘဝ တဖြည်းဖြည်း ရောက်ရှိသွားခဲ့ရတယ်။

ကျွန်တော်တို့ လူငယ်တွေရော၊ လူကြီးတွေရော လူစုပြီး လက်နက် မျိုးစုံနဲ့ နာမည်ကြီး ဖုန်းဆိုမြွေကုန်းပေါ်ရောက်သွားရော မြွေဖမ်းသမား လေဘာသားမြကြီး တွန့်လိမ်ညှိမည်းပြီး သေနေပါပြီဗျာ။

သူ့အနီးမှာ မြွေပခြုပ်က အစိတ်စိတ်အမြွှာမြွှာကွဲလို့ ...

ထူးခြားတာက ...

ကျွန်တော်တို့ရောက်သွားရော ဖုန်းဆိုးကုန်းပေါ်မှာ မြွေနဲ့တူတာ ရေမြွေတောင်မရှိဘူး။

မြွေတွန်သံ လုံးဝမကြားရဘူး။

မြွေတွင်းပေါက်တွေက အများကြီးပဲ။





အရေခွံလဲသွားတဲ့ စိမ်းစိမ်းသွေ့သွေ့ မြွေအရေခွံများကို ရာနဲ့ ချီပြီးတွေ့ခဲ့ရတယ်။ မကြာဘူး၊ အဲဒီဖုန်းဆိုးမြေကို တောမီးလိုမျိုး မီးလောင် ပါလေရောဗျာ။

ပြောရရင်တော့ မြကြီးကို မြွေကိုက်လို့သေပြီး ဖုန်းဆိုးကို မီးလောင် ပြီးချိန်ကစပြီး ဖုန်းဆိုးကုန်းပေါ်က မြွေဆိုးတွေ ဘယ်အရပ်ကို ပြောင်းရွှေ့ သွားမှန်း မသိရဘူး။ မြွေနဲ့တူတာ ဘာမျှမရှိတော့ဘူး။ မမြင်ရဘူး။

ကျွန်တော်တို့ ရွာဝန်းကျင်မှာ မြွေဆိုးနဲ့တူတာဆို ဘာမြွေဆိုးမျှ မရှိတော့ဘူးဗျာ။ အံ့သြစရာကောင်းလိုက်တာ။

ရှိရင်တွေ့ရင်လည်း ရေမြွေနဲ့လင်းမြွေလို အဆိပ်မရှိတဲ့မြွေ များကို ပဲ တွေ့ရတော့တယ်။

အချို့လူကြီးများက ပြောကြရဲ့။

မြွေကုန်း ရွှေ့သွားပြီတဲ့။

အချို့ကလည်း မီးအရှိန်ကြောင့် သေကုန်ပြီနဲ့တူရဲ့တဲ့။ နတ်ကတော် ကြီး ဒေါ်ခါးပွင့်ကတော့ စခန်းသိမ်းသွားပြီလိုလို၊ နဂါးပြည် ပြန်ပြီလိုလို ပြောလေရဲ့။

ဆရာတော်ဘုရားကြီးကတော့ သူ့လင်းသူသွား၊ ကိုယ့်လမ်း ကိုယ်သွားကုန်ကြတာပါ။ မေတ္တာမပျက်ကြပါနဲ့။ မြွေများကို မေတ္တာပို့သ ကြပါ။ အပိုင်အဆိုင် အစောင့်အရှောက်များကို ဗလိနတ်စာကျွေးပြီး ကုသိုလ် ပြုကြပါလို့ မိန့်ကြားလိုက်လေရဲ့ ခင်ဗျား ...

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



[၁]

❑

ကျွန်တော်တို့ မုဆိုးအဖွဲ့ ခါကာဘိုရာဇီတောင်ခြေဘက်တွင် အမဲလိုက်ရင်း ဆေးမြစ်စုဆောင်းကြပြီးနောက် အစ်ကိုကြီးဦးအောင်သန်း၏ နောင်မွန်းဘဏ်တို့တွင် သုံးလေးရက်နားနေကြသည်။ နောင်မွန်းမြို့မှာ တောမြို့ကလေးသာဖြစ်၍ ရက်ကြာလာသည်နှင့်အမျှ ပျင်းစရာကောင်းလာသည်။ ထို့ကြောင့် ညနေပိုင်းအချိန်ကိုမျှော်ရသည်။ ညချမ်းချိန်တွင် ရှမ်းမုဆိုးကြီး ဦးအမ်အင်ဆားပြောပြသော ရေခဲတောင်ဒေသ၊ အမဲလိုက်ခြင်းနှင့် ထူးဆန်းသော ဖာတ်လမ်းများကို မီးလှုံရင်းနားထောင်ရသည်မှာ မရိုးနိုင်သောကြောင့်ဖြစ်သည်။

ယနေ့ညလည်း မှောင်စပျိုးသည်နှင့် မုဆိုးကြီး ဦးအမ်အင်ဆား ရောက်လာသည်။

"ဆရာလေးတို့ ညစာ စားပြီးကြပြီလား"

"မစားရသေးပါဘူး။ ကျွန်တော်တို့ ဆရာကြီးကို စောင့်နေတာပါ"

"ဘာဖြစ်လို့လဲ ဆရာလေး"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးဦးအောင်သန်းတပည့်တစ်ယောက် ပူတာအိုက ပြန်လာတာ ARMY RUM တွေပါလာလို့ ဝိုင်းလုပ်ကြမလို့ ဆရာကြီးကို စောင့်နေတာလေ"

"အေး ...အေး ...ကောင်းတယ်။ ငါက ဆရာလေးတို့ အမြည်းမရှိမှာစိုးလို့ ဆတ်သားခြောက်တွေလာပို့တာ အတော်ပေါ့။ ကဲ ကဲ ငါပဲ ဖုတ်လိုက်ပါ့မယ်။ မီးလည်း အသင့်ရှိနေတာပဲ"

"ဆရာကြီး ... နေပါစေ။ ကျွန်တော့်တပည့် မျောက်တင်သောင်း ရှိပါတယ်။ သူလုပ်ပါလိမ့်မယ်"

"နေ ...နေ၊ မျောက်တင်သောင်းက ဆီဆမ်း၊ ဆားဖြူးပဲ လုပ်၊ ငါ့ကို ဇလုံတစ်လုံးပေး။ ဘာခက်တာမှတ်လို့။ အသားခြောက်တွေက မီးမြင့်ဖူးတာကြာလှပေါ့။ မီးကင်တာနဲ့ကျက်ရော"

ဟုတ်လည်း ဟုတ်ပါသည်။ မုဆိုးကြီးလုပ်သွားသည်မှာ ကျွမ်းကျင်ပြီး မြန်ဆန်လှသည်။ (၁၅)မိနစ်ခန့်အတွင်း ဆတ်သားခြောက် အစိတ်သားခန့် ကျက်သွားတော့သည်။ မျောက်တင်သောင်းက ပန်းကန်ပြားထဲ ပြောင်းထည့်၍ တုံးတစ်ပြီး မှ၍ ဆီဆမ်း၊ ဆားဖြူးပေးရုံသာဖြစ်သည်။

အရသာရှိလှသော ဆတ်သားခြောက်မီးဖုတ် ပဲဆီဆမ်းမှာ ARMYRUM နှင့် အလွန်လိုက်ဖက်လှသည်။ ကျွန်တော်တို့ ဆက်ရက်မင်းစည်းစိမ်ကို ခံစားရင်း စားသောက်ကြသည်။ အေးချမ်းလှသော ရာသီဥတုရှိသည့် နောင်မွန်းမြို့တွင် အရက်သောက်ရသည်မှာ အလွန်ပျော်စရာ ကောင်းလှသည်။ တောမြို့ကလေးတွင် နေထိုင်ရသည်မှာ ဤအချိန်သာ ကျွန်တော်တို့အတွက် ပျော်ရွှင်စရာအချိန်ဖြစ်ပေသည်။

"ဆရာကြီး ...ဒီနေ့ ဘာအကြောင်း ပြောပြမှာလဲ။ ကျွန်တော်တို့လည်း ခါကာဘိုရာဇီတောင်ဘက်က ပြန်လာပြီးကတည်းက အလွန်ပျင်းနေပြီ။ တစ်နေရာရာကို သွားချင်နေမိတယ်။ ကျွန်တော်တို့ မပြန်ခင် ခရီးတစ်ခုလောက်စီစဉ်ပါဦး မုဆိုးကြီး"

"အေး ...အေး ...ငါ့မှာလည်း အစီအစဉ်ရှိပါတယ်။ ငါ့မွေးရပ်ဇာတိ၊ မေခမြစ်ကမ်းပါးက ပန်နန်းဒင်ရွာကို သွားစရာရှိတယ်။ အဲ





လည်း လိုက်ရမယ်။ ဆေးဝါး၊ သစ်မြစ်၊ သစ်ဖုလည်းရမယ်။ နောက်ပြီး ထူးဆန်းတဲ့အတွေ့အကြုံလည်း ရမယ်။ ခရီးကတော့ ကြမ်းတယ်။ ကုန်းကြောင်းခရီးပဲ။ ရက်လည်းအတော်ကြာမယ်။ လိုက်နိုင်ကြပါ့မလား"

"လိုက်ပြီးသားပေါ့ ဆရာကြီးရယ်။ ကျွန်တော်တို့က အတွေ့အကြုံအသစ်အဆန်းတွေ လိုချင်နေတာပါ။ ပင်ပန်းတာအရေးမကြီးပါဘူး"

"အေး ...အဲဒါဆို ကောင်းပြီ။ မနက်ဖြန် ပြင်ဆင်ထားကြ။ သန်ဘက်ခါမနက် စောစောထွက်မယ်။ မေခမြစ်ဖျား၊ ရှမ်ခူးဝမ်ချောင်း နဲ့ အဒုံးဝမ်ချောင်းကြား၊ မြောက်ဖျားမှာရှိတဲ့ ရေခဲတောင်ပေါ်က သဘာဝရေကန်ဗေဒဥယျာဉ်ကြီးနဲ့ ထူးဆန်းတဲ့ရေအိုင်ကြီးဆီ အရောက်သွားကြမယ်"

"လိုက်မယ် ဆရာကြီး၊ ကျွန်တော်တို့ အသင့်ပြင်ဆင်ထားမယ်။ ခွင့်ရက်လည်း ကျန်ပါသေးတယ်"

"ညီလေး ...ပင်ပန်းမယ်ထင်တယ်။ ရာသီဥတုက ကြမ်းတော့ အန္တရာယ်လည်း များလိမ့်မယ်၊ အဲဒီဘက်က တောထူပြီး ရေခဲတောင်တွေများတယ်"

အစ်ကိုကြီး ဦးအောင်သန်းက သတိပေးသည်။

"ရပါတယ် အစ်ကိုကြီး။ ကျွန်တော်တို့ ခါကာဘိုရာဇီတောင်ဘက်သွားတုန်းက ရေခဲတောင်အတွေ့အကြုံတွေလည်း ရနေပါပြီ။ ဆေးဝါးလည်း အစုံရှိပါတယ်။ နောက်ပြီး မုဆိုးကြီးဦးအမ်အင်ဆား ကိုယ်တိုင် ခေါင်းဆောင်မှာဆိုတော့ ပူစရာမရှိပါဘူး။ သူက နယ်မြေကျွမ်းတယ်လေ။ ပန်နန်းဒင်ဆိုတာက သူ့ဇာတိလေ အစ်ကိုကြီးရဲ့။ ဒီဘက်ကို နောက်တစ်ခါလာဖို့ဆိုတာ မလွယ်တော့ဘူးလေ"

"အေး ... အေး ...လက်နက်တွေလည်း ပါသားပဲ။ သတိနဲ့တော့ သွားကြပေါ့။ အတွေ့အကြုံဆိုတာ လူ့ဘဝရဲ့ အနှစ်သာရပဲ။ ရတုန်းယူထားပေါ့ ညီလေးရာ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

ကျွန်တော်တို့ နောက်တစ်နေ့တွင် ခရီးရှည်ထွက်ရန် ပြင်ဆင်ကြရသည်။ အခွေးထည့်များသာမက စောင်များလည်း ယူရသည်။ ဆေးဝါး၊ ဓာတ်မီး၊ ဂက်စ်မီးခြစ်နှင့် လိုအပ်သော အသုံးအဆောင်များကို စိစစ်ယူဆောင်ရသည်။ အစ်ကိုကြီးတို့ဘက်မှ လုံခြုံရေးအတွက် ဆောင်ထားသော သေနတ်များအနက် ကျွန်တော်က ဒဿမ ၃၀၃ အမေရိကန်ရိုင်ဖယ်ကို အသေအချာ စစ်ဆေး၍ ဆေးကြောသုတ်သင် သလို မျောက်တင်သောင်းအတွက်တော့ ပစ်မလွဲ (GREENER) တစ်လုံး ထိုး ပြောင်းချောသေနတ်ကို စီစဉ်ပေးလိုက်သည်။ ညဘက်တွင် မုဆိုးကြီး ဦးအမ်အင်ဆားရောက်လာပြီး မနက်ဖြန်မနက် စောစော ခရီးထွက်မည် ဖြစ်၍ စောစောအိပ်ရာဝင်၊ စောစောထကြရန် မှာကြားပြီး စောစောပင်ပြန်သွားသည်။

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့ မနက်(၄)နာရီခန့် ရောင်နီလာချိန်၌ပင် ထကြ၍ ပြင်ဆင်ကြသည်။ မျောက်တင်သောင်း စီစဉ်ပေးသော ထမင်းကြော်ကို စားအပြီး မနက်(၄း၃၀)နာရီတွင် မုဆိုး ကြီးရောက်လာသည်။ အိုးခွက်၊ ပန်းကန်၊ ဆန်၊ ဆီ၊ ဆား၊ အသားခြောက်များကို သူက အိတ်





တစ်ခုနှင့် ထမ်းလာပါသည်။ အသက် (၅၀)ခန့်ရှိပြီဖြစ်သော မုဆိုးကြီး ဦးအမ်အင်ဆားမှာ ကျန်းမာရေးတော့ အလွန်ကောင်းသည်။ သူ့လက်စွဲတော် ဒူးလေးမြားကျည်တောက်ဘူးနှင့် ကချင်ဓားရှည်ကြီးကိုလည်း လွယ်လာသေးသည်။

“ဆရာကြီး . . . ဒီမှာ ထမင်းကြော်နဲ့ ကြက်ဥကြော် အဆင်သင့်ပြင်ထားတယ်။ စားပါဦး”

“ဟော . . . အေး . . . ငါအိမ်က စားလာပြီးပြီ မလိုတော့ဘူး၊ ကဲ . . . စောစောကလေးထွက်ကြစို့။ ဒါမှ လမ်းမှာ အကောင်ပလောင်လေးဘာလေးပစ်ရမှာ”

ပွင့်လင်းရာသီဖြစ်၍ ရာသီဥတုမှာ သာယာလှသည်။ ပတ်ဝန်းကျင်၌ တောနှင့်တောင်များသာ ဝိုင်းရံနေသဖြင့် နှင်းကတော့ ကျဆဲပင်။ ဤနယ်မြေမှာ မြေမျက်နှာပြင်တစ်ခုလုံး တောင်စွယ်တောင်ဘန်း၊ ရေခဲတောင်၊ လျှိုမြောင်ချိုင့်ဝှမ်း၊ မြစ်ချောင်း၊ အင်းအိုင်အသွယ်သွယ် တို့ပြည့်နှက်လျက်ရှိသည်။ မြေပြန့်မြေညီဆို၍ ကဆန်ချောင်းအရှေ့ဘက်ကမ်း လေယာဉ်ကွင်းမြေကွက်လပ်သာရှိသည်။ နောင်မွန်းမြို့မှာ တောင်နှင့်မြောက် မိုင်(၂၀)၊ အရှေ့နှင့်အနောက် (၂)မိုင်မျှသာ ကျယ်ဝန်းသည်။ ကျွန်တော်တို့အဖွဲ့ အရှေ့ဘက် မေခမြစ်ကြီးကို ဦးတည်၍ ထွက်လာကြခြင်းဖြစ်သည်။

“ဒီနယ်မြေဟာ မြေပြန့်ဆိုလို့ မယ်မယ်ရရမရှိဘူး။ မိုးကိုး မြင့်မားတဲ့ တောင်တန်းတောင်ထွတ်ကြီးတွေသာ စိုးမိုးနေတာ။ ဒီတောင် တန်းကြီးတွေဟာ သဘာဝကပေးထားတဲ့ ခံတပ်ကြီးတွေပဲ။ ဟော ဟိုဘက်မှာ ကြည့်လိုက်ကြစမ်း။ ကဆန်ချောင်း(ရှန်ခ) အနောက်ဘက်မှာ လခက်သငါးတောင်တန်းကြီး၊ ကဆန်ချောင်းနဲ့ မေခချောင်းကြားမှာ မဆန်းရိန်နဲ့ ဝယဲဖီး၊ ဖရွန်၊ ရှမ်းလုပ်တောင်တန်းကြီးတွေ ဘယ်လောက်လှသလဲ”

ကျွန်တော်တို့လည်း ဝေးသီခေါင်ဖျားလှသော ပတ်ဝန်းကျင်ကို သုမ်းမျှော်ကြည့်မိသည်။ တောင်ကြီးများအောက်ခြေတွင် စိမ်းပြာညိုမှိုင်းနေပြီး တောင်ထိပ်ပိုင်းတွင် ဆွတ်ဆွတ်ဖြူနေသော ရေခဲတောင်များဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိရှေ့မှ တောင်တန်းကြီးများသည် မြင့်မားလွန်းလှသည်။ လှသွားလမ်းမှာလည်း ကွေ့ကွေ့ကောက်ကောက် ရှိလှသည်။ တစ်ကုန်း တက်ပြီး နောက်တစ်ကုန်း တက်ရပြန်သည်။ ကျွန်တော်တို့ ပေပေါင်း(၆၀၀၀)ကျော် မြင့်သော 'တဆာ့ခူး' တောင်ကြီးကို ကျော်ကြသည်။ ပြီးနောက် တောင်ခြေ 'ဂေါ်ထုလဲကျေးရွာ'တွင် ဝင်နားပြီး မုဆိုးကြီး အသိအိမ်တွင် နေ့လယ်စာ ထမင်းစားကြသည်။ ပြီးနောက် ခရီးဆက်ထွက်လာရာ 'ရှင်ဆန်ခူး'တောင် တန်းကြီးကို ကျော်ဖြတ်စဉ် မြူနှင်းများဝေလာပြီး လေအေးများ ကြမ်းကြမ်း တိုက်လာ၍ လေကွယ်ရာ တောင်စောင်းဂူတစ်ခုတွင် နားကြရင်း စတည်းချ၍ ညစာချက်ပြုတ် စားကြရသည်။

ညက လေကြမ်းတိုက်၍ ချမ်းအေးလွန်းလှသောကြောင့် ဘာတော ကောင်ကိုမျှ မမြင်ရ။ အဝေးဆီမှ အော်သံများကိုတော့ ကြားနေရသည်။ ပတ်ဝန်း ကျင်မှာ ရေခဲတောင်မြင့်ကြီးများရှိ၍ ဖွေ့ဝိုက်တိုက် ခတ်သောလေမှာ လွန်စွာ ချမ်းအေးလှသည်။ ကျွန်တော်တို့မီးဖိုပြီး စောင်အထပ်ထပ်ခြုံ၍ ဂူအတွင်း အိပ်ရသဖြင့် ညက အိပ်ပျော်ခဲ့သော်လည်း လေကြမ်းမှာ မနက်လင်းသည်အထိ မရပ်နားသေးပါ။ ဖွေ့ဝိုက်တိုက် ခတ်နေတုန်းပင်။ မနက်စောစာကို အဆာပြေစား အခါးရည်သောက် အပြီးတွင် မုဆိုးကြီးက ...

"ကဲ ... ဆရာလေးတို့ ကြွေးမနေနဲ့တော့ ဆက်ထွက်မယ်။ ဒီလေက ရေခဲတောင်တွေပေါ်မှာ နှင်းမုန်တိုင်းကျနေလို့ ဒီဘက်ကို အဖျားခတ်တိုက်တဲ့ လေပါ။ ဒီတောင်ကြီးပေါ်က ဆင်းတာနဲ့ ငြိမ်သွားမှာပါ။ ပွင့်လင်းရာသီမှာ ဒီလို လေမျိုးတိုက်တာကတော့ ရှားတယ်။ အဲဒါပေမဲ့ နှင်းမုန်တိုင်းကြောင့် အခါမဟုတ် ဘဲ နှင်းမိုးရွာနိုင်တယ်။ ကဲ သွားကြမယ်"

"ဒီတောထဲမှာ ဘာတောကောင်တွေ ရှိနိုင်သလဲ ဆရာကြီး"

"ဒီတောမှာ ကျား၊ ကျားသစ်၊ တောဝက်၊ ချေ၊ ဒရယ်၊ ဆတ် သစ်ခွေး၊ မြေခွေးနဲ့ ရှူးပုံ၊ ရေဝက်တွေရှိတယ်။ လေပြင်းတိုက် လို့ ငြိမ်ကုပ် နေကြတာ။ တောင်ခြေချိုင့်ဝှမ်းရောက်တာနဲ့ တွေ့လိမ့်မယ်။ ဒီဘက်အပိုင်းက မုဆိုးမရှိတော့ သားကောင်တွေက အလွန်ရိုင်းတယ်။ လူကိုမကြောက်ဘူး တောင်ခြေရောက်တာနဲ့ သတိတော့ထားကြပါ"





ကျွန်တော်တို့အဖွဲ့ ပစ္စည်းများသိမ်းဆည်းပြီး တောင်ခြေသို့ တရွေ့ရွေ့ ဆင်းလာကြသည်။ တောင်ခြေဆင်ခြေလျှောက ကျယ်ပြန့် ရှည်လျားလှသည်။ လေအေးကြမ်းကြီးကြောင့် မျက်နှာတစ်ပြင်လုံး အေးခဲပြီး ပူထူလာသည်။ နှုတ်ခမ်းတစ်စုံလုံး ထူအမ်းလာသည်။ အာစေးတို့က လည်ချောင်းကို ပိတ်ဆို့ ထားသည်။ အစွန်းထွက်နေသည့် နှာခေါင်းရိုး၊ မျက်ခုံးရိုး၊ လက်ဖျားတို့က နင့်ခနဲ ဆစ်ခနဲ နာကျင်လာသည်။ အအေးဒဏ်ကိုကာကွယ်နိုင်ရန် နာကျင် သောနေရာများအား လက်ဖြင့် ခပ်နာနာ ပွတ်ပစ်လိုက်ချင်သည်။ သို့သော် နှင်းလေအေးဒဏ်ကြောင့် အေးခဲပြီး ကိုက်ခဲထုံကျင်သော လက်ဖျား၊ နှာခေါင်းနှင့်နားရွက်များ ပြတ်ထွက်သွားမည်စိုး၍ မပွတ်ရဲ။ ကျွန်တော်တို့အခြေ အနေကိုသိသော် မုဆိုးကြီးက လေကွယ်ရာ သစ်ပင်ကြီးတစ်ပင်အခြေတွင် ရပ်နားရင်း ...

"ဆရာလေးတို့ အရက်ပါတယ်မဟုတ်လား။ ထုတ်ပြီးသောက် တော့"

"စောစောစီးစီးဗျာ"

ကျွန်တော်က ပြောမည့်သာပြောသော်လည်း မျောက်တင်သောင်း ထုတ်ပေးသော ARMY RUM အရက်ပုလင်းကို ခါးဦးဖြင့် ကလော်ပြီး ရေပင်မရောတော့ဘဲ မော့ချလိုက်တော့သည်။ အရက်မှာ အရသာပေါ့ နေသလိုပင်။ ရေမရောသော်လည်း မပြင်းချေ။ သို့သော် ဗိုက်ထဲရောက်သွားမှ ဓာတ်ပြုလာသည်။ ဝမ်းတွင်း၌ ပူနွေးသွားပြီး တဖြည်းဖြည်း တစ်ကိုယ်လုံး ပူနွေးလာသည်။ လက်ဖျား၊ ခြေဖျား နှာသီးဖျား၊ နားရွက်ဖျားများ နွေးလာ သည်။ ဤအချိန်တွင် အရက်မှာ အလွန်ဆေးဘက်ဝင်သောပစ္စည်း ဖြစ်ပေ သည်။ မျောက်တင်သောင်းကလည်း သောက်သည်။ မုဆိုးကြီးကတော့ အာစွတ်ရုံသာ သောက်သည်။

"ဟိုဘက်တောင်ခြေရင်းမှာ မခွမ်ကန်နဲ့ အလ်အောင်ရွာ ကလေးတွေ ရှိတယ်။ ည အဲဒီရွာတွေမှာ အိပ်ကြရမယ်။ နေ့လယ်စာကိုတော့ တောင်ခြေ ရောက်မှ စားကြတာပေါ့။ ဒီက မြစ်တွေ၊ ချောင်းတွေက တောင်မြင့်ကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်က စီးလာတဲ့ ရေခဲမြစ်တွေလေ။ အလွန် ရေစီးသန်တယ်။ ချောင်းကျဉ်းတဲ့ နေရာရှာပြီး ကြဖန်ကူးကြရမယ်''

ကျွန်တော်တို့အဖွဲ့ 'တဆာခူး' တောင်ခြေရောက်တော့ လေငြိမ်သွားသည်။ လေကွယ်ရာကျောက်ဂူကို ရှာနေကြစဉ် ဆတ်တစ်သံကို အနီးကပ်ကြားရသည်။ မုဆိုးကြီးက လေတင်လေအောက်ကိုရွှေ့ပြီး ကျွန်တော့်အား အချက်ပြသည်။ ပြီးနောက် အရှေ့မြောက်ဘက် ချောင်းကမ်းပါးရှိ မက်လင်ချဉ်ပင်ကြီးအောက်ခြေသို့ ညွှန်ပြနေသည်။ ကျွန်တော်လည်း ဒသမ ၃၀၃ အမေရိကန်ရိုင်ဖယ်သေနတ်ကြီးကို မောင်းကြိတ်တင်ပြီး တရွေ့ရွေ့ တောတိုးပြီး တက်ခဲ့သည်။ ချောင်းရေစီးသံ တဝေါဝေါက ပတ်ဝန်းကျင်အသံများကို ဖုံးလွှမ်းထားသဖြင့် ကျွန်တော့်အတွက် အသာစီးရနေသည်။ တောတိုးသံအား သားကောင်က ကြားနိုင်မည်မဟုတ်ပေ။ ကမ်းစပ်က ကြိမ်ရုံနှင့်တောငှက်ပျောရုံအကွယ်က ချောင်းကြည့်လိုက်တော့ အမွေးရှည် ဆတ်ဖားကြီးတစ်ကောင် မက်လင်ချဉ်သီးမှည့်များကို ကောက်စားနေသည်။

သို့သော် ဆတ်ဖားကြီးအနေအထားမှာ ဂနာမငြိမ်။ အသီးကောက်စားလိုက်၊ တဝေါင်းဝေါင်းဟောက်လိုက် ဖြစ်နေသည်။ ကျွန်တော်လည်း သက်ာမကင်းဖြစ်လာပြီး အန္တရာယ်အနံ့ကိုရသဖြင့် ပတ်ဝန်းကျင်အား စူးစမ်းလေ့လာမိသည်။ ထိုအခါမှ ဆတ်ဖားကြီး၏ ရှေ့တည့်တည့် မဟော်ဂနီပင်ကြီးကိုင်းတက်ပေါ်တွင် ဆတ်ဖားကြီးအား ဝပ်၍ ချောင်းနေသော သစ်ဆင်ကြီးတစ်ကောင်ကို တွေ့ရတော့သည်။ အနက်နှင့် အဝါပြောက်ကြား ကျားသစ်ကြီးဖြစ်သည်။ ကျွန်တော်နှင့်ဝေး၍ မြင်ရခြင်းဖြစ်ပြီး သစ်ပင်အောက်က ဆတ်ဖားကြီးကတော့ သစ်ရွက်၊ သစ်ကိုင်းများခံနေ၍ မြင်ရဟန်မတူ။ သို့သော် အနံ့တော့ရနေဟန်တူသည်။ ထို့ကြောင့်လည်း ဆတ်ဖားကြီးမှာ အစာစားနေသော်လည်း ဂနာမငြိမ် ဖြစ်နေခြင်း ဖြစ်လေသည်။

ကျွန်တော် အလျင်အမြန် ဆုံးဖြတ်ရတော့သည်။ သစ်ဆင်သားက ဘာမကောင်း။ သို့သော် သစ်ဆင်အရေက အဖိုးတန်သည်။ အန္တရာယ်ပေးနိုင်သည်က သူပင်။ ဆတ်ဖားကြီးကလည်း ခြောက်စထောင် ချိုကားကြီးဖြင့် အမွေးရှည်ရှည်၊ နီညိုရောင်ဖြင့် လှပလွန်းလှသည်။ သူက အန္တရာယ်မပေး





နိုင်။ ဤအချိန်မှာ မုဆိုး(၂)ဦး သေနတ်နှစ်လက်ဖြင့် ပစ်ခတ်ရမည့် အခြေအနေဖြစ်သည်။ ကျွန်တော် ဆုံးဖြတ်ချက်ကို အလျင်အမြန်ချပြီး မဟော်ဂနီပင်ပေါ်မှ သစ်ဆင်ကြီးကို အသေအချာချိန်ပြီး ပစ်ချလိုက်တော့သည်။

''ဒိုင်း ...''

ကျွန်တော်၏ သေနတ်နှင့်အပစ် သစ်ဆင်ကြီးက ဆတ်ဖားကြီးအား ခုန်အအုပ် တိုက်ဆိုင်လွန်းလှသည်။ ကျည်အရှိန်ကြောင့် သစ်ဆင်ကြီးမှာ တစ်ချက်တွန့်သွားပြီး လိုရာသို့မရောက်။ ဆတ်ဖားကြီး၏ ဦးချိုကားကားပေါ်သို့ တည့်တည့်ကျသည်။ ဆတ်ဖားကြီးကလည်း ကြုံး၍အခတ်၊ သစ်ဆင်ကြီးလည်တိုင်ကို ဆတ်ဖားကြီးဦးချိုစိုက်ပြီး နှစ်ကောင်သုံလျက် လဲသည်။ သစ်ဆင်ကြီးမှာ ကျွန်တော်၏ ဒသမ ၃၀၃ ရိုင်ဖယ်ကျည်ဆန်ဒဏ်ရာနှင့် ဆတ်ဖားကြီးဦးချိုက လည်တိုင်ရင်းကို ဖောက်သွားသော ဒဏ်ရာတို့ကြောင့် မာန်ခဲပြီးအော်နေသော်လည်း မလှုပ်ရှားနိုင်တော့။

''ဂူး ... ဂဲ ... ဝေါင်း ... ဝေါင်း ... ထရိန် ... ထရိန် ...''

ထိုစဉ် ဆတ်ဖားကြီးမှာ ဦးချိုကိုခါရမ်းရင်း သဲ့အရပ် ...

''ထရိန် ... ထရိန်''

ဆတ်တစ်သံပေးပြီး အောင်နိုင်သူအနေဖြင့် အော်မြည်လိုက်စဉ် ကျွန်တော်လည်း အရေးပေါ်ကျည်ထိုးပြီး ပစ်ချလိုက်တော့သည်။

''ဒိုင်း ...''

ကျွန်တော်နှင့် ကိုက်(၁၀၀) ခန့်သာကွာဝေးသဖြင့် **စိတ်ကြိုက်** ပစ်မှတ်ဖြစ်ပေရာ ဒသမ ၃၀၃ကျည်ဆန်မှာ ဆတ်ဖားကြီး၏ လက်နောက်ကိုမှန်၍ နှလုံးကိုဖောက်ထွက်သွားသဖြင့် ဆတ်ဖားကြီး နေရာတွင် လဲတော့သည်။

''ဝုန်း ... ဝုန်း''

''ရှီ ..''

ကျွန်တော် လေချွန်သံပေးလိုက်၍ မုဆိုးကြီးနှင့် မျောက်တင်သောင်းတို့ အပြေးရောက်လာကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၃]

❑

"ဆရာလေး ... ဆတ်တစ်ကောင်ကို နှစ်ချက်တောင် ပစ်ရသ
လား"

"နှစ်ကောင်ဗျ မုဆိုးကြီးရဲ့။ ဆတ်အပြင် သစ်ဆင်ကြီးက အဆ
ပါသေးတယ်"

"ဘယ်လို ဆရာလေး။ သစ်ဆင်ကြီးက ဘယ်ကပေါ်လာတာလဲ"

"သစ်ဆင်ကြီးက အရင် ဆတ်ဖားကြီးကို ချောင်းနေတာဗျ မုဆိ
ကြီးရဲ့။ ကျွန်တော် ဆတ်ဖားကြီးကိုသာ မပြီးပစ်ရင် သစ်ဆင်ကြီးက ကျွန်တေ
ကိုဆော်တော့မှာ။ ကျွန်တော် အမြင်ဦးပေလို့သာပဲဗျို့"

"တော်သေးတာပေါ့။ ဆရာလေး မျက်စိလျင်ပေလို့ပဲ။ ဒီတောထဲ
သစ်ဆင်ဟာ ကြောက်ဖို့အကောင်းဆုံးပဲ။ သူက သစ်ပင်ပေါ်တက်ပြီး အလ
ချောင်းတိုက်ခိုက်တတ်တာ"

"မုဆိုးကြီး ... ဘယ်လိုလုပ်ကြမလဲ"

"နေစောင်းပြီဆိုတော့ ဒီနားမှာပဲ နေရာရှာပြီး စခန်းချရတော့မှာ
တောကောင်တွေကိုလည်းဖျက်ရမယ်။ ချောင်းသုံးချောင်းကို ဖြတ်ရဦး
ဆိုတော့ တောင်ခြေရွာကိုသွားဖို့ မှောင်သွားလိမ့်မယ်"





"ဟုတ်ကဲ့ မုဆိုးကြီး။ ကောင်းသလို စီစဉ်ပါခင်ဗျား"

မုဆိုးကြီးနှင့် မျောက်တင်သောင်းတို့ တောကောင်များဖျက်နေကြ
စဉ် ကျွန်တော် ပတ်ဝန်းကျင်ကိုလှေ့လာရင်း နားခိုမည့်နေရာကို ရှာရသည်။
မကြာမီ ကြိမ်ရုံများဖုံးအုပ်နေသည့် ကျောက်ဂူတစ်ခုကို တွေ့ရသဖြင့် အမဲလိုက်
ဓားနှင့် ရှင်းလင်းရသည်။ လူ(၅)ဦးခန့် ချောင်လည်စွာ စတည်းချ နေထိုင်နိုင်
သော တောင်စောင်း ကျောက်ဂူကြီးတစ်ခုဖြစ်လေသည်။ ကျွန်တော် ပတ်ဝန်း
ကျင်နှင့် ကျောက်ဂူအတွင်းကို ရှင်းလင်းလိုက်သည်။

မုဆိုးကြီးက သစ်ဆင်ကြီးသားရေကိုသာဖျက်ပြီး အသားကိုမယူ။
မျောက်တင်သောင်းကတော့ ဆတ်ဖားမွေးရှည်သားရေကြီးကို ခွာယူပြီး
အသားများ၊ ကလီစာများကို စနစ်တကျ ဖျက်နေသည်။ ကျွန်တော်အားနေ
သဖြင့် ထင်းခြောက်များ စုဆောင်းပေးရပြန်သည်။ ထိုနေ့က နေ့လယ်စာကိုမွန်း
လွဲကျော်မှစားကြရပြီး ညနေစောင်းတွင် ဆတ်သားများကို မီးကင်ကျပ်တိုက်
ရသည်။ ပိဿာ(၈၀)ခန့် ဆတ်ဖားကြီးဖြစ်၍ အသားချိန် အတော်ရသည်။
ကျွန်တော်တို့ နိုင်သလောက်သာယူပြီး ကျန်အသားခြောက်များကို ဂူတွင်း၌
ဒုံးစင်လုပ်၍ ထားခဲ့ရမည်ဖြစ်သည်။

ညစာကို မျောက်တင်သောင်းက စပယ်ရှယ်ချက်သည်။ ဆတ်
...တွင်းသားဟင်းမှာ လတ်ဆတ်၍ အလွန်စားကောင်းသည်။ ယခုအခါ
...ဆိုးကြီးယူဆောင်လာသော အိုးခွက်ပန်းကန်နှင့် ဟင်းခတ်ပစ္စည်းများမှာ
အသုံးဝင်လှသည်။ ညစာကို တစ်ဝစားကြရင်း တစ်လှည့်စီ ကင်းစောင့်ရင်း
ညအိပ်ကြရတော့သည်။ တောင်ခြေဂူတွင်းဖြစ်၍ လေကွယ်သဖြင့် အအေး
...သည်။ နှင်းမုန်တိုင်းလည်း ရပ်တန့်သွားပြီဖြစ်၍ ထိုညက ကောင်းစွာ
အိပ်ကြရသည်။ ချောင်းရေစီးသံတဝေါဝေါမှာ တောတွင်း ဂီတသံစဉ်နှယ်
ကျွန်တော်တို့အား ချော့သိပ်တော့သည်။

နောက်တစ်နေ့မနက် (၄)နာရီခန့်တွင် တောကြွက်များအော်သံကို အနီး
...ပ်ကြားရသဖြင့် ကျွန်တော် အိပ်ရာက လန့်နိုးသည်။ ကင်းစောင့်နေသော မုဆိုး
ကြီးက အချိုးရည်ကို အေးဆေးစွာသောက်နေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေး . . . ပြန်အိပ်ပါ။ ပြဿနာမရှိပါဘူး။ တောခွေးတွေ ကျားသေကြီးကို ဝိုင်းစားနေကြတာပါ။ အသားကုန်တာနဲ့ ပြန်သွားကြလိမ့်မယ်"

ထိုစဉ် မျောက်တင်သောင်းလည်း နိုးလာသဖြင့် မုဆိုးကြီးက . . .

"ဆရာလေးတို့ ပြန်အိပ်ကြဦး။ အိပ်ရေးပျက်နေဦးမယ်။ ဒီမနက်တော့ စောစောထစရာမလိုဘူး။ မနက်စာလည်း အသားတွေ အဆင်သင့်ရှိတယ်။ ချောင်းတွေဖြတ်ကူးရမှာဆိုတော့ မြင်မြင်ထင်ထင်မှ ခရီးဆက်ကြတာပေါ့"

"ဟုတ်ကဲ့ . . . မုဆိုးကြီး"

ကျွန်တော်တို့ ပြန်အိပ်ကြသည်။ မိုးလင်း၍ နိုးတော့ မုဆိုးကြီးက မနက်စာစားရန် အခါးရည်နှင့် အသားကင်များကို အဆင်သင့်ပြင်ထားသည်။ ညကလည်း ကျွန်တော်တို့ ထမင်းမချက်။ အသားဟင်းများကိုသာ တစ်ဝစားကြခြင်းဖြစ်သည်။ ထမင်းလွတ် အသားစားကြသည်မှာ ဤတစ်ကြိမ် ပထမဆုံးအကြိမ် ဖြစ်ပေတော့သည်။ မနက်စာစားပြီးတော့ ကျွန်တော်တို့ အသားခြောက်များနှင့် ဆတ်သားရေ၊ သစ်ဆင် သားရေတို့ကို ခေါက်လိပ်၍ ယူဆောင်ခဲ့ကြပြီး ချောင်းစပ်သို့လာခဲ့ကြသည်။ ချောင်းမှာ (၁၀)ပေကျော်ခန့်သာ ကျယ်သော်လည်း ဝါးလုံးထိုး စီးဆင်းနေသည့် ရေအလျှင်မြန်မှုကြောင့် ဖြတ်ကူးရန်မလွယ်။ ထို့ကြောင့် အတွေ့အကြုံ ရင့်ကျက်လှသော မုဆိုးကြီးက ကမ်းပါးရှိ ကြသောင်းဝါးရုံများကို တစ်လုံးချင်းခုတ်ပြီး ကမ်းနှစ်ဖက်ကို ဆက်သွယ်သည်။ ဤနေရာတွင် မျောက်တစ်ကောင်လို ပေါ့ပါးလျင်မြန်လှသော မျောက်တင်သောင်းက ဝါးလုံး(၅)လုံးရသည်နှင့် ဝါးများအား ကြိမ်ဖြင့် တုပ်နှောင်စည်း၍ ဝါးတံတားလုပ်တော့သည်။ စုစည်းခိုင်ခံ့မှုရှိသွားသော ဝါးတံတားမှာ ကျွန်တော်တို့ တစ်ဦးချင်းဖြတ်ကျော်သောဝန်ကို ခံနိုင်ရည်ရှိပါသည်။ ဒုတိယချောင်းမှာ ပေ(၂၀)ခန့် အကျယ်ရှိသဖြင့် ဝါးတံတားမမီပါ။ ထို့ကြောင့် ကမ်းပါးစောင်းမှ ဖြောင့်တန်းမြင့်မားသော ဖက်သန်းပင်ကြီးကို လှဲ၍ ကမ်းနှစ်ဖက် တံတားလုပ်သည်။ သစ်လုံး လိမ့်မသွားစေရန်လည်း သပ်ရိုက်၍ထိန်းသည်။





သစ်လုံးပေါ်၌လည်း ခြေမချော်စေရန် ဓားနှင့်ထွင်းသည်။ မျောက်တင်သောင်းကို ခေါ်ခဲ့သည်မှာ အလွန်အသုံးတည့်ပေတော့သည်။ ကျွန်တော်တို့အဖွဲ့ တစ်ဖက်ဘောင်ခြေမခွမ်ကန်နှင့် အလီအောင်ရွာသို့ရောက်တော့ နေပင် မွန်းတည့်ခါနီးပြီ။ မုဆိုးကြီး၏ အသိမိတ်ဆွေ ဦးမရန်ဘောက်အိမ်တွင် တည်းခိုကြရင်း နေ့လယ်စာစားကြသည်။ အသားဟင်းချည်းစားရခြင်းထက် ထမင်းနှင့် တွဲဖက်စားရခြင်းက ပိုမိုကောင်းမွန်လှပေသည်။

"အင်ဆား . . . ဘယ်တက်သွားကြမလို့လဲ။ ဒီတစ်ခါ မင်းတစ်ယောက်တည်းမဟုတ်ဘဲ ဧည့်သည်တွေပါ ပါသကိုး"

"ဟုတ်တယ် . . . မရန်ဘောက်။ ငါ့ဇာတိ ပန်နန်းဒင်းရွာကို သွားကြပြီး ရှမ်ခူးဝမ်ချောင်းနဲ့ အဒုံးဝမ်ချောင်းကြား မြောက်ဖျားမှာရှိတဲ့ ရေခဲတောင်ကြီးပေါ်က သဘာဝရုက္ခဗေဒဥယျာဉ်ကြီးနဲ့ ရေအိုင်ကြီးဆီကို ဒီဧည့်သည်တွေကို လိုက်ပို့ရမှာ"

"ဘာသွားလုပ်မှာလဲ။ ရာသီဥတုကလည်းဆိုး၊ နတ်ကလည်း ကြီးပါဘိသနဲ့ အင်ဆားရယ်"

"ထူးဆန်းတယ်လေကွာ။ အတွေ့အကြုံ ဗဟုသုတရတာပေါ့။ ဒီက ဆရာတွေနဲ့ ငါက ခါကာဘိုရာဇီဘက်တောင် ရောက်ဦးမြို"

"အေး . . . အေး . . . ကောင်းပါတယ်။ ဒါပေမဲ့ နတ်မကြိုက်တာတော့ မလုပ်မိစေနဲ့။ အင်မတန်ဆိုးနော်။ အင်ဆား . . . မင်းလည်း ဒါနဲ့အတူ ငယ်ငယ်တုန်းက ကြုံဖူးကြတာပဲ။ မသေလို့ ပြန်ရောက်ကြတာ။ အဲဒီဘက်က ရွှေတုံးနဲ့ ကျောက်စိမ်းလည်း တအားထွက်တယ်။

အင်ဆား . . . ဒီရွာမှာ ညအိပ်ကြဦးမလား။ ငါတို့ရွာတွေနားမှာ ဆားတွင်းတွေရှိလို့ တာကင်ကောင်တွေ အုပ်လိုက်လာတတ်တယ်။ နင်တို့ သေနတ်တွေပါတာနဲ့ အတော်ပဲ"

"မရန်ဘောက်ရေ . . အပြန်မှ ညအိပ်မယ်။ ဒီနေ့ ငါ့ဇာတိရွာ ပန်နန်းဒင်အထိ သွားကြပြီးမှ ညအိပ်မယ်"

"အေး . . . အေး . . . ဒါဆို သွက်သွက်သွားကြပေရော့။ တောလမ်းခရီးဆိုတော့ လမ်းမှာမိုးချုပ်ရင် မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့ တောင်တန်းကြီးကိုကျော်၍ သစ်တောစိမ်းစိမ်းကြီးကို ဖြတ်ရပြန်သည်။ တောင်တက်လမ်းမဟုတ်တော့သော်လည်း [illegible]ကြမ်းသည်။ လျှိုများ၊ မြောင်များက တစ်လမ်းလုံးအပြည့်ပင်။ သို့သော် ရွာများနှင့်နီးသဖြင့် ဝါးတံတားများရှိသည်။ တရွေ့ရွေ့ ခရီးဆက်ကြရင်း နောင်မွန်းမြို့နှင့် ၃၄ မိုင်ဝေးသော ပန်နန်းဒင်ရွာကြီးကို မေခမြစ်ကမ်းပါး၌ ညနေဆည်းဆာအချိန်တွင် ဘွားခနဲတွေ့ရတော့သည်။

"ကဲ … ကဲ … လာကြ ဆရာလေးတို့၊ ငါတို့အိမ်က ရွာလယ်မှာ။ မိဘတွေကွယ်လွန်တော့ ငါက နောင်မွန်းကိုပြောင်းပြီး အခြေချတယ်။ ဒီရွာမှာတော့ ငါ့ညီ အိုအင်ဆားက မိသားစုနဲ့နေတယ်"

"မုဆိုးကြီးတို့က 'အင်ဆား' မျိုးတွေပေါ့နော်"

"ဟုတ်တယ် … ငါတို့က ခရစ်ယာန်ဘာသာဝင်တွေဆိုတော့ အစဉ်အဆက် 'အင်ဆား' မျိုးနွယ်စုပေါ့။ အဘိုးက ဂျီအင်ဆား၊ အဖေက ကောအင်ဆား။ အင်္ဂလိပ်၊ ခရစ်ယာန် ထုံးစံပေါ့လေ"

✿ ✿ ✿

[၄]

ဂျိန်းဖောနွယ်ဝင် ရဝမ်လူမျိုးများမှာ မြစ်ကြီးနားဘက်၌ ဗုဒ္ဓဘာသာဝင် အများစုဖြစ်သော်လည်း မြန်မာပြည်မြောက်ဖျားဖျား နောင်မွန်းဘက်တွင် လူမျိုးစုတိုင်းလိုလိုပင် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြလေသည်။ ခရစ်ယာန်ဘာသာ ပြန့်ပွားစေရန် သာသနာပြုခဲ့ကြသော ဘုန်းတော်ကြီးများကိုလည်း ချီးကျူးလောက်ပေသည်။ ဝေးလံခေါင်သီသောဒေသတွင် ပင်ပန်းဆင်းရဲကြီးစွာ တောကြိုအုံကြား ခရီးသွား၍ ကြိုးပမ်းကြခြင်းမှာ အံ့မခန်းဆောက်စရာပင်။ ပန်နန်းဒင်ရွာလယ် ကျောက်တုံးများဖြင့် တည်ဆောက်ထားသော ခရစ်ယာန်ဘုရားရှိခိုး ကျောင်းကလေးအနီးရှိ နှံထပ်အိမ်ကြီးအနီးသို့ရောက်သော် ဦးအမ် အင်ဆားက ….

"အိုအင်ဆား … အိုအင်ဆား"

"အေ"

ဟု ထူးသံကြားရပြီး အိမ်ပေါ်ထပ်မှ မုဆိုးကြီးနှင့် ရုပ်ဆင်သူ အင်ဦးနှင့် ရဝမ်အပျိုမကလေးနှစ်ဦး ဆင်းလာကြသည်။

"ဟော … အမ်အင်ဆားကိုး"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'အဘား ... အဘား' ဟုခေါ်၍ ရဝမ်ပျိုမကလေးနှစ်ဦးက မှဆိုးကြီး၏ပစ္စည်းများကို ဝိုင်းဆွဲကြသည်။

"အိုအင်ဆား ... ငါတို့ ဒီမှာညအိပ်မယ်။ ဧည့်သည်တွေပါတယ်။ ညစာကောင်းကောင်းစီစဉ်ပါ"

"ဟုတ် ... အားကို။ အဆင်သင့်ရှိပါတယ်"

"ဒီမှာ ဆတ်သားကြပ်တိုက်တွေ။ ဒါက တာကင်သားခြောက်။ အလီအောင်ရွာက ငါ့သူငယ်ချင်း မရန်ဘောက် ပေးလိုက်တာ။ ငါတို့ ရေမချိုးရတာ ကြာပြီ။ ရေချိုးဖို့လည်း စီစဉ်ပေး"

"ဟုတ် ... အားကို"

ပန်နန်းဒင်ရွာကြီးမှာ မေခကမ်းနဖူးဖြစ်၍ ရေပေါသည်။ လွင်ပြင်ဒေသဖြစ်၍ ယခုလို ပွင့်လင်းရာသီတွင် မအေးလှ။ ရေချိုး၍ အလွန်ကောင်းသည်။ ရေချိုးပြီးတော့ လူမှာ လန်းဆန်းသွားသည်။ အနွေးထည်ဝတ်ပြီး ဖခါးရည် သောက်ကြရာ အိမ်ရှင်ဦးအိုအင်ဆားနှင့် သမီးများက ညစာအတွက် စီစဉ်နေကြသည်။

ရေခဲတောင်ကြီးများ၏ သားသမီးများဖြစ်ကြ၍ ထင်ပါသည်။ ရဝမ်မလေးများ၏ အသားအရေမှာ ဖြူဖွေးနေသည်။ မျက်နှာသွယ်ပြီး အရပ်ရှည်ကြသည်၊ မျက်လုံး၊ မျက်ခုံး လှပပြီး နှာတံချွန်သည်။ ဦးခေါင်းကို ဖဲပဝါစည်းထားပြီး ခန္ဓာကိုယ်တွင် ဖဲအင်္ကျီပြောင်လက်လက်များ ဝတ်ထားပြီး လုံချည်မှာလည်း ဖဲလုံချည်ပင်။ ခါးတွင်ဖဲတဘက်တစ် ထည်စည်းထားပြီး ငွေဆည်းလည်း၊ ငွေပြားနှင့်ငွေခြူကလေးများ ချိတ် ဆွဲထားသည်။ လည်တိုင်တွင် ပုတီးများစွပ်ထားပြီး ရင်ဘတ်တွင် ရှည်လျားကြီးမားသော ရွှေဆွဲကြိုးများကိုလည်း ဆွဲထားသေးသည်။ လက်တွင်လည်း ရွှေလက်စွပ်များ လက်ချောင်းတိုင်း၌ ဝတ်ဆင်ထားပြီး လက်ကောက်ဝတ်တွင် လက်နှစ်ဖက်စလုံး ရွှေလက်ကောက်များက အပြည့်ပင်။ ရွှေပေါသောဒေသ ဖြစ်ဟန်တူပေသည်။

"ဒီဘက်အပိုင်းက ကျောက်စိမ်းနဲ့ရွှေပေါတယ် ဆရာလေး။ ငါတို့ သွားမယ့် ရှမ်နူးဝမ်ချောင်းနဲ့ အဒုံးဝမ်ချောင်းကြား 'ဝမ်ခမ်းအိုင်'ဘက်မှာ





ဆိုရင် ရွှေတုံးရွှေခဲနဲ့ ကျောက်စိမ်းတွေကို ကမ်းစပ်မှာတင်တွေ့ရတတ်တယ်။ ဒါပေမဲ့ နတ်ကြီးတော့ မယူရဲတတ်ကြဘူး။ တောင်းပန်လို့ 'ဝမ်ခမ်းအိုင်' အစောင့်နတ်က ကျေနပ်ရင်တော့ ယူလို့ရပါတယ်။ ဒါပေမဲ့ သူကလူတိုင်းကိုတော့ မပေးဘူး"

"မှဆိုးကြီး ... နောင်မွန်းမြို့နဲ့ ပန်နန်းဒင်ရွာကြီးက ဘယ်လောက်ဝေးသလဲ"

"တောလမ်းခရီးကြမ်း (၃၄)မိုင်ဝေးတယ်။ ငါတို့က ဒီရွာကနေ အနောက်မြောက်ဘက် (၁၇)မိုင်ဝေးတဲ့ 'ငါးဝါ'ရွာကို သွားကြရမယ်။ အဲဒီရွာကနေ 'ဂဝိုင်ရွာ'ကို (၁၄)မိုင်၊ အဲဒီကနေ ဒဖုံဒမ်း (တခွန်း ဒမ်း)ရွာကို (၁၅)မိုင်။ နောင်မွန်းမြို့ကနေ ဒဖုံဒမ်းရွာအထိ တောင်ပေါ်ခရီး (၆၇)မိုင်ရှိတယ်။ ဒီရွာကနေ ဒဖုံဒမ်းရွာကို (၄၂)မိုင်ဝေးတယ်"

"အဲဒါဆို မှဆိုးကြီး ... ကျွန်တော်တို့ အသွားအပြန်ခရီး (၁၂၈)မိုင်လောက်ပေါ့နော်"

"အေး ... အဲဒါထက် ပိုသာပိုမယ်။ မလျော့ဘူး။ အသွားအပြန်ခရီး (၁၀)ရက်၊ (၁၅)ရက် ကြာတတ်တယ်"

ထိုစဉ် တစ်ချိန်လုံးငြိမ်ကုပ်နေသော မျောက်တင်ဘောင်းက ...

"မှဆိုးကြီး ... ဆေးပင်ဝါးပင်တွေက ဘယ်မှာပေါသလဲ"

"ဒဖုံဒမ်းမှာ ပေါတာပေါ့။ အခုတော့ စောသေးတယ်။ မေလက ဇူလိုင်လက မချစ်ဥနဲ့ ခန်းတောက်မြစ် ပေါ်ချိန်ပဲ။ အရောင်းအဝယ် ကောင်းတဲ့အချိန်ပေါ့။ ဒီကလူတွေက ဆေးမြစ်၊ တောထွက်အမိုးဘန်ပစ္စည်း၊ ကျောက်စိမ်း အရောင်းအဝယ်လုပ်ကြတာပဲ။ ဒါကြောင့်လည်း လူတိုင်း ချမ်းသာကြတယ်"

"ဒါနဲ့ မှဆိုးကြီးက ဒီရွာမှာ ဘာကြောင့်မနေတာလဲ"

ကျွန်တော်က မေးရာ ...

"ငါ့ကလေးတွေ ပညာရေးအတွက်ပါ။ ငါက ဒီဘက်ကို တစ်နှစ် တစ်ခါလောက်လာပြီး ပစ္စည်းယူ၊ နောင်မွန်းမြို့မှာ ပြန်ရောင်းတော့လည်း [illegible]"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့။ ဒါလည်း ကောင်းတာပါပဲ။ ဒီမှာထက် နောင်မွန် မြို့မှာ ဈေးပိုရမှာပေါ့။ ဒါဆို မုဆိုးကြီးက နောင်မွန်းနဲ့ ပန်နန်းဒင်ရွာ အိမ်ဦးနဲ့ကြမ်းပြင် ကူးသန်းနေရတာပေါ့နော်"

"ဟုတ်တယ်။ ဒါကြောင့် ငါလည်း တောကြမ်းခရီးသွားရင်း အငေ့ အကြုံအရ မုဆိုးဖြစ်လာတာပဲ။ ကုန်သည်မုဆိုးလို့ ဆိုရမယ် ထင်ပါရဲ့"

ထိုညက ကျွန်တော်တို့အား အိမ်ရှင်မိသားစုက ကချင်ဆန်အရ အမြည်းမျိုးစုံဖြင့် ညှော်ခံသည်။ အိမ်ရှင်ရဝမ်မကလေးများကလည်း အနည် ငယ်စီ သောက်ကြသည်။ ဦးအင်အင်ဆားက မိတ်ဆက်ပေးသဖြင့် ကျွန်တေ တို့နှင့်လည်း ခင်မင်သွားကြသည်။

နောက်တစ်နေ့ မနက်စောစော ကျွန်တော်တို့ခရီးထွက်ကြရန် ပြင်ဆ နေစဉ် ရဝမ်ပျိုဖြူမကလေးများက ကောက်ညှင်းပေါင်း၊ ခေါပုတ်ကင် အသားကင်များနှင့် ကျွဲမွှေးပြုစုပြီး လမ်းခရီးတွင်စားရန် စလူဖက်ဖြ ထုပ်သည့် ထမင်းပေါင်းထုပ်များနှင့် အသားဟင်းများကို ထည့်ပေးလိုက်သေ သည်။ ကျွန်တော်တို့အဖွဲ့ (၁၇)မိုင်ဝေးသော 'ငါးဝါ' ရွာသို့ တစ်နေကုန်သွားပြ ညအိပ်ရပ်နားသည်။ နောက်တစ်နေ့တွင် (၁၄)မိုင်ဝေးသော 'ဂဝိုင်'ရွာတွ ညအိပ်ကြပြန်သည်။ နောက်တစ်နေ့ မနက်တွင် (၁၅)မိုင်ဝေးသော 'ဒဖုံဒမ် ရွာသို့ ဆက်လက်ခရီးဆက်ခဲ့ကြသည်။ ဒဖုံဒမ်းရွာ ခရီးလမ်းသည် တောင်ဆင တောင်ဖြတ် ခရီးလမ်းကျဉ်းများသာ ဖြစ်သည်။ ပန်နန်းဒင်ရွာကြီးနှင့် ဒဖုံဒမ် ရွာမှာ (၄၂)မိုင်ဝေးသည်။ ဆေးမြစ်နှင့် ရွှေ ကျောက်စိမ်း ဝယ်ယူသူမျာ ကြောင့် လမ်းမှာကျဉ်းသော်လည်း ဖုံနေသည်။ လမ်းခရီးတွင် သားကောင် များကို မတွေ့ရပါ။

✿ ✿ ✿

[၁]

□

ဒဖုံဒမ်းရွာကလေးမှာ မြန်မာပြည် မြောက်ဖျားဒူးဒူး ရေခဲတောင်တန်းကြီးများမှ စီးဆင်းလာသည့် 'အဒုံးဝမ်'ချောင်း (မေခမြစ် အဦးအစချောင်းများ) နှင့် အနောက်မြောက်ယွန်းယွန်းမှ စီးဆင်းလာသည့် 'ရှမ်ခူးဝမ်ချောင်း၊ တို့ဆုံရာနေရာအနီးတွင် တည်ရှိနေသည်။ ဒဖုံဒမ်းရွာသည် ချောင်းဆုံရွာ ဖြစ်သည်။ မေခမြစ်ဖြစ်ပေါ်လာပုံမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

နိုင်ငံတော်၏ မြောက်ဖျား ရေခဲတောင်ကြီးမှ စီးဆင်းလာသော အဒုံးဝမ်ချောင်းသည် တရွေ့ရွေ့ ကွေ့ကောက်စီးဆင်းလာပြီးနောက် ခါကာဘိုရာဇီ ရေခဲတောင်တန်းမှ မြစ်ဖျားခံလာခဲ့သော 'ရှမ်ခူးဝမ်' ချောင်းနှင့် ပေါင်းဆုံပြီး မေခမြစ်အဖြစ် တစ်ရှိန်ထိုး စီးဆင်းလေသည်။

မြောက်ဖျားစွန်းဒေသတွင် မေခချောင်းဖျားကို 'အဒုံးဝမ်ချောင်း'၊ 'ရမေထိချောင်း'ဟု ခေါ်ကြသည်။ သို့နှင့် မေခမြစ်သည် ဒဖုံဒမ်းရွာအနီးမှ စတင်ပြီးစီးဆင်းလာရာ မိုင်(၈၀) ကျော်ဝေးသည့် နေရာအရောက်တွင် အရှေ့ဘက်မှစီးဆင်းလာသည့် 'ထရုံချောင်း'နှင့် မြောက်ဘက်မှ စီးဆင်း လာသည့် 'ဒရူဝမ်ချောင်း'တို့ဖြင့် 'အလီအောင်' ကျေးရွာအနီးတွင် ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံ၍ အင်အားဖြည့်ပြန်သည်။ ထို့ကြောင့် မေခမြစ်သည် အင်အားကောင်းလာပြီး ခေါ်ဘူဒါမြို့နယ်ကို ဖြတ်ကျော်စီးဆင်း၍ မြစ်ကြီးနားမြို့အနီး မြစ်ဆုံတွင် မလိခမြစ်နှင့်ပေါင်းဆုံ၍ ဧရာဝတီ မြစ်ကြီး ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်။ ဧရာဝတီမြစ်ကြီး အားမာန် ကြီးခြင်းမှာ မေခနှင့်မလိခမြစ်တို့ ပေါင်းဆုံအားဖြည့်ခြင်းကြောင့် ဖြစ်ပေသည်။ ဧရာဝတီမှာ ဟိန္ဒီစကားဖြစ်သည်။ မြန်မာလို 'ဆင်မြစ်ကြီး'ဟု အဓိပ္ပာယ်ရသည်။ မြန်မာနိုင်ငံအတွင်း မြစ်ဖျားခံပြီး မြောက်နှင့် တောင်စီးဆင်း၍ အဆုံးသတ်သော နိုင်ငံတော်ပိုင်မြစ်ကြီးတစ်စင်း ဖြစ်ပေသည်။

ဒုံဒမ်းရွာမှုဆိုးကြီး၏ မိတ်ဆွေအိမ်တွင် တစ်ညတာနားခိုကြပြီး နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့ ခရီးဆက်ကြပြန်သည်။ နိုင်ငံ၏ မြောက်ဖျားယွန်းယွန်းသို့ ဦးတည်လိုက်ကြသည်။ ခါကာဘိုရာဇီ တောင်တန်းကြီးမှ မြစ်ဖျားခံစီးဆင်းလာသော 'ရှမ်ခူးဝမ်' ချောင်းကို ဆန်တက်ကြပြန်သည်။ ဒုံဒမ်းကျေးရွာအုပ်စုတွင် ပါဝင်သည့် 'တအွန်ဒမ်း'အမည်ရှိ ရွာကို ဖြတ်ကျော်ပြီး ဆမ်ဒမ်းနှင့် မဒိန်းရွာများသို့ ရောက်သည်။ မြင့်မားသော တောင်ကြီးများ အထပ်ထပ်ကာဆီးထားသည့် တောင်ကြားတွင် မဒိန်းရွာကလေးက တိတ်ဆိတ်စွာ တည်ရှိနေသည်။ မြေကွက်လပ်ကျယ်တွင် ပြောင်းဖူးပင်များ စိုက်ပျိုးထားသည်။ သစ်လုံး အိမ်ကလေးများမှာ သပ်ရပ်သန့်ရှင်းလှသည်။

ဆမ်ဒမ်းရွာကို ယခင်က ဂူဘားရွာဟုခေါ်တွင်ကြောင်း သိရသည်။ ရှုခင်းသာယာသော တောင်ကုန်းပေါ်၌ တည်ရှိသည်။ မဟာယာန ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ တိဗက်လူမျိုးများ နေထိုင်ကြသည်။ လေအေးနှင့် နှင်းဒဏ်ကို ခံနိုင်စေရန် အိမ်အမိုးကို (၂)လက်မခန့်ထူသည့် သစ်သားပြားကြီးများ မိုးထားသည်။ အဝင်တံခါးမကြီးကိုလည်း သစ်ပြားများဖြင့် အခိုင်အမာ ပြုလုပ်ထားသည်။ အိမ်တိုင်းတွင် ခြံကျယ်ကြီးများ ကိုယ်စီရှိသည်။ ပြောင်း၊ လူး၊ ဆတ်နှင့် ရေတ်၊ သခွားတို့ကို စိုက်ထားသည်။ ဂျုံ၊ အာလူးနှင့် ဟင်းသီးဟင်းရွက်ခင်းများကိုလည်း ရွာအပြင်၌ တွေ့ရသည်။ မွေးမြူရေး တိရစ္ဆာန်





အဖြစ် နွား၊ သိုး၊ ဆိတ်တို့ကို မွေးမြူထားသည်။ နို့များဖြင့် ထောပတ်ချက်လုပ်ပြီး တစ်နှစ်လုံး သုံးစွဲကြကြောင်း သိရသည်။

ဆမ်ဒမ်း သို့မဟုတ် ဂူဘားရွာကလေးကို ဂုဏ်ပြုသည့်အနေဖြင့် မချမ်းဘောမြို့တွင် မလိခမြစ်ကို မျက်နှာမူ၍ ဆောက်ထားသည့် 'ဂူဘားရိပ်သာ'ကို ကျွန်တော် အမှတ်ရမိသည်။ ကျွန်တော်တို့ နောင်မွန်းကိုလာစဉ်က တစ်ညတည်းခိုအိပ်စက်ခဲ့သော ခေတ်မီလှသည့် ဧည့်ရိပ်သာကလေးတစ်ခု ဖြစ်ပေသည်။ ကျွန်တော်တို့ မုဆိုးကြီးဦးအမ်အင်ဆား ၏မိတ်ဆွေ ဦးမရန်ရှန်လော့အိမ်တွင် တစ်ညတာ တည်းခိုအိပ်စက်ခဲ့ ရပြန်သည်။ ယနေ့တည်းခိုသောနေရာမှာ မချမ်းဘောမြို့မှ ဂူဘားဧည့် ရိပ်သာ ဟုတ်၊ ဂုဏ်ပြုခေါ်ဆိုခြင်းခံရသော 'ဂူဘားရွာ'အစစ် ဖြစ်ပေတော့သည်။

ဂူဘားရွာမှ အရပ်ရှစ်မျက်နှာသို့ မျှော်ကြည့်သော် ဆွတ်ဆွတ်ဖြူနေသည့် ရေခဲတောင်ကြီးများ ဝိုင်းရံနေသည်ကို ရှုမငြီးဖွယ်ရာ မြင်ရသည်။ ဟိုအဝေးတွင် မြန်မာနယ်ခြားကျောက်တိုင်အမှတ်(၄၇) ရှိသည့်နေရာနှင့် ဒီဖူလခါးတောင်ကြားလမ်းရှိသည်။ ရှမ်ခူးဝမ်ချောင်းနှင့် အဒုံးဝမ်ချောင်းကြား သဘာဝဥယျာဉ်ကြီးနှင့် ထူးဆန်းသော 'ဝမ်ခမ်း အိုင်' ရေအိုင်ကြီးအနီးသို့ ကျွန်တော်တို့ရောက်ရှိနေကြပြီဖြစ်သည်။

ညစာ စားသောက်အပြီး အိမ်အပြင်ထွက်၍ကြည့်ရာ တောင်ထွတ်ကြီးများ ဝိုင်းရံနေသဖြင့် မိုးကောင်းကင်ကြီးနှင့်နီးသည်ဟု ထင်ရသည်။ ပွင့်လင်းရာသီဖြစ်၍ ကြယ်ကလေးများကိုပင် ရေတွက်၍ရနေသည်။ မိုးကောင်းကင်ကြီးနှင့်နီးသော တောင်ထွတ်များကြားသို့ ရောက်နေသဖြင့် မြင်ကွင်းကျဉ်းပြီး မိုးကောင်းကင်ကြီးနှင့် နီးနေခြင်း ဖြစ်ပေလိမ့်မည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၆]

နောက်တစ်နေ့မနက်တွင် ရှမ်ခူးဝမ်ချောင်းနှင့် အဒုံးဝမ်ချောင်းကြား ရှိ မြောက်ဖျားစွန်း ရေခဲတောင်တန်းကြီးပေါ်သို့ ကျွန်တော်တို့ ဦးတည်လာခဲ့ကြသည်။ ဤခရီးစဉ်အတွက် ကျွန်တော်တို့ လမ်းပြငှားရန် မလိုပါ။ ရဝမ်မုဆိုးကြီးဦးအမ်အင်ဆားက ဒေသခံဖြစ်၍ လမ်းပြထက်သာပါသည်။

ဂူဘားရွာက မြောက်ဘက်သို့ထွက်သည်နှင့် ရှမ်ခူးဝမ်ချောင်း အနီးသို့ ရောက်သည်။ ကမ်းပါးစောက်ကြီးမှာ အလွန်နက်ရှိုင်းသည်။ ရေစီးသံမှာ ရေတံခွန်စီးသကဲ့သို့ပင် တဝေါဝေါ တဝုန်းဝုန်း မြည်နေသည်။ ဤဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ကူးရန် ကိုက် (၃၀၀)ခန့်ရှည်သော ကြိမ်ကြိုးတံတားတစ်ခုရှိသည်။ ကြိုးတံတားအောက်ခြေတွင် ခင်းထားသည်က ဝါးကလေး သုံးလုံးသာဖြစ်သည်။ အပေါ်ဘက် အကျယ်မှာလည်း သုံးပေခန့်သာဖြစ်သည်။ အပေါ်ကြိမ်ကြိုးကြီးများနှင့် အောက်ကြိမ်ကြိုးကို ဘေးမှ ကြိမ်ကြိုးလေးများဖြင့် ဆိုင်းထားခြင်း သာဖြစ်သည်။

ကျွန်တော်က တစ်ယောက်စီကူးရန် အဆိုပြုသော်လည်း မုဆိုးကြီးက တစ်ပြိုင်တည်းကူးရန် ပြောလာသည်။ ကျွန်တော်တို့ ထမ်းသယ်





လာသော လက်နက်နှင့်ဝန်ကို မခံနိုင်မှာ ကျွန်တော်စိုးရိမ်သည်။ အောက်မှ ခင်းထားသောဝါးမှာ နှင်းများစိုရွှဲနေသဖြင့် ချောနေသည်။ ဘေးက ကြိမ်နွယ်တန်းကလည်း နှင်းများဆမ်းထား၍ ချော်နေသည်။ ထို့ကြောင့်ခြေကုပ်မမြဲ။ ခြေလှမ်းရခက်သလို ကိုင်တွယ်၍လည်းမမြဲ။ ခြေတစ်လှမ်းလှမ်းသည်နှင့် ကြိမ်ကြိုးတံတားက ယမ်းခါနေသည်။ ခရီးက မတွင်။ လေထဲတွင်ဝဲပျံနေသည့် ကြိုးပုခက်ကြီးကို စီးရသလို အသည်းတယားယား၊ ရင်တဖိုဖိုပင်။

ပတ်ဝန်းကျင်၊ တောရိပ်တောင်ရိပ်နှင့် ချောင်းရေစီးသံကြီးက တဝုန်းဝုန်း တဝေါဝေါ မြည်နေသည်။ စိတ်က မလုံ။ အသည်းတယားယား၊ ရင်တဖိုဖို။ ဘေးနှစ်ဖက်က ကြိမ်နွယ်ကြိုးကိုဆုပ်ကိုင်၍ တစ်လှမ်းချင်းသာ ရွေ့တိုးရသည်။ လူက လှုပ်တော့ တံတားက လှုပ်ပြန်သည်။ ကိုက်(၃၀၀) ခန့်ရှည်သော ကြိမ်ကြိုးတံတားကို နာရီဝက်ခန့်ကူးမှ တစ်ဖက်ကမ်းသို့ရောက်ပြီး သက်ပြင်းမောချမိသည်။ လည်ပြန်လှည့် ကြည့်မိတော့ သူစွန့်စားမုဆိုး ကျွန်တော်တို့မှာ အပြန်ခရီးကိုပင် မပြန် ချင်လောက်အောင် ဝိုးရွံ့နေမိသည်။

မုဆိုးကြီးက ခေတ္တအမောဖြေနားခိုင်း၍ ကျွန်တော်တို့ အပန်းဖြေနားပြီး ARMY RUM ပုလင်းကို အဖုံးဖွင့်၍ မော့လိုက်ရတော့သည်။ အမှန်က ကြိမ်ကြိုးတံတားမကူးမီ ရဲဆေးတင်ရမည် ဖြစ်ပေသည်။ အခုတော့ . . .

ကျွန်တော်တို့ ရေခဲတောင်ကြီးပေါ်သို့ စတက်ကြသည်။ ပွင့်လင်းရာသီ ရေခဲပျော်ချိန်ဖြစ်သဖြင့် တောင်ခြေမှာ ရေခဲမရှိ။ ကျောက်သားအတိပင်။ လမ်းကျွမ်းသော မုဆိုးကြီးက မုဆိုးလမ်းအတိုင်း လမ်းပြသဖြင့် သူ့ခြေရာအတိုင်း လိုက်နင်းရာ ခရီးအတော်ပေါက်သည်။ တောင်ခါးပန်းပေါ်ရောက်တော့ အံ့ဩဖွယ်ရာ တစ်မိုင်ခန့်ကျယ်ပြန့်သည့် တောင်ပေါ်ရေကန်ကြီးနှင့် ပန်းပေါင်းစုံ ရောင်စုံဖူးပွင့်နေသော သဘာဝဥယျာဉ်ကြီးကို မြင်ရတော့သည်။ တောင်ပေါ်ရေကန်ကြီးသည် သဘာဝအလျောက် ဖြစ်ပေါ်နေသော ရေကန်ကြီးဖြစ်သည်။ ရေမှာ ကြည်စိမ်းနေပြီး ကြမ်းပြင်မှာ ရွှေငါးကလေးများနှင့် ကျောက်တုံးကျောက်ခဲများကို မြင်နေရသည်။ ရေကန်ကြီးပတ်လည်တွင် ပေါက်ရောက်နေသည့် တောပန်းတောင်ပန်း



www.burmeseclassic.com

www.burmeseclassic.com



များကလည်း ဖြူနီပြာဝါ ရောင်စုံဖြာသည့် သဘာဝပန်းဥယျာဉ်ကြီး အလားပင်။

ပတ်ဝန်းကျင်က အေးချမ်းငြိမ်သက်သည်။ ကန်ရေပြင်က လှိုင်းအတွန့်ကလေးပင်မရှိ။ ပကတိ ဖန်သားပြင်လို တည်ငြိမ်နေသည်။ လူကြီးများဖြစ်၍ ယုတ်ကြမ်းသောစကားကိုလည်း ပြောရန်မရှိ။ ကလေးများလို မချင့်မရဲဖြစ်ပြီး ကန်ရေပြင်ပေါ် ခဲနှင့်ပစ်ရန်လည်း ဆန္ဒမရှိကြပါ။ ကန်ကြီးအနီးကျောက်ဆောင်ခြေရင်းတွင် ထိုင်ကြရင်း ဝိပဿနာ၊ ကမ္မဋ္ဌာန်းတရား စီးဖြန်းလိုသူများအတွက် တရားကျင့်ကြ၍ အလွန်ကောင်းမွန်သော နေရာဒေသဟုသာ မှတ်ယူမိကြသည်။

ထိုစဉ် မုဆိုးကြီးဦးအမ်အင်ဆားက …

"ဆရာလေး … ငါတို့ငယ်စဉ် (၁၀)နှစ်သားအရွယ်လောက်ကပေါ့။ အဖေနဲ့ဒီကန်ကြီးပေါ်ကို ရောက်ဖူးတယ်။ ကလေးပီပီ ရေကန်ကြီးကို ငေးမော ကြည့်ရင်း ရေငြိမ်နေတာကို မချင့်မရဲဖြစ်ပြီး ခဲနဲ့ ပစ်ချင်စိတ် ပေါ်လာတယ်။ အဖေက ဒီလိုလုပ်မယ်ဆိုတာ ရိပ်မိတယ်ထင်ပါရဲ့။ ရေကန်ထဲကို ခဲနဲ့မပစ်ဖို့ သတိပေးတယ်။ အဲဒီနောက်မှာ အဖေက ကန်ကြီးဘေးမှာ ဆေးမြစ်တွေရှာတူးနေတယ်။ ဒီကန်ကြီး ဘေးမှာ ခန်းတောက်ရွှေဝါ၊ မချစ်ဥနဲ့ ရှီးပတီးဥ အဆိပ်ဖြေဆေးပင်တွေ အလွန်ပေါတယ်။ အဲဒီအချိန်မှာ ငါဟာ မနေနိုင် မထိုင်နိုင် စိတ်ရှုးပေါက်ပြီး ကန်ထဲကို ခဲနဲ့တအားပစ်ထည့်လိုက်မိတော့တယ်။ ချက်ချင်းပဲ ကန်ရေဟာ လှိုင်းကြက်ခွပ်တွေထလာပြီး ကောင်းကင်ကြီးတစ်ခုလုံး ညို့မည်းလို့ မိုးကြီးသည်းထန်စွာ ရွာချတော့တာပဲ။ မိုးကြိုးတွေပစ်လိုက်တာလည်း တဒိန်းဒိန်းပဲ။ ဒီနေရာက မိုးကြီးနဲ့နီးတဲ့ တောင်ကုန်းဒေသမို့ လားမသိဘူး။ မိုးခြိမ်းသံက အလွန်ကျယ်တာ။ နားမခံနိုင်လို့ နားပိတ်ထားရတယ်။ အဲဒါနဲ့ အဖေ ငါ့ဆီအပြေးလာပြီး ဟိုဘက်ကျောက်ဆောင်လိုဏ်ဂူထဲကို ပွေ့ချီခေါ်သွားတယ်။ အဲဒီလိုဏ်ဂူထဲမှာ ဗုဒ္ဓဘုရားတစ်ဆူရှိတယ်။ အလွန်သပ္ပာယ်တယ်။ ငါ့ကို ဘုရားရှေ့မှာ ထိုင်ခိုင်းပြီး အဖေက ဘုရားဝတ်ပြုခိုင်းတယ်။ တောစောင့်နတ်နဲ့ ကန်စောင့်နတ်တွေကိုလည်း တိုင်တည်ပြီး တောင်းပန်တယ်။ အဲဒီအချိန်မှာ သူတော်စင် ကြီးတစ်ဦးကြွလာပြီး နောင်ကို ကလေးတွေကို ဒီခေါ်မလာဖို့ မိန့်ကြားတယ်။ သူတော်စင်ကြီးက





ဘုရားရှေ့မှာ ဝတ်ပြုဆုတောင်းပြီး တောင်းပန်မှ လေတွေ၊ မိုးတွေ ငြိမ်သွားတော့တာပဲ။ အင်မတန်ထူးဆန်းတဲ့ ကန်ကြီးပဲ။ အဲဒီကတည်းက ငါလည်း မရောက်ဖြစ်တော့တာ။ အခုမှ ဆရာလေးတို့နဲ့ကြုံပြီး ဒုတိယအခေါက် ရောက်ဖြစ်တာ။ ကဲ … ခု ဘာလုပ်ကြမှာလဲ"

"ကန်ကြီးပတ်လည်ကို လေ့လာမယ်။ ဆေးမြစ်တူးမယ်"

ကျွန်တော်တို့ ကန်ပတ်လည် လေ့လာကြသည်။ တောပန်း တောင်ပန်းရောင်စုံမှာ အမည်မသိသော်လည်း အလွန်မွှေးကြိုင်ကြသည်။ နှင်းဆီပန်း ရောင်စုံများကိုလည်း တွေ့ရသည်။ နှင်းဆီပန်းများထဲမှ အစိမ်းရောင်နှင်းဆီပန်းချုံကို ကျွန်တော်တွေ့လိုက်ရသည်။ နှင်းဆီပန်း အစိမ်းရောင်မှာ 'ကျောက်စိမ်းနက်'ကို သင်္ကေတပြုကြောင်း ကျွန်တော်ကြားဖူးသဖြင့် နှင်းဆီပန်းချုံအောက်တွင် အမဲလိုက်ဓားနှင့် တူးဆွသည်။ တစ်ပေခန့်အနက်၌ပင် ကျောက်သုံးလုံးကိုရသည်။ 'တည်သီး' ခန့်ရှိသော လုံးချောကျောက်တုံးကလေးများ ဖြစ်ကြသည်။ မုဆိုးကြီးနှင့် မျောက်တင်သောင်းတို့က ဆေးမြစ်များ ရှာဖွေတူးယူနေကြသည်။

ကျွန်တော် ကျောက်သုံးလုံးအား ကန်ရေစပ်ဆင်း၍ ရေဖြင့် ဆေးကြောလိုက်သည်။ ထိုစဉ် မိုးကြီးမှောင်လာပြီး လေများတဝူးဝူး တိုက်လာ သည်။ မိုးမှောင်ကြီးကြား၌ မုဆိုးကြီး မျောက်တင်သောင်း လက်အား ဆွဲ၍ပြေးလာပြီး ကျောက်ဆောင်အခြေတွင် ချထားသည့် ပစ္စည်းများအား ကောက်ယူ၍ …

"ဆရာလေး … မြန်မြန်လာ။ မိုးကြီးရွာပြီး မိုးကြိုးတွေပစ်တော့မယ်။ မြောက်ဘက်ကျောက်ဆောင်စွန်းမှာ ဂူကြီးနဲ့ ဘုရားရုပ်တု တော်ရှိတယ်။ အဲဒီဘက်ကို မြန်မြန်ပြေးရမယ်။ လာ .. ဆရာလေး"

ကျွန်တော်လည်း ပစ္စည်းလွယ်အိတ်နှင့် သေနတ်ကြီးကို ကောက်လွယ်ပြီး မုဆိုးကြီးတို့နောက်သို့ ပြေးလိုက်ခဲ့ရသည်။ ကျောက်ဂူ ကြီးအဝရောက်သည်နှင့် မိုးကြီးထစ်ချုန်းစွာရွာပြီး မိုးကြိုးများပစ်တော့သည်။ ကျွန်တော်တို့ ဂူအတွင်းဝင်၍ ရွှေဆင်းတုအား ကန်တော့ပြီး တောင်းပန်နေစဉ် အနောက်ဘက်မှ အသံကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူကလေးတို့က ကန်ရေကို ညစ်ညမ်းအောင်လုပ်တာကိုး။ ဒီနေရာက သူတော်စင်တွေနေတဲ့နေရာကွယ့်။ ကန်ရေကိုမှီပြီး နေကြရတာ။ ကန်ရေကို ပုလင်း၊ ဘူး၊ ခွက်နဲ့ခပ်ပြီး တခြားမှာ သွားဆေးလို့ ရတယ်ကွယ့်။ ကန်ထဲမှာ မဆေးရဘူး။ 'ဝမ်ခမ်းအိုင်' ဆိုတာ နတ်ရေ ကန်လို့ခေါ်တာကွယ့်။ ဒီကန်ထဲကရေကို မျက်စဉ်းခတ်ရင် မျက်စိရောဂါ ပျောက်တယ်။ သောက်ရင် (၉၆)ပါးရောဂါ ပျောက်ကင်းချမ်းသာတယ်၊ အဖောအရောင်၊ ထိခိုက်ဒဏ်ရာတွေကို လိမ်းရင်လည်း ချက်ချင်းပျောက်ကင်းတယ်။ နောင်ကို ဆင်ခြင်ကြကွယ့်။ အခုတော့ မသိနားမလည်လို့ လုပ်မိကြတာဆိုတော့ အဘိုး ကန်စောင့်နတ်ကို မေတ္တာပို့ပြီး တောင်းပန်ပေးပါ့မယ်။ မိုးကြီးတိတ်လို့ လေငြိမ်တာနဲ့ ရသင့်ရထိုက်တာယူပြီး ညမအိပ်ဘဲ ပြန်ကြတော့ကွဲ့"

"ဟုတ်ကဲ့ပါ အဘိုး"

ကန်ကြီးအနီးတွင် ညအိပ်ပြီးလေ့လာရန် ရည်မှန်းထားသော ကျွန်တော်တို့ မိုးကြီးတိတ်၍ လေငြိမ်သည်နှင့် ရွှေဆင်းတုနှင့် အဘိုးအား ကန်တော့ပြီး ကျောက်စိမ်းနက်(၃)လုံးနှင့် ဆေးမြစ်များအား ယူဆောင်၍ ပြန်ခဲ့ကြပါသည်။ တောင်ခြေတွင် မိုးမရွာပါ။ 'ဝမ်ခမ်းအိုင်' ပေါ်တွင်သာ ကွက်ကြားမိုး ရွာသွားဟန်တူလေသတည်း။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသောစကားကို ကျွန်တော် ကြားဖူးပါသည်။ အလွန်ကောင်းသော အဓိပ္ပာယ်ရှိပါသည်။ ကျွန်တော် အတတ်နိုင်ဆုံး အနက်အဓိပ္ပာယ်ကို ပြောရပါလျှင် တစ်ဦးက မေတ္တာထားသဖြင့် တစ်ဦးကလည်း တူညီသော မေတ္တာတုံ့ပြန်မှုကိုပေးသဖြင့် နှစ်ဦးနှစ်ဝ စိတ်ချမ်းသာကြသည်ကို ဆိုလိုခြင်းပင်ဟု ကျွန်တော်ယူဆပါသည်။

တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသောစကားနှင့် လျော်ညီစွာ တစ်ဦးက မေတ္တာထားသဖြင့် မေတ္တာထားခြင်းခံရသူ တစ်ဦးတလေမျှ ဒုက္ခရောက်ခြင်းမျိုး ဤလောကတွင် ရှိမည်မထင်ပါ။ အမှန်ရှိခဲ့သည်ဆိုစေကာမူ ကျွန်တော် မကြားဖူးပါ။ သို့ရာတွင် ကျွန်တော်ကြုံမယ့်ကြုံတော့ တစ်ဦးမေတ္တာ တစ်ဦးမှာကြောင့် တစ်ဖက်သား ခံသွားရပုံကို ကျွန်တော်သည် ကိုယ်ချင်းစာတရားဘေးကိုထား၍ ဒုက္ခဖြစ်သွားသူကို ကြည့်ပြီး အူပြတ်လုဘနန်း ရယ်မောခဲ့ရသည်မှာ အမှန်ပင်ဖြစ်ခဲ့ပါသည်။

လူတစ်ဦး ဒုက္ခရောက်သည်ကို ကြည့်၍ ရယ်ရမောရသေးသည်။ ဘယ်လိုသတ္တဝါပါလိမ့်ဟု ကျွန်တော့်ကို ကဲ့ရဲ့သပြိုဟ်ခြင်း ရှိကောင်းရှိကြ





ပါမည်။ သို့ရာတွင် ကျွန်တော် မရှက်ပါ။ ကျွန်တော် တကယ်ပင် အူလှိုက်သည်းလှိုက် ရယ်ခဲ့ပါသည်။ ကျွန်တော် ထိုသို့ ခွက်ထိုးခွက်လန် ရယ်ခြင်းခံရသူ ကာယကံရှင်ကလည်း စိတ်ဆိုးဟန်မရှိပါ။ သူကပင် ဖြစ်လာသည့်အကြောင်းနှင့် တဟားဟားရယ်သည်ကို မြင်ရပါသည်။ ထိုအကြောင်းတရားကို ပြန်ပြောင်းပြောဆိုရပါလျှင် လွန်ခဲ့သည့် နောက်ကြောင်း တစ်ဆယ့်ငါးနှစ်အချိန်ကို ထည့်ပြောမှ ဖြစ်မည်ထင်ပါကြောင်း . . .။

✿ ✿ ✿

[ ၂ ]

❑

"ဪ . . . ခင်ဗျား စောစောစီးစီး ညှော်သည်လာပို့ပြန်ပလား"

ထောင်မှူးရွှေမောင်က ရာဇဝတ်အုပ်အသိတစ်ဦးကို မေးလိုက်ခြင်းဖြစ်ပါသည်။

"ဟဲ . . . ဟဲ . . . . ဒီလိုပေါ့လေ။ ကျွန်တော့်ညှော်သည်ကို ကောင်းကောင်းကြည့်ရှုထားစမ်းပါဗျာ။ ဦးရွှေမောင် တကယ်ပြောတာဗျ။ ဒီအကောင်တော်တော်သဘောကောင်းတယ်"

ရာဇဝတ်အုပ်က ဤသို့ပြောပြီး သူ့တရားခံကို ဆက်ပြောပြန်သည်။

"ဟေ့ . . . ဒါ ငါ့မိတ်ဆွေထောင်မှူးကွ။ ကဲ . . . မင်းကို ငါ ဂတိပေးသလို မင်းအတွက် ငါထောင်မှူးကိုပြောခဲ့ပြီ။ မင်းအကြောင်းပဲ။ ငါက



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သားကို ဘယ်တော့မှ မတရားမလုပ်ဘူး။ ပြောတဲ့အတိုင်းပဲကွ။ ဟဲ ... ဟဲ ...''

ရာဇဝတ်အုပ်ကြီးက သူ့ဟာသူ ပြောပြီး ကွမ်းပလုပ်ပလောင်းနှင့် ရယ်လေသည်။

ရာဇဝတ်အုပ်နှင့် တရားခံ ဘာစာချုပ် ချုပ်ထားကြမှန်းတော့မသိ။ မတရားတာ မလုပ်ဘူးလေး ဘာလေးနှင့် ကြားရ၏။ တရားခံက ထောင်မှူး ရွှေမောင်ကို တစ်ချက်မော်ကြည့်ပြီး ခေါင်းငုံ့သွားပြန်သည်။

သို့နှင့် မိတ်ဆွေရာဇဝတ်အုပ် တရားသဖြင့်လုပ်တတ်သော လူကြီး ကို ဦးရွှေမောင်က စလိုက်လေသည်။

''ဘာ ... ဖနောင့်နှင့်ပေါက်လာပြီးမှ ကျွန်တော့်ဆီ လာအပ်နေ တာလဲဗျ''

ရာဇဝတ်အုပ်ကြီးသည် တဟားဟားရယ်ကာ တရားခံမမြင်အောင် ရွှေမောင်အား မျက်စိတစ်ဖက် မှိတ်ပြလိုက်၏။

''ဟဲ ... ဟဲ ... တကယ်ပါဗျာ။ ကျုပ်တပည့်ကို စောင့်ရှောက် ပါဦး''

''စောင့်ရှောက်ခ ဝေစုပေးဦးလေဗျာ''

ရာဇဝတ်အုပ်ကြီးသည် တဟားဟားရယ်၍ ...

''နောက်မှ လာခဲ့မယ်ဗျို့။ နောက်မှ''

ဟုပြောရင်း ထောင်တံခါးမှ ထွက်သွားလေသည်။ သူထွက်သွားမှပင် ထောင်တံခါးအတွင်း၌ ချက်အရက်နှံ့ ပျောက်သွားတော့သည်။

တရားခံမောင်သည် ထောင်မှူးရွှေမောင်ကို ကြောက်၍ ကုပ်နေ လေသည်။ သူ၏တစ်ကိုယ်လုံးသည် နံစော်နေ၏။ ဂတ်ချုပ်တွင် မည်မျှ ကြာကြာနေခဲ့မှန်း မသိပေ။

ဂတ်ချုပ်နှင့်ထောင်ချုပ်တို့တွင် အချုပ်ခံရသော တရားခံများအနက် ထောင်ချုပ်သည် ဂတ်ချုပ်ထက်သာသော အချက်တစ်ခုရှိလေသည်။ ထောင် ချုပ်မှာ နာမည်သာကြီးသော်လည်း တရားခံများ ကျယ်ကျယ်ဝန်းဝန်းနေပြီး ရေကို အချိန်မှန် ချိုးနိုင်ကြလေသည်။ ဂတ်ချုပ်မှာမူ အလွန်ကျဉ်းကျပ်ပြီး





ရေမိုးချိုးခြင်းတွင် များစွာအခက်ရှိလေသည်။ တချို့မှာ တစ်လသော တစ်လဆန်း ရေမချိုးရသဖြင့် ယားနာ၊ ဝဲနာများ ဗရပျစ်နှင့် ထောင်သို့ ဝင်လာကြလေ သည်။ လူများမှာလည်း ပိုးဟပ်ဖြူလိုက်ကာ တုန်ချည့်ကုန်ချည့်ပင် ဖြစ်ကြ သည်ကို တွေ့ဖူးရလေသည်။

ထောင်မှူးရွှေမောင်ရှေ့တွင် ရောက်နေသော တရားခံသည် ဂတ် ချုပ်တွင် မည်မျှနေခဲ့ရသည်မသိ။ ဝဲစော်ကားသင်းနေလေသည်။ လက်ငါး ချောင်းနှင့် ကုတ်ထားလိုက်သည့်မှာ ကောင်းကင်တွင် သက်တန့်ပေါ်သကဲ့သို့ အစင်းကြီးများ ထင်ရှားလှပေသည်။ လုံချည်တစ်ထည်သုံး ဝဲစေးနှင့် ကော် တင်ထားသည့် အဝတ်ကဲ့သို့ တောင့်နေတော့သည်။ ခေါင်းမှာ သိပ်တော့ ရှည်။ နားရွက်ပျောက်နေ၏။

ဤကဲ့သို့ အဆင်းရုပကာနှင့်ပြည့်စုံသော အမောင်ယောက်ျား သူ ကောင်းသားအား ရွှေမောင်က စစ်ဆေးနေပြန်သည်။

''ဟေ့လူ ... မင်း ဂတ်ချုပ်ထဲ ဘယ်လောက်ကြာပလဲ''

''ခြောက်လ''

''ဩော် ... တစ်နှစ်မှ မရှိသေးတာကြီး''

အချို့သော တရားခံများတို့မှာ ထောင်ကျမှာက တစ်နှစ်ရယ်၊ အချုပ်ခံရသည်မှာ ထောင်ချုပ်ရော၊ ဂါတ်ချုပ်ပါ ဖာတာ နဲ့ဆိုက်လျှင် ၂နှစ်ခွဲ ခံရသော ဖိုးကံကောင်းများကို တွေ့ရဖူး၏။

ဘာကြောင့် ဤမျှကြာနေကြသည်ကို သက်ဆိုင်သူများသာ သိကြ လိမ့်မည်။ တရားခံကိုမေးရာ သူတို့က မသိပါဘူးဟု ဆိုကြကုန်၏။

ဤအကြောင်းနှင့်ပတ်သက်၍ ထောင်မှူးပညာရှိ ရွှေမောင်က တွေး ကြည့်သည်မှာ ရှေ့နေသည် တစ်သောင်းခြောက်ထောင်သောအမှုကို ပိုက်ဆံ ပေးပြီး လက်ခံလေသလား။ တရားသူကြီး ပညာရှိ၏လက်တွင် အမှုပေါင်း များစွာရှိသနည်း။ ပုလိပ်ပညာရှိက သက်သေများကို ရှာမရဘူးလား။

သမ္မန်စာပေးသည့် ပညာရှိလင်သည် လူကိုရှာမတွေ့၍ သမ္မန်စာ ကို သစ်ပင်ခွကြားမှာ ထားခဲ့သလား။ ဤကား အဖြေအပျက်အမှန်တော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေရာ၊ ထောင်ပြင်ညာရှိ ရွှေမောင်၏ အတွေးသာဖြစ်၏။ သို့သော် အကြောင်း တစ်ခုတော့ ရှိပေလိမ့်မည်။ အကြောင်းနှစ်ခုတော့ ရှိပေလိမ့်မည်။ အကြောင်း အများကြီးရှိလျှင်လည်း ရှိပေအံ့။ ထိုအကြောင်းတရားများကို ရှာကြံပါမှ မနူသ လူသားမျှသာဖြစ်သော တရားခံများ သက်သာဖွယ်ရှိကြပေလိမ့်မည်တကား။

"မင်းနာမည်"

"တက်ပြား"

"တက်ပြားဆို သူခိုးပါလား"

"မခိုးပါဘူး။ လုယက်မှုပါ"

"ဩော် ..."

တက်ပြားဆိုလျှင် ရှေ့ကသူခိုးဟု အားလုံးက နားလည်ကြ၏။ ယခု သူခိုးမဟုတ်တော့။ ခေတ်နှင့်ဆီလျော်အောင် လုယက်သူပေတကား။

"ကဲ ... ဦးတက်ပြား ရှေ့ကကြွဗျာ"

တက်ပြားသည် ကွတကွတနှင့် ထောင်ထဲသို့ တစ်လှမ်းချင်းလျှောက်သွားလေသည်။

"ဟော့ ... မြန်မြန်မသွားနိုင်ဘူးလား"

"မသွားနိုင်ဘူး သခင်။ ပုလိပ်ရိုက်ထားတယ်"

ရွှေမောင်သည် တက်ပြားအား ရုံးသို့ခေါ်သွားကာ အချုပ်သားမှတ်ပုံတင်စာအုပ်တွင် ရေးမှတ်လေသည်။ တက်ပြားအတွက် အထူးအထွေ မှတ်ရခြင်းမှာ တရားခံတွင်ပါလာသော ဒဏ်ရာဒဏ်ချက်ပင်ဖြစ်၏။ ဤသို့ မှတ်မထား၊ ထောင်ဆရာဝန်ကို ပြမထားက တစ်ခါတစ်ရံ အကြီးအကျယ် စကားများတတ်လေသည်။

'ရုံးတော်တွင် တရားခံက ပုလိပ်ရိုက်၍ ဖြောင့်ချက်ပေးရပါသည်။ ဒဏ်ရာကိုကြည့်ပါဟု ကျောကိုလှန်ပြပြီး တိုင်တတ်သည်။ ထိုအခါ ပုလိပ်ပညာရှိက ...

"ဒါတွေထောင်က ရိုက်တာဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့တော့ ဘယ်တော့မှ မတရားမလုပ်ပါဘူး"





ဟု သူတော်ကောင်းစကားကို အပြည့်ဆိုကတတ်သည်။ ထိုအခါ နမော်နမဲ့နေခဲ့မိသော ဗိုက်သားနာမည်ကြီးထောင်သည် လုလုကြီး ကိစ္စများတော့သည်။ သို့နှင့် မှဆိုးစိုင်သင်ထောင်ကြီးသည် ဆရာဝန်နှင့် ဘာနှင့် တရားခံဒဏ်ရာစာအုပ်ကို ဖွင့်ထားရလေတော့သည်။ နောင်သောအခါ ပုလိပ်ပညာရှိသည် အချုပ်သားတရားခံကို ထောင်သို့ ဒဏ်ရာနှင့် ယူမလာတော့ပေ။ သူတို့သည် လက်ဖက်ရည်တွေ ဘာတွေတိုက်ပြီး ဒဏ်ရာပျောက်မှ ထောင်သို့ ခေါ်လာတတ်ပြန်သတည်း။

ရိုက်သည် ပုတ်သည်မှာ ပုလိပ်နှင့်ထောင်သည် ယခင်ခေတ်က နာမည်ကြီးများ ဖြစ်ကြ၏။ သို့ရာတွင် မရိုက်ပါဘူးဟု ငြင်းဆိုကြသော ထိုသူနှစ်ဦးတွင် မည်သူအား ပထမဆုပေးရမည်ကို ခုံရုံးနှင့်ဘာနှင့် ဆုပေးမှ တရားသဖြင့် ကျပေလိမ့်မည်။

ထောင်မှူးရွှေမောင်သည် မှတ်ပုံတင်ပြီးတက်ပြားအား ထောင်ဆေးရုံကို ပို့ရပြန်သည်။ ဆရာဝန်က ဤဒဏ်ရာသည် ကျောကုန်းမှာသာရှိ၍ အသက်ရှိသောနေရာနှင့် အဝေးကြီးဖြစ်သဖြင့် မသေနိုင်ဟုဆိုကာ ပြန်လွှတ်လိုက်၏။ သို့ရာတွင် နှစ်သိန်းလေးသောင်း အရေအတွက်ရှိသော ဝဲကျော်ကိုတက်ပြားအား ဝဲခန်းသို့ပို့ရန် အကြံပေးလေသဖြင့် ရွှေမောင်သည် ဝဲကျော်တို့၏ ထောင်တွင်းစံပျော်ရာ ဝဲနန်းရိပ်သာတွင် ဝဲအသုံးညှိသည်အဖြစ်ထားခဲ့ရလေသတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

ထောင်ပိုင်ကြီးသည် တစ်နေ့တစ်ကြိမ် ထောင်တွင်းသို့ စစ်ဆေးရန် ဝင်သည်မှာ သူ၏ဝတ္တရားပင်ဖြစ်သည်။ ထောင်ပိုင်ကြီး ထောင်တွင်းသို့ဝင်လျှင် ထောင်မှူးကြီးနှင့်သက်ဆိုင်ရာ ထောင်မှူးတို့ မှဆိုးနောက်ခွေးလိုက်သလို လိုက်ကြရလေသည်။

ထောင်ပိုင်သည် ကြီးစွာသောပါးစပ်ကို ဟ၍ အော်ရင်းအော်ရင်း အမိန့်တော်မြွက်ကို ချသွားလေသည်။ ယခင်ထောင်ပိုင်ကြီးများမှာ ဆရာဝန်ကြီးများသာဖြစ်၍ အသနားအပြန့်ကို များစွာကြုံက်လေသည်။ သူသည် ထောင် တွင်းရှိ တိုက်ပိတ်ထားသော အကျဉ်းသားများကိုကြည့်ရှုပြီး တိုက်ပိတ်ခံရသော လူသစ်များကို ဘာအမှုနဲ့လဲဟု မေးတတ်၏။

ထောင်ပိုင်ကြီး မေးမြန်းသောအခါ အကျဉ်းသားအဘိုးကြီးတစ်ဦးက လက်ဆယ်ဖြာခေါင်းတွင်မိုး၍ အသနားခံသည်ကို တွေ့ရသည်။

''မှန်လှပါ သခင်ကြီးဘုရား။ ကျွန်တော်မျိုးကြီးရိုက်တာတော့ မှန်ပါတယ်။ ရိုက်ရတဲ့အကြောင်းက အရိုက်ခံရသူဟာ ခွေးသားကို အမဲသားလုပ်ပြီး လိမ်ကျွေးလို့ ကျွန်တော်မျိုး စိတ်ဆိုးပြီး ရိုက်မိပါတယ်။ ထောင်ထဲမှာ ခွေးတွေ နိုးသတ်စားကြပါတယ်''





ဆရာဝန်ထောင်ပိုင်ကြီးသည် ထောင်မှူးကြီးအား လှည့်ကြည့်ကာ အင်္ဂလိပ်လို မာဂဓဘာသာ သံချိုနှောလေတော့သည်။

''ဘယ်လို ထောင်ထဲကို ခွေးဝင်သလဲ။ ဒါ မကောင်းဘူး၊ ခွေးဆိုတာ ရောဂါမျိုးစုံကို ဖြစ်စေတယ်။ ဒီနေ့ကစပြီး ခွေးတွေကို ဆေးခတ်ပါ။ နောက် ထောင်ထဲကို မဝင်နိုင်အောင်လုပ်ပါ''

ဆရာဝန်ထောင်ပိုင်ကြီး အမိန့်တော်ချလေသောအခါ ထောင်တွင်းရှိ ခွေးတို့သည် အမဲသားစားကိန်း ကြုံသွားလေသည်။

ထောင်တွင်းသို့ ခွေးများသည် ရေထွက်ပေါက်မှ ကုတ်ကပ်ဝင်ကြလေသည်။ တစ်ခါတစ်ရံ ခွေးမများတို့သည် ပေါက်ပွားရှိပင် နေကြ၏။ အကျဉ်းသားအချို့တို့သည် ခွေးကိုသနား၍ အစာကျွေးထားကြသည်။ တစ်ခါတစ်ခါ သူတို့ကျွေးထားသော ခွေးကိုပင် ငါးဝမ်းပူသောပနေသောဘဲ ဟင်းချိုချက်သောက်တတ်ကြသည်။

ယခင်ခေတ် အကျဉ်းသားများအား တစ်လနှစ်ကြိမ် အမဲသားကျွေးလေသည်။ ယခု ဒို့ဗမာခေတ်တွင် တစ်လလေးကြိမ် ကျွေးသောဟူ၏။

ယခင်ခေတ် အမဲသားနေ့တွင် ထောင်တွင်း၌ ခွေးသားပေါ်သောနေ့ပင်ဖြစ်သည်။ တချို့သည် ဆေးဖိုးဝါးခရရန် မိမိရသောပုံစံကို မစားဘဲနှစ်ပြားတစ်ပဲနှင့် ရောင်းတတ်ကြသည်။

အကျဉ်းသားတစ်ဦး တစ်ပုံစံဆိုသည်မှာ လေးအောင်စ၊ ဗမာအချိန်နှင့် သုံးကျပ်သားခန့်သာရှိလေသည်။ ယခုလည်း ဤအချိန်အတွယ်အတိုင်းပင်ပေး၏။

အစားပုပ်ပြီး လက်တွင် ပိုက်ဆံရှိကြသော အကျဉ်းသားမလိုင်ခဲတို့သည် ပုံစံရောင်းသူတို့မှ ဝယ်၍ တွယ်တတ်ကြလေသည်။ ထိုအချိန် ထိုအခါကို စောင့်ကြည့်နေသူတို့သည် ခွေးကိုဖမ်းသတ်ပြီး ရောင်တော်ပြန်နှင့် ချက်ပြုတ်ရောင်းလေရာ လက်မလည်အောင် ရှိကြသောဟူ၏။

ခွေးသားကို အမဲသားအဖြစ် တစ်ခါတစ်ရံရောင်းသည်ဟု ရန်ကုန်သတင်းစာတန်းတွင် ကြားဖူးသည်။ ဤပညာမှာ ထောင်တွင်းမှ ပြန့်ပွားသောသောပညာဟု ထောင်မှူးများက ခွေးသားရောင်းသော မူလပထမဌာနအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ထောင်ကို ဂုဏ်ယူမဆုံးရှိကြ၏။ သူတို့ပင်လျှင် ခွေးသားနှင့်မမိဟု မည်သူပြောနိုင်ပါမည်နည်း။

ထောင်တစ်ထောင်လုံး ခွေးသည် ပြောင်သလင်းခါသွားလေသည်။ သေးသော်ရန် တစ်ကောင်တစ်မြီးမှ မတွေ့တော့။

ထောင်မှူးရွှေမောင်သည် ဝဲသမား အကျဉ်းသားတို့ထားရာဘက်သို့ လျှောက်လာခဲ့သည်။ ရောက်သွားခြင်းမှာ ထောင်ဥပဒေအရ တနင်္လာနေ့ တိုင်းထောင်ပိုင်ကြီးသည် အကျဉ်းသားများကို တန်းစီကာ စစ်ဆေးလေ့ရှိ၏။ ထောင်စကားအရ 'တနင်္လာတန်းစီ'ဟု ခေါ်လေသည်။ ထိုနေ့တွင် အကျဉ်းသားများသည် အစိုးရပေးသောအဝတ်အစားကို အစုံထုတ်ပြရသည်။ အဝတ်အစားကို သန့်ရှင်းစွာ လျှော်ဖွပ်ထားရ၏။ ညစ်ပေနေက ဆုရက်ဆုမှတ် အဖြတ်ခံရတတ်သည်။ လျှော်ဖွပ်ရန် ဆပ်ပြာရည်ပေးလေသည်။

ယခင်ခေတ်က ဆပ်ပြာကို အတုံးလိုက်မပေး။ အရည်သာဖျော်ပေး၏။ အကြောင်းမှာ အကျဉ်းသားပညာရှင်အချို့က ဆပ်ပြာနှင့် သော့ပုံတူ လုပ်ကြသည်ဟု ကြားဖူး၏။ ယခုခေတ်တွင် တနင်္ဂနွေတစ်ပတ်လျှင် ရေချိုးရန် တစ်အောင်စ၊ အဝတ်လျှော်ရန် တအောင်စ ရကြလေသည်။

တနင်္လာတန်းစီနေ့တွင် အကျဉ်းသားများကို သူတို့၏ ကိုယ်ရေးကိုယ်တာ သာရေးနာရေးလျှောက်ရန် ခွင့်ပြုထားလေသည်။ လျှောက်လိုသူတို့သည် ထောင်ပိုင်ကြီးအား တိုက်ရိုက်မလျှောက်ရ။ ထောင်မှူးထံ ပထမလျှောက်ပြီးမှ ထောင်မှူးလုပ်သူသည် စာရွက်တိုလေးတွင် အတိုချုံးရေးမှတ်ပြီး အကျဉ်းသားလက်တွင် ပေးထားလိုက်သည်။ ထိုစာရွက်ကို အကျဉ်းသားက ထောင်ပိုင်ကြီးလာသောအခါ ခေါင်းငုံ့ပြီး စကားမပြောဘဲ စာရွက်ကိုပြ လျှောက်ထားရသည်။

တစ်ခါတစ်ရံ သူတို့လျှောက်ထားချက်တွင် သူ့မိန်းမနောက်လင်ယူသွား၍ တရားစွဲလိုကြောင်းလည်းပါသည်။ အိမ်တွင်ကျန်ရစ်ခဲ့သည့် မိန်းမနှစ်ဦး ရန်ဖြစ်သည်ကိုကြား၍ စာပေးဆုံးမလိုကြောင်း၊ စာပေးခွင့်ပြုရန် လျှောက်ထားသည်လည်းရှိသည်။ ထောင်တွင်း၌ ပုတီးစိပ်ရန် ပုတီးတစ်ကုံး ကိုင်ခွင့်ပြုပါမည့်အကြောင်းလည်း ပါတတ်သည်။





ပုလိပ်သိမ်းထားသည့် သက်သေခံပစ္စည်းပြန်မရသေး၍ အရေးယူပေးရန်ကိုလည်း လျှောက်ထားတတ်သည်။ သဗ္ဗထနာမ်ပေါင်းလျှောက်ထားချက်တို့တွင် ထောင်နှင့်ပတ်သက်၍ မကောင်းကြောင်း လျှောက်ထားချက်ဘာမှမရှိ။ ထောင်သည် အားလုံးကောင်း၏။ သို့ဖြစ်၍မဟုတ်ပါလား။ အစောင့်စန်ဒလီမေးသည်ကပင် အားလုံးကောင်းကြရဲ့လားနှင့် စန်ဒလီတစ်ဦးမဟုတ်၊ အားလုံးက ဖြေကြရသည်မှာ အားလုံးကောင်းကြပါတယ် ခင်ဗျားဟူ၏။

ထောင်မှူးရွှေမောင်သည် တနင်္လာတန်းစီအတွက် ဝဲကျော်များတို့၏ လျှောက်ထားချက်ကို မှတ်တမ်းတင်ရန် ရောက်သွားခြင်းဖြစ်လေသည်။ သူသည် တစ်ဦးစီမေးပြီး တိုက်တွင်းမှ ပြန်တော့မည့်အလုပ် ခြံစောင်ထဲမှ လှုပ်တုပ်လှုပ်တုပ်နှင့် တွေ့ရသဖြင့် . . .

"ဟေ့ . . . ဟိုလှုပ်နေတာ ဘာလဲ"

ဟု အော်မေးလိုက်ရာ အကျဉ်းသားများ မျက်လုံးပြူးသွားကြ၏။ နောက်ဆုံးတွင် ဝဲကျော်တက်ပြားက . . .

"ခွေးကလေးပါ သခင်"

ဟု အသနားခံရှာလေသည်။

"မင်း ထောင်ပိုင်ကြီးတွေ့ရင် အပြစ်ပေးခံရမယ်ကွ"

"မတွေ့ပါဘူး သခင်။ သနားတာနဲ့ ကျွန်တော်ဝှက်ထားတာပါ"

ရွှေမောင်သည် ထောင်ပိုင်ကြီးအမိန့်အရ တက်ပြားအား ဖမ်းနိုင်၏။ တက်ပြားသည် ထောင်သုံးနှစ် ကျခဲ့ပေပြီ။ ဝဲမပျောက်သေး၍ ဝဲခန်းတွင် နေရသူဖြစ်သည်။ အကယ်၍ တက်ပြားကို အရေးယူအံ့။ တက်ပြားသည် အမှန်ပင် အပြစ်ရပေလိမ့်မည်။ သူအပြစ်ရသည်ထက် ခွေးကလေးသည် သေရမည် မုချဖြစ်၏။ ရွှေမောင်သည် အတော်စဉ်းစားပြီး ရှုံးမတင်ရန် ဆုံးဖြတ်လိုက်သည်။

"မှန်း . . . မင်းခွေးက လှလှပပလားကွ"

ရွှေမောင်မေး၍ တက်ပြားက သူနှင့်အတူအိပ်သော ခွေးကလေးကို ဆောင်လှစ်ပြ၏။

"ထတ်ထရီး . . . ဝဲစားနေပါလားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဟဲ ... ဘဝတူမို့သခင်၊ သနားလို့ပါ"

ဟုတ်ပေသည်။ ဘဝတူအချင်းချင်းသာ ကိုယ်ချင်းစာတတ်လိမ့်မည်ထင်သည်။ ရွှေမောင်သည် တိုက်တန်းမှမထွက်မီ ခွေးကို လုံအောင်ထားရန်မှာပြီး ထွက်လာခဲ့လေသည်။

ခွေးသတ်ထောင်ပိုင်ကြီးသည် ပြောင်းသွားလေသည်။ တက်ပြားဟန်ကျသကဲ့သို့ ခွေးကလေးလည်း ဟန်ကျသွား၏။ နောက်ထောင်ပိုင်ကြီးက ခွေးကို အရေးတယူမရှိသောအခါ ထောင်တွင်း၌ ခွေးများ ဟိုမှဒီမှ ပေါ်လာပြန်လေသည်။ ထိုအခါ တက်ပြား၏ဝဲကျော်သည် ထောင်တွင်း၌ ပြေးလွှားခွင့်ပင် ရရှိသကဲ့သို့ ဝဲပျောက်သွားသော တက်ပြားလည်း လူချင်းတူသောအကျဉ်းသား ဖြစ်ခဲ့ချေပြီ။

'ငယ်ကလှ ခွေးလို့၊ ကြီးမှလှ ဒေါင်းလို' ဆိုသော ဗမာ့စကားပုံတစ်ခု ရှိခဲ့လေသည်။ အမှန်လည်း ဤစကားပုံသည် မှန်လှပေသည်။ ခွေးငယ်များသည် ငယ်စဉ်က ချစ်စရာကောင်းပြီး ဒေါင်းငှက်ငယ်မှာ ကြီးတော့မှလှပသော အမွေးများနှင့် ကျက်သရေရှိကြလေသည်။

သို့ရာတွင် တက်ပြား၏ခွေး ငယ်စဉ်က ဝဲစားမှာ ကြီးမှ ထူးခြားစွာလှနေသည်ကိုတွေ့ရ၏။ ထိုမျှမက တက်ပြားသင်ယား၍ များစွာလည်း လိမ္မာလေသည်။ ခွေး၏နာမည်မှာ ဝဲကျော်ပင်ဖြစ်သည်။ မူလဓာတ်ဟောင်းမဖျက်ကောင်းဆိုသလို ဝဲစားခဲ့သည့်ခွေးကို ဝဲကျော်ခေါ်တာပဲ ကောင်းသည်ဟု တက်ပြားဝဲကျော်ဆရာက ဆိုလေသည်။

ဝဲကျော်သည် ကြွက်ရှာတတ်သည်။ ကျီးကန်းဖမ်းရာတွင် ဝိဇ္ဇာဖြစ်၏။ သူ့ဆရာအတွက် အခြားအကျဉ်းသားများထံမှ ဆေးလိပ်နိုးပေးရာတွင် အံ့သြလောက်ပေသည်။ တခြားအကျဉ်းသားများနှင့် တက်ပြားရန်ဖြစ်လျှင် ဤခွေးအတွက်ပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ တက်ပြားမှာ ဤခွေးဒဏ်ကို ခံရန်အသင့်ရှိသည်။

တက်ပြားက ခွေးကိုခင်သကဲ့သို့ ခွေးကလည်း သူ့ဆရာနှင့်သာ တပူးတွဲတွဲ နေတတ်သည်။ တက်ပြားသည် အလုပ်ရုံတွင် အလုပ်လုပ်ရ၏





အလုပ်ရုံတွင်းသို့ ထောင်မှူးက ခွေးကိုအဝင်မပေးလျှင် ဝဲကျော်က သူ့ဆရာကို အလုပ်ရုံအပြင်မှ အိပ်စောင့်လေတော့သည်။

တစ်ကြိမ်တွင် တက်ပြားသည် ဝဲကျော်၏ဒဏ်ကို လှလှကြီး ခံရပြန်လေသည်။ ဖြစ်ပုံမှာ ညအချိန်တွင် ထောင်မှူးကြီးသည် ထောင်တွင်းသို့ လှည့်လည်စစ်ဆေးရာ ဝဲကျော်က ထောင်မှူးကြီးကို ဟောင်လေ၏။ နံနက်တွင် ခွေးရှင်တက်ပြားသည် ကောင်းကောင်းကြီး တစ်ချက်အတီးခံရသည်မက ထောင်မှူးကြီးက ဤခွေးကို အပြင်သို့ ချက်ချင်းမောင်းထုတ်ခိုင်းလေသည်။ တက်ပြားမှာ သူအတီးခံရသည်က ကိစ္စမရှိဟု နေနိုင်ခဲ့သော်လည်း သူ့ခွေးမရှိသောအခါ အလွန်စိတ်ဆင်းရဲသွားရှာလေသည်။

သူ့ခွေးမရှိတော့၍ တက်ပြား ဘာဖြစ်သွားသည်မသိ။ နောက်များမကြာမီ တက်ပြားကိုပါ ထောင်၌ မတွေ့ရတော့ပေ။ ထောင်၌ မတွေ့ရဆိုခြင်းမှာ တက်ပြားသည် ထောင်ဖောက်ပြေးသူများအသိုက်တွင် ပါဝင်သွားခြင်းပင် ဖြစ်သတည်း။

✿ ✿ ✿

[၄]

❑

"ဟော ... ခင်ဗျား စောစောစီးစီး လာပြန်ပြီ"

ရွှေမောင်ထောင်မှူးက တရားခံလာပို့နေကျ ရာဇဝတ်အုပ်အား နှုတ်ခွန်းဆက်လိုက်လေသည်။

"ဟဲ ... ဟဲ ... လာရပြန်ပြီလေ။ ဒါနဲ့ နေပါဦးဗျ။ ကျွန်တော်သိတဲ့ တက်ပြား၊ ထောင်ကထွက်ပြေးရာပါ သွားတယ်ဆို။ ဟုတ်သလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



[illegible] မေးနေ၏။

"မှန်ပါပေသဗျား ... ဟုတ်ပါပေသဗျား။ ဒီပုလိပ် ဘယ်လိုလုပ် [illegible]သလဲဗျား။ တယ်လည်း တော်တဲ့လူ။ ဟိုအကောင်က အိမ်ရောက်လို့ [illegible]ကောင် တစ်ယောက်ရရှော့မယ်"

ပုလိပ်ကြီးသည် တဟားဟားရယ်လေသည်။

"အေးဗျ ... ကျွန်တော် အခုမှသိတယ်။ ဟဲ ... ဟဲ ..."

"ဟဲ ... ဟဲ ... ပုလိပ်ဆိုတာ ဒီလိုလျှင်ရမယ်ဗျ"

ရွှေမောင်၏မိတ်ဆွေကြီးက ရယ်ပြန်သည်။

"ဘာကြောင့် ထွက်ပြေးသလဲဗျ"

သူက ပုလိပ်စစ်စစ်ပြန်၏။

"မသိဘူးဗျို့။ ခင်ဗျား သူ့ကိုတွေ့တော့မှ မေးပေတော့။ ကျွန်တော့် စိတ်ထင်တော့ ခင်ဗျားက ရိုက်နှက်ပြီး ဖြောင့်ချက်ပေးခိုင်းလို့ထင်တာပဲ"

ပုလိပ်ကြီးသည် ပါးစပ်မှ မနေ့ကသောက်ထားသည့် ချက်အရက်နံ့ ထွက်အောင် ရယ်ပြန်သည်။

ရွှေမောင်ကလည်း ရယ်၏။ သူတို့နှစ်ဦး ရယ်မောလျက် တရားခံကို ဦးရွှေမောင်လက်ခံပြီး၍ တံခါးကြီးအပြင်ဘက်သို့ မိတ်ဆွေပုလိပ်ကြီးနှင့် စကားပြောရင်း ထွက်လာကြသည်။ ထိုစဉ် ဝဲကျော်သည် ထောင်နားတွင် ရစ်သီရစ်သီလုပ်နေသည်ကို မြင်ရ၏။ ရွှေမောင်က တစ်ချက်စောင်းကြည့်ကာ ပုလိပ်ကြီးအား လက်ညှိုးထိုးပြပြီး ပြောပြန်သည်။

"ဒီမယ် ... ကိုပုလိပ်ရဲ့ ဟောဟိုခွေးဟာ တက်ပြားခွေးပဲဗျ။ ထောင်တွင်းက မောင်းထုတ်လိုက်ကတည်းက တစ်ခါမှ မမြင်ရဘူး။ ဘယ်သွားနေမှန်း မသိဘူး။ ပိန်တောင် တော်တော်ပိန်သွားပြီ။ သိပ်လိမ္မာတဲ့ခွေးဗျ"

ပုလိပ်ကြီးက ရွှေမောင်ပြောသည်ကို နားထောင်၍ ခွေးကိုကြည့်ပြီး ...

"လိမ္မာရင် ကျုပ်လိုချင်တယ်ဗျာ"

"လိုချင်ယူသွားလေ ... တကယ်လိမ္မာတဲ့အကောင်ဗျ။ ကောင်းကောင်းထမင်းကျွေးထားရင် ဘယ်မှသွားမှာမဟုတ်ဘူး"





ရွှေမောင်က ဝတ်နေသည့် သတ္တုဝါတစ်ကောင် ထမင်းစားရအောင် ဝဲကျော်အကြောင်း ဇာရာဏာသီချဲ့ပြောပြလေရာ ဝဲကျော်ကို ကိုပုလိပ်က သည်ပင်း ကြိုးချည်သည့်အခြေ ရောက်သွားတော့သည်။ ဝဲကျော်လည်း ကိုပုလိပ်နှင့် ကောင်းမွန်စွာလိုက်သွားသည်ကို မြင်ရသောအခါ ရွှေမောင်ပင် ခမ်းသာသွား၏။

ဝဲကျော်ပါသွား၍ (၇)ရက်ခန့်တွင် ကိုပုလိပ်သည် ရင်ကိုကော့ပြီး တက်ပြားကို ဖမ်းမိသည်ဆိုကာ ထောင်သို့လာပို့လေရာ ထောင်ပိုင်ကြီးသည် ကိုပုလိပ်အား ဥပဒေအရ ဆုတော်ငွေငါးဆယ်တိတိ ချီးမြှင့်လိုက်လေသည်။ ကိုပုလိပ် ဆုတော်ငွေကိုယူပြီး ထွက်အလာ ရွှေမောင်နှင့် တွေ့ကြပြန်သည်။

"ဒီပုလိပ် သိပ်မဆိုးဘူးဗျ။ တော်သားပဲ။ ပေးခမ်း ... ကျုပ်ကို တစ်ဝက်။ ဟဲ ... ဟဲ ..."

ကိုပုလိပ်ကို ရွှေမောင်က နောက်လေရာ ကိုပုလိပ်က ...

"တကယ် ... ကျွန်တော်လည်း ပေးမလို့ စိတ်ကူးလာခဲ့တာဗျ"

ဟုဆိုကာ ဆုတော်ငွေတစ်ဝက်၊ ငွေအစိတ်ကို တကယ်ပင် ထုတ်နေတော့သည်။

"ဟာ ... အလကားနောက်တာဗျ"

ရွှေမောင်က လက်ကာပြလိုက်သည်။

"အို ... မယူ မနေရဘူး။ လာဗျာ ... ကျွန်တော် ပြောစရာရှိတယ်။ အမှန်က တက်ပြားကို ကျွန်တော် ဖမ်းတာမဟုတ်ဘူး။ ခင်ဗျား ...တာ"

ကိုပုလိပ်က နားအနီးကပ်ပြီး ပြောလိုက်ရာ ရွှေမောင်က 'ခင်ဗျာ' ဖြစ် ...လသည်။

"ခင်ဗျာမနေနဲ့ အဖြစ်က ဒီလိုဗျ။ တစ်လောက ခင်ဗျား ကျွန်တော့် ဝဲကျော်ဖမ်းပေးလိုက်တယ် မှတ်လား"

"အဲဒါ ဘာဖြစ်သလဲ။ ခင်ဗျားကို ကျွန်တော် ချောက်တွန်းလိုက်...လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဟဲ ... ကျွန်တော်ပြောဦးမယ်။ ဒီဝဲကျော်နဲ့ ကျွန်တော် သင်္ဘောဆိပ် ဆင်းသွားကြတယ်ဗျ။ အမှန်က သူ့ကိုခေါ်လာတာတော့ မဟုတ် ဘူး။ ဒီအကောင်က ကျွန်တော့်နောက်ကိုချည်း လိုက်နေတာ။ အဲ ... အဲ ဒီနေ့က ဝဲကျော်ဟာ သင်္ဘောဆိပ် လူတွေကျပ်လှတဲ့အထဲ လူတစ်ယောက်ကို အတင်းခုန်တက်ပလူးနေတာကို မြင်ရတာနဲ့ ဒီအကောင် အခြေထောက် တော့ သူ့လူသိပဲလားလို့ အဝေးက ကျွန်တော်ကြည့်နေတယ်။

ကျွန်တော်ခေါ်တာတောင် ပြန်လှည့်မကြည့်ဘူးဗျို့။ ဒါနဲ့ မအေပေ ကို ရိုက်မယ်ဆိုပြီး လိုက်သွားတာ၊ လက်စသတ်တော့ သူ့ဆရာတက်ပြာ ဖြစ်နေတာကိုးဗျ။ ဟတ် ... ဟတ် ... ဟတ် ..."

ပုလိပ်ကြီးသည် ဝမ်းသာအားရ ရယ်လိုက်သည်မှာ ရွှေမောင်ေ မျက်နှာကိုပင် တံတွေးများ စဉ်ကျသွားတော့သည်။

"အဲ ... အဲဒါနဲ့ မအေပေးကို လွယ်လွယ်နဲ့ဖမ်းလာပြီး ဂါတ်ခေ လာ၊ ရာဇဝတ်ဝန်ကြီးကလည်း ဝမ်းသာ၊ ဘယ်လို မင်းဖမ်းလာသလဲမေ ကျွန်တော်က ဘယ်လောက်တောင် ဒုက္ခခံပြီး သတင်းယူရပုံ၊ ပထမတစ်ချက် ဒီအကောင် သိသိကလေးလွတ်သွားပုံကို ခပ်တည်တည်နဲ့ လိုမ့်လိုက်တ ဘာပြောကောင်းမလဲဗျို့ ... ကျုပ်မျက်နှာကို တစ်ချက်မှကြည့်မရတဲ့ ေ အခုတော့ ဟန်ကိုကျလို့ သိလား။

ဟဲ ... ဟဲ ... မောင်မင်းကြီးသား ကယ်လို့ပဲ။ ရော့ ... ေ အစိတ်ယူဗျာ။ ကျုပ်က ရာဇဝတ်ဝန်ဆီကလည်း ရဦးမယ်။ အမှုထမ်းကော လက်မှတ်လည်း ရမယ်။ ကံပဲဗျို့ ... သိလား။ လောကကြီးမယ် ကျုပ် သောက်သုံးမကျတဲ့ငနဲတွေ စိုင်ကော်လို့ ချိုပေါ်ရောက်ကုန်ကြတာ ဘယ်နှ ကောင်ရှိမလဲမသိဘူး။ ဟား ... ဟား ..."

ကိုပုလိပ်က အားရပါးရရယ်ချိန် ရွှေမောင်က ...

"ကောင်းဗျို့ ... တယ်ကောင်း"

ဟု မှတ်ချက်ချလိုက်မိလေသည်။

ကိုပုလိပ်ထွက်သွားပြီး ရွှေမောင်က တစ်ဦးတည်း စဉ်းစားမိ သည်။ လောကကြီးသည် အလွန်ခက်သည်။ မျက်လှည့်ပုံပမာကဲ့သို့ ရှု





ကိုပုလိပ်ကောင်းစားချင်တော့ ကြုံဖန်ဖြစ်လာခဲ့သည်။ ထို့မျှမက ဝဲကျော်နှင့် တက်ပြားမှာ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသလို အလွန်ပင် သံယောဇဉ်ကြီးခဲ့ ကြလေသည်။ တပင်တပန်း မေတ္တာ၊ စေတနာနှင့် ဝဲကျော်ကိုမွေးစားခဲ့သော တက်ပြားကို ဝဲကျော်က မေတ္တာတုံ့ပြန်ခြင်းဖြင့် ခွေးတစ်ကောင်၏ အတတ် နိုင်ဆုံး အားရပါးရ တုံ့ပြန်မှုကိုပြုသောအခါ တက်ပြားသည် ကောင်းကောင်း ကြီး ချောက်ကျသွားခဲ့ရှာ၏။

ဤလောကကြီးသည် ထူးဆန်းလှပေသည်။ သာ၍ထူးဆန်းသည် မှာ သူများဆီကသာ ငွေကို ရသည့်နည်းနှင့်ယူခဲ့သော မိတ်ဆွေကိုပုလိပ် သည် ခွေးတစ်ကောင်ကျေးဇူးဖြင့် အစိတ်မျှသော အသပြာကိုပင် ရွှေမောင် အား နှောင်ဘဝ ဘာဆုတောင်းပြီး ပေးလှူသွားသည်မသိ၊ ရတောင့်ရခဲ ပေးသွားရှာ ငွေအစိတ်ကို တကယ်ရလိုက်သော ရွှေမောင်သည် ကျေနပ်စွာ အိတ်ကပ်ထဲသို့ ကျစ်ကျစ်ပါအောင် ထည့်ထားလိုက်လေသတည်း။

မြောင်းမြမောင်ကို

www.burmeseclassic.com

www.burmeseclassic.com



[၁]

စာရေးသူဟာ ၂၀၀၀ခုနှစ်မှာ ရန်ကုန်မြို့ကို ပြောင်းခဲ့ပါသည်။

သမီး ပန်ဆုပြည့်ကျော် B.Sc(Physics) M.Sc Final -I ကဲ့ရရှိပြီး အစိုးရအလုပ် မလုပ်စေချင်လို့ ရန်ကုန်ပြောင်းလာခဲ့တယ်။ အနု ညာလောကကို ခြေချခိုင်းဖို့ ရည်ရွယ်ချက်နဲ့ပါ။

ပြောင်းလာတဲ့ ရာသီက ငှက်တွေတောင် အသိုက်မပြောင်းတဲ့ ပြောင်းကောင်းတဲ့ ဝါတွင်းကြီးလေ။ ရန်ကုန်ဆိုတာက ကျွန်တော် မကွေး နေကတည်းက ခဏခဏလာတာဆိုတော့ မစိမ်းပါဘူး။

ကြည့်မြင်တိုင်မှာက အနုပညာသမားတွေ အများကြီးလေ။ တွံ့တေး င်းတန်၊ ကာတွန်းပန်းချီဆရာ ကိုဘညွန့်၊ ဟာသပုံနှိပ်တိုက်ပိုင်ရှင် ကိုအောင် ခန်း၊ နိုင်ငံကျော် ပြဇာတ်မင်းသား ဒို့တင်ဌေး၊ ဂီတစာဆို မောင်ကြေးမုံ တို့ဟာ ကျွန်တော့်သူငယ်ချင်းတွေဆိုတော့ ကျွန်တော် ကြည့်မြင်တိုင်မြို့ ယ် ပန်းလှိုင်ရပ်ကွက်မှာပဲနေဖို့ အိမ်ရှာရတော့တာပေါ့။

ဒီနေ့ နာမည်ကြီးနေတဲ့ လူရွှင်တော် (ဒိန်းဒေါင်)ရဲ့အဖေ နဲ့ဆရာ ဦးကုလားနဲ့ အမေ (ဒေါ်တင်ဌေး)တို့ရဲ့ အကူအညီနဲ့ ဈေးကလေး၊



www.burmeseclassic.com

www.burmeseclassic.com



တန်းအိမ်ရာ၊ အမှတ်-၁၂၅/၁၃၅(၅)လွှာအခန်းကို တစ်လ (၅၀၀၀)ကျပ်နဲ့ ငှားလို့နေပါတယ်။

ဒီခေတ်ကြီးထဲမှာ ဘာကြောင့် ဒီတိုက်တန်းက ငှားတဲ့လူမရှိတာ လဲလို့ စုံစမ်းကြည့်လိုက်တော့ (တစ္ဆေ) သရဲခြောက်လို့ ငှားမယ့်လူ မရှိဘူး လို့ ပြောပါတယ်။

ဒီတစ္ဆေကိစ္စကို မိသားစုကို မပြောပါနဲ့ဆိုပြီး ကျွန်တော် ငှားလိုက် တယ်။ အိမ်ရပြီဆိုမှ မကွေးမှာရှိနေတဲ့ သမီးနဲ့ဇနီးကို ကျွန်တော် ခေါ်လိုက် ပါတယ်။ သမီးရောက်လာတော့ ဒါရိုက်တာ၊ စာရေးဆရာ လှကျော်နေနဲ့တွေ့ ပြီး ဗွီဒီယိုဇာတ်ကားများ၊ ဗွီစီဒီသီချင်း သရုပ်ဆောင်များ ရိုက်ကူးနေရတော့ စားဝတ်နေရေး မပူရဘူးလေ။

ရောက်ပြီးနောက်နေ့မှာပဲ ပြဿနာကြုံရတယ်။ ညမီးပျက်နေတုန်း မီးဖိုခန်းကို သမီးသွားမယ်ပြင်တော့ ဖြူဖြူအတန်းကြီးက ရေချိုးခန်းထဲဝင် သွားတာလို့ မြင်လိုက်ရသတဲ့။

ဒါနဲ့ စာရေးသူလည်း လက်နှိပ်ဓာတ်မီးယူပြီး ချက်ချင်းဝင်ကြည့် လိုက်တော့ ဘာမှ မတွေ့ရဘူး။

ထီးတန်းအိမ်ရာက Hall ခန်းကြီး။ ဧည့်ခန်းကနေ မီးဖိုထိအောင် အခန်းမရှိဘူး။ မီးဖိုထဲကျမှ ရေချိုးခန်းနဲ့အိမ်သာ ဖွဲ့ထားတာဖြစ်တယ်။

တိုက်အရှည်က ပေငါးဆယ်၊ အကျယ်က တစ်ဆယ့်ငါးပေရှည်တယ်။ ဧည့်ခန်းကနေ မီးဖိုခန်းကို တစ်ယောက်နဲ့တစ်ယောက် စကားပြောရင် မကြားရဘူး။ သံကုန်အော်ပြောမှ ကြားရတယ်။

စုံစမ်းကြည့်လိုက်တော့ အရင်အိမ်ငှားတွေက ငါးလုပ်ငန်းလုပ်တာ တဲ့။ ငါးစိမ်းသားစိမ်းတွေကို မီးဖိုခန်းထဲမှာ ရေခဲနဲ့ရိုက်ပြီး သားစိမ်းကုန်လှော ရှုံလုပ်တာဆိုပဲ။

ကျွန်တော်နေတဲ့ အထပ်နဲ့ အပေါ်ထပ်နှစ်ထပ်လုံး လူမနေဘဲ ငါး စိမ်းတွေ၊ ပုဇွန်စိမ်းတွေလှောင်ပြီး နံနက်ဈေးမှာ ရောင်းတာဆိုပဲ။

အိမ်တို့တိုက်တို့ဆိုတာက ဘုရားမရှိ၊ နတ်မရှိ၊ လူမနေရင် မကောင်း ဆိုးဝါးတွေနေတတ်တာ လူတိုင်းအသိပဲ မဟုတ်လား။





ပိုဆိုးတာက သားစိမ်းငါးစိမ်းထားပြီး နေ့နေ့ညည လူမနေတော့ ဒီတိုက်ခန်းတွေမှ သရဲမနေရင် ဘယ်သူနေတော့မလဲ။ အိမ်ဆိုတာက ဘုရား စင်နဲ့ နတ်စင်နဲ့။ ဘိုးတော်တွေ၊ ကိုယ်ကိုးကွယ်ရာ သက်ဆိုင်ရာပုဂ္ဂိုလ်တွေ အတွက် သတ်သတ်မှတ်မှတ် နေရာကလေးရှိမှ အစိမ်းသူရဲတွေ မနေရဲမှာ မဟုတ်လား။

အမှန်တော့ ကျွန်တော်နေတဲ့ တိုက်ခန်းက ဒါကြောင့် ငှားမယ့်သူ မရှိတာကိုး။

"သမီး .... မှောင်မှောင်မည်းမည်းမှာ နင် ... ဘာမြင်ရမှာလဲ။ ကြောင်တစ်ကောင်ကောင် ဖြတ်ပြေးသွားတာထင်ပါတယ်"

လို့ ကျွန်တော် ဖြေသိမ့်ပေးလိုက်ရတယ်။ နောက်တစ်နေ့နေ့လယ် မှာ ပိုဆိုးတာက နေ့လယ်ခင်းကြီးမှာ ဇနီးသည် ဒေါ်အမာစိန် ရေချိုးခန်း ထဲဝင် ရေချိုးနေတုန်း ကျွန်တော်က ရှေ့ခန်းမှာ ဝတ္ထုရေးနေခိုက် ...

"အောင်မယ်လေးတော့ .... ယောက်ျားရေ လုပ်ပါဦး"

ပထမ ဝုန်းဆိုတဲ့အသံကြားရတယ်။ နောက်တော့ မိန်းမရဲ့အော်သံ အသံကုန်အော်ဟစ်သံ ကြားရတယ်။ သမီးက ရေချိုးခန်းနဲ့နီးတော့ သူ့ အမေဆီ အရင်ရောက်သွားတယ်။ နို့မဟုတ်ရင် ကောင်းကောင်းကြားရမှာ မဟုတ်ဘူး။ သမီးက ထပ်ဆင့်ပြီး ...

"ဖေဖေရေ .... မေမေ ဘာဖြစ်တယ်မသိဘူး၊ လာပါဦး'

ဆိုပြီး အော်သွားလို့ ကြားရတာ။ ဒီတော့ ကျွန်တော်လည်း ရေး လက်စဝတ္ထုကို ဖြတ်ထားခဲ့ပြီး ဇနီးရှိရာ ရေချိုးခန်းဆီ ပြေးခဲ့ရတော့တာပေါ့။

ရေချိုးခန်းထဲရောက်တော့ ဇနီးက သွေးအိုင်ထဲလဲကျနေတယ်။

"ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

"မေးမနေနဲ့ အဖေ၊ ဆေးရုံမြန်မြန်ပို့မှဖြစ်မယ်။ ခေါင်းက သွေး တွေ တအားထွက်နေတယ်"

ခေါင်းကသွေးတွေက တအားထွက်နေတော့ မျက်နှာသုတ်စောင် နဲ့ သွေးပိတ်ပြီး တိုက်ပေါ်ကဆင်း၊ ဆိုက်ကားငှားပြီး အနောက်ပိုင်းခရိုင်ဆေးရုံကို သွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုက္ကားဂိတ်က တိုက်ရှေ့မှာတင် ရှိတယ်လေ။ တက္ကစီ ကမ်းနား လမ်းဆင်းပြီး ငှားနေရမှာဆိုတော့ အချိန်သိပ်မရဘူး။

ဆေးရုံကလည်း တစ်မိုင်တောင် မဝေးဘူး။ ဆေးရုံရောက်တော့ ခေါင်းကို အစိမ်းချုပ်ရတယ်။ ချက်ချင်းပဲ ဆေးရုံက ဆင်းခဲ့ရတယ်။

အပြန်တော့ တက္ကစီနဲ့ပြန်ခဲ့တာ။ ကားခ ငါးရာပဲပေးရတယ်။ အခု တော့ ကားခ တစ်ထောင်ဖြစ်နေပြီ။ အပြန် ကားပေါ်မှာပဲ ...

"ဘာဖြစ်တာလဲ။ ချော်လဲတာလား"

လို့ မေးမိတယ်။

"ကျုပ်က ဆောင့်ကြောင့်ထိုင်ပြီး ခေါင်းလျှော်နေတာ။ ဘယ်လို လုပ် ချော်လဲမှာလဲ။ ကျွန်မနောက်က တစ်ယောက်ယောက်က တွန်းလိုက် သလိုပဲ။ ရှေ့က ရေကန်အုတ်နံရံနဲ့ တိုက်မိသွားတာရှင့်"

"ဟုတ်ပါ့မလား မေမေရယ်။ ခေါင်းမူးပြီး လဲကျသွားတာ မဟုတ် ဘူးလား"

"ငါက နှင့်အဖေလာစတယ်ထင်နေတာ။ အဖေဆိုရင်တော့ ငါ့ ခေါင်းကွဲအောင် တွန်းမချလောက်ဘူးလို့ စဉ်း ားမိပြီး အော်လိုက်မိတာ"

"ပထမ သွေးမထွက်ဘူး။ နှင့်တို့ရောက်လာမှ သွေးထွက်လာ တာ"

"ဖေဖေ .... ဒီအခန်းကတော့ သိပ်မသန့်ဘူးထင်တယ်နော်"

သမီးက သူ့ထင်ကြေးပေးတယ်။ ကျွန်တော်လည်း စကားကို ပြောင်းလိုက်တယ်။ စိတ်ထဲမှာတော့ ဒီမကောင်းဆိုးဝါးတွေ ကြမ်းလာပြီ။ ငါ ဒီအတိုင်းနေရင် ဒီထက်ဆိုးတော့မှာပဲလို့ တွေးမိလိုက်တယ်။

"သမီး ... စိတ်ထဲမသန့်ဘူးထင်ရင် မနက်ဖြန် ဘုရားနှစ်ဆူ ကျောင်းက ဘုန်းကြီးတွေပင့်ပြီး ဆွမ်းကျွေးကြတာပေါ့"

"ဟုတ်တယ်တော် ... အဲ့ဒါကောင်းတယ်။ အနေကဇာတင်ဖို့ လည်း လုပ်ရမယ်။ အိမ်တွင်းအုန်းဆွဲဖို့လည်း လုပ်ရမယ်။ ပရိတ်ရွတ်နိုင်အောင် တစ်အိမ်လုံး ပရိတ်ကြိုးပတ်၊ ပရိတ်ရေပက် လုပ်ကြရအောင်"

လို့ ဇနီးကပြောတယ်။





"အေး ... အေး ... ဒီနေ့ မကွေးကသားဆီ ဖုန်းဆက်ပြီး ဗိုလ် ကုန်းဆရာတော်ဘုရားဆီက လယ်တီဆရာတော်ဘုရားကြီးရဲ့ တံဆိပ်တော် ကို တောင်းရမယ်"

"ကောင်းတယ် ယောကျ်ားရေ ... ဒီနေ့ပဲ ဖုန်းဆက်ပြီး တောင်း ပေတော့"

အကြောင်းတိုက်ဆိုင်လို့ (လယ်တီဆရာတော်ဘုရားကြီး) ရဲ့ အန္တရာယ် ကင်းတံဆိပ်တော်အကြောင်း သတင်းကောင်းပါးလိုက်ဦးမယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၆ဝနှစ်ကျော်က မကွေးမြို့က ကျဉ်းကျဉ်းကလေး ရယ်။

ရပ်ကွက်(၆)ကွက်ပဲရှိပြီး နိုင်နိုင်မမာရှိတယ်။ ရွာသစ်၊ ပွဲကြို၊ မြို့ ဟောင်း၊ ဆားစေ့နဲ့ ဆုံရပ်ရပ်ကွက်လို့ ရှိခဲ့ရာမှာ တစ်မြို့လုံးမှ အိမ်ခြေတစ် သောင်းလောက်ပဲရှိတယ်။

လူဦးရေက တစ်သိန်းလောက်ပဲရှိပြီး ယခု လွန်စွာစည်ကားနေတဲ့ ဘုရားသုံးဆူ၊ မင်္ဂလာဈေး၊ မကွေးတက္ကသိုလ်၊ ကန်သာမြင်သာရပ်ကွက် နေရာတွေက ကျားတွေ၊ ယုန်တွေ၊ သမင်တွေနေတဲ့ တောကြီးဖြစ်တယ်။

မင်္ဂလာဈေး၊ မကွေးတစ်ရဲစခန်း၊ မြို့ဟောင်းရပ်ကွက်၊ အမှတ်(၆) နေရာတွေက ထိုစဉ်က ပိုက်ဆံချမ်းသာသူတွေ သဂြိုဟ်တဲ့ သင်္ချိုင်းနေရာ ဖြစ်တယ်။

ကျွန်တော် ယခုပိုင်ဆိုင်ထားတဲ့ မကွေးမြို့မှာရှိတဲ့ နေအိမ်ဟာဆို ရင် စစ်သင်္ချိုင်း မြေနေရာလေ။

မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့အစိုးရ အုပ်စိုးနေစဉ် (၁၈၆၇)ခုနှစ်က ကွေးလူထု ကပ်ရောဂါအမျိုးမျိုးနဲ့ အသက်ဆုံးရှုံးနေကြရတယ်။

ပထမ ပုလိပ်ရောဂါဖြစ်တယ်။ ဆေးကမရှိတော့ လူတွေ မြို့တစ် ဝက်နီးပါး အသက်ဆုံးရှုံးရတယ်။ သေဆုံးသူ မြေမြှုပ်လို့မှမပြီးသေးဘူး သင်္ချိုင်းကိုပို့နေတုန်း အိမ်မှာက နောက်တစ်ယောက် ဆုံးနေပြီ။ မသာပို့တဲ့ သူတွေ ရောဂါကူးပြီး သင်္ချိုင်းဇရပ်မှာ ပက်လက်။



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်ရောဂါပြီးတော့ ကျောက်ပေါက်ရောဂါ ဝင်လာပြီး သေကြ ပြန်ရော။ ဒီတော့ မြို့သူမြို့သားတချို့ဟာ မြို့မှာမနေရဲကြတော့ဘဲ ဆွေမျိုး သားချင်းများရှိရာ နီးစပ်ရာရွာတွေကို ပြောင်းနေကြရတယ်။

မကွေးမြို့မှာ လူမကျန်တော့ဘဲ ခြောက်ကပ်သွားခဲ့တယ်။ ယခု လက်ရှိ အသက်(၆၅)ကျော်တဲ့လူတွေကိုမေးကြည့်ရင် သိနိုင်တယ်။ အဲဒီတုန်း က သူတို့အသက်တွေက ၁၂နှစ်၊ ၁၃နှစ်သားတွေပေါ့။

အဲသလို မကွေးတစ်မြို့လုံး ကပ်ရောဂါ အမျိုးမျိုးနဲ့ သေဆုံးနေပေ မယ့် ဘာရောဂါမှ လုံးဝမဖြစ်တဲ့ ရပ်ကွက်တစ်ခုရှိခဲ့တယ်။ အဲဒီရပ်ကွက်က တော့ မြို့ဟောင်းရပ်ကွက်(၄)နဲ့ မြို့ဟောင်းရပ်ကွက် (၆)တို့ပဲ။

ဒီရပ်ကွက်နှစ်ခုရဲ့ အလယ်မှာ (ဗိုလ်ကုန်းဘုန်းကြီးကျောင်း)ဆိုတာ ရှိတယ်။ ဆရာတော်ကြီး ဦးဇဝနကျောင်းထိုင်တယ်။

မြို့ဟောင်း အမှတ်(၄) နဲ့ အမှတ်(၆) ရပ်ကွက်ကလူတွေက ဆရာ တော်ကြီးကို အားကိုးကြတယ်။ ဆရာတော်ကြီးက အမှောင့်ပယောဂမှစပြီး ဖျားနာရောဂါအားလုံးကို မြန်မာတိုင်းရင်းဆေး ဗိန္ဒောများနဲ့ ကုသပေး တယ်။

ဆရာတော် ဦးဇဝနဟာ ငယ်စဉ်က (ပုပ္ပားတောင်)မှာ နွေအခါဆိုရင် တရားသွားပြီးထိုင်တယ်။ အဲသလိုသွားပြီးထိုင်ရာမှာ (ကျေးရှုတော်ရှင် လယ် တီဆရာတော်ဘုရားကြီး) တွေ့ရှိခဲ့ပြီး လယ်တီဆရာတော်ဘုရားကြီးက အဆောင်တစ်ခု ချီးမြှင့်ခဲ့တယ်။ ရရှိခဲ့တယ်။

အဲဒီအဆောင်ကတော့ အောက်မှာဖော်ပြထားတဲ့ 'အန္တရာယ်ကင်း တံဆိပ်တော်'ပါပဲ။ ဆရာတော် ဇဝနနဲ့ ချဉ်းကပ်သူများကို ဒီအဆောင်ကို ပေးပြီး လိုလိုလားလား ညှော်ခန်း၊ ဘုရားစင်နဲ့ ကိုယ်ပိုင်ယာဉ်များမှာ ချိတ်ဆွဲ ထားစေတယ်။

ကျေးရှုရှင် လယ်တီဆရာတော်ဘုရားကြီး ချီးမြှင့်ထားတဲ့ အန္တရာယ် ကင်းတံဆိပ်တော်ဟာ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ရောင်ခြည်ခြောက်သွယ်ကို အဓိက မဏ္ဍိုင်ထားပြီး ဂါထာများဝိုင်းရံပတ်ထားတာ တွေ့ရပါတယ်။





ဤအဆောင်ရဲ့ အဓိကစွမ်းဆောင်ချက်ကတော့ . . .

(၁) အမှောင့်ပယောဂကို ကာကွယ်တယ်။

(၂) ဂုဏ်တုဂုဏ်ပြိုင်၊ အတိုက်အခိုက်ဘေးမှ ကာကွယ်ပေးတယ်။


(၃) ကပ်အမျိုးမျိုးကျော်လွှားပြီး ရောဂါဘယဘေးမှ ကင်းဝေးတယ်။

(၄) စီးပွားလာဘ်လာဘတို့ တိုးပွားစေပါတယ်။

ဒီအဆောင်နဲ့ပတ်သက်ပြီး (၁-၂-၂၀၀၄)နေ့မှာ ထုတ်ခဲ့တဲ့အမှတ် (၃၀) နေလဂျာနယ်မှာ ရေးခဲ့ဖူးပါတယ်။ ကျွန်တော်ရေးပြီးတဲ့နောက် ယခု အချိန်မှာတော့ ကားတွေ၊ အိမ်တွေမှာ ချိတ်ဆွဲနေကြတာ တွေ့ရပါတယ်။

ဤအဆောင်ကို ယူချင်တယ်ဆိုရင်တော့ မော်ဘီမြို့ရဲ့မြောက်ဘက် ပြည်လမ်း)နည်းပညာတက္ကသိုလ်အလွန် ထန်းတစ်ပင်မြို့နယ်၊ သာယကျောင်း ထိုင်ဆရာတော် (ရွှေသိဒ္ဓိအောင်) အရှင်ဝိမလဝံသ(ခ)အပ်ချုပ်မှူးဆရာ တော်ထံတွင် ရယူနိုင်ပါတယ်။

ကျွန်တော်ငယ်စဉ်က ကိုယ်တွေ့ကြုံတွေ့ခဲ့ရတဲ့ ကပ်ဘေးကတောင် လွတ်ခဲ့ရတဲ့ အဲဒီအဆောင်ကို မကွေးမှာရှိတဲ့ သားကြီး ဇာတ်မင်းသား(ဝင်း ဒင်း) လို့ခေါ်တဲ့ မောင်ရွှေဝင်းပိုက်ထံ လှမ်းမှာလိုက်ရပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းနဲ့ ဆက်သွယ်လိုက်တယ်ဆိုရင်ပဲ နောက်နေ့နံနက် ရောက်လာပါတယ်။

ဘုရားနှစ်ဆူကျောင်းက ဆရာတော်ငါးပါးပင့်ပြီး ဆွမ်းကျွေးပြီး နောက် အိမ်မှာရှိတဲ့ ဘုရားများနှင့် အင်းကွက်များကို အနေကဇာတင်ပြီး လယ်တီဆရာတော်ဘုရားကြီးရဲ့ အန္တရာယ်ကင်းတံဆိပ်တော်ကို အိမ်အဝင် ဥပါက် တံခါးနဲ့ မီးဖို၊ ရေချိုးခန်းမကျန် လိုက်တပ်ထားလိုက်ပြီး ပရိတ်ရေ များ ပရိတ်ကြိုးများကို တစ်အိမ်လုံးလိုက်ဖြန်းပြီး ကြိုးတွေကို ချည်လိုက် ပါတယ်။

ညရောက်တော့ ဖြူဖြူအတန်းများ၊ မည်းမည်းအတန်းများ လူမနေ တဲ့ အပေါ်ထပ်ကို တက်သွားကြတာကို တွေ့မြင်ရပါတယ်။

ဒီလိုဖြစ်ပြီးညမှာ သောင်းကျန်းတော့တာပဲ။ အပေါ်ထပ်က ပုဉ် ခင်းဆိုတော့ အောက်ထပ်က အပေါ်ထပ်မှာဖြစ်သမျှ အကုန်ကြားရတယ်။

တရှပ်ရှပ်နဲ့ လမ်းသွားတဲ့အသံတွေ၊ ကွိကွိကွကွနဲ့ စကားပြောတဲ့ အသံတွေ ကြားနေရတယ်။ သမီးက အခုအခန်းကတော့ 'မနေသင့်တော့ ဘူး'လို့ ကျွန်တော့်ကိုပြောပါတယ်။

နောက်နေ့မနက်ရောက်တော့ အဲဒီအခန်းကို အိမ်ငှားတွေရောက် လာတယ်။ ရဲလူထွက်လို့ပြောတယ်။ ချမ်းသာတယ်။ ရွှေလက်ကောက်တွေ ဆိုရင် မိန်းမရဲ့လက်နှစ်ဖက်လုံး တံတောင်ဆစ်ရောက်အောင် ဝတ်ထား တယ်။

သားနှစ်ယောက်ရှိတယ်။ တစ်ယောက်က သဲကားမောင်းတယ်၊ တစ်ယောက်က ကိုယ်ပိုင်တက္ကစီမောင်းတယ်။ အဖေကြီးက လမ်းထိပ်မှာ အုတ် သဲ၊ ကျောက်ရောင်းတယ်။

တက္ကစီမောင်းတဲ့သားက ည တစ်နာရီနှစ်နာရီမှ ပြန်ပြန်လာတတ် တယ်။ တစ်နေ့တော့ ထမင်းစားဖို့ မီးဖိုဆောင်ကိုဝင်သွားတော့ မိန်းမကြီး တစ်ယောက်က ဆံပင်ဖားလျားချပြီး စားပွဲပေါ်ကဟင်းတွေ နှိုက်စားနေတာ နောက်ကျောဘက်က မြင်ရတော့ ပထမ သူ့အမေလို့ထင်နေတာ။





သူ အနားရောက်သွားတော့ မိန်းမကြီးက လှည့်ကြည့်တယ်။ မျက်လုံးတွေ၊ မျက်ခုံးတွေ မပါဘူး။ ဒီတော့မှ သရဲခြောက်မှန်းသိပြီး အော် တော့ တစ်အိမ်လုံးနိုးလာပြီး ထလာကြတော့ မိန်းမကြီးက ပျောက်သွား တယ်။

နောက်နေ့ ဘုန်းကြီးတွေပင့်ပြီး အိမ်သန့်အောင်လုပ်ကြတယ်။ ကျွန်တော်တို့လည်း အိမ်ပြောင်းဖို့လုပ်ရတော့တယ်။ ဒါပေမယ့် နှစ်လလောက် ဆက်ပြီးနေဖြစ်သေးတယ်။

နှစ်လအတွင်း အပေါ်ထပ်ကမိသားစု မွဲပြာကျပြီး မြောက်ဥက္ကလာ ကို ပြောင်းသွားကြတယ်။ တိုက်ကန်ထရိုက်တွေက အုတ်တွေ၊ သဲတွေ၊ ကြွေးယူပြီး ပြန်မဆပ်တာရယ်၊ မိခင်ကြီးက နှစ်လုံး၊ သုံးလုံးထိုးတာရယ် နဲ့ ပြုတ်သွားတာ။ တိုက်ခန်းက ခိုက်တယ်လို့ ဆိုရမှာပေါ့နော်။

ကျွန်တော်တို့လည်း ထီးတန်းအိမ်ရာဈေးလမ်းမကြီးပေါ်မှာ ပြောင်း တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၂]

## အီကြာကွေးကြိုက်တဲ့ တစ္ဆေ

❑

ကမ္ဘာပေါ်မှာ အညစ်ပတ်ဆုံးဈေးကို ပြပါဆိုရင် ကျွန်တော်တို့ ထီးတန်းဈေးကို ပြရမှာပါ။

သားစိမ်းငါးစိမ်းရောင်းတဲ့ ဈေးသည်တွေဟာ စည်းကမ်းအမဲ့ဆုံးပါပဲ။ ပိုပြီးဆိုးတာက ငါးသည်တွေပါ။ အညှီအဟောက်၊ အပိုင်းအစတွေကို ဈေးသိမ်းပြီဆိုရင် သူတို့ရောင်းတဲ့ဆိုင်ခန်းနေရာမှာပဲ သွန်ပြီးထားခဲ့ကြတာပါ။

စည်ပင်အမှိုက်သိမ်းတဲ့ အလုပ်သမားတွေကလည်း ပလပ်စတင်တို့၊ ဖက်တိုဖက်စတို့၊ ဂေါ်ဇီထုပ်သည်တွေ ချထားခဲ့တဲ့ သစ်ရွက်အမှိုက်တွေသာ ကောက်သိမ်းပေးတာ။ အရိုးအချွဲတွေ၊ သွေးပုပ်ရည်တွေကို မသိမ်းဘူး။ မလှဲဘူး။ ဒီတော့ ဈေးလမ်းတစ်လျှောက် ညစ်ပတ်နေတာပဲ။

ညနှစ်နာရီဆိုရင် ဈေးလမ်းတစ်လျှောက် ခွေးတွေက အူလည်းအူ ဟောင်လည်းဟောင်ကြတယ်။ သက်ဆိုင်ရာ ဆရာတော်များက ညနှစ်နာရီ ခွေးအူ၊ ခွေးဟောင်ရင် ထွက်မကြည့်ကြနဲ့လို့ ပိတ်ပင်ထားပါတယ်။





တကယ်လို့ ထွက်ကြည့်မိလို့ ကံနိမ့်တဲ့လူတွေဆိုရင် ဈေးလမ်းမပေါ်မှာရှိတဲ့ အညှီအဟောက်တွေကို စားနေတဲ့ သရဲတစ္ဆေတွေကိုမြင်ပြီး စိတ်ထိန်းနိုင်ရင် သေနိုင်တဲ့အတွက် ပိတ်ထားတာဖြစ်ပါတယ်။

ယခု ဒီဝတ္ထုရေးနေတဲ့အချိန်ထိ ညနှစ်နာရီဆိုရင် ခွေးတွေ အူဆဲ၊ ဟောင်ဆဲပါပဲ။ ထီးတန်းအိမ်ရာမှာနေတဲ့ လူတွေကတော့ သရဲတစ္ဆေကို မကြောက်ကြတော့ဘူး။ ဘာကြောင့်လည်းဆိုတော့ ဒီလေဘိုင်းအတွင်းမှာပဲ အထင်ကရ၊ သရဲခြောက်တာနဲ့ပတ်သက်ပြီး သုံးမျိုးကြုံရတာမှာ ထူးထူးဆန်းဆန်းဆိုပြီး တစ်ရပ်ကွက်လုံး ထွက်ကြည့်ကြလို့ပါ။

ပထမဆုံး အီကြာကွေးကြိုက်တဲ့ တစ္ဆေကောင်လေးအကြောင်း ပြောပြပါမယ်။

✿ ✿ ✿

# [၃]

❑

“အီကြာ . . .”

“ကွေး . . . ပူပူလေး”

ည ဆယ့်နှစ်နာရီထိုးပြီဆိုလျှင် ဒီထူးဆန်းတဲ့ကလေးအသံကလေးကို ကြားရတယ်။

ပထမ ‘အီကြာ’ဆိုပြီးအော်တယ်။ တစ်အောင့်လောက်ကြာတော့ ‘ကွေး . . . ပူပူလေး’လို့ ဆက်ပြီးအော်တယ်။

အမှန်အတိုင်းဆိုရင် ‘အီကြာကွေး’ကို ဆက်သျှက်အော်ပြီးမှ ‘ပူပူလေး’လို့ အော်ရမှာ မဟုတ်လား။ ဒါပေမယ့် ဒီကလေးက အဲသလို



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ 'အီကြာ'က သတ်သတ်၊ 'ကွေးပူပူလေး'က သတ်သတ် အော်တယ်။

ပထမရက်တွေတုန်းက အော်ပုံထူးဆန်းလို့ ကျွန်တော်တို့ မိသား ပြူတင်းပေါက်က ထွက်ကြည့်မိတယ်။

၁၀နှစ်သားအရွယ်ကောင်ကလေး၊ လက်ဆွဲခြင်းတောင်းကလေး ထဲ အီကြာကွေးတွေထည့်ပြီး ညကြီးမိုးချုပ် အဖော်မပါဘဲ ကြည့်မြင်တိုင် တစ်ရပ်ကွက်လုံးကို လှည့်လည်ပြီး ရောင်းနေတယ်။

သူ့ခမျာ ကျောင်းနေရမယ့်အရွယ်ကလေး။ ညကြီးမိုးချုပ် တ မကြောက်၊ သရဲမကြောက်။ သူ့အသံကြားပြီဆိုရင် ညဆယ့်နှစ်နာရီထိုးပြ ဆိုတာ နာရီမကြည့်ဘဲ ကျွန်တော်တို့ အချိန်ကို သိနေတယ်။

အထူးသဖြင့် ရန်ကုန်မြို့မှာ မီးအပျက်ဆုံးက ကျွန်တော်တို့ ထိ တန်းရပ်ကွက်ပဲ။ ဒီကလေးက ကျွန်တော်တို့ဈေးလမ်းပေါ်ရောက်ပြီဆိုရ မီးပျက်နေတဲ့အချိန်မို့ အမြဲတမ်း မှောင်မည်းနေတယ်။

'ကိုယ့်ဝမ်းပူဆာ၊ မနေသာ'လို့ ရောင်းနေရတဲ့ ဒီကလေးကို သနား လို့တစ်ကြောင်း၊ ဒီကလေးရဲ့မိဘကို လုပ်ကျွေးလိုတဲ့စိတ်ဆန္ဒကိုလည်းကောင် ချီးမွမ်းလိုတဲ့အတွက် အလိုလို အားပေးချင်စိတ်ရှိလို့ မဆာလည်းဝယ်မိ ဆာလည်းဝယ်မိနေတယ်။

ရက်တွေကြာလာတော့ ဒီကလေးအပေါ်မှာ သံယောဇဉ်ဖြစ်မိပြီး ဂရုတစိုက်ဖြစ်မိနေတယ်။ အကျင့်လို့ပဲ ပြောရမယ်ထင်ပါရဲ့။ ညဆယ့်နှစ်နာ ရီထိုးရင် ဒီကလေးကို မျှော်နေမိတယ်။

တစ်ရက်တလေများ ဒီကလေးအသံမကြားရရင် စိတ်ထဲမှာ တစ် ခုခုလိုနေမိသယောင်၊ ထင်ယောင်ထင်မှား ဖြစ်နေတော့တာပါပဲ။

ဘာလိုလို့နဲ့ ဒီရက်ပိုင်းမှာ ဒီကလေးမလာတာ သုံးရက်တောင် ရှိသွားပြီဖြစ်လို့ မြေညီထပ်က မောင်ရုပ်ဆိုးဆိုတဲ့ ကလေးကိုမေးကြည့်မိ တော့ 'အီကြာကွေးကြိုက်တဲ့တစ္ဆေ'အကြောင်းကို အောက်ပါအတိုင်း သိရှိ လိုက်ရတော့တာပါပဲ။

❁ ❁ ❁

[၄]

❏

၁၇-၃-၂၀၀၄ ခု၊ ည ၁၂နာရီ။

"အီကြာ"

"ကွေး ... ပူပူလေး"

ညဆယ့်နှစ်နာရီအချိန်တွင် ကောင်ကလေးရဲ့ အော်သံကြားလို့ အီကြာကွေးသုံးချောင်း ဆင်းပြီးဝယ်မိတယ်။

မုန့်သည်ကောင်ကလေးဟာ ထုံးစံအတိုင်း ကျွန်တော်တို့တိုက် ရှေ့ဈေးလမ်းအတိုင်း တောင်မှမြောက်ဘက်၊ ကြည့်မြင်တိုင်စာတိုက်ဘက်ကို ထွက်သွားခဲ့တယ်။

ဈေးလမ်းနဲ့ ကိုးထပ်ကြီးဘုရား (ဗားကရာ)လမ်းခုံအရောက်၊ ဈေး ခေါင်းအဆောက်အဦအနီး ညောင်ပင်ကြီးအောက်ရောက်တော့ သူ့ဆီ အမြဲ ဝယ်စားနေကျ ကားဝပ်ရှော့မှ ကိုလူလုထွက်လာပြီး အီကြာကွေးဝယ်တယ်။

ကိုလူလုက ကြည့်မြင်တိုင်စာတိုက်အနီးက ဝပ်ရှော့အလုပ်သမား။ သူက ဒီကလေးဆီက ညဆင်းအလုပ်သမားတွေစားဖို့ အီကြာကွေး လေး ငါးချောင်း ဝယ်နေကျလေ။

ဒီကလေးကလည်း ကိုလူလုဝယ်ဖို့ အမြဲမျှော်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ ထုံးစံပဲလေ။ ဈေးသည်ဆိုတာက ကိုယ့်ဆီဝယ်နေကျ ဖောက်သည်ကို ခင်မင်တတ်တာ ဓမ္မတာပဲ မဟုတ်လား။

အခုလည်း ကိုလူလုလာဝယ်တော့ ဝမ်းသာတာပေါ့။

"ဟော့ကောင် ... ငါ့ကို အီကြာကွေးတစ်ချောင်းပေး"

"ဟ ... ကိုလူလု၊ ဘယ်လိုဖြစ်တာလဲဗျ။ တစ်ချောင်းထဲလား"

"အေးကွ ... ငါတစ်ယောက်ထဲစားမှာ။ ဒီနေ့ ညဆင်းအလုပ် သမား မရှိဘူး။ ရော့ ... ပိုက်ဆံ၊ တစ်ထောင်တန်နော်။ ရှစ်ရာ့ငါးဆယ် ပြန်အမ်း"

"ဟာဗျာ ... ကိုလူလုကလည်း တစ်ထောင်တန်ကြီး မအမ်းနိုင် ပါဘူး။ နောက်နေ့မှ လုံးပြီးပေးတော့။ ရော့ .... ခင်ဗျားပိုက်ဆံ"

ပိုက်ဆံပြန်ပေးပြီး ကိုလူလုကို ကြည့်လိုက်တော့ လား ... လား ... ကိုလူလုမျက်နှာကြီးက မျက်ခုံးမျက်လုံးတွေမရှိဘဲ ပြားချပ်နေတာ တွေ့ရတယ်။

"ဟာ ... သရဲ"

"ဟုတ်တယ်ကွ။ မနေ့က ငါ ကားတိုက်ခံရလို့ သေသွားခဲ့တာ"

"ဗျာ ...."

အီကြာကွေးသည်လေး မတ်တပ်ရပ်လျက် သတိမေ့သွားတယ်။

ကိုလူလုကတော့ သူ့ဆီက မုန့်ကိုယူပြီး စာတိုက်ဘက်ကို လမ်း ဖြတ်ကူးသွားတယ်။ မြင်ကွင်းထဲက ကိုလူလုပျောက်သွားမှ အီကြာကွေး သည်ကလေး သတိပြန်ဝင်လာပြီး ...

"အောင်မယ်လေး ... လုပ်ကြပါဦး"

"သရဲဗျို့ ... သရဲ"

ဆိုအော်ပြီး မုန့်တောင်းကြီးပစ်ချပြီး ဈေးလမ်းအတိုင်း ပြန်ပြေး လာတယ်။

အမှန်တော့ ကိုလူလုက ၁၃-၄-၂၀၀၄ ခုနှစ် နံနက်ရနာရီက ဒီ ၆၂ကားမှတ်တိုင်နားမှာ ရပ်ထားတဲ့ ဘတ်စ်ကားကြီးရှေ့ကနေ ပြေးပြီးလမ်း ဖြတ်အကူး တစ်ဖက်ကလာတဲ့ သဲတိုက်ကားက ဝင်တိုက်သွားခဲ့တာ။





ဘတ်(စ်)ကားကြီးက ကွယ်နေလို့ တစ်ဖက်ကကားကို ကိုလူလု မမြင်သလို၊ တစ်ဖက်ကကားကလည်း လမ်းဖြတ်ကူးလာတဲ့ ကိုလူလုကို မမြင်တော့ ဝင်တိုက်တာပေါ့။

ခြေလျှင်သွားခရီးသည်များ သတိထားရမှာက ရပ်ထားတဲ့ကား ခေါင်းရှေ့က ဘယ်တော့မှ ဖြတ်ပြီးလမ်းကို မကူးကြပါနဲ့၊ နောက်ပြီး လမ်း ကူးတဲ့အခါ ဘယ်တော့မှလည်း ပြေးပြီးမကူးပါနဲ့။ ဘယ်ညာ သေသေချာ ချာကြည့်ပြီးမှ ကူးကြ။ နို့မဟုတ်ရင်တော့ ကိုလူလုလို အဖြစ်ဆိုးနဲ့ ကြုံရမှာ ပဲ။ သတိထားကြပါ။

ကိုလူလုတစ်ယောက် ကားကဝင်တိုက်လိုက်တော့ ကားအောက် ရောက်သွားပြီး ကားရဲ့နောက်ဘီးနဲ့ ညပ်ပါသွားလိုက်တာ ဓာတ်တိုင်တစ် တိုင်စာလောက်ရောက်မှ ပြုတ်ကျန်ခဲ့တာ။

ဦးခေါင်းတစ်ခုလုံး စိစိညက်ညက်ကြေပြီး နေရာမှာပင် ပွဲချင်းပြီး သေဆုံးသွားခဲ့တယ်။ အီကြာကွေးသည်ကလေး မြင်လိုက်ရတဲ့မျက်နှာက ကားတိုက်ခံရတုန်းက ရရှိတဲ့ဒဏ်ရာအတိုင်းဆိုတော့ မြင်မကောင်းရှုမကောင်း ကြောက်ရွံ့စရာကောင်းတဲ့ မျက်နှာဆိုတော့ ကျွန်တော်သာ တွေ့လိုက်ရရင် ရူးသွားနိုင်ပါတယ်။

ကိုလူလု ကားတိုက်ခံရတဲ့နေရာက ၆၂ကားဂိတ်မှာဖြစ်တယ်။ အဲဒီ နေရာက ၆၂ကားနဲ့ ကြည့်မြင်တိုင်ဂိတ်စလေ။

အဲဒီနားမှာက နှစ်ပေါင်း၆၀ကျော်က ညောင်ပင်ကြီး ဝေဆာပြီး ညနေ၅နာရီဆိုရင် အဲဒီနေရာက မှောင်မည်းနေပြီ။ ကြည့်မြင်တိုင်၊ ထီးတန်း ဈေးကလေးနဲ့ ဗားကရာလမ်းဆုံဆိုတော့ ကား၊ ဆိုက္ကား၊ ဂါလီအဝင်အထွက် များပြီး နည်းနည်းရှုပ်တယ်။

ပိုဆိုးတာက အဲဒီနေရာမှာ လမ်းမီးတိုင်တွေရှိနေပေမယ့် အခု ဒီ ဝတ္ထုကလေးရေးနေတဲ့ ၁၁-၉-၂၀၁၃ရက်နေ့ထိအောင် ကျွမ်းနေတဲ့၊ ပျက် နေတဲ့လမ်းမီးဖန်သီးတွေကို လဲပေးမယ့်သူမရှိဘူး။ အမြဲ မှောင်မည်းနေတာ ပဲ။ အဲဒီ မီးပျက်နေတာ (၉)နှစ်ကျော်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုလှူလှုမဖြစ်ခင် ကိုလှူလှုနဲ့တော်တော်ခင်တဲ့သူငယ်ချင်း ကိုသောင်း တစ်ယောက် ညခြောက်နာရီမှာ ကြည့်မြင်တိုင် ဈေးလမ်းကနေ ဆိုက္ကားစီး ပြီး ထွက်အလာမှာ ဆိုက္ကားက ရပ်ထားတဲ့ ၆၂ကားကို ဘယ်ဘက်ကနေ ကျော်အတက်၊ သူတို့နောက်က မောင်းလာတဲ့ကုန်ကားကြီးက အရှိန်မလျှော့ ဘဲ မောင်းအဝင် ကားတိုက်မယ်ဖြစ်တော့ ဆိုက္ကားသမားက ကိုယ်လွတ်ရုန်း ပြီး ဆင်းပြေးတာမှာ ကိုသောင်း ကားအောက်ရောက်သွားပြီး သေတယ်။

လူတွေပြောကြတာက ကိုလှူလှုနဲ့ ကိုသောင်းတို့နှစ်ယောက်က တော်တော်ခင်မင်ကြသတဲ့။ သွားအတူ၊ လာအတူနေကြတော့ ကိုသောင်း က သူ့သူငယ်ချင်း ကိုလှူလှုကို ခေါ်သွားတာလို့ပြောကြတယ်။

အဲဒီနှစ်ယောက်သေပြီး နောက်ပိုင်း ညတစ်နာရီ၊ နှစ်နာရီလောက် မှာ ကားတွေ အဲဒီအနားရောက်ရင် လူနှစ်ယောက် လမ်းလယ်ခေါင်မှာရပ် ပြီး စကားပြောပြောနေတာ တွေ့သတဲ့။

ဟွန်းတီးတော့လည်း မရှောင်ဘူးတဲ့။ ဒီလောက်ရဲတဲ့ကောင်တွေ သေကွာဆိုပြီး တိုက်ချင်လည်း တိုက်ပစေတော့ဆိုပြီး မောင်းတော့ ပျောက် သွားသတဲ့။

တချို့ တက္ကစီကားတွေဆိုရင် အဲဒီအနားမရောက်လို့ ကားကို ဘရိတ်အုပ်လိုက်မှ အဲဒီနှစ်ယောက်က ပျောက်ပျောက်သွားသတဲ့။

တစ်လောလေးက ရန်ကုန်မြို့ကြီး နာဂစ်မုန်တိုင်းဝင်လာတော့ အဲဒီ ညောင်ပင်ကြီး အမြစ်ကနေ ပြုတ်ထွက်သွားခဲ့တယ်။ အဲဒီနောက်ပိုင်းမှာ တော့ ကိုသောင်းနဲ့ကိုလှူလှုတို့နှစ်ယောက်အကြောင်း မကြားရတော့ပါဘူး။

အမှန်တော့ ကိုသောင်းနဲ့ကိုလှူလှုတို့နှစ်ယောက် ဒီညောင်ပင်မှာ နေကြတယ်လို့ ကျွန်တော် ထင်မိပါတယ်။ ဒီကိစ္စတွေဖြစ်ပြီး နောက်တစ်လ မှာ ထီးတန်းဈေးလမ်း အထက(၃)ကျောင်းရှေ့မှာ နေစရာနေရာတောင်းနေ တဲ့ ကလေးတစ္ဆေတစ်ယောက်အကြောင်း ကြားရပြန်တယ်။

✿ ✿ ✿

[၅]

## နေစရာတောင်းတဲ့ တစ္ဆေကလေး

❑

၁၈–၅–၂၀၀၉ ဗုဒ္ဓဟူးနေ့က ညနှစ်နာရီမှာ ထီးတန်းဈေးလမ်း၊ အထက(၃)ရှေ့မှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်အမှန်ကလေးပါ။

ထီးတန်းဈေးတန်းက (၄)မိုင်လောက်ရှည်တယ်။ ကြည့်မြင်တိုင် ကျောင်းကြီးကျောင်းတိုက်၊ ကြည့်မြင်တိုင် ရဲစခန်းနေအိမ်တန်းလျားတွေ ကနေ သီရိမင်္ဂလာဈေးဟောင်း၊ အနောက်ပိုင်းဆေးရုံကြီးထိ ရှည်ပါတယ်။

ဒီဈေးထဲမှာ ရောင်းနေတဲ့ဈေးသည်တွေက ကျွန်တော်တို့ မကွေး တိုင်းထဲက များပါတယ်။ ချောက်၊ ကျောက်ပန်းတောင်း၊ ပုပ္ပါးနဲ့ နတ်မောက် နယ်ဘက်ကလူတွေ များပါတယ်။

အညာမှာ မိုးလေဝသမမှန်၊ ဒုက္ခပေးကြတော့ အလုပ်အကိုင်မရှိ ကြတော့ ရန်ကုန်ကိုပြောင်းလာကြပြီး ပျံကျဈေးသည်အဖြစ် လာရောက်လုပ် ကိုင်ကြတာ ဖြစ်ပါတယ်။

သံပရာသီး၊ ရှောက်သီး၊ ဂျင်း၊ ငရုပ်သီးစိမ်း၊ နံနံပင်၊ ခရမ်းချဉ်သီး တဲ့ အိမ်သုံးပစ္စည်းများ ရောင်းချပြီး စားသောက်နေထိုင်ကြတာ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ထောင်သုံးထောင်မြှတ်ကြတယ်။ ထီးတန်းဈေးက ညလေးနာရီကနေ နေ့လယ် ဆယ့်တစ်နာရီဆိုရင် ဈေးခေါင်းကွဲပြီ။

ရွာမှာဆိုရင် နံနက်မိုးလင်းကနေ ညနေ နေဝင်တဲ့အထိ (ဖင်ထဲသဲဝင်)အောင် ယာထဲမှာအလုပ်လုပ်မှ ကိုယ့်ထမင်းကိုယ်စား နှစ်ထောင်သုံးထောင်ပဲရတာဆိုတော့ ရန်ကုန်မှာ ဈေးရောင်းရတာကိုက်တယ်။

ဒါကြောင့် တောသူတောင်သားတွေဟာ ရွာမှာမနေကြတော့ဘဲ ရန်ကုန်ကို ဆင်းလာကြတာပေါ့။

ဒီ . . . နေရာတောင်းနေတဲ့ တစ္ဆေကလေးဟာ ဒီဈေးသည်တွေက အမြှစ်တွယ်ပြီး စတင်ဖြစ်ခဲ့တာပါပဲ။

✿ ✿ ✿

|၆|

❑

ထီးတန်းဈေးကလေးလမ်းတစ်လျှောက်ဟာ နေ့နေ့ညည အမြဲပျက်နေတဲ့အတွက် ညဆိုရင် အမြဲတမ်းမှောင်နေတော့ဘာပါပဲ။

'ပန်းလှိုင်'အိမ်ရာ၊ ဝန်းကျင်စောင့်ကြပ်နေရတဲ့ ညစောင့်အလုပ်သမားကြီး ဦးဝီရိယဟာ သူ့ရဲ့ထမ်းဆောင်နေကျ ညစောင့်တာဝန်ကို ယနေ့ညမှာလည်း မပျက်မကွက် စောင့်ကြပ်ကြည့်ရှုနေတယ်။

'ပန်းလှိုင်'အိမ်ရာဝန်းကျင် ထီးတန်းဈေးတန်းကို လိုက်လံစစ်ဆေးနေတယ်။

ဒီဈေးတန်းတွေက ညအိပ်နေခွင့်မရှိဘူး။ အိပ်နေတဲ့လူတွေ့ရင် ကြည့်မြင်တိုင်ရဲစခန်းကို ဖုန်းဆက် အကြောင်းကြားပေးရတဲ့တာဝန် သူ့မှာရှိတယ်။

တာဝန်အရ လိုက်လံစစ်ဆေးကြည့်ရှုနေရာ အထက(၃)ကျောင်းရှေ့က နွားနို့ဆိုင်ရောက်တော့ ဆိုင်ပေါ်မှာ မြို့စောင်မပါ၊ အင်္ကျီအဝတ်အစားမပါ၊ ဗလာသက်သက် ကွေးကွေးကလေးအိပ်နေတဲ့ ခြောက်နှစ်သားအရွယ်ကလေးငယ်တစ်ယောက်ကို လက်နှိပ်ဓာတ်မီးအလင်းရောင်နဲ့ မြင်တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကလေး နုနုနယ်နယ်ကလေးက စောင်မပါဘာမပါ ကွေးကွေး ကလေးအိပ်နေတာကို ဦးဝီရိယတွေ့မြင်ရတော့ သားသမီးချင်းစာနာပြီး စိတ်မချမ်းသာဖြစ်ရတယ်။

“ငထွားတို့လင်မယားကတော့ လုပ်ချလိုက်ပြန်ပြီ။ ကိုယ်မွေးထားတဲ့ကလေး။ ဆိုင်မှာကျန်နေခဲ့တာတောင်မှ မသိကြဘူးတဲ့လား။ တော်တော်နုမော်နမဲ့နိုင်တဲ့ကောင်တွေပဲ”

လို့ မြည်တွန်တောက်တီးပြီး အိပ်နေတဲ့ကလေးအနားကို သေချာအောင် သွားကြည့်တယ်။

ငထွားဆိုတာက ဒီနွားနို့ဆိုင်ပိုင်ရှင်လေ။ ဘုစုခရုကလေးသုံးယောက်ရှိတယ်။ ခြောက်နှစ်သားအရွယ်ကလေးက အငယ်ဆုံး။ ဒီနွားနို့ဆိုင်က နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်ရောင်းတာ။ ညနေဆိုရင် လေးနာရီကနေ ကိုးနာရီထိရောင်းတယ်။ တစ်ခါတစ်ရံ ညဥ့်နက်မှ နွားနို့ကကုန်တာ။ အဲဒီတော့မှ အိမ်ကို မိသားစုအလိုက် ပြန်ကြတာ။

ညစောင့်ကြီး ဦးဝီရိယက ‘ဒီကောင်ငထွားကို သွားပြောဦးမှ’ဆိုပြီး ငထွားတို့အိမ်ကို လာခဲ့တယ်။

ညတစ်နာရီဆိုတာက လူတွေ အိပ်မောကျနေတဲ့အချိန်လေ။

“ဟေ့ ... ငထွား၊ ဟေ့ကောင် ငထွား”

အပြင်ကနေ ခေါ်ကြည့်တယ်။ ခေါ်လို့မရတော့ အိမ်တံခါးကို တဝုန်းဝုန်းထုတယ်။

ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား တဝုန်းဝုန်းနဲ့ထုနှိုးလိုက်တော့မှ ငထွား အိပ်ချင်မူးတူးနဲ့ နိုးလာတယ်။ အိပ်ရာပေါ်က ချက်ခြင်းမထသေးဘူး။

“တောက် ... တော်တော် အိပ်ပုပ်ကြီးတဲ့ လင်မယားပါကွာ။ ဟေ့ ... ငထွား ... ဟေ့ကောင် ... ငထွား၊ ထစမ်းပါဦးကွ။ အရေးတကြီး ကိစ္စပေါ်လာလို့ပါ”

ဦးဝီရိယ ဖွဲ့မလျှော့ဘူး။ ငထွားတစ်ယောက် မထမချင်း အိမ်တံခါးကို တဝုန်းဝုန်းထုရိုက်ရင် နှိုးနေတယ်။





“ဟေ့ ... ဘာကောင်လဲကွ။ အိပ်လို့ကောင်းတဲ့အချိန်ကြီး ဘာတွေအရေးကြီးလို့ လာနှိုးနေတာလဲ။ အိပ်ကောင်းခြင်း မအိပ်ရပါလားကွာ”

ငထွား စိတ်ဆိုးမာန်ဆိုး ထလာတယ်။ တံခါးကိုဖွင့်လိုက်တော့ ညစောင့်ဦးဝီရိယကိုမြင်လိုက်ရတော့ အံ့သြသွားတော့တာပေါ့။

ငထွားကိုမြင်တော့မှ ဦးဝီရိယကလည်း စိတ်ဆိုးသွားတယ်။

“မင်းတို့လင်မယားကတော့ စံနမူနာပါပဲကွာ။ ကိုယ်မွေးထားတဲ့ကလေးတစ်ယောက်လုံး ဆိုင်ပေါ်မှာ မေ့ကျန်နေခဲ့တာတောင် မသိရအောင် ဘာတွေများ အရေးတကြီး ကိစ္စရှိနေလို့လဲ”

ဦးဝီရိယ ငထွားကို အပြစ်တင်စကားဆိုလိုက်တယ်။

“ဗျာ ... ဘာပြောတယ် ဦးဝီရိယ။ ကျုပ်နားရှင်းအောင် ပြောစမ်းပါဦး”

“ဟကောင်ရ ... မင်းဆိုင်ပေါ်မှာ ကလေးတစ်ယောက် အိပ်နေတယ်ကွ။ မင်းသားအငယ်ဆုံးကောင် မဟုတ်ဘူးလား။ မင်းပစ္စည်းတွေစုံရဲ့လား စစ်ကြည့်စမ်းပါဦး”

“ဘာပစ္စည်းတွေ စစ်ကြည့်ရမှာလဲ ဦးဝီရိယရဲ့။ စကားကို ရှင်းရှင်းလင်းလင်း ပြောစမ်းပါ”

“မင်းမွေးထားတဲ့ကလေးတွေကိုပြောတာကွ”

ဦးဝီရိယက မကျေမနပ်နဲ့ အပြစ်တင်ပြောဆိုလိုက်တယ်ဆိုရင်ပဲ ငထွားလည်း ကယောင်ချောက်ချားနဲ့ သူ့မိန်းမကို လှမ်းအော်လိုက်တယ်။

“ဟဲ့ ... မိစိန်၊ မိစိန်”

“ဘာလဲတော့ ... အိပ်ကောင်းဆဲရှိသေး။ စောပါသေးတယ်တော့။ တော် ... ဟိုကိစ္စတော့ မစဉ်းစားနဲ့။ ကျုပ် ပင်ပန်းလွန်းလို့ မတတ်နိုင်တော့ဘူး”

“ခြော် ... သောက်ကောင်မ ဘာတွေလျှောက်ပြောနေမှန်း မသိဘူး။ ဒီမှာ ဦးဝီရိယက ငါတို့ဆိုင်ပေါ်မှာ ငါတို့သားအငယ်ဆုံးကို တွေ့ခဲ့တယ်တဲ့။ အဲဒါ ဟုတ်မဟုတ် တို့ကလေးတွေ စစ်ကြည့်စမ်း”



www.burmeseclassic.com

www.burmeseclassic.com



"တော် ... ဗုဒ္ဓေါ ... သားငယ်၊ သားငယ် ဟုတ်လား။ ဒီကောင်လေး ယောင်ပြီးထသွားပြန်ပြီထင်တယ်"

"ဖယောင်းတိုင် ... ဖယောင်းတိုင်"

"မီးခြစ် .... မီးခြစ်လုပ်ပါတော့ ကိုထွားရဲ့။ မြန်မြန် မီးထွန်းစမ်းပါဦး"

"တယ်လေ ... ဒီကောင်မ ငါမပြောလိုက်ချင်ဘူး"

ထွား မီးခြစ်နဲ့ ဖယောင်းတိုင်ကို မီးထွန်းပြီး သူ့သားသမီးတွေကို စစ်ကြည့်လိုက်တယ်။

"ဟာ ... ဦးဝိရိယ ကျုပ်သားသမီးတွေ စုံတယ်ဗျ။ အငယ်ဆုံးကောင်လည်း ဒီမှာ အိပ်နေတုန်းပဲ"

"အောင်မယ်လေး မထိတ်သာမလန့်သာတော်။ ကိုထွားလုပ်လိုက်မှဖြင့် သောက်တလွဲချည်းပဲ"

"ဟဲ့ကောင်မ ငါ့ကိုအပြစ်တင်မနေနဲ့။ ဒီမယ် နင့်လင်ကြီး ... ဟာ ... ဘွာတေး ဘွာတေး ဦးဝိရိယရေ ကျုပ်တို့လင်မယားက ဒီလို အချစ်ကြမ်းလို့ပါဗျာ။ သည်းခံပြီးနားတောင်ပါနော်"

"ခင်ဗျားတွေ့ခဲ့တဲ့ ကျုပ်ဆိုင်ပေါ်က ကလေးက ကျုပ်ကလေး မဟုတ်ဘူးဗျ"

"အေး ... ဟေ့ကောင်၊ မင်းကလေးမဟုတ်လည်း ငါနဲ့လိုက်ပြီး အဲဒါ ဘယ်သူ့ကလေးလဲ ကြည့်ပေးဦး။ ဒီရပ်ကွက်ကလူတွေ အကုန်လုံး မင်းဖောက်သည်တွေဆိုတော့ မင်းက အကုန်သိနေတာ။ သူ့မိဘတွေရှာပြီး ပို့ပေးရအောင်"

လို့ပြောပြီး ဦးဝိရိယက အကူအညီတောင်းတော့ ဝံသာနုစိတ်ဓာတ် အပြည့်ရှိတဲ့ ထွား မငြင်းဘဲ ချက်ချင်းထလိုက်ခဲ့တယ်။

ဆိုင်ခန်းကိုရောက်တော့ ဦးဝိရိယရဲ့ လက်နှိပ်ဓာတ်မီးအလင်း ရောင်ကြောင့် ဘယ်သူ့ကလေးလဲဆိုတာ ထွား တန်းပြီးသိတော့တယ်။

"ဟာ ... ပျံကျဈေးသည် မိကြွယ်ရဲ့ အငယ်ကောင် ငခွေးပါလား ဗျ"





"မိကြွယ်ရဲ့ကလေး၊ ငခွေး ဟုတ်လား"

"ဟုတ်တယ် ဦးဝိရိယရဲ့"

"ဟကောင် ... သေသေချာချာကြည့်စမ်းပါဦးကွ။ အိပ်ချင်မူးတူးနဲ့ ထင်ရာမြင်ရာ စွတ်ပြောမနေနဲ့"

"ဧဲ့ .... ခက်ကပေါ့ပဲ။ ဒီဈေးထဲကလူတွေကို မပြောနဲ့ ခွေးလေခွေးလွင့်တွေတောင်မှ ဘယ်မှာနေတယ်၊ ဘယ်သူကျွေးထားတယ်ဆိုတာ ကျုပ် အကုန်သိတယ်ဗျ။ မမှားရေးချ မမှားပါဘူး"

"မိကြွယ်ရဲ့ကလေး၊ ငခွေးမှ ငခွေးအစစ်ပါဗျ"

"မြတ်စွာဘုရား .... ဟုတ်ရဲ့လားကွ။ သေသေချာချာ ..."

"ဟာ ... ခင်ဗျား ဘာဖြစ်နေတာလဲ ဦးဝိရိယရဲ့၊ ခင်ဗျားကြည့်ရတာ ထိတ်လန့်နေပါလား။ ဒီကောင်လေးကို ကျုပ်ကောင်းကောင်းသိတယ်။ သူ့အမေ ဈေးရောင်းလာတိုင်း လိုက်လိုက်လာပြီး ကျုပ်ဆိုင်ကိုလာတိုင်း သားသမီးချင်းစာနာပြီး ကျုပ် နွားနို့တိုက်နေကျဗျ"

ဦးဝိရိယလည်း ထွားရဲ့စကားကိုမယုံလို့ လက်နှိပ်ဓာတ်မီးနဲ့ အိပ်နေတဲ့ကလေးရဲ့မျက်ခွက်ကို ထိုးကြည့်လိုက်တော့ ဟုတ်ပါ့။ ငခွေးမှ ငခွေးပါပဲ။

ဦးဝိရိယ ဝုန်းခနဲ နောက်ကိုခုန်ပြီး ဆုတ်လိုက်တယ်။ ထွားက နားမလည်နိုင်တဲ့အကြည့်နဲ့ ဦးဝိရိယကို ကြည့်လိုက်တယ်။

"ဧဲ့ ... ဒီအဘိုးကြီး ထူးဆန်းလိုက်တာ။ ဘာတွေကြောက်စရာ တွေ့နေလို့လဲဗျ။ ကျုပ်လည်း ကြောက်ရအောင် ပြောပြစမ်းပါဦး"

"ဟေ့ကောင် ထွား"

"ဘာလဲဗျ"

"မနေ့က ငွေငါးရာကျပျောက်လို့ မိကြွယ်က သူ့သမီးအကြီးမကို မီးခြမ်းပြားတစ်ချောင်းကုန်အောင်ရိုက်တာမှာ ဒီကောင်ငခွေးကြောက်ပြီး နောက်ဆုတ်အပြေး ခလုတ်တိုက်လဲပြီး နောက်စေ့နဲ့အုတ်ခုံတိုက်မိပြီး ဦးဆက်ကွဲလို့ သေပွဲဝင်သွားတယ် မဟုတ်လားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေဗျာ။ ဆေးရုံကို ကျုပ်တို့တောင် လိုက်ပို့လိုက်ရသေး ဟေး ... ဟေး ... ဟေး ...."

ဒီတော့မှ ငွေးသေတာမှတ်မိပြီး ထွေးလန့်သွားတော့တယ်။ ကြက်သီးမွေးညင်းတွေလည်း ထလာတယ်။ နားရွက်နောက်က ဆံစတွေ ထောင်လာတယ်။ ကလေးကတော့ အိပ်နေတာ ဟောက်လို့များတောင်နေ လေရဲ့။

"အင်း ... ဟုတ်သားဗျ။ ငွေးက မနေ့ကသေသွားပြီပဲ။ ဒီကောင်လေး ဘယ်သူပါလိမ့်။ ကျွန်တော် နှိုးပြီးမေးကြည့်လိုက်ဦးမယ်"

"နေရာပေးပါ"

"နေစရာပေးပါ"

"ကျုပ်မှာ နေစရာမရှိလို့ နေစရာပေးပါ"

"အောင်မာ ... ကောင်ကလေးက ယောင်ပြီး စကားတောင်ပြောနေတယ်ဗျ"

"ဘာတဲ့တုံး"

"သူ့မှာ နေစရာမရှိလို့ နေစရာပေးပါတဲ့"

"ဟေ ... ဟုတ်လား၊ သနားစရာကောင်းလိုက်တာကွာ။ လှုပ်နှိုးလိုက်၊ လှုပ်နှိုးလိုက်။ သူ့မိဘတွေမေးပြီး တို့လိုက်ပို့လိုက်ရအောင်"

ဦးဝီရိယကပြောအော့ ထွေးက အိပ်နေတဲ့ကလေးကိုနှိုးဖို့ အနားကပ်သွားပြီး လက်လှမ်းလိုက်တယ်ဆိုရင်ပဲ ..

"ဟိုက်"

"ဟုတ်တယ်ဟေ့ ... ငွေးကွ၊ ငွေး"

"ပြေးကြစို့ဟေ့"

ထွေးနဲ့ဦးဝီရိယက တင်ပါးနဲ့ဖနောင့် တစ်သားတည်းကျအောင် သုတ်ခြေတင်ပြီး မတိုင်ပင်ရဘဲ ပြေးထွက်ခဲ့ကြတယ်။

အိပ်နေတဲ့ကလေးကို ထွေးကိုင်လိုက်တော့ ကလေးက အကိုင်မခံဘဲ ကိုယ်ယောင်ပျောက်သွားတယ်လေ။

အဖြစ်မှန်ဖြစ်လို့ ကာယကံရှင်အမည်များ ပြောင်းထားပါတယ်။ ဒီနေ့အထိ ဒီအဖြစ်ကလေးကို ထီးတန်းဈေးလမ်းပေါ်မှာရှိတဲ့ လက်ဖက်ရည်





ဆိုင်တွေမှာ စကားစပ်မိတိုင်း ပြောမဆုံးပေါင်၊ တောသုံးတောင် ဖြစ်နေကြပါတယ်။

ကျွန်တော်တို့ ထီးတန်းဈေးက လူစုံသလောက် ဇာတ်လမ်းကလည်းဆန်းတယ်။ ဒီကိစ္စပြီးသွားပြန်တော့ ပန်းလှိုင်လမ်းနဲ့ သိရိမင်္ဂလာဈေးချပ်ရှင်ရုံလမ်းကြား၊ ထီးတန်းဈေးလမ်းပေါ်မှာပဲရှိတဲ့ အထက(      ) ကျောင်းရဲ့ သကြိန်အကြိုရေပက်တာမှာ သွေးနဲ့ပက်တဲ့တစ္ဆေတွေအကြောင်း ဆက်လက်တင်ပြပါဦးမယ်။

✿ ✿ ✿

| ၇ |

## သွေးနဲ့ပက်တဲ့ သကြိန်

❑

"ပီးပေါ် .... ပီးပေါ် ... ပီးပေါ် ...."

"တီ ... တီ ... တီ ..."

မီးသတ်ကားတွေ၊ ဆေးရုံကားတွေ၊ ရဲကားတွေဟာ ထီးတန်းဈေးလမ်းပေါ်မှာ ပြေးလွှားနေတယ်။

လူတွေဆိုတာကလည်း မပြောပါနဲ့တော့။ ရွာဘုရားပွဲသား ကျနေတာပဲ။ စည်လိုက်တာမှ တိုးလို့တောင် မပေါက်ဘူး

အထက(၂)ဆိုတာက ပန်းလှိုင်လမ်းမကြီးနဲ့ ထီးတန်းဈေးကလေးလမ်းဆုံ၊ Orange ကုန်တိုက်ကြီးရဲ့အနောက် အိမ်ဝိုင်းနှဝ်ဝိုင်းကျော်မှာရှိပြီး ပန်းလှိုင်အိမ်ရာရဲ့ တောင်ဘက်လမ်းပဲခြားတယ်။ အဲဒီမှာ တည်ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းလှိုင်လမ်းပေါ်မှာလည်း လူအပြည့်။ ထီးတန်းဈေးလမ်းပေါ်မှာလည်း လူအပြည့်။ ဘာတွေဖြစ်နေလို့ ဒီလောက်တောင် လူတွေစည်ကားနေပါလိမ့်လို့ ကျွန်တော့်စိတ်ထဲမှာ သိပ်စပ်စုနေချင်တယ်။

ဒါကြောင့် တိုက်အောက်ကိုဆင်းပြီး လမ်းပေါ်ကလူတစ်ယောက်ကို မေးကြည့်မိတယ်။

"အထက(၂)ကျောင်းထဲမှာ သရဲခြောက်လို့တဲ့။ အဲဒါ သွားကြည့်နေကြတာ"

"ဟာ . . . နေ့လယ်ကြီး သရဲက ခြောက်သလားဗျ"

"သိချင်ရင် လိုက်ခဲ့လေ"

ဆိုလို့ ကျွန်တော်လည်း လိုက်သွားမိတယ်။ ကျောင်းရှေ့မှာလည်း လူတွေကအပြည့်။ ကျပ်သပ်နေတာပဲ။

ရပ်ကွက်လူကြီးတွေ၊ ရဲတွေ၊ တပ်မတော်သားတွေကလည်း ထိန်းချုပ်ရေးအတွက် အပြည့်ချထားတယ်။

လာကြတဲ့ အလုပ်သမားတွေကိုတော့ ကျောင်းထဲဝင်ခွင့်မရကြဘူး။

ကျွန်တော်ကတော့ သတင်းထောက်ကတ်ထုတ်ပြလိုက်တော့ အထဲဝင်ခွင့်ရတယ်။ ကျောင်းထဲရောက်တော့ အမျိုးသမီး ကျောင်းသူသုံးယောက်ရဲ့ ကျောင်းရောင်အင်္ကျီနဲ့ လုံချည်တွေမှာ အနီရောင်သွေးတွေ စွန်းထင်နေပါတယ်။

"သမီးတို့အင်္ကျီတွေက ဘာကြောင့် သွေးတွေပေနေတာတုံး"

လို့ မေးကြည့်တော့ . . .

"သမီးတို့ ဟိုထုပ်ပေါ်ကအစ်မတို့နဲ့ ရေပက်တမ်းကစားနေတာ"

လို့ ဖြေတယ်။

ကျွန်တော်လည်း သူတို့ပြတဲ့ကျောင်းထုပ်တန်းပေါ်ကြည့်တာ ဘာမှမမြင်ဘူး။

"အပေါ်မှာ ဘာမှမရှိပါလား . . . သမီးတို့ရဲ့"





လို့ပြောတော့ . . .

"အစ်မ . . . ဒီဦးဦးကိုလည်း ပက်လိုက်ပါဦး"

"ဖျော . . . ဖျော . . ."

"မြတ်စွာဘုရား"

ကျွန်တော် ခုန်ရှောင်လိုက်လို့ပေါ့။ မဟုတ်ရင် ကျွန်တော့်အင်္ကျီတွေ သွေးစွန်းသွားမှာ အမှန်ပဲ။ ဒါတောင် တစ်စက်နှစ်စက် စင်လိုက်သေးတယ်။

"အောင်မယ်လေး ယုံပါပြီဗျ"

"သမီး . . . အဲဒီပေါ်မှာ ဘယ်နှစ်ယောက် ကစားနေသလဲ"

"ဒီကျောင်းက ရေနစ်သေသွားတဲ့ မောင်လှရယ်၊ ဖျားလို့သေသွားတဲ့ မနှင်းရယ်၊ ဒီကျောင်းက သန့်ရှင်းရေးအမျိုးသမီး အပ်နာရယ် သုံးယောက်ကစားနေတာ"

"ဟင် . . . ဟုတ်လား၊ ဦးတို့တော့ ဘာမှ မမြင်ရဘူး"

"ဦးကြည့်ချင်သလား"

"နိုး . . . နိုး . . . နိုး . . . မကြည့်ချင်ပါဘူးဗျာ။ မကြည့်ရဲပါဘူး"

"ပုံပျက်ဆင်းပျက် မပြပါဘူးဦးရဲ့။ ရိုးရိုး လူလိုပဲပြတာပါ။ ဘာမှ မကြောက်ပါနဲ့"

"တော်ပါပြီ သမီးတို့ရယ်၊ တော်ပါပြီ။ မကြည့်တော့ပါဘူး"

ကျွန်တော်လည်း ညဆိုရင် ကြောက်မိမှာ။ အခုတော့ လူတွေကလည်းများ၊ နေ့ခင်းကြောင်တောင်ကြီးဆိုတော့ မကြောက်မိပါဘူး။

"ဟင်း . . . ဟင်း . . . ဟင်း . . . . ဟိုအစောင့်စစ်သားတစ်ယောက်လည်း ဦးလိုပဲ မယုံဘူးဆိုပြီး သမီးတို့ကစားတဲ့အခန်းထဲ ဝင်လာတာ ယူနီဖောင်းတွေ ရဲရဲနီသွားလို့ အသစ်ပြန်လဲပြီး ဝတ်ရတယ်လေ"

မနီလာဝင်းက ရယ်ရင်းပြောပြတယ်။ ဒီကလေးသုံးယောက်ရဲ့နာမည်က မနီလာဝင်း၊ မစိုးစိုးနဲ့ မအိသစ္စာတဲ့လေ။

ကျွန်တော်တို့ စကားပြောနေတုန်း ကျောင်းသန့်ရှင်းရေး အမျိုးသမီးတစ်ယောက် ရောက်လာပြီး ပြောပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကတော့ ကံနိမ့်လို့လားမသိပါဘူး ဦးညိုစိမ့်ရယ် .... အခု သူတို့ကစားနေတာ အကုန်မြင်ရတယ်။ ပထမတော့ ကြောက်မိသေး၊ ဒါပေမဲ့ သူတို့က သရဲခြောက်တာ မဟုတ်ဘူး။ ဒီကလေးသုံးယောက်နဲ့ လာကစားကြတာရှင့်"

"ဩော် ... ဟုတ်လား၊ ဘာတွေမြင်ရလဲ ပြောပြစမ်းပါဦး"

"အရင်က ဒီကျောင်းမှာ သန့်ရှင်းရေးလုပ်ခဲ့တဲ့ မအေမိနာက ဦးခေါင်းပြီး ထုပ်တန်းပေါ်မှာ မိုးပြဒယ်အိုးကြီးတင်၊ ရေတွေထည့်၊ အဝတ်အစားတွေဆိုးတဲ့ ဆေးမှုန့်အနီတွေကို မွှေပြီး သူတို့ခြောက်ယောက် ရေပက်တမ်းကစားနေတာပဲ"

"တခြားကလေးတွေကို မပက်ဘူး၊ မခြောက်ဘူး၊ သူတို့သုံးယောက်ကိုပဲပက်တာ။ ဩော် ... တစ်ခုတော့ရှိတယ်။ မယုံဘူးလို့ပြောတဲ့လူတွေကိုတော့ ပက်တယ်"

"ဟုတ်ပါ့ဗျာ။ အခု ကျွန်တော် မယုံဘူးပြောလိုက်မိလို့ အပက်ခံလိုက်ရသေး ဟား ... ဟား ... ဟား ..."

"ဟဲ့ ... မနီလာဝင်း၊ နင်တို့ စတင်ဖြစ်ပျက်ပုံကို ပြောပြလိုက်ပါဦး"

ကျောင်းသန့်ရှင်းရေးအမျိုးသမီးက မနီလာဝင်းကို တိုက်တွန်းလိုက်တယ်။

"ဒီလို ဦးရဲ့ .... လွန်ခဲ့တဲ့နှစ်နှစ်လောက်က ကျွန်မတို့သုံးယောက် ဝမ်းချောင်းကျောင်းမှာ ဆုံကြတုန်းကလည်း ဒီလိုပဲ အခြောက်ခံရဖူးတယ်။ ဒါနဲ့ ကျွန်မတို့ကျောင်းထွက်ပြီး သုံးယောက်တစ်ကျောင်းစီပြောင်းသွားတော့ မခြောက်တော့ဘူး"

"ကျွန်မတို့သုံးယောက်စုံမှ ခြောက်တာ"

"စမ်းချောင်းတုန်းကလည်း ဒီသုံးယောက်ခြောက်တာပဲလား"

ကျွန်တော်က သိချင်တာလေး မေးလိုက်မိတယ်။

"ဘယ်ကလာ ဟုတ်ရမှာလဲဦးရဲ့။ ဒီတုန်းက မောင်လှနဲ့ မနှင်းမှ မသေသေးဘဲကိုး။ သူတစ်ယောက်ထဲ လာခြောက်တာ"





"ဖျော ... ဖျော .... ဖျော ..."

သွေးတွေ ကျလာပြန်ပြီ။ ဒီတစ်ခါတော့ ကျွန်တော် ရှောင်မရလိုက်ဘူး။ စကားပြောနေတဲ့ ကျွန်တော်တို့ငါးယောက် ရဲရဲနီသွားတယ်။

"ဟာ .... မဖြစ်တော့ဘူး။ ဦးကို ပြန်ခွင့်ပြုပါဦး"

ကျွန်တော် အဝတ်အစားတွေလဲဖို့ အိမ်ပြန်ခဲ့တယ်။ သက်ဆိုင်ရာဗုဒ္ဓလိမ်များက ကြည့်မြင်တိုင်မှာရှိတဲ့ ဆရာတော်ဘုရားများကိုပင့်ပြီး ဆွမ်းကြွေးပရိတ်ရွတ်လုပ်တယ်။ မရဘူး။

ဒါနဲ့ ကမ္ဘာအေးကဆရာတော်ကြီးကိုပင့်ပြီး သင်္ဂဲဆိုင်ရာဂါထာများရွတ်တော့လည်း မရဘူး။

မရတဲ့အကြောင်းရင်းက ကျောင်းကြီးက ဖစ်ပေါင်းများစွာက အဆောက်အဦတွေရှိတဲ့အပြင်၊ ကျောင်းဆောင်တွေကများတော့ ဒီနေရာသုပ်ရင် ဟိုနေရာသွားရှောင်နေကြတယ် ထင်ပါတယ်။ မဘူး။

ဒါနဲ့ ဒီကလေးသုံးယောက်ကို ခွင့်ပေးလိုက်ရတယ်။ အိမ်မှာပဲစာကြည့်ကြဖို့ပေါ့။ စာမေးပွဲဖြေဖို့ကလည်း ကြားမှာ တစ်လပဲလိုတော့တယ်။ ကျန်တဲ့ကလေးတွေကို အနှောက်အယှက်ဖြစ်လို့ မနီလာဝင်းတို့သုံးယောက်က လူစုခွဲလိုက်တယ်။

ဒီတော့မှ ဒီကိစ္စကြီး ရပ်သွားတယ်။ ကိစ္စပြီးပြီပေါ်ပြီး ကျောင်းလည်းပုံမှန်ပြန်တက်ကြတယ်။ နီလာဝင်းတို့သုံးယောက်ကိုတော့ ခွင့်ပေးထားရတယ်လေ။

စာမေးပွဲဖြေဖို့ ၁၅ရက်အလိုမှာ နီလာဝင်းတို့သုံးယောက်ကို ကျောင်းတက်ခွင့်ပေးတယ်။ သူတို့သုံးယောက်ရောက်လာတယ်ဆိုရင်ပဲ သွေးနဲ့ပက်တဲ့ကိစ္စ ပြန်ဖြစ်လာတယ်။

နောက်ဆုံး ဘယ်လိုမှ နှင်လို့မရတော့ ရန်ကုန်မှာ နာမည်ကြီးလှတဲ့ ဆရာကြီးရှိန်းကို မရအရ ကျောင်းအရောက်ပင့်ခဲ့ကြတယ်။

ဆရာကြီးရှိန်းဆိုတာက မလေးရှားနိုင်ငံသွားပြီး စုန်းပညာပြိုင်ခဲ့ရာမှာ ပထမဆုတံဆိပ် ရခဲ့ဖူးတဲ့ ဆရာကြီးပါ။ ဆရာကြီးရှိန်းအကြောင်း ဝိသလောက်ရှင်းပြချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဦးရှိန်း M.D (M.A)

ဆရာကြီးရှိန်းဟာ (၁၉၅၂)ခုနှစ်ကပင် အိပ်မက်ရဆေးတော်ကြီးဂိုဏ်း ဗုဒ္ဓသာသနာပြု တည်ထောင်ခဲ့ပြီး ဆေးကုသလို့ရတဲ့ငွေအားလုံးကို သာသနာအတွက် လှူဒါန်းနေတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။

ပယောဂမှန်သမျှနိုင်နင်းပြီး ၎င်းနှင့်ပတ်သက်ဆက်နွယ်နေတဲ့ စုန်း တစ္ဆေ၊ ကဝေ၊ အောက်လမ်းနှင့် နတ်တိုက် အစရှိတဲ့ ရောဂါအားလုံးကို နိုင်နင်းတဲ့လူဖြစ်တယ်။

ဆရာကြီးရှိန်းရဲ့ လုပ်ဆောင်ချက်ကို လက်တွေ့ပြရမယ်ဆိုရင် (၉–၁၂–၁၉၉၉)ခုနှစ်က တောင်ဒဂုံမြို့နယ်၊ (၂၅)ရပ်ကွက်၊ ဇီဇဝါ(၃)လမ်း၊ နေအိမ်အမှတ်(၈၀၆)တွင် နေထိုင်သော ဦးချစ်မွှေး၏နေအိမ် (လောင်မီး)ကျနေခြင်းကို ပျောက်အောင်ဆောင်ရွက်ပေးခဲ့ဖူးပါတယ်။

ဆရာကြီးရှိန်းကို ကြည့်မြင်တိုင်(၁)လမ်း၊ အိမ်အမှတ်(၁)က ကျောက်စိမ်းပန်းပုဆရာ ဦးမြတ်သူရနဲ့ပတ်သက်ပြီး ကျွန်တော် ခင်မင်ခွင့်ရရှိခဲ့ပါသည်။ အလျဉ်းသင့်ရင် ဆရာကြီးရဲ့အကြောင်းကို ရေးသားတင်ဆက်ပေးပါ့မယ်။ ခွင့်တောင်းခဲ့တာ ခွင့်ပြုပြီးသားလည်း ဖြစ်ပါတယ်။

ဦးချစ်မွှေးရဲ့အိမ်(လောင်မီး)ကျတဲ့အကြောင်း ဆက်ပြီး ပြောပြပါရစေ။

အဲဒီလောင်မီးကျတဲ့အကြောင်း ရန်ကုန်တစ်မြို့လုံးကလူတွေ စိတ်ဝင်စားပြီး လာရောက်ကြည့်ရှုကြရာ တက္ကစီသမားတွေ၊ ဆိုက္ကားသမားတွေ၊ သုံးဘီးသမားတွေတောင် တော်တော်ကလေး အလုပ်ဖြစ်ခဲ့တယ်။





၁၀–၁၂–၁၉၉၉ခုနှစ်နေ့မှာ ခြင်ထောင်တစ်လုံး မီးလောင်ပြာကျခဲ့တယ်။ ကုတင်တိုင်ဒေါင့်လည်း မီးလောင်ခဲ့တယ်။ ၎င်းကိစ္စနဲ့ပတ်သက်ပြီး ယကလူကြီးတွေ အကြောင်းကြားတော့ သူတို့လာကြပေမယ့် မယုံဘူးလို့ ပြောတော့ သူတို့ မျက်စေ့ရှေ့မှာပဲ ကားဘီးတာယာ မီးထလောင်ခဲ့တယ်။

အိမ်မှာ လုံခြုံရေးချထားတဲ့ ရဲသားတစ်ယောက် အိမ်မပြန်ရတာ ရက်ကြာလာတော့ ခေတ္တခဏ ယူနီဖောင်းလဲဝတ်ဖို့ ပုဆိုးအသစ်ဝယ်ပြီး အဝတ်လဲ၍ ခေတ္တချထားခိုက် ပုဆိုးမီးလောင်ပြီး ပြာကျသွားတယ်။

မြို့နယ်၊ ရဲတပ်ဖွဲ့မှူးက အိမ်ကိုလှည့်လည်စစ်ဆေးနေခိုက် သူ့ရှေ့မှာပဲ နံရံမှာချိတ်ဆွဲထားတဲ့ လေတံခွန်(စွန်) မီးလောင်ပြာကျသွားခဲ့တယ်။

ရက်တွေကလည်းကြာ၊ အဝတ်အစားတွေ ခဏခဏမီးလောင်လွန်းတော့ အဝတ်တွေကို တခြားအိမ်ထားခဲ့ရတယ်။ အဝတ်လောင်စရာမရှိတော့ ကုလားထိုင်တွေ၊ စားပွဲတွေကို အကွင်းလိုက်၊ အကွင်းလိုက် မီးလောင်တယ်။ တစ်ခုလုံးကိုလောင်ပစ်တာလဲ မဟုတ်ဘူး။ လောင်မီးကျတယ်ဆိုတာ သိယုံပဲ ဖြစ်တယ်။

အိမ်ကို လုံးဝမီးမလောင်တာဟာ တူးဆန်းနေတယ်။ နောက်ဆုံး ဘယ်လိုမှ မတတ်နိုင်တော့ ဆရာကြီးရှိန်းကို ပင့်ဖိတ်ပြီး စစ်ဆေးကြည့်လိုက်တော့ အိမ်ရှင်ဦးချစ်မွှေးက ယခင်ဘဝက နတ်ဘီလူးတဲ့။

နတ်ဘီလူးဘဝတုန်းက လက်အောက်ငယ်သား ဘီလူးတွေကို ခိုင်းစက်ခဲ့တဲ့အပြင်၊ လောင်မီးကျအောင်လုပ်ခဲ့ဖူးတဲ့ ဝဋ္ဋေဝဋ်ကြွေးပြန်ပြီး ခံစားနေရတာကို တွေ့ရှိခဲ့တယ်။

ဆရာကြီးရှိန်းရဲ့ ကုသမှုကြောင့် အဲဒီ ဦးချစ်မွှေးအိမ် လောင်မီးကျတဲ့ကိစ္စ ပြီးပြတ်ခဲ့ဖူးတာ သိရှိရတော့ ဒီသွေးနဲ့ပက်နေတဲ့ကိစ္စလည်း ဆရာကြီးရှိန်းမှပဲ နိုင်မှာပဲဆိုပြီး၊ ဆရာကြီးရှိန်းနေထိုင်ရာ သင်္ဃန်းကျွန်းမြို့နယ်၊ ခရပ်ကွက်သို့ သွားရောက်ပင့်ဆောင်ခဲ့ရာ ဆရာကြီးသည် ၎င်း၏မှန်လုံကားဖြင့် မနီလာဝင်းတို့ သူငယ်ချင်းသုံးယောက်ကို ဆရာကြီးအိမ်သို့ ခေါ်သွားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝိုင်းအတွင်းမှအထွက် ဆရာကြီးအိမ်အရောက် ကားပေါ် သွေးတွေ တဖျောဖျောအပက်ခံနေရတဲ့အတွက် ကားတစ်စင်းလုံး အနီရော ပြောင်းသွားခဲ့တယ်။

အိမ်ဝိုင်းထဲအဝင်မှာတော့ သွေးနဲ့ပက်တာရပ်သွားခဲ့တယ်။ အ တော့ အဲဒီတစ္ဆေတွေကို အိမ်ဝိုင်းစောင့်နတ်က အဝင်မခံလို့ အပြင်မှာနေ ကြရတာပါ။

''ဘာဘာ သူတို့ကို မခေါ်ဘူးလား''

''ခေါ်မှာပေ့ါ။ လာ . . . သမီးတို့ ဘုရားခန်းကိုလိုက်ခဲ့ကြ။ အိမ် ရောက်မှ သူတို့ကိုခေါ်လိုက်မယ်။ လာလာ''

ဆရာကြီးရှိန်းက ရွေချထားတဲ့ လှေခါးကြီးမှ အိမ်အပေါ်ထပ် တက်လာခဲ့တယ်။

ကလေးသုံးယောက်ကို ဘုရားဖူးခိုင်းပြီးနောက် ထိုင်ခိုင်းထား တပည့်မတစ်ဦးကိုခေါ်ပြီး သကာလ ကလေးသုံးယောက်ကို နှောက်ယှက် တဲ့တစ္ဆေကို အဝင်ခိုင်းလိုက်တယ်။

''နင်ဘယ်သူလဲ ပြောစမ်း''

''ကျွန်မ အမိနာပါ ဆရာကြီး''

''ဒါနဲ့ နေစမ်းပါဦး။ စာမေးပွဲဖြေခါနီး စာကျက်ဖို့အရေးကြီးနေ ကလေးတွေကို ဘာဖြစ်လို့ နှောက်ယှက်နေတာလဲ။ ပြောစမ်းပါဦး''

''ဒီကလေးတွေက အပျော်အပါးမက်လွန်းနေတယ်။ အဲဒါ ဘု တရားသတိရအောင် သတိပေးနေတာ''

''ဒါဖြင့် သူတို့က နင့်ကို မကြောက်ဘူးလား''

''ကြောက်အောင်လည်း မလုပ်ရက်ဘူး။ သေရင် ဒီလိုသရဲတ ဖြစ်ပြီး မကောင်းတဲ့ဘဝကို ရောက်တယ်ဆိုတာသိအောင် ပြတာ''

''အခုတော့ သူတို့က ပျော်နေပြီး တခြားလူတွေက ကြောက်နေ တယ်။ နင် မလုပ်နဲ့တော့''

''ကျွန်မ မလုပ်စေချင်ရင် သူတို့ကို ဘုရားတရားသံဃာ သတိ အောင် ဆရာက သင်ကြားပေးပါ''

''နေ့ . . . နေပါဦး၊ ငါမသိတာရှိလို့ မေးပါရစေ''





''မေးပါ''

''ဆရာတော်ဘုရားကြီးများက ရွတ်ဖတ်တာကို နင်တို့က ဘာလို့ ကြောက်တာလဲ''

''မကြောက်ဘဲနေမလား။ အဲသလိုရွတ်ဖတ်နေတုန်း ရှောင်နေတာ ။ ကျောင်းထဲမှာက နေစရာတွေက တပုံတပင်ကြီး''

''သြော် . . . အဲသလိုကိုး။ ကိုင်း . . . ကိုင်း . . . အပိုတွေပြော နေနဲ့တော့၊ အခု နင့်ကိုခွင့်လွှတ်လိုက်မယ်။ နောက်တစ်ခါနှောက်ယှက်ရင် တော့ နင့်ကို ဗူးတစ်ခုထဲမှာ ထည့်ပိတ်ထားမယ်''

''အဲဒါတော့ မလုပ်ပါနဲ့ဆရာ။ ကျွန်မ ဒီကနေ့ကစပြီး မနှောက် က်တော့ပါဘူး''

''အေး . . . ဒါဖြင့် နင်တို့ထွက်သွားတော့။ သြော် . . . ဒါနဲ့ နင်တို့ ခု ဘယ်မှာနေသလဲ''

''သဲကွင်းမှတ်တိုင်က ကုက္ကိုပင်ကြီးရဲ့အရှေ့ဘက်ကိုင်းမှာ နေပါ ယ်''

''အေး . . . ငါတို့ ဘုန်းကြီးဆွမ်းကျွေးမယ်။ နင်တို့ကိုဖိတ်မယ်။ ရားနာဖို့ လာခဲ့။ အမျှဝေပေးမယ်။ သာဓုခေါ်နိုင်အောင် ကြိုးစားကြ''

''ဟုတ်ကဲ့ပါ ဆရာကြီး''

ဆရာကြီးရှိန်းရဲ့ တပည့် အမျိုးသမီး သတိပြန်ရလာသည်။

''ကိုင်း . . . သမီးတို့ ကြားတယ်မဟုတ်လား''

''ကြားပါတယ် ဆရာကြီး။ ကျွန်မတို့ ဒီနေ့ကစပြီး ဘုရားတရား မပျက်လုပ်ပါတော့မယ်''

''အိမ်မှာသာသနာ့ပွဲတင်ကြ။ သံဃဒွေဂါထာကို မပြတ်ရွတ်၊ အိပ်ရာ င် အမေနဲ့အဖေတို့ကို ဦးချပြီးမှအိပ်။ ကျောင်းသွားရင်လည်း ဘုရား ပြီးမှသွား၊ မှတ်မိကြလား''

''မှတ်မိပါတယ် ဆရာကြီး''

အားလုံး ပြောဆိုပြီး ကလေးများ အိမ်ပြန်ပို့လိုက်တယ်။ သရဲတွေ တဲ့ ရန်ကုန်ဘက်သွားတဲ့ သဲကွင်းမှတ်တိုင်က ကုက္ကိုပင်ကြီးကလည်း မြို့မှာ



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးကော်ပိုရေးရှင်း ကုမ္ပဏီကြီးက မြေနေရာဝယ်လိုက်တော့ အခုတ်
ခံလိုက်ရတယ်။ အခုတော့ ကုက္ကိုပင်ကြီးက ငုတ်တိုပဲ ကျန်တော့တယ်။

သွေးနဲ့ပက်တဲ့တစ္ဆေကိစ္စလည်း ရှင်းသွားတယ်။ ကျောင်းကြီးမှ
ဘာပြဿနာမှ မရှိတော့ဘူး။

ပတဉ်းတန်း ဓမ္မာရုံက တော်ဝင်လမ်းပေါ်မှာရှိတယ်။ ကြည့်မြင်တိုင်
ဈေးကလည်းလမ်းပေါ်မှာက ဈေးကလေး ဗုဒ္ဓဝိဟာရဓမ္မာရုံ၊ တော်ဝင်လမ်
နဲ့ ဈေးကလေးလမ်းဆုံမှာက စက်မြေ၊ မဟာဒုတ်ဓမ္မာရုံ၊ ပန်းလှိုင်အိမ်
ရှေ့ကမှာက အဘိဓမ္မာ မဟာဝေဠုကစေတီဓမ္မာရုံဆိုပြီး (၄)ခုရှိတယ်။ နေ့စဉ်
အခါကြီးရက်ကြီးဖြစ်စေ၊ အခါကြီးရက်ကြီး မဟုတ်သည်ဖြစ်စေ၊ အသံမ
ပဋ္ဌာန်းပွဲတွေကျင်းပတယ်။

ကြည့်မြင်တိုင် ထီးတန်းရပ်ကွက်ကြီးတစ်ခုလုံးမှာ ယခုအခါ ဘုရာ
တွေ ထုံမွှန်းနေတော့ သရဲတစ္ဆေတွေလည်း ပြေးစရာနေရာမရှိတော့ဘူး
ဒါတောင်မှ သေပြီးရက်လည်ဆွမ်းမကပ်ရမီမှာ သေသူက ကိုယ်
ယောင်ပြတာတွေ ရှိတယ်။

ပြီးခဲ့တဲ့လက အထက(၃)က ဆရာမတစ်ယောက် စာသင်နေရင်
မိုက်အောင့်တယ်ဆိုပြီး ဆုံးသွားတာ နောက်နေ့ စာသင်နေလို့ ရုတ်ရုတ်သဲသ
ဖြစ်လိုက်သေးတယ်။

သေခါနီး အစွဲချွတ်ဖို့လိုတယ်။ ဗုဒ္ဓံ၊ သရဏံ၊ ဂစ္ဆာမိဆိုတဲ့ သရဏ
ဂုံသုံးပါးကို မပြတ်ရွတ်နေကြပါ။ ကိုယ့်ကိုယ်ကို မသေမီ (သရဏဂုံ)တင်ပြ
ဖြစ်အောင်လို့။

ဆရာတော်တစ်ပါးက ဟောဖူးတယ်။ သရဏဂုံတင်တယ်ဆိုတာ
ဆရာတော်ဘုရားတို့ကို ခေါ်ပြီးတင်မှ အသက်ဝင်တာ မဟုတ်ဘူးတဲ့။ ကိုယ်
ဖာသာကိုယ်လုပ်လည်း ရတယ်တဲ့။ မခက်ပါဘူး။ ဒီနေ့ကစပြီး လုပ်နေပြ
ရအောင်။

သဖွေအနီစွသင်
မကြွေးညိုစိမ့်



www.burmeseclassic.com

[၁]

❑

သည်လိုနှင့် ကျော်မင်း ဆရာဝန်ကလေးဆီ ရောက်ခဲ့ရခြင်း ဖြစ်သည်။

"ခင်ဗျား အရက်သောက်တာ ဘယ်လောက်ကြာပြီလဲ"

ဆရာဝန်ကလေးက စိုးရိမ်ဟန်ဖြင့် ပူပူပန်ပန် ကရုဏာဒေါသော မေးဏ်။

ဆရာဝန်ကလေး၏အသံကို ကြားနေသော်လည်း မကြားယောင် ပြုလျက် ထနောင်းရွက်ကလေးတွေ ကြွေနေပုံဆီကိုသာ စိတ်ကရောက်နေ သည်။

ကျော်မင်းသည် သူတမင်မေ့ထားချင်သောအတိတ်ကို သတိ ရပြန်ပြီ။

✿ ✿ ✿

[၂]

❑

"ညက အိပ်မက်မက်တယ်"

ပြုံးရည်က ကျော်မင်းကိုမကြည့်ဘဲ ဟိုဘက်လှည့်၍ သနပ်ခါး ...ိုင်လူးနေရာမှ ထိုင်ရာမထ ခြေဆင်းလဲလူပြောသည်။ 'အင်း' ဟု ...တ်ကျေတမ်းကျေ စကားအထောက်အခံပြုပြီး ညစ်ထေ်ာတပ်ခေါင်းအုံး ...ို ခုတင်တန်းပေါ်မှီတင်၍ ကျောကိုအသာရွှေ့ကာ လှဲချလိုက်၏။ ပြုံး ...ည် ဘာပြောဦးမလဲ။ အကယ်တန္တ ကျော်မင်းထက် နူဘ်သျှာတစ်ဖျား ...သွားခြင်းသာ ဖြစ်မည်။ 'ဟိုအိပ်မက်အကြောင်းပဲနေ၊ ၁'ဟု အတွေး ...ွက စိတ်ထဲ ပလုံစီထ ခိုချင်လာ၏။

"သိလား ကျော်မင်း။ ညက ငါအိပ်မက်,မက်တယ်"

"နင်ကတော့ အားတိုင်းလျားတိုင်း အိပ်မက်ပဲ အသုပ်ကြီး တစ်ခု ...ုပ်ပြီး မက်နေတော့တာပဲ။ နေပါဦး ...။ အဲသလို အိပ်မက်တွေပဲ ...်းကန်ခွမက်ချည်းနေတော့ ည,ည နင်တစ်ရေးတစ်ေးကော အိပ်ရ ...သးရဲ့လားဟ"

"ဟဲ့ ... ငါအကောင်းပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . အင်း . . . ပြော"

ကျော်မင်းနှင့်ပြုံးရည်တို့က အိမ်ထောင်သက် မနုမရင့်။

လူငယ်ချင်းလည်း ရည်ငံ၊ နှစ်ဖက်မိဘ လူကြီးတွေချင်းလည်း ကြည်ဖြူကြသဖြင့် လွန်ခဲ့သည့်သုံးနှစ်၊ ဝါကျွတ်ပြီးစမှာ တစ်အိုးတစ် အိမ် ထူထောင်ဖြစ်ခဲ့ကြခြင်းပင်။ ငယ်ပေါင်းသူငယ်ချင်းတွေလည်း ဖြစ်ပြန်၊ ရွာကလေး၏ အရိုးခံမလေ့ အထုံကလေးကလည်း ပါနေလေသဖြင့် နှုတ်ကျ မပြောင်း။ သားဦးကလေးတစ်ယောက် ရခဲ့ပြီးသည့်တိုင် 'ကျော်မင်း ပြုံးရည်' ဟုသာ အခေါ်အပြော ပြုမြဲ။ နင်လုံး ငါလုံးတွေ ရိုက်မြဲ။

"ဟဲ့ . . . ငါ့ကိုယ်ဝန်က သားကလေးပဲဖွားမှာ သေချာ သလောက် ကျော်မင်းရဲ့။ သိလား"

"နင့်ကို ဘယ်သူက ဒန်သေကြီးပြောလို့လဲ။ ဟိုအရပ် လ သည် အရီးလေးမဆွဲမိကြီးကလား"

ပြုံးရည်ဆီက ခွန်းတုံ့ခွန်းလှန် စကားပြန် တစ်စတလေမျှ မကြား ရ။

"ပုံသေကားချကြီးလုပ်ပြီး တခုတ်တရ စိတ်ထဲဥပါဒ် မနေစမ်းပါ ဟာ။ ဘာကလေးဖြစ်ဖြစ်ပေါ့။ ခြေလက်အင်္ဂါ စုံစုံလင်လင်နဲ့ လူကြီးနဲ့ကလေး ကျန်းကျန်းမာမာဖွားရင် တော်ရောပေါ့။ လူကလေး ဖြစ်မှာတော့ သေချာ တယ်"

"တော် . . . တော် . . . ကာလနာ။ နင်နဲ့ငါနဲ့က ရတဲ့ကလေးဟာ လူကလေးမဖြစ်လို့ ဘာလေးဖြစ်ရဦးမှာတုံး သေနာကျရဲ့။ ပြောလိုက် ဖောင့်ပဲနဲ့ရွဲ့။ အပေါက်အလမ်းကို မတည့်ချင်ဘူး။ နှုတ်စည်းကလည်း စောင့်။ အလွန်အကျွံ မထော်မနန်းတွေချည့်ပဲ"

"ကဲပါ . . . မိန်းမရယ်။ ပြောမှာဖြင့်ပြော။ နင့်အိပ်မက်ကနေ ဟို ဒီဒီ ကရွတ်ကင်းလျှောက်တွေဆီ ရောက်ကုန်ပြီ။ စောစောစီးစီးကြီး"

"ဒီလိုဟဲ့ . . . ညက ငါ မှေးခနဲမှ ပျော်မယ်ကြံခါစရှိသေး၊ က လေး ပိစိဖြူဖြူတုတ်တုတ်ကလေးက ငါ့အိပ်ရာဘေးမှာ ငါ့ဗိုက်ကို ခေါင်း လှဲရင်း . . .





"အမေ . . . အမေ . . . သားသား အမေတို့အိမ်မှာ လာနေမယ်နော်။ သားကိုမွေးထားမယ် မဟုတ်လားဟင်'တဲ့။ ဘယ်ကဘယ်လို ရောက်လာမှန်း သည်းမသိဘဲ ငါ့ကို ပြုံးပြုံးကလေး ခေါင်းနဲ့ခွေ့ပြီး ပြောနေတာဟဲ့။ 'သားလာ ချင် လာနေပေါ့၊ အမေတို့က သားသားလေးကို မျှော်နေတာ'လို့ ငါက ပြန်ပြောလိုက်တော့ သဘောကျပြီး ရယ်လိုက်တာများဟယ်။ ခွက်ထိုးခွက်လန် ဘခစ်ခစ်နဲ့။ 'အမေ . . . သားတကယ်လာမှာနော်။ သားရောက်လာရင် အမေတို့ကို ဒီထက်ပိုပြီး ချမ်းသာအောင် လုပ်ပေးဦးမှာ'တဲ့ဟဲ့။ အရွယ် လေးနဲ့မလိုက်ဘူး။ နှုတ်သွက်လျှာသွက် ပြောတတ်လိုက်တာများ နှုတ်ရေး စကားတတ်ဆိုတာလေး။ 'လာခဲ့ . . . သားရေ။ လာမှာဆို မြန်မြန်လာ' လို့ပြောပြီး သူ့ကို ပွေ့ချီမယ်လို့လည်း ကောက်လိုက်ကရော ဖြုန်းဆိုပျောက် သွားရောဟဲ့။ ငါလည်း လန့်နိုးလာပြီး တော်တော်နဲ့ ပြန်အိပ်လို့ကို မရတော့ ဘူး။ အဲဒါ မနေ့က တစ်ညတည်းလည်း မဟုတ်ဘူး။ သုံး၊ လေး၊ ငါးညရှိပြီ။ ဆက်တိုက်ကြီး အဲသလို မက်ချည်းနေတော့တာရယ်။ ဒါကြောင့် . . ."

မျက်ဝန်းကို စေ့စေ့ပိတ်၍ထားရင်းက နားထဲ၌ ပြုံးရည်၏ အသံ တွေကို ကြားနေရသည်။

"ကိုယ်ဝန်ရှိစဦးမို့ စိတ်စွဲပြီး ရောက်မိရောက်ရာမက်တာ ဖြစ်ပါ လိမ့်မယ်ဟာ။ ကက္ကုစ္စ ဖြစ်မနေစမ်းပါနဲ့၊ သွေးလေချောက်ချားတဲ့ အခါလည်း ဖြစ်တတ်တာမျိုးပဲဟာ . . . နော"

ဟု ဇနီးသည်ကို အားပေးသယောင် ပြောလိုက်မိသေးသော်လည်း သူ့ ရင်အတွင်းပိုင်း၌မူ ပြုံးရည် ပြောသည့်ကိစ္စသည် ကေနကေ ဒက်ထိကြီးဖြစ်လာ တော့မလိုလို လှေနံ မားထစ် ယုံချင်ချင်ဖြစ်နေ မိတော့၏။

ဖြစ်ဆို ကျော်မင်းကိုယ်တိုင်ပင် ထိုသည့်အိပ်မက်မျိုးကြောင့် ညကြီး သန်းခေါင် လန့်လန့်၍နိုးခဲ့ရသည် အကြိမ်ကြိမ်။

သည်မနက် လင်းရောင်ပျို့ခါနီးကလေးတွင်ပင် ယင်းအိပ်မက်က မ ခေါ်ပင့်ချေ ရောက်လာနိုး၍ ပြုံးရည်ထက် အလျင်ဦးအောင်သူက နိုးနေခဲ့ရ ခြင်းဖြစ်သည်ကိုးလေ။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်စေ၊ 'ဖမ္ဗုဒိတ်နိမိတ်' ဟူသည့် ရေလည်ကျောင်း ဘုန်းတော်ကြီး ဆရာတော်ဦးမောင်ကြီး မိန့်မိန့်နေတတ်သည့် စကားတစ်လုံးက ကျော်မင်း၏ရင်၌ ငုတ်တိုင်စိုက်ထားသလိုချည်း မြဲလှခိုင်လှချည့်။

✿ ✿ ✿

[၃]

❑

''ကျော်မင်းမိန်းမပြူးရည်က 'လူခြောက်'ကလေး မွေးလို့ ... တဲ့''

ညသန်းခေါင်ကျော် တစ်ချက်တီးက ဖြစ်သွားခဲ့သည့် ကိသတင်းသည် မနက်လင်းအားကြီးသာသာတွင် တစ်အိမ်တက်ဆင်း လက်တို့၍ စကားတင်းဆိုချင်စရာ ရောမအရေးအခင်းကြီးတစ်ခုပမာ ရွာကလေးကို ကုပ်ကကိုင်၍ လှုပ်နိူးလိုက်သလို ရှိတော့သည်။

ရွာလက်သည် အရီးလေး မဆွဲမိကြီးသည်ပင်လျှင် မီးနေခန်းခပ်ကျဉ်းကျဉ်းကလေးထဲ၌ ချက်ချင်းလက်ငင်း ရုတ်ချည်းကြီး နတ်ရေကန်ထဲပစ်ချလိုက်သလို ကောက်ကာငင်ကာ အရေးပါအရာရောက်သူကြီးဖြစ်မှန်းမသိ ဖြစ်လာတော့၏။ နှုတ်စလျှာစ ရွှင်ရွှင်နှင့် အရီးလေး မဆွဲမိပြောလေသမျှကို မီးနေခန်းထဲက ရွာ့ဟစ်တလုံး မအေဝှာတွေ သာမကကျော်မင်းတို့အိမ်ကလေး ဂျင်ဂလယ်အား ညွတ်၍ ပြုကျလုခမန်း ငါးဝိသိဝ်ငါးချဉ်သိပ် ဝိုင်းအုံတိုးဝေ့နေကြသည့် မိန်းမသူတွေ တစ်သိုက်ကလည်း ငေး၍စိုက်၍ တစ်လုံးတစ်ပါဒမကျန် နားစွင့်နေကြတော့သည်။





အတွေ့အကြုံကြီးရင့်သူပီပီ မိခင်ရော ကလေးပါ အဖိတ်အစင်မရှိ မွေးဖွားပေးနိုင်ခဲ့သော်ငြား နဖူးတွေ့ဒူးတွေ့ ကိုယ်ထိလက်ရောက်ကြုံလာဆုံလာရပုံကြီးက သူ့အရပ်လက်သည်ဘဝ သက်တမ်း၌ ပြောစမှတ်တွင်ရလောက်သည့် ကိစ္စကြီး ဖြစ်၍နေသည်။ ကြည့်ဘိဦး။

''အမေကြီးရှန်တို့၊ ကြီးတော်မမယ်မကြီးတို့ကတော့ သူ့ရို့ကိုယ်တွေ့ကိုယ်ကြုံတွေကိုပဲ ဒီလိုမီးနေစောင့်ရင်း ရောက်ပ်ရောက်ရား နှုတ်ဆင့်ကမ်းခဲ့ကြလို့ ကြားဖူးနားဝတော့ ရှိခဲ့သားပတော်။ နို့ပေတဲ့ ဒီလိုမျိုး ဒွဲတွေဖြင့် ကြုံခဲ့ရဖူးသေးပေါင်။ ကိုင်း ... အခုမှဖြင့် မကြည့်ချင် မြင်ချင်ရက်သားဆိုသလို ဖြစ်ကရောပ။ ဥပမိသမ္ဘတ္တိနဲ့ ပြည့်စုံဘာ၊ မပြည့်စုံတာအသာထားဦး။ ခြေစုံလက်စုံ အင်္ဂါစုံအောင်တော့ အပါရှာသား။ အမယ်မင်း ... ယောက်ျားကလေးတော့။ ပြူးရည်မရေ ... နင့်သားက ယောက်ျားကလေးဟဲ့။ အလိုတော် .... ဆန်းလှပါမင့်ကလား။ အသက်ကလေးပဲငွေ့ငွေ့ပါသေးတော့သလိုလို။ ကိုယ်ကောင် ကလေးကပဲ ရှိန်းရှိန်းခွေးခွေးကလေး ရှိချင်သေးတော့သလိုလို။ ဘာပဲဖြစ်ဖြစ်ကောင်မရေ့ ...။ သဘာမျိုးကလေးက 'ရတနာ'တဲ့ဟဲ့။ အကျိုးပေးမြန်တတ်၊ သန်တတ်သတဲ့။ စီးပွားတက်တတ်ပုံများ တရမန်း ကြမ်းပဲတဲ့။ မနက်နဲ့ညနေတောင်တူချင်တတ်ဘူးတဲ့ တော်ရေ။ ဟဲ့ ရှင်ဟန်ဝိုင်း၊ အမေကြီးရှန်ဆီ ခဏပြေးချေစမ်း။ လာပြုကြည့်စမ်း လှည့်ပါဦးလို့၊ သင့်ရာသင့်ရာလည်း စီမံပေးသည့်စမ်းပါဦးလို့ ..ဟုတ်လား။ ကျုပ်တို့က ရိုးရိုးတန်းတန်း သွေးရိုးသားရိုးဆိုရင်တော့ 'လှည့်ကို မကြည့်လေနဲ့။ မျက်နှာလွှဲထားလိုက်' အထဲကပါပဲ။ နို့ပေတဲ့ ...''

အရီးလေးက သူ့အဖေကျော်မင်း၏ ပုဆိုးဟောင်းကို ဖြတ်၍ချုပ်ထားသည့် ဖြူဖြူစင်စင်အနှီးစကလေးဖြင့် ထွေးထားသော လက်လေးခစ်သာသာခန့် 'လူခြောက်'ဟု ဆိုသည့် မွေးစပေါက်နီဝါရဲ ကလေးအားပွေ့ကို ရေနွေးနွေးဆွတ်လျက် သန့်စင်ဆေးကြောပေးနေ ဂင်းမှ ပေါက်ပေါက်ဖောက်သလို ဖယ်ဆက်၍အောင် အမှုင်မပြတ် ပြောနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နှင့်လက်က တရစပ် လှုပ်ရှားလျက်ရှိသလို နှုတ်ကလည်း သင့်ရာအပ်ရာတွေကို အစီအမံပြုပေးနေလျက်ရှိ၏။ သူ့မျက်စိထဲ မတွေ့ သူတွေကို အဆူအပြော၊ အငေါက်အငမ်းကလေးကလည်း မလွတ်ချင်။

"ကိုင်း ... ကိုင်း ... မယ်မင်းကြီးမတို့။ တစ်ရပ်လုံး တစ်ရွာ လုံးမျှား ဗိုက်ကြီးသည်စောင့်ပြီး လက်သည်လုပ်ကြဦးမလို့လားကွယ် ရိုး တစ်ပြုံတစ်မကြီးလာပြီး ပြွတ်သိပ်ထိုးနေကြတာက ဘာလုပ်ကြတာတဲ့တုံး ကဲ ... မယ်မင်းကြီးမတို့။ ကြည့်ချင်တာကြည့်၊ မြင်ချင်တာ မြင်ပြီးပြီ ဆိုရင်လည်း ပြန်တော်မူကြဦး။ ဟဲ့ ... တောင်တောင်အီအီ ပေါက်ပန် ဈေးတွေကို ရွာရိုးကိုးပေါက် လျှာလွန်နှုတ်ကျူး စကားဦးတွေ မသန်းလိုက် ကြပါနဲ့ဦးနော်။ ပြောလိုက်ပါပေရဲ့။ ကာယကံရှင် အမိအဘ၊ အဘိုးတွေ အဘွားတွေ မြည်ကာမှပဲ အရပ်က သိကြပါစေ အေတို့ရဲ့"

သို့သော်လည်း ... တဲ့။

လှမ်းမျှော်လျှင် တစ်ခေါ်၊ လှမ်းအော်လျှင် တစ်ကြားသာသာ ရွာကလေး ထန်းစေ့မှုတ်ခန့်၌ "ပြုံးရည်မက သားခြောက်ကလေး မွေး လို့ ... တဲ့" ဟူသောသတင်းက လေနှင့်အတူ ချက်ချင်းပြန့်သည်။

ရွာကလေး၌ မကြဲ့စဖူး၊ မကြားစဖူး တွေ့ဦးကြုံသင့် အပြ ဆန်းဆန် မို့ အံ့အံ့အဲအဲကြီးတွေဖြစ်၍ မည်သို့ဝေဖန်စေ့ငုရမည်ပင် မသိတတ်နိုင်။

"စနေသားကလည်း ဖြစ်ပြန်။ နေတက်ရေတက်မှာလည်း ဖွားပြန် ဗုံမဟုတ် ပတ်မဟုတ်ကလည်း ဖြစ်နေပြန်သေးဆိုတော့ ကေန် ဧက အမိအ ကို ဥပဒ်မယ့်သားပဲကွ။ သားခြောက်တွေ၊ လူခြောက်တွေ ဗရုတ်သုတ်ခ နှယ်ဒီနှယ် လုပ်မနေကြနဲ့။ သူ့အချင်းတွေနဲ့ ရောပြီး မြေမြှုပ်ပစ်လိုက်ကြ ငါ့သမီးကလေး ကျန်းကျန်းမာမာရှိရင်ပဲ တော်လှပြီ"

ပြုံးရည်၏အဖေ ဘကြီးသာမောင်က ဖြုန်းစားဒိုင်းစားကြီး ခားကြိမ်း ထ,ကြိမ်းသည်။ ပြုံးရည်အမေ ဒေါ်လှကြီးနှင့် ကျော်မင်းအမေ့ အရီးကြည် တို့ခမျာ မီးနေသည်ပြုံးရည်ကို သွေးလန့်၍ ရေတိမ်နစ် မသွားရလေအော သိသာသိစေမမြင်စေနှင့် စိတ်နှလုံးဖြင့် ဖုံးဟဲ့ဖိဟဲ့ ပြုစုပေးနေကြရင်းကပ တီးတိုးတီးတိုး သဖန်းပိုးလုပ်လျက် ကျိတ်၍ မျက်ရည်သုတ်နေကြရရှာ





အမေကြီးရှိန်ကလည်း မလာနိုင်သေး။

ဘွားကြီးအိုက အသက်အရွယ်ကြီးရှာပြီ။ ရွာတစ်သက် လူတစ် သက်။ လှုပ်သည်ဆိုရုံမျှဖြင့် ရွာမြောက်ဖျားပိုင်းမှသည် ကျော်မင်းတို့တောင် ဘက်ဝိုင်းတိုက်အထိ တရွေ့ရွေ့ တလှုပ်ချောက်ချောက် လာရရှာ ဦးမည်မို့ ကြာဦးမည်က အသေအချာ။

"သာမောင်ရေ ... စိတ်ကိုထိန်းစမ်းကွာ။ အကြီးအမှူးလုပ် ပြီး မင်းက ခားတစ်ပြက် တုတ်တစ်ပြက် ထလုပ်နေရင် ကာယကံရှင် ကလေးတွေခမျာမျှားမယ် ရင်ကျိုးရောပေါ့လကွ။ ဘွားကြီးအိုလာတဲ့ အထိ စောင့်ဦးမှပေါ့။ သူတို့က ရှေ့မီနောက်မီ သက်ကျားအိုကြွေဆိုတော့ တစ် ခုခုတော့ ဟုတ်ဟုတ်ငြားငြား ပြောနိုင်မှာပေါ့၊ ဟုတ်ဘူးလား ဦးလှဖေ"

"ကျုပ်လည်း အဲဒါပဲ ထိုင်ပြောနေတာပ ဘကြီးသန်းမောင်ရာ။ သာမောင်ကြီးက တစ်ယူသန်ကြီး ဖွတ်လုပ်နေလို့သာကိုး"

သို့နှင့်တိုင် ....။

ဖြစ်ချင်တော့ ပြဿနာက သူ့အလိုလို ခုတ်စင်းလိုးစပြတ် ဆိုသလို တစ်ခါတည်း ရှင်းလင်းသွားသည်။ ဖြစ်ပုံက ဤသို့။

"ဒီကလေးကို မြေမြှုပ်လို့ မဖြစ်ဘူးအဖေ။ လုံးဝမြေမြှုပ်ပစ်လို့ မဖြစ်ဘူး"

"ဟေ ... ဘယ့်နှယ်"

"ဟုတ်တယ် အဖေ။ 'အမေတို့၊ အဖေတို့ သားကိုမွေးထား မယ်ဆိုရင် ဘာတွေပဲဖြစ်ဖြစ်၊ ကြုံရကြုံရ သားသားကို အရှင်လတ်လတ် မြေမြှုပ်မပစ်ကြပါနဲ့။ သားကို တခြားကလေးတွေလိုပဲ ကလေးလေး တစ် ယောက်ကို ပြုစုသလိုမျိုးပြုစုပြီး မွေးကြပါ။ သားသားက လက်တွေ့ချက်ချင်း အဖေတို့၊ အမေတို့ယုံအောင် သက်သေပြပေးပါ့မယ်လို့' ပြုံးရည်နဲ့ကျုပ်ကို တမြန်နေ့ညကပဲ ကြိုပြီးအိပ်မက်ပေးခဲ့ပြီးသားဗျ။ ကျုပ်တို့က ဘာမှန်းတော့ မသိသေးပေမယ့် 'ငါ့သားစိတ်ချမ်းသာသလို အဖေတို့ အမေတို့ လုပ်ပေး ပါ့မယ်'လို့ အိပ်မက်ထဲမှာ ကတိပေးထား ခဲ့ပြီးပြီ။ အခုမှ ဒီလိုဒီပုံဖြစ်လာတာမို့ ကြိုပြီးအိပ်မက်ပေးခဲ့တာဆိုတာ ထင်းခနဲ သိရတော့တာ။ အဲဒီတော့ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ကတိစကားလည်း တည်တဲ့ လေအောင်၊ ဒီကလေးပေးတဲ့အိပ်မက်တွေ မှန်၊ မမှန်လည်း ဒက်ထိ သိရအောင် ထားကြည့်ရမှာပဲအဖေ။ ကျုပ်တို့ ရင်သွေးကလေးကို ဒီ အတိုင်းချည်းတော့ လက်လွှတ်စပယ် မျက်နှာလွှဲခဲပစ် လုပ်မပစ်ရက် ဘူးဗျ''

''ဟောဗျာ ... အဲလိုချည်းလား။ ကြုံလေဘုံဗွေပါကလားဟ ကျော်မင်းရဲ့ မင်းတို့ဟာတွေကလည်း ...''

''သာမောင်ရေ ... စိတ်နောက်ကိုယ်ပါတွေ စွတ်ရွှတ်မလုပ် လိုက်နဲ့ဟဲ့။ ငါ့မြေးကျော်မင်းပြောနေတာ အမှန်တွေချည်းပဲ။ သပြေပင်ရွာက သူကြီးကိုလွှန်းပြေနဲ့ သူ့မိန်းမ ရှင်ကြေးမုံတို့ 'သားခြောက်'ကလေး မွေးတုန်း ကလည်း ဒီအတိုင်း တစ်ဖုံတည်းပဲ။ တစ်လုံးတစ်ပါဒတောင် မလွဲဘူးဟဲ့ ငါပဲ အရပ်လက်သည်ကြီး အမေကြီးပန်းရုံကို လက်ကသုံးတောင်ဝေးလို ကူ ကက်မွေးပေးခဲ့ရသေးတာရယ်။ မျက်စိရှေ့မှောက်တင်ပဲနော် ... စီးပွားတက် လိုက်ချက်တော့။ ဒီရေက အဘ, အဘ ခေါ်လောက်ရဲ့ဟဲ့။ အဲဒီလို အကျ ပေးမယ့် 'ရတနာ'ကလေး မခေါ်ပင့်ချေ ကိုယ့်အိမ်ကိုယ့်ရာပေါ်ကို ရောက် လာတာများဟယ်။ ကံထူးလို့လို့ မတွေးနိုင်ဘဲ နားပင်းကိုးကန်းနဲ့ ဖျက် ဖျက်ဆီး လုပ်ပစ်ဦးမလို့ တဲ့လားဟဲ့ ... အကောင်ရဲ့''

''ဟော ... အမေကြီးရှန်''

ဤသို့ဖြင့်လျှင် ...

ကျော်မင်းတို့ ပြုံးရည်မတို့၏ သားရင်သွေး 'လူခြောက်'ကလေး ကို သည်အတိုင်းမွေးကြဖို့ စိတ်နှလုံး တုံးတုံးချလိုက်ကြသည့်အချိန်။

''ကျော်မင်းရေ ... ဟေ ... ကျော်မင်း''

''ဗျို ... လာ ... လာဗျို့ ဘထွေးလေး ဦးမြမောင်။ ဝင်ထိုင်

''မထိုင်တော့ဘူးကွာ။ မင်းကို စဥ္စကိုင် 'မြစ္စာညို'ဓာ 'မြိုင်ထွေးကြီး'က လမ်းကြုံစကားပါးလိုက်လို့ဟေ့။ ဝမ်းသာရမယ့် သ မို့ တစ်လက်စတည်း ဝင်ပြောခဲ့တာ။ နို့ ... နေပါဦး။ မင်းတို့အိမ် လူ စည်လှချေကလား''

''ပြုံးရည်မ ကလေးမီးဖွားလို့ ဘထွေးရေ၊ အဲဒါကြောင့် ..''





''နိပ်ကွာ ... မင်းတော့ 'ရတနာ'ရှိရာ 'ရတနာ'စုတာပဲ မောင်။ မင်း ဟိုတစ်လောလေးက တာဝန်ကျေစပါးသွားသွင်းရင်း မြိုင်ထွေးကြီးတို့ ထီဆိုင်မှာ ထီထိုးထားခဲ့သေးဆို''

''ဟုတ်တယ် ဘထွေးလေး။ ကံစွတ်ကံငြား သုံးစောင်တောင် ထိုးခဲ့တာ''

''အဲဒါ ငါးသောင်းဆုပေါက်သတဲ့ ဟကောင်ရေ့။ မြိုင်ထွေး ကြီးက ထီလက်မှတ်ကို သေချာသိမ်းထားတဲ့။ နက်ဖြန်မနက် သူလာခဲ့မတဲ့ဗျား''

''ဗျို''

ဤသို့ဖြင့် လာခြင်းကောင်းသော သည်ကလေးကို ကံကောင်း ခြင်းတွေ သယ်ဆောင်လာသည့် အတိတ်နိမိတ်ယူလျက် အမေကြီးရှန် က 'ကံဆောင်'ဟု အမည်နာမပေး ကင်ပွန်းတပ်ခဲ့လေရာ ရွာကလေး တစ်ရွာလုံးက ဝမ်းသာအားရ အယ်လဲဂျောက်ဂျက် ဖြစ်လိုက်ကြရသေး သည်ပင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၄]

❑

"ကျော်မင်းရေ"

"ဟေ"

"နင့်သားတော်မောင် 'ဖိုးကံဆောင်'က ပြောသဟဲ့"

"အေး ... ဘာတဲ့တုံး"

"သူ့အစ်ကိုအကြီးကောင် ကံချွန်ဖို့ဆိုပြီး သူ့အဘိုးလေးက ကျောက်ဆည်ဆင်ပွဲသွားရင်း သရက်ထည်ပွင့်ရိုက် အထက်အောက် အင်္ကျီ ဘောင်းဘီ ဆင်တူဝမ်းဆက်ကလေး ဝယ်လာပေးသွားပါသေးရောလား။ ဆင်ရုပ်ကလေး ပိစိညှောင့်တောင် ပါသေးပါကော"

"အေးလေ ... သူ့မြေးသူချစ်လို့ပေးတာ ဘာဖြစ်တုံးဟ။ ဘာလဲ ... အသားလိုလို့ အရိုးတောင်းလုပ်ပြီး နင့်အတွက်များ ဟိုဟာ ဒီဟာဝယ်ပေးဖို့ သွားပူဆာပြန်ဦးမလို့လား။ အားမနာလျှာမကျိုး မလုပ်မိစေနဲ့နော်။ ကိုယ်ခွဲ အိမ်ထောင်ခွဲဆင်းလို့ ကလေးနှစ်ယောက်အမေ ဖြစ်နေပြီ။ ကိုယ့်ကိုယ်ကိုယ် ဆယ်ကျော်သက်အုပ်လုံးသိမ်းကလေး ထင်မနေနဲ့ဦး။ ကျောင်းအစ်မ"

"ကြည့် ... ပြောပစ်လိုက်ပြီ။ တစ်လုံးတစ်ခဲ သောက်တလွဲကြီး နင့်သား ဖိုးကံဆောင်က ပြောပါတယ် ဆိုနေမှပဲ"





"သြော် ... အေး ... အေး ... အသေးလေးက ဘာတဲ့တုံး"

"သူ့အဘိုးလေးက သူ့အတွက် ဝယ်မလာခဲ့လို့တဲ့တော်ရေ့။ စိတ်ကောက်နေလေရဲ့။ အဲဒါ ဈေးကုန်းထဲက ဦးလေးဟန်ဝင်းသမီး မဝင်းတို့ဆိုင်မှာ အင်္ကျီ ဘောင်းဘီ လုတာလေးတစ်စုံလောက်နဲ့ ကလေး ကစားစရာ သင့်မယ့်ဟာလေးတစ်ခုလောက် ဖြေးဝယ်ပေးလိုက်ချေဦး"

"အင်း ... အဲဒါတော့ ကလေးက စိတ်ကောက်မယ်ဆိုလည်း ကောက်ချင်စရာဟ။ ဟိုဘက်ဒီဘက် အဘိုးအဘွား တစ်စုံစီရှိကြတာ။ ဘာကလေးပဲလုပ်လုပ် အကြီးကောင်ပဲ သူတို့စိတ်ထဲရှိကြတယ်။ အဝတ်အစား၊ ကစားစရာ၊ စားစရာ ဘာပဲဖြစ်ဖြစ်ပေါ့။ ပေါက်စနရဝသမိုးလို ချည်းလုပ်နေကြတာ။ အငယ်လေးအတွက်ဆို ကွက်ကျန်ရင်ခဲ့ပြီ။ ပြောမပြောလိုက်ချင်ဘူး"

"ကဲပါ ... ကျော်မင်းရယ်။ သွားချေစမ်းပါ မြန်မြန်ကလေး။ မနေ့ညကကိုပဲ တစ်ညလုံး အိပ်လိုက်ရတယ်မထင်ပါဘူး။ မေးခနဲ အိပ်ပျော်မယ်ကြံလိုက်၊ ဟော ... လာပြန်ပြီ အိပ်မက်ထဲ။ ပြောလိုက်ချည် ဒီအကြောင်း။ ငါတော့ ငုတ်တုတ်မိုးလင်းခဲ့ရတာဟဲ့"

"အေး ... အေး ... သွားလိုက်မယ်လေ။ နို့မဟုတ်ရင် ဒီကနေ့ည ငါ့အလှည့်ဖြစ်နေဦးမှာရယ်။ ကဂျီကဂျောင်နဲ့ နားကျီပူတိုက် တတ်တဲ့နေရာမှာတော့ အသေးလေးက ဝိတ်ပဲပေါ့။ ကိုင်း ... ပြောနေကြာတယ်။ အခုပဲ သွားပြီ"

ကျော်မင်းက အိမ်ရှေ့ဗီရိုထဲ၌ ထန်းချော်ဖာကလေးဖြင့် တသီးတသန့် တယုတယသိပ်ထားရသည့် 'ကံဆောင်'ခေါ် သူတို့ရင်သွေး 'သားခြောက်'ကလေးကို ချစ်စနိုး မျှော်၍ကြည့်လိုက်မိသေး၏။ ပြီးမှ ဖုတ်ဖက်ခါ ထ,သွားသည်။

သူ့ရင်တွင်း၌ သူတို့အဖို့ အကျိုးပေးကောင်းလှသည့် သည်သားကို မျှော်လင့်အားကိုးစိတ်ထက် ဘဝကြမ္မာနဲ့ချာလှသည့် သူ့ခမျာ ကလေး၏ ထူးဆန်းထွေလာနေရှာရပုံကိုသာ တွေးတွေးပြီး ရင်ထဲမချိလှပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကံဆောင်'ကလေး မွေးလာပြီးနောက် ကျော်မင်းတို့၏ စီးပွားရေး အုံ့ညြဖွယ်ကောင်းလောက်အောင် ဒီရေအလား စည်ပင်လာပုံကိုကား ရွာက လေးကပင် ပတ်တုတ်မနိုင် ဩချယူကြရသည်။ ရပ်သိရွာသိ။

"အဖေ၊ အမေ ... ထိထိုးပါဦး"

ဟု ကံဆောင်ကလေးက အိပ်မက်ပေးသဖြင့် ထိထိုးသည့်အခါ တိုင်း အောင်ဘာလေဆု အကြီးအသေး လေး၊ ငါး၊ ခြောက်ကြိမ် ဆက်တိုက် ကြီးပေါက်ခဲ့ပြန်ရာ မြိုင်ထွေးတို့ 'မြခွာညို' ထိဆိုင်ကြီးကပင် အခြောက် တိုက် ဇာတာစန်းလင်တွေ အတက်ကြီးတက်၍ ရောင်းအားမြင့်လာခဲ့သဖြင့် အစိုးရဆုငွေအပြင် မြိုင်ထွေးကြီးတို့က တသီးတသန့် ကလေးမုန့်ဖိုးဟု ငါးထောင်မျိုး၊ တစ်သောင်းမျိုး ဖွတ်ပေး သွားတတ်သေး၏။

ယာထဲက ပြောင်းခင်း၊ နှမ်းခင်းတွေ အောင်သည်။

လယ်ပြင်က စပါး၊ ကြက်သွန်၊ ပဲ၊ ငရုတ် စိုက်သမျှ ပျိုးသမျှ ဆေးစက်ကျရာ အရုပ်ထင်၍ လာဘ်ဦးရွှင်လှ၏။

သည်အထဲ ကံဆောင်ကလေးက အိပ်မက်ပေး၍ ရွာအလယ် မန်ကျည်းပင်အိုကြီး မြစ်ပျဉ်းအောက်ကို တူးကြဖော်ကြရာမှ ထန်းရည် မြူအိုးသာသာ စဉ့်အိုးလုလုကလေး အဖုံးအပိတ်နှင့် ရှေးဟောင်း ရွှေဒင်္ဂါးတွေ ရခဲ့လေသေးသည်။ ရွာလုံးကို ဆူကရော့။

ကံဆောင်ကလေး သိတတ်လိုက်ပုံက သည်မျှပဲတဲ့လား။

တစ်ဆင့်တစ်ဆင့်တက်ပြီး မည်သို့မလုပ်နှင့်၊ မည်သည်ကို မရောင်း မဝယ်နှင့်၊ မည်သည့်ပစ္စည်းကို ဝယ်သိမ်းထား စသည်စသည် အိပ်မက်ပေး၍ ခဏခဏပြောပြတတ်သည်။

သူပြောလျှင် ပြောသည့်အတိုင်း တစ်ဆံချည်မလွဲခဲ့။ ချက်တိုင်းမှန် ထိတိုင်းမှန်သည်။ သည်တော့ သူ့အမေ ပြုံးရည်မပင်လျှင် သူ့အိမ်သူ့ယာမှ ပင်တစ်ရွှေ့မရွှေ့ရဘဲ ရွာကလေး၏ စီးပွားရေးအတိုင် ပင်ခံကြီးလို ဖြစ်နေ တော့သည်။ ပြုံးရည်ခြေအလှုပ်လက်အလှုပ် စောင့်ကြည့်၍ သူတို့မတ်ပဲ ကြလျှင် လိုက်ကြသည်။ သူတို့က ပဲစဉ်းငုံတဲ့ဆို တစ်ရွာလုံး ကျီတွေ၊ ပုတ် တွေထဲ ပဲစဉ်းငုံအပြည့်အသိပ် ထည့်လှောင်ကြ၏။ "ကြက်သွန်နီတွေ ဈေး





တက်ရိပ်ရှိတယ်။ မလွှတ်ကြနဲ့ဦး"ဟု ပြုံးရည်နှုတ်က စကားဟ,လျှင် သည် ရွာတွေဘက် ဝယ်လက်ကုန်လှောင် ပွဲစားတွေ မသိလေနှင့်တော့။ ငွေထုပ် ကြီးပိုက်ပြီး လက်ချည်းဗလာ ပြန်ရမည်သာမှတ်။ "နှမ်းဖြူဈေးက ဒါအမြင့် ဆုံးပဲ။ ဖွတ်ကြီးကိုင် မထားနဲ့တော့"ဟုဆိုကာ နောက်တစ်နေ့ မန္တလေး၊ ကျောက်ဆည်တက်၍ နှမ်းရောင်းတောင်သူတွေ ကူကယ် ခေါ်ကယ်၊ ပြုံးရည်မ အခါပေး လေသမျှ ကွက်တိအံဝင် ချောချောမောမောတွေချည်းဖြစ်၍လည်း အမည်က ဟီးနေအောင် ထလာ၏။

"သားသားပြောမယ် အမေ။ သားတို့အိမ်ကို ဝင်ဝင်နေတဲ့ ဟို ဘကြီးကို သားသားမကြိုက်ဘူး။ ဟိုအမယ်ကြီးကလည်း မကောင်းဘူး။ သူတို့ကို မပေါင်းနဲ့နော်အမေ"ဟူ၍တစ်မျိုး၊ "မင်းရဲမြောင်းထဲက ရေနီ ညစ်ပတ်ပတ်တွေနဲ့ ဒီကနေ့ရေမချိုးပါနဲ့ အမေရာ။ အမေဥပဒ် ဖြစ်လိမ့်မယ်" ဟု တစ်နည်း အမျိုးစုံအောင် အိပ်မက်ပေးတတ်လား ပေးတတ်၏။

မယုံ၍ဟု အတွန့်တတ်ကာ မျက်စိစုံမှိတ်ပြီး ခမ်းမကြည့်လိုက် နှင့်။ 'ဗေထိ'ဆိုသည့် ပတ်မသံမကြားလိုက်ရခင် ကွဲပြီဟူ၍သာ မှတ်ပေ တော့ဟူ၏တည်း။

သားခြောက်က မပေါင်းဖို့ တားမြစ်ထားသည့် နတ်ကတော် က ဒေါ်သီး မရွှေကြည်ကို အားတောင့်အားနာ ရှိလွန်းလှ၍ အဝင်အထွက် ကလေး ခံမိပါသည်။ ဘာကြာတုံး။ ရက်တစ်ပတ်ပင် မခံလိုက်။ ပြုံး ရည်မ၏ အသစ်လက်ကောက်တစ်ရံကို ရွှေရည်စိမ်ဦးဖိုးချမ်းတွေနှင့် အလဲအထပ်ပြု၍ သွားသည်ကို ခံလိုက်ကြရသည်။

ထိုသို့သာပင် နွားပွဲတကာလှည့်နေသည့် နွားကုန်သည် လက်သစ် အောင်ကြောင့်လည်း ကျော်မင်းလက်သပ်မွေး ရွှေမတို့ နွားတဥ သားအမိ နှစ်ကောင်တွဲ ပိုးခနဲပက်ခနဲ ဆုံးရှုံးလိုက်ရဖူးသေး၏။

ကံဆောင်ကလေးက အိပ်မက်ပေး၍ ဖွတ်ထားနေသည့်ကြား ကလာ မနေနိုင်မထိုင်နိုင် ဆတ်ဆော့လျက် မင်းရဲမြောင်းထဲ အရဲကိုးကာ ရေချိုးဆင်းခဲ့မိရာ အပူရှုပ်သဖြင့် ပြုံးရည်မ အိပ်ရာထက်တွင် ခွေခနဲ ခွေခနဲ ပိုးလိုးပက်လက် လန်လဲခဲ့ရဖူး၏။ ကံသီပေ၍ မမာနိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်မှာ တစ်လကိုးသီတင်း။ နောက်ဆုံး သားတော်မောင်၏ အိပ်မက် အရပ်ဆိုကာ ညောင်ဘောကျောင်းသံဃာကုန် ဆွမ်းပင့်ကပ်လိုက် တော့ ပင် ထူထူထောင်ထောင်ကလေး ဖြစ်ရရှာတော့သည်။

“အမေရယ် . . . အမေရယ် . . . သားသားအစ်ကိုကိုတော့ အမေ တို့က အင်္ကျီသစ်သစ်၊ ဘောင်းဘီသစ်သစ်၊ ဖိနပ်သစ်သစ်နဲ့ ရွှေဆွဲကြိုး လှလှကလေးတွေ အများကြီးဝယ်ပေးထားတယ်။ သားသားမှာတော့ တစ် လာလည်း ဒါတွေ ဒါတွေချည်းပဲ”

သည်လိုလည်း ပူဆာဂျီကျတတ်သေး၏။

သူ့အထက်ကောင် ကံချွန်ကို အဝတ်အစား အသစ်အဆန်း ဝယ်ပေးသည့်အခါတိုင်း သူကလေးအတွက်လည်း ပါမှ ကျေနပ်တတ်သည် သို့မဟုတ်လျှင် ကျော်မင်းနှင့်ပြုံးရည်မတို့မှာ ‘အိပ်ရေးပျက် မျက်ချေးထွက် ကိန်း အလိုလိုဆိုက်ရတော့၏။ ခုနင်ခု အိပ်မက်ပေး၍ မဆုံးတော့။

အသန့်အပြန့် ကြိုက်တတ်လိုက်ပုံမှာလည်း အလွန့်အလွန်။

‘သားခြောက်’ဟု ဆို၍ လက်လေးဆစ်သာသာခန့်ကလေး ရှိသည် မှန်သော်ငြား သူများတကာတွေကို ပုံမှန်မျက်နှာသစ်၊ ရေမိုးသန့်စင်၊ အဝ အစားလဲလှယ်၊ ချေးဝတ်သေးဝတ် ပုံမှန်လဲပေးရတတ်၏။ ရာသီပူလျှ ပူသည့်အလျောက်၊ ရာသီအေးကလည်း အနွေးထည် ကလေး၊ ဆွယ်တာ ကလေးကအစ ခေါင်းစွပ်၊ ခြေစွပ်ကလေးတွေအဆုံး “သားသားရေ . . . နွေးနွေးဝတ်မယ်”ဟု သေသေချာချာ ပြကာသကာ ထားပေးရတ သည်။

ရာသီဥတု ခြေခင်းလက်ခင်းသာယာလျှင် သူနေရင်းနေရာ အိမ် ဗီရိုကလေးထဲမှထုတ်၍ အိမ်ရှေ့ကပြင်၌ ချသိပ်ပေးထားရသည်။ စံပယ် သပြေပန်း၊ သဇင်ပန်း၊ ခေါင်းတလိပ်ပန်း စသည့် ရနံ့သင်းသင်း ချိုချို မွှေးပန်းရနံ့လေးတွေကို သင်းကလေး လွှတ်ကြိုက်တတ်၏။

နံနက်၊ ညနေ ထမင်းကျွေးချိန်၌ ထမင်းနှင့်ဟင်းအမယ် ပန်းကန်ကလေးတွေထဲထည့်။ “သားသားရေ . . . ဒီမှာ သားလေ ထမင်းနဲ့ဟင်းကွယ့်။ မဝသေးရင် အိုးထဲမှာ ယူသာစား။ တို့ဟူး





ကလေးလည်း ကျန်သေးတယ်။ သားလေးကြိုက်သလောက်သာစား”ဟု ချော့မြှူကျွေးရတတ်စမြဲ။

သားဟင်းငါးဟင်းလည်း မစားရေးချမစား။

အသက်သတ်လွတ် အသီးအရွက်ချည်းသာ စားတတ်ရှာသည့် တကယ့်ဝမ်းတွင်းပါ သနွဲ့ကောင်းသူကလေးဖြစ်၏။

သားအကြီးကောင် ကံချွန် ငါးတန်းအောင်သည့်နှစ်။

သူတို့ညီအစ်ကိုတစ်တွေကို ခြိမ့်ခြိမ့်သည်း ရှင်ပြုအလှူကြီးပေး ခဲ့သည်။ ကံဆောင်ကလေးကပါ ရှင်သာမဏေလုပ်ချင်သည်ဟု သူ့အဖေ ကျော်မင်းကို ဖွတ်အတင်းပူဆာ၍ သူ့အတွက်ပါ သင်္ကန်းပရိက္ခရာအစုံ ထည့်ဝယ်ရလျက် ဆံချ၊ ကိုရင်ဝတ်၊ ရှင်မယ်ခံ စသည်စသည် ရှင်ပြုကိစ္စ ဝေယျာဝစ္စများ၌ သူ့ထန်းခေါက်ဖာကလေးက ကန့်လန့် ကန့်လန့် နေရာတကာ ပါလေရာငပိချက် ဖြစ်ခဲ့သည်။ ရွာကလေးကပင် သဘောအကျကြီးကျလျက် ပြုံးစေ့စေ့ဖြင့် ကြည့်ခဲ့မြင်ခဲ့ရသောဟူ၏။

ကျော်မင်းတို့၊ ပြုံးရည်တို့ လင်မယားမှာလည်း အိမ်ပိုင်မြေပိုင် တွေဖြစ်လျက် ရွာလယ်မှာ အိမ်ကြီးရခိုင်နှင့် တင့်တောင့်တင့်တယ် အခြေ ကျခဲ့ကြပြီ။

အိမ်မကြီးရှေ့၌ တစ်ဖက်ရပ် အဖီဆွယ်ကလေး သပ်သပ်ခပ်ခပ်ချ ကာ ကုန်မျိုးစုံဆိုင်ကလေးပင် ရွှင်ရွှင်ပျပျ ခိုင်ဖြိုးလျက် ရှိနေတော့၏။

သည်တော့မှပင် . . . .။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၅]

❑

'ဝါးကိုဖျက် ဝါးမျက်၊ ရှင်ကိုဖျက် ဓဇဂ်၊ လူကိုဖျက် အရက်'တဲ့၊ အစရှိ အနှောင်နှောင်၊ အရက်ကလေး နှုတ်ခမ်းဆွတ်လျက် အရာမဝင် ဝင်အောင် လူလုံးပြခဲ့မိရာမှ ကျော်မင်းအရက်သောက်တတ် လာခဲ့ခြင်း ဖြစ်သည်။

အဲ ... ကြိုက်တတ်လာသည်ဟုပြောမှ ဒက်ထိမှန်မည် ထင်၏။

စီးပွားက ဒီရေလိုတက်၊ ငွေစကြေးစကလေး ရွှင်လာလေ၍ရွာ အရေး ရပ်အရေးများ၌ တွင်ကျယ်နေရာရလာသည်။

အလှူ၊ မင်္ဂလာဆောင်၊ ဘုရားပွဲကျောင်းပွဲမှန်သမျှ သံဃာစင်မှာ နေရာယူကြရသည့်အထဲ ပါမှန်းမသိ ပါလာခဲ့၏။ ရွာ့မျက်နှာဖုံးဆိုကိုး။

နဂိုစိတ်ရင်းကပင်လျှင် ကုတ်ကုတ်ကပ်ကပ်မရှိသူမို့ လူမှုရေး၊ သာရေးနာရေးတွေမှာလည်း လက်မနှေး။ 'ရှေ့အင့်' ဟု ပိုးခနဲ ပက်ခနဲ ကျတတ်သည်ချည်း။





အထူးသဖြင့် ငယ်ပေါင်းကြီးဖော်တို့၏ ထန်းရည်ဝိုင်း၊ အရက်ဝိုင်းတို့၌ ကျော်မင်းက ဒိုင်ခံသူတကာတော်ရေမြေ့ရှင်။ ဘဝကံမတူ၍ နွမ်းနွမ်းပါးပါးရှိရရှာသူ သူငယ်ချင်းတစ်တွေကို တခဏ်ဖြင့် စိတ်ကလေး ချမ်းသာစေ့ချင်သည်။ ပျော်စေ့ချင်သည်။ ထိုသည့်စိတ်အခံတွေကြောင့် သောက်စမ်းဟဲ့၊ စားစမ်းဟဲ့၊ မချို့တဲ့စေရအောင် ပြုစုဖြစ်ခဲ့၏။

အခြွေအရံအသင်းအပင်း သောက်ဖော်စားဖက်တွေသာ တစ်မျက်နှာက တစ်မျက်နှာ လူပြောင်း၍ သွားရချိမ့်မည်။ တစ်ပင်တိုင်မင်းသားကြီး ကျော်မင်းကား ရွာရှေ့ထန်းတောနှင့် ကြီးတော်တင်ရဝဲ့၊ ဘဒွေး တင့်တို့ ချက်အရက်ဆိုင်မှာချည်း ဟိုကူး၍သည်ပြေး ရွာဆော်ကြီးခွေး လုပ်လျက် မထတမ်း ညည့်ခံကောင်းနေခဲ့ပြီ။

"အဖေ ... အဖေ ... အဲဒီအရက်ဆိုတာကြီးကို မသောက်စမ်းပါနဲ့ အဖေရယ်။ နံက နံပါဘိသနဲ့။ သားသားမကြိုက်ပါဘူး။ အဖေ စိတ်တိုင်းကျ ကုန်ချင်သလောက် ကုန်ပေ့စေ။ လှူစမ်းတန်းစမ်း၊ ကျွေးစမ်းမွေးစမ်း၊ စားစမ်းသောက်စမ်းပါ အဖေရယ်။ အဖေသုံးသမျှ သားသားရအောင် ရှာပေးပါမယ်။ အဲဒီအရက်ဆိုတာကြီးကိုတော့ လုံးမသောက်ပါနဲ့တော့နော်"

ကြာပြီ။ ကြာလေလှခဲ့ပြီ။

ထန်းရည်ဝိုင်း၊ အရက်ဝိုင်းတွေမှာ ကျော်မင်းစက်ကျလာပြီ ဆိုကတည်းက ကံဆောင်ကလေးက ဖီဖီခါကန့်ကွက်ခဲ့ခြင်း ... တဲ့။

ပြုံးရည်မကလည်း ချော့တစ်မျိုး ခြောက်တစ်ခါ တားခဲ့ရှာပါသေး၏။ ကံဆောင်ကလေးအောက် 'မယ်ခွေ'နှင့် 'ရွှေမန်း' အငယ်နောက်တိုးကလေးနှစ်ကောင် ထပ်မံပွားစည်းခဲ့သေးပြန်ရာ သည်မိသားစုကလေး၏ရှေ့ရေးကို ဘမ်းပြ၍လည်း နားချကြည့်ခဲ့မိသေးသည်တဲ့။

မရ။ လူက အရက်ကိုသောက်သည့်အဆင့်ကိုကျော်၍ အရက်က လူကို တမြည့်မြည့် ကိုက်စားဝါးမျိုသည့် စာရင်းထဲ ခဲတံတို့ တံတွေးတို့၍ မှတ်စရာမလိုဘဲ ကျော်မင်းတို့က ရှေ့ဆုံးရှေ့ဖျားက ဗွေဆော်ဦးပါသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အသောက်အစားကိုသာ ဦးဖွန်းဖက်က တမ်းတမ်းစွဲဖြစ်နေသည့် ဘဝသို့ရောက်၍ ထမင်းမေ့ဟင်းမေ့။

''အမေ ... အဖေက ဒီလိုပုံကြီးအတိုင်း ပြောမရပြုမရ အရက်ချည်းပဲသောက်နေမယ်ဆိုရင်တော့ ဒီအိမ်မှာ သားနေလို့မရတော့ဘူး အမေ။ သားနဲ့အရက် ဘယ်ဟာကိုရွေးမလဲ။ အဖေနဲ့အမေတို့ တစ်ခုခုကို ရွေးရတော့မယ်အမေ။ နောက်တစ်ကြိမ် အရက်နံ့တွေမွှန်ထူနေတဲ့ ကိုယ်ကြီးနဲ့ အရက်တွေ လူမှန်းသူမှန်းမသိ မူးရူးနေတဲ့ မျက်နှာကြီးနဲ့ သားကို လာထိလာကိုင်ရင် အမေ ... အဲဒီနေ့ဟာ သား ဒီအိမ်က အပြီးပိုင်ထွက်ရမယ့်နေ့ပဲ။ သား ... အမေတို့၊ အဖေတို့ ဒီအစ်ကို၊ ဒီညီ၊ ဒီညီမတွေနဲ့ မခွဲပါရစေနဲ့ အမေရယ်။ အဖေ့ကို ရအောင် ပြောပေးပါနော်။ နော် ... အမေ''

ပြုံးရည်မခမျာ မျက်ရည်နှင့်မျက်ခွက်။

သားခြောက်ကလေး ကံဆောင်ကလည်း အန္တိမစကားကို ရေဖိတ်စပါး ဥာန်ကုန်အောင် ဆိုခဲ့ပြီ။ သူ့ဘဝနှင့်သူ့အကြောင်း။ ဘယ်လိုကံ ဘယ်လိုကြမ္မာမျိုးတွေ ဖန်လာခဲ့မှန်းလည်း မည်သူမျှမသိ။ တစ်ခုပဲရှိသည်။ ရှေ့ရှေ့က သူ့စကားတွေတည်သလို သည်အခါများ အဟုတ်တကယ် ကော်ထေတည်ခဲ့လျှင် ...။

နှစ်ဖက်မိဘတွေသာမက ရွာကလေးဝယ် ကိုးကွယ်ရာ နေရင်ဘောကျောင်းဆရာကြီး ဦးစန္ဒိမာ (ဆရာတော်အားထိ) ဆီအထိ သည်အပူမီးကြီးက စွတ်စွတ်စွတ်စွတ် ခြေထောက်ပေါက်၍ ရောက်သွားတော့၏။ သက်ဆိုင်သူ အဆွေအမျိုးတွေနှင့် ရွာကလေးပင် ညှိုးညှိုးငယ်ငယ် မျက်စိမျက်နှာ မသာမယာ။

''အသေဝနာစဗာလာနံ ... တဲ့ကွ။ ပါရမီ အထုံအဆက်ကြီး ရှိတဲ့ သူတော်ကောင်းမှန်ရင် မသူတော်သီလကြောင်တွေနဲ့ ခတ်မတည်တတ်တာဟာ သဘာဝပဲဟ ကျော်မင်းရဲ့။ မင်းရုပ်မင်းရည်ကိုလည်း မှန်တစ်ချပ်တောင်းပြီး မင်းပြန်ကြည့်စမ်း။ လူရုပ်ပေါက်သေးရဲ့လားလို့ တခြားမကြည့်နဲ့။ မင်းအိမ်ကခွေးရန်လုံတောင် မင်းကိုမသတီ၊ မခန့်ညားတော့





ဘို့ ဟိုနေ့ညကပဲ ပြန်ခံကိုက်လိုက်သေးရဲ့မဟုတ်လား။ ကဲ ဒီတော့ လူဆိုတာ မိုက်ချိန်တန် မိုက်သလို ကောင်းချိန်တန်လည်း ကောင်းအောင်ကြိုးစားရတာပဲ ဟကောင်ရ။ ခန္တီမဂ်လာဆိုတာ မကောင်းဟဲ့အရာ၊ မနှစ်မြို့ဖွယ်ရာ ကိစ္စတွေကို သည်းခံရတာ ရှောင်ကြဉ်ရတာမျိုး။ ကာရားရချိန်တန်တဲ့အခါ ယစ်ထုပ်ကြီးလုံးလုံးဖြစ်တဲ့ သတန္တိအမတ်ကြီးလည်း တစ်ထိုင်တည်း၊တစ်ခဏထဲမှာ အကျွတ်တရားရ၊ ရဟန္တာဖြစ်ရ။ လူဆိုးကြီး အင်္ဂုလိမာလတောင်မှ ဘုရားရှင်ရဲ့သာသနာမှာ အကျော်ဒေးယျ ရဟန္တာအရှင်မြတ်ကြီးဖြစ်သေးရဲ့မဟုတ်လား။ အသက်နဲ့သီလ ဘယ်ဟာရွေးမလဲ။ ရဲရဲမေးပြီးသီလကြီးရွေးလိုက်ပေတော့ ... ဟုတ်ပလား။ အရက်ကို နွှာက တောင့်တလာခဲ့ရင် ဟောဒီမှာ ခတ်တော့တောင်က ရေဆူဆရာတော်အရှင်မြတ်ရဲ့ ဆိုတ်မေတ္တာရေ။ အဲဒါကို သာသောက်''

တစ်ညသား ကပ္ပိယကြီး ဖိုးသံချောင်းကို အဖော်ပြု၍ ကျော်မင်းတို့အိမ်အရောက် ကြွလာခဲ့လျက် သည့်နှယ်ဆုံးမင်နဲ့ကြား၍ ပရိတ်ရေကို ချီးမြှင့်၊ အန္တရာယ်ကင်းပရိတ်ကိုပင် ရွတ်ဖတ် သရဇ္ဈာယ်ပေးတော်မူခဲ့သေး၏။ သတင်းကြားနှင့် ရွာလူကြီးတွေ တရမန်းကြမ်းပေါက် ချလာကြတော့ ဆရာတော်ကြီးပြန်ကြွသွားခဲ့ပြီ။

နှစ်ရက်၊ သုံးရက်ခန့် ကျော်မင်း ခြေငြိမ်သည်။ အိမ်ကပ်သည်။ အတိမ်မြဲသည်။ ဆရာတော်ကြီးချီးမြှင့်ခဲ့သည့် ပရိတ်ရေပုလင်းကို တင်းတင်းဆုပ်ရင်း သူရာမေရိယသိက္ခာပုဒ်ကို တည်အောင်၊ လုံအောင် ဖွတ်တင်းခံနေ၏။

သည်လိုနှင့် .... လေးရက်မြောက်နေ့ည သန်းခေါင်ကျော်နီးပါးအချိန်ကြီးကျကာမှ ပြုံးရည်မ၏ မချိတင်ကဲ ခုနစ်သံချီငိုသံနက် ကျောကျောကြီးကို ရွာကလေးက နှလုံးမသာဘဲ မဆန့်မပြဲကြီး ကြားလိုက်ကြရ၏။

''သားရေ ... ကံဆောင်လေးရေ။ မင်းအဖေ ယစ်ထုပ်ကြီး မလိမ္မာလို့ အမေတို့ကို ခွဲသွားခဲ့ပြီလား သားရဲ့။ အီး ... ဟီး ... ဟီး ... ဟီး''

ကံဆောင်ဟူသည့် သားခြောက်၊ လူခြောက်ကလေးသည် ချက်ချင်းပင် ပုပ်၍ပွ၍ မခံမရပ်နိုင်အောင် အနံ့ဆိုးကြီးတွေ ဟောင်းခနဲ ထောင်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာလေတော့ရာ ကံတင်၊ ကျောက်ဖြူနီ၊ တင်မောင်၊ ညာတ်သိန်း၊ ကြ
ဆောင် စသည့် ကျော်မင်း၏ သူငယ်ချင်းတစ်စုက ညတွင်းချင်း ရွာသုသ
သို့ ခပ်သုတ်သုတ်သွားလျက် အရေးပေါ် မြှုပ်နှံလိုက်ရသောဟူ၏။

✿ ✿ ✿

[၆]

"ခင်ဗျားဟာက အရက် အလွန်အကျွံသောက်ရာက အသည်
ကျွမ်း (Cirrhosis of liver) ပြီး ရေဖျဉ်းစွဲနေတဲ့ လက္ခဏာပဲ။ ခင်ဗျ
အသက်ရှူနေပုံကြီးကိုကြည့်ရတာ အဆုတ်ထဲကိုတောင် ရေဖျဉ်းတွေ ရော
နေလောက်ပြီထင်ရဲ့။ မဖြစ်ဘူး ကိုကျော်မင်း။ မနက်ဖြန်ခါ ကျောက်ဆ
ဆေးရုံကိုသွားပြမှ ဖြစ်တော့မယ်။ ကျွန်တော်လည်း လိုက်လာခဲ့မ
ခင်ဗျားအိမ်ကပဲ ခင်ဗျားစောင့်။ ကျွန်တော့်ဆီက ဘကြီးသိန်းကို လာ
ခိုင်းလိုက်မယ်။ ဟုတ်ပြီလား ကိုကျော်မင်း"

ဆရာဝန်ကလေးက စိတ်မောလှစွာ ဆက်တိုက်ကြီးပြောခ
လိုက်သည်။ ဆရာဝန်ကလေးရင်ထဲ၌လည်း တစ်ခုခုက ဖိဖိစီးစီး ဆုပ်
ထားသလို တင်းတင်းကျပ်ကျပ် ကြိတ်ကြိတ်ခဲခဲကြီး။

ကျော်မင်းကို မြင်နေရသည်ကပင် ကြက်သီးထချင်စရာ ကောင်
၏။ သူ့ဝမ်းဗိုက်ကြီးက ကြောက်မက်ဖွယ် တင်းကားဖောင်း ပွလျ
ခြေတွေလက်တွေ အရောင်အဆင်းကမွဲ၊ အရိုးပေါ်အရေတင်။ အသားအရေ





သွားမရှိတော့သလို ဖြူစုပ်စုပ်။ တရုတ်မသာ နှုတ်ခမ်းသုတ်ထားဘိသို့ ဝါနှမ်း
း ရောဂါကျွမ်းပြီ။ ဆရာဝန်လည်း မကယ်နိုင်။ မိုးနတ်မင်းကြီးလည်း
ည့်သို့မျှမကယ်နိုင်။ လက်မှိုင်ချရတော့ မည့်ကိန်း ဆိုက်နေပြီမှန်း ဆရာဝန်
လေးက မေ့ခင်မမေးဘဲ အတပ် သိနေ၍ ကျော်မင်းကို 'ဘယ်လိုပြောရပါ့'
ားလုံးရှာမရဘဲ အကျပ်တွေ့နေခြင်းဖြစ်သည်။

သူအသက်ရှူနေပုံကြီးက တစ်ယောက်ယောက်ပဲ သူ့လည်မျိုကို
မွလာညှစ်ထားသလိုလို။ ခက်ခက်ခဲခဲ မောကြီးပန်းဟိုက်။ သူ့ကိုကြည့်
း အလိုလို ဆို့ကျပ်လာချင်မိ၏။

စီးပွားရေးကလည်း ကုန်းကောက်စရာမရှိအောင် ပျက်ပြီ။

သားခြောက်ကလေး ကံဆောင် ပုပ်ပွပျက်စီးသွားကတည်းက
ရှဟောပြိုကျလာလိုက်သည့် အိမ်အစီးအပွားမှာ မိုးပြို့လာသည်ကို
က်ဝါးကလေးနှင့် ကာထား၍ မရနိုင်သလိုပင်။ လယ်ယာချောင်းမြောင်း
တစ်တွင်းပြီးတစ်တွင်း၊ တစ်တောပြီးတစ်တော ဖြိုးခနဲဖြုတ်ခနဲ
ပြီ။ နေ့မြင်ညပျောက်။ နွားမခြံအပ်ထားသည့် နွားမတွေ ဟောတစ်
ဟောတစ်တွဲ မတန်တဆဈေးဖြင့် ရောင်းထုတ်ပစ်နေရသည်။ နေ့စဉ်
င်းဖိုးဟင်းဖိုးကလေးကို ရှာပေးနေသည့် အိမ်ဆိုင်ကလေးလည်း ပြုတ်

ကျော်မင်း၏ဆေးဖိုးဝါးခ၊ သံယောဇဉ်အမျှင်တန်းလျက် ရှင်ခန်း
တ်နိုင်သေးပဲ စွတ်ကယ်စွတ်ကယ်သောက်နေသည့် အရက်ဖိုး၊ ဥမမယ့်
မြောက် ဘုစုခရုသုံးကောင်ကိုပစ်၍ မျက်နှာလွှဲခဲပစ် ငွေရှာနိုင်သေးသည့်
ည်၏ နေ့စဉ်အိမ်စရိတ်တွေကို နှစ်ဖက်မိဘတွေက ဦးထမ်းပုံထမ်း မျှခံ
ကြရင်း ချို့ချို့ငဲ့ငဲ့ အသက်ဆက်နေကြရ၏။

တကယ်တူးတော့မှ ငွေတွင်းက တကယ်နက်လှဘိ။

ကံဆောင်ကလေးရှိတုန်းက ဝင်လာမစဲ တသဲသဲ ချွေတွေ ငွေတွေက
တိတ်ဆိတ်ဆိမ့်မှာ။ ယခုမူ စိတ်အေးလက်အေး ထမင်းကြင်းခဲ ယပ်ခတ်စား
ာင် အနိုင်နိုင်။ မဆရင်ကန် ကုန်နေရသည့် ဆေးဖိုးတွေက သူသုံးခဲ့
ခဲ့ဖူးသည့် သူ့ရာမေရိယဖိုးတွေထက် အပုံကြီးသာ နေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သေမင်းဆိုသည့် မောင်မင်းကြီးသားအလာကို ငုတ်တုတ်ပစ်ထိုင် စောင့်နေ သလိုကြီး ဖြစ်နေသည်။

"မနက်ဖြန် မနက်ခင်းပေါ့။ ဟုတ်လားဆရာ"

"ဟုတ်တယ် ကိုကျော်မင်း။ နေမရင့်ခင် ဆွမ်းခံပြန်ချိန်လောက် သွားလိုက်ကြရအောင်။ ကျွမ်းကျင်နားလည်တဲ့ ဆရာသမားတွေနဲ့မှ ထိ ရောက်ရောက်မကုရင် ခင်ဗျားဟာက တစ်နေ့ရွှေတစ်နေ့ငွေဆို သလိုကြ ရယ်"

"ဪ . . ."

သည့်ထက်ပို၍လည်း ကျော်မင်းမပြောတတ်၊ မပြောနိုင်။"

✿ ✿ ✿

[ ၇ ]

❑

"ကျော်မင်း"

ပြုံးရည်၏ တိုးတိုးဖွဖွခေါ်သံလိုလိုကြားလည်း မျက်စိက ရုတ်တ ဖွင့်၍မရ။ ရင်ဘတ်ထဲက နွမ်းရိ၍ မောနေသည်။ နှမ်းရိုးခြောက်၊ ပဲ ငုံရိုးခြောက်တွေ မီးပုံရှို့ထားသလို ပူလှလောင်လှချည့်။ အတွင်းကလီ ပဉ္စငါးပါးတွေ အကုန်ကျွမ်းခြစ်ပဲ့ကြွေကုန်ပြီထင်သည်။ အသက်လည်း ကော ကောင်းရှု၍မဝ။ နွေခေါင်ခေါင် နေပူကျိုးကျဲ ကျတ်တီးမြေပြောင်ပြောင်အ အရှင်လတ်လတ် ပစ်တင်ခံထားရသည့် ငါးပနော်တစ်ကောင်လို ဟစ်ဟ





"ကျော်မင်း . . . အိပ်ပျော်နေလား"

"အင်း . . ."

မပီမသ၊ မသဲမကွဲလေသံဖြင့် ပြန်ထူးလိုက်မိသည်ထင်သည်။

"သိလား . . . ကျော်မင်း။ ညက ငါအိပ်မက်, မက်တယ်။ သိ သား"

လုပ်လာပြန်ပြီ။ သူ့ကိုပြုစုရင်း ကလေးတွေ၏ နိစ္စဓူဝ စားရေး နေရေးတွေကို မျက်ကလူးဆန်ပြာ ရှာရင်းဖွေရင်းက တစ်နေ့တခြား ဆန်းပလပ်ခြောက် လိုက်လာနေသည့်ကြားထဲမှ ဘယ်အချိန်အိပ်၍ ဘယ် အချိန်မှာများ အိပ်မက်က မက်လိုက်ရပြန်သလဲ။ ရင်ထဲ နိုးနိုးခွေခွေ ရှိလွန်း သ၍ သူ့ချိုးရင်အုပ် ပိန်ကပ်ကပ်ကလေးအောက်သို့ ခေါင်းအုံး ညစ်ပေကို ခု ဆည့်ရင်းက ကျော်မင်းတွေးသည်။ 'အေးလေ . . . ခမျာ မှာပြည့်း သနားစရာ ဟု ရှာရှာဖွေဖွေ မဖြစ်စဖူး သူ့ဇနီးသည် ပြုံးရည်အပေါ် ကရုဏာစိတ်တွေ အဖွားဖွားဖိတ်လာယိုလာမိ၏။

"ဟဲ့ . . . ငါပြောတာများရော နားထောင်နေရဲ့လား"

"အင်း"

"ကံဆောင်ကလေးလေ . . . သားကလေးက အိပ်မက်ပေးတာ တဲ့"

အရှုံးမ . .။ အားအားရှိ ရှင်ဘုရင်ဖြစ်တုန်းက ရွှေထီးဆောင်း ခဲ့ရတာတွေကိုချည်းပဲ တမ်းတမ်းတတ။ တကယ်က သူ့သားတော်မောင် ကံဆောင်ကလေးကို လွမ်းစိတ်နှင့် စွဲနေတာလည်း ပါမည်။ ဖြူခါပြာခါ ကလျက် ပျားသားလက်ဆေးဖြစ်ခဲ့ရသည့် မနေ့တစ်နေ့က နေသာချိန် ကာလများကို ချေးခြောက်ရေနှူး သွားရည်ယိုချင်နေတာလည်း ပါကောင်း ပါမည်။ 'ဒီမိန်းမ . . . သင်းအကြောင်း ငါမသိတာမှတ်လို့' ဟုလည်း ကိုတ်တွေရင်း တစ်ဖက်ကို တကျွတ်ကျွတ်စုတ်သပ်၍ စောင်းလှည့်လိုက် မိ၏။

"အဲဒါ ကံဆောင်ကလေးကလေ . . . သူက လုပင်ဘား . . . တဲ့။ အမေ့ကိုသနားလို့ ခဏလာခဲ့တာ . . . တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် ..."

"ဟုတ်တယ် ...။ ကံဆောင်ကလေးက လူဝင်စား။ အ
ဘဝတုန်းက ရွာတောင်ချောင်ထဲက ဘကြီးဦးဖြိုးသာနဲ့ အကြော်သ
ဒေါ်ထူးတို့ရဲ့သား သာထူး ... တဲ့"

"မြတ်စွာဘုရား"

"ကျောက်မိုင်းကုန်းက 'ရွှေသိမ်တော်' ဘုရားပွဲမှာ ရွှေဘိုတင်မေ
ရုပ်သေးကြည့်ချင်ပွဲ ဒုတိယညမှာလေ။ တောမရွာက ဝင်းမြင့်တို့အုပ
ပတ္တာရွာထဲက မှတ်ကြီးတို့အုပ်တွေ ပွဲခင်းထဲ နေရာလုရင်း တုတ်တစ်ပြ
ဓားတစ်ပြက် ထ,အဖြစ်၊ ဘာမှန်းမသိဘဲ မီးစက်ကြီးတွေ ဖြုန်းခနဲ ပိတ်
လိုက်လို့ ရုန်းရင်းဆန်ခတ် ဝုန်းဒိုင်းကြဲနေကြတုန်း ဓားထိုးခံရပြီး သေသွာ
နင့်သူငယ်ချင်း သာထူးလေဟဲ့။ မှတ်မိလား"

"ဘုရား ... ဘုရား"

မျက်စိထဲ၌ အလင်းကွယ်သလို မိုက်ခနဲ ဖြစ်သွားရသည်။

ရင်တွင်းမှ အော်ဂလီဆန်၍ လှိုင်းကြီးတွေလို အလိပ်အလ
တက်လာ၏။ မခံမရပ်နိုင်။ လည်ချောင်းဝကို ဆန်၍ ပျို့တက်လာနေသ
မထိန်းနိုင်ဘဲ ခေါင်းထိုးအန်ချလိုက်မိတော့သည်။

"ဝေါ့"

"အမလေး ... သွေးတွေ ... သွေးတွေ။ အရပ်ကတို့ ..
ကယ်ကြပါဦး။ ကျော်မင်းရယ် ... ကောင်းပြီကောင်းရဲ့က ဘယ်လိုဖြ
တာတုံး။ ဘုရားကယ်တော်မူပါ"

ပွက်ခနဲ အန်ချလိုက်သည့် သွေးတွေထဲမှာ သာထူးကို ကျော်
မြင်လိုက်ရ၏။

✿ ✿ ✿

[၈]

❑

".ဟော့ကောင် ... ကျော်မင်း။ ဖိုးတုတ်တို့ ထန်းချည်ပိုင်းမှာမင်း
ကောင် သာထူးက ပြောနေသတဲ့"

"အေး ... ဘာတဲ့လဲ"

"ဒီနှစ်ဝါကျွတ်အမီ ပြုံးရည်ကို သူရအောင်ပိုးမတဲ့။ လူမစွမ်း
မြေ၊ သူပိုးလို့မှ မရရင် သူ့အဖေအမေကိုပြောပြီး လူကြီးမိဘတွေနဲ့
တောက်တောင်းရမ်းယူမတဲ့ကွ"

"ဟော ... ဒီကောင်ကွာ"

"အေးလကွာ။ မင်းနဲ့ ဒီလောက်ရင်းတဲ့ သူငယ်ချင်း။ လည်ပင်း
ဖက်ပေါင်းနေကြတာများဟာ။ မင်းနဲ့ပြုံးရည်မတို့ ရည်ငံနေကြတာကို ရိုး
နိုင်တိပ်ကလေးတောင် မဥပဒ်မိဘူးတဲ့လားကွ။ ဒီနွားက ..."

"တောက် ... ရိုင်းလိုက်တဲ့ အကောင်။ ငါကိုယ်တိုင်ပဲ သူ့ကို
ချိုးဟဲ့အကြောင်းဟဲ့ ဖွင့်ဟတိုင်ပင်ပြီး ဒီဝါအကျွတ် မင်္ဂလာဆောင်
ရင် လူပျိုရံလုပ်ပေးဖို့ ပြောခဲ့မိသေးတာ။ အဲဒီတုန်းကတော့ စကား
ဟာသော ခေါင်ခေါင်ခါးခါးတွေပြောပြပြီး ... အခုမှ"

"ဟင် ... ဟော့ကောင်။ ဒါ နောက်ကျောဓားနဲ့ ထိုးတာကွ။
ချမှ ဓားပြမှန်းသိ၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ' ဆိုသလို ဖြစ် နေ—



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ဒါ . . . ဖိုးတုတ်တို့ တောင်ချောင်က မသာတွေ ပိုင်းမြှောက်ပေး တာ
ဖြစ်ရမယ်။ တို့ရွာမြောက်ပိုင်းက ကိုညွှန့်မောင်သမီး စိန်ကြူကလေး က
တောင်ချောင်က ဦးကြီးပေါ်စံသား လှချော်နိုးပြေးတုန်းကလည်း သင်း
စနက်ပဲ။ ဆွေဂုဏ်မျိုးဂုဏ်၊ နေဂုဏ်နဲ့ အုပ်တောင့် တယ်ဟာဆိုပြီး တာ
ရေလျှံတာကွ။ မင်းငို့မခံနဲ့ ဟေ့ကောင်''

မျက်ဝန်းထဲမှာ မီးတွေတောက်နေသဖြင့် ခရေစေ့တွင်းကျ လ
ထောက်ချနေသည့် မော်စီတုန်းကိုပင် မမြင်မိတော့။ ရင်ထဲ၊ အသည်းထဲ
အူတွေထဲအထိ တုန်နေသည်။ ''သာထူးရယ် . . . မင်းက ဒီလိုကြေးတဲ့လာ
ဝါလိုကောင်ကိုမှ လာပြီး နားရွက်တံတွေးဆွတ်ရဲ ရတယ်လို့။ နေနှင့်ဦး
ထမင်းမုန်းအောင်စားနှင့်ဦး' ဟူသည့် အသံနက် ကြီးက သူ့ခန္ဓာကိုယ်ထဲ
မထွက်နိုင်ဘဲ အထက်အောက် စုန်ချည်ဆန် ချည် ဝဲလည်ခက်ပြေးနေခဲ့သည်
မည်သို့မျှ ဆောက်တည်မနိုင်။

ရွှေသိမ်တော်ဘုရားပွဲညက ပွဲခင်းထဲ ရုန်းရုန်းရင်းရင်း ပွဲလ
ကြစဉ်၌ သာထူးသည် သူနှင့်လက်တစ်ကမ်းအကွာမှာ။ မီးတွေ ရ
တရက် မှောင်ကြီးကျသွား၍ 'ကျော်မင်းရေ . . . သတိထားဟေ့။ ညီအစ်
မသိတသိဖြစ်ကုန်ပြီ။ ဒီလိုအချိန် အန္တရာယ်အများဆုံးဟ။ ကြိတ်ပုန်း
နေတဲ့ ရန်ငြိုးတွေ ဖြေကြရှင်းကြတာ ဒီလိုအခါမျိုးပေါ့ကွ။ ယောက်ဖ . . .
သတိမြဲပစေ' ဟု သာထူးက သူ့ကို ပူပူပန်ပန် သတိပေးမိအောင် ပေးလို
သေး၏။

ထိုသည့်နောက် . . .

မည်းမည်းညစ်ညစ် အာဃာတသွေးတွေ ပွက်ထလျှံလျက် သူ့စိ
ကိုသူမနိုင်နိုင်ပဲ ကျော်မင်းသည် . . . .

မည်သူမျှ ထင်ထင်လင်းလင်း မသိလိုက်ကြ။

ကျော်မင်းမှ လွှဲ၍လည်း တရားခံလက်သည်ကို ကိုယ်ကောင် ထ
ရှားကြီး မမြင်မတွေ့လိုက်ကြ။

'ကျော်မင်းရေ . . . ကျော်မင်းရေ' ဟု သူ့ကို တစာစာတ,ရင်း
သူ့လက်ပေါ်တွင်ပင် သာထူးဆုံးပါးခဲ့ရသည်။





ယခုမူ . . .

ကံဆောင်ကလေးသည် သာထူးဝင်စား ဖြစ်နေပြန်သေးသတဲ့။

''အလိုလေး . . . မြတ်စွာဘုရား''

✿ ✿ ✿

[၉]

❑

ထိုသို့ဖြင့် . . .

ကျော်မင်းသည် သွေးအန်ပြီး သွေးမထိန်းနိုင်ဖြစ်ကာ တစ်ချီတည်း
နှင့် အသက်ပါ ပါသွားတော့သည်။

ထူးထူးဆန်းဆန်း နောက်ဆုံးထွက်သက်ကလေး တစ်ရှိုက် အငင်၌
ကျော်မင်းနှုတ်က တ,သွားခဲ့သည်မှာ . . .

''သာထူး . . . ရေ'' တဲ့။ ။

မေတ္တာဖြင့်

**ဇေယျမင်းသျှင်**

ရည်ညွှန်း

ယုတ္တိဗေဒကို လွှန်သွားမှ ဂမ္ဘီရဟု ကန့်ကူလက်လှည့် ညွှန်ပြ
သော 'ဆရာ' သို့ . . .။

www.burmeseclassic.com

www.burmeseclassic.com



[၁]

အနောက်ရိုးမတောင်ပေါ်ရှိ 'ရပ်တော်မူ'စခန်းတွင် ဖြစ်သည်။

အချိန်က မိုးချုပ်စ။ ရိုးမပေါ်တွင်ဖြစ်၍ စောစီးစွာပင် မှိုင်းပျ ရီဝေနေသည်။ အေးစိမ့်၍လည်းနေသည်။ မီးဖိုကို မီးအဆက်မပြတ် ထည့်၍ ကျွန်တော်တို့ ဝိုင်းထိုင်နေကြသည်။ မီးဖိုတွင် တံစို့ထိုး၍ ကင်ထား သော အသားတွေရှိသည်။ မြို့မှလာကတည်းက ဝယ်ယူခဲ့သော အရက်ပုလင်း တွေကလည်း အစီအရီ။ ညနေစောင်းကတည်းက ဝိုင်းစ,၍ ထားခဲ့ကြသည်။ ယခုဆိုလျှင် ကျွန်တော်တို့မျက်နှာတွေမှာ အရက်ခိုးတွေ ဝေလျှံနေပြီ။ တလျှပ်လျှပ်လင်းလက်နေသော မီးရောင်တွင် ကျွန်တော်တို့မျက်နှာတွေ ကြေးနီရောင်တောက်လျှက်ရှိလေသည်။

'ရပ်တော်မူ'သည် တောင်ကုတ်–ပန်းတောင်း လမ်းမကြီးပေါ်မှ ဆားသို့ဖဲ့မောင်း၍ တောင်စွယ်ကလေးပေါ်သို့ တက်ရသည့်စခန်းဖြစ်သည်။ တောင်ကုတ်နှင့် ၁၈မိုင်ခန့်ဝေးသည်။ သာမန်အားဖြင့် လူသားအရောက် အပေါက်နည်းသည်။ တည်းခိုသူဟူ၍ ရှိခဲ့သည်။ တာဝန်အရ ခရီးထွက် လာကြသော အစိုးရဝန်ထမ်းများသာ တစ်ခါတစ်ရံရောက်သည်။ ယခု



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော်တို့သည် တောအုပ်ကြီးဦးသောင်းတင်ကို အမှူးထား၍ သူ့ကျွန်းစိုက်ခင်းကိုလေ့လာရင်း တစ်ညတာ စခန်းချနေ ကြခြင်းဖြစ်သည်။

စခန်းမှလှမ်းမျှော်ကြည့်လျှင် အဝေးတွင် အလှိုင်းအလှိုင်း တွန့်လျက် စိမ်းမှောင်ပြာရော်သွားသော တောင်တံတိုင်းအထပ်ထပ်ကို မြင်ရသည်။ အနီးတွင်ကား ဧရာမချောက်ကမ်းပါးကြီး။

တောအုပ်ကြီးထံမှ မှန်ပြောင်းကိုယူ၍ ကြည့်လိုက်မိသောအခါ သည်တောသည်တောင် သည်မျှကြီးကျယ်လွန်းစွတကားဟု တွေးမိကာ မိမိ၏ 'လူ'အဖြစ်ကို အားငယ်သွားသလိုလို ဖြစ်မိသေးသည်။

သို့သော် 'တောင်ကိုတွေ့လျှင် ဥမင်ဖောက်မည်။ မြစ်ကိုတွေ့လျှင် တံတားဆောက်မည်'ဟု ကြွေးကြော်နေသော ခေတ်ပေပဲ။ အားငယ်စိတ်ကိုချိုးနှိမ်၍ အရက်တစ်ခွက်ကို 'ဂွပ်'ခနဲမြည်အောင် မော့ချလိုက်ရသည်။

စင်စစ် 'ရပ်တော်မူ' ဟူသောအမည်မှာ ထီးမှုနန်းဟန် ကြွှာန်းဆန်လှသည်။ စေ့ငုကြည့်သောအခါ သမိုင်းဝင်အမည် ဖြစ်နေသည်။ ဘိုးတော်ဘုရားလက်ထက်၊ အိမ်ရှေ့ဥပရာဇာသည် 'မဟာမြတ်မုနိ' ရုပ်ပွားတော်ကို ပင့်ဆောင်လာခဲ့သည်မှာ ဤတောင်ကုတ်ပန်းတောင်း လမ်းမှဖြစ်သည်။ ရာဇဝင်စာအုပ်တွင် 'ဥယျာဉ်ပုကြောင်း'ဟု ဖော်ပြသည်။ ပင့်ဆောင်လာသော ရုပ်ပွားတော်မြတ်သည် ဤနေရာသို့ ရောက်သောအခါ ဆက်လက် ပင့်ဆောင်၍ မရတော့ပဲ 'ရပ်တန့်တော်မူ'နေခဲ့သည်ဟု အဆိုရှိသည်။ ထို့ကြောင့် ဤစခန်းသည် 'ရပ်တော်မူ'ဟု အမည်တွင်ခဲ့လေ၏။ သည့်ပြင် ဤရိုးမလမ်းပေါ်၌ ထိုစဉ်က အထိမ်းအမှတ်ဖြင့် အမည်တွင်ခဲ့သော စခန်းတွေရှိသည်။ တန်းလျားကြီး (တန့် ရပ်ကြည့်) စွပ်ပျက်၊ ဆင်လ လေလန် စသည်ဖြင့် ...။

ကျွန်တော်တို့ 'ဝိုင်း'ခဲ့ကြသည်မှာ အချိန်အတော်ကြာခဲ့ပြီ။ မှောင် လည်း မှောင်ခဲ့ပြီ။ အပြင်ဘက်မှာ ပိုးပုရစ်သံတွေ စီစီညံနေ၏။ ကြာတော့ ညည်းငွေ့လာသည်။ ကျွန်တော်သည် 'ကိုပြာ'၏ခါးကို လက်တို့ကာ စကား လမ်းကြောင်းသစ် ဖောက်ပေးလိုက်သည်။





"ကဲ ... ကိုပြာ၊ ကိုပြာကြုံတွေ့ခဲ့ရဖူးတဲ့ မုဆိုးအတွေ့အကြုံ တွေထဲက စိတ်ဝင်စားစရာကောင်းတဲ့ အဖြစ်အပျက်လေးတစ်ခုလောက် ပြောပြစမ်းပါ"

ကိုပြာသည် ဤစခန်းမှ နှစ်မိုင်ခန့်ဝေးသော 'မအဲလက်တံ' ရွာတွင် နေသည်။ သူ့ကို 'ရွာလူကြီး'ဟုပြော၍လည်း ရသည်။ 'တောင်အုပ်'ဟု ဆိုလျှင်လည်း ဖြစ်သည်။ စင်စစ်သူသည် သူတို့ချင်းအမျိုးသား မျိုးနွယ်စု၏ အုပ်စုခေါင်းဆောင် ဖြစ်သည်။ မုဆိုးခေါင်းဆောင်တစ် ယောက်လည်း ဖြစ်လေသည်။

ကိုပြာက လက်ထဲမှအရက်ကို မော့ချလိုက်ပြီး သွားတွေအကျဲ သားပေါ်အောင် ရယ်နေသည်။

"လုပ်ပါ ကိုပြာရဲ့၊ ကျွန်တော်တို့ ဗဟုသုတရတာပေါ့"

အဖွဲ့သားတစ်ယောက်က ဝင်၍ တိုက်တွန်းသည်။

အလွန်စကားနည်းသော ကိုပြာသည် ရယ်ကျဲကျဲဖြင့် ခေါင်းကို ခါတ်နေ၏။ အတန်ကြာတော့မှ 'မုဆိုးအတွေ့အကြုံက ဘာမှမထူးဘူး ဆရာရဲ့။ ကျွန်တော်လည်း ကောင်းကောင်းမပြောတတ်ပါဘူး၊ ပျင်းစရာကြီး"

"ဟင် ... ကိုပြာကလည်းဗျာ၊ လူတကာတွေမှာ အမဲလေး တစ်ကောင်ရတဲ့အကြောင်း ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေလိုက်ကြတာ။ ကိုပြာကျတော့မှပဲ တစ်သက်လုံး မုဆိုးလုပ်လာပြီးတော့ ဘာမှ မထူးဘူးတဲ့ ... အံ့ရော"

"အေးဗျာ ... သူ့အသက် ကိုယ့်အသက်လုနေရတဲ့ မုဆိုးအလုပ်ကိုတောင်မှ ကိုပြာက ပျင်းစရာကြီးတဲ့ဗျာ"

"အမဲပစ်တဲ့အကြောင်း မပြောချင်ရင်လည်း တင်ခုခုပေါ့ဗျာ။ ကိုပြာတို့ မျိုးနွယ်စုအကြောင်းဖြစ်ဖြစ်ပေါ့။ ကျွန်တော်တို့ မှတ်သားရအောင် ပြောစမ်းပါ"

"ဟုတ်တယ် မောင်ပြာ၊ မင်းတစ်ခုခုပြောစမ်းပါ။ ဟိုမှာ ဟင်းကလည်း မကျက်သေးဘူး။ သောက်ရင်း စားရင်းပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ကြီးကပါ ဝင်ပြောသောအခါ ကိုပြာ တစ်ခဏမျှ ငြိမ်သက်သွားသည်။ တစ်စုံတစ်ခု အတွေးနက်နေဟန်လည်း ရှိသည်။ နောက်ဆုံးတွင် ကိုပြာသည် ပြောစရာအကြောင်းအရာ ရှာဖွေတွေ့ရှိ သွားပုံရသည်။ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

"ဒီလိုဆရာ … အမဲလိုက်တဲ့အကြောင်းတော့ မဟုတ်ဘူး။ ဒါပေမဲ့ မုဆိုးတစ်ယောက်ရဲ့အကြောင်းပါ။ ဆန်းတော့ တော်တော်ဆန်းတယ်။ အဲဒါ ကျွန်တော်ပြောပြမယ်၊ နားထောင်မလား ဆရာတို့"

"ထောင်မယ်ကွာ … ရော့၊ မပြောခင် တစ်ခွက်လောက် ဆော် ထည့်လိုက်ဦး"

တောအုပ်ကြီးက ကိုပြာ့ခွက်ထဲသို့ အရက်ငှဲ့ထည့်ပေးသည်။

ကိုပြာသည် ဖန်ခွက်ထဲတွင် လက်သုံးသစ်ခန့်ရှိသည့် အရက်ကို တစ်ကျိုက်တည်းမော့သောက်ပြီး နှုတ်ခမ်းအစုံကို လက်ခုံဖြင့် သုပ်ပစ်လိုက်သည်။

"ဖြစ်တာက ဒီလို ဆရာတို့။ ကျွန်တော့်အစ်ကို …၊ နာမည်က မောင်ဆာ … တဲ့"

✿ ✿ ✿

[၂]

❑

ထိုစဉ်က 'မောင်ဆာ'သည် အသက် ၃၀ကျော်အရွယ်ဖြစ်သည်။ ရှိုင်ရိုးမအလယ်ကျော (အမ်းနှင့် မင်းဘူး၊ စေတုတ္တရာကြား) ဒေသတွင် မိမိမျိုးနွယ်စုနှင့် အတူနေခဲ့ရာမှ 'မယ်ဖံ'ကိုခိုး၍ ထွက်ပြေးသွားသည်။ မယ်ဖံမှာ အသက် ၂၀ပင် မပြည့်တတ်သေး။ သူတို့မျိုးနွယ်စုတွင် အချောဆုံး၊ အလှဆုံး မိန်းကလေးဖြစ်သည်။ မယ်ဖံ၏မိဘနှင့် ဆွေမျိုးသားချင်းများက သုံးဝသဘောမတူ။ သာမန်သဘောမတူရုံဆို ကိစ္စမရှိသေး။ မယ်ဖံ၏ အစ်ကိုတွေ မောင်တွေက အသက်အန္တရာယ် ပြုဖွယ်ရှိသည်။ ထို့ကြောင့် မောင်ဆာသည် မယ်ဖံကိုခေါ်ကာ အမ်းချောင်း၊ ဒလက်ချောင်း၊ မအီချောင်း၊ လမူးချောင်း၊ တန်းလွဲချောင်း စသည့် ချောင်းအတန်တန်ကို စုန်ဆန်ဖြတ်ကျော်ပြီးလျှင် တောင်ကုတ်မြို့ သို့ရောက်လာခဲ့သည်။

တောင်ကုတ်သည် ပြည်နယ်နှင့်ပြည်မ စီးပွားကူးလူးဆက် သွယ်ရာ တံခါးပေါက်မြို့ဖြစ်သည်။ တစ်ဘက်တွင် မြစ်ချောင်းများနှင့် ပင်လယ်ပြင်၊ အခြားတစ်ဖက်တွင် ရိုးမတောင်ကျော။ မောင်ဆာဘယ် လမ်းကို ရွေးမလဲ။ တောင်ပေါ်သားမောင်ဆာသည် ရိုးမတောင်ကျောပေါ် တက်ရန် ရွေးချယ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က တောင်ကုတ်နှင့်ပန်းတောင်းကို ယခုလို ကားတွေ ဥဒဟို ပြေးဆွဲနေခြင်း မရှိသေး။ အခွင့်ကောင်း အခါကောင်းကြုံပါမှ ကားတစ်စီး တစ်လေ ကုန်တွေအပြည့်တင်လျက် ထွက်လေ့ရှိသည်။

လူတွေက ကုန်ပစ္စည်းနှင့် အမိုးတာလပတ်ကြားမှာ ဖားလိုအပြား လိုက်ဝပ်ပြီး လိုက်သွားနိုင်သည်။ တစ်စင်းတလေမျှသော ထိုကားသည်ပင် ရိုးပေါ်မှာ ၁၀ရက်၊ ၁၅ရက် ကြာတတ်ချေသေးသည်။ များသောအားဖြင့်ကား ကိုယ့်ဝန်ကိုယ်ထမ်းနိုင်သူတွေက အုပ်စုဖွဲ့၍ ခြေကျင်သွားကြသည်။ တစ်နေ့တာ ခရီးရပ်နားရန် ညအိပ်စခန်းတွေရှိသည်။ စခန်းတစ်ခုခုသို့ မိုးမချုပ်ခင် အချိန်မီရောက်နိုင်ရန် တွက်ကိန်း ချ၍ သွားကြရသည်၊ စခန်းသို့ရောက်လျှင် ထမင်းဟင်း ချက်ပြုတ်စားသောက်၊ လူစစ်ပြီး မီးဖိုကြီးများဖိုကာ ညအိပ်ကြရသည်။

ညအိပ်စဉ် ဒူးထောင်တတ်သူများနှင့် အပေါ့အလေးသွားတတ်သူများကို လူကြီးများက အထူးကြပ်မတ် ထိန်းကွပ်ရသည်။ ကျားအလွန်ပေါသောကြောင့်ဖြစ်သည်။

ညဘက် အိပ်ရာမှထ၍ စခန်းအပြင်ထွက် အပေါ့အလေးသွားသူတို့မှာ ပြန်လမ်းမရှိ။ အချို့မှာ အိပ်ပျော်နေလျက် ဒူးက ထောင်နေတတ်သည်။ ထိုထောင်ထားသောဒူးမှာ တစ်သမတ်တည်း ငြိမ်နေသည် မဟုတ်။ တဖြည်းဖြည်း ဘေးသို့ ယိုင်ကျလာနေမြဲဖြစ်သည်။ ဒူးသည် မြေသို့ရောက်လုလုတွင် ဆတ်ခနဲ ပြန်၍ မတ်လာတတ်ပြန်သည်။ ထိုသို့သောလူမျိုးကို ကျားသည် ကြာရှည်သည်းခံ စောင့်ဆိုင်းမနေတတ်။ လူအုပ်ကြားသို့ခုန်ဝင်ပြီး ဆွဲယမ်းကိုက်ချီသွားတတ်လေသည်။

မောင်ဆယ်နှင့် မယ်ဖံတို့သည် ရိုးမပေါ်သို့တက်မည့် ခရီးသွားအုပ်တစ်စုနှင့် လိုက်လာခဲ့သည်။ နှစ်ညအိပ်ပြီး နေ့လယ်ပိုင်းတွင် ရပ်တော်မူစခန်းသို့ ရောက်သည်။ သည်စခန်းမှာ နားသူတွေနား၍ ရှေ့စခန်းသို့ အမီဆက်သွားသူတွေလည်း သွားကြသည်။

မောင်ဆာကား ရှေ့ဆက်မသွားတော့။ သူ့ရည်ရွယ်ချက်ကလည်း ရိုးမဟိုဘက်သို့ သွားရန်မှမဟုတ်ပဲ။ သူသည် တောင်ကုတ်မြို့ကို အခြေပြု





ရပ်တည်ရမည်။ တောင်ကုတ်နှင့် သိပ်ဝေး၍မဖြစ်။ ထို့ကြောင့် သူသည် ရပ်တော်မူနှင့် အနီးဝန်းကျင်ကို လေ့လာသည်။ တောင်ယာ စိုက်ပျိုးရန် နေရာကောင်းလည်းဖြစ်ရမည်။ အမဲပစ်ကွင်းလည်း ကောင်းရမည်။ သူ့မှာ 'လေးတောင်ရှာ'က လုပ်သည့် တူမီးသေနတ်တစ်လက်ရှိသည်။ ကိုယ်တိုင်လက်ဖြစ် ယမ်းတောင့်တွေလည်းရှိသည်။

နောက်တစ်နေ့တွင် မောင်ဆာသည် နေရာကောင်းတစ်ခုကို တွေ့သည်။ မယ်ဖံကိုခေါ်လာပြီး နေ့ချင်းပြီး ဝါးတဲကလေးထိုးသည်။ ပိုပြီး လုံခြုံစိတ်ချရအောင် တဖြည်းဖြည်းပြုပြင်သွားလျှင်ရသည်။

မောင်ဆာ၏တဲကလေးမှာ ကားလမ်း၏အောက်ဘက် ချောက်ကမ်းပါးကြီးအတွင်းသို့ နှာမောင်းသဖွယ်သွယ်ဆင်းသွားသော တောင်ခွယ်ပေါ်တွင်ရှိသည်။ တောင်စောင်းနှစ်ဖက်တွင် ဆင်ခရေနှင့် ဘူးပင်၊ ဖရုံပင်တွေစိုက်မည်။ ဟို ... တောင်ခြေက စမ်းချောင်းကလေးအနီးတွင် အမဲကိုင်းထောင်မည်။ သတ္တဝါကြီးတွေကိုတော့ 'တူမီး'ကို အသုံးချရမည်။ ဒါဆိုဘာလိုသေးလဲ။ အနားမှာ မယ်ဖံကလေး ရှိနေပြီပဲလေ။

မောင်ဆာသည် သူ့စီမံကိန်းကို မနားမနေ အကောင်အထည်ဖော်သည်။ စိုက်ခင်းတွေက ငွေမပေါ်မီ အမဲကောင်တွေက အလုပ်ဖြစ်သည်။ ကိုင်းတွင်မိသော ချေ၊ ဆတ်နှင့် တောဝက်သားများကို ကြပ်တင်ထားရသည်။ ပိသာလေးငါးဆယ်လောက်ရတော့မှ လင်မယား နှစ်ယောက်တောင်ကုတ်သို့ဆင်းသည်။ ဈေးကောင်းရသည်။ အပြန်တွင် သူတို့အတွက် မရှိမဖြစ်လိုအပ်သော ဆန်၊ ဆားနှင့် ငါးပိဝယ်ရသည်။ ပြီးတော့ ဘူးသီးခြောက်သုံးလေးလုံးအပြည့် အရက်ဝယ်ရသေး သည်။ ရိုးမပေါ်မှာက နွေနွေမိုး၊ ဆောင်းဆောင်း အမြဲလိုလို အေးစိမ့်နေသည်။ သွေးနွေးဖို့ ဒါလေးရှိလျှင် မဖြစ်။ လာမည့်နှစ်မှာတော့ မြေတစ်ကွက်တွင် ပူးထိုး၍ စပါးစိုက်မည်။ ဝမ်းစာမရတောင်မှ ခေါင်ထည့်ဖို့လောက်ရလျှင် မသိုး။ မတော်တဆ အရက်ပြတ်သွားလျှင် လင်မယားနှစ်ယောက် ခေါင်ကလေးနှင့် 'နွေးထွေး'ရမည်။

သူတို့ဘဝလေးမှာ မောင်ဆာရော၊ မယ်ဖံပါ အလွန်ချမ်းမြေ့နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သူတို့မှာ ဘာအပူအပင်မှုမရှိ။ သွားလေရာရာ နှစ်ယောက် တတွဲတွဲ။ အိမ်မှာနေတော့လည်း မခွဲ။ သူတို့နှစ်ယောက်၏ အချစ်မှာ အလွန် တရာမှ သန့်စင်သည်ဟု ဆိုနိုင်လောက်သည်။ 'အကြင်နာတရား' ကိုအခြေ ခံသော မရောင့်ရဲနိုင်သည့် 'လိုအင်ဆန္ဒ'မှတစ်ပါး သူတို့မှာ လောဘမရှိ ဒေါသကင်း၏။

မောင်ဆာနှင့်မယ်ဖံတို့သည် ထိုနေရာကလေးတွင် တစ်နှစ်ကျော် နေထိုင်လာခဲ့သည်။ သူတို့၏ နေရေး၊ စားရေးအခြေအနေမှာလည်း ပြည့်စုံ ဖူလုံသည်။ ဆင်ခရမ်းသီးနှင့် ဘူးသီး၊ ဖရုံသီးတွေကို အမဲကြပ်တိုက်ပြ နှင့်အတူ တစ်လလျှင်နှစ်ကြိမ်လောက် တောင်ကုတ်သို့ ဆင်းရောင်းရသည် တစ်ခါတစ်ခါတော့ တောင်ပေါ်သို့ တက်လာသော ကားနှင့် ပါလာသူများက ဝင်၍ ဝယ်တတ်သေးသည်။ လှည်းနှင့် ခြေကျင်ခရီးသည်တွေကိုလည် ရောင်းရသေးသည်။ ယခုဆိုလျှင် စိုက်ပျိုးထားသော စပါးခင်းကလည် အောင်မြင်သည်။ ခေါင်ရည်အမြဲ တည်ထားသည်။ ကြိုက်တတ်သော ခ သည်များကို ထုတ်ရောင်းရသေးသည်။

တစ်ညနေတွင် 'မောင်ဆာ'ကိုင်းလည်ရာမှ ပြန်လာသည်။ ဘ ကောင်မျှမရခဲ့သဖြင့် စိတ်ထဲမှာ စနောင့်စနင်းရှိသည်။ မိမိတို့တဲ ကလေးရှိ တောင်စွယ်ပေါ်သို့မတက်မီ စမ်းထဲတွင် အတန်ကြာစိမ်၍ ရေချိုးသည် ပြီးတော့မှ တောင်ပေါ်သို့ တက်ခဲ့၏။

ခါတိုင်းဆို သည်အချိန်တွင် တဲခေါင်မိုးမှ မီးခိုးတွေလွင့်အူ နေမြဲ သည်။ ပတ်ဝန်းကျင်တွင် နှင်းမြူနှင့်မီးခိုးတို့ ဝေမှိုင်းနေမြဲ ဖြစ်သည်။ ယခ မိမိတို့တဲဆီမှ မီးခိုးထွက်သည်ကို မမြင်ရ။ မောင်ဆာ အပြေးအလွှား လာ သည်။ တဲပေါ်သို့ရောက်သောအခါ မောင်ဆာ ရင်မောသွားရလေသည်၊

မယ်ဖံသည် မီးဖိုအနီးတွင် ခွေခွေကလေးလှဲလျက်။ 'ဂျပ် ရက်စော ကို တင်းတင်းကြီးခြုံကာ တဟင်းဟင်းညည်းနေ၏။

"မယ်ဖံ ... မယ်ဖံ"

မောင်ဆာသည် ခေါင်ကိုအသာလှပ်ကာ မယ်ဖံ၏နဖူးပြင်ကို ကြည့်လိုက်သည်။





အို ... ပူလိုက်တာ။ အိုးကင်းပူကို ကိုင်လိုက်ရသလိုပါပဲလား။

"မယ်ဖံ ... မယ်ဖံ ..."

မောင်ဆာခေါ်သည်။ မယ်ဖံမထူး။

"မယ်ဖံ ... မယ်ဖံလေး ... မယ်ဖံလေးရေ ..."

မောင်ဆာက လေသံကို နည်းနည်းချင်း မြှင့်၍ခေါ်သည်။

မယ်ဖံသည် မျက်လုံးအစုံ မသိမသာဖွင့်ကာ 'အင်'ဟုတစ်ခွန်း ဆိုပြီး မျက်လုံးပြန်မှိတ်သွားလေသည်။

မောင်ဆာ ကပျာကယာ မီးဖိုသည်။ ရေနွေးကျိုသည်။ ရေနွေး ကျက်ပွက်ဆူသောအခါ တဲခေါင်မိုးတွင်ထိုးထားသော မီးခြုံပလာဆေးရွက် နှင့် ဆေးမြစ်အချို့ကို ရေနွေးအိုးထဲထည့်ကျိုသည်။ ဆေးကျိုထားသည် ကိုစောင့်ရင်း ဘူးသီးခြောက်ထဲကအရက်ကို တစ်ငုံပြီးတစ်ငုံ သောက်နေ လိုက်သည်။

မယ်ဖံကို ဆေးတစ်ခွက်တိုက်သည်။ နဖူးမှ ချွေး နည်းနည်း စို့လာ သည်။ စကားတော့ များများမပြောနိုင်။ မောနေသည်။ မယ်ဖံကို ပြန်သိပ်ထားပြီး မောင်ဆာ ထမင်းတစ်အိုးချက်သည်။ ဟင်းကတော့ ယခင်ချက်ထားသည့် အသားခြောက်နှင့် ဆင်ခရမ်းသီးဟင်း ရောရာပင်။

မောင်ဆာသည် ပင်ပန်းလာသည်က တစ်ကြောင်း၊ အရက်ကလေး ကြောင့် ဝမ်းနွေးနေသည်လည်းတစ်ကြောင်းတို့ကြောင့် ဆာင်းထည့်သလို ထမင်းစား၍ဝင်သည်။ မယ်ဖံကား နည်းနည်းကလေးမျှ စားနိုင်။

ထိုညတွင် မယ်ဖံသည် နောက်ထပ်ဆေးတစ်ခွက်သောက်ပြီး အိပ် ပျော်သွားလေသည်။

မောင်ဆာကား အိပ်မပျော်။

အိပ်၍မပျော်တိုင်း အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်ဖြစ် သည်။

လ,မွန်းတိမ်းချိန်လောက်တွင် တဲအပြင်ဘက်စည် ခိုးဘက ပါးကိုင်း ကလေးများကျိုးသံ ကြားရသည်။ မောင်ဆာသည် ထရံတွင် ထောင်ထားသော ဓားမသေနတ်ကို လှမ်းဆွဲပြီး ကဲလားကို အသာအယာ မ,၍ ဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



လ,ရောင်အောက်တွင် မိမိတို့တဲဆီသို့ တရွေ့ရွေ့လာနေသော သဏ္ဌာန်ကို အထင်အရှားမြင်လိုက်ရ၏။

တစ်ကိုယ်လုံး အနီတွင် အစက်အပြောက်တွေနှင့်။ ရှည်လျားလျား ခါးသွယ်သွယ်။ မျက်လုံးနှစ်လုံး၏အရောင်မှာ စိမ်းဖန့်ဖန့်။ ကျားသစ်။

အလွန် ဖျတ်လတ်ပေါ့ပါးသည့် အကောင်မျိုးဖြစ်သည်။

မောင်ဆာက တူမီးပစ်နိုင်ရန် ကဲလားတံခါးကို ဒေါက်ထောက် လိုက်၏။ 'ကျွိ'ခနဲ အသံမြည်သွားသည်။

ကျားသစ်သည် နောက်ကျွမ်းပစ်ကာ တောင်စောင်းအတိုင်း ပြေးဆင် သွားလေသည်။

ထိုညတွင် မောင်ဆာသည် တစ်မှေးမျှ မမှေးလိုက်ရတော့။

အရုဏ်တက်စတွင် မယ်ဖုံနိုးလာသည်။ ဆေးတစ်ခွက် ထပ်တိုက် သည်။ ဝမ်းထဲမှာ ဘာအစာမျှမရှိသောကြောင့် နုံးချိနေသည်။ လောလော ဆယ် စားစရာကလည်း ဘာမျှမရှိသေး။ မောင်ဆာ စိတ်ကူးရကာ ခေါင်တစ်အိုး ဖောက်၍ မယ်ဖုံကိုစုပ်စေသည်။ ဘာမျှမစားရတာနှင့် စာလျှင် ခေါင်ရည် နွေးနွေးလေး ဝမ်းထဲဝင်သွားတော့ ခုသာခံသာ ရှိမည်။

ခေါင်ရည်ကို တစ်ကျိုက်နှစ်ကျိုက်စုပ်ပြီး မယ်ဖုံ ပြန်၍မှိန်းသွား သည်။

ထိုနံနက်က ကိုင်းလယ်သွားရာ ချေပေါက်ကလေးတစ်ကော ရသည်။ အိမ်သို့ထမ်းလာပြီး ကိုယ်တိုင်ခုတ်ထစ်ကာ အသားတွေကို ကင် သည်။ ခေါင်းသားနှင့် ဝမ်းတွင်းသားတွေကို ချက်သည်။

ထမင်းစားချိန်မှာ မယ်ဖုံသည် စားသည်ဆိုရုံ နည်းနည်း ကလေး သာစားသည်။ နေ့လယ်ဘက်တွင်ကား ကိုယ်အပူချိန် မတရားတက်ပြန်သည်။ တစ်ချက်တစ်ချက် ငြိမ်သက်သွားသည်မှာ သတိလစ် သွားဟန်ရှိသည်။ မောင်ဆာ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ လုပ်လည်း ဘာမျှမလုပ်တတ်။

'အင်ပေါ်'ဟုခေါ်သည့် မြေအိုးကလေးဖြင့် ကျိုထားသော ဆေး ရည်ကိုသာ တစ်ခွက်ပြီးတစ်ခွက်တိုက်သည်။





သူကိုယ်တိုင်လည်း အရက် တစ်ခွက်တစ်ခွက်စီကို မကြာခဏ မော့ရသေးသည်။

ညနေဘက် အနည်းငယ်ပို၍ အေးစိမ့်လာသောအခါ 'ခေါင်ရည် စုပ် မလား'ဟု မယ်ဖုံကိုမေးသည်။

မယ်ဖုံ ခေါင်းညိတ်၏။

မောင်ဆာက မယ်ဖုံကို သူ့ရင်ခွင်၌ မှီလျက်ထိုင်စေကာ ခေါင် ရည်အိုးကို မယ်ဖုံ့ပေါင်ခွင်တွင်း ချပေးသည်။

မယ်ဖုံသည် ခေါင်းကိုင်း၍ ခေါင်ရည်တစ်ကျိုက်နှစ်ကျိုက်စုပ်သည်။ ထို့နောက် မျက်နှာမော့လာကာ မောင်ဆာ့ပခုံးပေါ်တွင် ခေါင်းမှီလျက် . . .

"အစ်ကိုမောင်ဆာ . . . ငါ သေရတော့မယ် ထင်တယ်"

မယ်ဖုံ့အသံမှာ အားလျော့တိုးတိမ်လွန်းသည်။ ပါးပြင်ပေါ်သို့ မျက်ရည် တွေ စီးကျလာနေသည်။

မောင်ဆာက မယ်ဖုံပခုံးနှစ်ဖက်ကို တင်းတင်းကြီး ဖက်လိုက်၏။

"အို . . . ဘာလို့ သေရမှာလဲ။ နင်ဘာမှမဖြစ်ဘူး။ ဖျားတာပဲ။ ဆေးသောက်ထားပြီး မဟုတ်လား။ ငါဆိုလည်း ဟိုအရင်နှစ်တွေ တုန်းက ခဏခဏဖျားဖူးတာပဲ။ မသေပါဘူး"

မယ်ဖုံ့မျက်ရည်များကို သုတ်ပေးလိုက်သည်။

"ငါ အားကြီးမောတယ်"

မယ်ဖုံက တိုးသဲ့သဲ့လေးပြောသည်။

"အဲဒါ အားမရှိလို့ဖြစ်တာ။ ကဲ . . . အားရှိသွားအောင် ခေါင် ရည်စုပ်လိုက်ဦး"

မယ်ဖုံသည် ခေါင်ရည်ကို နှစ်ကျိုက်သုံးကျိုက်ခန့် မှုန်း၍ စုပ် သည်။ ပြီးလျှင် . . .

"အိပ်တော့မယ်"

ဟုပြောကာ ကြမ်းပြင်ပေါ်သို့ လှဲချလိုက်၏။

မောင်ဆာက မယ်ဖုံ့ကိုယ်လေးကို စမ်းသပ်ကြည့်သည်။ တစ် ကိုယ်လုံး မီးကင်ထားရှာသလား ထင်မှတ်ရ၏။ ထို့ကြောင့် ဂျပ်ရက်စောင် ကိုဆွဲယူပြီး ခြုံပေးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညတွင် မောင်ဆာမအိပ်။

သူသည် ထမင်းလည်း ချက်မစားဖြစ်တော့။ တဲမှာရှိသည့် အသား ခြောက်တွေကိုမီးဖုတ်ပြီး အရက်နှင့်မြည်းနေသည်။ တူမီးသေနတ် ကို တော့ ယမ်းအသင့်ထိုးကာ လက်လှမ်းတစ်မီတွင်ထားသည်။ မနေ့က လာခဲ့ သည့်ကျားသစ် ပြန်လာဦးမယ်ဟု သူထင်နေသည်။

တဲအတွင်းက မီးဖိုတွင် မီးမပြတ်အောင် ထည့်ပေးထားသည်။

မီးဖိုမီးရောင်တွင် မယ်ဖံ၏မျက်နှာကလေးမှာ ဖျော့တော့ ဝါထိန် နေ၏။

မောင်ဆာသည် အသားခြောက်ကို မီးဖုတ်စားလိုက်၊ အရက် သောက်လိုက်၊ ကျားသစ်ကိုချောင်းလိုက်ဖြင့် တစ်ညတာ ကုန်လွန်သွား သည်။

အရုဏ်တက်စတွင် မယ်ဖံ့ကို ရင်ခွင်မှာထားပြီး ဆေးတစ်ခွက် တိုက်သည်။ ချက်ချင်းပင် ဆေးတွေအန်ထွက်ကာ မိမိရင်ခွင်ထက် မှာပင် မယ်ဖံ ခေါင်းလည်ကျသွားလေသည်။

"မယ်ဖံ ... မယ်ဖံ ... မယ်ဖံ ..."

မယ်ဖံ့ နဖူး၊ လက်ဖျား၊ ခြေဖျားမှသည် သလုံးအထိ စမ်းသည်။ ရုတ်ချည်း သွေးဆုတ်သွားလေရော့သလား။ စမ်းမိသည့်နေရာ မှန်သမျှသည် ပကတိ ကျောက်စက်ကျစမ်းရေနှယ် အေးစက်လျက်။

လက်ကောက်ဝတ်နေရာတွင် သွေးတိုးစမ်းကြည့်သည်။ တိတ် တိတ်ကလေးမျှပင် သွေးမတိုးတော့။

သွားပြီး ... မယ်ဖံသေပြီ။

"မယ်ဖံ ... မယ်ဖံ ... မယ်ဖံရေ ... မယ်ဖံကလေးရေ"

သူသည် အကျယ်လောင်ဆုံး အော်ဟစ်ပစ်လိုက်၏။ နောက်တော့ မယ်ဖံ့ရင်ခွင်ပေါ်သို့ ခေါင်းငိုက်ကျသွားလေသည်။

ခဏအကြာတွင် သူ သတိဝင်လာသည်။

သည်အတိုင်းနေ၍ မဖြစ်သေး။ လုပ်စရာရှိတာတွေ လုပ်ရမည် သူ ထ,ရပ်သည်။ မယ်ဖံ့မျက်နှာကို မကြည့်ရက်။





ဘူးခြောက်ကိုကောက်ယူကာ အရက်ကို တစ်အားမော့သောက် သည်။ ပြီးလျှင် မယ်ဖံ့အလောင်းကို တဲထရံအနီးသို့ရွှေ့၍ လက်မနှစ် ချောင်းနှင့် ခြေမနှစ်ချောင်းတို့ကို ကြိုးဖြင့်ပူးချည်သည်။ ဘာကြောင့် သည်လိုလုပ်ရသလဲဆိုတာ သူမသိ။ ရပ်မှာရွာမှာနေစဉ်တုန်းက ဤထုံး ဓလေ့ကို သိနေခဲ့သည်။

ပြီးတော့ကော ဘာလုပ်ရဦးမည်နည်း။

ခြေမမှာ ကြက်အရှင်တစ်ကောင် ချည်ပေးထားရဦးမည်။ ဒါက သည်း နောင်တမလွန်အကူးမှာ လက်ဆောင်ပေးဖို့ဆိုလား၊ လာဘ်ထိုးဖို့ ဆိုလား။ မောင်ဆာ အတိအကျမသိ။ နေတော့။ ကြက်မှမရှိပဲ။

နောက်ဆုံး လုပ်စရာကျန်ရှိနေသည်ကား ကျင်းတူးပြီးမြေမြှုပ် စရန်ပဲဖြစ်သည်။

မောင်ဆာသည် တဲနှင့်မလှမ်းမကမ်း တောင်ပို့ကလေးအနီးတွင် မယ်ဖံ့အလောင်းကိုမြှုပ်ရန် ဆုံးဖြတ်သည်။ ထိုနေရာတွင် အမြဲစိမ်းစိုနေသည့် မြရာပင်ကလေးတစ်ပင်လည်း ရှိသည်။ နံဘေးက ချုံတန်း ကလေးတွင် တောပန်းတောင်ပန်းတွေလည်း ပွင့်ဝေနေကြ၏။ သည်နေရာ ကလေးကို မယ်ဖံလည်း သဘောကျလိမ့်မည်ထင်သည်။ သူ့ကိုမေး ကြည့်ဦးမှ။ အို ... သူက သေပြီပဲလေ။ မျက်ရည်ပေါက်ကြီး တစ်ပေါက် ပါးပြင်ပေါ်သို့ လိမ့်ဆင်း သွားသည်ကို လက်ခုံဖြင့် သုတ်ပစ်လိုက်၏။

အားတင်းပစ်လိုက်သည်။

ပေါက်တူးနှင့်ဂေါ်ပြားယူကာ အလုပ်စ,တော့သည်။ အို ... အရက်ဘူးပါ ယူဦးမှ။ တူးလိုက်၊ ဆွလိုက်၊ မြေကော်လိုက်နှင့် မောသည် ဆင်လျှင် အရက်တစ်ကျိုက်မော့လိုက်။ ကျင်းကို နက်နက်တူးပစ် လိုက်၏။ မှုတ်လျှင် တောခွေးတွေက လာဖော်ချင်ဖော်နေဦးမည်။ နောက်တော့ သောမောမူးမူးနှင့် အိပ်ပျော်သွားလေသည်။

နိုးလာသောအခါ ညနေစောင်းပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

အပြင်တွင် မြူငွေ့တွေဆိုင်းနေသည်။

မောင်ဆာသည် မယ်ဖုံ့အလောင်းကို မကြည့်ရက် ကြည့်ရက် ကြည့်ကာ အလောင်းအနီးတွင် အသာလေး ခွေလှဲနေလိုက်သည်။ ဖွေ တော့တော့မျက်နှာလေးမှာ အိပ်ပျော်နေရှာသလား ထင်ရ၏။ ပစ်ရာ စရာမရှိ။

"ဟင်း . . ."

ပင့်သက်ရှည်ကြီးကို တစ်ချက်ရှိုက်၍ ချမိသည်။

မယ်ဖုံ့မျက်နှာကို ငေးစိုက်၍ ကြည့်နေမိပြန်သည်။ သည် မျက်နှာလေးကို နောင်ဘယ်သောအခါမျှ ပြန်မြင်ရတော့မည် မဟုတ် ရင်ထဲတွင် နင့်သွား၏။ ကြည့်နေရင်း မယ်ဖုံ့မျက်တောင်ကော့ကြီး တစ်ချက်လှုပ်ခတ်သွားသလို ထင်လိုက်သည်။ အသေအချာ ကြည့်ပြန် လည်း ပကတိ ငြိမ်သက်နေလေသည်။

စီးယိုကျလာတော့မည့် မျက်ရည်များကို အံကြိတ်၍ထိန်း နေသည်။





အို . . . ဘာထူးတော့မှာလဲ။ သေမှပဲ . . . ပစ်လိုက်ရတော့ မှာပေါ့။ စိတ်ကိုတင်းလျှက် သူတူးထားသောမြေကျင်းဆီသို့ လှမ်းကြည့် သည်။

ဘာစိတ်ကူးရသည် မသိ။

အရက်ဘူးကိုကောက်ယူကာ မြေကျင်းနှုတ်ခမ်းတွင် သွားထိုင် သည်။ အရက်တစ်ကျိုက်မော့လိုက်၊ မြေကျင်းကို ငုံ့ကြည့်နေလိုက်ဖြင့် ဆွေခွဲရခက်နေပုံ ပေါ်သည်။ သည်မြေတွင်းထဲ မယ်ဖုံ့ကိုထည့်ပြီး မြေကြီး တွေနှင့်ဖုံးပစ်ရမှာကို မတွေးရက်အောင် ဖြစ်နေသည်။

မိုးကြီး စုပ်စုပ်ချုပ်သွားသည်။

မောင်ဆာ တဲအတွင်းသို့ပြန်ဝင်သည်။ မီးငြိမ်းနေသောမီးဖိုကို ပြန်ဖို့ရန် သတိမရတော့။ မီးဖိုနားက ဝါးထရံကိုမှီကာ အရက်ကို တမော့ ပြီးတမော့ မော့သောက်နေသည်။ အမြည်းအဖြစ် အသားခြောက်ကို ဝါး သည်။ အရက်တွေ ဘယ်လောက်သောက်ဖြစ်သွားသည်ကို မသိတော့။ နှမ်းနှင့် အိပ်ပျော်သွားသည်။

တဲသည် သိမ့်ခနဲလှုပ်သွား၏။

"အား . . ."

"အားဂူး . . ."

"အား . . . အမယ်လေး . . . အစ်ကိုမောင်ဆာ . . . အစ်ကို မောင်ဆာ . . . အား . . . ကယ်ပါဦး"

စူးစူးဝါးဝါး ကျယ်ကျယ်လောင်လောင်ကြီး အော်လိုက်သော မယ်ဖုံ့အသံ။ နောက် တောကောင်တစ်ကောင်၏ မာန်ဖီသံမျိုး။

မောင်ဆာ ဝေါက်ခနဲ ထ,သည်။

အကျင့်ရနေသောလက်က တူးမီးကိုဆွဲကိုင်ပြီး ဖြစ်နေ၏။ ကဲ ဘားတံခါးကို မပိတ်မိခဲ့သဖြင့် တဲအတွင်း၌ လ,ရောင်မှုန်မှုန်လင်းနေ သည်။

အသံများထွက်ပေါ်လာရာမှာ မယ်ဖုံ့အလောင်းရှိရာမှ ဖြစ်သည်။ မောင်ဆာ လှမ်းကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မယ်ဖုံအလောင်းသည် ပက်လက်အိပ်ပျော်နေသည့်အလား အစင်းသား။ မယ်ဖုံကိုယ်အထက်ပိုင်းဆီမှာတော့ မည်းမည်းသဏ္ဌာန် တစ်ခု၊ ပြီးတော့ လှုပ်ရှားရုန်းကန်မှု။

မောင်ဆာ စဉ်းစားတွေဝေနေချိန် မရှိတော့။ တူမီးသေနတ်မောင်းကို ဆွဲညှစ်လိုက်၏။

"ဒိုင်း ..."

ပေါက်ကွဲသံနှင့် တစ်ပြိုင်နက်တည်းလိုပင် မယ်ဖုံကိုယ်ပေါ်မှ သဏ္ဌာန်သည် ဝုန်းခနဲခုန်ထကာ ကဲလားပေါက်မှ ကျွမ်းထိုးထွက်သွားသည်၊ ကျားသစ် ...။

မောင်ဆာသည် တူးမီးကိုဆွဲကိုင်လျက် တဲအပြင်သို့ပြေးထွက်ခဲ့၏။ ကျားသစ်ကို မတွေ့လိုက်တော့။ လ,ရောင်အောက်တွင် သွေးစက်များကို မြင်ရသည်။

မောင်ဆာ တဲအတွင်းသို့ပြန်ဝင်ခဲ့၏။

အလင်းရောင် ပို၍ရစေရန် ကညင်ဆီမီးတိုင်ကို ထွန်းလိုက်သည်။ မြင်လိုက်ရသော မြင်ကွင်းကြောင့် မောင်ဆာ ကြက်သေ,သေသွားသည်။

မယ်ဖုံ၏မျက်လုံးအစုံမှာ ပွင့်အာပြူးကျယ်လျက်။ ပါးစပ်သည် ဟောင်းလောင်းဟ,နေ၏။

လက်မနှင့် ခြေမနှစ်ချောင်းစီကို ပူးချည်ထားသောကြိုးများ ပြတ်တောက်ကာ မယ်ဖုံ၏လက်များသည် တစ်စုံတစ်ခုကို ဆုပ်ကိုင်ခဲ့ဟန်ဖြင့် ကောက်ကွေးနေပြီးလျှင် မယ်ဖုံ၏လည်ချောင်းတွင် ကျားသစ် အစွယ်ရာသည် ဟောင်းလောင်းပေါက်၍ သွေးစိမ်းရှင်ရှင် ယိုစီးနေ၏။

"အစ်ကိုမောင် ... ဆာ"

တမ်းတ,သံလေးနှင့်အတူ မယ်ဖုံ၏ခေါင်းသည် တစ်ဖက်သို့ လည်ကျသွားလေသည်။

✿ ✿ ✿

[၄]

"ဟင် ... ဒါဆို မယ်ဖုံဟာ စောစောက သေနေတာမဟုတ်ဘူးပေါ့"

ကိုပြာစကားအဆုံးတွင် ကျွန်တော့်နှုတ်မှ သွတ်ခနဲထွက်သွားသည်။

"ဒါပေါ့ကွ။ သေနေပြီးသားအလောင်းဆိုရင် ကျားသစ်ကိုက်လို့ သွေးထွက်ပါဦးမလား"

တောအုပ်ကြီးက ကျွန်တော့်ကိုဟောက်သလို ပြောသည်။

"တကယ်လို့သာ ... ကျားသစ်လာမကိုက်ရင် မယ်ဖုံသေမှာ မဟုတ်ဘူးနော်။ သူမြောနေတာပဲ မဟုတ်လား။ ပြန်သတိရလာမှာပေါ့။ ဖြစ်မှဖြစ်ရလေဗျာ"

ကျွန်တော်၏ရင်ထုမနာလေသံကို ကိုပြာက အောက်ပါအတိုင်း အနားသတ်ပေးလိုက်လေသည်။

"ဘာထူးမှာလဲ ဆရာရယ်။ ကျွန်တော့်အစ်ကိုသာ အရက်မူးလွန်မသွားရင် မယ်ဖုံကို မြေမြှုပ်ပြီးသား ဖြစ်နေလောက်ပြီ"

အောင်သာမိုး

www.burmeseclassic.com

www.burmeseclassic.com



[၁]

အမှန်အတိုင်းပြောရလျှင်လည်း ကိုထွန်းဦးလိုလူစားမျိုးနှင့် တွေ့ကြုံခဲ့ရမည်ဆိုလျှင် ကျွန်တော်တို့အဖွဲ့ သည်နေရာဆီသို့ လာရောက် ကြမည်မဟုတ်သည်က အမှန်။

ယခုတော့ သည်လိုဖြစ်မယ်မှန်း မသိကြသည့်အတွက် ကျွန်တော်တို့အဖွဲ့ ကားဖြင့် လာခဲ့ကြရင်း 'မြောင်းတကာရွာ'ဆီသို့ရောက်တော့ ထမင်းဟင်းကျရည်နှင့် ကြက်သားကြော်များကိုပင် ဝင်ရောက်စား သောက်လိုက်ကြသေး။ ပြီးတော့မှ ခရီးဆက်ထွက်လာခဲ့ကြရာ ဥက္ကံသုံးဆယ်ဘက်ဆီမှ ခေါင်းတူကိုရောက်တော့ (၃)မောင်းပင်ကျော်ခဲ့ပေပြီ။

ကျွန်တော်တို့ လာကြမည်မှန်းသိသဖြင့် ပိန်းအိုင်ရွာ ရွာခံမုဆိုးတို့က လှည်းများဖြင့် လာရောက်ကြိုဆိုနေကြသည့်အတွက် ထိုနေရာတွင် ထမင်းများကို စားသောက်လိုက်ကြပြီး ဘုန်းနိုင်၊ စလူချောင်း၊ သဃ်န်းမြောင်၊ သန္တတ်အိုင်နှင့် သပြု၊ ကလော့တို့ဆိုသည့် ရွာငယ်ကလေးများကို ဖြတ်ကျော်ပြီးပါမှ ပိန်းအိုင်ရွာဆိုသည့် ကျွန်တော်တို့အထိုင်ချ ပစ်ခတ်ကြမည့် နေရာလေးဆီသို့ ရောက်ရှိလာကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အဖွဲ့သားများကို တင်ဆောင်လာကြသော နွားလှည်းတို့သည် ခပ်ကြမ်းကြမ်း မောင်းနှင်လာခဲ့ကြရင်း အထိုင်ချမည့် နေရာကို မမှောင်ခင်အရောက် ရုန်းကန်လှုပ်ရှား ပြေးလာခဲ့ရသည်မို့ နွားလေးကောင်မှာ ပင်ပန်းလွန်းလှပေပြီ။ သို့သော် သူတို့နေရာနှင့် သူတို့ဌာနများမို့ ကျွန်တော်တို့ မတတ်နိုင်။

ရွာဆီသို့ရောက်ကြတော့ စခန်းချရာဆီမှ ရွာခံတစ်ဦး ခရီးဦးကြိုပြုရင်း ပြောလိုက်သည့်စကားက ...

"ဘိုလေးရေ ... ခင်ဗျားအချစ်တော်တစ်ယောက်လည်း နေ့ခင်းပိုင်းလောက်ကတည်းက ရောက်နေတယ်ဗျ"

ရွာခံဖြစ်သူ ထွန်းညွန့်ပြောလိုက်သည့်စကားကြောင့် အဘကောင်းက ...

"ဘယ်သူတုံး ထွန်းညွန့်ရဲ့ ပြောပါဦး"

"ထွန်းဦးလေ ... ဘိုးတော်ထွန်းဦးပေါ့"

"ဟိုက်"

သူပြန်ဖြေလိုက်သည့် စကားကြောင့် ကျွန်တော်တို့အားလုံး ပါးစပ်များတို့မှာ အာမေဍိတ်သံများက ပြိုင်တူလိုပင် ထွက်သွားကြသည်က အမှန်ပင်။

"ငါတို့ ဖောင်းတူကိုရောက်တုန်းက ဒီကောင့်သတင်း ဘာမှမကြားခဲ့ဘူးကွ။ ဘယ်လမ်းကလာသလဲ မသိဘူး"

"သစ်တောကြိုးဝိုင်းဘက်ကလာတာ ဖြစ်မှာပေါ့"

ထွန်းညွန့်က ပြန်ပြောလိုက်သည်။ သူပြောသည့် ကြိုးဝိုင်းဆိုသည်က ကာကရိသစ်တောကြိုးဝိုင်းပင်။ ထိုလမ်းကြောတွင် ရွာသိမ်ရွာငယ်ကလေးများနှင့်အတူ မိုးယွန်းကြီးဘေားမဲ့သစ်တောနှင့် မိုးယွန်းကြီးအင်းများတို့လည်း ရှိနေပြီး အတွင်းလမ်းမှ လာခဲ့သည့်ဟန်ပင်။

"နို့ ... သူက ဒီကိုဘာလာလုပ်တာတုံးကွ"

"အင်းမှာ ငါးလာရှာရင်း ဝင်လာတယ်လို့ပြောတယ်။ အဘတို့အဖွဲ့နဲ့တွေ့ရင်တော့ ပြန်ချင်မှတောင် ပြန်မယ်နဲ့တူတယ်"





ထွန်းညွန့်ပြောလိုက်သည့်စကားကြောင့် အဘကောင်းက အတန်ငယ်စဉ်းစားလိုက်ပြီး ပြန်ပြောလိုက်သည်က ...

"အေးပေါ့ကွာ ... သတိတော့ထားရမှာပေါ့။ ခု ဒီကောင် ဘယ်မှာတည်းချသလဲ"

"ပြူးကျယ်တို့အိမ်မှာလေ။ အဘတို့အဖွဲ့ ရောက်မှန်းသိရင် ပေါက်ချလာမှာပါ"

လှည်းပေါ်မှ ပစ္စည်းများကို တဲပေါ်သို့တင်ဆောင်လိုက်ကြပြီး ကိုယ်လက်များ သန့်စင်ကြရန် ရေကန်ဘက်ဆီသို့ သွားလိုက်ကြပြီး ပြန်ရောက်လာကြတော့ လက်ဆောင်ပစ္စည်းများကို ပေးအပြီး ကျွန်တော်တို့ ဝိုင်းဖွဲ့လိုက်ကြပေသည်။

ကျွန်တော်တို့ ရောက်ရှိနေသည့်နေရာကား ရိုးမကြီးအတွင်းပိုင်းဖြစ်သလို စိမ့်ကြီး၊ မြိုင်ကြီး၊ ဂနိုင်ကြီးတို့အတွင်းဆီမို့ အအေးဘက်ဆီသို့ သာလာသည်။ ဝန်းကျင်တစ်ဝိုက်ကို ကျွန်တော် လှမ်းကြည့် အကဲခတ်လိုက်တော့ ကျောက်တောင်၊ ကျောက်မောင်း၊ ကျောက်ထရံကြီးများအပြင် လွင်ပြင်မြင့်ပြန့်များ၊ သစ်တောဝါးတော၊ ချုံနွယ်တောကြီးများနှင့် အတိဖြစ်နေသလို ပိန်းအိုင်မြောင် တောင်ကျချောင်းရိုးကြီးက ရိုးမကြီးကို နှစ်ခြမ်းခွဲသည်းခြားထားသည့်နှယ်။

အလာလမ်းကား ခရီးကြမ်းကို နှင်ခဲ့ရသည်မို့ အသက်အရွယ်ကလေးကလည်းရလာသော ကျွန်တော့်အဖို့ မသက်သာ။ အရက်သောက်နေသည့်အကြားက ကိုယ်တွေလက်တွေ ကိုက်ခဲလာသည်။ အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့ နှစ်ယောက်ကတော့ ဘာမှမဖြစ်သလိုမျိုး။ အိမ်ကထွက်လာကြစဉ်က ဖောကပ်နေသဖြင့် အကောင်းသား။ ယခု အထိုင်ချ ပစ်ခတ်မည့်နေရာကိုရောက်တော့မှ ကိုယ်လက်များ ကိုက်ခဲလာပြီး ငှက်ဖျားက တက်ချင်သလိုလိုဖြစ်လာသည်။ အရက်သောက်ထားပြီမို့ ငှက်ဖျားဆေးကိုမသောက်ဘဲ တဲပေါ်တွင်စောင်ခြုံကာ ကွေးနေလိုက်သည်။ သူတို့က နောက်ဖြန်လုပ်မည့်အစီအစဉ်ကို တိုင်ပင် ညှိနှိုင်းနေကြပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

ကျေးငှက်သံတစာစာတို့နှင့် နံနက်ခင်းအိပ်ရာမှနိုးတော့ ချွေးမျာ ထွက်နေသလို အကိုက်အခဲတို့ ပျောက်သွားသော်လည်း ညက ငှက်ဖျာ တက်လိုက်သည့်ဒဏ်ကြောင့် ကိုယ်လက်များ မလှုပ်ချင်မကိုင်ချင်နှင့် အ ကုန်နေသည့် အသွင်မျိုးမို့ ငှက်ဖျားဆေးကို သောက်လိုက်ပြီး စခန်းတ နားနေလိုက်သည်။ သူတို့အဖွဲ့က ရွာခံမုဆိုးတို့နှင့်အတူ ပြောင်ခြေရာကော ရင်း တောမောင်းပစ်ခတ်ကြရန် ချွေးတို့ကိုခေါ်ဆောင်လျက် ထွက်သွ ကြပေသည်။

တောမောင်းမည့်အဖွဲ့ထဲတွင် ထွန်းဦးတစ်ယောက်လည်း ပါသ သည်ကို တွေ့မြင်လိုက်ရပေသည်။ ကျွန်တော် အဖျားတက်နေတုန်း ဘ အချိန်ရောက်လာပြီး ယခုလိုပါသွားသည်ကိုတော့ဖြင့် မသိလိုက်ပေ။

ကျွန်တော့်ကို ကူညီပြုစုရန်အတွက် ရွာခံမုဆိုး အောင်သ သေနတ်တစ်လက်နှင့် ထားခဲ့သည်။ ဆေးကိုသောက်ပြီးမို့ ဆန်ပြုတ် လေးကိုသောက်လိုက်ပြီး စောင်ခြုံကွေးနေလိုက်ရင်း အတွေးများက ထွ ဘက်ဆီသို့ ရောက်သွားခဲ့ပေသည်။





ထွန်းဦးဆိုသူကား သည်ရွာဘက်ကမဟုတ်၊ သူနေသည်က ဖောင်ကြီးဗဟိုဝန်ထမ်းကျောင်းနှင့် ကပ်လျက် တည်ရှိသည့် ပန်းတောကုန်းဆိုသည့် ကျေးရွာကလေးကဖြစ်သည်။ သူကား ဒူးလေးကိုင် မုဆိုးလုပ်သလို၊ သစ်ခုတ်၊ ဝါးခုတ်၊ လံထင်းခုတ်၊ မီးသွေးဖုတ်၊ စလူ၊ မန်း၊ တောင်ထန်း၊ ကြိမ်၊ ကိုင်းတော (ထမဖိုင်း)ခုတ်ကာ ကြုံရာကျပန်း လုပ်ကိုင်စားသောက်နေသူ တစ်ဦးဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ ဖောင်ကြီးဘက်ဆီတွင် သွားရောက်၍ အမဲသားကောင်တို့ကို ပစ်ခတ်ကြစဉ်က သူ၏တဲတွင် အထိုင်ချကာ ပစ်ခတ်ကြရသည်မို့ သူတို့ဆီသို့ရောက်ရှိလေတိုင်း သူတို့မိသားစုအတွက် လက်ဆောင်ပစ္စည်းများ၊ ငွေကြေးများ၊ အဝတ်အစားများအပြင် ပစ်ခတ်လို့ ရရှိသည့် သားကောင်များကို ထက်ဝက်ခွဲပေးသည့်အပြင် ကျွန်တော်ကိုင်ဆောင်ထားသည့် သေနတ်များအတွင်းမှ သူတို့မိသားစု စားဝတ်နေရေးအတွက် တစ်လုံးထိုး သေနက်တစ်လက်ကိုပင် ပေးအပ်ထားခဲ့သည်။ သို့အတွက် သားကောင်ပေါသော တောကြီးအတွင်းမို့ (၆)လလောက်အတွင်း သူနေထိုင်ရာတဲမှာ သွပ်မိုးအိမ်ကြီးဖြစ်လာသလို နွားပိုင်၊ ကျွဲပိုင်၊ လှည်းပိုင်နှင့် ဖြစ်လာခဲ့ပြီး သူ၏ မူလဇာတိရုပ်က ပြလာသည်။

ဦးစွာ ကြားလိုက်ရသည့်သတင်းက ထွန်းဦးတစ်ယောက် လက်ရှိ ဓနီးအပြင် နောက်ထပ် အငယ်အနှောင်းထားသည့်သတင်း (သူ့ဇနီးကိုယ်တိုင် လာပြောပြသည်မို့ ကြားရသောသတင်း)ဖြစ်သည့်အတွက် ဖျောင်းဖျ သွတ်လိုက်ပြီး စုံစမ်းကြည့်တော့ ထိုသတင်းက အမှန်ပင်။ ပိုဆိုးသည်က သူနှင့်ဖြစ်သော ထိုအမျိုးသမီးသည် လက်ရှိအိမ်ထောင်ကြီးနှင့်။

နောက်ထပ်ထွက်ပေါ်လာသည့် သတင်းတစ်ခုက ထိုအမျိုးသမီး၏ ခင်ပွန်းဖြစ်သူနှင့် အရက်ဆိုင်တွင် တွေ့ကြရင်း တစ်ယောက်တစ်ခွန်း စကားများကြရာမှ အထိုးခံလိုက်ရသဖြင့် အိမ်သို့ပြန်ကာ ပေးထားသည့် သေနတ်နှင့် ပစ်ခတ်ဖို့ လိုက်သည့်ကိစ္စ၊ ရှာမတွေ့သဖြင့် မပစ်ခတ်လိုက်ရသည်က တော်နေသေးသည်။ ပစ်ခတ်လိုက်မိခဲ့ပါလျှင် သေနတ်ပေးထားသည့် ကျွန်တော့်တွင် ဥပဒေအရ အပြစ်ရှိနေသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းက ညတွင်းချင်း ကျွန်တော့်ထံ ကျွန်တော့်ရဲဘော်တစ်ဦး က အကြောင်းကြားလာသဖြင့် အဘကောင်း၊ အစ်ကိုကြီး ဦးသိန်းလွင် နှင့် ကျွန်တော်တို့လူကြီး(၃)ဦး ညတွင်းချင်း ပန်းတောကုန်းကျေးရွာသို့ လိုက်ရသည်။ သေနတ်ကိုလည်း ပြန်သိမ်းလာခဲ့ရသည်။

ထိုအချိန်မှစတင်ကာ သူ၏ဇာတိက ရုပ်လုံးပေါ်လာခဲ့သည်။ နောက်ပိုင်းသွားခဲ့သည့် အခေါက်များတွင် ကျွန်တော်တို့အား သားကောင် ရှိမည့်နေရာများကို လိုက်လံမီးထိုးမပြခြင်း၊ တွေ့ရပြန်တော့ ပစ်ခတ်လို့ မရအောင် သားကောင်ကို မီးလှန့်ပြခြင်း၊ သားကောင်ကို မီးထိုးမရှာဖွေ မီးရောင်နှင့်လူကိုမြင်ပြီး သားကောင်ပြေးအောင် လုပ်ခြင်းဆိုသည့်ပညာမျိုး ကို သုံးစွဲလာသည်။ ကျွန်တော်တို့ စိတ်ပျက်ပြီး စခန်းချရာ ပြန်ကြတော မှ သေနတ်ကိုယူကာ မီးတစ်လက်နှင့်ထွက်သွားပြီး လေးငါးချက် ပစ်ခတ် ကြားပါလျက် သားကောင်ကိုမထိ၊ ကျည်ဆန်လွဲချော်သည် အကြောင်းပြ ကာ ဝှက်ထားခြင်း စသည့်ပညာများကို ပြလာသည်မို့ ကျွန်တော်တို့ သ ရှိရာဆီသို့ မသွားခဲ့ကြသည်မှာ ကြာခဲ့ပေပြီ။

ထိုသို့ ကျွန်တော်တို့မသွားခဲ့သည့် ကာလအတွင်း သူနှင့် ငြိစွန်း သည့် အမျိုးသမီး၏ ခင်ပွန်းဖြစ်သူနှင့် ကြက်ပွဲတွင်တွေ့ဆုံကာ ရန်ဖြစ် သူက ဓားနှင့်ခုတ်လိုက်သည့်အတွက် အမှုရင်ဆိုင်လိုက်ကြရပြီး လျော်ကြေ ရှိသမျှ ပေါင်နှံရောင်းချကာ လျော်ကြေးပေးလိုက်ရသဖြင့် ယခင်ကလို တဲ ပြန်နေရသည့်အဖြစ်။

ယခုထွက်ခဲ့သောခရီးတွင် သူရှိရာဆီသို့ မသွားကြဘဲ သူနှင့်ဝေ ဆီသို့ လာရင်းက သွားဆုံလိုက်ကြရခြင်းပင်။ အခြေအနေကိုတော့ စော ကြည့်ရပေမည်။ သူ့ပုံစံကို ကျွန်တော်ကြည့်ရသည်မှာ သိပ်ဘဝင်မကျ အဘယ့်ကြောင့်ဆိုသော် ညပိုင်းသူလာခဲ့စဉ်က ကျွန်တော် အိပ်ပျော်နေသ အချိန်မို့ ကျွန်တော်မသိလိုက်။ ယခုမနက် တောမောင်း သွားကြရန်လာတေ ကျွန်တော်နိုးနေသည်။ မသကာ နှုတ်ဆက်ဖို့တော့ ကောင်းသည်။ ယခုတေ မသိကျိုးကျွန်ပြုကာ ကျွန်တော့်ကိုပင် နှုတ်ဆက်ဖော်မရ ဖြစ်နေသည့် သူ





အပြုအမူကို ကျွန်တော် သိပ်သဘောမတွေ့လှ။ သူ့လုပ်ရပ်ကို စောင့်ကြည့် အကဲခတ်ရပေမည်။

ကျွန်တော် ဆေးသောက်၊ ဆန်ပြုတ်ကိုသောက်ရင်း 'ထွန်းဦး' အကြောင်းကို စဉ်းစားနေကာ မှေးခနဲ အိပ်ပျော်သွားပေတော့သည်။

ကျွန်တော်အိပ်ရာမှနိုးတော့ ချွေးများနှင့်အတိ။ ကိုယ်လက် ကိုက်ခဲ ခြင်းများ ပျောက်သွားသလို၊ ကိုယ်လက်များတို့လည်း ပေါ့ပါးလန်းဆန်းနေ ပြီ ဖြစ်သည့်အတွက် အောင်သူ၏အကူအညီဖြင့် ချွေးတို့ကို သုတ်လိုက်ပြီး အဝတ်များကို လဲဝတ်လိုက်သည်။ အဖန်ရည်နှင့် ပုတတ်သားကြော်တို့ကို စားသောက်ရင်း စောင့်စားနေလိုက်မိပေသည်။

"ဝေါင်း ... ဝေါက် ... ဝေါက်"

ခပ်လှမ်းလှမ်းဆီမှ ချေဟောက်သံ ကြားလိုက်ရသည်။ အသံက သိပ်ဝေးဝေးမှမဟုတ်။ သို့အတွက် ကျွန်တော်က ...

"အောင်သူ ... ကြားလား၊ ဘယ်အနားလောက်က ဖြစ်မလဲ"

"စိုက်ခင်းတွေဘက်ကလို့ ထင်တယ်"

"စိုက်ခင်းတွေက ဘယ်နားမှာလဲ"

"ပိန်းအိုင်မြောင်လေ၊ ရောက်တဲ့နေ့က ဘိုလေးတို့သွားပြီး ကိုယ် သက်သန့်စင်ကြတဲ့နေရာပေါ့"

သူပြောလိုက်တော့မှ သတိထားအမှတ်ရလိုက်သည်။ ထိုချောင်း အား မိုးအခါတွင် တောင်ကျရေများ စီးဆင်းရာချောင်းပင်။ ယခုလို နွေ အခါတွင် စီးဆင်းရန် ရေမရှိသဖြင့် ချောင်းအလယ်ဘွင် ရေအနည်း ငယ်သာကျန်ရှိနေပြီး သဲသောင်ပြင်ကြီးလိုဖြစ်နေသည်။ ထိုသဲသောင် ပြင်ထက်တွင် ရွာခံလူများက ဖရဲ၊ သခွား၊ မြေပဲ၊ ပြောင်း၊ ငရုတ်များ စိုက်ထားကြသည်။ ထိုအပင်များတို့၏ အညွန့်အရွက်များကို လူလစ်လျှင် ဝင်ရောက်စားသောက်ကြသည့် ချေတစ်ကောင်၏ဟောက်သံပင်။

"သူတို့ သေနတ်ထားခဲ့ကြသေးလားကွ"

"ဘာလဲ ဘိုလေးက သွားပစ်ချင်လို့လား"

"ကောင်းမလားလို့ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူက တဲအတွင်းမှ သေနတ်ကိုယူပြီးပြန်ထွက်ကာ ကျွန်တော့်ကိုပြသဖြင့် ကြည့်လိုက်တော့ ပွိုင့်တူးတူးကလေးဖြစ်နေသည်။ သို့အတွက် ကျွန်တော်ကလှမ်းယူလိုက်ပြီး မဂ္ဂဇင်းဘောက်ကို ဖြုတ်ကြည့်လိုက်တော့ ကျည်ဆန်အပြည့်နှင့် ဆောလစ် (Solid) ကျည်ဆန်တို့ပင်။

“ဘာလဲ ဘိုလေးသွားပစ်မလို့လား။ နားလိုက်ပါ။ ကျွန်တော်သွားပြီးချောင်းလိုက်မယ်လေ။ တော်ကြာ နေမကောင်းဖြစ်နေမှာစိုးလို့ပါ”

“ငါမသွားပါဘူး။ မင်းသွားလိုက်။ ငါကျည်ထည့်ပြီး မောင်းတင်ပေးလိုက်မယ်။ ကျည်ဆန်ကတော့ စိတ်မချရဘူးကွ။ ဒါပေမဲ့ ချက်ကောင်းထိရင်တော့ လဲမယ်။ မင်းစိတ်ရှည်ရှည်ထားပြီး သေကွင်းကို ချိန်ပြီးပိုင်မှဖြုတ် . . . ကြားလား”

သူက ခေါင်းညိတ်ပြလိုက်သဖြင့် သေနတ်၏ဘိုလ်တံကိုဆွဲကာ မောင်းတင်ပေးလိုက်ပြီး လုံခြုံရေးမောင်းခလုတ်ကို နောက်သို့ဆွဲကာ ပေးလိုက်တော့ သူက လှမ်းယူကာ တဲပေါ်မှဆင်း၍ စိုက်ခင်းများဘက်ဆီသို့ ထွက်ခွာသွားသည်ကို တွေ့လိုက်ရပေသည်။

မကြာလိုက်။ အလွန်ဆုံး မိနစ် (၂၀)ခန့် ချေသေကိုထမ်းကာ သေနတ်ကို လက်ကဆွဲရင်း ပြန်ရောက်လာသည်။ ဒဏ်ရာကိုကြည့်လိုက်တော့ မျက်လုံးနှစ်လုံးအကြားမှ သွေးများတို့နှင့် ကျည်ဆန်က ဦးနှောက်ကိုဖြတ်ဖောက်သွားခြင်းပင်။ ကျွန်တော်မှာလိုက်သည့်အတိုင်း ပစ်ခတ်ခဲ့ခြင်းပင်။

“ပစ်လို့ကောင်းလိုက်တဲ့ သေနတ်ကလေးဗျာ။ ဘိုလေးမှာလိုက်တဲ့အတိုင်း ကိုင်းတောထဲဝင်ပြီး အသာစိုက်ခင်းထဲကို ချောင်းကြည့်လိုက်တော့ သူကခေါင်းမော့ပြီး ဟိုဒီလိုက်ကြည့်ရင်း သူ့နားရွက် နှစ်ဖက်က တောင်မြောက်လေးပါး ကွေ့ဝိုက်လို့ အသံကို မသင်္ကာဘဲ နားထောင်နေတဲ့ပုံဗျ။ ဘိုလေးပြောတဲ့အတိုင်း မျက်လုံးနှစ်လုံးကြားကို ထည့်လိုက်တာပဲဗျ။ ကျွန်တော် မောင်းခလုတ်ဆွဲဖြုတ်လိုက်တာနဲ့ ချေက အပေါ်ကိုမြောက်တက်သွားပြီး





မြေပြင်ကို ဘေးတိုက်ပြန်ကျတော့မှ သေနတ်သံကလေးကို ကြားလိုက်ရတာပဲ။ ကျည်အရင်သွားပြီး အသံက နောက်ကလိုက်တဲ့ သေနတ်ကလေးဗျ။ ကောင်းလိုက်တဲ့သေနတ် ကလေးဗျာ၊ ဘာသေနတ်ခေါ်သလဲဟင်”

“ပွိုင့်တူးတူး (ဘာရူနိုလ်)အမျိုးအစား ငှက်ပစ်သေနတ်ကလေး ဗျ။ ကျည်ဆန်ကရှားတော့ ပေါပေါများများ မပစ်နိုင်ဘူးပေါ့ကွာ။ အခုလို ချေလိုအကောင်မျိုးလောက်အတွက် သိပ်ပြီးစိတ်ချရတဲ့ အနေအထား မရှိလို့ ခေါင်းကို သေကွင်းကိုအပစ်ခိုင်းလိုက်ရတာပေါ့။ ကဲ . . . သူတို့ ပြန်မရောက်ခင် လုပ်ငန်းလုပ်စရာရှိတာ ဆက်လုပ်ပေါ့”

သူ့ကိုပြန်ရှင်းပြလိုက်ပြီး သေနတ်ကလေးကိုလှမ်းယူကာ ကျည်ရှင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လိုက်ပေသည်။

အောင်သူက ပစ်ခတ်လာခဲ့သည့်ချေကို အရေခွံခွာရန်အတွက် လည်ပင်းတွင် နွယ်ကြိုးဖြင့် ကြိုးကွင်းစွပ်ကာ တဲရှေ့သစ်ပင်ကြီး၏ အကိုင်းတွင် ချိတ်ဆွဲလိုက်ပြီး အမဲလိုက်ဓားမြှောင်ဖြင့် အရေခွံခွာ၊ ဝမ်းကိုခွဲ မိုးနီသားများကိုထုတ်၊ အတွင်းကလီစာများကို ထုတ်လိုက်ပြီး အသားတို့ကို ခုတ်ထစ်ပိုင်းဖြတ်ကာ ညနေစာကို ချက်ပြုတ်လို့ပြီးစီးသည့်အချိန်ထိ သူတို့အဖွဲ့ ပြန်လည်ရောက်ရှိမလာကြသေး။ အချိန်ကို ကြည့်လိုက်တော့ (၄)နာရီပင်။

ချေဝမ်းတွင်းသားများကိုချက်၊ မိုးနီသားများကို ကြော်သည်။ အသားတုံးများကို တံစို့ထိုးကာ ကင်သည်လည်းပါသည်။ ထိုအချိန် အမဲလိုက်ခွေးသုံးကောင် ပြန်လည်ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသည်။ ခွေးများကိုကြည့်လိုက်တော့ အလွန်အမင်း ပင်ပန်းလာခဲ့ကြ ဟန်ထင့်။ မီးဖိုကြီးဘေးတွင်ဝပ်လျက် ပါးစပ်ကိုဖြဲ၊ လျှာများကိုထုတ်ပြီး ဟောဟဲလိုက်နေသည်။ သူတို့အသွင်ကို ကြည့်ရခြင်းအားဖြင့် အလွန် မောပန်းလာခဲ့ကြသည့်အသွင်။

အတန်ကြာတော့ အဘကောင်းတို့အဖွဲ့ သေနတ်ကိုယ်စီထမ်းကာ ပြန်လည်ရောက်ရှိလာကြသည်။ ကုလားကြီးသန်းညွန့်လက်ထဲတွင် ဖွတ်တစ်ကောင်ကို အမြီးမှဆွဲပြီး ကိုင်လာသည်ကိုလည်း မြင်တွေ့လိုက်ရသည်။ ဖွတ်ကိုကြည့်လိုက်တော့ နှစ်ပိဿာနီးပါးခန့် ခတ်ချိုဖွတ် အမျိုးအစားပင်။



www.burmeseclassic.com

www.burmeseclassic.com



သည့်ရှာဘက်များဆီတွင် ဖွတ်နှင့်ပတ်သက်ပြီး လေးမျိုးလေးစား တွေ့မြင်ကြရသည်။ ထိုဖွတ်လေးမျိုးတို့မှာ ခတ်ချိုဖွတ်၊ ရုန်းဖွတ်၊ ဖွတ်ညှင်း ခံနှင့် ဖွတ်ကျားဆိုသည့် အမျိုးအစားတို့ပင်။

ခတ်ချိုဖွတ်နှင့် ရုန်းဖွတ်တို့မှာ သိပ်မကြီး။ အလွန်ဆုံးရှိမှ သုံး ပိသာအထက်ပင်။ သူတို့မှာ သစ်ပင်ကြီးများအထက်တွင် နေထိုင်ကြပြီး မြေပြင်တွင်ဆင်းသက်၍ အစာရှာဖွေကာ စားသောက်တတ်ကြသည်။ နောက် နှစ်မျိုးဖြစ်သည့် 'ဖွတ်ညှင်းခံနှင့် ဖွတ်ကျားတို့မှာ အချို့သော အကောင်ကြီး များဆိုလျှင် မိကျောင်းထက်ပင်ကြီးသည့် အကောင်မျိုးတို့ကို ဟစ်ခတ်လို့ ရရှိခဲ့ဖူးသည်။

အထူးသဖြင့် ထိုအကောင်မျိုးမှာ ငယ်စဉ်အခါ သစ်ပင်ထက်တွင် နေထိုင်တတ်ကြသည်။ အတန်ငယ်ကြီးသည့်အခါ အင်းအိုင်၊ ချောင်းမြောင်း တို့အနီးတွင် တွေ့ကြရပြီး ထိုမြစ်ချောင်း၊ အင်းအိုင်တို့အတွင်းရှိ သားငါး ပုစွန်နှင့် ခရုများအပြင် တောနေတိရစ္ဆာန်၊ လူနှင့် ကျွဲနွားတို့ကိုပင် ဒုက္ခပေး ကြသည်။

အချို့က ထိုအကောင်များကို မိကျောင်းနှင့် မှားတတ်ကြသည်။ မိကျောင်းဆိုသည့် အကောင်တို့က လျှာမပါ။ အရသာမသိသဖြင့် သူတို့ အစာများက ငြေ့၊ ရေမှော်၊ ကျောက်ခဲတို့လောက်ရယ်သာ။ (တစ်ခါတစ်ရံ လူနှင့် အိမ်မွေးတိရစ္ဆာန်များအပါအဝင်) ဖြစ်သော်လည်း ဖွတ်ဆိုသည့် အကောင်များက လျှာရှိသဖြင့် အရသာကိုသိသောကြောင့် မြစ်ချောင်း အင်းအိုင်တို့အတွင်းမှ ငမှုန်ငမွား၊ ပုစွန်နှင့် ခရုတို့ပါမချန် အကုန်စားပစ် ကြသည့်အတွက် ဖွတ်မိကျောင်းဖြစ်၊ မြစ်မချမ်းသာ ဆိုသည့်စကား ပေါ်ထွက်လာခဲ့ဟန်ထင့်။

ထိုအကောင်များကို အချို့သော အရပ်ဒေသများက ထိုးစည်ဟု လည်း ခေါ်တတ်ကြသည်။ အတွေ့အကြုံ ရှိကြသူများအတွက်ဖြင့် မိကျောင်း နှင့်ဖွတ်ကို ခွဲခြားနားလည်ကြသည်။ မိကျောင်းဆိုသည့် အကောင်တို့က လျှာမထုတ်၊ (မရှိသဖြင့်) သွားလျှင်လည်း မြေပြင်ကို ဗိုက်ကပ်၍ လက်နှင့် ယက်ဖယ်သွားတတ်ကြသည်။





ဖွတ်ဆိုသည့်အကောင်မျိုးက သူ၏လျှာကို မကြာခဏ ထုတ် လိုက်သွင်းလိုက် လုပ်တတ်ကြပြီး သွားလာသည့်အခါ မြေပြင်ကို ဗိုက်ကပ် မသွားကြဘဲ လက်နှင့်ခြေထောက်ကို အားပြုကာ ကုန်းကုန်းဖြင့် လျှောက် လှမ်းကြသည့် အသွင်မျိုး။ မိကျောင်းများတို့ကဲ့သို့ အမြီးရိုက်ချက်က ပြင်းသလို ချွန်ထက်သော သွားစွယ်ကြီးများနှင့်အတိမ့် အကြောက်အရွံ့ကင်းမဲ့ပြီး ကျား နှင့် ကျားသစ်တို့ပင် ကြောက်ကြသည့် တောခွေးအုပ်များကိုပင် ပြန်လည် ခုခံဆိုင်တတ်ကြသည်။ တောဆင်ရိုင်းလို အကောင်ကြီးများကိုပင် ယှဉ်ပြိုင် တတ်ကြသည့် အကောင်မျိုးဖြစ်ပေသည်။

အဘကောင်းတို့အဖွဲ့ကို ကြည့်လိုက်တော့ ဘောခြောက်တော မောင်းသူတို့ ပြန်ပါမလာကြသလို ထွန်းဦးလည်း လိုက်မလာသဖြင့် ကျွန် တော်က ...

"ဟိုကောင် ... ထွန်းဦး၊ လိုက်မလာဘူးလား အဘ။ ပြန်သွား ပြီလား"

"ပြူးကျယ်နဲ့နှစ်ယောက် ဖုန်းဆိုးတော ဟင်းစားသွားရှာမယ်ဆိုပြီး ခွဲထွက်သွားကြတယ်ကွ။ တော်တော်ကြာမှ လိုက်လာမယ်နဲ့တူတယ်"

သူတို့အဖွဲ့သားများက ချောင်းဘက်ဆီသို့ဆင်းကာ ကိုယ်လက် များဆေးကြောရန် ပြင်ဆင်နေလိုက်စဉ် အစ်ကိုကြီးဦးသိန်းလွင်က ...

"အောင်သူ ... ကျွဲဂုံမင်းသွားရှာကွာ။ မင်းနဲ့ငါ ဖွတ်သားချက် သိုက်ကြရအောင်။ နောက်ပြီး မင်းဖွတ်ကိုကိုင်လိုက်၊ ချက်တာတော့ ငါ ချက်ပေးမယ်"

အောင်သူတစ်ယောက် ကျွဲဂုံမင်းရှာရန် ဆင်းသွားသလို သူတို့ အဖွဲ့ကလည်း ချောင်းဘက်ဆီသို့ ကိုယ်လက်များသန့်စင်ရန် ဆင်းသွား သည်။ အောင်သူ မကြာမီ ပြန်ရောက်လာခဲ့ပြီး ဖွတ်ကိုအရည်ချ၊ ဝမ်းကို ခွဲလိုက်စဉ်အတွင်းမှ တွေ့လိုက်ရသော ဖွတ်ဥများကြောင့် ...

"ဟာ ... ပွတာပဲဟော၊ ဖွတ်က ဥတွေနဲ့ဗျ ဘိုလေးရဲ့"

"ဟုတ်လား ... အောင်သူ၊ ဘယ်နှစ်လုံးပါသလဲကွ။ ဘယ်လောက် ကြီးလဲ"

www.burmeseclassic.com



"တောကြက်ဥလောက်ရှိတယ်။ အကြီးက ခုနစ်လုံး။ ကျန်တာ လေးတွေက သေးတယ် ပွစာကိုကျဲနေတာပဲ"

"အေး ... ပြုတ်လိုက်ကွာ။ စားလိုက်ကြရတာပေါ့"

ထိုအချိန် ကိုယ်လက်သန့်စင်ကြသော အဖွဲ့သားများ ပြန်လည်ရော လာကြပြီး အစ်ကိုကြီး ဦးသိန်းလွင်က ဖွတ်သားဟင်းချက်နေသလို အောင်း ကလည်း ဖွတ်ဥကိုပြုတ်နေသည့်အချိန် ထွန်းဦးနှင့် ပြူးကျယ်တို့ရောက်လ ပြီး ...

"ဟင်းစားသွားရှာတာ ဘာကောင်မှမရခဲ့ဘူး။ အောက်ချင်းငှ တစ်ကောင်ပဲရတယ်လေ။ ကံကောင်းတာက ခြတောင်ပို့ကြီးဘေးကတွ မှာ ကျစ်စာခဲတွေ့လို့ တူးကြည့်လိုက်တော့ ဖွတ်ဥတွေဖြစ်နေတာနဲ့ ဖွ ဥလာပေးတာ။ ဘိုလေးတို့ အရက်နဲ့မြည်းဖို့လေ"

ထွန်းဦးက ပြောပြောဆိုဆို ခါးပိုက်ဆောင်အတွင်း ထည့် လာသည့် ဖွတ်ဥများကို ကြမ်းပြင်ပေါ်သို့ ချလိုက်သဖြင့် ကျွန်တော်ကြ လိုက်မိသည်။ စောစောက အောင်သူပြောသလို တောကြက်ဥ အရွယ် ဖြစ်သဖြင့် ဖွတ်ဥပြုတ်နေသောအောင်သူကို လှမ်းခေါ်ကာ စောစောက ပြ နေသည့် ဥများနှင့် ရောပြုတ်ရန် မှာကြားလိုက်ရင်းက ...

"ထွန်းဦး ... မင်းတို့အတွက်ကော ကျန်သေးရဲ့လား။ ယူ ဦးလေ"

"ဟိုမှာ ပြူးကျယ် ခါးပိုက်ဆောင်ထဲမှာ ကျွန်တော်တို့နှစ်ယော စားဖို့ ဆယ်လုံးလောက်ယူသွားတယ်။ ကျွန်တော်တို့က ဒါမျိုး မကြာ စားကြရလို့ ရိုးနေပြီ။ ဘိုလေးတို့သာ အဝစားကြ။ ကဲ ... ကျွန် တို့ပြန်တော့မယ်။ မနက်ဖြန်မှလာခဲ့မယ်"

ပြောပြောဆိုဆို သူတို့နှစ်ယောက် ထွက်သွားကြသည်။ အ ကြာတော့ အဘကောင်းတို့ရောက်လာပြီမို့ ချောဝမ်းတွင်းသားဟင်း၊ သားကင်၊ ဖွတ်ဥများနှင့်အရက်ကို အားလုံး သောက်စားနေလိုက် သည်။





"အဘကောင်းတို့အဖွဲ့ ဘယ်နေရာဆီမှာ သွားပစ်ခဲ့ကြတာလဲ။ တစ်နေ့လုံး တောမောင်းပစ်ကြတာ တစ်ကောင်မှမရဘူးဆိုတော့ ကျွန်တော့် စိတ်ထဲ ဆန်းနေသလိုမျိုးပဲ"

"အေးကွ ... ငါလည်း ဒါပဲစဉ်းစားနေတာ။ ပျဉ်းမကုန်းဘက်က ကိုင်းတောကြီးကို တစ်ဖြတ်ပြီးတစ်ဖြတ် ပိုင်းပိုင်းပြီး တောမောင်းတာ ဘာ တစ်ကောင်မှ မပစ်ရတာဟော့"

"ဘာလဲ သားကောင်မရှိလို့လား ... ဟင်အဘ"

"သားကောင်ကရှိတယ်။ တစ်စည်းမောင်းလိုက်ရင် သုံးလေး ကောင်ထွက်တယ်။ တောကကျယ်တော့ ပစ်မယ့်လူနဲ့ ထိပ်တိုက်မတိုး တာကွ"

"ဟုတ်လား ... ဒါဆိုရင် အဲဒီတောကို ဘယ်သူကပြတာလဲ။ သေနတ်စည်းကိုရော ဘယ်သူချတာလဲ"

"ပြူးကျယ်နဲ့ထွန်းဦးတို့ နှစ်ယောက်လေကွာ။ ငါစဉ်းစားနေတာက သားကောင်မရှိဘူးဆိုရင်တော့ ထားပါတော့။ ခုတော့ သားကောင်ရှိပါလျက်နဲ့ ငါတို့နဲ့ ထိပ်တိုက်မတိုးတော့ သူတို့ကိုလည်း အပြစ်မပြောသာဘူးလေ။ အဲဒါကို မကျေနပ်တာကွ"

"ဟုတ်တယ် ... ဘိုလေးရဲ့။ အခု အဘပြောတဲ့အတိုင်းပဲ။ ကျွန် တော်တို့လည်း ထွန်းဦးအပေါ်မှာ သံသယရှာကြည့်တယ်။ သူ့မှာလည်း အပြစ်မရှိဘူးဆိုတော့ အတွေးရခက်နေတယ်"

ကုလားကြီးသန်းညွန့်ကပါ အဘကောင်းဘက်က ထောက်ခံပြော နေသလို ကျန်အဖွဲ့များတို့၏ မျက်နှာများကို လိုက်ကြည့်လိုက် တော့ လည်း ပါးစပ်ကသာဖွင့်မပြောကြသော်လည်း ဟုတ်မှန်ကြောင်း ထောက်ခံ နေကြသည့်အသွင်မျိုးမို့ ကျွန်တော် ဘာမှဆက်မပြောတော့ဘဲ ဖွတ်ဥ နှင့် ချောဝမ်းတွင်းသားဟင်း၊ မိုးခိုသားကြော်များနှင့် စားသောက်နေလိုက် ကြပေသည်။

သူတို့ကား နေကောင်းသူတို့ဖြစ်ကြသလို ပင်ပန်းဆာလောင် လာ ကြ၍လားတော့ဖြင့်မသိ၊ စားလိုက်သောက်လိုက်ကြသည်မှာ ထမင်းပင်



www.burmeseclassic.com

www.burmeseclassic.com



မစားနိုင်ကြတော့သည့် အဖြစ်။ ကျွန်တော်က ယခုမှ နေကောင်းစပြု သူမို့ ကိုယ့်အနေအထားနှင့်ကိုယ်ချိန်၍ သောက်နေရသူဖြစ်သည်။ သိပ်မမူးသော် လည်း ကျွန်တော့်ဦးနှောက်အတွင်းမှ စွဲထင်ထားသည့် အယူအဆကတော့ မူးနေသည်ကအမှန်။ ကျွန်တော် တွေးထင်ထားသလို မဖြစ်ပါစေနှင့် ဟူ၍သာ အကြိမ်ကြိမ် ဆုတောင်းနေလိုက်ရင်း အနီးရှိ ရွာခံမှဆိုးများဖြစ်ကြသည့် အောင်သူ၊ ကုလားထွန်းညွန့်နှင့် ပိန်သေးတို့ အားခေါ်ယူလျက် ...

"မင်းတို့လေးယောက် ထင်းခြောက်ရှာကြစမ်းကွာ"

ကျွန်တော်ပြောလိုက်သည့်စကားကြောင့် သူတို့လေးဦးထဲမှ အောင် သူက ...

"ထင်းတွေရှိတယ်လေ ... ဘိုလေးရဲ့။ ဟိုမှာပုံထားတာ လ တစ်ရပ်မကဘူးလေ"

"အေးပါ .. အဲဒီထင်းပုံကို ငါမြင်ပါတယ် ကလေးရဲ့။ မလောက် လို့ နိုင်းတာပေါ့ကွ"

သည့်တစ်ခါဝင်ပြောလိုက်သူက ထွန်းညွန့်ပင်။

"ဘိုလေး ... ဘယ်လိုဆန္ဒရှိတယ်ပြောပါလေ။ ကျွန်တော်တို့ လုပ်မှာပေါ့ ... ပြောပါ"

"အေး ... ဒါဆိုရင် ဒီညလွန်မြောက် အသက်ရှည်ကြဖို့အတွက် ဒီတဲကို မီးဝိုင်းချင်တယ်ကွာ။ မင်းတို့ရှာလို့ရမယ့် ထင်းခြောက်တွေနဲ့ မီးဝိုင်း စီစဉ်ပေးကြ"

ကျွန်တော်ပြောလိုက်သည့် စကားကြောင့် သူတို့လေးဦးသာ ထင်းခြောက်ရှာဖောက်ကြရန်အတွက် ထွက်ခွာသွားကြပေသည်။ အတ ကြာတော့ ကျွန်တော်တို့တဲဝန်းကျင်တွင် ဝိုင်းပတ်ထားကြသည့် ထင် ခြောက်များ၊ သစ်ရွက်ခြောက်များနှင့်အတိ။ အဘကောင်းနှင့် လူငယ် များတို့ကား ကျောပိုးအိတ်ကိုခုကာ အိပ်၍ပင်ပျော်နေကြပေပြီ။

သူတို့က ပင်ပန်းလာကြသူများမို့ အိပ်ပျော်နေကြသော်လည်း အ မပျော်နိုင်ကြသူနှစ်ဦးကတော့ ကျွန်တော်နှင့် အောင်သူပင်။ ကျွန်တော်





အိပ်မပျော်သည်က သံသယစိတ်တို့နှင့်မို့ အောင်သူကတော့ ကျွန်တော် မအိပ်သေးသဖြင့် သူမအိပ်ခြင်းပင်။

"အောင်သူ ... မင်းလည်းပင်ပန်းနေပြီ နားချင်ရင်နားတော့။ မအိပ်ခင်ငါ့ကို အရက်ရယ်၊ အမြည်းနဲ့ ရေချပေးပြီး နားတော့။ ငါက တစ်နေ့လုံးအိပ်ထားတော့ ဒီည ကင်းစောင့်မယ်ကွာ။ လောလောဆယ် မအိပ် ချင်သေးဘူး။ ငါ့ကို ငဲ့မနေနဲ့။ အိပ်ပြီး အနားယူလိုက်တော့"

ကျွန်တော်က စိတ်ထဲတွင် သံသယရှိနေသည့်ကိစ္စကလည်း ကျွန် တော့်အထင်မို့ သိပ်မသေချာလှသလို၊ တစ်နေ့လုံး အိပ်ထားသည့် အတွက် တော်တော်နှင့်အိပ်ပျော်မှာ မဟုတ်သဖြင့် စိတ်တွင် ထွန်းဦးနှင့်ပတ်သက်သည့် သံသယကို မှားသည်မှန်သည် စမ်းသပ်ကြည့်လိုသည်က အမှန်။ အဘယ် ကြောင့်ဆိုသော် ကျွန်တော် သံသယရှိနေသည့်အတိုင်း ဖြစ်ပေါ်လာပါက ပေးဆပ်လိုက်ရမည်က ကျွန်တော်တို့အားလုံး ရဲ့အသက်။ ကျွန်တော့်အတွေး တို့က ငှက်ဖျားပိုးငယ်ထိပ်ရောက်ပြီး ဦးနှောက်မမှန်တော့သည့် အဖြစ်မျိုး။ ပြောရလျှင် ရူးကြောင်မူးကြောင် ဖြစ်နေသည့်အဖြစ်။ သို့သော် ယခုပွဲတွင် ထွန်းဦးနှင့်ပတ်သက်ပြီး ကျွန်တော် စမ်းသပ်ကြည့်လိုသည်က အမှန်။

ကျွန်တော့်အတွေး မှားသည်မှန်သည်ကို ဖြစ်ရပ်က သက်သေ ခံမည်။ သို့သော် မှဆိုးဖြစ်သည့်ကျွန်တော့်ဘက်က အဖွဲ့သားအားလုံး အတွက် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းအတွက်တော့ စိတ်တိုင်းမကျလှသည့် အထိုက်အလျောက် စီမံဆောင်ရွက်ထားပြီးမို့ ဖြစ်ပေါ်လာမည့် အခြေအနေကို စောင့်စားကြည့်နေရင်း အဖြေထုတ်ကြရန်ပင် ဖြစ်ပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၇]

❑

အောင်သူက ကျွန်တော်ထိုင်နေသည့် ဝါးစားပွဲတွင် အရက်န
ရေ၊ အမြည်းတို့ကို ချပေးလိုက်သဖြင့် ကျွန်တော်က သောက်စားေ
လိုက်စဉ် သူက ဝါးကုလားထိုင်တွင် ထိုင်လိုက်ရင်း ကျွန်တော့်ကို မေးခွ
တစ်ခုမေးလိုက်သည်က ...

"ဘိုလေးကို ကျွန်တော်မသိလို့ မေးကြည့်ချင်တယ်ဗျာ။ မေးခွ
ပြုနော်"

"ဟအကောင် ... အောင်သူ၊ မင်းနဲ့ငါ့အကြားမှာ ဘာအက
မှမရှိဘူး။ မေးချင်တာမေးပေါ့ကွ။ မင်းကငါ့ကို ဘယ်လိုထင်နေလို့တုံး"

"ဒီလိုပါဗျာ။ ကျွန်တော်တို့တစ်တွေ ဒီစခန်းမှာ အိပ်ခဲ့ပေါင်းေ
များခဲ့ပါပြီ။ ဒီညမှ ထူးထူးခြားခြား မီးဝိုင်းအိပ်မယ်ဆိုပြီး ထင်းခြောက်တွေ
အကောက်ခိုင်းပြီး မီးဝိုင်းဖို့ အသင့်ပြင်ဆင်ထားခိုင်းတာ ဘာကြောင့်လဲ
တာကိုပါ"

သူမေးလိုက်သည့်မေးခွန်းက ကျွန်တော်သံသယရှိနေသည့် 
ကို စိတ်ဝင်စားနေသည့်အသွင်။ သို့သော် ဘယ်လိုကိစ္စဆိုသည်ကို သူမ
သိလိုသည့်အတွက် မေးလိုက်သည့်စကားမျိုးမို့ ကျွန်တော်က ...





"ငါ့အတွေ့အကြုံရ အားလုံးနဲ့သက်ဆိုင်နေမယ်၊ အသက်အန္တရာယ်လည်း စိုးရိမ်နေရတယ်လို့ မြင်ထားလို့ ကြိုတင်ပြင်ဆင်ထားတာပါကွာ။ မှန်ချင်လည်း မှန်မယ်၊ မှားချင်လည်း အချည်းအနှီးမဖြစ်ဘူးဆိုတဲ့ အတွေးနဲ့မို့ပါ"

ကျွန်တော် သာသာထိုးထိုးပြောလိုက်သည့် စကားတို့အပေါ် သူက မကျေနပ်။ သို့သော် စကားလမ်းကြောင်းတို့ကို လွှဲပစ်လိုက်သည်။ သူပြောလိုက်သည့် စကားတို့က ...

"ဘိုလေးက အတွေ့အကြုံများပြီး အသက်အရွယ်လည်း ကြီးသူတစ်ယောက်ဆိုတော့ ကျွန်တော်သိချင်တာကလေးကို သိမယ်ဆိုရင် ပြောပြပါလားဟင်"

"အေး ... မေးလေကွာ။ ငါသိတဲ့ကိစ္စဆိုရင် ပြောပြမှာပေါ့ကွ။ တကယ်လို့ ငါမသိဘူးဆိုရင်လည်း အဘကောင်းတို့၊ အစ်ကိုကြီး ဦးသိန်းလွင်တို့ မေးကြည့်ရတာပေါ့။ နောက်ပြီး တို့အဖွဲ့ထဲမှာ ကုလားကြီး သန်းညွန့်ကလည်း ရှာရှာဖွေဖွေလေးတွေကို အတော်ကလေး လေ့လာလိုက်စားတဲ့သူပဲကွ။ သူလည်း သိချင်သိမှာပေါ့"

ကျွန်တော်က သူ့ကို စကားလမ်းကြောင်း ခင်းပေးလိုက်သည့်အတွက် သူမေးလိုက်သည့်စကားတို့က ...

"ဒီလိုပါ ... ဘိုလေးရယ်။ ဟိုတစ်ချိန် ကိုလိုနီခေတ်ကပေါ့။ ကချင်ပြည်နယ်၊ လီဒိုလမ်းမကြီးမှာ မြွေကြီးတစ်ကောင်ကို လေယာဉ်ပျံနဲ့ဗုံးခွဲပြီး သတ်လိုက်ရတဲ့သတင်းကို အဖေ့ဆီကပြောပြလို့ ကြားလိုက်မိတယ်လေ။ သူ့အသားတွေကို ရထားတွဲကြီးတွေနဲ့ သယ်ရတာဆိုတဲ့ အကြောင်းလည်းပါတယ်။ အဲဒီကိစ္စ ခုနောက်ပိုင်း ကျွန်တော်ထပ်ပြီး ကြားရတဲ့စကားက အဲဒီဗုံးခွဲလိုက်တဲ့အချိန်မှာ မြွေက တစ်ကောင်တည်း မဟုတ်ဘူးတဲ့။ အဖိုအမ မိတ်ဆော့နေကြရင်း ဗုံးခွဲခံလိုက်ရတာ တစ်ကောင်ပဲသေပြီး နောက်တစ်ကောင်ပျောက်နေတယ်လို့ သိရတယ်။ အဲဒီ အကောင်ကြီး ဘယ်မှာရှိနိုင်မလဲဆိုတာရယ်၊ ဖြစ်ဒကာ ဖြစ်နိုင်ပါ့လား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို ကျွန်တော်သိချင်တာပါ။ သိမယ်ဆိုရင် ဗဟုသုတအဖြစ် ပြောပြပါလား''

အောင်သူမေးလိုက်သည့်စကားက ကျွန်တော် သံသယဖြစ် နေသည့်ကိစ္စကို တိုက်ရိုက်မမေးဘဲ သွယ်ဝိုက်မေးလိုက်ခြင်း ဖြစ်နေသည်ကို သိလိုက်ရသည့်အတွက် ပြုံး၍ ကြည့်နေလိုက်မိသည်။ စိတ်ထဲကလည်း ဒီကောင်လေး မဆိုးပါလားဆိုသည့် အတွေးမျိုးနှင့်။

''အေးကွ . . . မင်းမေးသလို ငါ့မှာလည်း အဲဒီအတွေးမျိုး ရှိတယ်ကွ။ တစ်နေ့မှာ ငါစာအုပ်တစ်အုပ်ထဲမှာ ဖတ်လိုက်မိလို့ ငါမှတ်ထားလိုက်တာကို ပြောပြမယ်ကွာ။

စာရေးသူက 'မောင်အောင်မြင့် (မိတ္ထီလာ)ဆိုသူပဲ။ သူ့အဆိုအရကတော့ သူဟာ မြစ်ကြီးနား၊ ကချင်ပြည်နယ် လီဒိုလမ်းမပေါ်ကို ရောက်ခဲ့တယ်တဲ့။ အဲဒီမှာ 'တရုံ'မြစ်ကူးတံတား မရှိတဲ့အတွက် တပ်မတော်စစ်ကြောင်းကားတန်းနဲ့အတူ တစ်ဖက်ကမ်း တနိုင်းမြို့မှာ ညအိပ်ရင်းနားခဲ့ရတယ်လို့ဆိုတယ်။ အဲဒီမှာ တံတားစောင့်ဖြစ်တဲ့ အသက် (၆၀) လောက်ရှိတဲ့ ကချင်တိုင်းရင်းသားကြီး 'ဦးရဝမ်'ရဲ့ မျက်မြင်ကိုယ်တွေ့ဖြစ်ရပ်ကို ရေးသားတင်ပြတယ်လို့ သူကဆိုတယ်လေ။

၁၉၄၀–၄၁ ဝန်းကျင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေချိန် ဂျပန်တွေရဲ့ထိုးစစ်ကို ကြံ့ကြံ့မခံနိုင်တဲ့ မဟာမိတ်တပ်တွေဟာ စစ်ရေးအခြေအနေ မလှတဲ့အတွက် ပြန်လည်ဆုတ်ခွာနေကြတဲ့အချိန် ဖြစ်တယ်။ အဲဒီမှာ သူတို့ပြန်လည်ဆုတ်ခွာကြဖို့ လမ်းကြောင်းဟာ လီဒိုလမ်းမကြီးဟာ အရေးပါတဲ့လမ်းကြောင်းတစ်ခု ဖြစ်တယ်လေ။

အဲဒီ လီဒိုလမ်းမပေါ် တနိုင်းမြို့၊ တရုံမြစ်ကူးတံတားကြီးကလည်း ပေနှစ်ရာခန့်ရှိပြီး တောင့်တင်းခိုင်မာတဲ့ တံတားကြီးတစ်ခုလို့ သတ်မှတ်ထားကြတော့ မဟာမိတ်တပ်တွေ ပြန်လည်ဆုတ်ခွာဖို့အတွက် အရေးပါတဲ့ တံတားဖြစ်တယ်လေ။

တစ်ည တံတားစောင့်ကြီး ဦးရဝမ်ရဲ့ ဆွေစဉ်မျိုးဆက်တွေဆီက ကြားရတဲ့အချက်က သူတို့အချက်ကိုစောင့်နေကြရင်း လုံးပတ်က ဆယ်ပေ





ခန့်၊ အရှည်ပေတစ်ရာရှိ မြွေကြီးနှစ်ကောင် မြစ်ကူးတံတား အောက်ဆီကို ဖြတ်ကူးလာကြရင်း တံတားပေါ်ဖြတ်ကျော် ပေါ်မြူးကြတယ်လေ။ တံတားကြီးက သူတို့နှစ်ကောင်ရဲ့ ကြီးမားလေးလံတဲ့ ကိုယ်အလေးချိန်ဒဏ်ကို မခံနိုင်တော့ဘဲ ပြိုကျပျက်စီးသွားရတယ်လို့ ဆိုသားတယ်။ ဒါကြောင့် မဟာမိတ်တပ်တွေဟာ တံတားမရှိတဲ့အတွက် ခက်ခက်ခဲခဲ ဖြတ်ကျော်ခဲ့ကြရတယ်လို့ ဆိုတယ်ကွ။

အဲဒီ မြွေကြီးနှစ်ကောင်ဟာ ချင်းတွင်းမြစ်အဘွင်း ကူးခတ်ဆော့ကစားကြပြီး အားရတော့မှ တရုံမြစ်ရိုးတစ်လျှောက် ဆန်တက်သွားပြီး ပျောက်ကွယ်သွားတယ်လို့ ဆိုတယ်လေ။ ဒါပေမဲ့ အဲဒီမြွေကြီးနှစ်ကောင်ဘေးက ကင်းဝေးအောင် အန္တရာယ်ကင်းလွတ်အောင် မဟာမိတ်တပ်လေယာဉ်တွေက တရုံမြစ် မြစ်အထက် မြွေတွေပျောက်ကွယ်သွားတဲ့ ရေအိုင်ကြီးကို ဗုံးတစ်လုံးကြဲချလိုက်တယ်ဆိုပဲ။

အဲဒီဗုံးဒဏ်ကြောင့် မြွေကြီးနှစ်ကောင်အနက် တစ်ကောင်ထိမှန်သေဆုံးသွားသတဲ့လေ။ အဲဒါကို ဦးရဝမ်ရဲ့အဘိုးဖြစ်သူ ပြောပြချက်အရဆိုရင် သေဆုံးသွားတဲ့ မြွေကိုယ်လုံးကို အပိုင်းပိုင်းဖြတ်၊ ထရပ်ကားကြီးပေါ်တင်တာ မဆံ့တဲ့အတွက် ပိုတဲ့အသားတွေကို ပတ်ဝန်းကျင် ကျေးရွာများက ရွာသူရွာသားတွေကို ဝေငှပေးလိုက်ရတဲ့အတွက် အများအပြား ရရှိသွားကြတယ်လို့ ဆိုထားတယ်ကွ''

''ဟုတ်လား . . . ဒါဆို ကျန်တဲ့တစ်ကောင်က ဘယ်ရောက်သွားသလဲဟင်။ နောက်ထပ်ကော တွေ့ကြရသေးသလား''

''အေးကွ . . . အဲဒီ ကျန်နေတဲ့ မြွေကြီးတစ်ကောင်အကြောင်းကို အဲဒီအကြောင်းကိုရေးထားတဲ့ စာရေးသူက ဦးရဝမ်နဲ့တွေ့ပြီး ပြောတာက ၁၉၅၀ ဝန်းကျင်ပေါ့ကွာ။ လွတ်လပ်ရေးရပြီးတဲ့နောက်ပေါ့။ အဲဒီအချိန်အစိုးရကတော့ ဖဆပလအစိုးရခေတ် ဖြစ်မှာပေါ့နော်။

နိုင်ငံတော်အစိုးရက အများပြည်သူ သွားလာမှုလွယ်ကူစေရေးအတွက် အဲဒီတံတားကြီးကို အသစ် ဆောက်ပေးလိုက်ပြန်တယ်လေ။ ထိုတံတားမှာ သူတာဝန်ကျနေတုန်း ကြီးမားပြင်းထန်တဲ့ ရေလှိုင်းများ



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရတာနှင့်အတူ ရွှေ့လျားကူးခတ်သွားတဲ့ အသံကြီးများနဲ့ တရုံမြစ်ကူးတံတားပေါ်ကို ကျန်နေတဲ့မြွေကြီး ဖြတ်ကျော်ခြင်း ခံလိုက်ရတဲ့အတွက် အသစ်တည်ဆောက်ထားတဲ့ တံတားကြီး အပိုင်းပိုင်း ကျိုးကျပြိုပျက်သွားတာကို ကိုယ်တိုင်မြင်လိုက်ရတယ်လို့ ဆိုတယ်ကွ။

သူမြင်လိုက်ရတဲ့ အကောင်ကြီးက လုံးပတ် (၈)တောင်လောက်ရှိပြီး အရှည်က ပေတစ်ရာကျော်တယ်လို့ဆိုတယ်''

''အဲဒါ ဘယ်အချိန်ကာလလောက်ကလဲဟင် ဘိုလေး''

''၁၉၇၀ ပြည့်နှစ်နောက်ပိုင်းဖြစ်မယ်လို့ ထင်တယ်ကွ။ အဲဒီအချိန်ကတည်းက အဲဒီအကောင်ကြီး ပျောက်သွားလိုက်တာ ယနေ့ အချိန်ထိပဲဆိုပြီး သူရေးထားတာကို ငါမှတ်ထားလိုက်မိတာ။ သိသလောက် ပြန်ပြောပြတာပေါ့နော်။ အဲဒါပါပဲကွာ''

''ဒီအကောင်ကြီး တံတားဖျက်ပြီး ဘယ်ဘက်ကိုသွားတယ် ကြားလဲဟင်''

''ချင်းတွင်းမြစ်အတွင်း ရွှေ့လျားသွားရင်း ပျောက်ကွယ်သွားတယ်လို့ ဆိုတယ်ကွယ့်''

ကျွန်တော်က စကားပြောရသည်မှာ ပင်ပန်းသွားသဖြင့် အရက်ကိုသောက်လိုက်ပြီး ဖွတ်သားဟင်းကို စားနေလိုက်ရင်း မီးဖိုကြီးအတွင်းမှ မီးအလင်းရောင်ဖြင့် သူ့မျက်နှာကို ကြည့်လိုက်မိသည်။ သူသိလိုသည့် အချက်ကို ကျွန်တော် ရှင်းပြလိုက်သဖြင့် အားရကျေနပ်သည့် သွင်မျိုးကို တွေ့လိုက်ရသဖြင့် ...

''အောင်သူ ... ငါ မင်းတို့ကို လိုရမည်ရ တဲကိုမီးဝိုင်းဖို့ခိုင်းတာ ဘာကြောင့်ဆိုတာကို ရိပ်မိလား''

''တစ်ခုခု အကြောင်းရှိတယ်ဆိုတာကိုတော့ သိနေတယ်။ ဘာအကြောင်းဆိုတာကိုသာ မသိတာ။ ဘာကြောင့်များလဲဗျာ။ သိခွင့်ရှိရင် သိပါရစေလား''

''ငါ သံသယရှိလို့ပေါ့ကွာ။ ဟုတ်မယ် မဟုတ်ဘူးဆိုတာ မသေချာသေးပါဘူး။ မဟုတ်ဘဲနဲ့ပြောမိရင်လည်း မကောင်းဘူးပေါ့ကွာ။ မင်း





ငါမှာချင်တာက မင်းကိုငါ အချက်ပြလိုက်တာနဲ့ မီးဝိုင်းကို မီးရှို့ဖို့လုပ်တော့။ တစ်ဝိုင်းလုံး မီးရှို့ရမှာနော်။ ခုတော့ မီးဖိုကို ထင်းတွေထည့်ပေးလိုက်ဦး။ မီးမပြတ်စေနဲ့နော်''

''ဟုတ်ကဲ့''

ပြောပြောဆိုဆိုနှင့် မီးဖိုကြီးအတွင်း မီးများကို တောက်စေရန်အတွက် ထင်းတုံးကြီးများကို ဆိုင်ထည့်ပေးနေသည်ကို ကြည့်နေရင်း အရက်သောက်လိုက်၊ အမြည်းစားလိုက် လုပ်နေလိုက်ပေသည်။ အခြေအနေကား ယခုထက်တိုင် မထူးခြားသေး။

✿ ✿ ✿

[၄]

❑

ကောင်းကင်တွင် လဆုတ်ရက်ဖြစ်သဖြင့် လရောင်မရှိသည်မို့ ရိုးမတောကြီး တစ်ခွင်တစ်ပြင်လုံး အမှောင်ထုကြီးက မင်းမူနေသည်။ တဲရှေ့ကျွန်တော်တို့နှစ်ယောက်ထိုင်နေရာ ဝါးစားပွဲကုလားထိုင်ဘို့ ဟိုဘက်မှာ မီးဖိုကြီးက အောင်သူတစ်ယောက် ထင်းတုံးကြီးတို့ကို ဆင်ထည့်ပေးထားသဖြင့် တရှိန်ရှိန်တောက်လောင်နေရင်း အမှောင်ထုကြီးကို အန်တုနေသော်လည်း မည်သို့မျှ ဖက်ပြိုင်လို့မရ။ သို့သော်လည်း သူ၏အလင်းရောင်များက ဝန်းကျင်လောက်ဆီကိုတော့ ပျံ့နှံ့နေသည်က အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး ပင်ပန်းလာခဲ့ကြသည်နှင့်အတူ ဆက်ရက်မင်းစ
စိမ်ကလေးများအရှိန်နှင့် တဲကလေးအတွင်း ကပ်လျက် ကွေးကွေးက
တို့ဖြင့် အိပ်ပျော်နေကြသည်။ အောင်သူတစ်ယောက်မှာတော့ ကျွန်တေ
မအိပ်သေးသဖြင့် မအိပ်ဘဲ ပေကတ်စောင့်နေ၏။ စောစောက ကျွန်တေ
မှာကြားထားသည့် စကားကြောင့် သူ့တာဝန်ကို သူထမ်းဆောင်ဖို့အတွ
စောင့်စားနေသလို အမှန်အတိုင်း အိပ်လို့မပျော်နိုင်သူက ကျွန်တော်ရယ်သာ
အဘယ်ကြောင့်ဆိုသော် ဟိုတွေးသည်တွေးနှင့် တောင်စဉ်ရေမရ လျှော
တွေးနေလိုက်မိရင်း ထွန်းဦးနှင့်ပြူးကျယ် တို့နှစ်ယောက်အပေါ် ယ
ပိုမိုသံသယစိတ်တို့က ပွားလာခဲ့မိသည်က အမှန်ပင်။

သူတို့ကိုလည်း အပြစ်မဆိုသာ။ ခါးပိုက်ထောင်အတွင်းမှ ဖွ
ဥများကို ကျွန်တော့်ရှေ့ ကြမ်းခင်းပေါ်သို့ ချပြလိုက်ပါလျက် ကျွန်တော်
ထိုဥများကိုကြည့်လိုက်ပြီး အောင်သူပြောလိုက်သည့် တောကြက်ဥ
ရွှယ်အစားကို ခေါင်းထဲစွဲပြီး အောင်သူ့ကိုခေါ်ကာ အိုးထဲတွင်ပြုတ်နေသ
ဖွတ်ဥများနှင့် ရောပြုတ်ရန် ခိုင်းစေလိုက်မိသည့်အတွက် ကျွန်တော့်အ
နည်းချက်လည်း ပါနေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ဦး ကျွေ
သည့်ဖွတ်ဥကို ကိုယ်ကလည်း စားလိုက်မိပြီကိုး။ မစားခင်ပင် စိတ်
တစ်မျိုးဖြစ်သွားသည့်အတွက် မဝါးမိ လျှာဖျားနှင့်ဥကို ထိုးကာ စမ်းသ
ကြည့်လိုက်သေးသည်။ သူတို့ပြောသည်က ဟုတ်လောက်သည့်အထင်
ဝတ်ကြီးကျစားပစ်လိုက်မိသည်။ မူးကလည်း မူးနေသည်ကိုး။

သူတို့အဖွဲ့ နံနက်ပိုင်း ခွေးများနှင့်အတူ ကိုင်းတောကြီးကို တစ်ဖြ
ပြီးတစ်ဖြတ်ပိုင်းကာ တောမောင်းခဲ့သော်လည်း သားကောင်များကို တွေ
ပါလျက် မပစ်ခတ်ကြရဘဲ တစ်ကောင်မျှမရခဲ့ကြ။ စိတ်ဓာတ်ကျဆ
ပြီး ပင်ပင်ပန်းပန်းနှင့် ပြန်အလာ ဖွတ်လိုက်ကောင်းသည့် ရန်လုံဆိုသော
ခွေးတစ်ကောင်က သစ်ပင်ထက်တွင် ရှိနေသည့်ဖွတ်ကို အနံ့ရပြီး သစ်
ထက်ကိုမော့ကာ ဟောင်နေသည်။ ကြည့်လိုက်တော့ ဖွတ်ကိုတွေ့သဖြ
တက်၍ ရိုက်ယူလာခဲ့ကြသည်။ ယနေ့ ညနေစာကို ဖွတ်သားဟင်းနှ
စားကြရန် သူတို့စီစဉ်နေကြစဉ် ထွန်းဦးနှင့် ပြူးကျယ်တို့နှစ်ယောက် ဖွတ်





း ကျွန်တော့်ထံ လာပေးကြခြင်းဖြစ်သဖြင့် ပြုတ်ကာ အရက်နှင့်တးသောက်
က်မိခြင်းပင်ဖြစ်ပေသည်။

မီးဖိုကြီးအတွင်းမှထွက်နေသော မီးအလင်းရောင်နှင့်အတူ လက်ကျန်
ရက်ကို အပြီးသတ်မော့သောက်လိုက်ပြီး တဲခေါင်းရင်းတွင် ချိတ်ဆွဲ
ထားသည့် လက်စွဲတော်နှစ်လုံးပြူးသေနတ်ကို လှမ်းယူလိုက် [illegible] လက်နှိပ်
တ်မီးကိုလည်း ယူလိုက်သည်။ သေနတ်ပြောင်းရင်းသို့ ကျည် (၁၂+၂၁)
ဓ်တောင့် ထိုးထည့်ထားလိုက်ပြီး လက်နှိပ်ဓာတ်မီးကို မီးအစုအကျဲ
တ်တိုင်းကျစမ်းသပ်ကာ အသင့်ချထားလိုက်သည်ကို အောင်သူက လှမ်း
ကြည့်နေသည်။

စိတ်တို့က ဘယ်လိုဖြစ်လာသည်တော့ဖြင့် မသိ။ ယခုမှ မသက်သာ
သာစိတ်တို့က ကျွန်တော့်အား ပိုမိုနှိုးဆွနေသယောင်မို့ ဖြစ်ပေါ်လာမည့်
ခြေအနေကို ငံ့လင့် စောင့်ဆိုင်းနေလိုက်မိပေသည်။

ထိုအချိန်တွင် သူတို့အဖွဲ့ သွားရောက်ပစ်ခတ်ကြဦး အပြန်လမ်း
တောင်ခြေကွင်းပြင် စိုက်ခင်းများတို့ဘက်ဆီမှ လယ်တဲကလေးများတွင် စောင့်
နေကြသည့် ခွေးဟောင်သံများကို ကျွန်တော်သတိ ပြုမိလိုက်သည်။

စိုက်ခင်းတဲကလေးများကား သူတို့ဖြတ်သန်းလာခဲ့ကြသည့် လမ်း
တောင်ခြေတွင် စိုက်ခင်းများက တပြန့်တပြောနှင့်မို့ တစ်တဲနှင့်တစ်တဲ
စ်နေရာစီ ခြားနေကြသည်။ အလှမ်းကလည်း ဝေးကြသည်၊ တဲများတွင်
မွေးထားသည့် ခွေးဟောင်သံများကို ကြားလိုက်ရပြီး အတန်ကြာတော့
ပြန်လည်တိတ်ဆိတ် ငြိမ်သက်သွားကြသည်။

မိနစ် (၂၀)လောက်အကြာတွင် ခွေးဟောင်သံများကို ထပ်မံ
ကြားလိုက်ရပြန်သည်။ စောစောကကြားလိုက်ရသည့် အသံမျိုးမဟုတ်။
အသံက အနည်းငယ်ကျွန်တော်တို့နှင့် နီးကပ်လာသည်။ အတန်ကြာတော့
ပျောက်သွားပြန်သည်။

ခွေးဟောင်သံများက ကြားလိုက်၊ တိတ်ဆိတ်ငြိမ်သက်သွားလိုက်
သို့ပေမဲ့ တစ်ဆင့်နှင့်တစ်ဆင့် ကြားနေရသော ခွေးဟောင်သံများက ကျွန်
တော်တို့နှင့် ပိုမို နီးကပ်လာသည့်အတွက် ကျွန်တော့် ထင်မြင်ယူဆချက်



www.burmeseclassic.com

www.burmeseclassic.com



များက ငါးဆယ်ရာခိုင်နှုန်းနီးပါး မှန်ကန်လာပြီမို့ အောင်သူ့ကိုလှမ်း ...
လိုက်မိသည်။

"အောင်သူ ... မီးပိုင်းကို မီးတင်ပေတော့"

"တစ်ပိုင်းလုံး မီးရှို့ရမှာလား ဘိုလေး"

"အေး ... အရပ်ရှစ်မျက်နှာလုံးရှို့တော့။ ငါ ဟိုလူတွေနှိုးမ...
မြန်မြန်လုပ်"

မီးပိုင်းပြုလုပ်ရန် ထင်းခြောက်များကို ဝိုင်းပတ်ပုံထားသည့် ထင်း...
ကို အမြန်မီးစွဲနိုင်ရေးအတွက် အောင်သူတစ်ယောက် မီးဖိုကြီးအတွင်း...
မီးလောင်နေသည့် ထင်းခြောက်များကိုယူ၍ အမြန်ဆုံး မီးစွဲလောင်စေ...
လုပ်ဆောင်နေချိန် ကျွန်တော် အဘကောင်းနှင့် အဖွဲ့သားများတို့ နှိုး...
လိုက်ရင်း ...

"ဟေ့လူတွေ ... ရန်သူလာနေပြီ၊ ထကြတော့ ... ထကြတော...
သေနတ်နဲ့မီးတွေ အဆင်သင့်ပြင်ထားကြ"

ပြောပြောဆိုဆိုနှင့် မီးအလင်းရောင်နှင့် လက်မှနာရီကိုကြ...
လိုက်တော့ (၂)နာရီသာသာပင်။ အဖွဲ့သားများမှာ ကျွန်တော့်အသံ...
ကြားလိုက်ရပြီး သေနတ်နှင့်ဓာတ်မီးများကို ကိုင်ဆွဲလိုက်ကြ၏။ ဘေး...
ဝဲယာကိုကြည့်လိုက်တော့ တဲ၏ဝန်းကျင်တို့တွင် မီးပိုင်းထားပြီး တရှိန်...
တောက်လောင်နေသည့် မီးပိုင်းကိုကြည့်ကာ တအံ့တဩ ဖြစ်နေကြသည်...
အဘကောင်းက ဟိုဒီ လိုက်လံမီးထိုးရင်း နှုတ်ကလည်း ...

"ဘာလဲ ဘိုလေး၊ ဘာအန္တရာယ်လဲ။ မတွေ့ပါလား"

"မီးမထိုးကြနဲ့။ သေနတ်ကိုသာ အဆင်သင့်ကိုင်ထားကြ။ လေး...
လေးတန်နေ၁။ အခြေအနေကို စောင့်ကြည့်။ ဘယ်ဘက်က ထွက်လာ...
မသိဘူး"

ကျွန်တော်ပြောလိုက်သည့်အချိန် တဲ၏အောက်ခြေတွင် အိပ်...
နေကြသော ခွေးသုံးကောင်က အိပ်နေကြရာမှခေါင်းထောင်ကာ နားရွ...
များကိုဖြန့်ကားလျက် ဝန်းကျင်ဆီသို့ နားစွင့်လိုက်ကြရင်း မီးမကူးသေ...
သည့် နေရာထင်းပုံများတို့အထက်မှ ပြေးလွှားကျော်ဖြတ်ကာ အမှော...





အတွင်းဆီသို့ ပြေးဝင်ပျောက်ကွယ်သွားကြသည်ကို မြင်တွေ့လိုက်ရပေ
သည်။

"ခွေးသုံးကောင်ပြေးတဲ့ဘက်ကို သတိထားကြည့်ကြနော်။ မီး
ထိုးမလောကြနဲ့ဦး။ သေနတ်တွေ ကျည်ဖြည့်မောင်းတင်ထားကြ။ သေနတ်
မရှိတဲ့လူတွေ မီးပိုင်းပြီးထိုးပေးကြ"

ကျွန်တော်ပြောလိုက်သည့် စကားများကို အောင်သူတစ်ယောက်
ရေးတေးတေးဖြစ်ပြီး ကျန်လူတို့မှာ ဘာမျှနားမလည်ကြသော်လည်း
ကျွန်တော်ယခုလို ပြောဆိုလုပ်ကိုင်နေသည်မှာ အကြောင်းမဲ့မဟုတ်သည်ကို
သိထားကြသဖြင့် တော်နေသေးသည်။ ကျွန်တော် ပြောဆိုနေစဉ် ခွေးသုံး
ကောင် ပြေးထွက်သွားရာဘက်ဆီမှ အသံနက်ကြီးဖြင့် အော်ဟစ်လိုက်သံကြီးကို
ကြောက်ခမန်းလိလိ ကြားလိုက်ရပေသည်။

"အား ... အောင်မယ်လေးဗျ"

ကြားလိုက်ရသည့်အသံကြီးက သေငယ်ဇောနှင့် မချိမဆံ့ ဝေဒနာ
ကို ခံစားရပြီး အော်လိုက်သည့်အသံကြီးမို့ အစ်ကိုကြီးဦးသိန်းလွင်က ...

"ဟ ... ဒီအသံကြီးက မြူးကျယ်တို့တဲဘက်ကအော်လိုက်တဲ့
အသံပဲကွ။ ဘာကောင်ဝင်မွှေသလဲ မသိဘူး။ တောခေါင်ရိုင်းတွေများလား"

ထိုအသံကြီးကို ကြားလိုက်ရပြီး မရှေးမနှောင်းဆိုသလို အသံ
တစ်သံက ထွက်လာပြန်သည်။

"ထွန်းညွန့်နဲ့ကုလားရေ ... မင်းတို့ဘက်ကို မြွေကြီးတစ်ကောင်
လာနေတယ်ဟေ့။ မြွေကြီးလာနေတယ်ဟေ့"

ထိုအသံကိုကြားလိုက်တော့ ရွာခံမုဆိုးထွန်းညွန့်က ...

"ဟာ ... မြူးကျယ်အသံဟ။ လှမ်းသတိပေးနေတာ။ ဘာဖြစ်
သလဲ မသိဘူး"

ထိုသို့ အော်ဟစ်လိုက်သည့်အသံကို ကြားလိုက်ရသည်နှင့်အတူ
ထပ်မံကြားလိုက်ရသည့် အသံများက ကျွန်တော်တို့တဲရှေ့ စိုက်ခင်း
အတွင်းဆီမှ ...

"ဝေါင်း ... ဝေါင်း ... ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှိုး ...ဖျိုး ...ဖျိုး ...ဖျိုး ...ဟော ...ဟော ...ဟော"

ခွေးဟောင်သံများနှင့်အတူ မြွေကြီးတစ်ကောင်၏ မာန်ဖီသံကြီးကို ကြားလိုက်ရပြန်သည်။ ခွေးဟောင်သံများတို့ကား ကျွန်တော်တို့နှင့် နီးရာဆီသို့ ရောက်လာသည်ကို အတိုးအကျယ်ကိုခန့်မှန်း၍ သိလိုက်ရသည်။ ကျွန်တော်တို့အထိုင်ချရာနှင့် အနီးကပ်ဆုံး ပြူးကျယ်၏ တဲဆီမှ နာနာကြည်းကြည်း သေငယ်ဇောနှင့် အော်လိုက်သံကြီးအပြင် မြွေကြီးတစ်ကောင် ကျွန်တော်တို့တဲဘက်ဆီသို့ လာနေပြီဖြစ်ကြောင်း လှမ်းသတိပေးနေသည့် အသံက ပြူးကျယ်၏အသံဖြစ်သည်။ ထွန်းညွန့်ပြောလိုက်သည့် စကားအရ ကျွန်တော့်ခန့်မှန်းတွက်ချက်မှုက ရာနှုန်းပြည့် မှန်နေသည့်အပြင် ယခု ကြားလိုက်သည့်အသံတို့က အမဲလိုက်ခွေးများ ဝိုင်းပတ်ဟောင်နေသည့် အကြားမှ ရန်လိုနေသည့် မြွေကြီးတစ်ကောင်၏ အသံဖြစ်သည်ကို အားလုံး သဘောပေါက်သွားကြသည်မို့ ကျွန်တော်က ...

"အသံကြားတဲ့ဘက်ကို ဝိုင်းမီးထိုးထားကြ။ မီးကို လုံးဝမမှိတ်ကြနဲ့နော်"

ကျွန်တော်ပြောလိုက်သည့်အတွက် လက်နှိပ်ဓာတ်မီးများကို ကိုင်ဆောင်ထားကြသူများက စုပြုံထိုးလိုက်ကြပေသည်။ မီးအလင်းတန်းများ အောက်တွင် ကြီးမားရှည်ဝိုင်းသော ပါးပျဉ်းကြီးကိုခွက်ကာ ခေါင်းထောင် ထားသည့် မြွေကြီးတစ်ကောင်အား အမဲလိုက်ခွေးသုံးကောင်က လှည့်ပတ်ဝိုင်းရံကာ ရှေ့ကို ဆက်မတိုးနိုင်အောင် လှည့်ပတ်ဟောင်နေကြရင်း နောက်ကျောဘက်ဆီသို့ရောက်နေသည့် ခွေးတစ်ကောင်က သူ၏အမြီးကို အတင်း တိုးဝင်ကိုက်ခဲလိုက်သဖြင့် မြွေကြီးက ရှေ့ကို ဦးမတည်နိုင်ဘဲ အဟန့်အတားလုပ်နေသည့် နောက်မှခွေးကို လျှပ်တစ်ပြက် ပေါက်ချ သည်။ သူပေါက်လိုက်သည့် ခွေးက အမဲလိုက်ခွေးဖြစ်သဖြင့် ကိုက်ထား သည့် သူ့အမြီးကိုလွှတ်ကာ ဘေးလွတ်ရာကို ရှောင်ထွက်သဖြင့် လွဲချော် သွားသည့်အပေါ် ဒေါသဖြင့် ခေါင်းကို ပြန်ထောင်လိုက်ရင်းက ...





"ရှိုး ...ဖျိုး ...ဖျိုး ...ဖျိုး ...ဟော ...ဟော ...ဟော"

ဟူသော အသံကြီးနှင့် ရန်လိုမာန်ဖီသံကြီးကို ကြားလိုက်ရခြင်း ...င်။ ထိုမြင်ကွင်းအရ ကျွန်တော် အဘကောင်းကို လှမ်းသတိပေးလိုက်မိ သည်က ...

"အဘကောင်း ...ဟိုအကောင်တွေကို အရမ်းမပစ်စေနဲ့နော်။ သတိပေးဦး။ ခွေးတွေကို ထိကုန်ဦးမယ်။ အစ်ကိုကြီးလည်း ဟိုဘက်က အကောင်တွေ သတိပေးလိုက်ဦး။ ဒီအကောင်ကြီး ဒီဝိုင်းအတွင်း ဝင်လို့ ...မှာမဟုတ်ဘူးနော်"

ကျွန်တော်အားလုံးကို လှမ်းသတိပေးလိုက်သည့်အချိန် အမဲလိုက် ခွေးသုံးကောင်က မြွေကြီးရှေ့မတိုးသာအောင် လှည့်ပတ်ပြီး သူ့အမြီးကိုသာ ...က်ခဲခြင်းခံနေရ၍ ရှေ့ကိုမတိုးသာဖြစ်နေကာ ဒေါသဖြစ်နေသည့် မြွေကြီး ...ို မီးရောင်ဖြင့် ကျွန်တော် အသေအချာ ကြည့်လိုက်မိပေသည်။

မြွေကြီးကား မီးရောင်တို့ကြားမှ ခွေးသုံးကောင် ရှေ့မတိုးနိုင် အောင် ဟန့်တားနေခြင်းကို ခံနေရသည့်ကြားမှ နောက်ပိုင်းတွင်ရောက်နေ သည့် ခွေးက သူ၏အမြီးပိုင်းကို ဝင်ရောက်ကာ ချွန်ထက်သော သွားစွယ် ...များနှင့် အလစ်ကို အကိုက်ခံနေရသဖြင့် ရှေ့ဆက်မတိုးနိုင်။ နောက်မှ ...ကို သတိထားနေရကာ သူ၏အမြီးကို အကိုက်မခံရအောင် ရှောင်တိမ်း နေရသဖြင့် အလွန်အမင်း ဒေါပွနေသည့်အသွင်မျိုး။ ရှေ့ကို တိုးလည်းမရ၊ ...တွင် အယောင်ပြဟောင်နေသည့် ခွေးနှစ်ကောင်ကိုလည်း မည်သို့မျှ ...က်ချလို့က မရ။ ဒေါပွနေပြီး အလွန်ရန်လိုနေသည့်အသွင်။

မြွေကြီးကား မသေးလှ။ သူ၏ ပါးပျဉ်းကြီးကပင် ရှည်ရှည် ...ဝိုင်းကြီးနဲ့မို့ မည်းနက်ရှည်လျားသည့် သူ့လျှာကြီးနှစ်ခွက ပါးစပ်အတွင်း ...ချည်ထွက်ချည်။ ဘေးတွင် တစ်ဖက်တစ်ချက်စီ ကားထွက်နေသည့် ...သွားစွယ်ကြီးတို့က လက်လေးသစ်။ ဖန်ဂေါ်လီလုံးခန့် ရဲရဲတောက်နေသည့် ...က်လုံးအစုံ၊ ပါးပျဉ်းကြီးကရှည်ဝိုင်းပြီး ဆန်ကောတခွဲခန့်ပိန်းပါးခန့်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ခွေခေါက်ထားသော ကိုယ်လုံးပုံကြီးပေါ်မှ ခေါင်းထောင် ပြီး ပါးပျဉ်းကြီးကိုခွက်ထားရင်း 'တဖျိုးဖျိုး ...တရှီးရှီး' စောင်းလိုက်၊ လိုက်နှင့် ခွေးသုံးကောင်၏ အလစ်အငိုက်ကိုကြည့်နေသည့် သူ့အသွင် ကြည့်ရခြင်းအားဖြင့် မလေးမစား မထိမခိုက် သွားလုပ်လို့ကမရ။ လုပ်မိပါ သတိလက်လွတ်ဖြစ်ခဲ့ပါမူ အစွယ်ဖျားတွင် အသက်ကို ပေးလိုက်ရမည် အမှန်။

သူ၏ခန္ဓာကိုယ်သည် မီးရောင်အောက်တွင် မည်းနက်ပြောင်ချေ နေပြီး အားကောင်းမောင်းသန်နှင့်မို့ သားဖောကလည်း ကပ်နေသဖြ ဒေါသအလွန်ကြီးနေသလို သွက်လက်မည့် ပုံစံမျိုးပင်။ မီးရောင်တွင် သူ ပါးပျဉ်းကြီးကို ဖြန့်ကားထားသော မြွေကြီးကား လောလောဆယ် အ လိုက်ခွေးသုံးကောင်က ရှေ့မှ ပိတ်ဆို့ဝိုင်းရံထားသည်ကို ဖောက်ထွက် မီးပိုင်းကြီးအတွင်းရှိ ကျွန်တော့်တို့အဖွဲ့သားများကို အန္တရာယ်ပေးရန် ဦးတ နေသည်။ လက်စားချေရန်အတွက် အကြိမ်ကြိမ် ကြိုးစားနေသော်လည အမဲလိုက်ခွေးသုံးကောင်ကို ကျော်လွှားလို့မရသည့်အတွက် ပိုမိုဒေါ ထွက်နေသည်က အမှန်။

"ရှီး ...ဖျိုး ဖျိုး ...ဟော ဟော ဟော"

သားဖောကပ်နေသည့် မြွေကြီးကား ငန်းလင်းကြီးတစ်ကော ဖြစ်ဖို့များသည်။ လုံးပတ်ကလည်း ကျွန်တော့်ပေါင်လုံးခန့်။ အဘ ကြောင့်ဆိုသော် အမဲလိုက်ခွေးသုံးကောင်ကို ဒေါ်ပွနေရင်း ဖောက်ထွ ကျော်လွှားလို့မရသည့်အတွက် သူ၏ အော်ဟစ်လိုက်သံကြီးက သာ မြွေကြီးတစ်ကောင်အသံမျိုးမဟုတ်။

အိမ်တွင်မွေးမြူထားသည့် ဘဲငန်းကြီးများတို့ကဲ့သို့ လည်တ ကိုဆန့်လျက် ပါးစပ်ကြီးကိုဖြဲကာ 'ဟော ...ဟော ...ဟော' သည့်အသံကြီးက နောက်ဆက်တွဲကြားနေရသည့် အတွက်ပင်။ သူ ဦးခေါင်းပါးပျဉ်းခွက်ကြီးက မြေပြင်ထက်ဆီသို့ နိမ့်ကျသွားလိုက်၊ အ သို့ ရုတ်ခြည်း ထောင်တက်လိုက်၊ ခွေးများကိုပေါက်ချရန် နောက်ပိုင်





သို့ ယိမ်းနွဲ့အားယူလိုက်ရှိနေသည်မို့ ကျွန်တော်က အခြေအနေကိုကြည့် နေရင်းမှ ...

"ခေါင်းပြန့်အထောင်မှာ ပစ်ကြမယ်နော်။ အောက်ကိုစိုက် မပစ်နဲ့။ ခွေးတွေနဲ့မလွတ်ဘူး"

ပြောပြောဆိုဆိုနှင့် မီးပိုင်းအနီးသို့တိုးကပ်လျက် မုဆိုးဒူးထောက် ထိုင်ချလိုက်သလို အဖွဲ့သားများကလည်း ထိုင်လိုက်ကြပြီး သေနတ်နှင့် ချိန်ရွယ်ကာ နောက်ထပ်ခေါင်းအထောင်ကို စောင့်စားနေလိုက်ကြပေ သည်။

ခွေးသုံးကောင်ကို- မာန်ထနေသည့်မြွေကြီးမှာ ကျွန်တော်တို့ သေနတ်သံမားများ မီးပိုင်းအတွင်းမှ ရှေ့ကိုတိုးကပ်လျက် မုဆိုးဒူးထောက် ပုံစံမျိုး တန်းစီထိုင်ကာ သူ့ကို သေနတ်တို့နှင့်ချိန်ရွယ်ထားကြသည် ကို ဘယ်လိုအမြင်မျိုးနှင့် မြင်သွားသည်တော့ဖြင့် မသိ။ ခွေးသုံးကောင် ဝိုင်း ကိုက်နေသည့်ကြားမှ ရှေ့သို့ အတင်းတိုးထွက်ကာ လှမ်းပေါက်ရန် မိနိုင်လောက် သည့်နေရာဆီသို့ရောက်တော့ ခေါင်းထောင်ကာ အားယူလိုက်သည့် အ ချိန် ...

"ဒိုင်း ...ဒိုင်း ...ဒိုင်း ...ဒိုင်း"

ကျွန်တော်တို့လက်တွင် ကိုင်ဆောင်ထားကြသည့် သေနတ်များ အတွင်းမှ အောင်မြင်စွာ ပေါက်ကွဲသံကြီးတို့ကလည်း တော်လည်းသည့်အ ခါ ထွက်ပေါ်လာသည့် အသံကြီးသို့နှယ်။ ကျည်ခဲလုံးများက ပါးပျဉ်းခွက် ကြီးအတွင်း ထိုးဖောက်ခြင်းကိုခံလိုက်ရသော မြွေကြီးမှာ ငှက်ပျောပင် ကို ဓားနှင့်ဝိုင်းဖြတ်လိုက်သည့်နှယ် ဖက်ကျိုးကျသွား၏။ မြေပြင်ထက် ဆီသို့ ပစ်ကျသွားကာ လူးလိမ့်တွန့်ခွေပြီး သွေးများနှင့်အတိ ဖြစ်နေသော သူ့ခန္ဓာကိုယ်ကြီးကို သေနတ်သံများကြား အားတက်သွားသော ခွေး သုံးကောင်က ကိုက်ခဲမာန်ဖီသံများနှင့် ဆူညံဖြစ်သွားပေတော့သည်။

အတန်ကြာကြာ မီးပိုင်းအတွင်းမှ စောင့်ကြည့်နေလိုက်ကြ သော် လည်း မြွေကြီးက တွန့်လိမ်နေဆဲဖြစ်သလို ခွေးသုံးကောင်ကလည်း အပြိုး ကြီးစွာ ကိုက်ခဲနေဆဲတွင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ မီးတစ်လက် ဒီဘက်ကိုလာနေတယ်။ ပြူးကျယ်နဲ့တူတယ်"

အဘကောင်းပြောသဖြင့် လှမ်းကြည့်လိုက်တော့ ပြူးကျယ်ဆို တဲရှိရာဆီဘက်မှ သေနတ်ပစ်လိုက်သည့်အသံကြောင့် မြွေကြီးရန်က အေးပြီဟု ယူဆသောသဘောဖြင့် လိုက်လာသည့်အသွင်မျိုး။

"ပြူးကျယ် ... စောစောက ငယ်သံငယ်ရင်းနဲ့အော်လိုက်တာ ဘယ်သူလဲကွ"

"ထွန်းဦးလေ အဘကောင်းရဲ့။ အဲဒီမြွေကြီး သူ့ကိုပေါက်ပြီး အော်သံကြားလို့ ထကြည့်လိုက်တော့ အမြီးပိုင်းပဲ တွေ့လိုက်ရတယ်။ ဒါကြောင့် အချိန်မီသိရအောင် လှမ်းပြီးအော်ပြောလိုက်ရတာ"

"နို့ ... ထွန်းဦး ဘာဖြစ်သွားလဲ"

"သေပြီလေ အဘရဲ့။ အဲဒါ ဘယ်လိုဆက်လုပ်ရမယ်ဆိုတာ လာမေးတာ။ စောစောကတည်းက ပြေးလာမလို့ဟာ မြွေကြီးရန်ကို ကြောက်တာနဲ့ ဒီက သေနတ်ပစ်လိုက်တဲ့ အသံတွေကြားတော့မှ မြွေကြီးသေပြီမို့ လာရဲတာ။ နည်းတဲ့အကောင်ကြီး မဟုတ်ဘူး။ ကျွန်တော် ဒီကိစ္စ ဘယ်လိုဆက်လုပ်ရမလဲဟင်။ ရှူးတောင် ရှူးချင်ပါတယ်ဗျာ။ မလုပ်ပါနဲ့လို့ တားလည်း မရဘူး။ မူးမူးနဲ့ လုပ်ချင်ရာတွေ စွတ်လုပ်တာ။ ခုတော့ အသက်ပါပေးလိုက်ရပြီ"

"ဟုတ်လား ... မင်းတို့ ဘယ်လိုလုပ်ကြတာလဲ ပြောပါဦးကွ အဖြစ်အပျက်ကို"

အစ်ကိုကြီး ဦးသိန်းလွင်က ကြားဖြတ်မေးလိုက်သည့်အတွက် ပြန်ဖြေလိုက်ပုံက ...

"ကျွန်တော်တို့ တစ်နေကုန်တောမောင်းကြတာ ဘာတစ်ကောင်မှ မရလို့ စိတ်မကောင်းဖြစ်ပြီး ဟင်းစားရှာဖို့ ဖုန်းဆိုးတောဘက်ကို နှစ်ယောက် လမ်းခွဲထွက်ကြတော့ ကိုင်းတောကြီးထဲမှာ အသိုက်ဝပ်နေတဲ့ ဒီမြွေသိုက်ကြီးအနားကို ရောက်သွားကြတာ။ ဒီအကောင်ကြီး သားဖောကပ်ပြီး ထွက်လိုက်လို့ နှစ်ဦးသားပြေးကြရင်း လမ်းကွဲသွားကြတယ်။





ခက်တာက ဒီမြွေကြီးက ကျွန်တော့်နောက်ကိုဒုတ်လိုက်လို့ လွတ်ရာကိုရှောင်ပြေးရင်း သူနဲ့ပြန်ဆုံတော့ လွယ်အိတ်အတွင်းမှာ ဥတွေကို တွေ့လိုက်ရတာပဲလေ။ သူ့ကိုမေးကြည့်လိုက်တော့ သူလည်း ပြေးရင်း သွားရင်း ဖွတ်ဥကျင်းကိုတွေ့လို့ တူးယူခဲ့ပြီး ရန်ကုန်သားတွေစားဖို့ သွားပေးမယ်ဆိုပြီး ကျွန်တော်ပါ လိုက်ပါလာပြီး ပေးခဲ့တာပဲလေ ဟုတ်ဘူးလား။

ဒီမှာလည်း စားဖို့ပေးခဲ့သလို ကျွန်တော်တို့စားဖို့လည်း ဆယ်လုံးလောက် ယူခဲ့ကြသေးတယ်လေ။ ဒီကအပြန် ကျွန်တော် စဉ်းစားမိတာက ဖွတ်ဥကို ပြေးရင်းလွှားရင်း လွယ်လွယ်ရနိုင်ပါ့မလားဆိုတဲ့အချက်ကြောင့် သင်္ကာမကင်းဖြစ်ပြီး ကျွန်တော်မစားဘဲနေလိုက်တာ မှန်သွားတယ်ဗျ။ အကုန်လုံး သူချည်းစားပစ်လိုက်တယ်လေ။

နောက်တော့ သူက အရက်ချည်းဖိသောက်နေရင်းက မူးလာတော့ စကားတွေများလာသလို၊ မခံချင်စိတ်တွေကလည်း ပွင့်လာတယ်။ အဲဒီမှာ သိလိုက်ရတာက သူမအိပ်ခင်ကလေးပြောသွားတဲ့ စကားအရ သူနဲ့ကျွန်တော် ပြေးကြရင်း ကျွန်တော်နဲ့ လမ်းခွဲကြတဲ့အချိန် မြွေကြီးက ကျွန်တော့်နောက်ကို လိုက်မှန်းသိတော့ သူ နောက်ကြောင်းပြန်ပြေးပြီး မြွေဥတွေကိုယူ၊ ဖွတ်ဥလို့လိမ်ပြောပြီး ပေးခဲ့တာကို သိလိုက်ရတာပါပဲ။

ကျွန်တော်လည်း အခြေအနေကို သိလိုက်ရလို့ လာပြောပြမလို့ပါပဲ၊ သူမအိပ်သေးလို့ အသာစောင့်နေရင်း သူ့အော်သံကြားလိုက်တော့မှ လှမ်းအော်ပြောလိုက်ရတာပဲလေ။ ကျွန်တော် မစားလိုက်မိတာ အတော်ကံကောင်းသွားတယ်ဗျာ"

ဩော် ... ထွန်းဦးရဲ့ ယုတ်မာချက်တို့ကား ကမ်းကုန်ပေစွတကား။ သူပြောလိုက်သည့်စကားအရ ဖြစ်ရပ်ကတော့ ကျွန်တော်တို့အဖွဲ့ ရှင်းသွားပေပြီ။ မရှင်းလင်းသေးသည့်အချက်ကို မေးကြည့်လိုက်ရာ ...

"နေပါဦး ... ပြူးကျယ်ရဲ့၊ ထွန်းဦးဘာကြောင့် အဲဒီလိုလုပ်တာလဲဆိုတာ မင်းသိသလောက် ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သိသလောက်ဆိုရင် သူ့ဆီက ဘိုလေးသေနတ်ပြန်ယူသွားတဲ့ကိစ္စပဲ"

"ဟေ ... ဟုတ်လား"

သူဖြေလိုက်သည့်စကားကြောင့် ကျွန်တော့်နှုတ်ဖျားမှ သည့်စကားတစ်ခွန်းသာ ထွက်နိုင်သည်ကအမှန်ပင် ဖြစ်ပေသည်။

"ကဲ ... အဘကောင်း၊ အစ်ကိုကြီးနဲ့အဖွဲ့သားတွေ ဒီကိစ္စကိုဘယ်လိုဆက်လုပ်ကြမလဲ။ အကြံထုတ်ကြပါဦး"

ကျွန်တော့်အမေးကြောင့် မည်သူတစ်ဦးတစ်ယောက်ထံမှ စကားသံ ထွက်မလာသော်လည်း အဘကောင်းပြောလိုက်သည့် စကားတို့က ...

"ဒါတော့ ဘယ်တတ်နိုင်မှာလဲကွ။ သူ့စေတနာက သူပြန်အကျိုးပေးသွားတာပဲ။ ပြူးကျယ် ... ထွန်းဦး မင်းတဲမှာနေပြီး သေရတယ်ဆိုတော့ မင်းတာဝန်ပဲ။ မနက်ကျရင် ငါတို့ပြန်ကြမယ်။ မင်း ငါတို့နဲ့လိုက်ခဲ့။ ပန်းတောကုန်းရွာကိုဆင်းပြီး သူ့မိန်းမကို အကြောင်းကြားပေါ့။

ဒီကိစ္စမှာ ငါတို့အကူအညီပေးနိုင်တာက မြွေကြီးကို မင်းယူသွားအသားကို ရောင်းချလို့ရတဲ့ငွေကို သူ့ကိစ္စအတွက် သုံးလိုက်ပေါ့ ... ဒါပဲဒီအကောင် စိတ်ယုတ်မာတဲ့အကောင်မို့ ငါတို့ကူညီနိုင်တာက ဒီလောက်ပဲ။

မြွေဥတွေကိုယူလာပြီး ငါတို့ရှိတဲ့နေရာကို လမ်းကြောင်းအရင်ပြတယ်။ ပြီးတော့မှ သူနေတဲ့တဲကိုသွားတယ်။ မြွေဥကို ငါတို့စားကြမှာအသေအချာသိလို့ အပိုင်ကြံလိုက်တာကွ။ ခုတော့ ကံတရားက ငါတို့ဘက်ကမို့ သူလာခဲ့တဲ့လမ်းကြောင်းမှာ သူ့ဥကိုစားတာ ဒီအကောင်ဆိုပြီးသူ့ကိုအရင်ဆော်ထည့်လိုက်တာကို ခံလိုက်ရတာကွ။ သူ့စေတနာက သူ့ကိုပြန်အကျိုးပေးသွားတာပေါ့"

အဘကောင်းက ခပ်ပြတ်ပြတ် ပြောပစ်လိုက်သည့်အတွက် ပြူးကျယ်တစ်ယောက် အတော် စိတ်ပျက်လက်ပျက်ဖြစ်သွားသည်မို့ ကျွန်တော်ပင် စိတ်မကောင်းဖြစ်သွားမိသည်က အမှန်။ သို့သော် မတတ်နိုင်။ သူ့လုပ်ကြံမှုကြီး ထမြောက်အောင်မြင်သွားပါက မတွေးရဲစရာ အဖြစ်မျိုး။ ထိုစဉ်အစ်ကိုကြီး ဦးသိန်းလွင်က ...





"မင်းတို့အားလုံးကို ငါပြောလိုက်မယ်။ ဆက်ဒ်င်ဖို့ မစဉ်းစားအထူးသတိထားပြီး မိုးလင်းတဲ့အထိ ထိုင်စောင့်ကြည့်နေကြ"

"ဘာဖြစ်လို့လဲ အစ်ကိုကြီးရ"

ကုလားကြီးသန်းညွန့် မေးလိုက်သည့်အတွက် ပြန်ဖြေလိုက် ပုံ ...

"ခု ငါတို့ပစ်လိုက်လို့ သေတဲ့မြွေက အမလေကွ။ အဖိုကောင်ည်း လိုက်မလာဘူးလို့ ဘယ်သူအတတ် ပြောနိုင်မှာလဲ။ ဒီလို အကောင်အငြိုးအတေးကြီးကြတာ။ သားဖောကပ်နေရင် ဘယ်လောက် ကြောက်ကောင်းတာ မင်းတို့လည်းအသိပဲ။ ခုတောင် ဘိုလေး အကွက်ကျကျထားလိုက်လို့။ နို့မို့ဆိုရင် ဘယ်နှစ်ယောက် ထပ်သေဦးမလဲမသိဘူး"

အမှန်တော့လည်း သူပြောလိုက်သည်တို့က ဟုတ်နေသည်မို့ ကျွန်တော့်တို့ ဆက်မအိပ်ရဲကြ။ ပြူးကျယ်တစ်ယောက်လည်း သူ့တဲကို မပြန်ရဲသဖြင့် ကျွန်တော်တို့အဖွဲ့နှင့် တထိတ်ထိတ်တ လန့်လန့်ဖြင့် မိုးအလင်းပင်ပန်းကြီးစွာ စောင့်စားနေလိုက်ကြပြီး မိုးလင်းတော့ ပြူးကျယ်ကိုခေါ်ပြန်လည်ထွက်ခွာလာခဲ့ကြပေတော့သည်။

ဩော် ... တုန်လှုပ်ခဲ့ရသော ထိုအမဲပစ်ခရီးကား တစ်သက်တာသို့မရသည့် ခရီးစဉ်တစ်ခုဟုဆိုပါလျှင် ကျွန်တော် မှားအံ့မထင်။

လေးမောင်

www.burmeseclassic.com

www.burmeseclassic.com



[၁]

❑

၃၀–၁၁–၉၈။

ရာသီဥတုက အေးစိမ့်စိမ့်ရှိနေသည်။ ညဥ့်လေပြည်က တစ်ချက် ...ချက် ဝေ့ခနဲတိုက်ခတ်လာသည်။ အချိန်မှာ ညဥ့်...နာရီခွဲကျော်ပြီ ...။ တစ်နေ့တာ လုပ်ငန်းခွင်ဝင်ခဲ့ကြသူတို့ အပန်းဖြေ အနားယူချိန် ...သည်။

သို့သော် နှစ်ဆယ့်လေးနာရီ တာဝန်ထမ်းဆောင်နေသည့် ရဲတပ် ...တို့ အနားမယူနိုင်သေး။

ဒုရဲမှူးဖေမောင်ထွန်းနှင့် အမှုစစ်အဖွဲ့အား စခန်းမှူး ရဲအုပ်ဌေး ...က အချင်းဖြစ်နေရာသို့ ခေါ်ဆောင်သွားသည်။

အချင်းဖြစ်ပွားသောအိမ်ရာသည် ခေတ်မီသော အဆင့်မြင့် အိမ် ...ခန်းတစ်ခုဖြစ်ပြီးလျှင် ခြောက်လွှာပါသော နှစ်ခန်းတွဲတိုက်များ ဖြစ် ...သည်။ တိုက်တစ်လုံးနှင့်တစ်လုံး အနည်းငယ်ကွာဝေးလျက် လမ်း၊ ပန်းခြံ ... အဝန်းအဝိုင်းတို့က သီးသန့်အဆင့်မြင့်အိမ်ရာဖြစ်ကြောင်း ပြသလျက် ...သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုရဲမှူးဖေမောင်ထွန်းသည် သစ်ရပ်ခန့်ထည်သော တိုက်ကြီး
မော့ကြည့်ရင်း ဤတိုက်ကြီး၏ တစ်ခုသောအခန်းတွင် ရာဇဝီလူးတစ်ကော
၏ ပန်းကောင်းအညွန့်ချိုးသည့်ပမာ ရက်စက်ယုတ်မာမှုကြောင့် အသက်ဆုံး
သွားခဲ့ရရှာသော ဆယ်ကျော်သက်ရွယ် မိန်းမလှလေးတစ်ဦး၏ ရင်
ကြေကွဲဖွယ် ဖြစ်ရပ်တစ်ခုအကြောင်း တွေးလိုက်မိသဖြင့် သက်ပြင်း
လိုက်မိ၏။

"အဲဒီ ပထမထပ်ပဲ ရဲမှူး"

စခန်းမှူး ရဲအုပ်ဌေးလွင်၏အသံကြောင့် ပျံ့လွင့်သွားသော စိတ်
စဉ်ကို ဒုရဲမှူးဖေမောင်ထွန်း စုစည်းလိုက်ရ၏။

"သံပန်းတွေအထပ်ထပ်နဲ့ တကယ်လုံခြုံမှုရှိတဲ့ နေရာပဲဗျ။ ဘယ်
များ ဒီလို ဆိုးဆိုးဝါးဝါးဖြစ်ရပ် ဖြစ်ခဲ့ရတာပါလိမ့်"

မည်သို့ပင်ဆိုစေ ...။ မလိုလားအပ်သောဖြစ်ရပ်တစ်ခုက
ပွားသွားခဲ့ရပြီဖြစ်သည်။ ပြစ်မှုကျူးလွန်လျှင် တရားခံအား ထိုက်
သောပြစ်ဒဏ် ချမှတ်နိုင်ရန် စုံစမ်းဖော်ထုတ်ခြင်းတာဝန်သည် ရဲတပ်
ဝင်များ၏ အဓိကတာဝန်ဖြစ်သည်။ သို့ဖြစ်၍လည်း ...

ထိုမှုခင်းကို မည်သည့်နေရာမှစ၍ ခြေရာခံ၊ အစဖော်ရမည်
ဒုရဲမှူးဖေမောင်ထွန်းသည် ခေါင်းထဲ၌ စတင်၍ စဉ်းစားရတော့သည်။

အချင်းဖြစ် ပထမထပ်ရှိ သေဆုံးသူ မြတ်နိုးဝေ၏ အခန်း
ရောက်ရှိသွားသောအခါ ...

"ဒါ ... သေဆုံးသူမြတ်နိုးဝေရဲ့ ဖခင်ဦးကျော်သောင်းနဲ့ မိ
ဒေါ်သူဇာတို့ပါပဲ။ အန်ကယ်လ်တို့ကိုလည်း မိတ်ဆက်ပေးရဦးမယ်။ ဒေ
ဒါက မှုခင်းရဲတပ်ဖွဲ့ အင်းစိန်စီအိုင်ဒီက ဒုရဲမှူး ဖေမောင်ထွန်းပါ"

ဟု ရဲအုပ်ဌေးလွင်က အိမ်ရှင်များနှင့် မိတ်ဆက်ပေးသည်။

ရည်ရည်မွန်မွန်နှင့် ပညာတတ်များဖြစ်ဟန်ရှိသော ဦးကျော်သော
နှင့် ဒေါ်သူဇာတို့က ဒုရဲမှူးဖေမောင်ထွန်းနှင့် အဖွဲ့ကို ကြိုဆိုနေရာ ချ
ပေးသည်။





"ရဲမှူးကြီးရယ် ... သမီးလေးရဲ့ အဖြစ်က ဆိုးလွန်းလှပါတယ်။
ဒီလို ယုတ်ယုတ်မာမာ၊ ရက်ရက်စက်စက် သတ်ဖြတ်သွားခဲ့တဲ့ တရားခံကို
မိအောင်ဖမ်းပေးကြပါရှင်"

ဒေါ်သူဇာက သမီးဖြစ်သူသေဆုံးရမှုကြောင့် ရင်နှင့်မမျှ ခံစားနေ
သူပီပီ မျက်ရည်များ တသွင်သွင်စီးကျကာ ကြေကွဲဆို့နင့်စွာ ပြောလေ
သည်။

မြတ်နိုးဝေ၏ဖခင်ဖြစ်သူ ဦးကျော်သောင်းမှာမူ အယောက်ျားရင့်မာ
ကြီးဖြစ်သောကြောင့် စိတ်ကို အနိုင်နိုင်ထိန်းထားရဟန် ပေါ်နေသည်။
မေးကြောကြီးများထောင်လျက် မျက်လုံးများလည်း နီရဲနေသည်။ သူသည်
သည်း မခံမရပ်နိုင်မှုကို မျိုသိပ်လျက် ငိုထားဟန်ရှိသည်။

ခေတ်မီသော အဆင်အပြင်များနှင့် ပစ္စည်းဥစ္စာ ပြည့်စုံဟန်ရှိသော
တိုက်ခန်း၏ အပြင်အဆင်ကို မျက်စိဝေ့ဝဲကြည့်ရင်း ...

"စိတ်ချပါခင်ဗျာ။ ကျွန်တော်တို့ မြို့နယ်ရဲစခန်းကနေ အကူအညီ
တောင်းလို့ ဒီက ဒုရဲမှူးဖေမောင်ထွန်းနဲ့အဖွဲ့က အင်းစိန်မှုခင်း တပ်ဖွဲ့
ကနေ ရောက်လာတာပါ။ အမှုမှန်ပေါ်ဖို့ ကျွန်တော်တို့ အမြင်ဆုံးနဲ့ အစွမ်း
ကုန်ကြိုးစားသွားမှာပါ"

"ဟုတ်ပါတယ် ဦးနဲ့ဒေါ်ဒေါ်။ မကောင်းမှုဆိုတာ ထိတ်ကွယ်ရာ မရှိ
နိုင်ပါဘူး။ ပြည်သူတွေနဲ့ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေ ပူးပေါင်းလိုက်ရင်
တရားခံ ပြေးလို့မလွတ်နိုင်ပါဘူး။ ဒီတော့ အချင်းဖြစ်ပွားပုံကို ကျွန်တော်
တို့ကို သေသေချာချာ ပြန်ရှင်းပြပါဦးခင်ဗျာ"

ဒုရဲမှူးဖေမောင်ထွန်း၏အမေးကို မိခင်ဖြစ်သူ ဒေါ်သူဇာက ငိုရှိုက်
လျက်မှ ပြန်၍ဖြေသည်။

"ဒီလိုပါရှင် ...။ ကျွန်မခင်ပွန်းသည်ကတော့ ခါတိုင်းလိုပဲ မနက်
ကိုးနာရီလောက်မှာ အလုပ်ကိုသွားပါတယ်။ အိမ်မှာ ကျွန်မရယ်၊ သမီးလေး
မြတ်နိုးဝေရယ်၊ အိမ်ဖော်နုနုရယ်ပဲ ကျန်ပါတယ်။ နေ့လယ် ထမင်းစားပြီးတော့
ကျွန်မနဲ့ နုနုက မြောက်ဥက္ကလာမှာရှိတဲ့ ကျွန်မတို့ရဲ့ အိမ်နဲ့ခြံကို ရှင်းဖို့
သွားကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်တို့ သွားတာ ဘယ်အချိန်လောက်ရှိမလဲ"

"မွန်းတည့် ၁၂ နာရီလောက်ပါ"

"မြတ်နိုးဝေက မလိုက်ဘဲ ကျန်နေခဲ့တာပေါ့နော်"

"ဟုတ်ပါတယ်။ မြတ်နိုးဝေက ညက စာကျက်တာ ညဉ့်နက် ဒီမနက် ခေါင်းတွေအုံနေတယ်ဆိုလို့ ထမင်းစားပြီး သူ့ကို ဆေးတိုက် ပြန်အိပ်ခိုင်းပါတယ်။ ကျွန်မတို့ အပြင်ထွက်မယ့်အချိန်မှာ သမီးလေး အ ပျော်နေပါတယ်"

"ဘယ်မှာ အိပ်နေတာလဲ"

"ကျွန်မတို့ အိပ်ခန်းမှာပါ"

"ဆက်ပြောပါဦး ... ဒေါ်ဒေါ်"

"ကျွန်မတို့လည်း သမီးကို မနှိုးချင်တာနဲ့ အပြင်က သော့ခ ထားခဲ့ပါတယ်"

"ဒေါ်သူဇာတို့ အပြင်သွားတော့ ပြတင်းပေါက်တွေနဲ့ တခြား တံခ တွေ ပိတ်သွားသလား"

"ဟုတ်ကဲ့ ...။ အားလုံး သေသေချာချာပိတ်သွားတာပါ။ ရဲမှူး ကြီးတို့ အခုမြင်တဲ့အတိုင်းပါပဲ။ အိမ်ရှေ့ဝရန်တာက သံပန်းတွေနဲ့ကာထား တာပါ။ အဲဒီသံပန်းတွေကိုလည်း သော့ခတ်ပါတယ်။ ဝရန်တာကို ထွက်တဲ့ ကျွန်းတံခါးကိုလည်း သော့ပိတ်ပါတယ်။ အထဲက ခြင်လုံဆန်ခါကိုလည်း ချက် ထိုးပြီး ပိတ်ပါတယ်"

"နောက်ဘက်မှာရော"

"နောက်ဘက်မှာလည်း ဝရန်တာရှိပါတယ်။ ရှေ့ပေါက်လိုပဲ သံပန်း တစ်ထပ်၊ ကျွန်းတံခါးတစ်ထပ်ပါ။ ကျွန်မ သေသေချာချာ သော့ခတ်ပြီး ပိတ်ပါတယ်။ အပြင်ထွက်တဲ့တံခါးကိုလည်း ကျွန်မကိုယ်တိုင် သော့ပိတ် တာပါ။ အင်း ... ကျွန်မအမှားပါပဲရှင်။ သမီးလေး ဒီလိုဖြစ်မယ်မှန်းသိရင် ကျွန်မခေါ်သွားပါတယ်"

ဒေါ်သူဇာမှာ ပြောရင်းမှ မျက်ရည်တွေတွေ စီးကျလာပြီး ငိုရှိုက် နေပြန်သည်။





"ကျွန်တော်တို့ စာနာမိပါတယ်။ ဒါပေမဲ့ အထဲမှာ လူရှိလျက်နဲ့ အပြင်က သော့ပိတ်သွားတာမျိုးဟာ အန္တရာယ်ရှိပါတယ်။ အကယ်၍ မီး လောင်တာတွေဘာတွေ ကြုံလာခဲ့ရင် အထဲကလူ ဒုက္ခရောက်နိုင်ပါတယ်"

"ဟုတ်ပါတယ် ...။ ရဲမှူးကြီးတို့ပြောတာ မှန်ပါတယ်"

ဟု ဦးကျော်သောင်းက ဝင်၍ထောက်ခံသည်။

"ဒီလောက် လုံခြုံစိတ်ချရတဲ့အခန်းထဲမှာ အခုလို အချင်းဖြစ်ပွား လောက်အောင် ပြင်ပကနေ တစ်နည်းနည်းနဲ့ ဝင်လာနိုင်လို့ ဖြစ်မှာပါပဲ။ ပြင်ပနဲ့ ဆက်သွယ်နိုင်တဲ့ တခြားဝင်ပေါက်ထွက်ပေါက် ရှိသေးလို့လား"

"ဝင်ပေါက်ထွက်ပေါက်တော့ မရှိပါဘူး။ ဒါပေမဲ့ အမှိုက်ပစ်တဲ့ ပေါက်တစ်ပေါက်တော့ ရှိတယ်။ နိုင်ငံခြားမှာလိုပေါ့ဗျာ ...။ အမှိုက်ကို ပြွန်ကြွပ်အိတ်ကြီးနဲ့ထည့်။ အဲဒီပေါက်ကနေ ပစ်ချ။ အထပ်မြောက်ထပ် မှာရှိတဲ့ အခန်းအားလုံးက ဒီလိုပဲ အမှိုက်စွန့်ပစ်တဲ့စနစ်ကို သုံးတာပါ။ အောက်ဆုံးထပ်မှာ အမှိုက်တွေစုနေတာကို အမှိုက်ကားက ပုံမှန်လာသိမ်းတဲ့ စနစ်ပါ"

"ကျွန်တော်တို့ ကြည့်ချင်ပါတယ်"

"ကျွန်တော်တို့ အားလုံးကို သေသေချာချာလိုက်ပြမှာပါ"

"အဲဒီအမှိုက်ပစ်ပေါက်ကိုရော ဒေါ်သူဇာပိတ်သွားတာပဲလား"

"ဟုတ်ပါတယ်။ အဲဒီအမှိုက်ပစ်ပေါက်က သံပန်းတံခါးကို သော့ ပိတ်သွားပါတယ်။ ဒါပေမဲ့ အဲဒီသော့က အလွယ်တကူဖွင့်လို့ရအောင် သော့ ပေါက်ထဲမှာပဲ သော့ကိုတွဲလျက်ထားပါတယ်။ သံပန်းရဲ့ အပြင်ကတော့ အ ထပ်သားတံခါးပါ။ အဲဒီတံခါးကို ချက်ထိုးပိတ်ပါတယ်"

"ဒေါ်သူဇာ ဘယ်အချိန်မှာ အိမ်ကိုပြန်ရောက်ပါသလဲ။ မြတ်နိုး ဝေ သေဆုံးနေတာကို ဒေါ်သူဇာဘယ်လိုတွေ့ပါသလဲ"

"ကျွန်မတို့ ပြန်ရောက်တော့ ညနေ ၆ နာရီထိုးဖို့ ငါးမိနစ်ပဲ လိုပါတော့တယ်။ သမီးကို အိပ်ခန်းထဲမှာ မတွေ့ရလို့ လိုက်ရှာတော့ ရေချိုး



www.burmeseclassic.com

www.burmeseclassic.com



ခန်းကြွေဇလားထဲမှာ ကြိုးတုပ်လျက်နဲ့ သေဆုံးနေတာကို တွေ့ရပါတယ် ဒါကြောင့် ချက်ချင်းပဲ ရဲစခန်းကို အကြောင်းကြားခဲ့တာပါ''

ဒုရဲမှူးဖေမောင်ထွန်းက ကော်ဖီလာချသော အိမ်ဖော်ဖြစ်သူ ဖျတ်ခနဲအကဲခတ်ကြည့်လိုက်သည်။

''မြတ်နိုးဝေ အသတ်ခံရတဲ့အပြင် ဘာတွေများ ပါဆုံးသွား သလဲ''

''ရွှေငွေပစ္စည်း စုစုပေါင်း ငါးသိန်းနှစ်သောင်းကျော်ဖိုးလော ပါသွားပါတယ်''

''ကဲ ... အချင်းဖြစ်နေရာတွေကို ကျွန်တော်တို့ ကြည့်ကြ အောင်''

''ဟုတ်ကဲ့''

မြတ်နိုးဝေ၏ ဖခင်ဖြစ်သူ ဦးကျော်သောင်းနှင့် မိခင်ဖြစ်သူ ဒေါ ဇာတို့က အချင်းဖြစ်ပွားရာအိပ်ခန်းကို လိုက်လံပြသသည်။ အခန်းမှာ အ ကျယ်ဖြစ်သည်။ ပရိဘောဂ စုံလင်လှသည်။ ကြီးမားသော နှစ်ယောက်အ ခုတင်ကြီးတစ်လုံးရှိသည်။ မွေ့ရာပေါ်၌ အိပ်ရာခင်းကို မတွေ့ရ။

''ကျွန်တော်တို့ ဒေါ်သူဇာဖုန်းဆက်လို့ ရောက်လာပြီးတဲ့နော စစ်ဆေးတွေ့ရှိရတဲ့ သက်သေခံပစ္စည်းတွေကို စာရင်းဇယားပြုစုပြီး သိ ဆည်းထားပါတယ်။ ဒီခုတင်ပေါ်မှာ အချင်းဖြစ်ပွားခဲ့ပုံရပါတယ်။ တွန့် နေတဲ့ အိပ်ရာခင်း တွေ့တယ်။ အိပ်ရာခင်းပေါ်မှာ သွေးစွန်းနေတာလ တွေ့ရတယ်။ မသက်သာဖွယ်ရာလို့ ယူဆနိုင်တဲ့ အမွေးအမင်တချို့လည်း တွေ့ တယ်။ ကျိုးနေတဲ့ လက်သည်းခွံတစ်ခုလည်း တွေ့ရတယ်။ အဲဒါအပြင် မိ ဝတ် အတွင်းခံဘောင်းဘီတစ်ထည်၊ စကတ်တစ်ထည်၊ နာရီတစ်လ နားကပ်တစ်ရံ၊ ပုဆိုးနှစ်ထည်၊ ငါးရာကျပ်တန် ငွေစက္ကူတစ်ရွက် တွေ့ ပါတယ်။ ရေချိုးခန်းထဲကတော့ ရှာဝါရေပိုက်ကြိုးတစ်ခုနဲ့ မိန်းမစီး တစ်ရံတို့ကို တွေ့ရှိသိမ်းဆည်းထားပါတယ်''

အခန်းကို ဒုရဲမှူးဖေမောင်ထွန်းက လှည့်လည်ကြည့်ရှုစစ်ဆေ နေစဉ် ရဲအုပ်ဗြေးလွင်က ရှင်းပြသည်။





''အလောင်းကို ခင်ဗျားတို့ ဓာတ်ပုံတွေရိုက်ပြီးမှ ဆေးရုံကို ပို့လိုက် တာလား''

''ဟုတ်ပါတယ်''

''မြတ်နိုးဝေက ဒီခုတင်ပေါ်မှာ အိပ်ကျန်ခဲ့တာနော်''

ဟု ဒေါ်သူဇာအား လှည့်၍မေးသည်။

''ဟုတ်ပါတယ်''

''ဒေါ်သူဇာပြန်လာတော့ တွေ့တဲ့နေရာက ဘယ်မှာလဲ''

''ရေချိုးခန်းထဲက ကြွေဇလားထဲမှာပါ''

ဒုရဲမှူးဖေမောင်ထွန်းသည် အိပ်ခန်းနှင့်တွဲလျက်ရှိသော ရေချိုး ခန်းတွင်းသို့ ဝင်၍ကြည့်သည်။ ခေတ်မီစွာပြင်ဆင်ထားသော ရေချိုးခန်းမှာ ရေစိမ်ချိုး၍ရသော ကြွေဇလားတစ်ခု ရှိနေသည်။

''အဲဒီကြွေဇလားထဲမှာ သမီးလေးသေဆုံးနေတာကို တွေ့ရတာ ပါ''

''အနေအထား ဘယ်လိုရှိလဲ''

''လက်မှာ ရှာဝါရေပိုက်ကြိုးနဲ့ တုပ်ထားတာ တွေ့ရပြီး လူက ရေထဲမှာပါ''

ဒုရဲမှူးဖေထွန်းမောင်နှင့်အဖွဲ့သည် အိပ်ခန်းနှင့် ရေချိုးခန်းတို့၏ အနေအထားကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ပြစ်မှုကျူးလွန်သူ ကျန် ရစ်ခဲ့သည်ဟု ယူဆနိုင်သော သက်သေနှင့် သဲလွန်စများ၊ ခြေရာလက်ရာ များ၊ လက်ပုံစံများကို ရှာဖွေစစ်ဆေးကြသည်။

သို့သော် စိတ်တိုင်းကျအားပြုနိုင်မည့် သက်သေခံပစ္စည်းများကို မတွေ့ရပေ။

သေဆုံးသူ မြတ်နိုးဝေ၏အလောင်းမှာ ဆေးရုံသို့သယ်ယူသွားပြီ ဖြစ် သဖြင့် Seen of Crime အချင်းဖြစ် မြင်ကွင်းကို အတိအကျ မတွေ့ရတော့ပေ။

ဒုရဲမှူးဖေမောင်ထွန်းသည် ပြတင်းပေါက်များကို စစ်ဆေးရာ သံပန်းများ ကာရံထားသည့်အတွက် ပြစ်မှုကျူးလွန်သူ ပြတင်းပေါက်မှ ဝင်လာနိုင်ဖွယ်ရာ မရှိဟု သုံးသပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိပ်ခန်းမှ ပြန်ထွက်လာပြီး ရှေ့ဘက်ဝရန်တာသို့ ထွက်သည့် တံခါးပေါက်မှ တံခါးအနေအထားနှင့် ဝရန်တာကို ကာရံထားသော သံပန်းတို့ကို ကြည့်ရှုသည်။

ယခုတိုင် သော့ခတ်ထားမြဲဖြစ်သော သံပန်းတံခါးမှာ လူဝင်ဖို့ရန် မလွယ်။ ဝင်ထွက်ပေါက် ကျွန်းတံခါးမှာလည်း ခိုင်ခံ့ဘိခြင်း။

"ကျွန်တော်တို့ကို စောစောက ဒေါ်သူဇာတို့ပြောတဲ့ အမှိုက်ပစ်ပေါက်နဲ့ မီးဖိုကိုလည်း ကြည့်ခွင့်ပေးပါ"

ဒေါ်သူဇာသည် ဒုရဲမှူးဖေမောင်ထွန်းနှင့်အဖွဲ့အား မီးဖိုခန်းကိုလည်းကောင်း၊ အိမ်နောက်ဘက်ထွက်သည့် တံခါးပေါက်ကိုလည်းကောင်း အမှိုက်ပစ်သည့် အပေါက်ငယ်ကိုလည်းကောင်း ပြသသည်။

ဒုရဲမှူးဖေမောင်ထွန်းသည် နောက်ဘက်ထွက်သည့် တံခါးပေါက်ထက် အမှိုက်ပစ်သည့် အပေါက်ငယ်ကို စိတ်ဝင်စားသွားသည်။

ယင်းအပေါက်ငယ်မှာ နှစ်ပေခွဲပတ်လည်ခန့်ရှိသည်။ အတွင်းက သံပန်းတံခါး သော့ခတ်ထားသည်။ အပြင်က အထပ်သားတံခါးကို ချက်ဖြင့် ပိတ်ရ၏။

ဒုရဲမှူးဖေမောင်ထွန်းသည် သံပန်းတွင်ချိတ်ထားသော သော့လောက်ကို ဖြုတ်လျက် သံပန်းတံခါးကို ဆွဲဖွင့်သည်။ ထို့နောက် အထပ်သားတံခါးကို စစ်ဆေးရာ တံခါးချက်မှာ အလွယ်တကူဖွင့်၍ ရနိုင်ကြောင်း တွေ့ရသည်။

ယင်းအထပ်သားတံခါးကို ဖွင့်လိုက်သောအခါ အမှိုက်ထုပ်ပစ်ချနိုင်သော တိုက်ခန်းခြောက်လွှာစလုံးမှ အမှိုက်များပစ်ချနိုင်ရန် စီစဉ်ထားသည့် တိုးလျှိုပေါက်ကြီးတစ်ခုကို တွေ့ရသည်။

ယင်းအပေါက်ကြီးအား ခေါင်းပြူ၍ ကြည့်လိုက်ရာ ညအချိန်မို့ မှောင်နှင့် မည်းမည်းရှိနေသည်။

သို့သော် ယင်းတိုးလျှိုပေါက်သည် ကျယ်ဝန်းခြင်းမရှိ။ အောက်ထပ် မြေညီမှ ဒေါ်သူဇာတို့၏ ပထမထပ်အမှိုက်စွန့်ပစ်ပေါက်သို့ အလွန်





တရာ ကွာဝေးခြင်း မရှိလှကြောင်း ဒုရဲမှူးဖေမောင်ထွန်း တွက်ချက်မိလိုက်သည်။

"ကဲ . တော်ပါပြီ။ ဒေါ်သူဇာတို့ ဦးကျော်သောင်းတို့လည်း အနားယူကြပါဦး။ အမှုအတွက်တော့ အမြန်ဆုံးနဲ့ အကောင်းဆုံးဖြစ်အောင် ကျွန်တော်တို့ ကြိုးစားပါ့မယ်။ တစ်ခုခု ထူးခြားတာရှိရင်လည်း ကျွန်တော်တို့ကို ချက်ချင်းအကြောင်းကြားပေးပါ"

မြတ်နိုးဝေတို့အိမ်ပေါ်မှ ဆင်းလာပြီးနောက် ဒုရဲမှူးဖေမောင်ထွန်းသည် တိုက်ခန်းနောက်ဘက်သို့လှည့်ကာ အမှိုက်သိမ်းယူသည့် တံခါးပေါက်ကို ညမီးရောင် မှုန်ဝါးဝါးအောက်တွင် အကဲခတ်ကြည့်လိုက်သည်။

တံခါးမှာ သံပြားတံခါးဖြစ်သော်လည်း တံခါးကို ချက်ထိုးပိတ်ထားခြင်းမရှိ။ သော့လည်း ခတ်၍မထား။ တံခါးကို ဆွဲဖွင့်ကြည့်သောအခါ အလွယ်တကူပွင့်သွားသည်။

အနံ့ဆိုးများက ဒုရဲမှူး၏ နှာခေါင်းတွင်းသို့ တိုးဝင်လာသည်။ အမှိုက်ထုပ်များပုံနေသော အခန်းကို ခေါင်းငုံ့၍ကြည့်လိုက်သည်။ ကြွေနုပ်အားရဟန်ဖြင့်လည်း ပြုံးလိုက်မိသည်။

ထိုနေရာမှ ထွက်ခွာလာသောအခါ ညဥ့်သန်းခေါင်နားပင် ရောက်လုနေပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

၁ ၊ ၁၂ ၊ ၉၈ ရက်နေ့။

နံနက် (၉း၃၀) နာရီ။ မှုခင်းတပ်ဖွဲ့မှူးရုံး။

"စာရေးကြီးရေ ...။ ဒီတိုက်ခန်းရဲ့ အနေအထားကို မြေပုံ
ပေးဗျာ။ တိုက်ခန်းပုံစံက ခင်ဗျားသိတဲ့အတိုင်း တစ်ဖက်မှာ ခြောက်လွှာ
တဲ့ နှစ်ခန်းတွဲတိုက်ပေါ့ဗျာ။ အိပ်ခန်းမှာ ရေချိုးခန်းနဲ့ အိမ်သာတွဲလ
ရှိတယ်။ အခန်းကို ဧည့်ခန်းတစ်ခု၊ အိပ်ခန်းနှစ်ခု၊ စတိုခန်းတစ်ခု၊ ရေ
ခန်းနဲ့ အိမ်သာတွဲလျက် နှစ်ခန်း၊ ထမင်းစားခန်းနှစ်ခု။ မီးဖိုခန်းတင
ဝရန်တာနှစ်ခုနဲ့ ဖွဲ့စည်းထားတယ်။ မီးဖိုခန်းနံရံမှာ နှစ်ပေခွဲ ပတ်လည်
အမှိုက်စွန့်ပစ်ပေါက်တစ်ခုရှိတယ်။ အဲဒီအပေါက်ကို အထပ်သားတံခါး ထ
ထပ်နဲ့ သံပန်းတံခါးတစ်ထပ် ပိတ်ထားတယ်။ အဲဒီအပေါက်က ခြော
လွှာအထိ တိုးလျှိုပေါက်ပဲ။ အဲဒါကို ပုံပေါ်အောင် စနစ်ပုံဆွဲဗျာ။ ဒီအ
မှာ ကျွန်တော်တို့က အချင်းဖြစ်အရပ်ရဲ့ အနေအထားကိုကြည့်ပြီး သုံးသ
ရမယ်"





အမှုစစ် ရဲမှူးအေးမြင့်က လိုင်စင်ရမြေတိုင်းစာရေးကြီးအား ခေါ်ယူ
၍ မြေပုံကိုရေးဆွဲရန် စေခိုင်းသည်။

"စိတ်ချပါ...။ အဲဒီတိုက်ရဲ့ ပုံသဏ္ဌာန်အတိအကျရအောင် ကျွန်
တော်ဆွဲပါ့မယ်"

"အခုချက်ချင်း လိုချင်တာနော်"

"ဟုတ်ကဲ့ပါ..."

✿ ✿ ✿

[၃]

❑

၁ ၊ ၁၂ ၊ ၉၈ ရက်နေ့။

နေ့လယ် (၁၁)နာရီ။ ရန်ကုန်ဆေးရုံကြီး။

"လည်ပင်းမှာတွေ့ရတဲ့ ညိုမည်းနေတဲ့ အရာတွေကို ဆရာကြီး
အနေနဲ့ ဘယ်လိုယူဆပါသလဲ"

ရဲမှူးအေးမြင့်သည် မှုခင်းဆရာဝန်ကြီး ဒေါက်တာဒေးဗစ်ကျော်
င့်အတူ သေဆုံးသူမြတ်နိုးဝေ၏အလောင်းကို ကြည့်ရှုစစ်ဆေးရင်း မေး
ကြီးခြင်း ဖြစ်သည်။ ဒေါက်တာဒေးဗစ်ကျော်က ...

"ဒါ ... ဖိညှစ်ခံရတဲ့ဒဏ်ရာ ဖြစ်ပါတယ်"

"လက်နဲ့ လည်ပင်းကို ညှစ်တဲ့ဒဏ်ရာလို့ ယူဆနိုင်ပါသလား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးအေးမြင့်သည် မြတ်နိုးဝေ၏ လက်ယာဘက်လက်မှ လက်ခလယ်ကို သတိထားလိုက်မိသည်။ ထိုလက်ခလယ်မှ လက်သည်းက ကျိုးနေသည်။ သက်သေခံအဖြစ် သိမ်းဆည်းခဲ့သော လက်သည်းခွံအကျိုးကို ရဲမှူးအေးမြင့် ဖျတ်ခနဲသတိရလိုက်သည်။

"တခြားတွေ့ရှိရတဲ့ ဆေးစစ်ချက်တွေ ပြောပြပါဦး ဆရာကြီး"

"သေသူရဲ့အဆုတ်က ကြီးပြီးပွနေပါတယ်။ နှာခေါင်းက အမြှုပ်တွေထွက်နေတာကိုလည်း တွေ့ရတယ်။ ဒါက ဘာကိုပြသလဲဆိုရင် သေသူဟာ ရေနှစ်သတ်ခံရတယ်ဆိုတဲ့ သဘောပါပဲ"

"လည်ပင်းညှစ်သတ်ခံရတာရော မဖြစ်နိုင်ဘူးလား ဆရာ"

"လည်ပင်းညှစ်ခံရတာ သေချာပေမယ့် လည်ပင်းညှစ်ခံရလို့ သေတာမဟုတ်ဘူး။ ရေနှစ်သတ်ခြင်း ခံရတာပါ။ တကယ်လို့ သေပြီးမှ ရေထဲမှာ သွားနှစ်ထားရင် အဆုတ်ဟာ ဒီလို ကြီးပြီးပွမနေဘူး"

"ဟုတ်ကဲ့ ..."

"ပြီးတော့ သေဆုံးသူမြတ်နိုးဝေရဲ့ မိန်းမကိုယ်မှာ လတ်တလော ထိုးသွင်းရာတွေ တွေ့ရတယ်။ ဒါကြောင့် မသေမီ မုဒိမ်းကျင့်ခံရကြောင်း ထင်ရှားတယ်"

"သေတဲ့အချိန်ကို ဘယ်လိုခန့်မှန်းနိုင်ပါလဲဆရာ"

"စစ်ဆေးချက်အရဆိုရင် အလောင်းကို မတွေ့မီ သုံးနာရီလောက်ကတည်းက သေဆုံးနေခဲ့တယ်လို့ ယူဆနိုင်ပါတယ်"

"မိခင်ဖြစ်တဲ့ ဒေါ်သူဇာက သမီးဖြစ်သူမြတ်နိုးဝေရဲ့အလောင်းကို တွေ့တဲ့အချိန်ဟာ (၆)နာရီလောက်ဆိုတော့ မြတ်နိုးဝေဟာ (၃)နာရီမထိုးခင်လောက်ကတည်းက သေဆုံးနေတယ်လို့ ပြောနိုင်တာပေါ့နော်"

"ဟုတ်ပါတယ်"

"ကျွန်တော်တို့ကို တစ်ခုကူညီပါ။ အချင်းဖြစ်တဲ့နေရာမှာ တွေ့ရတဲ့ သက်သေခံပစ္စည်းတွေနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်ချင်လို့"

"ရပါတယ်"





"သေဆုံးသူဟာ လက်သည်းကျိုးနေတာ တွေ့ရတယ်။ ဒါကြောင့် ကလေးမလေးဟာ ဖြစ်မှုကျူးလွန်သူကို ကုတ်ခြစ်ခဲ့တဲ့ လက္ခဏာရှိတယ်။ ဒီတော့ သေဆုံးသူရဲ့ လက်သည်းတွေကြားထဲက အသားတို့၊ အရေခွံတို့ စတာတွေကို ဓာတုဗေဒစစ်ဆေးချက်လည်း လုပ်ချင်ပါတယ်"

"သိပ်ကောင်းတာပေါ့ဗျာ"

✿ ✿ ✿

## [၄]

❑

၁ ◦ ၁၂ ◦ ၉ရက်နေ့။

နေ့လယ် (၂)နာရီ။ မှုခင်းရဲတပ်ဖွဲ့ရုံး။

ရဲမှူးအေးမြင့်သည် စားပွဲပေါ်သို့ အဆောက်အဦစနစ်ပုံ ကားချပ်ကြီးကို ချပြလိုက်သည်။ စားပွဲတွင် ဝိုင်းထိုင်နေကြသော ဒုရဲမှူးဖေမောင်ထွန်း၊ ရဲမှူးလှဝင်း၊ ရဲအုပ်အောင်မြင့်စိုး၊ ရဲမှူးသိန်းစိုးတို့က မြေပုံပေါ်သို့ အာရုံစိုက်သွားကြသည်။

"ဒီပုံက အချင်းဖြစ်တဲ့ မြတ်နိုးဝေနေထိုင်ရာ တိုက်ခန်းရဲ့ပုံဖြစ်တယ်။ ဒီပုံအနေအထားကို လေ့လာပြီး ဖြစ်စဉ်ကို စဉ်းစားကြရအောင်။ တိုက်ခန်းဟာ မြင်တဲ့အတိုင်း အလွန်စနစ်ကျတဲ့ ဖွဲ့စည်းပုံရှိတယ်။ အဝန်းအဝိုင်းနဲ့ လုံခြုံမှုလည်းရှိတယ်။ အခန်းရဲ့ အနေအထားကလည်း တံခါးအထပ်ထပ်နဲ့ တော်ရုံဖောက်ထွင်းဝင်ရောက်လို့ မရနိုင်ဘူး။ အဲဒါကို ဘိုဖေ



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်း သွားရောက်စစ်ဆေးစဥ်မှာ မျက်မြင်တွေ့ခဲ့ပြီးဖြစ်တယ်။ ဟုတ် တယ်နော် ကိုဖေမောင်ထွန်း''

ဒုရဲမှူးဖေမောင်ထွန်းက ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး ...

''ဟုတ်ပါတယ်။ အခန်းရဲ့ အပြင်ထွက်ပေါက်တံခါးကလည်း ကျွ တံခါးနဲ့ သံပန်းတံခါးနှစ်ထပ်၊ ရှေ့ဝရန်တာနဲ့ အနောက်ဝရန်တာကို ထွ တဲ့အပေါက်ကလည်း တံခါးနှစ်ထပ်ပဲ။ ဒါ့အပြင် သော့ပိတ်ထားတဲ့ ဒီတံ တွေကို ချိုးဖျက်ဝင်လို့ မလွယ်ပါဘူး။ ဒေါ်သူဇာရဲ့ ပြောစကားအရ အဲဒီတံ တွေမှာ ချိုးဖျက်ထားတာနဲ့ သော့ကိုဖျက်ထားတာတွေလည်း မတွေ့ရ ဘူး''

ဟု တံခါးပေါက်နေရာများကို ထောက်ပြရင်း ရှင်းပြသည်။

ဒုရဲမှူးလှဝင်းက ဝင်၍ ...

''ဒါဖြင့် ပြစ်မှုကျူးလွန်သူ အခန်းတွင်းကို ဝင်နိုင်တဲ့နေရာ ဘ နေရာဖြစ်နိုင်မလဲ''

ဟု မေးလိုက်သည်။

ရဲမှူးအေးမြင့်က ...

''အခန်းမှာ အမိုက်ပစ်တဲ့ အပေါက်ငယ်လေးတစ်ခုရှိတယ်။ အဲ က မီးဖိုခန်းမှာရှိတာ။ အကျယ်အဝန်းက နှစ်ပေခွဲပတ်လည်ရှိတယ်။ အဲ အပေါက်ကို သံပန်းတစ်ထပ်၊ အထပ်သားတံခါးတစ်ထပ်နဲ့ ပိတ်ထားတယ ကိုဖေမောင်ထွန်းသွားရောက်စစ်ဆေးတဲ့အခါ အဲဒီသံပန်းကို ပိတ်တဲ့ တံ မှာ သော့က တန်းလန်းထားခဲ့တယ်လို့ သိရတယ်။ ပြီးတော့ အထပ်သ တံခါးဟာ ချက်ထိုးပြီး ပိတ်တာမို့လို့ အလွယ်တကူ ဖွင့်လို့ရနိုင်တယ နောက် ... အမှိုက်စွန့်ပစ်ပေါက်ကို မြေညီကနေ တက်မယ်ဆိုရင် တက်နိ တဲ့ အနေအထားမှာရှိတယ်။ ကိုဖေမောင်ထွန်း မြေညီကတံခါးကို ကြ ခဲ့တယ် မဟုတ်လား''

''ကြည့်ခဲ့တယ်။ အောက်ထပ်ကနေ ဒေါ်သူဇာတို့ ပထမထပ် တက်မယ်ဆိုရင် လွယ်လွယ်ကူကူ တက်နိုင်တဲ့အနေအထား ရှိတယ်''

''ဒါဆိုရင် အဲဒီအမှိုက်ပစ်ပေါက်ကနေ အခန်းထဲကို ဝင်





နိုင်တယ်ဆိုတာကို သိနေတဲ့ တစ်ယောက်ယောက်ဟာ ပြစ်မှုကျူးလွန်သူ ဖြစ်ရလိမ့်မယ်''

ဟု ဒုရဲမှူးလှဝင်းက ဝင်၍ ထင်မြင်ချက်ပေးသည်။

''မှန်ပါတယ်။ အခန်းထဲကို ဝင်နိုင်စရာ ဒီတစ်လမ်းပဲရှိတယ်။ ပြန်ထွက်တာလည်း ဒီလမ်းကပဲ ထွက်သွားပုံရတယ်။ ဒါကြောင့်မို့ ဒီအခန်း တွေရဲ့ အနေအထားကို ကျွမ်းကျွမ်းကျင်ကျင် သိနေသူတစ်ယောက် ဖြစ်မယ် ဆိုတာ ယုံမှားသံသယ ဖြစ်စရာမရှိဘူး''

''ဒါဆို ဒီအိမ်ရာဝန်းကျင်က ဖြစ်ရပ်ကို မြင်နိုင်တဲ့သူတွေနဲ့ သတင်း ပေးနိုင်သူတွေ၊ မသင်္ကာဖွယ်ရာရှိသူတွေကို ကျွန်တော်တို့ စစ်ဆေးဖို့ လိုတယ်''

ဒုရဲမှူးဖေမောင်ထွန်းက သူ၏အကြံကို တင်ပြသည်။

''စခန်းမှူး ရဲအုပ်ဌေးလွင်ကို မသင်္ကာတရားခံတွေ စစ်မေးဖို့ ခေါ် ထားပေးပါလို့ ကျွန်တော်ပြောထားပြီးပါပြီ။ အခု ဓာတုဗေဒဝန်ဆီက အစစ်ခံ ချက်တွေ ရရှိထားတယ်။ ဖြစ်နိုင်တဲ့ဖြစ်စဥ်ကို ကျွန်တော်တို့ အကြမ်းဖျင်း ကောက်ချက်ဆွဲကြည့်ရအောင်''

ရဲမှူးအေးမြင့်၏စကားကို အားလုံးက စိတ်ဝင်စားစွာ နားထောင် နေကြသည်။

''ပြစ်မှုကျူးလွန်သူဟာ အမှိုက်ပစ်ပေါက်ကနေ ပထမထပ် ဒေါ်သူဇာ တို့ရဲ့တိုက်ခန်း အမှိုက်ပစ်ပေါက်ရှိရာကို တက်တယ်။ အပြင်က အထပ်သား တံခါးကို ကလော်ပြီး ဖွင့်တယ်။ အတွင်းက သံပန်းတံခါးကတော့ သော့ ကွင်းထဲမှာ သော့အဆင်သင့်တွေ့ရတာမို့ အဲဒီသော့နဲ့ အလွယ်တကူဖွင့် နိုင်တယ်။ ကျူးလွန်သူရဲ့ မူလရည်ရွယ်ချက်ဟာ ပစ္စည်းခိုးယူဖို့ပဲ ဖြစ်ဟန် ရှိတယ်။ သူဟာ မီးဖိုထဲကနေ အိပ်ခန်းဘက်ကို ဝင်ကြည့်လိုက်တော့ အိပ်ပျော်နေတဲ့ မြတ်နိုးဝေကို တွေ့လိမ့်မယ်။ မြတ်နိုးဝေဟာ ငယ်ရွယ်သူ ဖြစ်တဲ့အတွက် အိပ်တဲ့အခါ လွတ်လွတ်လပ်လပ် အိပ်နေပုံရတယ်။ ဒါကို မြင်တော့ ကျူးလွန်သူဟာ မူလရည်ရွယ်ချက်ဖြစ်တဲ့ ပစ္စည်းခိုးဖို့ကိုမေ့ပြီး မြတ်နိုးဝေကို တပ်မက်စိတ်နဲ့ အဓမ္မပြုကျင့်ဖို့ ကြိုးစားတာဖြစ်တယ်။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အခါ မြတ်နိုးဝေက အိပ်ရာကနိုးလာပြီး ရုန်းကန်တယ်။ ကျူးလွန်သူ ကုတ်ခြစ်လို့ သူ့ရဲ့လက်ခလယ်လက်သည်း ကျိုးသွားခဲ့တယ်။ ကျူးလွ သူဟာ မြတ်နိုးဝေကို အဓမ္မကြံစည်ပြီးတဲ့နောက် မြတ်နိုးဝေက သူ့ကို ေ နေပုံရတဲ့အတွက် မြတ်နိုးဝေကို နှုတ်ပိတ်ဖို့ ကြိုးစားတယ်။ မြတ်နိုးဝေ ရဲ့ လည်ပင်းကိုညှစ်ပြီး မအော်နိုင်အောင် နှုတ်ကိုလည်း လက်နဲ့ပိတ်ထာ ပုံရတယ်။ ပြီးတော့ ကျူးလွန်သူဟာ မြတ်နိုးဝေကို အိပ်ခန်းကနေ ရေချိုးခ ထဲကို ဆွဲခေါ်သွားတယ်။ ရေချိုးခန်းထဲရောက်တော့ တွေ့တဲ့ရှာဝါရေပိုက် ကြိုးနဲ့ လက်ကိုတုပ်ပြီး မြတ်နိုးဝေကို ရေချိုးကြွေဖလားထဲက ရေထဲမှာ နှစ်ပြီ သတ်တယ်။ မြတ်နိုးဝေဟာ လည်ပင်း ညှစ်စဉ်က မသေဘဲ ရေနှစ်ခံရတော့ သေဆုံးခဲ့ရတာဖြစ်တယ်။ ကျူးလွန်သူဟာ မြတ်နိုးဝေသေဆုံးပြီးတဲ့နောက် အိပ်ခန်းထဲမှာ တွေ့ရှိတဲ့ လက်ဝတ်ရတနာပစ္စည်းတွေကို မွှေနှောက်ရှာ ယူငင်ပြီး အမှိုက်ပစ် ပေါက်ကနေ ပြန်ထွက်တယ်။ သံပန်းတံခါးကိုလည် သော့ပြန်ပိတ်သွားတယ်။ ဒါဟာ ဖြစ်စဉ်အကျဉ်းပဲ။ ဒီထဲကနေ တရားခံရဲ့ အနေအထားကို ကောက်ချက်ဆွဲကြည့်ကြရအောင်''

ရဲမှူးအေးမြင့်၏ စကားအဆုံးတွင် ဒုရဲမှူးဖေမောင်ထွန်းက ...

''တရားခံဟာ အိမ်ရဲ့အနေအထားကို ကျွမ်းကျွမ်းကျင်ကျင် သိထာ သူဖြစ်ရမယ်။ မြတ်နိုးဝေကို အဓမ္မကျင့်ကြံပြီး သတ်ဖြတ်သွားတာ ထောက်ရှု မြတ်နိုးဝေတို့သိနေတဲ့ တစ်ယောက်ယောက်ထဲက ဖြစ်နိုင်တယ်။ အဲဒီလို ဖြစ်နိုင်ခြေရှိသူကို ရှာရမယ်''

ဒုရဲမှူးလှဝင်းကလည်း ...

''မြတ်နိုးဝေရဲ့ လက်သည်းကျိုးနေတာကို ကြည့်ခြင်းအားဖြင့် တရား ခံဟာ မြတ်နိုးဝေရဲ့ကုတ်ခြစ်ခြင်း ခံခဲ့ရတယ်။ ဒါကြောင့် တရားခံကို ရှာမယ် ဆိုရင် ခန္ဓာကိုယ်မှာ လက်သည်းနဲ့ကုတ်ခြစ်ရာတွေကို သက်သေပြုပြီး ရှာ ရမယ်''

''ကောင်းပြီ ...။ စခန်းမှူး ရဲအုပ်ဌေးလွင် ခေါ်ထားတဲ့ မသင်္ကာ တရားခံတွေကို ကျွန်တော်တို့ စစ်ဆေးကြမယ်''

✿ ✿ ✿

[၅]

❑

၂ . ၁၂ . ၉၈ ရက်နေ့။

နေ့လယ် (၃း၁၅)နာရီ။ မှုခင်းတပ်ဖွဲ့ရုံး။

ရဲအုပ်အောင်မြင့်စိုးနှင့် အဖွဲ့က ခေါ်ယူထားသော မသင်္ကာ တရား များ၏ ခန္ဓာကိုယ်တွင် ကုတ်ခြစ်ရာများ ရှိမရှိ ဦးစွာစစ်ဆေးကြသည်။ မှူးအေးမြင့်၊ ဒုရဲမှူးဖေမောင်ထွန်း၊ ဒုရဲမှူးလှဝင်းတို့က ထိုမသင်္ကာ ရားခံများကို တစ်ဦးချင်းခေါ်ယူကာ စစ်ဆေးသည်။

''မင်းနာမည်''

''သက်ခိုင်ပါ။ ကိုသက်လို့လည်း ခေါ်ပါတယ်''

''မင်းက ဒေါ်သူဇာတို့နဲ့ ဘာတော်လဲ''

''အမျိုးမတော်ပါဘူး။ ခိုင်းစရာရှိရင် ဒေါ်သူဇာက ခေါ်ခိုင်းတတ် တယ်''

''၃၀ . ၁၁ . ၉၈ ရက်နေ့က ဒေါ်သူဇာတို့နဲ့ မင်းပါသွားတယ်ဆို ာ ဟုတ်သလား''

''ဟုတ်ပါတယ်''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အခြား ဘယ်သူတွေ ပါသေးလဲ"

"အိမ်ဖော် မနုနုလည်း ပါပါတယ်"

"ဘယ်ကိုသွားတာလဲ"

"မြောက်ဥက္ကလာက ဒေါ်သူဇာတို့အိမ်ကိုပါ။ အိမ်က လူမ[illegible]တော့ ချုံနှယ်ပိတ်ပေါင်းတွေ ရှုပ်နေလို့ သွားရှင်းကြတာပါ"

"ဘယ်အချိန် သွားကြသလဲ"

"၁၂ နာရီလောက်ပါ"

"ပြန်ရောက်တာက ..."

"ခြောက်နာရီထိုးခါနီးပါ"

✿ ✿ ✿

[၆]

❑

"ခင်ဗျားနာမည် ဦးသိန်းဇော်နော်"

"ဟုတ်ပါတယ်"

"ခင်ဗျားက ဒီအိမ်ရာရဲ့ လုံခြုံရေးကို တာဝန်ယူရတဲ့သူနော်"

"ဟုတ်ပါတယ်"

"၃၀ . ၁၁ . ၉ရက်နေ့ နေ့လယ်ပိုင်းက ဒေါ်သူဇာတို့ [illegible] တိုက်ခန်း ....ရဲ့ ဝန်းကျင်မှာ ထူးခြားတဲ့လှုပ်ရှားမှု ဒါမှမဟုတ် [illegible] မသင်္ကာစရာ သူစိမ်းတွေ တွေ့မိသလား"





"မတွေ့မိပါဘူး"

"ဒီအိမ်ရာကို ရှေ့ဝင်ပေါက်က မဟုတ်ဘဲ နောက်ဘက်နံရံကို ကျော်ပြီး ဝင်လာနိုင်တဲ့အနေအထား ရှိသလား"

"မရှိပါဘူး။ နောက်ဘက်မှာလည်း အခြားအိမ်ရာတွေ ရှိနေလို့ အပြင်ပကလူတွေ ဝင်လာဖို့ မလွယ်ပါဘူး"

"ဒီအိမ်ရာတွေမှာ အခန်းတိုင်း လူနေကြပြီလား"

"မနေကြသေးပါဘူး။ တချို့က ပြင်တုန်းဆင်တုန်းပဲ ရှိပါသေးတယ်"

"ဒါဆိုရင် ဒီအိမ်ရာမှာ ပြင်ဖို့ဆင်ဖို့ တခြားလာတဲ့ အလုပ်သမားတွေဘာတွေ ရှိလား"

"ဟုတ်ကဲ့ ...။ ဒေါ်သူဇာ့တိုက်ရဲ့ အပေါ်ဆုံး ခြောက်လွှာမှာ အခန်းပြင်နေကြတဲ့ အလုပ်သမားတွေ ရှိပါတယ်"

"အဲဒီလူတွေကို ခင်ဗျားသိသလား"

"မရင်းနှီးပါဘူး။ မြင်ရင်တော့ သိပါတယ်"

"ဒါဆိုရင် ခင်ဗျားနဲ့အတူ ခေါ်ထားတဲ့ ဟိုဘက်ခန်းထဲက လူငယ်တွေထဲမှာ အဲဒီအလုပ်သမားတွေ ပါသလား"

"ပါပါတယ်"

✿ ✿ ✿

www.burmeseclassic.com

[၇]

❑

"မင်းနာမည် . . ."

"ကိုဦးပါ။ နာမည်အပြည့်အစုံက သက်နိုင်ဦးပါ"

"မင်းက ဘာလုပ်လဲ"

"လက်သမားလုပ်ပါတယ် ဆရာ"

"မင်းက ဒီတိုက်နံပါတ် . . . ကို ဆောက်တဲ့အချိန်မှာ လက်သမားအဖြစ် ပါလာတာလား"

"မဟုတ်ပါဘူး။ တိုက်တွေဆောက်ပြီးမှ အခန်းဖွဲ့စည်းဖို့ အခန်းရှင်ကခေါ်လို့ လာလုပ်တာပါ"

"အခုရော ဘယ်မှာလုပ်နေသလဲ"

"တိုက် . . . ရဲ့ အပေါ်ဆုံးအလွှာမှာပါ။ အခန်းတွေ ဖွဲ့နေပါတယ်"

"မင်း ၃၀ . ၁၁ . ၉၈ ရက်နေ့က အလုပ်ဆင်းသလား"

"ဆင်းပါတယ်"

"ဘယ်အချိန်က အလုပ်ဆင်းသလဲ"





"မနက်ရှစ်နာရီခွဲလောက်ပါ"

"ပြန်တာက . . ."

"ညနေ ငါးနာရီခွဲလောက်ပါ"

"မင်းပြန်တော့ အောက်က ပထမထပ်မှာ လူသတ်မှုဖြစ်သွားတာကို မင်းသိသလား"

"သေသေချာချာ မသိပါဘူး။ ရဲတွေတော့ တွေ့ပါတယ်"

"မင်းအလုပ်လုပ်နေစဉ်အတွင်းမှာ ဘယ်သွားသေးသလဲ"

"ဘယ်မှ မသွားပါဘူး။ တစ်နေ့လုံး အလုပ်ခွင်ထဲမှာပဲ ရှိနေပါတယ်"

"မင်းအလုပ်ခွင်မှာရှိကြောင်း ဘယ်သူတွေကို သက်သေပြနိုင်မလဲ"

"ပြနိုင်ပါတယ်။ ကျွန်တော်နဲ့အတူ အလုပ်လုပ်တဲ့ အလုပ်သမားတွေ ရှိပါတယ်။ သူတို့က . . ."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



"သုံးနာရီလောက်ရှိမယ်ထင်တယ် ဆရာ"

ထူးထူး၏ထွက်ချက်နှင့် တိုးဝင်းအောင်၏ ထွက်ချက်မှာ တည်နေသဖြင့် အမှုစစ်ရဲအရာရှိ ကျေနပ်သွားသည်။

"ကွမ်းထွက်ဝယ်တာ တစ်နာရီတောင် ကြာနိုင်သလား"

"တစ်နာရီတော့ မကြာနိုင်ပါဘူး။ ကွမ်းယာဆိုင်က နီးနီးလေးပါ"

"သူပြန်လာတော့ ကွမ်းယာတွေပါလာတာ တွေ့လား"

"သတိမထားမိပါဘူး"

"မင်းသတိထားမိတာ ဘာရှိလဲ"

"သူ့ပုဆိုးတွေ အောက်ဘက်ပိုင်းက ရေတွေစိုနေတာကို သတိထားမိပါတယ်။ ကျွန်တော်က ဘယ်ကနေ ရေစိုလာတာလဲလို့တောင် မေးပါသေးတယ်"

အမှုစစ်ရဲအရာရှိများ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။

"သူ အလုပ်ပြန်ဆက်လုပ်သလား"

"မလုပ်ပါဘူး။ နေလို့သိပ်မကောင်းလို့ဆိုပြီး ချက်ချင်းပြန်သွားပါတယ်"

"သူက ဘယ်မှာနေလို့လဲ"

"သက်နန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်းမှာပါ"

✿ ✿ ✿

# [၉]

❑

အမှုစစ်ရဲအရာရှိများ ခေါင်းချင်းဆိုင်လိုက်ကြသည်။

ရဲမှူးအေးမြင့်က ခေါင်းကိုဘယ်ညာဆတ်ရင်း ...

"အခု ကျွန်တော်တို့မေးလိုက်တဲ့ မသက်ာစရာ တရားခံတွေရဲ့ နောက်ကိုယ်မှာ ဘာကုတ်ခြစ်ရာမှ မတွေ့ရဘူးလို့ ရဲအုပ်အောင်မြင့်စိုးက ပြောတယ်။ သူတို့ရဲ့ထွက်ချက်တွေနဲ့ သူတို့တွေ အလုပ်ခွင်မှာရှိနေကြောင်း သက်သေပြနိုင်တဲ့ အလီဘိုင်တွေလည်း အခိုင်အမာရှိတယ်။ သူတို့တွေကို ကျွန်တော်တို့ သံသယရှိစရာ မတွေ့ဘူး။ ဒါပေမဲ့ သူတို့တွေရဲ့ ထွက်ချက်တွေထဲက တူညီတဲ့အချက်တစ်ချက် ထွက်လာတယ်။ အဲဒါကတော့ နေ့လယ်တစ်နာရီနဲ့ သုံးနာရီအတွင်း အလုပ်ခွင်ကနေ အပြင်ထွက်သွားတဲ့ မိုက်ဟာ အလုပ်ခွင်ကို ပြန်ရောက်လာတော့ ပုဆိုးမှာ ရေတွေစိုနေတယ်။ သေဆုံးသူ မြတ်နိုးဝေဟာ ရေနှစ်သတ်ခံရတာဖြစ်တော့ ပုဆိုးရေစိုနေတဲ့ မိုက်နဲ့ ဆက်စပ်ရှိနေတယ်။ ပြီးတော့ မှုခင်းဆရာဝန်ကြီးရဲ့ ဆေးစစ်ချက်အရ မြတ်နိုးဝေ သေဆုံးရတာဟာ ၃နာရီမတိုင်မီဖြစ်တယ်ဆိုတာ တွေ့ရတယ်။ အချိန်ကာလချင်း တိုက်ဆိုင်မှုလည်း ရှိနေတယ်။ နောက်တစ်ချက်က မိုက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဥနာရီမှာ အလုပ်ခွင်ကို ပြန်ရောက်လာပေမယ့် အလုပ်ဆက် မလုပ်ဘဲ ချက်ချင်းအိမ်ပြန်သွားတယ်။ ဒါဟာ ထူးခြားတဲ့အချက်ပဲ။ ဒီတော့ ပစ်မှုရဲ့ အဖြစ် မိုက်ကို ကျွန်တော်တို့ သတ်မှတ်လိုက်ကြမယ်။ မိုက်ရဲ့ အိမ်ကို ရဲအုပ်အောင်မြင့်စိုးနဲ့အဖွဲ့ အခုချက်ချင်းလိုက်သွားဖို့ ပြင်ဆင်ပါ''

✿ ✿ ✿

[ ၁၀ ]

❑

၂-၁၂-၉၈ ရက်နေ့။

ညနေ (၆)နာရီ။

သက်န်းကျွန်းမြို့နယ်။ နှင်းဆီကုန်း (က)ရပ်ကွက်။

ရဲအုပ်အောင်မြင့်စိုးနှင့်အဖွဲ့ မိုက်နေအိမ်သို့ ရောက်သွားချိန်မှာ မှောင်ရီဖျိုးဖျဖြစ်သည်။ မီးမလာသဖြင့် လမ်းကျဉ်းကျဉ်းလေးကို ဂရုစိုက်၍ လျှောက်ရသည်။ အိမ်အမှတ် ( ... ) မိုက်၏ နေအိမ်ပေါ်သို့ တက်လိုက်သောအခါ အသက် (၅၀)ခန့်ရှိ ပိန်ပိန်အမျိုးသမီးကြီးတစ်ဦးနှင့် အသက် (၃၀)ပတ်ဝန်းကျင်ရှိ အမျိုးသမီးငယ်တစ်ဦးတို့ကို တွေ့ရသည်။

''ဒီအိမ်က မိုက်(ခ) မျိုးထွန်းအိမ် ဟုတ်ပါသလား''

ရဲအုပ်အောင်မြင့်စိုးက ရည်မွန်စွာ မေးလိုက်သည်။

''ဟုတ်ပါတယ်''

အမျိုးသမီးကြီးက ဖြေသည်။





''အခေါ်က မျိုးထွန်းနဲ့ ဘာတော်သလဲ''

''ယောက္ခမပါ''

''ဒါဖြင့် သူကရော''

ဘေးတွင်ရပ်နေသော အမျိုးသမီးငယ်ကို ရည်ညွှန်း၍ ရဲအုပ်အောင်မြင့်စိုးက မေးလိုက်သည်။

''သူက မျိုးထွန်းအစ်မ သီတာမြင့်ပါ''

''ကျွန်တော် မျိုးထွန်းနဲ့ တွေ့ချင်လို့''

''မျိုးထွန်းမရှိပါဘူး။ သူ့မိန်းမနဲ့ ရုပ်ရှင်သွားကြည့်ပါတယ်''

ဟု အမျိုးသမီးကြီးက ဖြေသည်။

''ဘယ်အချိန်က သွားတာလဲ''

''မနက်ထမင်းစားပြီးတော့ ထွက်သွားကြတာပါ''

''ဘယ်အချိန်လောက် ပြန်လာနိုင်မလဲ''

''အခုအချိန်ဆို ပြန်ရောက်နိုင်လောက်ပြီ။ ဒါပေမဲ့ အခုထိတော့ ရောက်သေးဘူး''

ဟု သီတာမြင့်က ဝင်၍ဖြေသည်။

''ကောင်းပြီလေ ...။ ကျွန်တော်တို့ နောက်မှလာခဲ့ပါ့မယ်''

ရဲအုပ်အောင်မြင့်စိုးက အိမ်အတွင်းဘက်သို့ မသိမသာ အကဲခတ်ရင်း ပြောလိုက်သည်။ ထို့နောက် မိုက်၏အိမ်မှ ပြန်ထွက်လာခဲ့ကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၁၁]

❑

''ကျွန်တော်တို့ မိုက်ရဲ့အိမ်ကို ရောက်ပါတယ်။ မိုက်မရှိဘူး။ ရုပ်ရှင်သွားကြည့်တယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ ဆက်ပြီးစောင့်နေပါတယ်။ အကြောင်းထူးရင် ထပ်မံသတင်းပို့ပါမယ်''

ရဲအုပ်အောင်မြင့်စိုးက မှူခင်းရဲတပ်ဖွဲ့ရှိ ရဲမှူးအေးမြင့်ထံသို့ တယ်လီဖုန်းဖြင့် သတင်းပို့သည်။

''ကောင်းပြီ ...။ မင်းတို့ မိုက်အိမ်ကို စောင့်ကြည့်နေ။ သူပြန်လာချင်မှလည်း လာမယ်။ သူဘယ်ကိုသွားနိုင်တယ်၊ ဘယ်မှာ သူနဲ့ဆက်နွယ်နေတဲ့လူတွေ ရှိတယ်ဆိုတာလည်း တစ်ပြိုင်တည်း မင်းတို့စုံစမ်းပါ''

''ဟုတ်ကဲ့ပါ ရဲမှူး''

ရဲအုပ်အောင်မြင့်စိုးနှင့် အဖွဲ့သည် မိုက်၏ဝန်းကျင်တွင် မျက်ခြည်မပြတ်စောင့်သူက စောင့်ကြည့်သည်။ နယ်ထိန်းများနှင့် ဆက်သွယ်ကာ မိုက်၏အကြောင်းကိုလည်း စုံစမ်းသူက စုံစမ်းသည်။ အနီးဝန်းကျင်ရှိ မိုက်ကို သိကျွမ်းသူ လူငယ်များကိုလည်း ရှာဖွေကာ သတင်းရယူသည်။

ထိုညက မိုက်လုံးဝပြန်မလာ။





သို့သော် ရဲအုပ်အောင်မြင့်စိုးရလိုက်သည့် သဲလွန်စမှာ မိုက်၏ ...င်သည် မော်လမြိုင်မြို့နယ် ဝေါ့ကုန်းရွာတွင် နေထိုင်ပြီး မိုက်သည် ...ခင်ထံ ထွက်သွားဖွယ်ရာရှိကြောင်းပင် ဖြစ်သည်။

ရဲအုပ်အောင်မြင့်စိုးနှင့် အဖွဲ့သည် မိုက်၏အိမ်မှ ၃၀-၁၁-၉၈ ...နေ့က မိုက်အလုပ်သွားချိန်တွင် ဝတ်ဆင်သွားခဲ့သည်ဟုဆိုသော အဝတ်...အစားများကို သိမ်းယူခဲ့သည်။ နေအိမ်မှ အခြားတစ်နေရာသို့ ရှောင်တိမ်း...ခြင်းကို ထောက်ချင့်၍ ၎င်းသည် အနီးစပ်ဆုံး ပြစ်မှုကျူးလွန်နိုင်သူဖြစ်...ကြောင်း သုံးသပ်နိုင်သည်။ သူ့ကိုအမိဖမ်းနိုင်ဖို့သာ လိုတော့သည်။ သို့သော် ... အဘယ်သို့ ပြေးသနည်း။

✿ ✿ ✿

[၁၂]

❑

၃-၁၂-၉၈ ရက်နေ့။

နေ့လယ် ၃နာရီ။

မော်လမြိုင်မြို့နယ် ဝေါ့ကုန်းရွာရှိ မိုက်၏ ဖခင်ဖြစ်သူ ဦးတာလေ ...ဦးလှတင်နေထိုင်ရာအိမ်သို့ ရဲအုပ်အောင်မြင့်စိုးနှင့်အဖွဲ့ ရောက်ရှိသွား...သည်။ နေအိမ်၌ မိုက်ကို မတွေ့ရ။ ဖခင်ဖြစ်သူ ဦးလှတင်က ...

''မျိုးထွန်း ဒီကိုလာတာတော့ မှန်ပါတယ်။ ဒါပေမဲ့ မနက်ကပဲ ...ကိုကို ပြန်သွားပြီ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်။

"ရန်ကုန်ကိုပြန်တာ တကယ်ဟုတ်ရဲ့လား"

ဟု ရဲအုပ်အောင်မြင့်စိုးက မေးလိုက်သောအခါ ဦးလှတင် မျက်နှာ အနည်းငယ်ပျက်သွားသည်။ သို့သော် အပြုံးတစ်ခုကို ပြန်လည် ဖန်ဆင်းပြီး ...

"ဟုတ်ပါတယ်။ သူ့မိန်းမက ရန်ကုန်မှာ လုပ်စရာတွေ ရှိနေလို့ ကြာကြာမနေနိုင်တာပါ"

"သူ ဘယ်နေ့က လာတာလဲ"

"၁ ရက်နေ့ညကပါ"

"ကောင်းပြီလေ ...။ ကျွန်တော်တို့ ရန်ကုန်မှာပဲ သူ့ကို သွားတွေ့ပါ့မယ်"

ရဲအုပ်အောင်မြင့်စိုးနှင့်အဖွဲ့သည် ဦးလှတင်အိမ်မှ ပြန်ထွက်လာပြီးနောက် မော်လမြိုင်မှနေ၍ ရန်ကုန် အင်းစိန်ရှိ မှုခင်းရဲတပ်ဖွဲ့ ရဲမှူး အေးမြင့်ထံ လှမ်း၍သတင်းပို့သည်။

"ရဲမှူး ... ကျွန်တော်တို့ရဲ့ ပစ်မှတ်ကို မတွေ့ရသေးဘူး။ ရန်ကုန် ပြန်သွားတယ်လို့ ဆိုတယ်။ ဒါပေမဲ့ ရန်ကုန်တကယ်ပြန်မပြန်နဲ့ တခြား ဘယ်ကိုသွားလဲဆိုတာ ကျွန်တော်တို့ ဆက်ပြီးစုံစမ်းနေပါတယ်"

"ကောင်းပြီ ...။ ရန်ကုန်အိမ်ကို ပစ်မှတ်ပြန်ရောက်မရောက် စောင့်ကြည့်ခိုင်းထားမယ်။ ငါထင်တာတော့ ဒီကောင် ရန်ကုန်ပြန်မလာဘူး။ မင်းတို့ကို အနီးကပ် ကြီးကြပ်ပေးနိုင်ဖို့ ရဲမှူးသိန်းစိုးနဲ့အဖွဲ့ မော်လမြိုင်ကို ထပ်လွှတ်လိုက်တယ်။ အဲဒီမှာ လိုအပ်တာတွေကို ညှိနှိုင်းပြီး ချက်ချင်းဆောင်ရွက်ပါ။ ထူးခြားဖြစ်စဉ်ကို သတင်းပို့ပါ"

"ဟုတ်ကဲ့"

✿ ✿ ✿

[ ၁၃ ]

❑

ရဲအုပ်အောင်မြင့်စိုးနှင့် အဖွဲ့သည် ရဲမှူးသိန်းစိုးအား တွေ့ဆုံပြီးနောက် ပစ်မှတ်ထွက်ခွာနိုင်သည့် လမ်းကြောင်းများကို တာဝန်ခွဲ၍ …မ်းကြသည်။

ရဲအုပ်အောင်မြင့်စိုးသည် ကားဂိတ်သို့ ရောက်သွားပြီးနောက် တာ…ရှိသူများနှင့် တွေ့ဆုံ၏။

ယခုတစ်ရက်နှစ်ရက်အတွင်း မော်လမြိုင်မှထွက်သည့် ကားများ…င့် လိုက်ပါသည့် ခရီးသည်များစာရင်းကို စုံစမ်း၏။

ယင်းစုံစမ်းချက်အရ မိုက်နှင့် ငှင်း၏ဇနီးသည် မော်လမြိုင်မှ …-၁၂-၉၈ ရက်နေ့က ထားဝယ်သို့ ကားဖြင့် ထွက်ခွာသွားခဲ့ကြောင်း …ရှိရသည်။

ထိုနေ့မှာပင် ရဲအုပ်အောင်မြင့်စိုးနှင့်အဖွဲ့သည် ရေးမြို့သို့ လိုက် …သွားခဲ့သည်။ ရေးမြို့တွင် စုံစမ်းရာ မိုက်တို့ကို ခြေရာကောက်၍ မရ …ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထားဝယ်သို့ထွက်သွားသည်ဟု သတင်းတစ်စ ရရှိ ပြန်သဖြင့် ထားဝယ်မြို့သို့ ထက်ကြပ်မကွာ လိုက်သွားခဲ့ရပြန်သည်။

ထားဝယ်ရဲစခန်းသို့ ရဲအုပ်အောင်မြင့်စိုး ဝင်ရောက်ဆက်သွ သည်။ ပစ်မှတ်၏သတင်းကို ဒေသခံရဲစခန်း၏ အကူအညီဖြင့် အမြန် ခြေရာခံသည်။

✿ ✿ ✿

| ၁၄ |

❑

၄–၁၂–၉၈ ရက်နေ့၊ နံနက် ၁၀နာရီ။

စေတနာတည်းခိုခန်း။

ထားဝယ်မြို့။

ရဲအုပ်အောင်မြင့်စိုးနှင့်အဖွဲ့သည် တည်းခိုခန်းမန်နေဂျာ ကိုဇော် ထက်အား တွေ့ဆုံသည်။ ကိုဇော်ထက်မှာ လူငယ်တစ်ယောက်ဖြစ်သော် လည်း သွက်လက်ထက်မြက်သူတစ်ယောက်ပီပီ ရဲအုပ်အောင်မြင့်စိုးအား လိုအပ်သည်များကို ချက်ချင်းအကူအညီပေးသည်။

ကိုဇော်ထက်ရှာဖွေပေးသော တည်းခိုခန်းတွင် တည်းခိုသည့် ဧည့်သည်များစာရင်းတွင် မိုက်(ခ) မျိုးထွန်းနှင့် နီနီဝင်းတို့၏ အမည်များ ကို တွေ့ရှိရသည်။





သူတို့နှစ်ဦးသည် ၂–၁၂–၉၈ ရက်နေ့ညက တည်းခိုခဲ့သည်။ –၁၂–၉၈ ရက်နေ့တွင် တည်းခိုခန်းမှ ပြန်လည်ထွက်ခွာသွားကြောင်း တွေ့ ရှိသည်။

"ကျေးဇူးပဲ ကိုဇော်ထက်ရေ။ အခုလို ကူညီတာ ကျွန်တော်တို့ အတွက် အများကြီးအထောက်အကူရပါတယ်"

ရဲအုပ်အောင်မြင့်စိုးနှင့်အဖွဲ့သည် ထားဝယ်မှ အခြားနေရာသို့ ထွက်ခွာနိုင်သည့် ကားလမ်း၊ ရေလမ်းများကို လိုက်လံစုံစမ်းရပြန်သည်။ စုံစမ်း၍ရရှိလာသောသတင်းတစ်ရပ်အရ ၅–၁၂–၉၈ ရက်နေ့တွင် မိုက် နှင့်လင်မယားသည် ထားဝယ်မှ မြိတ်မြို့သို့ ထွက်သွားကြောင်း သိရှိလိုက် သည်။

✿ ✿ ✿

| ၁၅ |

❑

၅–၁၂–၉၈ ရက်နေ့။ ည (၁၁) နာရီ။

မှူခင်းရဲတပ်ဖွဲ့ရုံး။

မှူခင်းစုံစမ်းစစ်ဆေးရေးအဖွဲ့မှ ဌာနခွဲမှူးဖြစ်သူ ရဲမှူးငြိမ်းဟန်သည် ပစ်မှတ်နှစ်ဦးအား ဖမ်းဆီးရမိရေးအတွက် တနင်္သာရီတိုင်းရဲတပ်ဖွဲ့သို့ ဆက်သွယ်ခဲ့သည်။

"တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးချစ်ယဉ်ပါလားခင်ဗျာ"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်မှာ လူသတ်မှုကျူးလွန်ပြီး ထွက်ပြေးသွားတဲ့ ပစ်မှတ် သူ့ရဲ့မိန်းမကို ကျွန်တော်တို့မှုခင်းရဲတပ်ဖွဲ့က လိုက်လံဖမ်းဆီးခဲ့ရာမှာ ပစ်မှတ် ဟာ တနင်္သာရီတိုင်း မြိတ်မြို့ထဲကို ရောက်ရှိသွားကြောင်း ပစ်မှတ်နော ကို လိုက်နေတဲ့အဖွဲ့က ကျွန်တော်တို့ဆီကို ပြန်လည်သတင်း ပို့ခဲ့ပါတယ် ပစ်မှတ်ကို ဖမ်းဆီးရမိရေးအတွက် ရဲမှူးကြီးကူညီပါဦး"

"ရပါတယ် ...။ ကျွန်တော်တို့ဆီက တပ်ဖွဲ့ဝင်တွေနဲ့ မြိတ်မြို့ က ရဲစခန်းဆီကို ချက်ချင်း တပ်လှန့်ပေးထားလိုက်ပါမယ်။ လိုအပ်တဲ့အ အညီတောင်းပါ။ ဒုတိုင်းတပ်ဖွဲ့မှူး ဒုရဲမှူးကြီးအောင်ကြီးလည်း မြိတ်မြို့ ရှိနေတယ်။ လိုတာ ပြောပါ"

"ဟာ ... သိပ်အဆင်ပြေတာပေါ့ခင်ဗျာ။ ကျွန်တော် ဒုရဲမှူးကြီး အောင်ကြီးကို ထပ်ပြီးဆက်သွယ်ပါ့မယ်။ အမှုဖြစ်စဉ်နဲ့ ပစ်မှတ်ရဲ့အကြောင်း အသေးစိတ်ကတော့ ..."

ရဲမှူးငြိမ်းဟန်သည် ဖုန်းကိုပြန်ချပြီးနောက် အနားတွင်ရှိနေသော သူ၏သွေးသောက်များကို မျက်လုံးဝေ့ကြည့်လိုက်သည်။ အချိန်မှာ ညဉ့်န သန်းခေါင်ဖြစ်သော်လည်း သူတို့သည် တက်ကြွနေဆဲဖြစ်၏။

"ကဲ ... ဆရာတို့ရေ။ တနင်္သာရီတိုင်းရဲ့ တိုင်းတပ်ဖွဲ့မှူးကြီး လည်း အဆက်အသွယ်ရပြီ။ ပစ်မှတ်ကလည်း မြိတ်ကိုရောက်နေပြီ။ ကျွန် တော်တို့ဆီက ရဲမှူးသိန်းစိုးနဲ့ ရဲအုပ်အောင်မြင့်စိုးတို့လည်း မြိတ်ကို လိုက် သွားကြတယ်။ ဒါပေမဲ့ ပစ်မှတ်က ဉာဏ်များပုံရတယ်။ ဒီကောင် တစ်ဖ နိုင်ငံအထိ ပြေးချင်ပြေးမှာ။ သူ့ကို နောက်ကနေလိုက်နေတာ မဟုတ် ရှေ့ကနေ ပိတ်ဆီးစောင့်ဖမ်းဖို့ လိုလိမ့်မယ်။ ဒီတော့ ကိုအေးမြင့်နဲ့ ဒုရဲအု သန်းမြင့်တို့က မြိတ်ကို ထပ်လိုက်ဗျာ။ ကိုလှဝင်းနဲ့ ရဲအုပ်အောင်ခင်တို့ ကော့သောင်းကို သွားဗျာ။ ခင်ဗျားတို့က မြို့နှစ်မြို့ပေါ်မှာရှိတဲ့ တည်းခိုခန်း တွေကို စုံစမ်းပါ။ လေဆိပ်၊ သင်္ဘောဆိပ်၊ ကားဂိတ်တွေကိုလည်း ပိတ်ဆို့ နိုင်အောင် စီစဉ်ပါ။ လိုအပ်တာတွေကို တိုင်းရဲတပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက် ကြပေါ့"

"ဟုတ်ကဲ့"





အမှုစစ်အရာရှိများ လှုပ်ရှားသွားကြသည်။

ကိလေသာသရဲ ဘယ်အထိပြေးမလဲ။ သင်းကပဲပြေးနိုင်မလား၊ တို့ ကပဲ လိုက်နိုင်မလားဟု သူတို့ရင်ထဲမှာ ကြုံးဝါးသံတွေ မြည်ဟည်းပဲ့တင် ထပ်လျက်ရှိနေသည်။

✿ ✿ ✿

[ ၁၆ ]

❑

၆–၁၂–၉၈ ရက်နေ့၊

ညနေ ၅ နာရီခွဲ။ မြိတ်မြို့။

ရဲမှူးအေးမြင့်နှင့်အဖွဲ့သည် မြိတ်မြို့သို့ ရောက်နေပြီးဖြစ်သော ရဲမှူးသိန်းစိုး၊ ရဲအုပ်အောင်မြင့်စိုးနှင့် အဖွဲ့တို့အား တွေ့ဆုံသည်။

"မှုခင်းစုံစမ်းရေးဌာနက တနင်္သာရီတိုင်း တိုင်းတပ်ဖွဲ့မှူးနဲ့ရော၊ ဒုတိုင်းတပ်ဖွဲ့မှူးနဲ့ရော ဆက်သွယ်ပြီးပြီ။ တိုင်းတပ်ဖွဲ့က မြို့နယ်အတွင်းမှာ ရှိတဲ့ ရဲစခန်းတွေကို သတင်းပေးပို့ထားပြီးပြီ။ နောက်ပြီး တို့ဆီက ကိုလှဝင်းနဲ့ အဖွဲ့ကလည်း ကော့သောင်းကိုသွားပြီး ဝင်လမ်း၊ ထွက်လမ်းတွေကို ပိတ် ဆို့ထားပြီးပြီ။ ဒီတော့ ပစ်မှတ်ပြေးနိုင်စရာလမ်းကြောင်း ကျဉ်းသထက်ကျဉ်း သွားပြီ။ ငါထင်တာက ဒီမြိတ်မြို့ထဲမှာပဲ ပစ်မှတ်ရှိနေသေးတယ်။ အဲဒီ တော့ အခု တို့ဆက်လုပ်ရမယ့်အစီအစဉ်က မြို့နယ်အေးချမ်းသာယာရေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ဖြိုးရေးကောင်စီကတစ်ဆင့် ရ. ယ. က တွေဆီကို ပစ်မှတ်ရဲ့ပုံပန်းသဏ္ဍာန်ကိုပေးပို့ပြီး သတင်းရယူဖို့ဖြစ်တယ်''

''ဟုတ်ကဲ့ ... ရဲမှူးပြောတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့လည်း ရပ်ကွက်၊ ရ. ယ. က တွေနဲ့ ဆက်သွယ်ဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ ပစ်မှတ်ကတော့ ထောင့်ကျဉ်းသည့်ထက် ကျဉ်းသွားပါပြီ''

''ကောင်းပြီ ..။ ဆက်လုပ်ပါ''

ရဲအုပ်အောင်မြင့်စိုးနှင့် အဖွဲ့ဝင်တို့သည် မြို့နယ်ရဲစခန်းမှ နယ်ထိန်းများနှင့်ပူးပေါင်း၍ ရပ်ကွက်များအတွင်းသို့ ဝင်ရောက်စုံစမ်းရှာဖွေရန် နေရာမှ ထွက်ခွာသွားသည်။

✿ ✿ ✿

[ ၁၆ ]

❑

၆–၁၂–၉၈ ရက်နေ့။

ညနေ (၆) နာရီခွဲ။

မြိတ်မြို့နယ်၊ ကျောင်းငယ်ရပ်။

ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘကြွယ်သည် သူ့ထံသို့ရောက်ရှိနေသော နယ်မြေခံရဲတပ်ဖွဲ့မှ ပေးပို့သည့် အကြောင်းကြားစာကို ဘယ်နှကြိမ်မှန်းမသိ ပြန်ဖတ်နေမိသည်။ ယင်း အကြောင်းကြားစာအရ ရန်ကုန်မှ လူသတ်ပြီး ထွက်ပြေးလာခဲ့သော တရားခံ





သည် မြိတ်မြို့တွင် ရောက်ရှိနေကြောင်း၊ ထိုတရားခံ၏ အမည်၊ အသက် အရွယ်၊ ပုံသဏ္ဍာန်တို့ကို ဦးဘကြွယ်သည် အလွတ်နီးပါး ရရှိနေပေပြီ။

''ကိုဖိုးခွားရေ ... ဒီနားကို လာပါဦး''

ဥက္ကဋ္ဌဦးဘကြွယ်က ရ. ယ. က အဖွဲ့ဝင် ဦးဖိုးခွားအား အနားသို့ ခေါ်ယူလိုက်သည်။

''ဘာလဲ ဥက္ကဋ္ဌ''

''ဒီစာကို ဖတ်ကြည့်ပါဦး''

ဦးဖိုးခွားက စာကိုဖတ်ကြည့်နေစဉ် ဦးဘကြွယ်က တီးတိုးလေ သံဖြင့် ..

''ကျွန်တော်တို့ဆီကို အခု တစ်ရက်နှစ်ရက်အတွင်း ရောက်လာ တဲ့သူတွေကို စိစစ်ဖို့လိုတယ်။ ဧည့်စာရင်းလာတိုင်တဲ့သူတွေကို ကိုဖိုးခွား ကိုယ်တိုင် ဂရုစိုက်ပြီး ဧည့်စာရင်းထုတ်ပေးပါ။ 'အခုစာမှာပါတဲ့ ပုံသဏ္ဍာန် နဲ့ နာမည်မျိုးတွေ့လာခဲ့ရင် ကျွန်တော့်ကို ချက်ချင်းအကြောင်းကြားပါ''

ဟု ပြောသည်။ ဦးဖိုးခွားသည် စာကို ဦးဘကြွယ်အား ပြန်ပေးရင်း ဦးဘကြွယ်အနားသို့ တိုးကပ်လာသည်။

''ဒီနာမည်မျိုး ဧည့်စာရင်းမှာ ကျွန်တော်တွေ့မိသလိုပဲ။ အခု ချက်ချင်း ကျွန်တော်ပြန်စစ်လိုက်မယ်''

ဦးဘကြွယ်က ခေါင်းညိတ်လိုက်သည်။ ဦးဖိုးခွားသည် ရ. ယ. က ရုံးခန်း မောင်အောင်ထံ ပြန်သွားကာ ဧည့်စာရင်းကို တောင်းယူကြည့်သည်။

ထိုအချိန်တွင် ဧည့်စာရင်းလာတိုင်သူတချို့လည်း ရှိနေသည်။ ဦးဘကြွယ်သည် ဧည့်စာရင်းများကို ပြန်လည်စစ်ဆေးနေသော ဦးဖိုးခွားကို လှမ်း၍ကြည့်နေသည်။

ဦးဖိုးခွားသည် စာရင်းကို စစ်ဆေးကြည့်ရှုနေရာမှ ဆတ်ခနဲ လှုပ်ရှားလာသည်။ စာရွက်ပေါ်မှကျော်ကာ ဦးဘကြွယ်ထံသို့ လှမ်းကြည့်ပြီး ခေါင်းကို ဆတ်ခနဲညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ...

လူတစ်ယောက် ရုံးခန်းထဲသို့ ဝင်လာသည်။ သူ့လက်တွင် စာရွ တစ်ရွက်ပါသည်။ ညွှန်စာရင်း လာတိုင်ဟန်ရှိသည်။

ဦးဘကြွယ်က ထိုသူ၏ မျက်နှာနှင့် ပုံပန်းသဏ္ဌာန်ကို လှမ်းကြည့်ပြီး စိတ်လှုပ်ရှားသွားသည်။

မြို့နယ်ရဲစခန်းမှ ပေးပို့ထားသည့် အကြောင်းကြား စာပါ ပစ်မှတ် ပုံသဏ္ဌာန်နှင့် ထပ်တူညီနေသည် မဟုတ်ပါလား။

အရပ်က ငါးပေသုံးလက်မခန့်ရှိသည်။ မျက်လုံးအနည်းငယ်ပြူး ကိုယ်လုံးကိုယ်ထည်ကျစ်လျစ်သည်။ အသားမည်းမည်းနှင့် အသက် ၂၅နှ ခန့်ရှိသည်။

ဦးဘကြွယ်နည်းတူပင် ဦးဖိုးခွားကလည်း သူ့ကို သတိပြုမိလို ပုံပေါ်သည်။ ဦးဘကြွယ်ထံသို့ မျက်လုံးတစ်ချက်ဝေ့လာသည်။ ထိုသူ သူ့လက်ထဲမှ စာရွက်ကို ဦးဖိုးခွားရှေ့သို့ ချပေးရင်း ...

"ညွှန်စာရင်း ရက်ထပ်တိုးချင်လို့ပါ"

ဟု ပြောသည်။ ဦးဖိုးခွားက စာရွက်ကိုယူကာ ...

"မင်းမှတ်ပုံတင်ရော"

ဟု ပြန်ပြောသည်။ ထိုသူက အိတ်ထဲမှမှတ်ပုံတင်ကို ထုတ် ၍ ဦးဖိုးခွားကို လှမ်းပေးသည်။ ဦးဖိုးခွားက မှတ်ပုံတင်ကို ကြည့်ရ ဦးဘကြွယ်ထံသို့ တစ်ကြိမ်ထပ်မံ၍ လှမ်းကြည့်ပြန်သည်။ ဦးဘကြွယ် ဘောပေါက်လိုက်သည်။

ဦးဘကြွယ်သည် စိတ်လှုပ်ရှားမှုကိုထိန်းကာ ထိုင်ရာမှထ၍ ဦးဖိုး နှင့် ညွှန်စာရင်းလာတိုင်သူရှိရာသို့ အေးဆေးစွာ လှမ်းလာခဲ့သည်။ ဦးဘကြွ ၏လှုပ်ရှားမှုကို နားလည်လိုက်သော ဦးဖိုးခွားကလည်း ထိုင်ရာမှ မ မသာထရပ်လိုက်သည်။

"ကိုဖိုးခွား ... ညွှန်စာရင်းတိုင်သူရဲ့ မှတ်ပုံတင် ကျွန်တော့် ခဏပြပါ"





ဦးဘကြွယ်ထံသို့ ဦးဖိုးခွားက မှတ်ပုံတင်ကို လှမ်းပေးသည်။ သေချာ သည်။ အမည်မှာ မောင်မျိုးထွန်း(ခ) မျိုးထွန်းဦး။

ဦးဘကြွယ်သည် မိုက်(ခ) မျိုးထွန်း၏ လက်မောင်းကို သူ၏ သန်မာသောလက်ကြီးဖြင့် ဖမ်းကိုင်လိုက်ကာ ...

"မောင်မျိုးထွန်း ... ဦးနဲ့ ခဏလောက်လိုက်ခဲ့ပါ"

မိုက်(ခ) မျိုးထွန်း လှုပ်ရှားသွားသည်။ မျက်နှာပျက်သွားရုံမက ဦးဘကြွယ်ကိုင်ထားသော လက်မောင်းကို ရုန်းထွက်ရန် ကြိုးစားလိုက် သည်။ သို့သော် ဦးဘကြွယ်၏ချုပ်ကိုင်ထားမှုက မလွတ်။ တစ်ပြိုင်တည်း မှာပင် ဦးဖိုးခွားကလည်း မိုက်၏နောက်လက်တစ်ဖက်ကို ဖမ်းကိုင်လိုက် သည်။

"ဘာမှ ရုန်းကန်မနေပါနဲ့ကွာ။ ငါတို့က မင်းကို ဘာမှအန္တရာယ် မပေးပါဘူး။ စကားပြောဆိုပြီးရင် မင်းပြန်လို့ရမှာပါ"

ဟု ဦးဘကြွယ်က အသာအယာ ဖျောင်းဖျပြောဆိုလိုက်သည်။

မိုက် ဘာမှမပြောနိုင်။ ရုန်းထွက်လို့လည်း မရတော့။

ဦးဘကြွယ်နှင့်ဦးဖိုးခွားသည် မိုက်ကို နှစ်ယောက်ညှပ်၍ ရုံးခန်း အတွင်းမှ ခေါ်ထုတ်လာပြီး ရုံးခန်းရှေ့တွင်ရပ်ထားသော ဦးဘကြွယ်၏ ဆိုင်ကယ်ပေါ်သို့ မိုက်ကို တက်ရန် ညွှန်ပြလိုက်သည်။ ဦးဘကြွယ်က ဆိုင်ကယ်မောင်းသူနေရာ၊ ဦးဖိုးခွားက မိုက်၏အနောက်ဘက်ထိုင်ခုံတွင် နေရာယူလျက် မိုက်ကိုညှပ်၍ မသိမသာ ချုပ်ကိုင်ထားသည်။

ဦးဘကြွယ် ဆိုင်ကယ်ကို စက်နှိုးပြီး မောင်းထွက်လိုက်သည်။ ဆိုင်ကယ်၏ ဦးတည်ရာသည် အမှတ် (၄) နယ်မြေရဲကင်းသို့ ...။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၁၇]

❑

၆-၁၂-၉၈ ရက်နေ့။

ည ၇ နာရီခွဲ။ အမှတ် (၄) နယ်မြေရဲကင်း။

မိုက်သည် ထိုင်ခုံတွင် ခေါင်းငိုက်စိုက်ချလျက် ထိုင်နေသည်။ သူ့ရှေ့မှာက အမှုစစ်ရဲအရာရှိများ။

အင်းစိန်မှုခင်းရဲတပ်ဖွဲ့မှ ရဲမှူးအေးမြင့်၊ ရဲမှူးသိန်းစိုးနှင့် မြို့တော်ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ယဉ်တို့က မိုက်၏ရှေ့တွင် ဝိုင်း၍နေရာယူထားကြသည်။

"မင်းနာမည် မိုက်(ခ) မျိုးထွန်း(ခ) မျိုးထွန်းဦးနော်"

ရဲမှူးအေးမြင့်က စတင်၍ မေးလိုက်သည်။ မိုက်က ခေါင်းညိတ်ပြရင်း ဟုတ်ကဲ့ဟု ဖြေသည်။

"ငါတို့ဟာ အင်းစိန်စီအိုင်ဒီက စုံထောက်တွေပဲကွ။ မင်းပြေးတဲ့နောက်ကို တောက်လျှောက် တို့လိုက်လာခဲ့တာပဲ။ အခုတော့ မိပြီပေါ့ကွာ"

မိုက်ဆီမှ မည်သည့်တုံ့ပြန်သံမျှ မကြားရ။





မိုက်၏အမှုအရာကို လုံးဝအလဲစ်မပေးဘဲ အမှုစစ်များက စောင့်ကြည့်နေသည်။ မိုက်က တကယ့် ရာဇဝင်လူဆိုးကြီး တစ်ယောက်ပမာ အည်ငြိမ်မှုရစေရန် ကြိုးစားနေမှန်း သိသာနေ၏။

"ကဲ ... တို့တွေလည်း မင်းနောက်ကိုလိုက်ရတာ ပင်ပန်းလှပြီ။ မင်းလည်း ပြေးရတာ မောလှရောပေါ့။ ယောက်ျားအချင်းချင်း လိုရင်းကိုရှင်းပဲ ပြောမယ်ကွာ။ မင်း ... ရန်ကုန်မှာ ကျူးလွန်ခဲ့ဟာမှန်သမျှ တို့အားလုံးသိပြီးပြီ။ မင်းဝန်ခံမယ်မဟုတ်လား"

"ဗျာ ... ကျွန်တော်ဘာလုပ်လို့ ဘာကိုဝန်ခံရမှာလဲ။ ကျွန်တော် .. ကျွန်တော် ... ဘာမှ မဟုတ်တာ မလုပ်ပါဘူးဗျာ"

"ဟုတ်လား ... ဒါဆို မင်းက လူရိုးလူကောင်းလေးပေါ့လေ။ ဟား ... ဟား ... ဟား ..."

မပြုံးဘဲနှင့် ဝါးလုံးကွဲရယ်ချလိုက်သည့် အမှုစစ်၏ ရယ်မောသံကြီးကြောင့် မိုက်တုန်လှုပ်ချောက်ချားစ ပြုလာသည်။ အမှုစစ်က လေသံကို အမင်မာအောင် ပြင်လိုက်သည်။

"ဒါကတော့ မင်းငါ့ကို စိန်ခေါ်တာတာပဲကွ။ ကောင်းပြီလေ။ ငါကလည်း အဲဒီလိုလူမျိုးကိုမှ သဘောကျတာ။ ကဲ ... မင်းနဲ့ငါ မေးခွန်းလေးတွေ အမေးအဖြေ လုပ်ကြရအောင်။ ဟုတ်ရင် ဟုတ်တယ်ပေါ့။ မဟုတ်ရင်လည်း မဟုတ်ဘူးဆိုတာ အထောက်အထားပြပြီး ငြင်းပေါ့။ ဟုတ်လား ..."

မိုက်က လေးပင်စွာခေါင်းညိတ်လိုက်သည်။ နှုတ်ကမူ အသံထွက်သော ...။

"မင်း .. ရန်ကုန်၊သင်္ဃန်းကျွန်း (က)ရပ်ကွက်မှာ နေတယ်နော်"

မိုက် ထပ်မံခေါင်းညိတ်သည်။ ရဲအရာရှိကိုမူ မော့၍မကြည့်။

"ဒါဆိုရင်ကွာ ...။ ငါမေးတာ မင်းဖြေစမ်းပါဦး။ မင်း ... မြို့နယ် (၁၀)ရပ်ကွက်က .... အိမ်ရာမှာ လျှပ်စစ်အလုပ်သမားအဖြစ်နဲ့ အလုပ် လုပ်နေတာကော ဟုတ်သလား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အလုပ်သမားအဖွဲ့က (၆)ယောက်မဟုတ်လား။ သူတို့အထဲက ထူးထူးနဲ့ တိုးဝင်းအောင်တို့ကို ငါတို့မေးခဲ့ပြီးပြီ။ ၃၀-၁၁-၉၈ ရက်နေ့က မင်း . . အလုပ်က စောပြီးပြန်သွားခဲ့တယ်။ အလုပ်ကမပြန်ခင်နေ့လယ် (၂)နာရီလောက်မှာ မင်း အပြင်ထွက်သွားတယ်။ (၃)နာရီလောက်မှာ ပြန်ရောက်လာတယ်တဲ့။ အဲဒါရော ဟုတ်သလား"

"ဟုတ်ပါတယ်"

"မင်း ဘယ်သွားတာလဲ"

အမှုစစ်၏မေးခွန်းက အချက်ကို တိုက်ရိုက်ထိသွားပုံရသည်။

ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိဘဲ မိုက် တခဏငြိမ်နေသည်။ ပြီးမှ . . .

"ကွမ်းသွားဝယ်တာပါ"

"ကွမ်းဝယ်တာ တစ်နာရီမကြာနိုင်ဘူးလို့ တို့သိတယ်။ ပြီးတော့ မင်းပြန်လာတဲ့အခါ ပုဆိုးမှာ ရေတွေစိုနေတယ်။ ပုဆိုးကိုလည်း လိပ်ပြီး တင်ထားတယ်။ အဲဒါက ဘာဖြစ်လို့လဲ"

မိုက်ထံမှ ရုတ်တရက် အဖြေထွက်မလာပြန်။

"ကဲပါကွာ . . .။ ဝေ့ဝိုက်ပြီးတော့လည်း လိမ်ညာရှောင်လွှဲဖို့ မကြိုးစားပါနဲ့တော့။ ငါတို့မှာ တိကျတဲ့ သက်သေအထောက်အထားတွေ အများကြီး ရထားပြီးပြီ။ မင်း . . . အဲဒီနေ့ကဝတ်တဲ့ ပုဆိုးကို ငါတို့သိမ်းဆည်းပြီး ဓာတုဗေဒဝန်ရဲ့ ထင်မြင်ချက်ကို တောင်းကြည့်တဲ့အခါ သုတ်ပိုးတွေ တွေ့ကြောင်း ပြန်ကြားချက် ရရှိထားပြီးဖြစ်တယ်။ နောက်ပြီး မင်းရဲ့ပုဆိုး အပါအဝင် အခြားပုဆိုး (၁၁) ထည်ကို တရားသူကြီးရဲ့ရှေ့မှာ မင်းရဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ ထူးထူးနဲ့ တိုးဝင်းအောင်တို့ကိုပြပြီး ရွေးချယ်ခိုင်းတဲ့အခါမှာ သူတို့နှစ်ဦးစလုံးက အဲဒီနေ့က မင်းဝတ်တဲ့ပုဆိုးကို မှန်ကန်စွာ ရွေးချယ်ပြသနိုင်ခဲ့တယ်။ ဒီတော့ကွာ . . . အဲဒီနေ့က အမှိုက်ပစ်ပေါက်ကနေ မင်းဝင်ပြီး ပြစ်မှုကျူးလွန်ခဲ့တယ်ဆိုတာကို တို့က အခိုင်အမာသိရှိထားပြီး ဖြစ်နေပြီ။ ကဲ . . . မင်းငြင်းဦးမလား"





မိုက်ထံမှ အသံထွက်မလာဘဲ ခေါင်းပို၍ ငုံ့သွားသည်။ အမှုစစ်ရဲအရာရှိများ မိုက်၏အမူအရာကို စိတ်ဝင်စားစွာ စောင့်ကြည့်နေကြသည်။ သူဘာများ ဉာဏ်နီဉာဏ်နက်တွေ ထုတ်ဦးမှာလဲ။

"ကျွန်တော် . . . ကျွန်တော် . . ."

မိုက်ထံမှ ပထမဆုံး ထွက်လာသောစကား . . .။

ရဲမှူးအေးမြင့်နှင့် မှုခင်းရဲတပ်ဖွဲ့မှ ရဲအရာရှိများ၊ မြို့ကတ်ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ယဉ်တို့ မျက်နှာတွင် အပြုံးရိပ်များ ပေါ်ထွက်လာသည်။

တရားခံသည် အမှုစစ်ကို အရှုံးပေးသွားပြီဖြစ်ကြောင်း နားလည်လိုက်ကြသည်။

"ကဲ . . . မင်းဝန်ခံတော့မလား"

"ဟုတ် . . . ဟုတ်ကဲ့"

"ကျွန်တော် ၃၀-၁၁-၉၈ ရက်နေ့က အလုပ်ခန်းကနေ ထွက်လာတော့ အဲဒီပထမထပ်က အခန်းဟာ ပိတ်ထားတာကို တွေ့ရတယ်။ ဒါကြောင့် ပစ္စည်းခိုးဖို့ ရည်ရွယ်ချက်နဲ့ အမှိုက်စွန့်ပစ်ပေါက်ကနေ ဝင်ခဲ့တာပါ။ တံခါးက သော့က အဆင်သင့်ရှိနေတော့ အလွယ်တကူ ဝင်နိုင်ခဲ့ပါတယ်။ အိပ်ခန်းထဲကို ပစ္စည်းခိုးဖို့ ဝင်တဲ့အခါမှာ အိပ်ပျော်နေတဲ့ ကောင်မလေးကို တွေ့ရပါတယ်။ ကောင်မလေးအိပ်နေတာက ဖရိုဖရဲ၊ မလုံမလဲဆိုတော့ ကျွန်တော့်စိတ်ကို မထိန်းနိုင်ဘဲ အဓမ္မကျူးလွန်မိပါတယ်။ ကောင်မလေးက ကျွန်တော့်ကို သိနေတာဖြစ်တဲ့အတွက် သူ့ကို ဒီအတိုင်းထားခဲ့ရင် ကျွန်တော်အန္တရာယ်ရှိမှာပဲလို့ တွက်ပြီး သူ့ကို လည်ပင်းညှစ်သတ်ဖို့ ကြိုးစားပါတယ်။ ကောင်မလေးက အော်ရင်းဟစ်ရင်း ကုတ်ခြစ်ရင်းနဲ့ သတိလစ်သွားပါတယ်။ အဲဒါနဲ့ သူ့ကို ရေချိုးခန်းထဲက ရာဘာရေပိုက်ကြိုးနဲ့ တုပ်ပြီးထားခဲ့ရင် ကောင်းမလား၊ သတ်ပစ်ရကောင်းမလား စဉ်းစားပါသေးတယ်။ ဒါပေမဲ့ ကိစ္စပြတ်အောင် ရှင်းပစ်တာက ကောင်းမယ်ဆိုပြီး သူ့ကို ရေချိုးခန်းထဲက ကြွေဇလားထဲကို ယူသွားပြီး ရေထဲမှာ နှစ်လိုက်ပါတယ်။ သူမလှုပ်ရှားနိုင်တော့ဘဲ သေပြီထင်မှ ထားခဲ့ပြီး အိပ်ခန်းထဲမှာ ပစ္စည်းတွေရှာ၊ တွေ့တာတွေကို သိမ်းကျုံးယူပြီး အမှိုက်ပစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကနေ ပြန်ထွက်ခဲ့ပါတယ်။ ပစ္စည်းတွေကို အမှိုက်ထုပ်တွေ အောက်မှာ ခထာဝှက်ပြီး အလုပ်ကို ပြန်သွားပါတယ်။ ကောင်မလေးကို ရေနစ်သတ်စဉ်က ရေလျှံပြီး ကျွန်တော့်ပုဆိုးတွေ ရေစိုကုန်လို့ ပုဆိုးကို လိပ်တင်ထားရပါတယ်။ မဟုတ်တာလုပ်ထားမိတဲ့လူပီပီ အလုပ်ထဲမှာ ဆက်ပြီးမနေရဲတော့လို့ အဲဒီနေ့က အလုပ်ဆက်မလုပ်ဘဲ ပြန်တော့မယ်လို့ သူငယ်ချင်းတွေကိုပြောပြီး ဝှက်ထားတဲ့ပစ္စည်းတွေကိုယူပြီး ပြန်ခဲ့ပါတယ်''

မိုက်သည် ပြောရသည်ကို မောသွားဟန်ဖြင့် ခထာနားသည်။ ပြီးမှ ...

''ကျွန်တော်အိမ်ရောက်တော့ အလုပ်ထဲမှာ ရန်ဖြစ်လို့ လူတစ်ယောက်ကို ရိုက်ခဲ့တာ လက်လွန်သွားတယ်။ ဒါကြောင့် ရှောင်နေမှဖြစ်မယ်လို့ ဇနီးဖြစ်တဲ့ နီနီဝင်းကို ပြောခဲ့ပါတယ်။ ဆေးကုဖို့ရောက်နေတဲ့ ဖခင်ဖြစ်သူ ဦးလှတင်နဲ့ ယောက္ခမဒေါ်ခင်ဝင်း၊ အစ်မဒေါ်သီတာမြင့်တို့ကိုလည်း ပြောခဲ့ပါတယ်။ အဲဒီနောက်မှာတော့ နီနီဝင်းနဲ့ ဦးလှတင်ကိုခေါ်ပြီး မော်လမြိုင်ကို တိမ်းရှောင်ခဲ့တာပါ။ မော်လမြိုင်မှာနေရတာက မလုံခြုံဘူးထင်လို့ အဲဒီကနေ ရေး၊ ရေးကနေ မြိတ်ကို ရောက်လာခဲ့ခြင်းဖြစ်ပါတယ်''

''ဒါဖြင့် မင်းယူသွားတဲ့ ပစ္စည်းတွေရော''

''အဖေ့ကို ငွေသုံးထောင်ပေးခဲ့ပါတယ်။ မော်လမြိုင်မှာ မလုံးက ငွေတချို့နဲ့ အဝတ်အထည်တွေကို ကျွန်တော့်အတွက် ဝယ်ပေးပါတယ်။ အခု ကျွန်တော့်ဆီမှာရှိနေတဲ့ ပစ္စည်းတွေကို အပ်ပါမယ်''

ထိုညက မိုက်(ခ) မျိုးထွန်း၏ဇနီး မနီနီဝင်းကိုပါ ဖမ်းဆီးရမိခဲ့သည်။ ပြစ်မှုကျူးလွန်ရာမှ ရရှိခဲ့သော ငွေများနှင့် ရွှေထည်ပစ္စည်းလေးမျိုး၊ ငွေသားသုံးသောင်းတစ်ထောင်နှင့် အဝတ်အထည် အသုံးအဆောင်များကိုလည်း သိမ်းဆည်းရရှိခဲ့သည်။

✿ ✿ ✿

[ ၁၈ ]

❑

၇–၁၂–၉၈ ရက်နေ့။

မြိတ်မြို့။

''ဌာနခွဲမှူးခင်ဗျာ ...။ ကျွန်တော်တို့ ပစ်မှတ်ရပါပြီ။ သူ့ခန္ဓာကိုယ်မှာ ကုတ်ခြစ်ရာတွေကို တွေ့ရပြီး အဲဒီကုတ်ခြစ်ရာတွေဟာ လက်သည်းနဲ့ ကုတ်ခြစ်ရာမှ ရခဲ့တဲ့ဒဏ်ရာတွေ ဟုတ်၊ မဟုတ် မြိုက်ခရိုင် ပြည်သူ့ဆေးရုံကြီးကို တင်ပို့စစ်ဆေးခဲ့တဲ့အခါ သူ့ရဲ့ဒဏ်ရာအစင်းကြောင်းဟာ လက်သည်းနဲ့ကုတ်ခြစ်တဲ့ ဒဏ်ရာတွေဖြစ်ကြောင်း ပြန်ကြားချက်ရရှိခဲ့ပါတယ်။ တရားခံ မိုက်ကို ဖမ်းဆီးခေါ်ဆောင်လာဖို့ နိုးသွားရီမန်လည်း ထောင်းခံထားပါတယ်''

ရဲမှူးအေးမြင့်က မှုခင်းစစ်ဆေးရေးဌာနခွဲမှူး ရဲမှူးငြိမ်းဟန်ထံ သတင်းပေးပို့သည်။

''ဝမ်းသာစရာပဲဗျို့။ ကျွန်တော်တို့ဆီမှာလည်း သက်သေနှစ်ဦးဖြစ်တဲ့ ဦးသုန်နဲ့ တိုးဝင်းအောင်တို့က သူတို့ရဲ့သဘောတူညီချက်အရ အင်းစိန်နယ်တရားရုံးမှာ ကြိုတင်ထွက်ဆိုချက်တွေ ပေးခဲ့တယ်၊ အချင်းဖြစ်တဲ့နေ့



www.burmeseclassic.com

www.burmeseclassic.com



က တရားခံဟာ ၂နာရီမှ ၃နာရီအတွင်း လုပ်ငန်းခွင်မှ ပျောက်နေကြောင်း သူ့ရဲ့ပုဆိုး ရေစိုနေပြီး ပုဆိုးကိုလိပ်တင်ပြီး ပြန်တက်လာကြောင်း၊ အလုပ်ကနေ ချက်ချင်းပြန်သွားကြောင်း ထွက်ဆိုချက်ပေးခဲ့ကြတယ်။

ပြီးတော့ မြတ်နိုးဝေရဲ့လက်သည်းနဲ့ ကုတ်ခြစ်ဒဏ်ရာများနဲ့ မြတ်နိုးဝေရဲ့ လက်သည်းတွေထဲက ရရှိလာတဲ့ လူ့အရေပြားစနဲ့ အသားစတွေကို ရုပ်ပဗေဒစစ်ဆေးချက်တွေ လုပ်ရမယ်။ အားလုံး အောင်မြင်ပါပြီဗျာ''

✿ ✿ ✿

[ ၁၉ ]

❑

ဤကိုလေသာဘီလူးကို ဖမ်းဆီးရာ၌ ကျူးလွန်သူ မိုက်(ခ) မျိုးထွန်းသည် တစ်ဦးတည်းပုန်းလျှိုးကျူးလွန်ခဲ့ခြင်းဖြစ်၍ မျက်မြင်သက်သေမရှိသို့ရာတွင် အမှုစစ်အဖွဲ့သည် မှုခင်းဆိုင်ရာဆေးပညာ၏ အကူအညီဖြင့် ၎င်း၏ ခန္ဓာကိုယ်ပေါ်ရှိ ကုတ်ခြစ်ရာများကို စစ်ဆေး၍ တရားခံ ဖြစ်မှု ကျူးလွန်ကြောင်းကို ခိုင်မာစွာ ဖော်ထုတ်နိုင်ခဲ့သည်။

တရားခံကလည်း ဖြစ်မှုကျူးလွန်ကြောင်း ဝန်ခံပြီး ဖြောင့်ချက်ပေးခဲ့သဖြင့် တရားခံ မိုက်(ခ) မျိုးထွန်း(ခ) မျိုးထွန်းဦးအား တရားရုံးက ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂အရ အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်၊ မုဒိမ်းမှုကျူးလွန်စဉ် လူသတ်မှုပါ ကျူးလွန်ခဲ့သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ဂ) အရ သေဒဏ်ချမှတ်ခဲ့သည်။





တရားခံကို လိုက်လံဖမ်းဆီးရာ၌ တရားခံ ထွက်ပြေးလွတ်မြောက်စေရန် အားပေးပြီး ရဲတပ်ဖွဲ့အား သတင်းပေးရန် ပျက်ကွက်ခဲ့သူများ ဖြစ်သည့် တရားခံ၏ဖခင် ဦးလှတင်၊ ယောက္ခမ ဒေါ်ခင်ဝင်း၊ အစ်မ မသီတာမြင့်၊ လင်ငယ်နှင့် မလုံး၏ခင်ပွန်းဖြစ်သူ ဟန်သိန်းတို့ (၅)ဦးအားလည်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၂ အရ အလုပ်နှင့်ထောင်ဒဏ် (၆) လစီနှင့် ဒဏ်ငွေငါးသောင်းကျပ်စီ ချမှတ်ခဲ့သည်။

''အင်း ...တစ်ပတ်အတွင်းမှာ မျက်မြင်သက်သေမရှိတဲ့ အမှုနှစ်ခုကို ကျွန်တော်တို့ နေ့မအားညမအား စဉ်ဆက်မပြတ် လိုက်လံစုံစမ်း ထောက်လှမ်းဖော်ထုတ်ခဲ့ရာ အခုတော့လည်း ပင်ပန်းရကျိုးနပ်ခဲ့ပြီပေါ့ဗျာ''

ဟု ဌာနခွဲမှူးငြိမ်းဟန်က စိတ်အေးသက်သာ ရှိသွားဟန်ဖြင့် ပြောသည်။ အမှုကို နေ့ညမပြတ် လူအား၊ ဦးနှောက်အားတို့ဖြင့် ကြိုးပမ်းခဲ့ကြသည့် ရဲအရာရှိများနှင့် တပ်ဖွဲ့ဝင်များသည်လည်း ပြုံးပြုံးရွှင်ရွှင် ရှိနေကြသည်။ ဌာနခွဲမှူးက သူ့လူများအား ပြုံးကြည့်လိုက်သည်။

''ဒီအမှုမှာတော့ ထူးခြားချက် နှစ်ချက်ရှိတယ်ဗျာ။ တစ်အချက်က ဒီအမှုအလင်းရောက်ရခြင်း အကြောင်းတရားဟာ ထူးခြားတယ်။ တရားခံ ဖြစ်မှုကျူးလွန်ခဲ့တာကို မျက်မြင်သက်သေမရှိဘူး။ ဒါပေမဲ့ ရရှိတဲ့ သက်သေခံပစ္စည်းတွေနဲ့ အားပြုစစ်ဆေးဖော်ထုတ်နိုင်ခဲ့တာက မှုခင်းဆိုင်ရာ ဆေးပညာကြောင့် ဖြစ်တယ်ဆိုတဲ့ အချက်ပဲ''

''ဟုတ်ကဲ့''

''နှစ်အချက်ကတော့ ပိုပြီးထူးခြားတဲ့ အချက်ဖြစ်တယ်။ မှတ်တမ်းလည်း တင်ရမှာဖြစ်တယ်။ တရားခံကို ဖမ်းပေးခဲ့တာ ကျောင်းသင်ရုပ် ရ ၊ ယ ၊ ကဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တို့ဖြစ်တယ်။ ဒီလို ပြည်သူတွေက တပ်ဖွဲ့နဲ့ပူးပေါင်းပြီး တရားခံကို ဖမ်းဆီးပေးခဲ့တာဟာ ကျွန်တော်တို့ရဲ့ ညွှန်ကြားချက်ဖြစ်တဲ့ ရဲနဲ့ပြည်သူ ကြည်ဖြူစွာ လက်တွဲခြင်းရဲ့ အကျိုးကျေးဇူးပေါ့''



www.burmeseclassic.com

www.burmeseclassic.com




"မှန်တာပေါ့ဗျာ။ ကျွန်တော်တို့လည်း အခုမှပဲ အိမ်ပြန်ပြီး အနားယူရတော့မယ်။ ဟဲ ... ဟဲ ..."

"ဟာ. . အိမ်ပြန်လို့ မဖြစ်သေးဘူးဗျ။ ဒီမှာ ခင်ဗျားတို့ဆက်ပြီး ဖော်ထုတ်ရမယ့် အမှုတစ်ခုရောက်နေပြန်ပြီ။ ဖြစ်စဉ်က ဒီလိုဗျာ. ."

( ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်း၊ အမှတ်-၁၂၊ ဇွန်လ၊ ၂၀၀၃ ခုနှစ်)

သီဟထိပ်တင်စော



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ရွှေမိုးမှာ မွေးကတည်းက လည်ပင်းတွင် အမာရွတ်နှစ်ခု ပါရှိလာ ခဲ့သည်။ အမာရွတ်နှစ်ခုမှာ ထူးခြားလှပြီး လည်ပင်း၏ ညာဘက်အခြမ်း ရှိ အမာရွတ်ကြီးမှာ ကြီးမားလျက် လည်ပင်း၏ ဘယ်ဘက်အခြမ်းတွင် သော အမာရွတ်မှာ အနည်းငယ် သေးငယ်လေသည်။

အမာရွတ်နှစ်ခုမှာ ဤဘက်မှနေ၍ ဟိုဘက်ကို ဖြောင့်တန်း တည်ရှိနေသဖြင့်လည်း ထူးခြားလှသည်ဟု ဆိုနိုင်ပေသည်။

ထိုအမာရွတ်နှစ်ခုမှာ ရွှေမိုး သုံးလေးနှစ်သား အရွယ်လော ရောက်သည်အထိ နီမြန်းမြန်းဖြစ်နေခဲ့ပြီး ငါးနှစ်သားအရွယ်လောက်ရော မှ တဖြည်းဖြည်း အညိုရောင်သမ်းသွားခဲ့သည်။

ရွှေမိုး၏မိဘများမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသူများဖြစ် အိမ်တွင် လယ်ယာလုပ်ငန်းလုပ်ကိုင်ရန်အတွက် ကျွဲနွားများမွေးမြူထာ လေသည်။ ရွှေမိုး၏အထက်တွင် အစ်ကိုနှင့်အစ်မ စုစုပေါင်း (၄)ယော ရှိရာ ရွှေမိုးမှာ ငါးယောက်မြောက်ဖြစ်သည်။





ရွှေမိုး ခုနစ်နှစ်သားအရွယ်လောက်တွင် စကားကို ရေလည်စွာ ပြောဆိုတတ်လာသည်။

စကားပြောတတ်လာသော ရွှေမိုးက ခြံထဲမှ ကျွဲနွားများကိုကြည့် ပြီး သူ့ဖခင်အား ...

"ဖေကြီး ... ဖေကြီးမွေးထားတဲ့ ကျွဲတွေထဲက ဘယ်ကျွဲကဆိုး သလဲ၊ ပြော ... ဖေကြီး"

ဟု မေးလေရာ ဖခင်ဖြစ်သူ ဦးသာမောင်က ...

"ဘာဖြစ်လို့လဲ ... သားရဲ့"

ဟု ပြန်မေးလိုက်သည်။ ထိုအခါ ရွှေမိုးကလေးက ...

"ကျွဲတွေဆိုးရင် သားလက်ထဲကိုအပ်၊ သား ဆုံးမပေးပါ့မယ်"

ဟုပြောရာ ဦးသာမောင်မှာ အံ့အားသင့်၍ သွားသည်။ ထို့ကြောင့် ဦးသာမောင်က ...

"ကျွဲတွေဆိုးရင် သားက ဆုံးမပေးမယ် ... ဟုတ်လား၊ သားက ကျွဲတွေကို ဘယ်လိုဆုံးမမှာလဲ"

ဟု မေးလိုက်ရာ ရွှေမိုးကလေးက ...

"သားက ဆိုးတဲ့ကျွဲတွေကို ချိုနဲ့ ခတ်ပစ်လိုက်မယ်။ သားကို ကြောက်တဲ့ကျွဲဆိုတာ မရှိဘူး။ သားကို ကျွဲတိုင်းကြောက်ကြတယ်။ သား က ကျွဲတိုင်းကို နိုင်တယ်"

ဟု ပြောလေသည်။ ဦးသာမောင်မှာ သားစကားကြောင့် အံ့သြမိ ပြန်လေသည်။ ထိုအခါ ဦးသာမောင်က ....

"သားက ကျွဲတွေကို ချိုနဲ့ခတ်ပစ်ရအောင် သားမှာ ချိုပါလို့ လား"

ဟု မေးလေသောအခါ ရွှေမိုးကလေးက ...

"အခု ချိုမပါပေမယ့် ဟိုတုန်းက ပါတယ်"

ဟု ခပ်တိုးတိုးသာပြောလေ၏။ ဖခင်ဖြစ်သူ ဦးသာမောင်က ...

"ဟိုတုန်းကပါတယ်ဆိုတာ ဘယ်လိုပါတာလဲ ... သားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်ရာ ရွှေမိုးကလေးက ...

"ဟိုတုန်းကပါတယ်ဆိုတာ ကျွဲတွေမှာပါသလိုပေါ့ ...ဖေကြီးရာ။ ကျွဲတွေမှာ-ချိုတွေ ဘယ်လိုပါသလဲ၊ အဲဒီလိုမျိုးပါတာပေါ့"

ဟုပြောသည်။ ထိုအခါ ဦးသာမောင်က ...

"ဒါဆိုရင် သားက ဟိုတုန်းက ကျွဲလား"

ဟု မေးလိုက်ရာ ရွှေမိုးကလေးက ...

"ဒီအကြောင်းတွေ မပြောချင်တော့ဘူး၊ စိတ်နာတယ်"

ဟု ခပ်တိုတို ပြန်ပြောလေသည်။

ရွှေမိုး၏အစ်ကိုဖြစ်သူ အောင်တိုးက ကျွဲကျောင်းနွားကျောင်းထွက်လျှင် ရွှေမိုးကပါ ကျွဲကျောင်းနွားကျောင်း လိုက်တတ်လေ့ရှိသည်။ ထိုအခါတွင် ရွှေမိုးမှာ အသက် (၇)နှစ်ကျော်ခန့် ရှိနေလေပြီ။

ရွှေမိုး ကျွဲကျောင်းထွက်ရာတွင် ကျွဲတစ်ကောင်၏ ကျောပေါ်ခွစီးကာ လိုက်ပါသွားတတ်လေ့ရှိသည်။ မှန်သည်။ ရွှေမိုးပြောသလိုပင် ကျွဲများမှာ ရွှေမိုးဆိုလျှင် အင်မတန်ကြောက်ကြသည်။

ရွှေမိုး တစ်ချက်ဟောက်လိုက်လျှင် ဘယ်လောက်ဆိုးသောကျွဲပင်ဖြစ်စေ ငြိမ်ကုပ်သွားတတ်လေ့ရှိသည်။ ရွှေမိုးကလေးက ကျွဲတွေကို ဘာကြောင့် ဒီလောက်တောင် နိုင်ရပါလိမ့်။ ရွှေမိုးတို့တစ်အိမ်သားလုံး ရွှေမိုးကို ကြည့်ပြီး အံ့သြနေကြသည်။

ရွှေမိုးပုံစံကလည်း ကြည့်ဦး။ အရွယ်နှင့်မလိုက်အောင် ထွားကျိုင်းသန်မာလှသည်။ အသားအရေကလည်း မည်းမည်းကြီး တောက်ပြောင်သည်။ ထွားကျိုင်းသန်မာသလို သွက်လက်ဖျတ်လတ်သည်။ အားကောင်းမောင်းသန် ပုံစံမျိုးဖြစ်သည်။

ဘယ်သူမှ ထိန်း၍မရသော ကျွဲမျိုးကိုပင် (၁၀)နှစ်သားအရွယ်မျှရှိသော ရွှေမိုးက ထိန်းချုပ်နိုင်စွမ်းရှိသည်။ အလွန်ဆိုးသွမ်းသောကျွဲမျိုး ဆိုလျှင်တော့ ရွှေမိုးက လောက်လေးခွနှင့် အဆစ်ပိတ် ဝါးရင်းတုတ်ကို ကိုင်ကာ ဆုံးမတတ်သည်။





ဆိုးသွမ်းရမ်းကားနေသော ကျွဲဆိုး၏ဦးချိုကို သူက သစ်ပင်ထက်မှနေ၍ လောက်ဆွဲခွစာဖြင့် အားကုန်ဆွဲကာ လှမ်းပစ်တတ်သည်။ အားကောင်းမောင်းသန်ဖြင့် ပစ်ခတ်လိုက်သော လောက်စာလုံးမှာ ကျွဲချိုကြီးကို 'ဒေါင်ခနဲ' နေအောင် ထိမှန်သွားပါက ကျွဲဆိုးမှာ ဦးခေါင်းတစ်ခုလုံးကို ကျဉ်စက်နှင့်အတို့ ခံလိုက်ရသကဲ့သို့ ကျဉ်တက်သွားတတ်သည်။

အရမ်းဆိုးသော ကျွဲဆိုးဆိုလျှင်တော့ ရွှေမိုးက ဝါးဆစ်ပိတ်ဝါးရင်းတုတ်ဖြင့် ဦးချိုကို အဝေးမှ လှမ်းပစ်တတ်သည်။ ဦးချိုကိုဝါးဆစ်ပိတ်ဖြင့် အထိမှန်ခံလိုက်ရသော ကျွဲဆိုးမှာ မျက်လုံးများ ပြာဝေလျှက် လည်ထွက်သွားကာ ဖင်ထိုင်၍ပင် လဲကျသွားတတ်သည်။ ရွှေမိုးက လူသာငယ်သော်လည်း လက်သံက ပြောင်မှပြောင်။

ထိုထက်ပို၍ အံ့သြစရာကောင်းသည်မှာ ရွှေမိုးတို့ သပြေပင်ရွာ တစ်ရွာလုံးရှိ ကျွဲများက ရွှေမိုးကို ကြောက်ကြခြင်းပင်ဖြစ်သည်။

"ရွှေမိုးဟေ့ ..."

ဟု ဆိုလိုက်လျှင် ကျွဲများအားလုံးမှာ အမြီးကုပ်၊ ချိုကုပ်ဖြစ်သွားကြသည်။ တစ်ခါက ရွာတောင်ပိုင်းရှိ ချက်ကြီး၏ ကျွဲနှစ်ကောင်မှာ ထမ်းပိုးထမ်းခိုင်းရာ ကောင်းကောင်းမထမ်းဘဲ ပေကပ်ကပ်လုပ်နေသည်။ ထို့ကြောင့် ချက်ကြီးက ရွှေမိုးကို သွားရောက်ခေါ်ဆောင်ရာ ရွှေမိုးကချက်ချင်းလိုက်လာပြီး ကျွဲနှစ်ကောင်ကို စိုက်ကြည့်လိုက်သည်။ ပြီးမှ ...

"ဟင်း ...ဒီနှစ်ကောင် သေချင်ပြီထင်တယ်။ ကောင်းကောင်း ထမ်းပိုး မထမ်းချင်ဘူးလား"

ဟု ငေါက်ငမ်းလိုက်ကာ ကျွဲလိုနှာမှုတ်သံတရှူးရှူး မြည်သံပြုလိုက်ရာ စောစောက ပေကပ်ကပ်လုပ်နေကြသော ကျွဲနှစ်ကောင်မှာ ချက်ချင်းပင် နေရာမှ ရွေ့လျားကာ ထမ်းပိုးကိုကောင်းကောင်း ထမ်းပြလေသည်။

ချက်ကြီးမှာ ရွှေမိုးကိုကြည့်ပြီး အံ့သြနေသည်၊ ရွှေမိုးငေါက်ငမ်းလိုက်၍ သူ့ကျွဲနှစ်ကောင် ထမ်းပိုးကောင်းကောင်း ထမ်းသွားသည့်ထက် ရွှေမိုး၏ ကျွဲတစ်ကောင်နှယ် နှာမှုတ်လိုက်သံကို ချက်ကြီးက ပို၍ အံ့သြနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ကြီး အံ့ဩမည်ဆိုလျှင်လည်း အံ့ဩစရာပါပေ။ ရွှေမိုး၏ နှာ မှုတ်လိုက်သံက တကယ့်ကျွဲကြီးတစ်ကောင် ဒေါသဖြင့် ရှူးရှူးရှဲရှဲဖြစ်က နှာမှုတ်လိုက်သံမျိုး ဖြစ်နေသည်။

မကြာမီ ထိုသတင်းမှာ သပြေပင်ရွာကြီးအတွင်း ချက်ချင်းပင် ပျံ့ လွင့်သွားသည်။

ရွှေမိုးက ကျွဲကြီးတစ်ကောင်လို နှာမှုတ်တတ်သလို ကျွဲတွေအား လုံးကလည်း ရွှေမိုးဟေ့ဆိုရင် အသံကြားရုံနဲ့တင် ကြောက်ကြသည်။

ရွှေမိုးကား ကျွဲကျောင်း၊ နွားကျောင်းနေရလျှင် ပျော်နေတော့သည်။ မကြာခဏပင် ရွာအနောက်ဘက်ရှိ ရေအိုင်ကြီးထဲတွင် ကျွဲများ ရေစိမ်သကဲ့ သို့ သူလည်း ရေစိမ်နေတတ်လေ့ရှိသည်။

ထိုကဲ့သို့ ရွံ့ထဲတွင် ကျွဲများနှင့်အတူ ရောနှောကာ ရေစိမ်နေလေ့ ရှိသော ရွှေမိုးကို အဝေးမှမြင်ရလျှင် တကယ့်ကျွဲပေါက်ကလေးတစ်ကောင် နှယ်ပင် ထင်ရလေသည်။ နောက်တော့ ရွှေမိုး၏အစ်ကိုဖြစ်သူမှာ ရွှေမိုးတစ် ယောက်တည်းကိုသာ ကျွဲကျောင်း၊ နွားကျောင်းခိုင်းလေတော့သည်။ သူက တော့ ကျွဲမကျောင်းတော့ပေ။

တစ်နေ့ ညနေစောင်းအချိန် ...

"ဟိုဘက်ရွာက ကျွဲသိုးကြီးတစ်ကောင် လွတ်လာလို့တဲ့ဟေ့။ တို့ ရွာထဲကို ဝင်လာနေပြီ။ သတိနဲ့ရှောင်ကြ တိမ်းကြဟေ့"

ရုတ်ရုတ်သဲသဲ အသံများနှင့်အတူ ပြေးကြလွှားကြအသံများနှင့် ဆူညံသွားသည်။ ဖြစ်ချင်တော့ ထိုအချိန်တွင် ရွှေမိုးကလည်း သူ၏ကျွဲနွား များကို လွှတ်ကျောင်းထားရာမှ သိမ်းပြီးပြန်အလာ ရွာထိပ်တွင်တစ်ဖက်ရွာမှ လွတ်လာသော ကျွဲသိုးကြီးနှင့် ရင်ဆိုင်တွေ့မိလေတော့သည်။

ကျွဲသိုးကြီးမှာ ဆင်ပေါက်တစ်ကောင်နီးပါး ကြီးမားလှပြီး တရှူးရှူး နှာမှုတ်သံကြီးနှင့် ဒေါသထွက်လျက် မြင်မြင်ရာကို ခတ်ရန်ကြိုးစားနေ သည်။

ကြမ်းရမ်းသော ကျွဲသိုးကြီးကို မြင်သည်နှင့် ရွှေမိုး၏ကျွဲများနှင့် နွားများမှာ ရုတ်တရက်လန့်ကာ ငြိမ်ကုပ်သွားကြသည်။





ကျွဲသိုးကြီးက မည်းမည်းမြင်ရာ ဓွေ့သတ်ပစ်မည့်နှယ် တရကြမ်း ပြေးလာနေသည်။ ကျွဲသိုးကြီး၏လည်ပင်း၌ ဆွဲထားသောခလောက်သံက လည်း ဆူဆူညံနေသည်။

ရွှေမိုး၏ ကျွဲနွားများက တစ်ဖက်သို့ရှောင်သွားစဉ် ရွှေမိုးကလက် ထဲတွင် အဆစ်ပိတ် ဝါးရင်းတုတ်လုံးကို ကိုင်ရင်း ရွာထိပ်လမ်းအလယ်ခေါင် တည့်တည့်တွင် ရပ်နေလိုက်သည်။

"ကျွဲလွတ်ပြီဟေ့ .... လွတ်ပြီဟေ့"

ရွှေမိုးလှမ်းကြည့်လိုက်ရာ ဒရောသောပါး ပြေးလာနေသော ကျွဲ သိုးကြီး၏နောက် ခပ်လှမ်းလှမ်း၌ အပြေးလိုက်လာနေသော ကျွဲထိန်းနှစ် ယောက်ကို တွေ့လိုက်ရသည်။ သူတို့လက်ထဲတွင်တော့ ထိန်းကြိုးတစ်ခုစီ ကို ကိုင်ထားသည်။

ဤကျွဲကား ဆင်ထိန်းသလို ထိန်းကြိုးကိုင်လိုက်ရသော ကျွဲပေ တည်း။

"ဟေ့ကောင်လေး .....လမ်းလယ်ခေါင်မှာ ဘာလို့ရပ်နေတာ လဲ သေသွားချင်လို့လား"

ထိန်းကြိုးကိုင်ပြီး ကျွဲသိုးကြီးနောက်မှ ပြေးလိုက်လာသော လူ တစ်ယောက်က ရွှေမိုးကို လှမ်းအော်ပြောသည်။

"ဟေ့ကောင်လေး .... သေသွားချင်လို့လား၊ ပြောနေတယ် ... ကြားဘူးလား။ ရှေ့ကဖယ်စမ်း ....ဟော့ဒီမှာ ကျွဲသိုးကြီးမင်းဆီ တည့် တည့်လာနေပြီ"

ထိုအချိန်မှာပင် ရွှေမိုးက ကျွဲသိုးကြီးတစ်ကောင် တရှူးရှူးတရှဲရှဲ နှာမှုတ်သကဲ့သို့ ကျယ်လောင်စွာ နှာမှုတ်လိုက်သည်။ နှာမှုတ်သံဆုံးသည်နှင့် တစ်ပြိုင်နက် 'ညွှံ့ ...ညွှံ့' ဟု မာန်ဖီသံပေးလိုက်လေရာ ရှေ့မှဒရော သောပါး တရကြမ်းပြေးလာနေသော ကျွဲသိုးကြီးမှာ ရွှေမိုး၏ရှေ့မလှမ်း ကမ်းနေရာ အရောက်တွင် အံ့ဩစရာကောင်းလောက်အောင်ပင် တုံ့ခနဲ ရပ်တန့်သွားလေသည်။

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ."

နောက်မှ အပြေးလိုက်လာသော ကျွဲထိန်းနှစ်ယောက်မှာ မမျှော်လင့်ထားသောအဖြစ်ကြောင့် ရုတ်တရက် အံ့ဩထိတ်လန့် မှင်တက်သွားကြသည်။

ရွှေမိုးနှင့် ကျွဲဆိုး ရင်ဆိုင်တွေ့ကြလေပြီ။ ရွှေမိုးက လက်ထဲတွင် အဆစ်ပိတ်ဝါးရင်းတုတ်ကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ကာ "ညွှံ့ . . . ညွှံ့" ဟု မာန်ဖီသံ အဆက်မပြတ် ပေးနေသည်။

တစ်ဖက်မှ ကျွဲဆိုးကြီးကလည်း နှာမှုတ်သံ တရှူးရှူးပေးပြီး ရွှေမိုးကို စိန်ခေါ်နေသကဲ့သို့ စူးစူးစိုက်စိုက်ကြည့်နေသည်။ ကြည့်နေရင်းမှ ခွာယက်နေသည်။ ရွှေမိုးကလည်း ကျွဲဆိုးကြီးကို စူးစူးစိုက်စိုက် ပြန်ကြည့်နေသည်။

ကျွဲဆိုးကြီး၏ချိုကား ကြောက်စရာကောင်းလောက်အောင် ကားတက်နေသည်။ အခြေအနေမှာ တစ်ကောင်နှင့်တစ်ကောင် စောင်နေကြသည့်ပုံမျိုး။

သပြေပင်ရွာသားများက ရွှေမိုး၏အကြောင်းကိုသိ၍ ဘေးလွတ်ရာနေရာများမှ အခြေအနေကို စောင့်ကြည့်နေကြသည်။

ကျွဲထိန်းနှစ်ယောက်ကလည်း ရုတ်တရက် ပြောင်းလဲသွားသောအခြေအနေကြောင့် ကြောင်ကာ ရပ်နေကြသည်။ ကျွဲဆိုးကြီးက 'ညွှံ့ . . . ညွှံ့' ဟုအော်ကာ စိန်ခေါ်သံပြန်ပေးလိုက်သည်။ စိန်ခေါ်သံပေးလိုက်သော်လည်း ရှေ့ကိုကား မတိုးရဲသေး။

ထိုအချိန်မှာပင် ရွှေမိုးက လက်ထဲမှ အဆစ်ပိတ်ဝါးရင်းတုတ်ကို တဝီဝီမြည်အောင် လွှဲရမ်းလိုက်သည်။ လွှဲရမ်း၍ အရှိန်ရလာသည်နှင့်တစ်ပြိုင်နက် မလှမ်းမကမ်းတွင်ရပ်နေသော ကျွဲဆိုးကြီးဆီသို့ ပစ်ခတ်လိုက်လေသည်။

"ဝှီး . . ."

"ဖောင်း . . ."





အဆစ်ပိတ်ဝါးရင်းတုတ်က ရွှေမိုးလက်ထဲမှ ဝှီးကနဲပြေးထွက်သွားပြီး ကျွဲဆိုးကြီး၏ ညာဘက်ချိုကားကြီးကို ဖောင်းခနဲ မြည်အောင်အရှိန်ဖြင့် ထိမှန်သွားလေသည်။

ကျွဲဆိုးကြီးမှာ ချာခနဲ လည်ထွက်သွားလေသည်။

"ဟဲ့ . . . ကောင်လေး၊ မလုပ်နဲ့ . . . . မလုပ်နဲ့"

ထိုအချိန်ကျမှ ကြောင်၍ရပ်နေသော ကျွဲထိန်းနှစ်ယောက်မှာ အလန့်တကြား အော်ဟစ်ရင်း ကျွဲဆိုးကြီးကို ရှေ့ကြိုးတစ်ချောင်း၊ နောက်ကြိုးတစ်ချောင်း ချည်လိုက်ကြသည်။ စောစောက ကြမ်းရမ်းနေသော ကျွဲဆိုးကြီးမှာ ဝါးပျံတစ်ချက် ထိမှန်ခံလိုက်ရပြီးနောက် ရုတ်ခြည်း ငြိမ်ကျသွားပုံမှာ အံ့ဩစရာ ကောင်းလှ၏။

ကျွဲထိန်းတစ်ယောက်က ရွှေမိုးဘက်လှည့်ကာ . . . .

"ဟဲ့ကောင်လေး . . . . နင် ကျွဲလိုနှာမှုတ်ပြီး ကျွဲလိုလည်း 'ညွှံ့ ညွှံ့' လို့ အော်တတ်တယ်။ တကယ့်ကျွဲအတိုင်းပဲ ငါတို့ဖြင့် အံ့ဩရောပဲ။

ပြီးတော့ ငါတို့ဒီကျွဲကြီးက တိုက်ကျွဲကြီးဟဲ့ . . . ကောင်လေးရဲ့။ သူက မင်းလို မလောက်လေးမလောက်စားကောင်လေးမျိုး ပပြောနဲ့ တကယ့်တိုက်ကျွဲ တိုက်ကျွဲချင်းတောင် ကြောက်တာမဟုတ်ဘူး။ အခု နင်နဲ့ကျမှ ငါတို့တိုက်ကျွဲကြီး ဘယ်လိုဖြစ်သွားမှန်းမသိဘူး။

ငါတို့ကျွဲကြီး နင့်ကို တော်တော်ကြောက်သွားပြီ။ နင့်ကို လှည့်တောင်မကြည့်တော့ဘူး။ ငါတို့ကျွဲလွတ်သွားလို့ လိုက်ခတ်ရင် လူဟိုင်း ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင်ပြေးရတာ၊ နင်နဲ့ကျမှ ငါတို့ကျွဲကြီး ဒီလိုဖြစ်သွားရတာ။ မဟုတ်မှလွဲရော . . . နင်ဟာ ကျွဲနဲ့ပတ်သက်ရင် တော်တော်ဝှမ်းတယ်ထင်တယ်"

ဟု ပြောပြီး ရွှေမိုးကို လူစွမ်းကောင်းတစ်ယောက်သဖွယ် တအံ့တဩ ငေးကြည့်နေလေသည်။

ထိုအခါ ရွှေမိုးက ထိုကျွဲထိန်းလူကြီးအား စေ့စေ့ကြည့်ကာ . . .

"ဟုတ်တယ် . . . ကျွန်တော်က ကျွဲပဲဦးစွာ။ ကျွန်တော်က အရင်က တိုက်ကျွဲကြီးတစ်ကောင်ပဲ။ အောင်လံနယ်မြေဘက်မှာတော့ တိုက်ကျွဲ



www.burmeseclassic.com

www.burmeseclassic.com



ကြီး မိုးသီးဆိုရင် နာမည်ကြီးပဲ။ အဲဒီတစ်နယ်လုံးမှာရှိတဲ့ တိုက်ကျွဲတိုင်းလိုလို ဖိန့်ဖိန့်တုန်ရတဲ့ တိုက်ကျွဲကြီးပေါ့''

ဟု ပြောလိုက်ရာ ကျွဲထိန်းလူကြီးက ....

''ဟဲ့ကောင်လေး ...နင် ဘာတွေပြောနေတာလဲ။ နင်ပြောတဲ့ အောင်လံနယ်ဘက်က တိုက်ကျွဲကြီးမိုးသီးဆိုတာ သေသွားတာတောင် ကြာလှပေါ့။ နင့်တစ်သက်တောင် မကတော့ဘူး။ နင်ပြောသလို အဲဒီတုန်းကတော့ အဲဒီနယ်ဘက်မှာ တိုက်ကျွဲကြီးမိုးသီးဆိုရင် တိုက်ကျွဲတိုင်းလိုလို ဖိန့်ဖိန့်တုန်ရတာတော့ အမှန်ပဲ။

အဲဒီတိုက်ကျွဲကြီး နာမည်ကြီးတုန်းက နင့်ကိုတောင် မွေးသေးမယ် မထင်ဘူး။ နင်က ဒါတွေကို ဘယ်လိုလုပ်သိနေတာလဲ ...ကောင်လေးရဲ့''

ဟု မေးလိုက်ရာ ရွှေမိုးက ...

''သိတာပေါ့ ...ဦးလေးကြီးရဲ့၊ အဲဒီတိုက်ကျွဲကြီးမိုးသီး နာမည်ကြီးတုန်းက ကျွန်တော့်ကိုတောင် ဘယ်မွေးဦးမှာလဲ။ ကျွန်တော်က အဲ့ဒီတိုက်ကျွဲကြီးမိုးသီး ဖြစ်နေတာကိုး ...ဦးလေးကြီးရဲ့''

ဟု ပြောလိုက်သည်။ ထိုအခါ ကျွဲထိန်းလူကြီးက တအံ့တသြမြင့် ...

''ကောင်လေး ...နင် ဘာတွေပြောနေတာလဲ၊ ကျွဲကကျွဲ၊ လူကလူပဲ ဘာဆိုင်လို့လဲ''

ဟုပြောလိုက်ရာ ရွှေမိုးက ...

''ဆိုင်တာပေါ့ ...ဦးလေးကြီးရဲ့၊ ကျွဲနဲ့လူဆိုတာ အတူတူပဲ။ ကျွန်တော့်ကိုပဲ ကြည့်ပါလား၊ ကျွဲကနေ လူဖြစ်လာတာလေ''

ဟု ဆိုသည်။ ထိုအခါ ကျွဲထိန်းလူကြီးက ...

''နင့်စကားတွေ အဆန်းပါလား ...ကောင်လေးရ၊ နင်က ကျွဲကနေ လူဖြစ်လာတာလား''

ဟု မေးလိုက်ရာ ရွှေမိုးက ...





''ဟုတ်တယ် ...ကျွန်တော်က ကျွဲကနေ လူဖြစ်လာတာ၊ ဒီအကြောင်းတွေကို မပြောချင်ဘူး၊ စိတ်နာတယ်''

ဟု ပြောလိုက်သည်။ ကျွဲထိန်းလူကြီးက ...

''ဘာလို့စိတ်နာရတာလဲ။ စိတ်နာရတဲ့အကြောင်းတော့ ရှိမှာပေါ့''

ဟု ဆိုလိုက်ရာ ရွှေမိုးက ...

''ရှိတာပေါ့ ...ဦးလေးကြီးရယ်၊ ဒါပေမဲ့ မပြောချင်တော့ပါဘူး။ ပြီးတာတွေလည်း ပြီးပါစေတော့''

ဟုဆိုပြီး သူ့ကျွဲနွားများရပ်နေရာသို့ လှမ်းကြည့်လိုက်ကာ လက်ထဲမှ ကျွဲချိုကိုမှုတ်လိုက်ရာ ကျွဲနွားများက မကြာမီ သူ့အနားသို့ ရောက်လာကြလေသည်။

ထို့နောက် ကျွဲနွားများကိုသိမ်းကာ ရွာအတွင်းသို့ဝင်လာရာ စောစောက လွတ်ရာလွတ်ကြောင်းမှ ကြည့်နေကြသော ရွာသားများလည်း သူ့နောက်မှ လိုက်ပါလာကြလေသည်။

တစ်ဘက်ရွာမှ ကျွဲဆိုးကြီးကို အောင်မြင်စွာ နှိမ်နင်းလိုက်နိုင်သော ရွှေမိုး၏သတင်းက ချက်ချင်းပင် ပျံ့နှံ့သွားလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

သပြေပင်ရွာ၏အလွန် အရှေ့ဘက်တွင် ဥန္နဲတောရှိသည်။ ဥန္နဲပင်တို့မှာ ထိုနေရာ၌ ထူထပ်သိပ်သည်းစွာ ပေါက်ရောက်နေရာ အရိပ်ကောင်းရပြီး အေးစိမ့်၍နေလေသည်။ ထို့ကြောင့်လည်း ဤနေရာကို ဥန္နဲတောဟု ခေါ်ခြင်းဖြစ်သည်။

ဥန္နဲတော၏ ဟိုဘက်မှာတော့ ကြည်လင်စိမ်းလဲ့နေသော ရေကန်ကြီးတစ်ကန် ရှိလေသည်။ ရေကန်ဝန်းကျင်၌ မြက်ခင်းစိမ်းစိမ်းများက ထူပိန်းစွာ ပေါက်ရောက်နေသည်။ ထို့ကြောင့် အရိပ်အာဝါသလည်းကောင်း၊ အစာရေစာလည်း ပေါကြွယ်သော ဤနေရာမျိုး၌ ရွှေမိုးသည် သူ၏ကျွဲနွားများကို လွှတ်ကျောင်းထားတတ်ခြင်းဖြစ်သည်။

သူ၏ကျွဲနွားများသည် မြက်ခင်းစိမ်းစိမ်းများ ထူပိန်းနေသောနေရာ၌ မြက်များကို အလျှံပယ် စားရသောက်နေရပေသည်။ ပြီးတော့ ရေအတွက်လည်း ပူစရာမလို။ ရေကန်ကဘေးနားတွင် အသင့်ရှိနေသည်။ ရေကန်အသင့်ကြာအသင့်။





ရွှေမိုးက ကျွဲနွားများကို လှန်ထားပြီး ဥန္နဲပင်ကြီးကြီးတစ်ပင်၏ အရိပ်အောက်မှာ တမှေးမှိတ်နေလိုက်သည်။ ဒါက သူ့ထုံးစံ။ ထိုကဲ့သို့ပင် နေ့လယ်နေ့ခင်းမှာ တမှေးမှိတ်နေကျ။ သည်ကနေ့လည်း အရိပ်ကောင်းသော ဥန္နဲပင်ကြီးတစ်ပင်အောက်မှာ လှဲလျောင်းရင်းမှေးနေလိုက်ရာ မကြာခင်မှာပင် ရွှေမိုးတစ်ယောက် အိပ်ပျော်သွားလေတော့သည်။

✿ ✿ ✿

[၃]

❑

"ဖေ့သားကြီး ... မိုးသီးရေ ... ထပါဦးကွ၊ ထစမ်းပါဦး။ မင်းက အအိပ်ကြီးလှချည်လားကွာ ... တိုက်ကျွဲတစ်ကောင်ဟာ ဒီလောက် အအိပ်မကြီးရဘူးကွ"

သူ့ကျောပြင်ကို ဘုံးခနဲလှုပ်နှိုးလိုက်သံကြောင့် တိုက်ကျွဲကြီးမိုးသီး ဖျတ်ခနဲ လန့်နိုးလာသည်။ ကြည့်လိုက်တော့ သူ့သခင် ဦးတိုက်မောင်းက သူ့ကို ပြုံးကြည့်နေသည်ကို တွေ့လိုက်ရသည်။

ဦးတိုက်မောင်းက သူ့ကို ပြုံးကြည့်နေမှာပေါ့။ သူက တိုက်တိုင်းအောင်နေသည့် တိုက်ကျွဲကြီးတစ်ကောင် ဖြစ်နေတာကိုး။ ဤအောင်လံကွင်းတစ်ခွင်တွင် သူ့ကိုယှဉ်နိုင်သည့် တိုက်ကျွဲမရှိ။ တိုက်ကျွဲကြီး မိုးသီးဟော့ဆိုလျှင် အောင်လံကွင်းတစ်ခွင်ရှိသည့် တိုက်ကျွဲတိုင်း ဖိန့်ဖိန့်တုန်ကြရသည်။

www.burmeseclassic.com



တစ်ကောင်ပြီးတစ်ကောင် တိုက်ကျွဲတိုင်းကို အနိုင်ယူခဲ့ရာ မိုး
ကို ယှဉ်နိုင်သည့်တိုက်ကျွဲဟူ၍ မရှိတော့ပေ။

မိုးသီး၏ ချိုကားကားကြီးအောက်တွင် အသက်ပါသွားသော တို
ကျွဲများမှာ မနည်းလှတော့ပေ။ တချို့သော တိုက်ကျွဲများမှာကား အသ
ကိုအသေမခံဘဲ ကမူးရှူးထိုး ထွက်ပြေးတတ်ကြသည်။ တိုက်ကျွဲကြီးမိုး
ကား ထိုကဲ့သို့ အရှုံးပေးထွက်ပြေးသည့် တိုက်ကျွဲကြီးများကိုပင် အပြေး
လက်လွှတ်မခံဘဲ နောက်မှ တရမန်းကြမ်း ပြေးလိုက်ကာ အသေသတ်
တတ်သည်။

တစ်ကြိမ်တွင် အလပ်ကျေးရွာမြောက်ဘက်ကွင်း၌ အလပ်ရေကျေ
တစ်ဝိုက်၌ အလွန်နာမည်ကြီးနေသော တိုက်ကျွဲကြီးရန်ကျော်နှင့် မိုး
တို့ ရင်ဆိုင်ကြရာ ပွဲကြည့်ပရိသတ်မှာ ကွင်းလုံးလျှံမျှ လာရောက်ကြည့်
အားပေးကြလေသည်။

ရန်ကျော်မှာမိုးသီးနှင့် ဒေါက်တူ၊ လုံးတူ၊ ဆိုက်တူဖြစ်ပြီး ချို
လည်း မိုးသီးကဲ့သို့ ချိုကားကြီးပင်ဖြစ်သည်။ သေသေချာချာကြည့်လျှ
ရန်ကျော်၏ ချိုကားကြီးကပင် မိုးသီးချိုကားကြီးထက် အနည်းငယ် ကြ
မယောင်ယောင် ထင်ရသည်။

ပွဲမှာ တကယ့် ပွဲကြီးပွဲကောင်းဖြစ်သည်။ လက်ဖွေ့သမားများကဲ့
ပွဲအရေအတွက်ကို ရေတွက်ကြည့်မည်ဆိုလျှင် ရန်ကျော်က ကျွဲတိုက်ပွဲပေ
(၂၀) တိုက်ခိုက်ခဲ့ဖူးသူဖြစ်ပြီး (၁၅) ပွဲနိုင်ထားကာ (၅)ပွဲ သရေကျထာ
သည်။ မိုးသီးကလည်း ပွဲပေါင်း (၁၅) ပွဲတွင် (၁၂) ပွဲနိုင်ထားပြီး (၃) ပွဲသရေ
ကျထားသော ကျွဲကြီးဖြစ်သည်။

တိုက်ကျွဲကြီးမိုးသီးမှာ လည်ပင်း တုတ်ခိုင်သန်စွမ်းသည်။ သူ့ခြေ
ထောက်အစုံမှာလည်း ဆင်ခြေထောက်ကဲ့သို့ တုတ်ခိုင်သန်စွမ်းနေသည်
ကိုယ်လုံးကိုယ်ထည်မှာ ဆင်ပေါက်တစ်ကောင်ကဲ့သို့ လှပနက်ကျောပြော
စင်း၍ တောင့်တင်းသန်မာသည်။ အထူးသဖြင့် မျက်လုံးအစုံက ပတ္တမြားလုံး
နှစ်လုံးကဲ့သို့ နီရဲနေတတ်သည်။





သည်မျက်လုံးကြီးနှစ်လုံးဖြင့် စိုက်ကြည့်လိုက်ပြီဆိုလျှင် တော်ရုံ
နရံ့ တိုက်ကျွဲများမှာ ခံနိုင်ရည်မရှိတော့ပေ။ မိုးသီးမှာ ခန္ဓာကိုယ်ခွန်အား
ပမက စိတ်ဓာတ်အင်အားပါ မာကျောသော တိုက်ကျွဲကြီးဖြစ်သည်။

ယခုတော့ ကျားနှင့်ဆင် လယ်ပြင်တွင် တွေ့ကြသလို သက်တူ၊
ဒေါက်တူ၊ အလုံးတူ တိုက်ကျွဲကြီးနှစ်ကောင်တို့ အလပ်ကျေးရွာမြောက်ဘက်
ကွင်း၌ ရင်ဆိုင်တွေ့ကြလေပြီ။

“မိုးသီးကွာ . . . မိုးသီး . . . ဘယ်သူ့မှ ဗိုလ်မထားတဲ့ . . . မိုးသီး
ကွ”

“ရန်ကျော်တဲ့ဟေ့ . . . ရန်ကျော်တဲ့ . . . ရန်အပေါင်းကို ကျော်လွှား
မယ့် . . . ရန်ကျော်တဲ့ကွ”

ဟိုဘက်သည်ဘက် အားပေးသံများက အလပ်ကျေးရွာမြောက်
ကွင်းပြင်ထက်ဘဝင်ညံလျှံတက်သွားသည်။ ကွင်းပြင်မှာ လူသံ၊ ကျွဲသံများ
ဖြင့် ပွက်လောရိုက်ဆူညံနေသည်။

ကွင်းပြောင်ပြောင် အလယ်ခေါင်မှာ တိုက်ကျွဲကြီးနှစ်ကောင်။ တစ်
ကောင်နှင့်တစ်ကောင် အကဲခတ်နေသည်။ လက်ဝှေ့ကျော်တွေက ကြိုးဝိုင်း
အတွင်း လက်ဝှေ့ထိုးရာတွင် လက်၊ ခြေ၊ ဒူး၊ တံတောင်၊ ခေါင်း ရှိရှိသမျှ
တိုက်ခိုက်ရေးလက်နက်များကို အကုန်သုံး၍ တိုက်ခိုက်တတ်သော်လည်း
တိုက်ကျွဲများက ဦးခေါင်းနှင့် ဦးချိုကိုသာ အဓိကထား၍ တိုက်ခိုက်ကြ
သည်။

ဆိုရလျှင်တော့ ဦးချိုက သူတို့ရဲ့ အဓိကလက်နက်ဖြစ်သည်။ ဦးချို
သော သတ္တဝါသည် ဦးချိုကို အားကိုးသကဲ့သို့ အစွယ်ရှိသော သတ္တဝါ
သည် အစွယ်ကို အားကိုးသည်မဟုတ်ပါလော။

နှစ်ကောင်ရင်ဆိုင်မိသည်နှင့် တစ်ပြိုင်နက် ဝါရင့်တိုက်ကျွဲများပီပီ
ခနဲ ဒိုင်းခနဲ မဝင်ကြသေးဘဲ လက်ဝှေ့ကျော်များကဲ့သို့ တစ်ဦးအခြေအနေ
တစ်ဦးစောင့်ကြည့်နေကြသည်။

သို့သော် အခြေအနေကို စောင့်ကြည့်နေမှုက သိပ်မကြာလိုက်
သီးက ရဲရင့်စွာဖြင့် တိုက်ပွဲကို စတင်ဖွင့်လှစ်လိုက်သည်။ ရန်ကျော်ဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြေးဝင်ကာ သူ၏ဦးချိုကားကားကြီးဖြင့် ခတ်ချလိုက်သည်။ ရန်ကျော်ကလည်း လျင်သည်။ မိုးသီး၏ခတ်ချက်ကို မရှောင်။ ပြင်းထန်စွာ ထိခတ်သွားမိပြီး ဖြောင်းခနဲမြည်သံကြီး ထွက်ပေါ်လာသည်။

ချိုများ ကျိုးသွားပြီလား အောက်မေ့ရ၏။ သို့သော် မည်သူ့ချိုမှ မကျိုး။ ချိုမကျိုးဘဲ ခေါင်းချင်းဆိုင်မိသွားသည်။ ဦးခေါင်းများ အောက်စိုက်ပြီး ပူးကပ်သွားသည်။

ထို့နောက် တစ်ကောင်နှင့်တစ်ကောင် ခေါင်းချင်းဆိုင်၍ အုံးခနဲ အုံးခနဲ တိုက်နိုက်ကြသည်။ ခေါင်းချင်းတိုက်သလို ချိုချင်းကလည်း တဖြောင်းဖြောင်း ရိုက်မိနေကြသည်။

"အုံး . . . . အုံး . . ."

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . . အုံး . . ."

အသံတွေက ကြောက်ခမန်းလိလိ ထွက်ပေါ်နေသည်။ မကြာမီ တစ်ကောင်နှင့်တစ်ကောင် ခေါင်းချင်းဆိုင်နေမိရာမှ ကွာထွက်သွားကြသည်။ ကွာထွက်သွားပြီးနောက် အရှိန်ဖြင့် ခေါင်းချင်းဆိုင်၍ တိုက်လိုက်ကြပြန်သည်။

"အုံး . . ."

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . ."

ခေါင်းချင်းဆောင့်သံ၊ ချိုချင်းခတ်သံတို့က ဆူညံနေသည်။ သူနိုင်ကိုယ်နိုင် တွန်းလှန်၍ ကြဲကြဲခံ တိုက်ပွဲဝင်နေကြသည်။ ပွဲကြည့်ပရိသတ်များကလည်း မိမိတို့၏ရွာဘက်မှ ကျွဲကို အားပေးနေကြသည်။

"မိုးသီးကွ . . . မိုးသီး . . . ဖေ့သားကြီး . . . ကြိတ်လိုက်စမ်းကွ"

"ရန်ကျော်တဲ့ဟေ့ . . . . ရန်ကျော် . . . နှက်လိုက်စမ်းပါကွ"

အော်ဟစ်အားပေးသံတွေက ဟိန်းဟိန်းညံနေသည်။ မကြာခင်မှာပင် ရန်ကျော်နဖူး၌ သွေးခြင်းခြင်း နီရဲသွားသည်။

"မိုးသီးကွ . . . မိုးသီး . . . ကြိတ်ထားကွ . . . ကြိတ်ထား . . . ဟိုကောင် . . . သွေးတောင်ထွက်လာပြီ"





မိုးသီး၏ ချွန်ထက်သောဦးချို၌ ရန်ကျော်၏သွေးများက စွန်းထင်သကျံပေပြီ။ ရန်ကျော်မှာ နာကျင်လွန်းလှသဖြင့် နောက်သို့ တဖြည်းဖြည်း ဆုတ်ပေးနေရာမှ မိုးသီးက တွန်းတွန်းထိုးထိုးလိုက်နေသည်။

ထိုအနေအထားမှ မိုးသီး ဆတ်ခနဲနောက်ကိုဆုတ်ကာ ရန်ကျော်၏ဦးခေါင်းကို တိုက်ချလိုက်ရာ ချိုဖျားက ဦးထိပ်ကိုသံချွန်ဖြင့် ထိုးလိုက်သလို ဒုတ်ခနဲ စူးဝင်သွားသည်။

"ညွှံ့ . . . ညွှံ့"

ရန်ကျော်မှာ နာလွန်းသဖြင့် အော်လေပြီ။ စောစောက ခေါင်းချင်းဆိုင်တိုက်၍ ကွဲထားသောနေရာကို ဦးချိုက ဒုတ်ခနဲ စူးနစ်ဝင်သွားသဖြင့် ရန်ကျော်မှာ အသည်းနိုက်မတတ် နာကျင်သွားသည်။

သွေးများက ရဲခနဲ ရဲခနဲ စီးကျလာသည်။ ရန်ကျော် ဆုတ်ကန်ဆုတ်ကန် လုပ်လာသည်။ သိပ်ဟန်ပုံမပေါ်တော့။ မိုးသီးက အငြိုးတကြီး ရှေ့ကို ဖိတိုးလာသည်။

သို့သော် ရန်ကျော်ကလည်း ဖွဲနပဲကြီးသည်။ လွယ်လွယ်နှင့် လျှော့ပေးမည့်ပုံမပေါ်။ သူ့အသားကို အနာခံပြီး မိုးသီး၏ ဦးချိုကို သူ့ဦးချိုဖြင့် ထိန်း၍ တစ်ဆုတ်တည်း ဆုတ်နေသည်။ နောက်ကိုဆုတ်ရင်းမှ ချက်ကောင်းကို တစ်ချက်တည်းနှင့် ပွဲသိမ်းခတ်နိုင်ရန်အတွက် ချောင်းနေသည်။

သို့ရာတွင် မိုးသီးကလည်း အတွေ့အကြုံရှိပြီး သမ္မာရင့် တိုက်ကျွဲဖြစ်သည်။ နိုင်ပြီဆိုပြီး မပေါ့ဆဘဲ ဦးခေါင်းချင်း ချိုချင်းပူး၍ လိမ်၍ကပ်ထားသည်။

ထိုအခိုက် ရန်ကျော်က ဖြုန်းခနဲဆောင့်တွန်း တွန်းလိုက်ရာ ဦးခေါင်းချင်းချိုချင်း အနည်းငယ် ကွာထွက်သွားသည်။ ကွာသွားသည်နှင့်တစ်ပြိုင်နက် ရန်ကျော်က နောက်သို့ ချာခနဲ လှည့်ကာပြေးလေတော့သည်။

"ဟာ . . . ရန်ကျော်ကြီး . . . ပြေးပြီဟေ့ . . . ရန်ကျော်ကြီး . . . ပြေးပြီဟေ့"

"လိုက်ဟေ့ . . . မိုးသီး၊ လိုက်ဟ . . . . လိုက်ဟ . . ."



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ကြီးက အော်ဟစ်ရင်း ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ရန်ကျော်လှည့်ပြေးရာဘက်ရှိ ပရိသတ်များမှာ ပြေးလမ်းလွတ်အောင် ရှောင်ကြ၊ တိမ်းကြရာ အလဲလဲအပြိုပြို ဖြစ်ကုန်ကြသည်။

"ကြောက်ကွဲဟေ့ . . . ကြောက်ကွဲ။ ဒီလို ကြောက်လို့ပြေးတဲ့ ကွဲမျိုး အသေသာသတ်ပစ်"

"ဟုတ်တယ်ဟေ့ . . . အရှင်မထားနဲ့ . . . သတ်ပစ် . . . သတ်ပစ်"

အော်သံဟစ်သံတွေက ဆူဆူညံလာသည်။ ရန်ကျော်က ရှေ့မှဒရောသောပါး ပြေးသည်။ မိုးသီးကနောက်မှ အသားကုန်လိုက်သည်။ ကြောက်ကွဲနှင့် လိုက်ကွဲ။

ရှေ့မှရန်ကျော်က ကန်သင်းရိုးကုန်းမြင့်ပေါ် ပြေးအတက်တွင် နောက်မှလိုက်လာသော မိုးသီးက မီလာသည်။ ရန်ကျော့်ဖင်ပိုင်းက မိုးသီး၏ မျက်နှာရှေ့ဆီမှာ . . . .

ရလာသော အခွင့်အရေးကို မိုးသီးက မတုံ့မဆိုင်း။ ချွန်ထက်သောဦးချိုဖြင့် ရန်ကျော်၏တင်ပါးကို ခတ်ပစ်လိုက်သည်။ ချွန်ထက်သော မိုးသီး၏ဦးချိုများက ရန်ကျော်၏စအိုဝတည့်တည့်ကို ရှူးရှူးနစ်နစ် ဝင်ရောက်သွားသည်။ ဝင်ရောက်ပြီးသွားသည်နှင့် ခါထုတ်ပစ်လိုက်ရာ ရန်ကျော်၏ စအိုမှာ ပွင့်ထွက်သွားပြီး ရှေ့ကို ဟတ်ထိုးလဲကျသွားလေတော့သည်။

"မိုးသီးကွ . . . မိုးသီး . . . မိုးသီး . . . သတ္တိခဲမိုးသီး . . . တိုက်ကွဲဘုရင် . . . မိုးသီး"

အသံဗလံများက မိုးလုံးညံသွားလေသည်။ ရွှေမိုး ဥန္နဲပင်အရိပ်၌ အိပ်ပျော်နေရာမှ ဖျတ်ခနဲ လန့်နိုးလာသည်။

"ငါ အိပ်မက်မက်နေတာပဲ။ ငါဟာ အိပ်မက်ထဲမှာ တိုက်ကွဲကြီးမိုးသီး ဖြစ်နေတာပဲ။ ပြီးတော့ တိုက်ကွဲကြီးရန်ကျော်ကို သေအောင်သတ်ပစ်လိုက်တာပဲ"

သူက တစ်ယောက်တည်း တီးတိုးရေရွတ်နေမိသည်။ သူလှမ်း





ကြည့်လိုက်တော့ ခပ်လှမ်းလှမ်း မြက်ခင်းစိမ်းစိမ်းများပေါ်တွင် သူ့ကွဲများ၊ နွားများ မြက်စားနေသည်ကို တွေ့ရသည်။

သူကြည့်နေမိခိုက်မှာပင် ကွဲများ၊ နွားများနောက်ဖက်ဆီမှာ သူ့အရွယ်ခန့်ရှိသော လူငယ်တစ်ယောက် လျှောက်လာနေသည်ကို တွေ့လိုက်ရသည်။

ထိုလူငယ်က တဖြည်းဖြည်း သူ့ဆီကို လျှောက်လှမ်းလာနေသည်။

သူက လှဲလျောင်းနေရာမှ ထရပ်လိုက်မိသည်။ လူငယ်က သူ့နားရောက်လာပြီး . . .

"မင်း ဒီရွာကလား၊ ဒီရွာ ဘာရွာခေါ်သလဲ"

လူငယ်က သူ့ကိုမေးရာ ရွှေမိုးက . . . .

"ဟုတ်တယ် . . . ငါ ဒီရွာက။ ရွာနာမည်က သပြေပင်ရွာတဲ့"

ဟု ဖြေလိုက်သည်။ ထို့နောက် ရွှေမိုးက လူငယ်အား . . .

"မင်းကရော ဘယ်ကလဲ"

ဟု မေးလိုက်ရာ လူငယ်က . . .

"ငါ့နာမည်က အောင်စိုးပါ။ သောင်ဆိပ်ရွာက လာခဲ့တာပါ။ ဒီသပြေပင်ရွာက ငါရှာနေတဲ့ရွာပဲ။ အခုမှ ဒီရွာကို တွေ့တော့တယ်"

ဟုဆို၏။ ရွှေမိုးက . . .

"မင်းက ဒီရွာကို ဘာလို့ရှာနေရတာလဲ"

ဟု မေးလိုက်ရာ အောင်စိုးက . . .

"အိပ်မက်အရ ငါ လူတစ်ယောက်ကို တောင်းပန်စရာရှိလို့ပါ။ အဲဒီလူကို တောင်းပန်ပြီးရင် ငါ ဘုန်းကြီးဝတ်တော့မလို့ပါ"

ဟု ပြောရာ ရွှေမိုးက . . .

"မင်းစကားက အဆန်းပါလား။ ဘယ်လိုဖြစ်လို့လဲ"

ဟု မေးလိုက်၏။ ထိုအခါ အောင်စိုးဆိုသော လူငယ်က . . .

"ငါဟာ လူတစ်ယောက်ကို သတ်ခဲ့တယ်။ အဲဒီလူဟာ ဒီသပြေပင်ရွာထဲမှာ ရှိတယ်။ ငါသူ့ကို တောင်းပန်ရအောင် လာခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသည်။

ရွှေမိုးက …

"မင်းစကားက ထူးဆန်းလှချည်လား။ လူတစ်ယောက်ကို သတ်ခဲ့တယ်။ အဲဒီလူကို တောင်းပန်ဖို့လာခဲ့တယ်ဆိုတော့ သေပြီးတဲ့လူကို တောင်းပန်လို့ ဘယ်ရတော့မှာလဲ"

ဟု ပြောလိုက်ရာ အောင်စိုးက …

"မဟုတ်ဘူး … ကျွဲဘဝက ငါသတ်ခဲ့တာ။ အဲဒီတုန်းက ငါကလည်း ကျွဲဘဝ။ အဲဒီလူကလည်း ကျွဲဘဝ။ ငါက အဲဒီကျွဲရဲ့လည်ပင်းကို ငါ့ရဲ့ချိုကြီးနဲ့ ထုတ်ချင်းခတ် ထိုးသတ်ခဲ့တာ။

အဲဒီကျွဲကြီးဟာ အဲဒီအချိန်က အောင်လံကွင်းတစ်ခွင်မှာတော့ အင်မတန်နာမည်ကြီးတဲ့ တိုက်ကျွဲကြီးပေါ့။ သူ့နာမည်က မိုးသီးတဲ့"

ဟုဆိုလိုက်ရာ ရွှေမိုးမှာ 'ဟင်' ခနဲ ဖြစ်သွားပေတော့သည်။

သူ့လည်ပင်းကိုလည်း လက်နှင့် စမ်းလိုက်မိလေသည်။ အောင်စိုးက ဆက်ပြောသည်။

"ငါလည်း အဲဒီတုန်းက သူ့ကို သတ်ချင်လှတာမဟုတ်ပါဘူး။ ဒါပေမယ့် သူက ကျွဲတိုက်ပွဲတိုင်း အနိုင်ရနေတဲ့ တိုက်ကျွဲကြီးဆိုတော့ တော်တော်မာန်တက်နေပုံရတယ်။ ဘယ်ကျွဲကိုမှ ထီမထင်တဲ့ပုံစံမျိုးပေါ့။ ငါကတော့ အဲဒီတုန်းက တိုက်ကျွဲမဟုတ်ပါဘူး။ ရိုးရိုးခိုင်းကျွဲကြီးတစ်ကောင်ပါ။ ဖြစ်ချင်တော့ တစ်နေ့မှာ အဲဒီတိုက်ကျွဲကြီးမိုးသီးက ငါတို့ရွာထဲ ဝင်လာတယ်။

လူတွေကို လိုက်ခတ်တယ်။ လိုက်ရမ်းတယ်။ ငါကလည်း အဲဒီတုန်းက အဲဒီရွာမှာ ကျွဲကြီးတစ်ကောင်ဖြစ်နေတယ်။ ပြောရရင် ငါနဲ့မိုးသီးနဲ့ ရွာထိပ်မှာ ရင်ဆိုင်တွေ့ပြီး တိုက်ကြတာပဲ။ ငါက တိုက်ကျွဲတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီမှာငါက မိုးသီးကို အနိုင်တိုက် သူ့လည်ပင်းကို ငါ့ဦးချိုနဲ့ ထုတ်ချင်းပေါက် ထိုးသတ်နိုင်တယ်။

ဟု ပြောလေရာ ရွှေမိုးက …

"မင်း … ဒါတွေ … ဘယ်လိုလုပ်သိတာလဲ"





ဟု မေးလေရာ အောင်စိုးက …

"ငါ မွေးကတည်းက ငါ့စိတ်က ဒီအကြောင်းတွေကို အလိုအလျောက်သိနေတာ။ ပြီးတော့ အဲဒီတိုက်ကျွဲကြီးမိုးသီးကို ငါ ဦးချိုနဲ့ ထိုးသတ်ခဲ့တဲ့အကြောင်းကိုလည်း အိပ်မက် ခဏခဏမက်တယ်။

ပြီးတော့ အိပ်မက်ထဲမှာ အဲဒီတုန်းက တိုက်ကျွဲကြီးမိုးသီးဟာ သပြေပင်ရွာမှာ လူ့ဘဝကို ရောက်နေပြီဆိုတဲ့အကြောင်းလည်း အိပ်မက် ခဏခဏမက်တယ်။ အဲဒါ သပြေပင်ရွာထဲကို မင်းငါ့ကို လိုက်ပို့ပေးပါလား။ အဲဒီလူကိုတွေ့ရင် ငါ တောင်းပန်ချင်လို့ပါ"

ဟု ပြောလေရာ ရွှေမိုးသည် အောင်စိုးဆိုသော လူငယ်ကို စူးစူးစိုက်စိုက် ကြည့်လိုက်လေ၏။ ကြည့်နေရင်းမှ မျက်ရည်များ ကျလာလေသည်။ ပြီးမှ …

"ငါ ဒီအကြောင်းတွေကို စိတ်နာလို့ ဘယ်သူ့ကိုမှ မပြောခဲ့ဘူး။ အခုတော့ ငါ မင်းကို ပြောပါတော့မယ်။ ငါဟာ မင်းတွေ့ချင်နေတဲ့သူပါပဲ။ မင်း ယာထဲကို သွားမနေနဲ့တော့"

ဟု ပြောလိုက်လေ၏။

အောင်စိုးက တအံ့တသြဖြင့် …

"ဒါဆိုရင် … မင်း …. မင်းဟာ တိုက်ကျွဲကြီး မိုးသီးပေါ့"

ဟု ပြောလိုက်လေရာ ရွှေမိုးက …

သူ့လည်ပင်းကို အောင်စိုးရှေ့သို့ ထိုးပြလိုက်ရင်း …

"ဟော့ဒီမှာ … ကြည့်ပါတော့။ မင်း ဦးချိုကြီးနဲ့ ငါ့လည်ပင်းကို ထုတ်ချင်းပေါက် ထိုးသတ်ခဲ့တဲ့ဒဏ်ရာလေ"

ဟု ဆိုလေ၏။ အောင်စိုးက …

"ငါ မင်းကို တောင်းပန်ပါတယ် … မိုးသီးရာ၊ ငါ တောင်းပန်ပါတယ်"

ဟု ဆိုကာ ရွှေမိုးရှေ့တွင် ထိုင်ချလိုက်ရင်း ရွှေမိုး၏ ခြေထောက်များကိုကိုင်ကာ တောင်းပန်နေလေတော့၏။

ပြီးမှ …



www.burmeseclassic.com

www.burmeseclassic.com



"ငါ အခု မင်းကိုတောင်းပန်ပြီးရင် ဒီကပြန်တာနဲ့ ဘုန်းကြီးဝ
တော့မယ်။ ငါ့ကို ခွင့်လွှတ်တယ်မဟုတ်လား ... မိုးသီး"

ဟု မေးလိုက်ရာ ရွှေမိုးက ...

"ခွင့်လွှတ်ပါတယ်ကွာ။ ငါလည်း ဝန်ခံလည်ခဲ့တာပါပဲ။ တိုက်
ကြီးတစ်ကောင်ဆိုရင် သူ့စအိုဝပွင့်ထွက်သွားအောင် ငါ့ဦးချိုကြီးနဲ့ ထိုးခ
ပြီး သတ်ပစ်ခဲ့တာ။ အဲဒီတုန်းက သူများကိုသတ်ခဲ့လို့ ငါလည်း သူမျ
အသက်ကို ပြန်ခံခဲ့ရတာပါ။ ခွင့်လွှတ်ပါတယ် ... အောင်စိုးရာ"

ဟု ပြောလိုက်လေသည်။

ထိုအခါ အောင်စိုးက ...

"အဲဒါတွေကို ငါသိလာလို့ ဘုန်းကြီးဝတ်တော့မယ်လို့ ဆုံးဖြ
လိုက်တာပါ။ မင်းကျေနပ်အောင် ငါ တောင်းပန်ပြီးပါပြီ။ မင်းလည်း ကျေ
နပ်ပြီ။ ကဲ .... ငါသွားတော့မယ်"

ဟုပြောကာ ရွှေမိုးအနားမှ တရွေ့ရွေ့ ထွက်ခွာသွားလေသည်။

ရွှေမိုးသည် တရွေ့ရွေ့ထွက်ခွာသွားသော အောင်စိုး၏ကျောပြ
ကို ငေးကြည့်ရင်း စိတ်နာမှုများ ပျောက်ကွယ်ကာ ကျန်ရစ်လေသည်။

မြဘုန်းထ



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

လပြည့်ခါနီး လရောင် မိုးသားတွေရှိနေ၍ ဝေဝါးမှိုင်းရီနေ၏။ ညသန်းခေါင်ယံမို့ မြစ်ကွေ့လမ်းမှာ လူသူလေးပါး ကင်းရှင်းနေ၏။ မြစ်ကွေ့လမ်းဘေးမှာ ကမ်းပါးဇောက်ရှိ၏။ ကမ်းပါးဘေးမှာ ချုံနွယ်တွေ ပေါက်ရောက်နေ၏။ ဧရာဝတီမြစ်ကြီးကတော့ ညင်သာစွာ စီးဆင်းနေ၏။

မြစ်ကွေ့ရှိ ခပ်လှမ်းလှမ်းဆိပ်ကြီးမှာ ကျောက်တင်ကုန်တင် CB တွဲကြီးတချို့ ရပ်နား ညအိပ်နေကြ၏။ မြစ်ထဲမှာ သွားလာသည့် ယာဉ်တွေ မရှိတော့။ မြစ်တွေရဲ့ ကုန်းဖက်ခြမ်းမှာ အိမ်တန်းကျိုးတိုးကျဲတဲရှိ၏။ ကျောင်းဟောင်းကြီးလည်းရှိ၏။ မြစ်ဘက်ကို မျက်နှာမူထားသော အုတ်တိုက်ကျောင်းပျက်ကြီးလည်း ရှိ၏။ မြစ်ကမ်းပါးရေတိုက်စားမှုကြောင့် လမ်းတစ်ဖက်ခြမ်းက လူနေရပ်ကွက်တွေ၊ အဆောက်အဦတွေ မရှိတော့ အိမ်နဲ့ဇရပ်တွေ ကမ်းပြိုတဲ့အထဲ ပါသွားကုန်ပြီ။

ဒီမြစ်ကွေ့လမ်းတောင် ဘယ်အချိန် ကမ်းပြိုတဲ့အထဲ ပါသွားမလဲ ဆိုတာ ရင်တထိတ်ထိတ်ဖြစ်နေကြ၏။ မိုးတွင်းရေလျှံ ရေစီးသန်လျှင် အလွန်သတိထားသွားရသော လမ်းဖြစ်၏။ ရပ်ကွက်ထဲကလူတွေက ကတိုက်ကရိုက် အုတ်ရိုးတွေကာပြီး ကမ်းမပြိုအောင်လုပ်ဖို့ ငွေစုနေတုန်းပင်။





မြစ်ကွေ့လမ်းမှာ ရေဝက်ဟုခေါ်သော ရေသဝ္ဂါဝါကြီးတွေ ပျော် ...းပြီး ကျင်းတွေတူးသောကြောင့် မြစ်ကွေ့ပတ် ကမ်းပါးပြိုတာ အလွန်မြန် ...၏။ မြစ်ကွေ့လမ်းမှာ လွန်ခဲ့သောတစ်လလောက်က ပုပ်ပွနေသောအလောင်း ကြီးတစ်ကောင် လာချိတ်တွယ်နေ၏။ မိုးတွင်းကာလမှာ သူသေတွေ မျော ...ကာ မြင်ရတတ်၏။ ဆောင်းတွင်းကာလမှ ယောကျ်ား အသက်ငါးဆယ်ခန့် ...ကြီးအလောင်းကြီးမှာ ပုပ်ပွပြီး မှောက်ခုံကြီး မျောလာရာက မြစ်ကွေ့မှာ ...ငြိတင်နေ၏။ ပုပ်ပွနေတာမှ မဲပုပ်ပြီး နားရွက်တွေပါ တွေ ငါးစားထား ...ခဲ့ မရှိတော့။ လက်တွေကလည်း ငါးပြုတ်ကဲ့သို့ဖြစ်နေပြီ။ အင်္ကျီအကွက် ...နှင့် အောက်ပိုင်းပြောင်တလင်းခါပြီး မျောလာခြင်းပင်။

ရဲတွေကို သွားအကြောင်းကြားတော့လည်း အလုပ်ရှုပ်နေ၍ လာ ...လုပ်နိုင်။ ရပ်ကွက်လူကြီးတွေက ဝါးလုံးနဲ့ထိုးပြီး ရေစီးထဲကို အလောင်း ...ဆက်မျှောလိုက်၏။ အလောင်းက ရေစီးထဲပါသွားသော်လည်း ပုပ်ပွကြီးက မြစ်ကွေ့ချုံနားမှာ မကျွတ်လွတ်ဘဲ ငြိတွယ်ကျန်ရစ်၏။ သရဲလိုမှ ခြောက်တော့ ...၏။

မြစ်ကွေ့မှာ အလောင်းသောင်တင်စဉ်က ဘာကိုငုံပြီး ကျန်ရစ်ခဲ့မှန်း ...သိ။ လူတွေကတော့ ပုပ်ပွကြီးသရဲဟု အလွယ်ခေါ်ကြ၏။ ရေထဲမျောလာ ...သော ပုပ်ပွပုံစံကြီး၊ အင်္ကျီအကွက်ကြီးနှင့် လာတဲ့လူကို ပုခုံးလိုက်တောင်း၊ ...ဆောင်းဘီလိုက်တောင်းတတ်၏။ ဆေးလိပ်မီးတောင်းတတ်၏။ အရက်လိုက် ...တောင်းတတ်၏။ မျက်နှာကြီးက နှာခေါင်းမရှိ၊ မျက်တွင်းဟောက်ပက်၊ သွား ...တွေ သွားဖုံးလိုက်ပေါ်ပြီး ရုပ်ပျက်ဆွင်းပျက် မျက်နှာကြီးနှင့် ထွက်ထွက် ...ခြောက်တတ်၏။

ည (၉)နာရီမပြောနဲ့ (၇)နာရီလောက်ဆိုရင် မြစ်ကွေ့လမ်းက ဘယ် ...သူမှ မပြန်ကြတော့ဘူး။ ကွေ့ပတ်သွားရတဲ့ တာရိုးကြီးပေါ်ကပဲ လူတွေ ...သွားလာကြတော့တယ်။ မြစ်ကွေ့လမ်းက လှေဆိပ်၊ သင်္ဘောဆိပ်၊ ကားဂိတ် ...၊ ညဘက်ဈေးကွေ့သွားတဲ့ နေရာမှာ ဖြတ်လမ်းကို နီးတဲ့လမ်းပေါ့။

ရေကြီးကွင်းရပ်ကွက်က လူတွေ မြစ်ကွေ့လမ်းကပဲ အသွားအပြန် ...နေတာကြာပြီ။ ပုပ်ပွပြီး သရဲခြောက်ကတည်းက နေ့ဘက်ပဲ သွားရဲတော့ ...တယ်။ ညဘက် မသွားရဲဘူး။ အုပ်စုတောင့်ရင်တော့ လေးငါးယောက် တစ်

www.burmeseclassic.com



ဖွံ့လောက် ဖြတ်သွားရဲကြတယ်။ ရေကြီးကွင်းရပ်ကွက်ထဲက အရက်သမား ငမဲသိန်းဆိုတဲ့ကောင်၊ လူကောင်ကထွား၊ လေလုံးကလည်းထွား၊ သူ့မှာ မယားကြာခိုတဲ့နေရာမှာလည်း သိပ်သန်တဲ့ကောင်ကြီး မဲသိန်းပေါ့။ ဝတ် သတ်၊ အမဲပေါ် မကောင်းတာအကုန်လုပ်။ မသေခင်ကတည်းက ရေ ငရဲအိုးပေါ်နေတဲ့ တစ်လမ်းသွားကောင်ကြီးဟာ မြစ်ကွေ့လမ်းထဲကို ညက နာရီကျော်မှာ ဒယီးဒယိုင်နဲ့ ဝင်လာတယ်။ ပုဆိုးကွင်းသိုင်းလို့။ သူ့ထုံး အတိုင်း မူးလာရင် ဟိုအော်ဆဲ၊ ဒီအော်ဆဲ။ လက်ရှိမှာ ငမဲသိန်းက ရပ်ကွက် ထဲက ဒေါ်ဖွာသယ်ရဲ့သမီး မုဆိုးမ မိမွဲခြောက်နဲ့ ညားနေတယ်။ မိမွဲခြောက် ကလည်း မယားကြီးကို ရန်လုပ်ပြီး ဒီငမဲသိန်းကို လုယူထားရတာ။ ငမဲ သိန်းရော မိမွဲခြောက်တို့ နှစ်ယောက်လုံးက ချေးပတ်လိုက်၊ ချေးထူ၊ ချေး စော်ပုပ်စော်နံတွေ။ သူတို့အချင်းချင်းကျတော့ အနံ့ခံနိုင်ကြတဲ့ဟာတွေ။ ငမဲ သိန်းက သူ့မယားငယ် မိမွဲခြောက်က မြှောက်ထိုးပင့်ကော်လုပ်ပေးရင် ရှူး တိုက်တဲ့ခွေးကြီးလို အကုန်လိုက်ကိုက်တော့တာပဲ။

အခုလဲကြည့် ... ရပ်ကွက်ထဲကလူတွေကို မိမွဲခြောက်က တိုက် စရာကုန်သွားတော့ ပုပ်ပွပြီး သရဲနဲ့ ငမဲသိန်းကို ရန်တိုက်ပေးလိုက်တယ်။

"မနေ့ည မှောင်စပြုနေပြီ၊ ကျုပ် အကြော်ဝယ်ပြီးပြန်လာတော့ ပုပ်ပွပြီး သရဲအလောင်းပေါ်တဲ့နေရာရောက်တော့ ကျုပ်ဖြင့် ကြောက် လိုက်တာ၊ နောက်ကလိုက်ပြီး ကျုပ်ဖင်ကို လိုက်ကုတ်တယ်တော်။ အဲဒီ ပုပ်ပွကြီးက သရဲနှာဘူးကြီး ဖြစ်လိမ့်မယ်"

"ဘာ ... ငါ့ အသည်းကျော် အမဲခြောက်မလေးကို ပုပ်ပွကြီး သရဲက ဖင်ကုတ်တယ်။ မင်းက ပါးလှည့်ရိုက်လိုက်ပါလား၊ ဘာလို့ မရိုက် တာလဲ"

"သူက သရဲကြီး၊ သူ့အလောင်းကလည်း ဝဝတုတ်တုတ်၊ ထောင် ထောင်မောင်းမောင်း ရှင့်ထက်တောင် အကောင်ကြီးသေးတယ်။ ကျုပ် လှည့်ရိုက်ဖို့မပြောနဲ့ လှည့်တောင်မကြည့်ရဲဘူး။ ကျုပ် ဝတ်ထားတဲ့ ဘေထုပ် ထည်ထဲက ရွေးဝယ်လာတဲ့ စတော်ကင်ဘောင်းဘီကျပ်ထဲ သေးတွေထွက် ကျကုန်တာပဲ။ သေးနံ့ရမှ အဲဒီလို ခါးကုတ်၊ တင်ပါးကုတ်ကာ ရပ်တန့်ပြီး ကျန်ခဲ့တာ။ သိပ်ဆိုးတဲ့ ပုပ်ပွကြီးရှင့်"

---

စိတ်ကူးသစ်စာပေ



"တွေ့မယ် ... ဒီည ငါနဲ့တွေ့မယ်၊ ငါ အရက်သွားသောက်လိုက် ဦးမယ်။ ငါက အရက်သောက်ပြီးမှ မိုက်ရဲတာ။ ဒီည အဲဒီကောင်ကို စိန်ခေါ် ပြီး တစ်ယောက်ချင်းထိုးကြိတ်မယ်။ ငါ့အောင်ပွဲသတင်းကို နားသာစွင့်နေ သေတော့။"

ငမဲသိန်း အဲ့လိုနဲ့ မူးပြီးရောက်လာတာ။ ဆဲလိုက်ဆိုလိုက်တာက ည်း ဆဲနည်းပေါင်းစုံ၊ ပုပ်ပွကြီး သရဲဆိုတာ သူ့အဆဲနဲ့ဘင် လဲသေသွား င်လောက်တယ်။

"ဟေ့ ... ခွေးဦးမသား၊ ပုပ်ပွကြီး ... ထွက်ခဲ့လေကွာ။ မင်းကို — ထင်တယ်၊ ငမဲသိန်းရောက်လာပြီ၊ မင်းက သရဲဖြစ်မှ မိုက်ရဲတာ။ ငမဲ သိန်းက သရဲမဟုတ်ဘဲနဲ့ မိုက်ရဲတဲ့ကောင်ကွ"

ပုပ်ပွကြီး သရဲအလောင်းပေါ်တဲ့နေရာ ရောက်တော့ ငမဲသိန်းရဲ့ နောက်ကျောကို လူကြီးလက်သီးဆုပ်လောက်ရှိတဲ့ မြေကျစ်ခဲကြီး ထိမှန် ။

"ဘုတ်"

"အား ... ဘယ်ကောင်လဲကွ၊ ငါ့ကို ခဲနဲ့ချောင်းပစ်တာ၊ ပစ်ရဲ ကြည့်စမ်း"

"ဒုတ်"

"အောင်မလေး ... နာလိုက်တာဟ"

ငမဲသိန်းရဲ့ နဖူးကို နောက်ထပ်မြေကျစ်ခဲ ထိမှန်ပြီး မြေစတွေ နဲ့ လွင့်စဉ်ကုန်၏။ ငမဲသိန်း မျက်လုံးထဲ ကြယ်မြင်လမြင်ဖြစ်သွား၏။

"ဟေ့ကောင် ... ပုပ်ပွကြီး၊ နပန်းချမယ်၊ ထွက်ခဲ့ ... သရဲ ကြောင်ကြီး ခဲနဲ့ထုမနေနဲ့။ မင်းခဲလောက်ကတော့ ငမဲသိန်းက ဒါပဲ င်တယ်"

ငမဲသိန်း ပုဆိုးဆွဲချွတ်လိုက်သည်နှင့် မြစ်ကွေ့ကမ်းပါးစောက်ချို က တက်လာသော လူကြီးတစ်ယောက်။

ဖောယောင်ပုပ်ပွနေ၏။ အကျီကွက်ကြီးနှင့် အသားကလည်းမဲပြာ တ်ပြီး နဖူးက ပြောင်တောင်တောင်။ ဘေးနှစ်ဖက်က ဆံပင်လိမ်တွန့်တွေ ရေစိုရွှဲကပ်နေ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငမဲသိန်း မူးနေတာတွေ လွင့်ပျောက်ပြီး ခေါင်းနဘမ်းကြီးထွက်သွား၏။ လူကြမ်းလျှင် နတ်ကြမ်းမခံနိုင်။ သရဲတစ္ဆေကြမ်းလည်း မခံနိုင်တဲ့ သူထင်ပြီး သောင်းကျန်းဆဲဆိုခဲ့တာ ဘာမှမဖြစ်သေး။ အတိတ်က ကောင်းတဲ့ ကံတွေက ငမဲသိန်းကို ကာထားခဲ့၏။ ယခုဖြင့် အတိတ်ကကောင်းတဲ့ ကံတွေကုန်ပြီထင်၏။ အကောင်အထည်မြင်ရတဲ့အပြင် လိပ်ပြာလွင့်ချင်စရာ ကောင်းသော မျက်နှာကြီးနှင့် လက်သီးကြီးတွေဆုပ်ပြီး ဒေါင်ရွှဲ့တိုက်ပြီး လျှောက်လာ၏။

ငမဲသိန်းက ပုပ်ပွကြီးကို သေးနဲ့ငေါ့ပန်းပစ်၏။ ကျင်ငယ်နဲ့ကို မကောင်းဆိုးဝါးတွေလည်း မခံနိုင်။ ပုပ်ပွကြီးလာနေရာက ဖျတ်ခနဲပျောက်သွား၏။ ဘယ်ရောက်သွားမှန်းမသိ၊ ငမဲသိန်းလည်း နီးရာတုတ်၊ ခဲလိုက်ရှာ၏။ သိပ်မကြာလိုက်။

"ငမဲသိန်းရဲ့ ခန္ဓာကိုယ်ပေါ်ကို အပေါ်က သိန်းစွန်ကြီးအုပ်ချလိုက်သလိုပင်။ အပေါ်က စီးကျလာသော အေးစက်ပုပ်ဟောင်အကောင်ကြီးနှင့် ငမဲသိန်းတို့ လုံးထွေးသတ်ပုတ်ကုန်ကြ၏။ ငမဲသိန်းကို ထိုးလိုက်တာ ...

"အင့်"ခနဲ၊ "အား"ခနဲ၊ "အောင်မလေးဗျ" အော်နေရ၏။ နှာလည်းနာကျင်၏။ ငမဲသိန်းက သူ့သုံးချက်မှာ ကိုယ်တစ်ချက်ထိအောင် ပြန်ထိုး၏။ ငမဲသိန်းထိုးတာကို ပုပ်ပွကြီးက မဖြုံ။ ဖွဲ့အိတ်ကြီး ထိုးလိုက်ရသလို အိခနဲ အိခနဲ။ နှစ်ယောက်သား လုံးသတ်လိုက်ကြတာ တုံးမောင်းခေါက်သံကြားမှ ရပ်သွားတော့၏။ ငမဲသိန်း မထနိုင်တော့။ မြစ်ကွေ့ လူသွားလမ်းပေါ်မှာ ပိုးလိုးပက်လက်ကြီး။ ရွာကလူတွေ တွေ့ပြီးပြန်သယ်လာ၍ ငမဲသိန်း အသက်ပြန်ရှင်လာခဲ့ရလေသည်။

ငမဲသိန်းလို လူရှုတ်၊ လူမိုက်၊ လူပေလူတေလို ကောင်မျိုးတောင် ပုပ်ပွကြီးသရဲကို အမှန်ကြောက်သွားမိ၏။ ငမဲသိန်းလိုကောင်မျိုးတောင် ကြောက်ချေးပန်းသွားရတဲ့ ပုပ်ပွကြီးသရဲကို လူတိုင်း ကြောက်ရွံ့ကြ၏။

❀ ❀ ❀

[၂]

မြစ်ကွေ့လမ်းရဲ့ ထိပ်နားမှာ ဦးခင်မောင်တင့် ဟုခေါ်သော ကျောင်းဆရာတစ်ယောက် နေထိုင်၏။ ဦးခင်မောင်တင့်က ထောင်ထောင်မောင်းမောင်း၊ တုတ်တုတ်ခိုင်ခိုင်။ မျက်နှာက မျောက်မင်းဂုဏ်ခုံကားထဲက ဝက်ပါကျဲနှင့် ခပ်ဆင်ဆင်။ ဦးခင်မောင်တင့်က လူပျိုကြီး။ အစ်မနှစ်ယောက်နဲ့ အတူနေတယ်။ အစ်မတွေကလည်း အပျိုကြီးတွေ။ အကြီးဆုံးက ကျောင်းအုပ်ဆရာမကြီးအငြိမ်းစား။ အလတ်အစ်မကြီးက မြေစာရင်းရုံးဝန်ထမ်း၊ ဦးခင်မောင်တင့်တို့ မောင်နှမသုံးယောက်ထဲ နေထိုင်ကြ၏။

ဦးခင်မောင်တင့်က သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါအခံတွေရှိသောကြောင့် ညဖက်ဆို မအိပ်။ ပြာသို၊ တပို့တွဲ၊ တပေါင်းလညတွေဆို သန်းခေါင်ကျော်တာနဲ့ ဦးခင်မောင်တင့် မအိပ်တော့ဘူး။ အပေါ်က တီရှပ်အဖြူအပွကြီး၊ ဘောင်းဘီတိုအဖြူရောင်အပွကြီး၊ ခြေအိတ်ကလည်း အဖြူရောင်၊ ဖိနပ်ကလည်း အဖြူရောင်၊ နှင်းတွေ ခေါင်းပေါ်ကျမှာစိုး၍ ဆည်မြောင်းဦးထုပ်သော အနားဝိုင်းပါသည့် ဦးထုပ်အဖြူရောင်ကိုလည်း ဆောင်းထားလိုက်သေး၏။ မြိုင်ရာဇာတွတ်ပီဦးထုပ်ဟု နောက်ပြောင်ခေါ်လျှင် ဦးခင်မောင်တင့် သိပ်စိတ်ဆိုးတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင်တင့်က နည်းနည်းသတ္တိကောင်း၏။ သူ့အိမ်ရှေ့ကနေ မြစ်ကွေ့နားအထိ လမ်းလျှောက်လိုက်၊ ပြန်သွားလိုက်၊ ပြန်လျှောက်လိုက်နှင့် ခေါက်တိုလမ်းလျှောက်ပြီး ကျန်းမာရေး လေ့ကျင့်ခန်းလုပ်၏။

"ခင်ဗျား လေ့ကျင့်ခန်းကလည်း ညသန်းခေါင်ကြီးဗျာ၊ သူများတွေ မနက်သုံးနာရီ၊ လေးနာရီ၊ ငါးနာရီကျမှ လမ်းထလျှောက်ကြတာပါ။ ခင်ဗျားလို သန်းခေါင်သန်းလွဲကြီး ဘယ်သူမှ မလေ့ကျင့်ကြပါဘူး"

"ကျုပ်က ညသန်းခေါင်လောက်ဆို အိပ်နေရင် သွေးက ဆောင့်ဆောင့်တက်တာဗျ။ အိပ်လို့မရ၊ ထိုင်လဲ သွေးတိုးနေတာနဲ့ လေ့ကျင့်ခန်းထလုပ်တာ။ မနက်လေးနာရီလောက်မှ ဝင်အိပ်၊ တန်းခနဲအိပ်ပျော်ရော၊ အဲ့ဒါကြောင့် ကျုပ် အဆင်ပြေတာ လုပ်နေရတာ"

"ရှင် မကြောက်ဘူးလား၊ မြစ်ကွေ့က ပုပ်ပွကြီးသရဲက အခြောက်ကြမ်းပါဘိသနဲ့"

"ကျုပ်က အဲဒီအနားပဲရောက်တာ၊ အဲဒီအနားက ဖြတ်သွားတာမှ မဟုတ်တာ။ အဲ့နားရောက်ရင် ပြန်လှည့်လာတာ၊ ကျုပ်ကိုတော့ ဘာမှမလုပ်ဘူး။ ကျုပ်က ဘုရားတရား ဂါထာလဲ ရွတ်နေတာကိုး"

ဦးခင်မောင်တင့် သူ့နည်းနဲ့သူ ဟုတ်နေ၏။

ရေကြီးတွင်းမှာနေသော မောင်အောင်ဆိုသည့် အသက်သုံးဆယ့်ငါးအရွယ်လူမှာ ဘုရားပွဲဈေးတွေမှာ အလှကုန်ပစ္စည်းလေးတွေ လိုက်ရောင်းပြီး စီးပွားရှာ သက်မွေးဝမ်းကျောင်းပြုရသူ။ မောင်အောင်က ပွဲဈေးမှာ ညသန်းခေါင်ထိရောင်းချပြီး ရပ်ဝေးပွဲဆို ပွဲဈေးတန်းမှာ ဖြစ်သလို အိပ်တတ်၏။ ရပ်နီးပွဲဆို အိမ်ပြန်တတ်၏။

ဒီမြို့ကလေးရဲ့အပြင်နားက ရွာဘုရားပွဲမှာ မောင်အောင် ဈေးသွားရောင်း၏။ ညသန်းခေါင်ကျတော့ မောင်အောင် အိမ်ပြန်အိပ်ရ၏။ မအိပ်လို့ မဖြစ်။ မောင်အောင်ရဲ့ မိန်းမမိဖင်က မှာထား၏၊ အိမ်မှာ ကလေးအငယ်ဆုံးလေးက နေသိပ်မကောင်း။ ညရေးညတာလိုအပ်ရင် ယောကျ်ားရှိမှဖြစ်မှာတဲ့။ မောင်အောင်က မိဖင်ကိုသိပ်ချစ်တော့ ကြောက်ရ၏။ မိဖင်က





နိုင်စားနိုင်။ မိဖင်က လုံးကြီးပေါက်လှကြီး။ မောင်အောင်နဲ့ရတော့ မွေးသိုက်တဲ့ကလေး။ တစ်နှစ်တစ်သားပုံမှန်။ ဘုစုခရုကလေးတင် ရှစ်ယောက်၊ အိမ်ထောင်သက် ဆယ်နှစ်မှာ ကလေးရှစ်ယောက်မွေး၏။

"တောက် ... မောင်အောင်တို့များ အိမ်ကပ်တာမဟုတ်ဘူး။ဘုရားပွဲဈေးတွေ အနှံ့လိုက်ရောင်းနေတာ။ ဒါတောင် ကလေးရှစ်ယောက် မွေးတယ်ဆိုရောကွာ"

ဘေးပတ်ဝန်းကျင်က ပြောကြ၏။ မောင်အောင်က ပြုံး၍သာနေလိုက်၏။ မိဖင်အလုပ်က ကလေးထိန်း၊ ချက်ပြုတ်လျှော်ဖွတ်ပေါ့။ ဟိုတုန်းက အထည်ဆိုင်ထွက်ရသည့်သူ။ မောင်အောင်နဲ့ ညားတော့ သူ့မိဘက အမွေပြတ်သဘောမျိုး စွန့်လွှတ်လိုက်၏။ မောင်အောင်ကလည်း မယားကို ဘာအလုပ်မှမခိုင်း။ တစ်နှစ်တစ်သားတော့ မွေးခိုင်းထား၏။ မိဖင်ခမျာ ကလေးတွေနှင့် လုံးချာလည်လိုက်နေ၏။ ဗိုက်နဲ့ လူနဲ့ကလည်း မပြတ်။ မောင်အောင်က အားပေး၏။

"သားသမီးဆိုတာ ရတနာပဲ၊ ရသလောက်သာမွေး မိန်းမရေ၊ အကျိုးပေးတဲ့ ကလေးနဲ့ဆိုရင် တို့ချမ်းသာပြီ။ အကျိုးမပေးသေးရင်တောင် ဒီကလေးတွေကြီးလာရင် တို့ပြန်ခိုင်းစားလို့ရပြီ။ အိုဇာတာ ကောင်းသွားတာပေါ့။

မိဖင်က မျက်စောင်းထိုး၏။

"ရှင့်ကြောင့် ရပ်ကွက်ထဲမှာ ကျွန်မ အပြောခံနေရတယ်။ တရုတ်ပြည်လူဦးရေ အမှီလိုက်နေတာလားတဲ့။ တချို့က အိန္ဒိယလူဦးရေထက် ကျော်လွန်မှာပါတဲ့။ ကျုပ် ရှက်လာပြီတော့၊ တော်ကမြင်းကြောထတာလဲ လျှော့ဦး"

"မိန်းမရာ ... မင်းနဲ့ငါ အသက်ချင်းဆယ်နှစ်ကွာတာ။ ငါတောင် နိုင်ရည်ရှိသေးရင် မင်းလည်း ခံနိုင်ရည်ရှိရမှာပေါ့။ ဒီမှာ ပဒုမ္မာဒေဝီဆိုရင် တစ်ကြိမ်တည်းနဲ့ သားငါးရာတောင် ဖွားသတဲ့။ ဗန္ဓုလစစ်သူကြီး မာလိကာဆိုရင် သားသုံးကျိပ်တောင် ဖွားသေးတာ။ တို့ဖွားတာ ရှစ်ယောက်ပဲရှိသေးတယ်။ နောက်တစ်ဒါဇင်လောက်တော့ လျှော့ထားပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"တော်ကြီးနော် . . . ဟွန့် . . . စာတိုညှိုလို စာကလည်းတင်တော့ ပြောတတ်လိုက်တာ ဟုတ်နေတာပဲ။ သူ့ မမွေးရတိုင်း ကိုယ်ချင်းမစာ ဒီတစ်ဗိုက်မွေးပြီးရင် ရှင့်ကို သားကြောဖြတ်ခိုင်းမယ်"

"မဖြတ်နိုင်ပါဘူး၊ မင်းလည်း မဖြတ်ရဘူး။ ငါ ရှာကျွေးနေတာ မင်းကိုပြောတဲ့လူတွေ ရှာကျွေးနေတာ မဟုတ်ဘူး။ ကျန်တဲ့စကားသာ မင်းပြောသမျှ နားထောင်မယ်၊ အဲဒီ တားမြစ်တာကျတော့ လုံးဝမရဘူးဟေ့"

မဖင်လည်း တားမရ၊ မောင်အောင်ကလည်း နေ့ဖက်မှာ ဗောက်လုပ်၊ ညဖက်မှာ ပွဲဈေးရောင်းနှင့် သူ့တာဝန်ကို သူ့ဘာသာကျေပွန်အောင် ထမ်းဆောင်နေဆဲ။

အရင်နေ့ည အချိန်မတော်တွေတုန်းက တာလမ်းဘက်က အိမ်ပြန်အိပ်ရ၏။ ဒီနေ့ညတော့ မြစ်ကွေ့လမ်းက ပတ်ပြန်ကာ လမ်းမီးတိုင်ငါးတိုင်လောက်ပဲ လျှောက်ရမည်။ တာကုန်းဖက်ကဆို တကွေ့တပတ်နှင့် လမ်းမီးတိုင်ဆယ့်ငါးတိုင်စာလောက် လမ်းလျှောက်ရလိမ့်မယ်။ အိမ်ရောက်တော့ မောပြီး အိပ်ပျော်သွားလိမ့်မယ်။ အိပ်ပျော်လို့မဖြစ်၊ မိဖင်လေးနှင့် တစ်ညတာ ကင်းကွာရမှာ မောင်အောင် မနေနိုင်။

မိဖင်လေးကလည်း တစ်သားမွေး တစ်ပွေ့ကြီး ဝလာလိုက်တာ နည်းတဲ့ဟာကြီးမဟုတ်ဘူး။ ဝက်မကြီးသာဆိုရင် ကတ္တားချိန်ခွင်လွန်နေလောက်ပြီ။ တင်ပလုံးကြီးတွေ လှုပ်ခါသွားလိုက်တာများ မောင်အောင် သစ်အိမ်လေးကို သိမ့်သိမ့်တုန်သွားတတ်၏။

"အငယ်ကောင် ဖျားနာတာ သိပ်မဟုတ်ဘူး။ ပြီးခဲ့တဲ့ သုံးလေးရက်က မြို့နဲ့ဝေးသော တော်နန်းရွာမှာ ဘုရားပွဲ ဈေးသွားရောင်း၍ ထိုရွာ ပွဲခင်းမှာပင် ညအိပ်ခဲ့ရ၏။ မယားနဲ့ပြန်မအိပ်ဖြစ်တာ သုံးညရှိပြီ။ ဒီည တော့မောင်အောင်တောင် စပြောစရာမလို၊ မယားက အရောက်ပြန်လာနိုင်းနေပြီ။ အိမ်ကို စောစောရောက်လေ ပိုကောင်းလေပေါ့။ ခေါက်ရေများများ ဆွဲတဲ့ကား၊ အမြတ်များများ ကျန်သလိုပေါ့။ မောင်အောင် ခြေလှမ်းတွေ သွက်နေ၏။





မြစ်ကွေ့လမ်းဖက်ချိုးတော့မှ ပုပ်ပွကြီးသရဲသောင်းကျန်းနေတာကို မှတ်ရ၏။ မောင်အောင်က ဆာလာအိတ်ကြီး ထမ်းလာရ၏။ အလှကုန်ပစ္စည်းတွေ စုထည့်ထားတာကိုး။ စလွယ်သိုင်းသားရေအိတ်ကလည်း လွယ်ထားရသေး၏။ ရောင်းရငွေ၊ စာရင်းစာအုပ်၊ မျက်နှာသုတ်ပဝါ၊ တိုလီမုတ်စတွေ၊ အဝတ်အစားအပိုတစ်စုံထည့်လွယ်ထားတဲ့ အိတ်ပေါ့။

ပုပ်ပွကြီး သရဲနဲ့တိုးရင် ဘယ့်နှယ်လုပ်ရပါ့။ မိဖင်လေးနဲ့ မြန်မြန်တွေ့အိပ်ချင်စိတ်ကလည်း လောဆော်နေပြီ။ တဏှာစိတ်က ကြောက်စိတ်ရဲ့ အပ်ပိုးပေါ်ခွစီးပြီး မောင်အောင် အရဲစွန့်ကာ မြစ်ကွေ့လမ်းအတိုင်း လျှောက်လာ၏။

"ခြောက်ရဲခြောက်ကြည့်၊ ကိုယ့်ဘာသာကိုယ် သွားတဲ့လမ်းကို လိုက်ခြောက်လို့ကတော့ အိတ်ပစ်ချပြီး စလွယ်သိုင်းထားတဲ့ အိတ်ထဲက အိတ်ဆောင်ဓားကိုထုတ်ပြီး ထိုးသတ်ပစ်မယ်။ သရဲလည်း သတ်ရင်သေတာပဲတဲ့၊ သေမှာတော့ ကြောက်မှာပေါ့၊ အဲဒီလိုအတွေးနဲ့ မောင်အောင် သူ့ကိုယ်သူ အားပေးတင်ပြီး လျှောက်ဝင်လာလိုက်၏။

✿ ✿ ✿

www.burmeseclassic.com

## [၃]

❑

မြစ်ကွေ့ရဲ့ ကုန်းပိုင်းမှာ အိမ်တန်းရှိ၏။ လမ်းနဲ့အိမ်ကြား ချုံပုတ်တွေခြားထား၏။ လမ်းက မြစ်ကြောင်းအတိုင်း ကွေ့ပတ်ဖောက်ထားသော လမ်းဟောင်း။

မောင်အောင်တစ်ယောက် လမ်းဟောင်းအတိုင်း အထုပ်ကြီးထမ်းပြီး ဝင်လာ၏။ မြစ်ကွေ့နားရောက်ဖို့ ခြေလှမ်းငါးဆယ်ခန့်သာလိုတော့ ကိုင်းချုံတွေ့လိုက်တာနဲ့ မြစ်ကွေ့နေရာကို လှမ်းတွေ့နိုင်၏။ ကိုင်းချုံနားလည်းရောက်ရော ...

"အောင်မလေးဟ"

"အား ... ဖြူ ... ဖြူဖြူကြီး ... လူဖြူကြီး"

"ဟာ ... ဟေ့ ... ဟေ့ကောင် ... မင်း ... မောင်အောင်မဟုတ်လား"

မောင်အောင် အထုပ်ကြီးနှင့် လှည့်ပြန်ပေးပို့ပြင်နေစဉ် ဘွားခနဲ ပေါ်လာ၍ အရင်လန့်အော်သော လူဖြူကြီးက လမ်းမီးတိုင် ခရမ်းချဉ်ရောင်အောက်မှာ လှမ်းခေါ်လာ၏။





"ဟုတ် ... ဟုတ်တယ်၊ ခင် ... ခင်ဗျာ ပုပ်ပွလူဖြူကြီးလား ကျုပ် ... ကျုပ်"

"ဟေ့ကောင် ... ငါက လူကွ၊ ခက်တော့တာပဲ၊ ရုတ်တရက်မြင်လိုက်တော့ ငါကလည်း မင်းကိုလန့်၊ မင်းကလည်း ငါ့ကိုလန့်နဲ့၊ ငါက ဆရာခင်မောင်တင့်လေကွာ"

"ဟာ ... ဆရာ ... ကန်တော့နော်၊ ကျွန်တော် လေးတန်းကျောင်းသားဘဝတုန်းက ဆရာ့ဆီမှာ ကျူရှင်တက်ဖူးတဲ့မောင်အောင်ပါ ခင်ဗျာ"

"အေး ... မင်းကို ငါမှတ်မိတယ်၊ ငါ သင်တဲ့ကျောင်းနဲ့ မင်းနေတဲ့ကျောင်းကမတူလို့ ကျူရှင်ပဲသင်ပေးဖြစ်ခဲ့တာ၊ အချိန်မတော်ကြီး မင်းဘယ်ကပြန်လာတာလဲ"

"ပွဲဈေးရောင်းပြီး ပြန်လာတာ ဆရာ"

"မင်းဘဝကလည်း ကြမ်းလှချည်လားကွာ၊ ပညာတတ်အောင် သင်ပါ၊ ဒါမှ ဘဝမှာ အဆင်ပြေမှာဆိုတဲ့ ငါ့စကားကို နားမထောင်ခဲ့တော့ မင်း ဆင်းရဲနေရပြီမဟုတ်လား"

"ဒီလိုပေါ့ ဆရာရယ်၊ ဆရာကရော ဒီအချိန်ကြီး အပေါ်ဖြူအောက်ဖြူနဲ့ ဘာထွက်လုပ်နေတာလဲ"

"ငါ အိပ်မပျော်လို့ လမ်းထလျှောက်နေတာကွ၊ ကိုယ့်အိမ်အနီး အနားပေါ့ကွာ"

"ဩော် ... ဒီလို့၊ တော်သေးတာပေါ့ ဆရာရယ်၊ သန်းခေါင်ကျော်ကြီး ဆရာရှိနေတော့ ဒီနားကဖြတ်သွားရမှာ ကျွန်တော်အားရှိတာပေါ့"

"မင်း ယောက်ျားမဟုတ်ဘူးလား"

"ဗျာ"

"ယောက်ျားဆိုတာ မကြောက်ရဘူးကွ"

"ဩော် ... ဟုတ်ကဲ့၊ သူခိုးဓားပြက ခံချလို့ရတယ်ဆရာရဲ့၊ မကောင်းဆိုးဝါးဆိုတာက ကာမှဖြို့ အစွမ်းရှိတော့ သူ့ကို မမြင်ရလို့ ခံချလို့ မှသွယ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"လူကို မခြောက်ရဲပါဘူးကွာ၊ သိပ်ကံနိမ့်နေမှသာ ခြောက်… တာပါ။ မင်းကို သရဲနိုင်တဲ့ မန္တာန်ငါပေးလိုက်မယ် ယူမလား"

"မြန်မြန်ပေးပါဆရာရယ်၊ ဆရာဒီလောက် သတ္တိကောင်းနေ… အဲဒီမန္တာန်အားကိုးအားထားရှိလို့ပဲ ဖြစ်ရမယ်"

"အေး … နားထောင်၊ ဦ … သရဲ ငါမကြောက် … ငါရော… ရင် သရဲပြေး … မပြေးရင် သေ … ပြေးရင်နေ … ငါသေဆိုသေ … ကြေဆိုကြေ၊ အဲဒါလေးသာ ရွတ်သွား"

မောင်အောင်လည်း မန္တာန်လေးကို လိုက်ရွတ်ကြည့်ရာ ခဏတွင်… ရသွား၏။ ဆရာ့ကို ကျေးဇူးတင်ကြောင်းပြောပြီး ဆက်လျှောက်သွား… မန္တာန်ရွတ်သွားတော့ မြစ်ကွေ့နေရာကနေ ရင်ကော့ပြီး ဖြတ်သွား… ပုပ်ပွကြီး ထွက်ကိုမခြောက်။ ရေကြီးကွင်း အိမ်တန်းထိပ်ကို ရောက်… ၏။

"ကောင်းလိုက်တဲ့ မန္တာန် … ဘာသရဲမှ လိုက်မခြောက်ရဲ… ငါတို့ လမ်းထိပ်တောင် ရောက်လာပြီ၊ ကျေးဇူးတင်လိုက်တာ … ဆ… ရယ် … တကယ် … တကယ်"

အိမ်ရောက်တော့ မိဖင်ကို ပြောပြရသေး၏။ မိဖင်က ခြေ… ဆေးခိုင်းပြီး အတင်းဝင်အိပ်ခိုင်းနေ၏။ ခက်လှပါဘိတော့။ ဒါကြောင့်မို့ … ရှိတာ မိန်းမက ချစ်သမျှကို ချစ်ဆပိုသတဲ့။ ခြင်ထောင်ထဲရောက်မှ … အကြောင်းကို သိရတော့၏။

"ကျုပ် ဖက်ကြောတက်နေလို့ နှိပ်ခိုင်းမလို့"

ကောင်းရော မောင်အောင်တစ်ယောက် နှိပ်လိုက်ရတာ ကုံး… ခေါက်သံကြားမှ နားရတဲ့အဖြစ်။ ဩော် … အချစ်ဒုက္ခ ….

✿ ✿ ✿

|၄|

❑

မောင်အောင်တစ်ယောက် နောက်ညတွေမှာလည်း မြစ်ကွေ့လမ်းက ပြန်၏။ ဆရာဦးခင်မောင်တင့်နှင့် တွေ့ရပြန်၏။

"ဟော့ … တပည့်၊ ဘယ့်နှယ်လဲ ဂါထာစွမ်းရဲ့လား"

"စွမ်းပါသကော ဆရာရယ်၊ ချီးခနဲ ချွတ်ခနဲတောင် အသံပေးပြီး မခြောက်ရဲဘူး"

"ဟား … ဟား … ဟား … အဲ့ဒါပဲကွ။ လူ့စိတ်ဆိုတာ လူ့စိတ်က အားကိုးရှိရင် မကြောက်တော့ဘူး။ အားကိုးမရှိရင် ကိုယ့်စိတ်ကကို ကိုယ့်ပြန်ခြောက်နေတာ။ အမှန်တော့ မင်းကို ငါ မန္တာန်ပေးလိုက်တာ သရဲနိုင်မန္တာန်မဟုတ်ဘူး။ ဖြီးဖြန်းပြီး လက်တန်းစပ်ပေးလိုက်တာ။ မင်းစိတ်ကို ရဲဆေးတင်ပေးလိုက်တာ။ ကိုယ့်ကိုယ်ကိုယ်သာ ရဲဆေးတင်ပြီး နေလိုက်စမ်းပါ။ ဘာသရဲမှ မခြောက်ရဲဘူးဆိုတာ လက်တွေ့သိပြီမဟုတ်လား"

မောင်အောင် တအံ့တသြဖြစ်သွား၏။ ဆရာကြီးက ပြန်ကြည့်နေ၏။ မောင်အောင်က …



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးရယ် . . . ကျွန်တော် အဟုတ်မှတ်နေတာ။ ဆရာကြီးပြောတာလဲ ဟုတ်ပါတယ်လေ။ ကျွန်တော် ကိုယ့်ဘာသာရဲဆေးတင်ပါတော့မယ်"

"ဒါမှပေါ့ကွ . . . ရဲရဲသာသွား။ ကဲ . . . ငါ ဟိုဘက်လမ်းလျှောက်လိုက်ဦးမယ်ဟေ့"

ဆရာခင်မောင်တင့်နဲ့ မောင်အောင်တို့ (၃)နဲ့ (၄)ကို လမ်းခွဲထွက်လာကြ၏။ မြစ်ကွေ့ရောက်သောအခါ ကိုင်းပင်တွေလေတိုး၍ ယိမ်းထိုးပြီး တရှဲရှဲမြည်လာ၏။

(ဒါသဘာဝပဲ၊ လေတိုးလို့ ကိုင်းပင်တွေ တရှဲရှဲအော်တာ၊ ဘာကြောက်စရာရှိသလဲ၊ ငါက လူသား၊ ဘုန်းကံရှိတဲ့လူပဲ။ ဘာသရဲမှ မကြောက်ဘူးကွ)

စိတ်ထဲက ရဲဆေးတင်ပြီး ဖြတ်လာလိုက်၏။ အဟုတ်ကို မခြောက်လှန့်၊ ရပ်ကွက်ထိပ်ကို ရောက်လာခဲ့၏။ ဆရာခင်မောင်တင့်ကို ကျေးဇူးအထူးတင်နေရပြန်၏။

အိမ်ရောက်တော့ မိဇင်ကို ပြောပြ၏။ မိဇင်က ထုံးစံအတိုင်း ခြင်ထောင်ထဲ အတင်းဆွဲသွင်း၏။ ဘယ်ရမလဲ ဒီတစ်ခါမှာတော့ မောင်အောင်အားရပါးရ ဆွဲနှိပ်ပစ်လိုက်တာမှ ဒီမိန်းမ မျော့မျော့ရယ်ကျန်တော့တယ်လေ။

ဖက်ကြောတွေ ခွနှိပ်ပေးလိုက်တာကြောင့်ပါ။

❁ ❁ ❁

|၁|

❑

မောင်အောင်တစ်ယောက် ဘုရားပွဲဈေးတွေ လှည့်ရောင်းနေလိုက်တာ နှစ်လလောက်ကြာသွား၏။ နှစ်လအနက် နောက်တစ်လမှာ နယ်အဝေးတွေ ဖြစ်နေ၍ မြို့ကိုပြန်မရောက်ဖြစ်။ မိဇင်ကို သတိရလျှင် ဖုန်းဆက်ပြီး အလွမ်းသယ်ရ၏။ ကိုယ့်အိမ်မှာ ဖုန်းရှိတာမဟုတ်။ တစ်ဆင့်ပေါ်ဖုန်းနဲ့ခေါ်ပြီး အလွမ်းသယ်ရခြင်းပင်။ ဈေးကလည်း အလွန်ရောင်းကောင်း၏။ ရန်ကုန်တက်ပြီး ပစ္စည်းဝယ်လိုက် ရောင်းလိုက်နှင့် ရန်ကုန်ကို လေးငါးခေါက်ဆင်းလိုက်ရသေး၏။ လက်ထဲမှာလည်း ငွေကြေးအတော်အတန်စုမိနေ၏။ အောက်ဘက်ဒေသ ပွဲရာသီကုန်ဆုံးစလဲပြုနေပြီ၊ ပွဲတွေက မိုးကျတော့ည်။ သင်္ကြန်ကာလကျော်လျှင် အထက်ဘက်ကို တက်ကြတော့မည်။

အထက်ကိုတက်လျှင် အောက်ပြည်ဘက်ကို ပြန်ဖို့မလွယ်တော့။ ဇင်ကလည်း အထက်ဘက်မလိုက်ဖို့ ပြောထား၏။ ဖုန်းထဲမှာ . . .

"ပဲခူးရွှေမော်ဓောဘုရားပွဲရောင်းပြီးရင် ပြန်ခဲ့ပါ့မယ်ကွာ။ အောက်ဘက်မှာ ဇာတ်ရာသီသိမ်းတာ၊ အဲဒီပွဲပဲ . . . မိုးကာလနားတဲ့ဇာတ်နားမနားတဲ့ဇာတ်တွေက အထက်ဘက် တက်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"အထက်ကိုမလိုက်ရင် ပြီးတာပဲ၊ ရှင်နော် . . . ကျုပ်ကိုယ်ဝန်က လည်း ရင့်လာပြီ၊ ရှင့်မှာ မွေးဖွားစရိတ်အပြင် အတော်စုမိနေပြီပဲ။ ကျုပ် မှာလဲ ချေးငှားစားထားရတာ ကြွေးရှင်တွေက နားပူလှပြီ၊ တော်လာမှ ထိုး ဆပ်ရမှာ"

"အေးပါ . . . စိတ်ချ . . . မောင်အရောက်ပြန်ခဲ့မယ်။ မိန်းမ မင်း အတွက် ရွှေဆွဲကြိုးနဲ့ ရွှေနားကွင်း၊ ရွှေလက်စွပ်တွေ ဝယ်ခဲ့မယ်"

မိဇင်က သဘောတွေလွှတ်ကျနေ၏။ မောင်အောင်လည်း ပွဲဈေး ဆက်ရောင်းနေလိုက်၏။ ရွှေမော်ဓောဘုရားပွဲပြီးမှ ပဲခူးက ရွှေဆိုင်မှာ ရွှေ ထည်တွေလုပ်၊ လက်ဆောင်မုန့်တွေဝယ်ပြီး မြစ်ဝကျွန်းပေါ်ဘက်က မြို့ကို ကားနှင့်အရောက်ပြန်ခဲ့၏။ အဝေးပြေးလိုင်းကားတွေက လမ်းမှာပျက်နေ၍ မြို့ကို ညသန်းခေါင်ယံတိုင်ခါနီးမှ ထိုးဆိုက်တော့၏။

ပါလာသော ရွှေထည်လေးတွေက လွယ်အိတ်ထဲမှာ။ မိဇင် ကို ပြန်လာပြီ၊ လက်ကျန်အလှကုန်လေးတွေက ထမ်းရသေး၏။ မြို့ကဈေးမှာ ပြန်ချရောင်းလို့ ရသေး၏။ လက်ကျန်လေးတွေက ပြန်ရင်းနှီးနိုင်လောက် အောင်ကို ကျန်သေး၏။ အကြွေးဆပ်ဖို့ ငွေကို ဖယ်ထားပြီးသား။ မောင် အောင်ရဲ့ ခြေလှမ်းတွေ မြူးထူးတက်ကြွနေ၏။

မြစ်ကွေ့လမ်းပေါ်ရောက်မှ ပုပ်ပွကြီးဆိုလား၊ အဲဒီသရဲခြောက်တာ ကို သတိရ၏။ ဆရာဦးခင်မောင်တင့်ရော ရှိသေးရဲ့လား။ လမ်းထလျှောက် သေးရဲ့လား။ မိုးဦးကာလက ဝင်နေပြီလေ၊ ဆရာဦးခင်မောင်တင့်တို့ အိမ် ရှေ့မှာ အိမ်ရှေ့မီးလေးသာ ထွန်းထား၏။ဆရာ့အရိပ်အယောင်ကို မတွေ့ ရ။

ဆက်လျှောက်လာလိုက်၏။ ဆရာနဲ့ စတွေ့ခဲ့သော ချုံကွေ့ကို ရောက်တော့ ပြုံးမိသေး၏။ ဆရာက သရဲနိုင်မန္တာန် သင်ပေးလိုက်တာ အ မှတ်ရ၏။

ရှေ့ဆက်လျှောက်လာရင်း မြစ်ကွေ့နားရောက်လာ၏။ လှဲထား သော မအူသားသစ်တုံးကြီးပေါ်မှာ လူနှစ်ယောက်၊ တစ်ယောက်က ဆေး





ကြောင့်ကြီးထိုင်နေ၏။ တစ်ယောက်က မတ်တတ်ရပ်ပြီး သွေးပူလေ့ကျင့် ခန်းတွေလုပ်နေ၏။ လက်မြှောက်၊ ခါးချိုး၊ ကုန်းကွနှင့်။

လက်စသတ်တော့ ဆရာခင်မောင်တင့်က ဒီရောက်နေတာကိုး။ အံမယ် မြစ်ကွင်းသွားလာရင်း ဝင်နားတဲ့ သင်္ဘောသားတစ်ဦးနဲ့ ခင်မင်ပြီး စကားလက်ဆုံကျနေတာနဲ့ တူပါရဲ့။

မောင်အောင်အနားရောက်သွားတော့ ဦးခင်မောင်တင့်က လှုပ်ရှား မှုရပ်ပြီး မောင်အောင့်ကို ခါးထောက်ကြည့်နေ၏။ ကြောက်စရာမလိုတော့။ ဆရာ့်ကိုယ်တိုင် မြစ်ကွေ့နားမှာ ရပ်နေတာကိုး။ မောင်အောင်က ဝမ်းသာ အားရ။

"ဆရာ . . . ဆရာ နေကောင်းလား၊ ကျွန်တော် မောင်အောင် ပြန်လာပြီလေ၊ ဆရာ့ကို ပြန်တွေ့ရပါ့မလားလို့ ပူမိသေးရဲ့"

ဆရာခင်မောင်တင့်က ဘာမှပြန်မပြော။ စိုက်ကြည့်နေ၏။ ဘေး နားမှာ ထိုင်နေသော လူမဲမဲဝဝကြီးက မိုက်ကြည့်စိုက်ကြည့်နေ၏။ ကုန်းထ သာစဉ် ဆရာက လက်ကာထားလိုက်၏။ ပြန်ထိုင်နေလိုက်၏။ ဆရာက မောင်အောင့်ကို လက်နဲ့ဖယ်ထုတ်ရမ်းထုတ်ပြီး ကိုယ့်လမ်းကိုယ် ဆက်သွား ခိုင်း၏။

ဆရာ အရေးတကြီးကိစ္စ ပြောဆိုနေလို့ ဖြစ်မှာပဲ၊ ဝင်မရှုပ်တာ ကောင်းပါတယ်ဆိုပြီး သုတ်ခြေတင်ကာ မိမိအိမ်ပြန်ရောက်တော့ မိဇင်ကို ပါလာတဲ့ ရွှေတွေ၊ ငွေတွေပြ၊ ဝတ်ခိုင်း။ ကလေးတွေကို မုန့်တွေအတင်း ကျွေး။ ပျော်လိုက်ကြတဲ့ ဖြစ်ခြင်း။ ဘေးအိမ်တွေပါနိုးလာ၍ မုန့်ဝေပေး လိုက်ရသေး၏။ မိဇင်ကလည်း ရွှေဆွဲကြိုး၊ နားကွင်း၊ နားကပ်တွေနှင့် င်းကတော်ရုပ်ကြီးပေါက်လို့။ မနက်သုံးနာရီထိုးမှ ပျော်တာတွေရပ်ပြီး အိပ်ဖို့ ပြင်ရ၏။ အိပ်ရာထဲ လင်မယားနှစ်ယောက် လှဲမိတော့ မိဇင် ဗိုက် သေးကို လက်နဲ့ပွတ်ပေးရင်း ဆရာခင်မောင်တင့်အကြောင်းကို ပြောပြ လိုက်မိ၏။ မိဇင်က အလန့်တကြားဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ ... ဆရာခင်မောင်တင့်၊ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးတာ နှစ်ပတ်ကျော်သွားပြီ။ အဲဒီလမ်းမှာ လူဖြူကြီးသရဲပါ ထပ်ခြောက်နေလို့ ညဆိုအုပ်စုလိုက်တောင် မသွားရဲကြတော့ဘူး"

"ဟင် ... အဟုတ်"

"အဟုတ်ပါဆိုနေမှ မနက်ကျ လိုက်မေးကြည့်ပေါ့"

"ဟာ ... ဒါ ... ဒါဆို ... ပို့ကို ... သူ ... သူတို့"

မောင်အောင် တွေးကြောက်ပြီး ကြက်သီးဖုတွေ သီးထကာ ခေါင်းမြီးခြုံပြီး အိပ်လိုက်ရလေတော့သတည်း။

ညြိမ်းသ

# ထားညံ့
# သင်းကွဲတစ္ဆေဘောင်ဖေ



www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်တော့်နာမည်က 'ရန်အေး'။ ညတက်စီသမား။

ကျွန်တော့်ကားက 'ကက' ။ ဆူပါရုဖ်နိုင်တီးဗင် (Super roof 90 van) ဆီကား။

နာမည်က ရန်အေး ... ဆိုပေမဲ့ ရန်မအေးသလို ရန်လည်း မဝေးဘူးဗျာ။

ညကားသမားဆိုတော့ အချိန်နဲ့အမျှ အန္တရာယ်ရန်က ရှိနေနိုင်တာကိုး ...။

ကြားဖူးတယ်မို့လား၊ နေ့ခင်းကြောင်တောင်မှာတောင် တက်စီသမားကို ဓားထောက်လုတာတို့၊ လူရိုက်ပြီး ကားယူပြေးတာတို့၊ နောက် သူက ကိုယ့်ကို တိုက်တာ၊ ကိုယ်က သူ့ကို တိုက်မိတာ၊ ဟာ ... ဖြစ်မယ်ဆိုရင် ဖြစ်နိုင်တဲ့ အန္တရာယ်ပေါင်းကို စုံနေတာပဲ ခင်ဗျာ။

ညပိုင်းမောင်းရတာဆိုတော့ ပိုဆိုးတာပေါ့။

သိကြတဲ့အတိုင်း၊ ညဆိုတာ အများအားဖြင့် အမူးသမားနဲ့၊ ညည်း ငှက်နဲ့၊ ဒုစရိုက်သမားတွေ ကျင်လည်တဲ့ အချိန်လေ။

လူကောင်း သူကောင်းတွေဆိုတာလည်း ညထွက်ပြီဆိုရင်တော့ ဘားဆိုင်တို့၊ နိုက်ကလပ်တို့၊ ကာရာအိုကေ၊ မာဆတ်တို့၊ အဲဒီဇနရာတွေ ဆီ အပန်းဖြေ သဝေထိုးကြတာဆိုတော့ အနည်းနဲ့အများ မူးတော့ မူးနေကြတာချည်းပဲ။





အဲ ... ကိစ္စဝိစ္စ၊ ကျန်းမာရေး၊ လူမှုရေး၊ အကြောင်းကြီးငယ်နဲ့ ထွက်ကြရသူတွေလည်း ရှိပါတယ်။

ပြောချင်တာက ညဆိုတာ ခရီးသည်အများစုဟာ စောစောကပြောခဲ့လူမျိုးတွေ များတာမို့ လူသူကျဲကျဲ၊ ညအမှောင်ထဲမှာ မောင်းရတဲ့ ညတက္ကစီသမားအဖို့ နေ့မောင်းသမားထက် ပိုပြီး ရန်များတယ်လို့ ဆိုချင်တာပေါ့ဗျာ။

ဒါကြောင့် ... နာမည်ကသာ ရန်အေး၊ ရန်တော့ မဝေးဘူးလို့ ပြောရတာပါ။

ညသမား ညမင်းသားဆိုတော့ ညမှာ ပရိယေသန ဝမ်းစာရှာရင်း ကြုံတွေ့ရတဲ့ ညဇာတ်လမ်းတွေက အများသားခင်ဗျ။

တစ်ညပေါ့ဗျာ ... မှတ်မှတ်ရရ တစ်သက်နဲ့တစ်ကိုယ် တိတိပပ အစ္ဆေခြောက်ခံခဲ့ရတဲ့ည။ 'ကက' ပြောတဲ့ ညပုံပြင် တစ္ဆေညဇာတ်လမ်း လေးတစ်ပုဒ်အကြောင်း ကျွန်တော် ပြောပြမလို့။

လူတိုင်းလိုလို တစ္ဆေအခြောက်ခံကြရတဲ့အခါ ကြောက်လန့်အကြားနဲ့ အထိတ်တလန့် ဖြစ်ကြရတယ်လို့ ကြားဖူး၊ မြင်ဖူးတွေ့ယ်။ ကျွန်တော်ကတော့ ...

အင်း ... ကျွန်တော် ကြုံခဲ့ရသလိုမျိုးသာ ဂေဖတ်သူကိုယ်တိုင် ကြုံခဲ့ရမယ်ဆိုရင် ဘယ်လိုများ ခံစားရမလဲဆိုတာ ကျွန်တော် သိပ်သိချင်တာပဲဗျာ။

– ကျွန်တော့် ကိုယ်တွေ့အဖြစ်အပျက်ပါ။

နာထောင်ကြည့်မလားဟင် ...။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ကျွန်တော် ဒီနေ့ ညကားထွက်ရတာ စိတ်မပါဘူးဗျာ။ ကျွန်တော့်ရင်ထဲမှာ အတော်ဝမ်းနည်း ခံစားနေရတယ်။

ဟိုတစ်နေ့က ကျွန်တော့်သူငယ်ချင်း အောင်ဖေတစ်ယောက် ဆုံးသွားတယ်လေ။ သူ မသေခင်တစ်လလောက်ကပဲ ကျွန်တော်တို့ ငယ်သူငယ်ချင်းတစ်သိုက် ဆုံဖြစ်ကြသေးတယ်။ ကျွန်တော်ရယ်၊ ခင်မောင်စန်းရယ်၊ လှမင်းရယ်၊ ဇော်သူရှိန်ရယ်၊ နောက် ...အောင်ဖေရယ်ပေါ့။ ကျွန်တော်တို့ အားလုံးဟာ တစ်ရွာတည်းသားတွေပါ။ အထက်ချင်းတွင်း၊ မုံရွာနားက သင်တောဆိုတဲ့ မြစ်ဆိပ်ကမ်းရွာကြီးကပါ။ မွေးကတည်းက အရွယ်ရောက်တဲ့အထိ လည်ပင်းဖက်ကြီးလာကြတဲ့ ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်တွေ၊ ရွာကတစ်ဆင့် မုံရွာမှာ အဆောင်နေပြီး ကျောင်းသွားတက်၊ ဆယ်တန်းအောင်၊ မန္တလေးတက္ကသိုလ်မှာ ဘွဲ့ရတဲ့အထိ တွဲခဲ့ကြတာ။

ကျွန်တော် လူပျိုဘဝတုန်းကပေါ့ဗျာ။ ကျောင်းပြီးသွားတော့ ကျွန်တော်နဲ့ လှမင်းက ရန်ကုန်တက် အလုပ်လုပ်တယ်။ ရန်ကုန်မှာ အမေ့အစ်ကို ကျွန်တော့်ဘကြီး ဝပ်ရှော့ရှိတယ်လေ။ ဘကြီးဝပ်ရှော့မှာ ကျွန်





...တော်က အလုပ်သမားတွေကို ကြီးကြပ်အုပ်ချုပ်ရတယ်၊ မန်နေဂျာပေါ့။ ...မင်းကတော့ ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုမှာ ကြီးကြပ်ရေးမှူး အလုပ်...တယ်။ နေတော့ ...ကျွန်တော်နဲ့အတူ ဘကြီးဝပ်ရှော့က အိမ်မှာ အတူ...ကြတယ်။

ခင်မောင်စန်းက မုံရွာမှာ ကျူရှင်ဖွင့်ပြီး ဆရာ လုပ်နေတယ်။ ...ဇော်သူရှိန်က ကျောင်းပြီးလို့ မကြာခင် သူ့မိဘတွေ မုံရွာပြောင်းလာပြီး ...နံ့စုံဆိုင်ကြီးတည်တော့ သူကလည်း မန္တလေးဘက် ဆိုင်ကယ်တွေ တက်...ပြီး မုံရွာမှာ ဆိုင်ကယ်အရောင်းဆိုင် ဖွင့်လိုက်တယ်။ အောင်ဖေကတော့ ...ကျောင်းအပြီးမှာ ရွာပြန်သွားတယ်။ သူ့မိဘတွေက လယ်တွေအများကြီး ...တာကိုး။ သားကလည်း သူတစ်ယောက်တည်း။ အစ်မနှစ်ယောက်က ...မှာပဲ အိမ်ထောင်ကျပြီး မိဘလုပ်ငန်းကို ဝိုင်းလုပ်နေကြတာ။ အောင်ဖေ ...ကျောင်းပြီးတော့ သူ့အဖေရဲ့ လယ်ယာလုပ်ငန်းတွေကို ဦးစီးလုပ်ပေးတယ်။ ...ယ်ပညာတတ်ဆိုတော့ လိုတဲ့ ထွန်စက်တို့၊ စပါးရိတ်စက်တို့ဝယ်၊ သူ့...ယ်တွေကို စက်မှုလယ်ယာအသွင်ပြောင်းတယ်။ မျိုးစေ့၊ ဓာတ်မြေဩဇာ ...ဖြင့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်တွေနဲ့ ချဲ့ထွင်လုပ်တယ်လေ။ အောင်...ပါတယ်။

ကျွန်တော်တို့ သူငယ်ချင်းတွေ ကျောင်းအပြီးမှာမှ ကွဲသွားကြ... ဒါပေမဲ့ ...မကြာမကြာ ဆုံဖြစ်ကြတယ်ခင်ဗျ။ ဇော်သူရှိန်က ဆိုင်...ယ်ပစ္စည်း ဘာညာဝယ်စရာရှိရင် မန္တလေးမှာ လာဝယ်ရင်း ကျွန်တော်...ဆုံဖို့ ရန်ကုန်ထိ ဆင်းလာတတ်တယ်။ သူ ရန်ကုန်ဆင်းမယ်ဆိုရင် ...တောက အောင်ဖေ့ကိုပါ လှမ်းမှာပြီး ခေါ်လာတတ်သလို မုံရွာမှာပဲ ...ရှင်ဖွင့်ထားတဲ့ ကျူရှင်ဆရာ ခင်မောင်စန်းကလည်း လိုက်လိုက်လာ...တယ်။ ဒါကြောင့် ငယ်သူငယ်ချင်းတွေ နှစ်လ သုံးလ တစ်ခါလောက် ...ပုံမှန်လို ဆုံဖြစ်ကြတယ်လေ။

နောက်တော့ ကျွန်တော်ရယ်၊ လှမင်းရယ်၊ ခင်မောင်စန်းနဲ့ ဇော်...ရယ်က အသီးသီး အိမ်ထောင်ကျကြတယ်။ အောင်ဖေတစ်ယော... ...လူပျိုကြီး လုပ်နေလေရဲ့။ အိမ်ထောင်ကျသွားတော့ လူပျိုတုန်းကလို



www.burmeseclassic.com

www.burmeseclassic.com



နှစ်လ သုံးလ တစ်ခါမဆုံဖြစ်ကြတော့ပေမဲ့ တစ်နှစ်မှာ နှစ်ခါ၊ သုံးခါတော့ လူစုံ မဟုတ်တောင် ဆုံဖြစ်ကြတာပါပဲ။ ကျွန်တော်က အိမ်ထောင်ကျပြီ မှ ဘကြီးလည်း ဆုံးသွားလို့ ဝပ်ရှော့က ထွက်ပြီး 'ကက' မောင်းနေတာ ထားပါလေ။

ကျွန်တော် အခုက ပြောချင်တာက အောင်ဖေ့အကြောင်းဆိုတော့ အောင်ဖေနဲ့ ပတ်သက်တဲ့ အောင်ဖေ့စရိုက်လေးတွေကိုပဲ ပြောပြတော့ မယ်။ ဒီလို ...ဗျ။

✿ ✿ ✿

[၂]

❑

အောင်ဖေက သိပ်စိတ်ထားကောင်းတဲ့ ကောင်ပါ။ သုံးနိုင်၊ ဖြုန်း နိုင်တဲ့ တောသူဌေးသားပေမဲ့ ဒီကောင်က ဟော့ဟော့ရမ်းရမ်း မရှိဘူး။ လူပျိုဘဝတုန်းက ကျွန်တော်တို့ သူငယ်ချင်းတွေ လူငယ်ပီပီ တစ်ခါတစ် လေ သောက်တာစားတာ လုပ်မိကြပေမယ့် အောင်ဖေက လုံးဝအရက် မသောက်ဘူး။ မဟုတ်တာလည်း ဘာမှ မလုပ်ဘူး။

မဟုတ်တာ မလုပ်ဘူးဆိုလို့ ပြောရဦးမယ်။ ကျွန်တော်တို့ လူပျို ပေါက်အရွယ် ရှစ်တန်းကျောင်းသား ဘဝတုန်းကပေါ့။

အဲဒီတုန်းက ရွာမှာမဲရှိကြသေးတယ်။ ဆယ်တန်းရောက်မှ မုံရွာမှာ အဆောင်နေ ကျောင်းသွားတက်ကြတာ။ ရွာမှာ ဦးလှမြိုင်ခြံဆိုတာ ရှိတယ်။





ခြံထဲမှာ သရက်၊ ပိန္နဲ၊ မာလကာ၊ ရှောက်၊ စားပင်၊ သီးပင်တွေမှ အများ ကြီးပဲ။ ဆယ်ကေလောက်ရှိတဲ့ ခြံကြီး၊ ရာသီချိန်ပန်းတို့၊ မုန်လာ၊ ပန်းဂေါ် ဂေါ်ဖီထုပ် စတဲ့ စားပင်တွေ ရာသီအလိုက်စိုက်တာ။ နုနပြောတဲ့ သရက်၊ နဲ့ စသဖြင့် သီးပင်ကြီးမျိုးစုံလည်း ရှိတယ်။ ဦးလှမြိုင်ခြံက သရက်သီးက လည်း မျိုးကောင်း အလုံးကြီးကြီးနဲ့ သိပ်ချိုတာ။ ဦးလှမြိုင်ကတော့ လူ့နွ ား ကပ်စေးနဲကြီးဗျ။ ရွာက ကလေးတွေ စားချင်လို့တောင်းလည်း ပေးချင် ပေးတာ။ ဒီလောက်ကျယ်တဲ့ သူ့ခြံကို ဝါးထရံဝါးကပ်တွေနဲ့ ခြံခတ်ပြီး သူ့တူ၊ သူ့သား အစောင့်တွေနဲ့ ထားတာ။ စားချင်ရင် ဝယ်စားရတယ်။

ကျွန်တော်တို့က လူငယ်တွေဆိုတော့ မိဘတွေကလည်း တတ် တဲ့ အိမ်ချည်းပေမဲ့ ကပ်စေးနဲ၊ ခွစာကြီး ဦးလှမြိုင်ကို အမြင်ကတ်လို့ ရင် လစ်သလို ခိုးစားတတ်ကြတယ်။ လူကတ်ကြီးမို့ အမြင်ကတ်လို့ကို ပျော်လုပ်ကြတာပါ။ သူ့အသီးတွေ ခိုးစားမှန်းသိပြီး ဒေါသူပုန်ထနေတတ် ဲ ဦးလှမြိုင်ကြီးပုံစံကို မြင်ချင်၊ စချင်လို့ တမင်ခိုးစားကြတာ။ ဦးလှမြိုင် ကြီးကလည်း ကျွန်တော်တို့လက်ချက်လို့ ထင်ပေမဲ့ လက်ပူးလက်ကြပ် တစ်ခါမှမမိတော့ တစ်ရွာတည်းသား မိဘတွေမျက်နှာလည်း ငဲ့ရသေးတာ ကြောင့် ပေါ်တင် မယိုးရဲဘဲ နောက်ကွယ်ကပဲ ကြိမ်းကြိမ်းနေရတော့တာ ။

သူ အဲလို ဒေါသပွကြီး ပွနေပုံမြင်ရရင် ကျွန်တော်တို့က ပျော် နေးလို့ လုပ်ကြတာပဲ။ အဲလို ခိုးစားကြရင် အောင်ဖေက မလုပ်ဖို့ အမြဲ တားတတ်တယ်။ တားမရတဲ့ ကျွန်တော်တို့ကို မတတ်သာလို့ ကြည့်နေ က်ရပေမဲ့ ခိုးတဲ့အထဲ သူမပါသလို ခိုးလာတဲ့အသီးလည်း ဒီကောင် ယ်တော့မှ မစားဘူးဗျ။

တစ်နေ့ ...ကျောင်းပိတ်ရက်နေ့လယ်ခင်းမှာ ဇော်သူရှိန်က ားစတယ်။

"ဟေ့ကောင်တွေ ...နေက ပူပူနဲ့ ရှောက်သီးသုပ်ချဉ်ချဉ်စပ်စပ် း သုပ်စားရရင် ကောင်းမယ်ကွ။ ဦးလှမြိုင် ခြံထဲက ရှောက်သီး သွား ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဖိုးဇော်ရာ၊ မင်း စပြန်ပြီ။ မင်းကွာ ... ဦးလှမြိုင်ခြံ ပဲ မျက်စောင်းထိုး၊ မဟုတ်တာလုပ်ဖို့ ချောင်းနေတော့တာပဲ။ မင်းက ဟိုကောင်တွေက လိုက်နဲ့၊ တော်ပါကွာ ... မလုပ်ကြပါနဲ့"

အောင်ဖေက ပျာပျာသလဲ တားတယ်။ ခင်မောင်စန်းက အော ဖေ့ကို တစ်ချက်အသာတွန်းလိုက်ရင်း ...

"အောင်ဖေ ... မင်းလည်း ပါတာမဟုတ်တဲ့နဲ့၊ ငါတို့ လုပ် ဆို အမြဲတားနေတာပဲ။ ဟုတ်တယ် ... ငါလည်း စားချင်တယ်။ သွား ကြမယ်"

"အေး ... ကောင်းတယ်ကွ။ နေပူပူနဲ့ ရှောက်သီးသုပ်ချဉ် စပ်စပ်လေး၊ ရေခွေးကြမ်းနဲ့ ဟဲလိုက်ရရင် အဟီး ... ပြောရင်း သွား တောင် ကျလာပြီ"

လှမင်းက ပါးစပ်ပြင်ရင်း အားပါးတရ ထောက်ခံလေရဲ့။ ကျွ တော်က ...

"စားချင်တာတော့ ဟုတ်တယ်၊ ဟိုတစ်နေ့ကပဲ ပိန္နဲသီး သွား စားထားသေးတာ၊ ငါတို့ကို ဦးလှမြိုင်ကြီး ရိပ်မိနေပြီ ထင်တယ်ကွ။ ပြ မလား ... ရှောက်သီးပဲ၊ ရွာမှာ ပေါလွန်းလို့ ဒေါ်ကျင်ဈေးဆိုင်မှာ တစ် နှစ်လုံး သွားဝယ်လိုက်ကြတာပေါ့"

"ဟာ ... ရန်အေးရာ၊ ရှောက်သီးပေါတာ ငါတို့သိသားပဲ။ ဦး မြိုင်ကြီးရဲ့ ခြံက ရှောက်သီးကမှ ပိုအရသာရှိတာကွ။ သူ့ရဲ့ ရှုံ့ခွက်ခွ ဒေါသမျက်နှာကြီး ကြည့်ပြီးမှ စားရတာ ကောင်းမှကောင်း"

သည်လိုနဲ့ လေးမဲ၊ တစ်မဲဆိုတော့ ကျွန်တော်တို့ကို တ အောင်ဖေ ပြောမနိုင်တော့ဘဲ ထုံးစံအတိုင်း သူက ဦးလှမြိုင်ခြံထိပ်က ကျည်းပင်ကြီးအောက်မှာ စောင့်ကျန်ခဲ့လေရဲ့။ ကျွန်တော်တို့လည်း ခါတို ခြံထဲ ခိုးဝင်နေကျ ခြံဘက်ကိုင်းကျနေတဲ့ ပိတောက်ပင်ကြီးကနေ လျှေ ဆင်းဝင်ခဲ့ကြတယ်။ ရှောက်ပင်တွေက ဦးလှမြိုင်ရဲ့ အိမ်မကြီးနဲ့ နည်းနည်း နီးတော့ ဂရုစိုက်သွားရတယ်။ သုပ်စားလို့ကောင်းမဲ့ အရွယ်နှစ်လုံးခူး ခြံစည်းရိုးဝါးတန်းပေါ်ကတစ်ဆင့် ပိတောက်ကိုင်းကို လှမ်းဆွဲခိုတက်လို့





ခြင်ရောက်ကာမှ 'ဟေ့ ... ဘယ်ကောင်တွေလဲကွ၊ ဘာဝင်ခိုးတာလဲ' ဆို တဲ့ ဦးလှမြိုင်ရဲ့ အသံပြဲပြဲကြီး ကြားလိုက်ရလို့ ကသောကမျော သုတ်ခြေ တင် ပြေးရတော့တာပဲ။

ဦးလှမြိုင်ခြံက ဝါးကပ်တွေနဲ့ စိပ်စိပ်ကာထားတာဆိုတော့ အပြင် ကို သေချာလှမ်းမမြင်ရဘူးလေ။ သူတို့က ခြံတံခါးထွက်ပေါက်ထိသွားပြီးမှ အပြင်ထွက်လိုက်ရမှာ။ ဒီတော့ ကျွန်တော်တို့က တစ်ပန်းသာနေပြီး လုံခြုံ တဲ့ တစ်ဖက် ခင်တန်းဆီ အရင်ရောက်သွားတာပေါ့။ အပင်တွေ၊ ချုံတွေ နေတာကြောင့် မမိနိုင်တော့ဘူးလေ။

ကျွန်တော်တို့တစ်တွေ ခင်တန်းထဲ အတော်ဝေးဝေးပြေးပြီးမှ လိုက် ဘမ်းပြေးတမ်း ကစားရသလို အပျော်ကြီးပျော်နေလို့ ခိုးလာတဲ့ရှောက်သီး ကျန်ရစ်ပြီး မစားလိုက်ရတာကိုတောင် ရယ်ပွဲဖွဲ့နေမိကြသေး။ ဦးလှမြိုင် ခြံထဲ အသီးဝင်ခိုးတာက စားချင်တာထက် ဦးလှမြိုင်ကြီးကို ကလိချင် ချင်လို့ လုပ်ကြတာဆိုတော့ ...။ တစ်ယောက်ကိုတစ်ယောက် သူက ဘယ်လိုပြေးတာ၊ ငါက ဘယ်လိုဖြစ်တာနဲ့ ပြန်ပြောပြီး ရယ်မဆုံးဖြစ်နေ ကြရင်းက ကျွန်တော်တို့အုပ်မှာ အောင်ဖေ ပါမလာတာကို ဖြုန်းဆို သတိရ သွားကြတယ်။

"ဟေ့ကောင်တွေ ... အောင်ဖေ ... အောင်ဖေ ဘယ်ကျန်ခဲ့လဲ၊ ကောင် ... ငါတို့နဲ့ ပြေးလိုက်လာတာ မဟုတ်ဘူးလား"

"ငါတို့ ခြံထဲက ပြေးထွက်လာတော့ အောင်ဖေလည်း ငါတို့ဆီ ပြေးလာတယ်လေ။ ပါလာတယ် မဟုတ်လား ခင်မောင်စန်းရဲ့"

တစ်ယောက်နဲ့တစ်ယောက် ဟိုလူ့မေး၊ ဒီလူ့မေးနဲ့ အောင်ဖေ ကျန်ခဲ့မှန်း အဲဒီတော့မှ သိကြတာ။ ဦးလှမြိုင်တို့များ မိသွားလေသလားလို့ စိတ်ပူပြီး အားလုံးနောက်ကြောင်း ပြန်ပြေးအလာမှာပဲ။ ရှောက်သီးနှစ်လုံး သက်ကကိုင်လို့ မျက်စိပျက် မျက်နှာပျက်နဲ့ လာနေတဲ့အောင်ဖေနဲ့ လမ်းမှာ ဆုံတယ်။

"ဟေ့ကောင် ... အောင်ဖေ၊ မင်း ဘယ်လိုကျန်နေခဲ့တာလဲကွ၊ ဦးလှမြိုင်ကြီးများ မိသွားပလားလို့ တို့က စိတ်ပူနေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . ကျကျန်ခဲ့တဲ့ ရှောက်သီးကောက်လာခဲ့တာလား၊ အဘ်းတို့တော့ လူလွတ်အောင်ပြေးနေရတာနဲ့ ပြန်တောင် မကောက်အားဘူး"

"ဦးလှမြိုင်တို့ရော . . . ဘယ်လိုကျန်ခဲ့တုံး"

တစ်ယောက်တစ်ပေါက် ဝိုင်းမေး၊ ဝိုင်းပြောနေကြပေမယ့် ကျွန်တော်တို့ကို အောင်ဖေက မချိတရိလေးပြုံးပြီး သူ့လက်ထဲက ရှောက်သီးနှစ်လုံးကို ကမ်းပေးတယ်။ ဇော်သူရှိန်က အောင်ဖေ့နောက်ကို ကျော်ကြည့်လိုက်ရင်း . . .

"အံ့သြစရာပဲကွ . . . ဦးလှမြိုင်တို့လည်း ဆက်မလိုက်လာပါလား သူ . . . သူ့ခိုးဖမ်းဖို့ ချောင်းနေတာ၊ ခု မိတော့မလို့ကို၊ ဆက်လိုက်မလာတာပဲ တော်သေး။ မမိလို့ ကျန်ခဲ့တယ်နဲ့ တူတယ်"

အောင်ဖေက ခပ်ပြုံးပြုံးလေးနဲ့ . . .

"ဘယ်လိုက်လာတော့မလဲကွာ၊ သူ ဖမ်းချင်တဲ့ သူ့ခိုးကို မိသွားတာကိုး"

"ဟေ့ . . . သူခိုးမိသွားတယ် ဟုတ်လား၊ မင်း . . . ဘာပြောတာလဲ"

အားလုံးက တအံ့တသြ ဝိုင်းကြည့်ဝိုင်းမေးကြတယ်။

"အေး . . . မင်းတို့ နောက်လိုက်မှာစိုးလို့ ငါ အမိခံလိုက်တယ်လေ"

"ဟေ"

"ဘယ်လို . . ."

"ဘာ . . ."

"ဦးလှမြိုင်ကြီးက အကြီးအကျယ် ဒေါပွနေတာကွ၊ မင်းတို့က ခဏခဏလုပ်နေတော့ မိရင်တော့လားဆိုပြီး ကြိမ်းနေတာကို။ ခြံဝက သူတို့ထွက်လာတော့ မင်းတို့ပြေးတဲ့ဘက် လိုက်မှာစိုးလို့ ငါက ကျကျန်ခဲ့တဲ့ ရှောက်သီးနှစ်လုံးကိုကောက်ရင်း လမ်းလွှဲပြီး ရှေ့ကပြေးတာနဲ့ သူတို့ ငါ့နောက်ကို မဲလိုက်လာတယ်။ မင်းတို့ လွတ်လောက်တဲ့နေရာ ရောက်လောက်ပြီဆိုမှ ငါ အဖမ်းခံလိုက်တာ"





"ဟာ . . . အောင်ဖေရာ"

"ဟာကွာ . . . အဲဒီတော့ ဘာ ဘာဆက်ဖြစ်သေးလဲ"

အားလုံး မျက်လုံးပြူးပြီး ဝိုင်းမေးကြတယ်။

"ဦးလှမြိုင်က သူ့အသီးတွေ ခိုးခိုးနေတာ ငါလို့သိရတော့ အတော်အံ့သြသွားပုံပဲကွ။ နောက်တော့ စုံနေအောင် ပြောတော့တာပါပဲကွာ။ လူပုံကြည့်တော့ အေးတေးတေး အ,တတပုံနဲ့ ရိုးဟန်ဆောင်ပြီး သူ့ခိုးအလုပ်လုပ်သတဲ့။ မိဘတွေကလည်း တတ်နိုင်သူတွေပဲဟာကို ငယ်မစားဘဲ ခိုးနေတာ ဗီဇပါလို့လား။ ဝါသနာပါလို့လား တဲ့။ ငါဖြင့် ရှက်လိုက်တာကွာ။ ကိုယ့်အပြစ်နဲ့ ကိုယ်ဆိုတော့ ငြိမ်ခံနေလိုက်ရတယ်။ ပြီး . . . ပြောသေးတယ်၊ ငါ့အိမ်ကိုပါ တိုင်မတဲ့"

"ဟာ . . . အောင်ဖေရာ၊ မင်း ခိုးတာမှ မဟုတ်ဘဲ။ အမှန်အတိုင်း ပြောလိုက်ရောပေါ့ကွာ"

"အေးလေ . . . တကယ်လုပ်တာက ငါတို့လို့ ပြောလိုက်တာ မဟုတ်ဘူး"

ခင်မောင်စန်းနဲ့ ဇော်သူရှိန်က မချိတင်ကဲဆိုသလို ကျွန်တော်နဲ့ လှမင်းလည်း အတော်ကို စိတ်မကောင်းဖြစ်သွားရတယ်။ အောင်ဖေက အငါးပါးကို အတတ်နိုင်ဆုံး လုံအောင်ထိန်းပြီး နေတဲ့ကောင်လေ။ ခု . . . ကျွန်တော်တို့ကြောင့် သူ မုသာဝါဒကံတစ်ပါး ဖောက်လိုက်ရပြီ မဟုတ်လား။

"မင်းကွာ . . . တစ်ခါမှ မလိမ်ဖူးဘဲ ခု လိမ်ပြောလိုက်ရတာပေါ့။ ဒါ . . . ငါတို့ကြောင့်"

"စိတ်မကောင်းမဖြစ်ကြပါနဲ့ကွာ၊ ငါ . . . လိမ်မပြောပါဘူး။ ဒီအတိုင်း ရှောက်သီးနှစ်လုံးပိုက်ပြီး အမိခံလိုက်ရုံပါ။ ငါ ခိုးပါတယ်လို့ မခိုးပါဘူးလို့လည်း မညာခဲ့ဘူး။ ခိုးရာပါ ရှောက်သီးနဲ့အတူ မိသွားလို့ သူတို့ဘာသာ ကောက်ချက်ဆွဲပြီး ပြောကြတာပဲ ရှိတယ်။ ငါက သူတို့ပြောသမျှ ဆိုသမျှ ငြိမ်နားထောင်ခဲ့ရုံပါပဲ။ ငါ့ပါးစပ်က ခိုးတယ်၊ မခိုးဘူး ပြောတာမှ မဟုတ်ဘဲ။ အဟဲ . . . မုသာဝါဒလွတ်အောင် နေခဲ့ရတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အားလုံး အောင်ဖေ့ကို အငိုင်သားကြည့်နေမိကြတယ်။ ဦးလှမြိုင်ကြီး စိတ်တိုင်းကျ အဆူအဆဲခံပြီးမှ ရှောက်သီးနှစ်လုံးဖိုးထက် အဆများစွာ ပိုတဲ့ငွေကို တောင်းတောင်းပန်ပန်ပေးပြီး ရှောက်သီးကိုယူလာခဲ့တာတဲ့။ ကျွန်တော်တို့က ဦးလှမြိုင်ကြီးကို တကယ်လုပ်တာဟာ ကျွန်တော်တို့ပဲလို့ သွားပြောပြမယ်ဆိုတာကို သူ လက်မခံဘူး။ ပြဿနာကို ရှင်းခဲ့ပြီးပြီမို့ တစ်ယောက်ပဲအနာခံပြီးရင် တော်ရောပေါ့တဲ့။

အဲဒီကစလို့ ကျွန်တော်တို့လိပ်ပြာ ကျွန်တော်တို့ရှက်ပြီး အောင်ဖေ့ကို နောင်သည်လို အလုပ်မျိုး ဘယ်တော့မှ မလုပ်တော့ဘူးဆိုတာ ကိုယ့်အသိစိတ်နဲ့ကိုယ် ကတိပေးကြရင်း ကျွန်တော်တို့ လိမ်မာခဲ့ကြရပါတယ်။ အောင်ဖေက သည်လိုလူစားလေး။

✿ ✿ ✿

[၃]

❑

ဒီအဖြစ်က ဥပမာတစ်ခုအနေနဲ့ပဲ ပြောပြတာပါ။

အောင်ဖေဟာ သူငယ်ချင်းတွေနဲ့ပတ်သက်ရင် အရာရာ သူပဲ အနစ်နာခံတတ်တယ်။ သူ နိုင်သမျှလည်း အမြဲကူညီခဲ့တယ်။ သူ ကူညီတတ်တာကတော့ သူငယ်ချင်းတွေအပေါ်မှာမှ မဟုတ်ပါဘူး။ ဘယ်သူ့ကိုမဆို မျက်စိရှေ့ အမြင်မတော်ရင်ပဲဖြစ်ဖြစ်၊ ဒုက္ခရောက်နေတာတွေ့ရင်ပဲဖြစ်ဖြစ်၊ ကူညီလိုက်တာပဲ။ ဘာအကျိုးအမြတ်မှ သူ မတွက်ဘူး။ သူတတ်





နိုင်တာ သူ လုပ်ပေးတယ်။ လိုအပ်ရင် ဝတ်ထားတဲ့အင်္ကျီ၊ ပုဆိုးတောင် ချွတ်လှူတဲ့ကောင်။

အဲလို အောင်ဖေရဲ့ သနားတတ်တဲ့စိတ်၊ ကူညီတတ်တဲ့စိတ်ကြောင့် မသမာသူ လူလိမ်တွေရဲ့ အလိမ်ခံရတာလည်း မနည်းဘူး။ ကြားရတဲ့ ကျွန်တော်တို့ကသာ မခံချင်ဖြစ်ပြီး လိမ်သူကိုဒေါပွ၊ အရေးယူတာတွေ လုပ်ချင်နေပေမဲ့ အောင်ဖေကတော့ အေးအေးပဲ။

"လုပ်မနေပါနဲ့ကွာ၊ ငါ ... ဘဝတစ်ခုခုက အဲဒီလူအပေါ် လိမ်ပြီး သူ့ဥစ္စာ၊ သူ့ငွေကို ယူခဲ့မိလို့ ခုဘဝမှာ ငါ ပြန်အလိမ်ခံရတာဖြစ်မှာ။ ဘဝ ဝဋ်ကြွေးတစ်ခု ဆပ်ပြီးသွားတာ မကောင်းဘူးလား" တဲ့။

"ခု ... သူလိမ်သွားလို့ ငါ့မှာ ထိခိုက်နစ်နာသွားတာ မှန်ပေမဲ့ သူ လိမ်သွားတာလောက်နဲ့ ငါ ပြိုလဲမသွားခဲ့ဘူးလေ။ ခုလို ... ငါ့မှာ မပြိုလဲနိုင်လောက်အောင် ပြည့်စုံနေတဲ့ဘဝမှာ ဒီအတိတ်ဘဝဝဋ်ကြွေးကို ဆပ်ခွင့်ရလိုက်တာဟာ တကယ်တော့ ကံကောင်းတာကွ။

တကယ်လို့များ ငါဟာ အင်မတန် ဆင်းရဲမွဲတေတဲ့ဘဝ၊ စားဖို့နေဖို့တောင် အနိုင်နိုင်ရုန်းကန်နေရတဲ့ ဘဝမျိုး ရောက်နေတဲ့အခါများ ရှိစုမဲ့စုလေးကို သူ့ခိုးလက်က သူ့ဝှက်လုဆိုတာလို ခုလို လိမ်ခံရရင်မှ ငါ ဒုက္ခအကြီးအကျယ် ရောက်ရမှာကွ။

ဒီဘဝ ဘဝက အတိတ်ဝဋ်ကြွေးအတွက် ခုလိုပြည့်စုံတဲ့ဘဝမှာမှ သူ့အကြွေးကို လာယူဖော်ရတာ၊ ပြန်ပေးဆပ်လိုက်ခွင့်ရတာ သူ့ကိုတောင် ကျေးဇူးတင်ရဦးမယ်" ... ဆိုပဲ ... ဆိုပဲ။

ဒီလို စိတ်တအား ဖြူတာခင်ဗျ။

သြော် ... တစ်ခုတော့ ရှိတယ်။

အောင်ဖေက တစ်ခါတစ်ခါကျရင်တော့ အူကြောင်ကြောင်နိုင်တယ်ဗျ။ ဒီကောင်က ဘာမှန်းမသိဘူး။ ရိုးရိုးစင်စင်း စကားတစ်ခွန်း ပြောရင်တောင် အားလုံးက နားလည်ပေမဲ့ သူက နားမလည်ပဲ အူကြောင်ကြောင်ဖြစ်နေတတ်တယ်။ ဥပမာအနေနဲ့ ပြောရရင် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့ထဲက လှမင်းမှာ အသက် (၅၀)ကျော်လောက် ဒေါ်လေးကြည်ဆိုတဲ့ အဒေါ်အပျိုကြီး ရှိတယ်ဗျ။ သူတို့အိမ်ရဲ့ အိုးသူကြီး ပေါ့။ အဲဒီအဒေါ်က ကပ်စေးနှဲတယ်။ အဲလေ . . . ကပ်စေးနှဲတယ်ပဲ ပြောရ မလား။ စည်းစနစ်ကောင်းတယ်ပဲ ပြောရမလားတော့ မသိပါဘူး။ ထမင်း တွေ၊ ဟင်းတွေချက်ရင် အတိချက်တတ်တယ်။ ဟင်းကတော့ ထားပါတော့ သူ့ကိုယ်တာနဲ့သူ ဥပမာ အသားဟင်းချက်ရင် လူတစ်ယောက် မနက် နှစ်တုံး၊ ညနှစ်တုံးနှုန်းနဲ့ လူဘယ်နှယောက်စာ စသည်ဖြင့်တွက်ပြီးချက် တတ်တယ်။ သူ့စည်း သူ့ကမ်း သူ့အတိုင်းအတာလေးနဲ့ ကွက်တိချက် တာဆိုတော့ အိုကေ။

ဒါပေမဲ့ ထမင်းကိုပါ တိုင်းချက်တာကျတော့ တစ်မျိုးဖြစ်သွားပြီ။ သူတိုင်းပုံက ကြည့်။

ဒေါ်လေးကြည်က ထမင်းစားပြီးရင် ထမင်းအိုးထဲ ထမင်းကျန်နေ တာ မကြိုက်ဘူး။ စားပြီးရင် ထမင်းအိုးသွားလှပ်ကြည့်လေ့ရှိတယ်။ တစ် လုတ်၊ နှစ်လုတ်စာလောက် ထမင်းခဲသေးသေးကျန်ရင်တော့ ကိစ္စမရှိဘူး။ တစ်ပန်းကန်စာလောက် အခဲကြီးကြီးကျန်နေရင်တော့ ထမင်းတွေကျန်လို့ ဆိုပြီး ညနေစာကို ဆန်လျှော့ချက်တော့တာပဲ။ လူပဲဗျာ . . . တစ်ခါတစ် လေ ရင်ပြည့်တာ၊ မဆာတာ၊ ဟင်းမကြိုက်တာ စသည်ဖြင့် စားမကောင်း တဲ့အခါ ရှိချင်လည်း ရှိမှာလေ။ အဲဒီလိုမျိုးကျခါတိုင်းလို ထမင်းမကုန်ဘဲ ထမင်းခဲကြီးကြီး ပိုကျန်တတ်တာပေါ့။

ဒေါ်လေးကြည်ကတော့ မရဘူး။ ထမင်းကျန်လို့ဆိုပြီး ညနေစာ ထမင်းလျှော့ချက်လိုက်ရော။ မနက်က သိပ်မစားနိုင်လို့ ညနေဆာဆာနဲ့ စားမယ်ပြင်တော့ ထမင်းက အိုးထဲမှာ မရှိတော့ဘူး။ အဲဒီတော့ လှမင်းနဲ့ ကျိုင်ရော။ ထမင်းပိုရင်လည်း တစ်အိုးတစ်မကြီး ပိုတာမှ မဟုတ်ဘဲ၊ တစ်ခဲ နှစ်ခဲလောက်၊ တစ်ပန်းကန်စာ မရှိတရှိလောက်ပိုတာတော့ ပိုပစေပေါ့။ လွှင့်ပစ်ရတာမှ မဟုတ်တာ။ ညနေကုန်ရင်ကုန်၊ မကုန်လည်း ညစာတော့ စားကုန်တာပဲဟာ။ ဘာညာ ဆိုပြီး ကျိုင်ကုန်ရော။





တစ်မျိုးတော့ တစ်မျိုးပဲဗျ။ တကယ်က ဒေါ်လေးကြည်တိုင်းချက် တဲ့အတိုင်း အားလုံးစားပြီးတော့လည်း ဝတာပါပဲ။ ဒါပေမဲ့ . . . ထမင်းထပ် ထည့်တဲ့အခါ ကိုယ်ယူပြီးရင် အိုးထဲအခဲသေးသေးလေးပဲ ကျန်တော့မှာဆို တော့ နောက်လူယူလေဦးမလားဆိုပြီး ကိုယ်ထပ် ထည့်မိတဲ့ ထမင်းပဲ နည်းနည်းပြန်လျှော့၊ ပြန်ထည့်ရတော့မလိုလို၊ ဘယ်သူ ထမင်းထပ်ယူဦး မလဲပဲ မေးကြည့်ရတော့ မလိုလိုနဲ့ ခွကျကုန်ရော။ ထမင်းအိုးထဲမှာ ထမင်း က မကျန်ဘဲ ကွက်တိဆိုတော့ စားရတာလည်း မဝသလိုလို၊ ဘာလိုလို စိတ်ကဖြစ်မိတာကိုး။

အမှန်တော့ ဒေါ်လေးကြည်အကျင့်ပါ။ သူက အိမ်မှာပဲ မုန့်လုပ် သုပ်၊ သူ့များကပဲ လာပေးပေး၊ ရှိသမျှကို ခွဲခြမ်းစိတ်ဖြာပြီး ဝေတော့တာပဲ။ သူဝေတာက ပြောရရင် အိမ်တိုင်းစေ့လည်း ဝေချင်၊ အဲလို ဝေလောက် အောင်ကျတော့လည်း များများမလုပ်၊ ရှိတာလေးကို ဟိုနည်းနည်း၊ သည် နည်းနည်းဝေတာခင်ဗျ။ ဒီတော့ ဟိုမလောက် သည်မလောက်၊ ရတဲ့လူက လည်း မစို့မပို့၊ အိမ်ကလူမှာလည်း အာမန္တ၊ လျှာမန္တနဲ့လေ။

သူများအိမ်က မုန့်ဆီကြော် ငါးခုလာပို့တယ်ဆိုရင် ဒေါ်လေးကြည် က အိမ်အတွက် တစ်ခုနဲ့တစ်ပိုင်းလောက် ချန်ထားမယ်။ ကျန်တာကို ခေါင်းရင်း၊ ခြေရင်း၊ တောင်အိမ်၊ မြောက်အိမ်တွေကို ရော့ဟဲ့။ သူများမုန့် လာပို့လို့၊ စားကြဆိုပြီး ရှေ့အိမ်မုန့်တစ်ခြမ်း၊ နောက်အိမ်မုန့်တစ်ခြမ်းနဲ့ ပြန် ဝေတာ။ ဒီတော့ ရတဲ့လူမှာ စားရအောင်ကလည်း မုန့်လေးတစ်ခြမ်းလောက် ကို အိမ်ရှိလူနဲ့ ဘယ်လိုမှ ဝေမရ၊ စားမရဖြစ်ကုန်ရော။ ဒေါ်လေးကြည် ကတော့ သူ စားမယ့်အထဲက ခွဲပေးရှာတာ ဖြစ်ပေမဲ့ မလောက်မငဆို တော့ ရတဲ့လူက တချို့ဆို ကျေးဇူးမတင်ဘဲ အတင်းပြောတာတောင် ခံရ သေးတယ်

လှမင်းက ဒေါ်လေးပေးချင်ရင် အိမ်ကလူအတွက် ကိစ္စမရှိဘူး။ တစ်အိမ်အိမ်ကို စားလောက်အောင် အားလုံးပေးလိုက်ပါဆိုတော့လည်း မဟုတ်ပြန်ဘူး။ သူ့ရှိရင် အိမ်တကာလှည့် ဝေတတ်တာဆိုတော့ ကပ်စေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့လည်း မဆိုသာပြန်၊ ဘယ်လိုပြောရမလဲ မသိတော့ပါဘူး။ အဲလို ဒေါ်လေးကြည်မျိုး ရှိတယ်။

အဲဒါ တစ်နေ့တော့ ဒေါ်လေးကြည်က လှမင်းကို အိမ်မှာသာကူ ကျိုတယ်၊ သူငယ်ချင်းတွေ (ကျွန်တော်တို့အုပ်စု) အတွက်ပါ စားဖို့ထည့် စရာ ခွက်ယူခဲ့တဲ့။

ဒါနဲ့ လှမင်းက သူ့ဒေါ်လေးအကြောင်းသိဆိုတော့ တစ်ယောက် တစ်ခွက်လည်း ရမှာမဟုတ်လို့ ဇွန်းတပ်ပြီး ဝိုင်းစားရအောင် သာကူထည့် ဖို့ ခြောက်လက်မအချင်းလောက် သံဇလုံတစ်လုံး ဆွဲထွက်လာတယ်။ ကျွန် တော်တို့က ငါးယောက်၊ ဇလုံက သေးသေးလေးပေမယ့် အဲဒီဇလုံတောင် အပြည့်ရချင်မှရမှာ။ ခင်မောင်စန်းက ဒေါ်လေးအကြောင်းသိမို့ လှမ်းနောက် တယ်။

''ဟေ့ ...လှမင်း၊ မင်းဇလုံက သာကူထည့်ဖို့ ကြီးနေမလား ဘဲ''

ခင်မောင်စန်း စကားကြောင့် ကျွန်တော်တို့က ပွဲကျသွားကြတယ်။ အဲဒါကို အောင်ဖေ အူကြောင်ကြောင်လုပ်ပုံများ ကြည့်ပါဦး။

''ဟာ ... ဘယ်မှာ ကြီးမလဲကွ၊ ဒီလောက် ဇလုံသေးသေးလေး ကို။ ငါတို့က ငါးယောက်တောင်ဥစ္စာ'' တဲ့။

ကျွန်တော်တို့က အောင်ဖေကြောင်ပုံကို ဝိုင်းဟားကြရော၊ ဇော် သူရှိန်က ပြုံးစိစိနဲ့ ...

''အေးကွာ ...ဟို ပန်းကန်ဆေးတဲ့ ရေဇလုံလောက်ဆို တော် သေး''

ဇော်သူရှိန် ထပ်နောက်တာကို ကျွန်တော်ကလည်း ...

''ဟာ ... ပန်းကန်ဆေးတဲ့ဇလုံက (၁၀)လက်မအဝိုင်းလောက်ပဲ ရှိတာ။ အဝတ်လျှော်ဇလုံလောက်မှ သင့်မယ် ထင်တယ်ကွ''

လို့ ထပ်ကွန့်နောက်လိုက်တယ်။ ဒါကို အောင်ဖေဗျာ၊ ပျာပျာ သလဲနဲ့ ...

---

စိတ်ကူးသစ်စာပေ



''ဟ ... ရန်အေးရ၊ အဝတ်လျှော်ဇလုံကျတော့လည်း ကြီးလွန်း ...ဘာပေါ့ကွ။ ပန်းကန်ဆေးဇလုံလောက်ဆို တော်ရောပေါ့''... တဲ့လေ။

ကျွန်တော်တို့က ဒေါ်လေးကြည်အကြောင်းသိလို့ နောက်ပြောင် ...ပြောနေတာကို အောင်ဖေက တကယ်ကို အတည်ပေါက်ကြီးနဲ့ အဟုတ်မှတ် ... ပြောနေလေရဲ့။ သူလည်း ဒေါ်လေးကြည်အကြောင်း အသိသားကြီး ...။ အဲလို အူကြောင်ကြောင်ကောင်ပါဆို။ လှမင်းက တဟီးဟီးရယ် ... ...

''တော်ပါကွာ၊ ရှေ့ဆက်ပြောရင် အဝတ်လျှော်ဇလုံမကတော့ဘဲ ...ချိုးဇလားကြီးနဲ့ သွားယူရကိန်း ဆိုက်သွားလိမ့်မယ်''

လို့ဆိုတော့ အောင်ဖေက ...

''လှမင်းရာ ... လောဘမကြီးစမ်းပါနဲ့ကွာ၊ မင်း ရေချိုးဇလား ...လောက် သာကူတွေ ငါတို့ဘယ်လိုလုပ် ကုန်အောင်သောက်နိုင်မှာလဲ။ ... ပြောသလို ပန်းကန်ဆေးဇလုံလောက်ပဲ ယူသွားပါကွာ'' ဆိုပဲ။ ဆက်ပြော ...တာ။ သူ့လှောင်လို့ လှောင်မှန်းလည်း မသိ။ ကျွန်တော်တို့မှာ ရယ် ...ရတာ အူကို တက်မတတ်ဘဲ။

အောင်ဖေက အဲလို အူကြောင်ကြောင်လည်း နိုင်တတ်ပါတယ် ...

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# [၄]

❑

ဒီလိုပေမဲ့ အောင်ဖေဟာ ပျော်ပျော်လည်း နေတတ်ပြန်ရော
ဘဝကို ပျော်ပျော်ပဲ ရဲရဲဝံ့ဝံ့ ရင်ဆိုင်တတ်ပြန်တယ်။

တစ်ခါကပေါ့၊ အောင်ဖေ့ စပါးပုံမီးလောင်ခံရတယ်။ သူ့
စမ်းသပ်လယ်တွေက စပါးရိတ်ပြီး ခြွေလှေ့ဖို့ ကွင်းပြောင်ပြောင်မှာ စပါး
ထားတာ။ တင်းတစ်ရာနီးပါးလောက်ရှိမယ်။ အဲဒါ ဘယ်သူက ဆေးလိ
တိုကို မီးမငြိမ်းဘဲ ပစ်ချခဲ့လည်း မသိပါဘူး။ စပါးပုံနားက သစ်ရွက်ခြော
တွေကတစ်ဆင့် မီးပွားလွင့်၊ မီးကူးပြီး စပါးပုံကို လောင်တာ။ လူသိ ဦးလည်
လို့ ဝိုင်းပြီးငြိမ်းလိုက်နိုင်တာကြောင့် တခြားမဆက်တော့ပေမဲ့ စပါးတွေ
တော့ မီးထဲပါသွားတော့တယ်။

အဲဒီမီးလောင်တုန်းက ကျွန်တော်၊ ရန်အေးရယ်၊ ခင်မောင်စိ
လှမင်းနဲ့ ဇော်သူရှိန်က အုန်းဘုတ်ရွာမှာ ရောက်နေတယ်။ ဇော်သူ
အစ်မဝမ်းကွဲ မင်္ဂလာဆောင်မှာ အကြိုတစ်ညအိပ် သွားကူလုပ်နေကြတာ
အောင်ဖေတစ်ယောက်ပဲ သူတို့လယ်တွေ ရိတ်သိမ်းနေတုန်းမို့ မအား





အတူမလိုက်နိုင်ဘဲ ကျန်ခဲ့တာ။ နောက်နေ့ မင်္ဂလာဆောင်မနက်ကျမှ လာခဲ့တော့မယ်ဆိုပြီး။

အဲဒါ နောက်နေ့ မင်္ဂလာဆောင်နေ့မှာ အောင်ဖေရောက်မလာဘူးဗျ။ ဇော်သူရှိန်အစ်မ မင်္ဂလာဆောင်တဲ့မနက်မှာပဲ ဒီကောင့်စပါးတွေ မီးလောင်ခံရတာကိုး။ ဒီကောင် အလုပ်ရှုပ်ပြီး မလာနိုင်တော့ဘူးပေါ့။ ကျွန်တော်တို့က မသိတော့အောင်ဖေမလာလို့ဆိုပြီး ဒေါကန်နေကြတာ။ မင်္ဂလာ အခမ်းအနားပြီးလို့ ညဦးပိုင်း ရွာကိုပြန်ရောက်မှ ရွာထိပ်အဝင်မှာ မီးလောင်တဲ့သတင်း ကြားရတော့တယ်။

အဲဒီတော့မှ ကျွန်တော်တို့လည်း ပြူးပျာပြီး ကိုယ့်အိမ်ကိုယ် မပြန်နိုင်သေးဘဲ အောင်ဖေ့အိမ် တန်းပြေးကြရတော့တယ်။ မီးထဲပါသွားတဲ့ စပါးတင်းက နည်းတာမှ မဟုတ်ဘဲ။ အဲဒီလယ်တွေက စပါးလည်းအထွက်ကောင်း၊ မျိုးကောင်းတွေ။ အောင်ဖေက အဲဒီလယ်ကွင်းမှာ စပါးမျိုးကောင်းတွေကိုစပ်ပြီး စမ်းသပ်စိုက်ထားတာ။ ကျောင်းအားဘာနဲ့ သူ့စမ်းသပ်စိုက်ခင်းက စပါးပင်တွေကို ပေါင်းလိုက်တာ၊ မြေဩဇာကျွေးတာကအစ အရိပ်တကြည့်ကြည့်နဲ့ သိပ်ဂရုစိုက်တယ်။ အဲဒီတုန်းက ကျွန်တော်တို့ (၉) တန်းပဲရှိသေးတယ်။ အောင်ဖေက စိုက်ပျိုးရေးကို ဝါသနာကြီးတယ်လေ။ စိုက်ပျိုးရေးစာအုပ်တွေဝယ်၊ ဖတ်၊ သိနားလည်တဲ့ဆရာတွေကို မေးမြန်းနဲ့။ ဒီကတည်းက ဒီကောင်က စပ်စပါးတွေ၊ ဘာတွေ စမ်းလုပ်နေတာဗျ။ ဒီတော့ သူ့စမ်းသပ်စပါးကွင်းက အောင်မြင်ဖြစ်ထွန်းဘဲ့ မျိုးကောင်းစပါးတွေ မီးထဲပါသွားတာဆိုတော့ စဉ်းစားကြည့်ပါတော့။ သူ သိပ်နှမြောပြီး သိပ်စိတ်ထိခိုက်နေမှာ သေချာတယ်လေ။

ဒါကြောင့် ဒီကောင့်ကို နှစ်သိမ့်အားပေးဖို့ ကျွန်တော်တို့ အောင်ဖေ့အိမ်ကို တန်းပြေးတာ။ ဟိုရောက်တော့ အောင်ဖေဗျာ၊ ကျွန်တော်တို့ထင်တာနဲ့ တခြားစီ။ ကျွန်တော်တို့က အောင်ဖေတစ်ယောက် စိတ်ထိခိုက်ပြီး မှိုင်တွေချနေမယ်ထင်ထားတာလေ။ ဘယ်ဟုတ်မလဲ။ ကျွန်တော်တို့ သူ့အိမ်ဝိုင်းထဲ အပြေးတစ်ပိုင်းလည်း ဝင်သွားရော၊ အောင်ဖေက . .



www.burmeseclassic.com

www.burmeseclassic.com



''ဟော့ကောင်တွေ ... ပြန်လာကြပြီလား၊ လာဟော့ ... ငါ မင်းတို့အပြန်ဆာလာမှာပဲဆိုပြီး ကြက်သားနဲ့ဘူးသီး ကာလသားချက် ချက်ထားတာကွ။ ကျက်တော့မယ်။ လာ ... လာ ... ဒီမှာ ထမင်းစားပြီးမှ ပြန်ကြတော့''တဲ့။

သူ့မှာ ဘာကိစ္စမှ မဖြစ်ခဲ့သလိုပဲ။ ပြုံးပြုံး ပြုံးပြုံးနဲ့ အိမ်ဘေးမှာ ထင်းမီးဖိုပြီး အိုးကြီးတစ်လုံးနဲ့ ဟင်းချက်နေပါရောလား။

''ဟင် ... မင်းစပါးတွေ မီးလောင်လို့ဆို''

''ငါတို့က မင်း သိပ်စိတ်ထိခိုက်နေတော့မှာပဲဆိုပြီး''

''စပါးတင်းတစ်ရာလောက် မီးလောင်ခံရတာကို မင်းက အေးအေးဆေးဆေး ဟင်းချက်နေနိုင်သေးတယ်လားဟ၊ အောင်ဖေရ''

''အေးလေ ... နောက်ပြီး စပါးတွေက မင်းအရိပ်တကြည့်ကြည့်နဲ့ စိုက်ထားရတဲ့ စပ်မျိုးစပါးကောင်းတွေ''

ကျွန်တော်တို့ လူစု တစ်ယောက်တစ်ပေါက်၊ တအံ့တဩ ပြောမိတော့ အောင်ဖေက တဟဲဟဲရယ်ရင်း ...

''အေးလေကွာ ... ငါလည်း နှမြောတာပေါ့။ ဒါပေမဲ့ ... ဘာတတ်နိုင်မလဲကွာ။ မီးထဲပါသွားပြီးမှတော့ ငါထိုင်ငို၊ ထိုင်မှိုင်နေလို့လဲ ဘာထူးမှာမို့လဲ။ စပါးတွေ ပြန်ရလာမှာမှ မဟုတ်တာ။ ဒါကြောင့် စိတ်ညစ်တာတွေကို (နောက်တစ်နှစ် ပြန်ထပ်စိုက်ရုံပဲ ရှိတော့တာကို)

ငါ ကြက်သားနဲ့ ဘူးသီးဟင်းအိုးထဲ ရောထည့်ချက်လိုက်တယ်လေ၊ ပိုပြီး လေးလေးပင်ပင်ရှိအောင်လို့ ဟား ... ဟား ... ဟား''တဲ့။

အဲလို အောင်ဖေပါဗျာ။ ဒီကောင်က စိတ်ညစ်စရာ၊ စိတ်ဆင်းရဲစရာတွေ ကြုံလာရင် ငိုင်နေ၊ ငေါင်နေတာတွေ မလုပ်ဘူး။ ပျော်အောင်နေပြီး ကြံဖန်စိတ်ဖြေလိုက်တာပဲ။ သူ စိတ်ညစ်နေလို့ သူ့ကြောင့် ဘေးကလူတွေ သူ့အတွက် စိတ်မကောင်းဖြစ်မှာ၊ ထိခိုက်မှာကို သူက မဖြစ်စေချင်ဘူး။ သူ ကိုယ်တိုင် သူ့စိတ်ကို သူ့ဘာသာ ပြန်တည်ဆောက်တယ်။ စိတ်ညစ် စိတ်ဆင်းရဲစရာကို ရင်ထဲမှာ ကြာကြာလှောင်မထားဘူး။ ပျော်





ပျော်ပဲ ရင်ဆိုင်တယ်။ အောင်ဖေ့ဆီမှာ ဒီလိုချိုးကျူးစရာ၊ အတုယူစရာ အကျင့်လေးတွေလည်း ရှိနေပါတယ်။

အောင်ဖေဆိုတာ အူချင်တဲ့အခါအူ၊ ဒူချင်ဟဲ့အခါ ဒူတတ်သလို ပျော်ပျော်လည်း နေတတ်သူ၊ လောကဓံကို ရယ်ရယ်မောမောနဲ့ ကြံ့ကြံ့ခံ ရင်ဆိုင်တတ်တဲ့သူပါ။

ဒီလို သူငယ်ချင်း အောင်ဖေပါဗျာ။

✿ ✿ ✿

[၅]

❑

ဒီလို စိတ်တအားဖြူစင်တဲ့ သူငယ်ချင်းမို့လို့ အောင်ဖေတစ်ယောက် သေပြီး ရုတ်တရက်ဆုံးတယ်ဆိုတော့ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် ...နင့်တနဲ့ကို ခံစားရပါတယ်။ တကယ်က ရွာမှာ ကျေးလက်ဆေးပေးခန်း ...ည်း ရှိတယ်။ ပိုးထိတာကို အချိန်မီသိရင် ဒီကောင် မသေနိုင်ဘူးဗျ။ ...ချင်တော့ မနက် အစောကြီး အောင်ဖေတစ်ယောက်တည်း လယ်ထဲ၊ ...ာ်ခင်းထဲ လိုက်ပတ်အကြည့်မှာဖြစ်တာတဲ့။ အဖော်လည်းမပါ၊ အနားမှာ ...ည်း လူမရှိလို့ မြွေကိုက်ခံရတာကို သိသူမရှိဘဲ အဆိပ်တက်၊ အချိန်လွန်မှ ...ကြရတာကြောင့် သေခဲ့ရရှာတာလေ။

အောင်ဖေဆုံးတဲ့သတင်းကြားကြားချင်း ကျွန်တော်တို့သူငယ်ချင်း ...သိုက် ရွာကို ချက်ချင်းလိုက်သွားကြတယ်။ ဇော်သူရှိန်နဲ့ ခင်မောင်စန်း



www.burmeseclassic.com

www.burmeseclassic.com



က မုံရွာမှာနေတာဆိုတော့ ချက်ချင်းလို ရွာကိုပြန်နိုင်ကြပြီး အရင်ရောက်နှင့်နေကြတာ။ ကျွန်တော်နဲ့လှမင်းသာ ရန်ကုန်က လာရတာမို့ ဆုံးပြီးနောက်နေ့မှ ရောက်ကြတယ်။

နောက်ပြီးတော့လည်း သုံးရက်မြောက်နေ့ အသုဘချပြီး ညမှာပဲ မပြန်ချင်ဘဲ ပြန်လာခဲ့ကြရတာ။ ရက်လည်အထိနေချင်ပေမဲ့ အလုပ်တွေ ပုံနေတဲ့ လှမင်းက ကုမ္ပဏီက ခွင့်မရသလို ကျွန်တော့်ကားအုံနာကလည်း မြေအရောင်းအဝယ်ကိစ္စနဲ့ ကျွန်တော့်ကိုခေါ်ပြီး နယ်ခရီးတစ်ခုသွားဖို့ ကြိုတင်ချိန်းဆိုထားတဲ့ရက်နဲ့ တိုက်နေလို့။ ပဲခူးကိုသွားရမှာမို့ မဖြစ်မနေ ပြန်ခဲ့ရတယ်လေ။ ကျွန်တော့်အစား လူစားထိုးလုပ်ဖို့ကလည်း မူလစလုပ်ဖော်ခဲ့ရတာက ကျွန်တော်နဲ့ဆိုတော့ မှတ်ပုံတင်၊ ကိုယ်စားလှယ်လွှဲစာကအစ ကျွန်တော့်နာမည်နဲ့မို့ ချိန်းရက်ကလည်း ကပ်နေတော့ ဘယ်လိုမှ လူလဲလို့ မရလို့ပါပဲ။

ဒီနေ့ အဲဒီမြေကိစ္စလုပ်ပြီးတော့ အုံနာက ပဲခူးမှာနေခဲ့တယ်။ ကျွန်တော်ပဲ ပြန်လာပြီး ညမှာ ထုံးစံအတိုင်း ဟက္ကစီထွက်ရတာပေါ့။

မဖြစ်မနေမို့သာ ပဲခူးသွားရ၊ ညတက္ကစီထွက်ရပေမဲ့ ကျွန်တော့်ရင်ထဲ နည်းနည်းမှ မကောင်းဘူး။ ဘောင်ဖေ့ကိုပဲ တစ်ချိန်လုံးသတိရရင်း သူ့အကြောင်းတွေ တွေးရင်း၊ ရှေးဟောင်းနှောင်းဖြစ်တွေပြန်ခံစားရင်း ဝမ်းနည်းတမ်းတစိတ်နဲ့ ဆို့နင့်လှိုက်မောနေမိတော့တယ်။

"ဂျစ် . . . ဂျစ် . . . ဂူး . . . ဂူး . . . ဂူး"

အတွေးလွန်နေတဲ့ ကျွန်တော်၊ ကားက စက်သံမမှန်ဘဲ တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်သွားမှ ကားကိုထိုးရပ်ရင်း စိတ်ကနေရာပြန်ရောက်လာတယ်။

ရပ်လိုက်မိတဲ့ကားကို ကားသော့ပြန်ဖွင့်၊ စက်ပြန်နှိုးတော့ နှိုးမရတော့ဘူး။ စိတ်ထွေထွေနဲ့ လေးငါးခါလောက် ဆက်နှိုးလိုက်မိတော့ ငါး ဝိတ်ပြီး ဘက်ထရီက ဝပ်သွားပါလေရော။

"ဘက်ထရီ ဝပ်သွားပြီ၊ အဲဒါမှ ဒုက္ခ"





ခရီးသည်တစ်စုကို မြောက်ဥက္ကလာပို့ပြီး အပြန်လမ်းမှာဖြစ်တာ။ လမ်းသွယ်၊ လမ်းဖြတ်က အထွက်မို့ လမ်းထဲမှာကားရော၊ လူရောရှင်းနေတာပဲ။ အချိန်ကလည်း ညဆယ့်နှစ်နာရီထိုးတော့မှာ ဆိုတော့။

"တတ်နိုင်ဘူး . . . တစ်ယောက်ထဲ ကျဲရတော့မှာပဲ"

ကားကို အရှိန်လေးရအောင်တွန်းပြီး နှိုးမှရတော့မှာလေ။ ကျွန်တော် ညည်းညည်းညူညူနဲ့ပဲ ကားကို ယဉ်မောင်းဘေးတံခါးကကိုင်ပြီး လက်ကိုင်လည်း ထိန်းရင်း တွန်းရတော့တယ်။ တော်သေးတယ်။ လမ်းက ကုန်းလျှော၊ ကုန်းဆင်းလေးမှာ ဖြစ်နေတာဆိုတော့ တွန်းရတာ သိပ်ဆိုးဘူး။ ဒါပေမဲ့ တစ်ဖက်က ကားလက်ကိုင်ကိုလည်း ထိန်းပေးနေရသေးတာမို့ တစ်ယောက်တည်း ဗျာများနေတုန်း ကားက နောက်က တွန်းပေးသလိုလို ပိုမြန်မြန်ရွေ့လာတယ်။

ကျွန်တော် အံ့အားသင့်ပြီး နောက်ကိုလှည့်အကြည့်မှာ လူတစ်ယောက်က ကျွန်တော့်ကားနောက်မြီးကနေ ကူတွန်းပေးနေတာ တွေ့ရတယ်။ ကျွန်တော် အတော်ပျော်သွားတယ်ဗျ။ တော်သေးတယ်၊ ကူမဲ့လူတွေ့လို့ ကျွန်တော်က ဝမ်းသာအားရနောက်လှည့်အကြည့်မှာ နောက်က လူက ကျွန်တော့်ကို ကားပေါ်တက်ဖို့ လက်နဲ့အချက်ပြနေတာနဲ့ ကျွန်တော် ကားပေါ်တက်ထိုင်လိုက်တယ်။ ဟိုလူက နောက်က တွန်းပေးနေတော့ ကျွန်တော်က ကားကိုထိုင်ရင်း အရှိန်လေးရလာတာနဲ့ စက်နှိုးရင်းက ဂူးဆို ကားက စက်နိုးသွားတယ်လေ။

စက်အရှိန်နဲ့ ဆက်လိမ့်သွားတဲ့ကားကို ခဏရပ်ပြီး နောက်က တွန်းပေးတဲ့လူကို ကျေးဇူးတင်စကားပြောဖို့ ကားခေါင်းကနေ ကျွန်တော် ခေါင်းပြူကြည့်တယ်။

"ကျေးဇူးပါပဲဗျာ၊ ခင်ဗျား ကူတွန်းပေးလို့ပဲ။ နို့မို့ ကျွန်တော် တစ်ယောက်တည်းဆို မလွယ်ဘူးဗျ။ ကျေးဇူး . . . ကျေးဇူးပဲနော်။ ဒါနဲ့ ဘယ်သွားမှာလဲ၊ ကျွန်တော်လိုက်ပို့မယ်လေ တက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လှမ်းခေါ်တယ်၊ နည်းနည်းလှမ်းလှမ်းမှာ ကျန်ခဲ့တဲ့ အဲဒီလူက ခေါင်းယမ်းတယ်။ သူက မာကျူရီမီးတိုင်နားမှာ ရပ်နေတာဆို တော့ အလင်းရောင်နဲ့ သူ့မျက်နှာကို အတန်အသင့် မြင်ရတယ်ဗျ။

''ဟင်''

ကျွန်တော် ပါးစပ်အဟောင်းသားဖြစ်သွားတယ်။ သူ့ကို ကြည့်ေ တာ ...။

အဲဒီအချိန်မှာပဲ အဲဒီလူက သူ့ခါးကြားမှာထိုးထားတဲ့ တစ်စုံတစ် ခုကို ဆွဲထုတ်လိုက်တယ်။ နောက် ... ကျန်လက်တစ်ဖက်မှာ ခေါက်ခ လိုက်ပြီး ခေါင်းပေါ်ဆောင်းလိုက်တယ်ဗျ။ ကက်ဦးထုပ်တစ်လုံးပါ။ အဲဒီလူ ဟာ ခေါင်းပေါ်ကို ကက်ဦးထုပ်ဆောင်းလိုက်ပြီးမှ သူ့နဖူးရှေ့ မျက်နှာပေါ် မှာ ထွက်နေတဲ့ ဦးထုပ်လျှာကိုကိုင်ပြီး ဘေးတစ်စောင်းဆွဲလှည့်လိုက်တယ်။

ကျွန်တော် အရမ်းအံ့အားသင့်သွားတယ်။ ဒါ ... ဒါ ... ဒီ ... အကျင့်။

ကျွန်တော် အထိတ်တလန့်နဲ့ပဲ သူ့မျက်နှာကို ပြူးပြူးပြဲပြဲ သေချာ ထပ်ကြည့်မိတယ်။

''ဟာ ... အ ... အောင် ... အောင်ဖေ''

လန့်ပြီး ကျွန်တော့်နှုတ်က ထွက်လာတဲ့အသံက လုံးထွေးနေ တော့တယ်။ မ ... မဖြစ်နိုင်တာ။

ဒါပေမဲ့ ... ဦးထုပ်လျှာကို ဘေးတစောင်းဆွဲလှည့်ထားတာကြောင့် မျက်နှာပေါ်အလင်းရှင်းရှင်းကျပြီး ကျွန်တော့်ကိုလှမ်းကြည့်နေတဲ့ အဲဒီလူ ဟာ အောင်ဖေမှ အောင်ဖေအစစ်ဗျာ။ ဦးထုပ်လျှာကို အဲဒီလို ဆွဲလှည့် တတ်တဲ့ အကျင့်ကလည်း အောင်ဖေ့အကျင့်ပဲလေ။ ဒီကောင်က ကက်ဦး ထုပ်အမြဲဆောင်းလေ့ရှိတယ်။ မဆောင်းရင် ခါးကြားထဲဦးထုပ်ကို ထိုးထည့် ထားတတ်တာ။ ဆောင်းမယ်ဆိုမှ ဦးထုပ်ကိုဆွဲထုတ်၊ လက်တစ်ဖက်က ဦးထုပ်ကိုင်ပြီး ဖြန့်ထားတဲ့ ကျန်လက်တစ်ဖက်ရဲ့ လက်ဝါးထဲ 'ဖြန်း ... ဖြန်း' ဆိုပြီး ခါလိုက်တယ်။ နောက် ခေါင်းပေါ်ဆောင်း၊ မျက်နှာကို နေကွယ်ေ မယ့် ဦးထုပ်လျှာကိုကျတော့ ဘေးဘက်ဆွဲလှည့်ထားလေ့ရှိတယ်။





မျက်နှာကို နေဒဏ်အကာအကွယ်ရအောင် ဦးထုပ်ဆောင်းပါ တယ်ဆိုမှ သူက တစ်မျိုး။ နေကွယ်မယ့်လျှာကို ဆွဲလှည့်ထားတတ်လို့ ကျွန်တော်တို့က 'မင်းဆောင်းပုံက နေလည်း မကွယ်ဘူး။ ဆောင်းလည်း မထူးပါဘူးကွာ၊ ဆောင်းမနေပါနဲ့တော့ အရှုးရဲ့' လို့တောင် ဝိုင်းထောပနာ ပြုကြသေးတယ်။ ခု ... နောက်က ကားတွန်းပေးတဲ့လူက အောင်ဖေ့ အကျင့်နဲ့ တသွေမတိမ်းလုပ်လိုက်တာ တွေ့မှ ကျွန်တော် အံ့သြပြီး သေချာ ကြည့်မိတယ်လေ။ ဟုတ်ပါတယ် ... အောင်ဖေမှ အောင်ဖေပါဗျာ။

ကျွန်တော် အရမ်းကြီးကို အံ့သြစိတ်၊ ထိတ်လန့်စိတ်၊ မယုံနိုင် စိတ်၊ စိတ် ... စိတ်တွေနဲ့ သူ့ကို ပါးစပ်အဟောင်းသားနဲ့ ကြက်သီး တဖြန်းဖြန်းထလို့ ကြောင်ကြည့်နေဆဲမှာပဲ သူက ရယ်ပြလာတယ်။

''ဘုရား ... မြတ်စွာဘုရား''

ကျွန်တော် ယောင်ယမ်းဘုရားတပြီး ပြတင်းကနေ နောက်ကို ပြုကြည့်နေမိတဲ့ ကျွန်တော့်မျက်နှာကို အလန့်လန့်အဖျပ်ဖျပ်နဲ့ ကားထဲ ပြန်လှည့်ဝင်မိရဲ့။ အောင်ဖေ ... အောင်ဖေရယ်ဟာ ဘယ်လိုကြီးလဲ မသိ ဘူး။

အောင်ဖေက ကျွန်တော့်ကို ရယ်ပြနေတာဗျ။ ဒါကို ကျွန်တော် သိစားမိတယ်။ ဒါပေမဲ့ ... အောင်ဖေ့ ရုပ်က ရယ်ပြကာမှ ကျွန်တော့်မှာ ကားကိုလည်း မောင်းမထွက်နိုင်သေးဘဲ နောက်ကိုလည်း မကြည့်ဘဲ မနေ နိုင်လို့ ထိတ်ထိတ်လန့်လန့်နဲ့ပဲ ထပ်လှည့်ကြည့်မိတော့။

အောင်ဖေက ခုနကအတိုင်း ရယ်ပြရင်း ကျွန်တော့်ကို နှုတ်ဆက် တဲ့ဟန်နဲ့ လက်ကိုယမ်းပြတယ်။ နောက် ... ကျောခိုင်းပြီး လှည့်ထွက်သွား ပါလေရော။ ကျွန်တော် ကြောင်ကြည့်နေတုန်းမှာပဲ ဒီကောင် မျက်စိအောက် က ဖြုန်းဆိုပျောက်သွားတော့တာပဲ။

ကျွန်တော်ဆိုတာ အဲဒီကျမှ နင်းထားမိတဲ့ ဘရိတ်ကိုလွှတ်၊ လီဗာ နင်းပြီး ဝူးခနဲမောင်းထွက်ခဲ့မိတော့တယ်။

အောင်ဖေ ... ကျွန်တော့်ကို ခြောက်တာဗျ။ အဲ ... မဟုတ်ဘူး၊ အဲလိုလည်း မဟုတ်ပါဘူး။ ကျွန်တော် ကားမျက်ပြီး တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်နေလို့ သူ လာကူသွားတာ။ ဒီကောင် ရက်မလည်သေးဘူးလေ၊ သူ့ အသုဘမြေချတဲ့ညမှာ ကျွန်တော်နဲ့ လှမင်း ပြန်လာတာ။ နောက်နေ့ (လေးရက်မြောက်နေ့) ရန်ကုန်ပြန်ရောက်၊ ငါးရက်မြောက်နေ့ ဒီနေ့မနက် ပဲခူးကို အုံနာနဲ့သွား၊ ညတက္ကစီထွက်တာဆိုတော့ ဒီနေ့မှ အောင်ဖေဆုံးတာ ငါးရက်မြောက်နေ့ပဲ ရှိသေးတာ။

တစ်ခါမျှ မကြုံဖူးတဲ့အဖြစ်မို့ ရုတ်တရက်ထိတ်လန့်သွားမိပေမဲ့ ကားမောင်းထွက်လာပြီးမှ ပြန်စဉ်းစားရင်း ကျွန်တော့်ရင်တွေ လှိုက်တက်ဆို့နင့်လာမိတယ်။

ဒီကောင် သေတာတောင် မဖြောင့်ရှာဘူး။ သူငယ်ချင်းတွေကို စိတ်စွဲသွားတယ်ထင်တယ်။ သူငယ်ချင်း ဒုက္ခရောက်နေတဲ့အချိန် သူ့ဝသီအတိုင်း လာကူရှာသေးတယ်။ နောက်ပြီး သူငယ်ချင်းကို နှုတ်ဆက်ရယ်ပြရှာတာ။ သူက တစ္ဆေသရဲဘဝဆိုတော့ သူရယ်ပြတာက တစ်မျိုးကြီးနဲ့ ကြောက်စရာဖြစ်နေရှာတယ်လေ။

ကျွန်တော် ကားကို လမ်းဘေးကပ်၊ မှေးရပ်ရင်းနဲ့ မျက်ရည်ပိုးပိုးပေါက်ပေါက်ကျပြီး ဟီးချငိုမိတော့တာပါပဲဗျာ

✿ ✿ ✿

|၆|

ဇော်သူရှိန်က ခြေလှမ်းကို ခပ်သွက်သွက်တင်လိုက်သည်။ သူ နောက်ကျနေပြီ၊ အောင်ဖေ့ရက်လည်အတွက် တစ်ဖက်ရွာသို့ ပစ္စည်းဝယ်ရန် ကိစ္စဖြင့် သွားရင်း၊ လုပ်ကိုင်ရင်း အပြန်နောက်ကျသွားခြင်းဖြစ်သည်။ အလာတုန်းက ထိုရွာမှ အသိတစ်ယောက်၏ လမ်းကြုံစက်ဘီးနှင့် လိုက်လာခဲ့ပြီး ညနေအပြန်ကိုတော့ လှည်းကြုံနှင့် ပြန်မည်ဟု စိတ်ကူးထားခဲ့သည်။

သို့သော် မိတ်ဆွေများနှင့် စကားပြောရင်း လုပ်ရင်းကိုင်ရင်း ရွာရောက်သည်မှာလည်း ကြာပြီဖြစ်၍ ဟိုကခေါ်၊ သည်ကခေါ်နှင့် သွားရောက် အမှတ်မထင် အချိန်လင့်သွားခဲ့ရ၏။ သူ ပြန်မည်ပြုတော့ ည နာရီထိုးတော့မည်။ အချိန်နောက်ကျသွား၍ လှည်းကြုံက မရှိတော့။ ရွာမှ သူငယ်ချင်းများက စက်ဘီးနှင့်ပြန်လိုက်ပို့မည်ပြုသည်ကို သူက ငြင်းခဲ့သည်။ ရွာနှင့် သင်တောသည် သုံးလေးငါးမိုင်ခရီးမျှသာရှိရာ လရောင်လည်းရှိသဖြင့် သည်လမ်းနှင့်သည်ခရီး ခပ်သွက်သွက်လျှောက်လျှင် နာရီပင်



www.burmeseclassic.com

www.burmeseclassic.com



ကြာမည်မဟုတ်၍ သူငြင်းခဲ့ခြင်းဖြစ်လေသည်။ နို့မို့ သူငယ်ချင်းများက သူ့ကို တကူးတကလိုက်ပို့ပြီး ရွာသို့စက်ဘီးနှင့် ပြန်ကြရပေဦးမည်။

သူက စိတ်အေးလက်အေးပင် မှန်မှန်သွက်သွက်လျှောက်လာခဲ့၏။ ခုပဲ ခရီးတစ်ဝက်အတော်ကျိုးပြီးပြီ။ ဤထန်းတောကျော်လျှင် သင်တောကို လှမ်းမြင်နိုင်လောက်ပေပြီ။

"အေ့ . . . ဂေ့ . . . ရှေ့က ဘယ်သူလဲကွ"

သူက စိုက်စိုက်စိုက်စိုက်နှင့် လျှောက်အလာ ထန်းတောဘက်မှ ထွက်လာဟန်ရှိသော လူသုံးယောက်ကို ဘွားခနဲမြင်လိုက်ရ၏။

"ဟေ့ . . . ဘယ်သူလဲလို့ မေးနေတယ်၊ မကြားဘူးလား"

မူးယစ်နေသောအသံဖြင့် ထပ်မံမေးလိုက်သံကို ကြားလိုက်ရသည်။

"ငါ . . . သင်တောကပဲ၊ သင်တော ပြန်မလို့၊ မင်းတို့ကရော ဘယ်သူတွေလဲ"

သူကလည်း ခပ်မာမာပင် ပြန်ပြော၊ ပြန်မေးလိုက်သည်။

"အောင်မာ . . . မင်းကများ ပြန်မေးနေသေး။ ငါဟို့ ဘယ်သူဖြစ်ဖြစ်၊ ဘာဖြစ်လဲကွာ"

တစ်ယောက်တစ်ပေါက် ဗလုံးဗထွေးပြောနေကြ၏။ မူးမူးနှင့် ရစ်နေကြခြင်းတည်း။

"ဟေ့ကောင် . . . ငါတို့ဖို့ ထန်းရည်ဖိုးနည်းနည်း ပေးခဲ့စမ်းပါကွာ"

"ဟုတ်တယ် . . . သောက်လို့မဝသေးဘူး၊ ဒကာတွေ့တာနဲ့ အတော်ပဲ။ ဟဲ . . . ဟဲ . . . ထန်းရည်ဖိုးလေး အလှူခံပါတယ်ခင်ဗျ . . . ဟား . . . ဟား"

တစ်ယောက်က ရစ်သံနှင့် ထန်းရည်ဖိုးတောင်းသည်။ နောက်နှစ်ယောက်က တဟီးဟီး တဟားဟား ခပ်ရိရိရယ်ရင်းပြောရင်း သူ့အနားသို့ ချဉ်းကပ်လာကြ၏။

ဇော်သူရိန် စိတ်ရှုပ်သွားသည်။ ထိုလူသုံးယောက်ကို သူ မမြင်ဖူး





တစ်ဖက်ရွာမှ ဖြစ်မည်ထင်၏။ သူက ရွာမှပြောင်းသွားခဲ့သည်မှာကြာပြီမို့ နောက်ရောက်လူသစ်တွေကို သူမသိတော့။ အချိန်လည်း လင့်နေပြီမို့ ကားနည်း ရန်စဲသဘောထားကာ အကျီအိတ်ထဲမှ ပိုက်ဆံအိတ်ကိုထုတ် ၍ ငွေတစ်ထောင်ထုတ်ပေးလိုက်သည်။ ရှေ့လူများသည် လူဆိုးလူရမ်းပုံတော့ ပေါ်ပါ။ မူးနေ၍ ထင်ရာရစ်နေပုံမျိုးဖြစ်ပြီး သူကလည်း အောင်ဖေ့ကိစ္စနှင့် စိတ်ထိခိုက်နေရခြင်းကြောင့် စကားမများချင်ဘဲ ထုတ်ပေးလိုက်ခြင်းဖြစ်ပါသည်။

"ဟာ . . . တစ်ထောင်တည်းလားကွ။ ပေးပယ့်ပေး အမြည်းဖိုးပါ သုံ့လုံ့လောက်လောက် ပေးမှပေါ့ကွ"

တစ်ယောက်က ငွေစက္ကူကို လှမ်းဆွဲယူလိုက်စဉ် အိတ်ထဲပြန် ထည့်မည်ပြင်လိုက်သည့် သူ့ပိုက်ဆံအိတ်ကို နောက်တစ်ယောက်က ရုတ်တရက် လှမ်းဆွဲယူခံလိုက်ရသည်။ ဇော်သူရိန် ထောင်းခနဲဖြစ်သွား၏။ လုသွားသော သူ့အိတ်ကို ပြန်လုမည်ဟန်ပြင်လိုက်စဉ်မှာပင် ရှေ့မှလူသုံးယောက်သားသည် သူ့နောက်ဘက်သို့ ပြူးကြောင်ကြောင်နှင့် အထိတ်တလန့်ပုံစံဖြင့် လှမ်းကြည့်နေပုံကို မြင်လိုက်ရလေသည်။ သူလည်း အံ့အားသင့်ကာ နောက်လှည့်ကြည့်မည်အပြု နောက်မှ တစ်ုံတစ်ရာသည် သူ့ရှေ့သို့ လှစ်ခနဲရောက်လာသည်။ လူတစ်ယောက် ဖြစ်၏။

"အား . . . ဘာ . . . ဘာကြီးလဲ"

"အစ် . . . ဘ . . . ဘာ . . . ဘာကြီး . . ."

သူ့ရှေ့မှ အမူးသမားသုံးယောက်၏ မျက်နှာသည် အလွန်အမင်း ထိတ်လန့်ဟန်ပေါ်နေသည်။ ကြောက်ရွံ့တကြီး ဗလုံးဗထွေး ရေရွတ်သံများ ထွန်းပေါ်လာ၏။ ထိုစဉ် သူ့ရှေ့မှ ထိုလူသည် အမူးသမားတစ်ယောက် ကိုင်ထားဆဲဖြစ်သော သူ့ပိုက်ဆံအိတ်ကို ညာဘက်လက်ဖြင့်ကာ ဖျတ်ခနဲဆွဲ ယူလိုက်သည်ကို တွေ့ရသည်။ နောက် . . . ဘယ်လက်ဖြင့် အမူးသမား သုံးယောက်၏ ပါးအသီးသီးကို တဖြောင်းဖြောင်းနှင့် တန်းစီရိုက်ပစ်လိုက်ပြန်သည်။

"အား . . ."



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... ဗျ"

"အွတ် ..."

ရှေ့ကလူတွေ အထိတ်တလန့် အော်သံကြားရသည်။

ဖော်သူရှိန်လည်း မျက်လုံးပြူးသွားမိ၏။ သူ့ရှေ့မှ အမူးသမားသုံးယောက်အနက် နှစ်ယောက်က သူနှင့်လည်းကောင်း၊ သူ့ရှေ့တက်လာသော လူနှင့်လည်းကောင်း၊ လက်တစ်ကမ်းအကွာတွင် ရှိနေ၍ ထိုလူလှမ်းရိုက်ရန် လက်လှမ်းမီပါ၏။

သို့သော် ကျန်တစ်ယောက်မှာ နောက်ဘက်တွင် ရပ်နေခြင်းဖြစ်၍ ဘယ်လိုမှ လက်လှမ်းမမီနိုင်သည်ကို သူ့ရှေ့တက်လာသောသူက လှမ်းရိုက်၍ မီနေခြင်းကြောင့် သူ အတော်အံ့သြသွားရသည်။

ဟ ... ဒီလူ့လက်က ရှည်ထွက်နေသလိုပဲ။

သူ တအံ့တသြဖြစ်နေဆဲ ရိုက်သူသည် သူ ရိုက်လိုက်၍ လည်ထွက်သွားသော အမူးသမားသုံးယောက်ကို လက်နှစ်ဖက်ဖြင့် သိမ်းကျုံးဆောင့်တွန်းလိုက်ပြန်သည်။

အမလေး ... ဘုရား ... ဘုရား ... သူ့လက် ... လက်ကြီးတွေ ...

အမူးသမားသုံးယောက်ကို လေးငါးခြောက်ပေအကွာထိ လက်ဝါးနှစ်ဖက်ဖြင့် ကျုံးတွန်းနေသောထိုလူ၏ လက်တံများသည် အတော်ကြီးရှည်ထွက်နေသကဲ့သို့ လက်ဝါးကြီးနှစ်ဖက်ကလည်း ရှေ့လူသုံးယောက်ကို ငုံမိလောက်အောင် အဆမတန်ကြီးမားနေလေသည်။

"အား ... အ ... အမလေးဗျ"

"လက် ... လက်အေး ... အေးကြီး ... အီး ... ဟီး"

အမူးသမားသုံးယောက်ကား မျက်လုံးများမှာ ကြောက်လန့်မှုဖြင့် ကျွတ်ကျမတတ် ပြူးထွက်နေကြပြီး ငယ်သံပါအောင် တစ်ယောက်တစ်ပေါက်အော်လိုက်ကြ၏။ တွန်းပစ်လိုက်သောအရှိန်က မည်မျှပြင်းသည်မသိ အားလုံးမှာ ယိုင်ယိုင်ထိုးထိုးအခြေပျက်ကာ ခပ်လှမ်းလှမ်းသို့ ဟတ်ထိုးဟတ်ထိုးနှင့် တပြုံတမကြီး ပါသွားကြပြီးမှ ထပ်လျက်သားလဲပြိုကျကုန်သည်။

**စိတ်ကူးသစ်စာပေ**



တွန်းလိုက်သောလူသည် လဲနေသောအမူးသမားများကို အပေါ်စီးမှ ရိုက်ချရန်ဟန်နှင့် သူ့လက်ဝါးကြီးကို စီးမိုးထားလိုက်၏။ အမူးသမားသုံးယောက်ကား သူတို့အပေါ် စီးမိုးနေသော ဧရာမလက်ဝါးကြီးကို ကြောက်အားလန့်အားမော်ကြည့်ကာ လူးလဲကုန်းရုန်းထနေကြသည်။ အလဲလဲအပြိုပြို ဝရုန်းသုန်းကား ဖြစ်နေကြပြီးမှ ငယ်သံပါအောင် အော်ကြဟစ်ကြကာ ခြေဦးတည့်ရာသို့ ဒရောသောပါး ထွက်ပြေးသွားကြတော့သည်။

ဖော်သူရှိန်မှာမူ သူ့ရှေ့ လက်တစ်ကမ်းအကွာမှ ထိုလူ၏ ရှည်လျားစွာ ဆန့်တန့်ထားသော လက်ကြီးအားလည်းကောင်း၊ အမူးသမားများကိုရိုက်ရန် အသင့်ရွယ်ထားသော ဧရာမလက်ဝါးကြီးအားလည်းကောင်း၊ အမူးသမားများ၏ အလန့်တကြား အော်ဟစ်ထွက်ပြေးသွားကြပုံအားလည်းကောင်း၊ အံ့သြမှင်တက်ခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း၊ ကြောက်ရွံ့ခြင်း ခံစားချက်မျိုးစုံဖြင့် လှုပ်ပင်လှုပ်မရဘဲ နေရာမှာပင် အတောင့်သားပြူးကြည့်နေမိလျက်သား ရှိနေတော့သည်။

တွန်းထုတ်သူသည် တကွဲတပြားသုတ်ခြေတင်ထွက်ပြေးသွားကြသော အမူးသမားများကို လှမ်းကြည့်နေရာမှ ဖော်သူရှိန်ဘက်သို့ အသာလှည့်ကြည့်လာသည်။ စောစောက ထိုသူ၏ ရှည်လျားလှသော လက်များသည်လည်းကောင်း၊ ဧရာမ လက်ဝါးကြီးသည်လည်းကောင်း၊ မျက်စိရှေ့မှာပင် သာမန်အရွယ်အစားသို့ တဖြည်းဖြည်း ပြန်လည်ရောက်ရှိသွားကြ၏။ မျက်လှည့်ပြလိုက်သကဲ့သို့တည်း။

ထို့ပြင် လှည့်ကြည့်လာသော ထိုလူ့မျက်နှာကို ပီပီပြင်ပြင် မြင်လိုက်ရသည့်ခဏ ...

"အား ... မင်း ... မင်း ... အောင်ဖေ ... အောင်ဖေ ... အောင် ... ဖေ"

ဖော်သူရှိန် အလန့်လန့်အဖျပ်ဖျပ်အော်မိလျက် သူကိုယ်တိုင်သည်လည်း ကသောကမျော ကြောက်လန့်တကြားနှင့်ပင် သင်ဖောရွာဘက်ဆီသို့ စွတ်ရွတ်ပြေးမိပါတော့သတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၇]

"ဟေ့ . . . မောင်ကောင်း၊ မင်းဘက်က ဝက်အူကို အသေစုပ် လိုက်တော့။ မြမောင်က ဟိုဘက်ကိုသွား၊ နောက်တစ်ချောင်း အသင့်ပြင် ထား"

လှမင်းက သူ့တပည့်များကို လှမ်းပြောညွှန်ကြားလိုက်ရင်း နာရီ ကို ငုံ့ကြည့်လိုက်၏။ ဟ . . . ထမင်းစားချိန် ရောက်နေမှပဲ။

"မြမောင်ဘက်က အချောင်းတပ်ပြီးရင် ထမင်းစားနားမယ်ဟေ့။ မင်းတို့လည်း ဆင်းခဲ့ကြတော့"

ပြောပြောဆိုဆို လှမင်းလည်း ဆောက်လက်စတိုက်၊ ခြောက်ထပ် ပေါ်မှ အောက်သို့ပြန်ဆင်းခဲ့သည်။ မဖြစ်မနေမို့ အလုပ်လုပ်နေရသော်လည်း သူ့အတွေး၊ သူ့စိတ်ထဲမှာ အောင်ဖေ့ကိုသာ တဝဲလည်လည် တွေးနေမိ၏။ သူ့ရင်ထဲမှာ မကောင်းပါ။ ကန်ထရိုက်တိုက်က အပ်ရန်ရက်နီးနေ၍ အောင် ဖေ့ရက်လည်ထိ မနေခဲ့ရ။ ခွင့်မရသဖြင့် သူ ပြန်လာခဲ့ရ၏။ သူ့စိတ်ကား ရုတ်တရက်ဆုံးပါးသွားရသော ငယ်သူငယ်ချင်း အောင်ဖေ့ထံ တရစ်ဝဲဝဲ





ကျန်ခဲ့ရလေသည်။ ရန်အေးလည်း သူ့လိုပင်၊ အောင်ဖေ့ ရက်လည်ထိ နေခွင့်မရဘဲ ပြန်လာခဲ့ရသဖြင့် တပျစ်တောက်တောက်နှင့် စိတ်ထိခိုက်နေ တော့၏။ ဘယ်တတ်နိုင်ပါ့မလဲလေ။

သေသူက သေသွားခဲ့ပြီ။ ရှင်ကျန်ခဲ့သူက သေသူကို တမ်းတ၊ လွမ်းရရင်း ရှင်သူ၏ ကျန်ခရီးအတွက် မဖြစ်မနေ လုပ်သင့်ရာရာ လုပ်စရာ များမြောင်ကို ဆက်လုပ်လျက် ဆက်လက်ရှင်သန်ကြရပေဦးမည်။ ဘယ် တော့ ကိုယ့်အလှည့်ရောက်လာလေမလဲ။ သူ သွားတော့ ကိုယ်ငို၊ ကိုယ် လွမ်း။ ကိုယ်သွားတော့ ကျန်သူတွေက ငိုကြ၊ လွမ်းကြ။ ရှင်ခြင်းနှင့် သေ ခြင်းကြား ပျော်ရွှင်မှုက နည်းနည်း၊ နာကျင်မှုတွေ၊ သောကတွေ၊ ဒုက္ခတွေ ကများများ။ မြတ်ဘုရားဟောကြားခဲ့သည့် သံသရာကျင်လည်ရသမျှသည် ဆင်းရဲခြင်းသာတည်းဟူသော တရား သွေးထွက်အောင် မှန်လှချည့်။

"ဟာ . . . ဆရာ . . . ဆရာလှမင်း"

"ဟာ . . . ဆရာ . . . ရှောင် . . . ရှောင်"

"ဟော . . . ကျ . . . ကျပြီ၊ သစ်သားတန်းကြီး ပြုတ်ကျသွား ပြီ"

ရှုးရှုးဝါးဝါး ထိတ်လန့်တကြားဝိုင်းအော်လိုက်ကြသံကို လှမင်း ခပ်မသဲကြားလိုက်ရ၏။ ထိတ်ခနဲဖြစ်သွားပြီး လှမင်းက အော်သံကြားရာ သူတို့ဆောက်လက်စတိုက်အပေါ်ဘက်သို့ ကမန်းကတန်းမော့ကြည့်သည်။ ဘုရား . . . ဘုရား . . . သစ်သားတန်းကြီး ပြုတ်ကျလာတယ်။

လှမင်း အလန့်တကြားမော့အကြည့်၊ သူ့အပေါ်တည့်တည့်သို့ ပြုတ်ကျလာသော (၆)လက်မပတ်လည် သစ်သားတန်းကြီးကို ဘွားခနဲ လှမ်းမြင်လိုက်ရလေသည်။ မည်သို့ဖြစ်သည်မသိ၊ လေးထပ်အမြင့်မှ လျှော ကျလာခြင်းဖြစ်သည်။ ဆောက်လက်စတိုက်ပတ်လည်ကို ပြုတ်ကျပါက အန္တရာယ်မဖြစ်စေရန် နိုင်လွန်အစိမ်းရောင်ပိုက်ကွန်များ ပတ်ကာထားသော် လည်း ထုံးစံအတိုင်း မည်ကာမတ္တ အကာအရံမျှသာဖြစ်ရာ တကယ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာပြုတ်ကျခဲ့ပါက အန္တရာယ်က မကင်းပါ။ မလုံခြုံပါ။ ထို့ကြောင့် ကာထားသော ပိုက်ကွန်စိမ်းများကို ဖောက်ခွဲလျက် သစ်တန်းကြီးက အောက်သို့ ထိုးကျလာခြင်းဖြစ်ပါ၏။

လှမင်းက အရှိန်ဖြင့်ထိုးကျလာသော သစ်သားတန်းကြီးရန်မှ လွတ်ရန် ကြောက်လန့်တကြား မော်ကြည့်ရင်းကပင် အသည်းအသန် ပြေးထွက်ရှောင်ရှားမိ၏။ တကယ်တော့ အတွေးများနှင့် လက်တွေ့ဖြစ်စဉ်က တစ်ထပ်တည်း မြန်ဆန်လှစွာ ဖြစ်ပျက်နေခြင်းဖြစ်ပါသည်။

လှမင်းက ကျလာသော သစ်တန်းကြီးကို အောက်မှမော်ကြည့်ရင်း လွတ်မည်ထင်ရာဘက်သို့ ဝါးလုံးထိုးအပြေး၊ ဆောက်ဆဲတိုက်၏ နှစ်ထပ်အမြင့်မှ တစ်စုံတစ်ယောက်ကို ရိပ်ခနဲမြင်လိုက်ရသည်။

ထိုလူသည် အကာအရံ အုတ်မတက်ရသေးသောတိုက်၏ နှစ်ထပ်နေရာတွင်ရပ်လျက် အပေါ်မှကျလာသည့် သစ်တန်းကြီးကို လက်ဆန့်ထုတ်ကာ တွန်းပစ်လိုက်သည်။ သစ်တန်းသည် ထိုလူတွန်းထုတ်လိုက် သော အရှိန်ဖြင့် တစ်ပတ်လည်လမ်းကြောင်းပြောင်းကာ လှမင်းနှင့်ဝေးရာ ခပ်လှမ်းလှမ်းမှ အုတ်ပုံပေါ်သို့ မည်သူမျှ အထိအခိုက်မရှိစေဘဲ ဂုန်းခနဲပစ်ကျသွားတော့သည်။

"ဟာ ... ထူးဆန်းလိုက်တာ၊ သစ်တန်းကြီး တစ်ပတ်လည်ပြီး ဟိုအဝေးကြီးကို လွင့်သွားတယ်ဟ"

"ဟုတ်တယ် ... ဟုတ်တယ် ... တစ်ယောက်ယောက်က ပုတ်ထုတ်လိုက်သလိုပါပဲလား"

"အမလေး ... တော်သေးတယ်၊ ဆရာလှမင်း အပေါ်ကျဖို့ ကံကောင်းလို့ကွာ"

"ဆန်းလှချည်လားကွ၊ ဘယ်လိုဖြစ်လို့ နှစ်ထပ်လောက်ရောက်မှ လမ်းကြောင်းပြောင်းပြီး အုတ်ပုံပေါ်သွားကျတယ်မသိဘူး၊ ဆရာ ကံကောင်းလို့"





"ဆရာ ... ဆရာ ... ဘာဖြစ်သွားသေးလဲ"

တစ်ယောက်တစ်ပေါက် ဝိုင်းမေးသံများ ညံသွားပြီး သူ့အနားသို့ အုံတစ်မကြီး ပြေးလာကြ၏။ လှမင်းမှာမူ နေရာတွင်ပင် အတောင့်သား ံလျက် ဆောက်လက်စတိုက်ပေါ်သို့ အငေးသားလှမ်းကြည့်နေဆဲ။

"တော်ပါသေးရဲ့ ... ဆရာရယ်၊ တန်းကြီးဟိုဘက်လွင့်သွားပေ ပြီ"

"ကျွန်တော်တို့က ဆရာ့အပေါ်ကျပြီပဲတွက်ပြီး အရမ်းစိုးရိမ်သွား တာ"

"....."

"........."

သူ့ဘေးတွင် ဝိုင်းအုံလျက်ပြောနေကြသော စကားသံများကို င်း မကြားတစ်ချက်၊ ကြားတစ်ချက်။

ထိတ်လန့်ခြင်း၊ အံ့အားသင့်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ ခံစားမှု င်းစုံဖြင့် လှမင်း မည်သည့်စကားမျှ ပြန်ပြောနိုင်စွမ်း မရှိပါ။

လတ်တလော သူမြင်နေရသော မယုံနိုင်စရာ မြင်ကွင်းကိုသာ တ်မသုန်ကြီးရပ်ကြည့်လျက်သား ရှိနေပါသည်။

သူ့မျက်စိများ မမှားပါ။ သူ့အပေါ်တည့်တည့်သို့ ကျလာနေသော သားတန်းကြီး အဘယ့်ကြောင့် လမ်းကြောင်းပြောင်း၍ ဘေးကင်းရာဆီ ကျသွားရသည်ကိုလည်းကောင်း၊ မည်သို့မည်ပုံ ဖြစ်ပျက်သွားခဲ့သည်ကို ည်းကောင်း လှမင်းသေချာနိုင်လုံစွာ သိနေပါ၏။

တစ်စုံတစ်ယောက်သည် သူ့အား သေဘေးမှကယ်တင်ပေးခဲ့ပါ ည်၊ ဆောက်လက်စတိုက်၏ နှစ်ထပ်နေရာတွင်ရှိနေသော ထိုတစ်စုံ ယောက်သည် အပေါ်မှကျလာသော သစ်တန်းကြီးကို မဖြစ်နိုင်ဖွယ်၊ နိုင်ဖွယ်ကောင်းစွာ လက်ဆန့်တန်းလျက် လှမ်းဆွဲကာ တွန်းဖယ်ပစ် ခြင်းကို သူ မျက်ဝါးထင်ထင် ပီပီပြင်ပြင်မြင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏လက်များသည် သာမန်လူ၏လက်များလိုမဟုတ်ဘဲ အဆမတန် ရှည်လျားစွာ ဆန့်ထွက်လာပြီး အပေါ်မှကျလာသော သစ်တန်းကြီးကို လှမ်းဆွဲလိုက်ကာ အုတ်ပုံဘက်သို့ လွှဲပစ်လိုက်၏။ အရှိန်ပြင်းစွာကျလာသော အလေးချိန်စီးလှသည့် ခြောက်လက်မပတ်လည်၊ အရှည် ၁၅ပေခန့် သစ်သားတန်းကြီးကို သာမန်လူတစ်ယောက်၏အားဖြင့် မည်သို့မျှ ဆွဲဖမ်းထိန်းနိုင်စွမ်း လုံးဝမရှိနိုင်ပါ။ သို့သော် ထိုသူကတော့ သစ်ကိုင်းသေးသေးလေးတစ်ကိုင်းလို အလွယ်တကူ အသာတကြည်ဆွဲဖယ်ကာ လွှဲပစ်လိုက်ခြင်းဖြစ်ပါသည်။

နောက် . . . အံ့အားတသင့်ဖြင့် မော်ကြည့်နေမိသော လှမင်းကို လှမ်းရယ်ပြပြီး လက်ဖေ့ယမ်းနှုတ်ဆက်ခဲ့ပါသေးသည်။ ခဏအကြာမှာမှ ထိုသူ၏ပုံရိပ်သည် မီးခိုးငွေ့များ ပိတ်ဖုံးသွားသလို မှုန်ဝါးသွားခဲ့ကာ ပျောက်ကွယ်သွားခဲ့လေသည်။

သို့သော် အနီးအနားရှိ လူအားလုံးမှာ သူတို့၏ပြောစကားများ အရ ထိုလူကိုလည်းကောင်း၊ ထိုအခြင်းအရာကိုလည်းကောင်း၊ တစ်ယောက်မျှ ပင် မြင်ကြရပုံမပေါ်ပါ။ လှမင်းတစ်ယောက်တည်းသာ။

"ဆရာ . . . ဆရာလှမင်း . . . ဆရာ . . . ဘာဖြစ်နေလဲ"

"ဆရာ . . . သတိ . . . သတိထားပါဦး ဆရာ"

စကားတစ်ခွန်းမျှ ပြန်မပြောဘဲ ကျောက်ရုပ်လို အတောင့်သား ရပ်လျက် ယခုအချိန်ထိ တိုက်ပေါ်သို့ စူးစူးကြီးငေးကြည့်နေသော လှမင်းကို အားလုံးက စိုးရိမ်တကြီး ကိုင်လှုပ်မေးမြန်းပြောဆိုနေကြသည်။

လှမင်းမှာ ထိုအခါမှ အင့်ခနဲ သက်ပြင်းကြီးရှိုက်လိုက်မိပြီး ဘာမပြော၊ ညာမပြောနှင့် ဆို့နင့်ဝမ်းနည်းကြေကွဲစွာ ယောကျ်ားတန်မဲ့ ဟီးချ ငိုပစ်လိုက်မိလေတော့သည်။

အသက်ဘေးမှ သီသီမျှလွတ်ခဲ့ရသော 'သည်းထိတ်ရင်ဖိုအဖြစ်' အတွက် ထိတ်လန့်တုန်လှုပ်ခြင်းသာ ဖြစ်သင့်ပါလျက် ဝမ်းနည်းတကြီး တဟီးဟီးနှင့် ငိုနေသောလှမင်းကို အားလုံးက ဘာပြောရမှန်းမသိဘဲ အံ့အားတသင့် ဝိုင်းကြည့်နေကြ၏။





လှမင်းမှာကား နှစ်ထပ်အမြင့်မှ သူ့ကိုလှမ်းရယ်ပြကာ လက်ပြနှုတ်ဆက်ပျောက်ကွယ်သွားသော သူ့အသက်သခင် ကယ်တင်ရှင်၊ သေလွန်ရှာခဲ့ပြီးသူ သူငယ်ချင်း အောင်ဖေ၏ သွင်ပြင်ကိုသာ တရေးရေး မြင်ယောင်ရင်း တသွေးသွေးအတွေးများ ပွားပြီးရင်းပွားရင်း ရင်ဆို့လှိုက်လှဲ ကြေကွဲစွာ ငိုမဆုံးဖြစ်နေမိပါတော့သတည်း။

✿ ✿ ✿

[၈]

❑

"အောင်အောင့်မှာ မောင်မောင်ထက် ပန်းသီး (၁၅)လုံးပိုရှိပြီး မောင်မောင့်မှာတော့ မောင်လှအောက် ပန်းသီးသုံးလုံး လျော့ရှိတယ်တဲ့"

ခင်မောင်စန်းက သင်္ချာပုစ္ဆာကို ဖတ်ပြရင်း ရှင်းလင်းပြောပြနေရာမှ စာသင်တိုက်ဘုတ်ပေါ်တွင် ရေးချတွက်ပြရန် အနီးစားပွဲပေါ်ရှိ ဆော့ပင်ကို လှမ်းယူလိုက်သည်။

ဆော့ပင်သည် သူလက်လှမ်းအယူမှာမှ ဘေးသို့အနည်းငယ် သိမ့်ရွေ့သွား၏။ သူက အမှတ်တမဲ့ပင် ရွေ့သွားသော ဆော့ပင်ကို ထပ်မံ လှမ်းကောက်လိုက်သည်။

"ဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်စန်း အံ့အားသင့်ကာ နှုတ်မှအသံတိုးတိုးပင် ထွက်သွားမိသည်။ ဆော့ပင်သည် ထူးဆန်းစွာပင် ထပ်၍အနည်းငယ်လိမ့်သွားပြန်သည်။

ပထမတော့ သူ့လက်နှင့် မတော်တဆထိလိုက်မိ၍ ဆော့ပင်ရွေ့သွားသည်ထင်မိကာ သူ ထပ်မံလှမ်းကောက်လိုက်ခြင်းဖြစ်သည်။ ယခုအကြိမ်ကတော့ သူ့လက်နှင့် ဆော့ပင်မထိမိသည်က သေချာပါသည်။ သူ လက်လှမ်းစဉ်မှာပင် ဆော့ပင်က သိသိသာသာကြီး အခြောက်တိုက်ရွေ့သွားခြင်းဖြစ်၏။

ခင်မောင်စန်း မတ်ခနဲဖြစ်သွားသည်။ သူ . . . သူ့ကျူရှင် ကျောင်းသားများကို လှမ်းကြည့်မိ၏။ ကျောင်းသားများသည် သင်ရိုးစာအုပ်ထဲမှ ပုစ္ဆာကို ကူးယူနေကြ၍ သူတို့ဆရာခင်မောင်စန်း၏အဖြစ်ကို မရိပ်မိ၊ မသိရှိကြ။ သူက စားပွဲပေါ်တွင် ခပ်လှမ်းလှမ်းသို့ ရောက်သွားသော ဆော့ပင်ကို ယူရန် ထပ်၍လက်လှမ်းလိုက်ပြန်၏။ သူ လက်ဟန်ပြင်စဉ်မှာပင် ဆော့ပင်သည် နောက် နှစ်လက်မလောက် ညင်ညင်သာသာ အရှင်းကြီး လိမ့်သွားသည်ကို တွေ့လိုက်ရသည်။

ခင်မောင်စန်းက စားပွဲပေါ်သို့ အသာလက်ထောက်လိုက်၏။ သူ့ လက်ကို စားပွဲမျက်နှာပြင်တစ်လျှောက် မသိမသာလျှောတိုက်ရွေ့ကာ ဆော့ပင်ဆီ လက်လှမ်းသည်။ သူ့လက်နှင့် မီလုမီခင်တွင် ဆော့ပင်ကလည်း အသာအယာပင် နှစ်လက်မခန့် ထပ်ရွေ့သွားပြန်လေသည်။ ဆော့ပင်ကို သူ လက်လှမ်းမမီအောင် တစ်ယောက်ယောက်က ကျီစယ်နောက်ပြောင်နေသည့်အလား မသိမသာ ဖြည်းဖြည်းလေး လိမ့်ရွေ့သွားနေခြင်းဖြစ်သည်။ သူ သိလိုက်ပြီ။ စိတ်ထိခိုက်စွာ သက်ပြင်းကြီးတစ်ချလိုက်မိရင်း။

"အောင်ဖေ . . . သူငယ်ချင်း . . . မနောက်ပါနဲ့ကွာ"

ခင်မောင်စန်းနှုတ်မှ လေသံမျှဖြင့် ကြေကွဲစွာ တီးတိုးရေရွတ်မိသည်။





သည်အကျင့်သည် အောင်ဖေ့အကျင့် ဖြစ်ပါ၏။ အောင်ဖေက သင်တောမှ မုံရွာသို့ တက်လာဖြစ်သည့်အခါ ခင်မောင်စန်း၏ကျူရှင်ခန်းသို့ ဝင်လာလေ့ရှိသည်။ ခင်မောင်စန်း စာသင်နေချိန်နှင့် တိုးသည့်အခါလည်း တိုးသည်။ ထိုသို့သောအခါ အောင်ဖေသည် ခင်မောင်စန်း၏ စာသင်စားပွဲအနီးခုံတွင် ထိုင်ရင်း ခင်မောင်စန်း စာသင်သည်ကို ဘေးမှထိုင်ကြည့်ကာ စာသင်ချိန်အပြီးကို စောင့်နေလေ့ရှိလေသည်။

ခင်မောင်စန်းက စာရေးရန် ဆော့ပင်ကို လက်လှမ်းယူတိုင်း အောင်ဖေက ကျောင်းသားများလည်း မရိပ်မိအောင် ဆော့ပင်အား လှမ်းတို့ကာ တို့ကာ သူ လက်လှမ်းမမီစေရန် ရွှေ့ပစ်ပြီး မသိမသာ စနောက်လေ့ရှိသည်။

"မနောက်ပါနဲ့ . . . သူငယ်ချင်းရယ်"

ခင်မောင်စန်းက ကြေကြေကွဲကွဲဖြင့် တီးတိုးထပ်ပြောမိတော့ ဆော့ပင်သည် စားပွဲပေါ်ထောက်ထားသော သူ့လက်ဆီသို့ ညင်ညင်သာသာပင် ပြန်လိမ့်လာလေသည်။ သူက ဆော့ပင်ကို ကောက်ယူလိုက်လျက် ဝဲတက်လာသော မျက်ရည်များကို ကျောင်းသားများမမြင်စေရန် ပို့က်ဘုတ်ဘက်သို့ အမြန်မျက်နှာမူလိုက်ရ၏။

ရင်ထဲတွင် ဆို့နင့်နေသောကြောင့် ခါတိုင်းလို ပုစ္ဆာကိုတွက်ပြရင်း ရှင်းလင်းပြောမပြနိုင်တော့ဘဲ ပို့က်ဘုတ်ပေါ်တွင် အဖြေကိုသာ ဆက်တိုက်တွက်၍ ရေးချလိုက်ရသည်။ ကျောင်းသားများကို နောက်ခိုင်းရေးပြနေရင်း စီးကျလာသော မျက်ရည်များကိုလည်း ကျန်လက်တစ်ဖက်နှင့် မသိမသာ သုတ်နေရလေသည်။

"သူငယ်ချင်းရယ် . . . တစ်လောကပဲ ရက်လည်းလည်ပြီးသွားပြီ။ ကြင်း . . ."

အောင်ဖေ မကျွတ်မလွတ်ဖြစ်နေသည်ဟု သူ သိနေသည်။ အောင်ဖေ့အရိပ်၊ အောင်ဖေ့သွင်ပြင်ကို သူ့အိမ်၊ သူ့ကျူရှင်ခန်းတွင် ဝိုက်ခနဲရိပ်ခနဲ မကြာခဏလို သူမြင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကိုဝေတဲ့အမျှကို မင်း မရဘူးလား သူငယ်ချင်း ... ဟင်"

ခု ... အောင်ဖေ ရောက်နေသည်ထင်သည်။ သူ့အနီးတွင် တစ်စုံတစ်ယောက်ရပ်နေ၊ ရှိနေသလိုလည်း သူ ခံစားမိ၏။ ထိုစဉ်မှာပင် သူ့နဖူးပေါ် ဝဲကျနေသော ဆံပင်များကို တစ်စုံတစ်ယောက်က လေနှင့် လှမ်းမှုတ်နေသလို ခံစားလိုက်ရပြီး ဆံပင်အချို့လည်း ဝဲခနဲလွင့်လွင့်သွားတော့သည်။ အောင်ဖေ ... အောင်ဖေ ... ဟုတ်ပါပြီ။ သူ့ဆီ ရောက်နေပြီ၊ လာနောက်နေပြီ ...။

အောင်ဖေက ခင်မောင်စန်း၏ နဖူးပေါ်အုပ်ကျနေသော ဆံပင်အမောက်ကို ကြည့်မရဟုဆိုကာ လစ်လျှင်ဆွဲဖွပစ်တတ်၏။ သို့မဟုတ် လေနှင့်လှမ်းလှမ်းမှုတ်ကာ ရှေ့ဆံပင်များ အဖုတ်လိုက် လေလွင့်တုန်ခါသွားပုံကိုကြည့်ရင်းဟားလေ့ရှိ၏။

ခင်မောင်စန်း လှိုက်ခနဲ ဆို့တက်လာသည်။ ကြောက်ရမည့်ထက် အောင်ဖေ့ကို လွမ်းစိတ်၊ သတိရစိတ်ဖြင့် သူ့မှာဝမ်းပန်းတနည်း ခံစားနေရလေသည်။ သူ ... သူ့စိတ်ကို ပြန်တင်းလိုက်ရ၏။ မျက်တောင် တဖျတ်ဖျတ်ခတ်ကာ ဝဲလာသောမျက်ရည်များကို သိမ်းရင်း သူ့ကျောင်းသားများဘက် ပြန်လှည့်ကာ သူ ဆက်တိုက်ရေးချတွက်ပြထားသော ပုစ္ဆာအဖြေကို ပြန်ရှင်းပြရန် ကြိုးစားလိုက်သည်။

"အောင်ဖေ့မှာ မောင်မောင်ထက် ပန်းသီး(၁၅)လုံးပိုရှိ၊ အဲ ... အဲ ... အောင်အောင့်မှာ မောင်မောင်ထက် ပန်းသီး (၁၅)လုံးပိုရှိပြီး မောင်မောင့်မှာတော့ အောင်ဖေ့အောက် ... ဟာ ... မဟုတ်ပါဘူး၊ မောင်လှအောက် ..."

ခင်မောင်စန်း ဆက်မပြောနိုင်တော့။ သူ့လက်ထဲမှ ဆော့ပင်ကို စားပွဲပေါ် ပစ်ချလိုက်ရင်း ခေါင်းကြီးအငုံ့သားနှင့် အနိုင်နိုင်အားယူလိုက်ပြီး ...

"တပည့်တို့ ... ဆရာ နောက်တစ်ချိန်မှ ပြန်ရှင်းပြတော့မယ်။ မင်းတို့ ကူးပဲကူးထားလိုက်တော့။ ပြီးရင် ခဏစောင့်နေကြ၊ အင်္ဂလိပ်ဆရာ လာလိမ့်မယ်"





ခင်မောင်စန်းက ကျောင်းသားများကို အသံမတုန်အောင် အတတ်နိုင်ဆုံးထိန်းပြီး ပြတ်တိပြတ်တောင်း လှည့်ပြောလိုက်ရင်း အခန်းထဲမှ ခပ်သွက်သွက်ပြေးထွက်ခဲ့မိတော့သည်။ နို့မို့ ... သူ ငိုချမိတော့မည်ထင်၏။

ကျောင်းသားများကား ရုတ်တရက် အပြေးတစ်ပိုင်းထွက်သွားသော သူတို့ဆရာ၏ ထူးထူးဆန်းဆန်းအပြုအမူကို လှမ်းငေးကြည့်ကြရင်း အံ့အားတသင့် ကျန်ရစ်ခဲ့ကြလေသည်။

✿ ✿ ✿

|၉|

❑

"ငါ့ကားကို လာကူတွန်းပေးနေတာ အောင်ဖေမှန်း သိလိုက်ရတယ်။ သေသွားပြီးတဲ့ အောင်ဖေ့ကို မထင်မှတ်ဘဲ ထင်ထင်ရှားရှားကြီး ရုတ်တရက် မြင်လိုက်ရတော့ ငါလည်း လန့်သွားမိတာပေါ့ကွာ။

နောက်ပြီး ... ဒီကောင်က ငါ့ကိုရယ်ပြနေတာ။ သူ ရယ်ပြနေတယ်။ ငါ့ကို နှုတ်ဆက်နေတယ်ဆိုတာကို ငါ့ရင်ထဲက သိနေ၊ ခံစားနေရပေမဲ့ ရယ်ပြတဲ့သူ့ရုပ်က တစ်မျိုးကြီးကိုး။

သေသူကို အကောင်အထည်နဲ့ ဖြုန်းခနဲတွေ့လိုက်ရလို့ ငါလန့်ပြီး စိတ်လွတ်ကားမောင်းထွက်ခဲ့မိပြီးမှ အောင်ဖေ သေတာတောင် မဖြောင့်ရှာဘဲ သူငယ်ချင်းတွေနား တဝဲလည်လည်နဲ့ သူ့အကျင့်အတိုင်း လိုက်ကူညီနေတုန်းပါပဲလားလို့ တွေးမိတော့ ငါလည်း ငိုမိတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဇော်သူရှိန်က ကျွန်တော့်စကားကို အငိုင်သား နားထောင်နေရင်းက …

''ငါလည်း ဘာထူးလဲ ရန်အေးရာ၊ အမူးသမားသုံးယောက်ရန်ကို အောင်ဖေက ဝင်ကူရှင်းပေးရှာတာပါကွာ။ ဒါပေမဲ့ … ဘဝချင်းက ခြားသွားလေတော့ ထူးထူးဆန်းဆန်း ပုံစံတွေမြင်ရတာ လန့်စရာကြီးဖြစ်ပြီး ငါပါ အမူးသမားတွေလို လန့်ပြေးခဲ့ရတော့တာပဲ။ ပြေးရင်းလွှားရင်းနဲ့မှ အောင်ဖေ ကူရှာတာကို မင်းလိုပဲတွေးမိလာတော့ ရွာထိပ်အရောက် ငါလည်းမကြောက်နိုင်တော့ဘူး။ ထိုင်ငိုမိတော့တာပေါ့''

ခင်မောင်စန်းက မျက်ရည်အဝဲသားနဲ့ ပြောနေတဲ့ ဇော်သူရှိန်ပခုံးကို အသာပုတ်ရင်း …

''အောင်ဖေ့ကို ရိုးတိုးရိပ်တိတ် မကြာခဏတွေ့တွေ့နေလို့ အောင်ဖေ မကျွတ်ဘူးဆိုတာ ငါသိတယ်။ ဇော်သူရှိန်အခြောက်ခံရတုန်းကတော့ အောင်ဖေ ရက်မလည်သေးဘူးလေ။ မင်းတို့ပြန်သွားပြီး ရက်လည်းလည်ပြီးနောက်ပိုင်းထိ ငါ အဲလို မကြာမကြာတွေ့မိသလိုရှိလို့ ဖိုးဇော်ဆီသွားပြောမိမှ ဖိုးဇော်လည်း ငါ့လိုပဲ အောင်ဖေ့ကို ရိပ်ခနဲရိပ်ခနဲ တွေ့တယ်ဆိုတာ သိရတယ်။ ဒါကြောင့် မင်းတို့ဆီ ဖုန်းဆက်လိုက်တာပဲ ရန်အေးရာ''

လှမင်းက ငိုသံပါကြီးနဲ့ …

''အောင်ဖေ … သေတာတောင် သူငယ်ချင်းတွေကို ကူညီချင်တုန်း ကူညီတုန်းပဲ။ ငါ့ကို သေဘေးက လာကယ်သွားတာပဲကြည့်လေ။ ငါ တစ်ယောက်ပဲ သူနဲ့သူ့လုပ်ရပ်ကို မြင်ရတယ်။ ပြောလည်း ယုံနိုင်စရာ မရှိတာရော၊ ငါ့သူငယ်ချင်းကို ဒီလို မကျွတ်မလွတ်ဘဝရောက်နေတယ်ဆိုတာ မပြောချင်တာရောကြောင့် ငါ ဘာမှရှင်းပြမနေတော့ဘူး။

ငါ့တပည့်တွေကတော့ ဘာမှန်းမသိဘဲ ငါ ရုတ်တရက်ကြီး ငိုချပစ်လိုက်လို့ အတော်လန့်သွားကြပြီး ယုန်ထင်ကြောင်ထင် ဖြစ်ကုန်ကြသေးတယ်။ အောင်ဖေ … အောင်ဖေ … ဒီကောင် … တို့သူငယ်ချင်းတွေဆီ တဝဲလည်လည် ရှိနေတာဖြစ်မှာ''





ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် ငါးယောက်အတွေ့အကြုံ တစ်ယောက်ပြန်ပြောမိကြရင်း ချစ်သူငယ်ချင်း အောင်ဖေကို နှင့်နှင့်နဲ့နဲ လွမ်းကြ၊ တမ်းတမိကြရတယ်။

ကျွန်တော်တို့က အချင်းချင်းချိန်းပြီး လှူဖွယ်ပြီးမှ ရွာကို တစ်ခေါက် ပြန်သွားကြတာပါ။ အောင်ဖေ့အတွက် ရွာဘုန်းကြီးကျောင်းမှာ အလှူထပ် သာလုပ်ကြတာ။ အောင်ဖေ့ကို အမျှအတန်းလာခေါ်ကြတာလေ။

✿ ✿ ✿

| ၁၀ |

တစ္ဆေခြောက်တယ်၊ သရဲ ခြောက်တယ်ဆိုတာ ကျွန်တော် ဖတ်မှတ်ဖူးသမျှ ကံနိမ့်လို့ အခြောက်ခံရတာ …

စွဲလမ်းမှုနဲ့ ခြောက်တာ …

အမျှအတန်း ဝေတာလိုချင်လို့ ခြောက်တာ …

အစာစားချင်လို့ ခြောက်တာ …

နှုတ်ဆက်ချင်လို့ မှာစရာရှိလို့ ခြောက်တာ …

သူတို့နေထိုင်ရာမှာ ဘုရားသံ၊ တရားသံ မကြားနိုင်၊ မခံနိုင်ကြ ကျင့်ကြံ၊ ရွတ်ဖတ်တာတွေ မလုပ်နိုင်အောင် ခြောက်လှန့်တာ စသဖြင့် အကြောင်းတစ်ခုခုကြောင့်သာ ခြောက်ကြပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဖေဟာ ကျွန်တော်တို့ သူငယ်ချင်းတွေကို စွဲလမ်းနေလို့ စွဲလမ်းမှုနဲ့ ခြောက်တယ်ဆိုတဲ့ အမျိုးအစားထဲ ထည့်မယ်ဆို ထည့်နိုင်ပေမဲ့ သူခြောက်တယ်ဆိုတာ တစ်မျိုးဗျ။ သူ တွယ်တာတဲ့ သူငယ်ချင်းတွေကို သူ့အကျင့်၊ သူ့ဝသီအတိုင်း သူ ဘာများကူနိုင်မလဲဆိုတဲ့ အကူအညီပေးလို စိတ်နဲ့ လုပ်ခဲ့တာဆိုတော့ ...

တစ္ဆေထဲမှာ ကျွန်တော့်ကောင် အောင်ဖေဟာ အခြားသရဲတစ္ဆေတွေနဲ့မတူတဲ့ သင်းကွဲတစ္ဆေတစ်ကောင် ဖြစ်မနေဘူးလားဗျာ။

အောင်ဖေက လူအေး၊ လူသူတော်ကောင်း၊ နဂိုကလို ပျော်ပျော်နေတတ်သူ၊ စိတ်ကောင်းရှိသူ၊ ကူညီတတ်သူ တစ်ယောက်မို့လား။

ကြားဖူးမှာပါ။ ရဟန္တာအရှင်မြတ်ကြီးတစ်ပါးအကြောင်း။

ရဟန်းဖြစ်တဲ့ ဘဝမှာတောင် အတိတ်ဘဝက မျောက်ဖြစ်ခဲ့ရဖူးတော့ ရေအိုင်၊ ဖွက်အိုင်တွေ့ရင် မျောက်လို လွှားခနဲ လွှားခနဲ ခုန်ကျော်ကူးမိပါသတဲ့။ အတိတ်ဘဝက အကျင့်စရိုက်တွေဟာ လက်ရှိဘဝထိ ပါလာတတ်တဲ့သဘောပေါ့။ နောက်မှ ရဟန်းဝတ်နဲ့ ဒီလို ကခြေမြဲ့စွာ ခုန်ကျော်နေလို့ မဖြစ်ဘူးလို့ ဆင်ခြင်ပြီး ပြန်ထိန်းတော်မူရတယ်လို့ ဖတ်ဖူးတယ်။

နောက် ရဟန်းတစ်ပါးလည်း တရားကျင့်ကြံနေရင်းကနေ ခန္ဓာချုပ်သွားခဲ့တယ်။ ကျင့်ခဲ့တဲ့ သီလကုသိုလ်ကြောင့် နတ်ပြည်မှာ နတ်သားဖြစ်တာကို တရားထိုင်လျက်သားပုံစံနဲ့ နတ်ဗိမာန်မှာ သွားပေါ်တာတဲ့။ အနားက နတ်သမီးတွေက လူ့ပြည်မှာပျံလွန်လို့ ခု နတ်ပြည်မှာ နတ်သားဖြစ်နေပါပြီဆိုပြီး ဝိုင်းလျှောက်ကြမှ သိရတယ်ဆိုပဲ။

ဆိုချင်တာက သံသရာတစ်လျှောက်မှာ နာမ်ရုပ်ချုပ်ငြိမ်းရာ နိဗ္ဗာန်မရောက်သေးသမျှ ဘဝပေါင်း ကုဋေကုဋာအလီလီပြောင်းကြရတယ်။ အဲဒီဖြစ်ခဲ့တဲ့ဘဝအသီးသီးက ကိုယ်လုပ်ခဲ့တဲ့ကံအကျိုးပေးနဲ့ ဘဝသစ်တွေ ဖြစ်တည်ကြရတာဆိုတော့ ဒီဘဝ ဘဝတွေက ကိုယ့်ရဲ့ အကျင့်စရိုက်၊ ကိုယ့်ရဲ့ ပြုခဲ့တဲ့ကံတွေဟာ နောက်ဘဝမှာ အထုံပါလာတတ်တာမျိုးကို ပြောချင်တာပါ။





လူချင်းတူတာတောင် လူကောင်းဟဲ့၊ လူဆိုးဟဲ့လို့ အကျင့်စရိုက်တွေ ကွဲပြားပြီး ဖြစ်လာကြသေးတာ။ တစ္ဆေသရဲဘဝရောက်ရင်လည်း ဆိုးသွမ်းဖျက်ဆီးတဲ့ စရိုက်မျိုးပါတဲ့ တစ္ဆေ။ အစွဲတစ်ခုခုကြောင့် တစ္ဆေဘဝရောက်ရပေမဲ့ စိတ်ကောင်းနှလုံးကောင်းရှိတဲ့တစ္ဆေ စသည်ဖြင့် ကွဲပြားပြီးဖြစ်ကြမယ်ထင်တာပဲ။

ဒီတော့ အောင်ဖေဟာလည်း အစွဲတစ်ချက်အမှားကြောင့် သရဲတစ္ဆေဘဝရောက်သွားခဲ့ရရှာပေမဲ့ သူ့နဂိုစရိုက်ဖြစ်တဲ့ ပျော်ပျော်နေတတ်၊ ကူညီတတ်တဲ့ စရိုက်လေးတွေက အထုံပါသွားတော့ သူတွယ်တာတဲ့သူတွေကို သူ့တစ္ဆေ ဘဝမှာလည်း သူ့အကျင့်အတိုင်း လိုက်ကူညီရှာတဲ့ သဘောပဲ။

သူကတော့ ကူညီချင်လို့ သူတတ်နိုင်သလို ကူညီလိုက်တာပါပဲ။ ဒါပေမဲ့ သူ့ခမျာ တစ္ဆေတစ်ကောင်ဖြစ်နေခဲ့ပြီဆိုတော့ သူ ကူသမျှဟာ အကျိုးဖြစ်ထွန်းသော်လည်း တစ်ဖက်မှာတော့ ကြော်စရာလို ကြုံရတာတွေ၊ တစ္ဆေခြောက်သလိုဖြစ်နေတာကွ၊ သူမှ မသိဘဲ သူက ကူချင်တာပဲ သိတာကိုး။

ဒီလိုနဲ့ အောင်ဖေဟာ တစ္ဆေပေမယ့် စိတ်ကောင်းနှလုံးကောင်း အထုံပါလာတဲ့အတွက် သင်းကွဲတစ္ဆေတစ်ကောင် ဖြစ်ခဲ့ရတာပဲပေါ့။

ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်တော်တို့သူငယ်ချင်း အောင်ဖေတစ်ယောက် တစ္ဆေသရဲဘဝရောက်နေပြီဆိုတာတော့ သူခြောက်လို့ (သူ ကူညီခဲ့လို့) ကျွန်တော်တို့ သိခွင့်ရလိုက်ကြရတယ်။

တစ္ဆေသရဲဆိုတာ အပါယ်လေးဘုံက ပြိတ္တာဘုံပဲ မဟုတ်လား။ နေအပ်၊ မရောက်အပ်တဲ့ဘုံ၊ ဆင်းရဲဒုက္ခတွေသာ ရှိ ဘုံတဲ့။

သူ ဒီလိုဘုံမျိုးကိုရောက်ပြီး မကျွတ်မလွတ်ဖြင့်နေတယ်ဆိုတာ သိရတော့ သူငယ်ချင်းကောင်း၊ မိတ်ဆွေကောင်း ပီသစွာ ကျွန်တော်တို့က ကျွတ်လွတ်အောင် ကောင်းရာမွန်ရာဘုံကို ရောက်အောင် ကူညီကြရမှာ ပ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်တော်တို့သူငယ်ချင်းတစ်တွေစုပြီး ဘုန်းကြီးကျောင်းမှာ ဆွမ်း၊ သင်္ကန်းကပ်လှူလို့ အလှူဒါနပြု၊ အမျှအတန်းပေးဝေခဲ့ကြတာပါ။ အောင်ဖေဟာ အစွဲမှားတစ်ခုခုကြောင့်သာ ဒီလိုတစ္ဆေသရဲဘဝ ရောက်ခဲ့ရပေမဲ့ လူ့ဘဝမှာရှိစဉ်က သူ့မှာ စိတ်ကောင်း စေတနာကောင်းတွေ၊ သူကူညီခဲ့တဲ့၊ ပြုခဲ့တဲ့ကုသိုလ်တွေ၊ ထိန်းသိမ်းခဲ့တဲ့ သီလတွေက အများကြီးရှိနေခဲ့တာပဲ။ ဒီကုသိုလ်တွေရဲ့ အထောက်အပံ့ကြောင့်ထင်တယ်။ တစ်ညမှာ အောင်ဖေ့ကို တောက်တောက်ပပ အဝတ်အစား၊ အဆင်တန်ဆာတွေနဲ့ ကျွန်တော် အိပ်မက်ထဲမှာ တွေ့ရတယ်။

ကျန်သူငယ်ချင်းတွေလည်း သည်လိုပဲ။ ကောင်းမွန်တောက်ပတဲ့ပုံစံနဲ့ အောင်ဖေကို အိပ်မက် မက်ခဲ့ကြပါသတဲ့။ ဒါကြောင့် အောင်ဖေတစ်ယောက်တော့ ပေးဝေတဲ့အမျှကိုရပြီး ကောင်းရာမွန်ရာ ဘုံတစ်ခုကို ရောက်သွားခဲ့ပြီလို့ ကျွန်တော်တို့ယုံကြည်မိတယ်။ စိတ်အေးချမ်းမြေ့ကြရပါတယ်။ သူ့ရဲ့ အရိပ်အယောင်လည်း ဘယ်သူမှ ဘာမျှထပ်မတွေ့ရဟော့ပါဘူး။

သိတဲ့အတိုင်း ကျွန်တော်ကတော့ အတွေးသမားမို့လား။

အောင်ဖေရဲ့ ဟိုးအရင်ဘဝ ဘဝတွေကို ကျွန်တော်မသိနိုင်ပေမဲ့ ကျွန်တော်တို့နဲ့ ဆုံခဲ့တဲ့ လူ့ဘဝမှာတော့ အောင်ဖေဟာ မကောင်းတာလုပ်ခဲ့တာမျိုးလည်း မရှိဘူး။ ကံငါးပါးလုံတယ်။ စိတ်ရင်းစေတနာကောင်းတယ်။ လူတစ်ဖက်သားကို သူတတ်နိုင်သမျှ ကူညီလေ့ရှိတယ်။ သူ့မှာ အကုသိုလ်ဆိုတာ မရှိသလောက်ပါပဲ။

ဒီလို လူတောင် သေတဲ့အချိန်မှာ ကပ်လိုက်မိတဲ့ဇောက သူ့ရဲ့ကောင်းမှုတွေမှာ မဟုတ်ဘဲ စွဲလမ်းမှုလေးမှာ သွားကပ်လိုက်မိတာနဲ့ တစ္ဆေဘဝရောက်ခဲ့ရသေးတာ။

လူ့ဘဝမှာ အသက်ရှင်နေထိုင်ရေးအတွက် ဝမ်းစာရှာရင်း၊ လုပ်ရှားရုန်းကန်ရင်း၊ ကုသိုလ်ကနည်းနည်း၊ လောဘ၊ ဒေါသ၊ မောဟ အကု





သိုလ်ကများများနဲ့များ သေလွန်ကြမယ်ဆိုရင် လားရမယ့်နောက်ဘဝဟာ ကောင်းရာမွန်ရာဘုံ ဖြစ်နိုင်ပါဦးတော့မလား။

အောင်ဖေကမှ မကောင်းတဲ့ဘုံကို ရောက်ခဲ့ရပေမဲ့ သူ့စိတ်ကောင်းကုသိုလ်အခံကြောင့် ပေးဝေတဲ့အမျှကို သာဓုခေါ်နိုင်ပြီး ကောင်းရာဘုံကို ပြန်တက်နိုင်ခဲ့သေးတယ်။

ကိုယ်ရှင်သန်ခဲ့တဲ့ဘဝမှာ စိတ်ရင်းခပ်ခံကလည်း မကောင်း၊ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာနဲ့များ နေခဲ့မိကြရင်တော့ ကိုယ့်ကို ကယ်နိုင်မယ့် ကိုယ်ပိုင်ကုသိုလ်ကလည်း မရှိ၊ မိဘဆွေမျိုး၊ မိတ်သင်္ဂဟတွေက ပေးဝေတဲ့ အမျှကုသိုလ်လေးတောင် သာဓုခေါ်နိုင်စွမ်းမှ မရှိခဲ့ရင် ...

အား ... အမလေး ... ကျွန်တော် ဆက်မတွေးရဲတော့ပါဘူးဗျာ။

ဒါကြောင့် ... ကျွန်တော် ရန်အေး ဒီဘဝမှာ မချမ်းသာလည်းနေပါစေ၊ ကုသိုလ်က တစ်ပဲ၊ အကုသိုလ်က တစ်ပိဿာမဖြစ်အောင်တော့ တတ်နိုင်သမျှ လျှော့ချရမယ်။ ကုသိုလ်အလေးချိန်ကိုပဲ တိုးပွားအောင် မဖြစ်မနေ ကြိုးစားမှဖြစ်မယ်လို့ တာဝန်အတွေးကြီး ပိုက်မိပါတော့တယ်။ ဝတ္တရားတောင် မဟုတ်တော့ဘူးနော်။ တာဝန်ခင်ဗျ ... တာဝန်၊ ဝတ္တရားဆိုတာက လုပ်သင့်လုပ်ထိုက်တာ၊ တာဝန်ကျတော့ မဖြစ်မနေ လုပ်ဆောင်ရမှာ။ လုပ်ကို လုပ်ကြရမှာပါ။

အဲဒါပါပဲဗျာ၊ အစမှာ ကျွန်တော် ပြောခဲ့သလိုပါပဲ။

တစ္ဆေသရဲအခြောက်ခံရတဲ့အခါ ကြောက်လန့်ကြရ၊ အထိတ်တလန့်ဖြစ်ကြရသတဲ့။ ကျွန်တော် ရန်အေး၊ သင်းကွဲတစ္ဆေ အောင်ဖေနဲ့ ကြုံရသလိုမျိုး စာဖတ်သူတွေများ ကြုံတွေ့ခဲ့ရရင် ဘယ်လိုအတွေးနဲ့ ဘယ်လိုခံစားချက်တွေ ဖြစ်ကြမှာလဲ။

ကျွန်တော်ကတော့ ကျွန်တော့်သူငယ်ချင်း သင်းကွဲတစ္ဆေ အောင်ဖေဟာ ဘဝခြားရောက်သွားသည့်ထိ ကျွန်တော်တို့ကို သံယောဇဉ်ရအောင်

www.burmeseclassic.com



အသိတရားရအောင် တစ်ဖက်က တရားပြပေးခဲ့တာပဲလို့ ခံစားရပါတယ်ဗျာ။ စာဖတ်သူတို့ရော ...။

ကျွန်တော် သိချင်လိုက်တာဗျာ၊ ပြောပြနိုင်မလားဟင်။

ပြောပြနိုင်မယ်ဆိုရင်တော့ မှတ်ထားပေးပါခင်ဗျ။

ကျွန်တော့်နာမည်က 'ရန်အေး'ပါ။ ရန်မဝေးတဲ့ 'ရန်အေး' ...၊ 'ကက' ပြောတဲ့ ညပုံပြင်လေးတွေကို ပြန်ပြောပြနေတဲ့ 'ရန်အေး'ပါ။ ကျွန်တော့်ကားက 'ကက ...'၊ ဆူပါရစ်နိုင်တီးဗင်။ ဟုတ်ပြီနော် ...။

ထားဉသုံ




www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ကျွန်တော်သည် ငယ်စဉ်ဘဝမှ ယခုအချိန်အထိ ဆရာပေါင်းစုံနှင့် တွေ့ကြုံခဲ့ရသည်။

အသိပညာအတတ်ပညာကို သင်ကြားပို့ချပေးသော ဆရာများ နှင့် ကြုံတွေ့ခဲ့သည်။

မိမိတတ်ကျွမ်းသော ပညာရပ်တို့ဖြင့် လူသားတို့ အကျိုးစီးပွား ကို ဆောင်ရွက်ပေးသကဲ့သို့ ကြုံတွေ့ရသော ဘေးဒုက္ခများကို ကယ်တင် ပေးသောဆရာများကိုလည်း ကြုံတွေ့ခဲ့ရသည်။

မိမိတတ်ကျွမ်းသော ပညာရပ်ဖြင့် လူသားတို့ အကျိုးစီးပွားကို ပျက်စီးအောင်ပြုလုပ်ခြင်း၊ ဘေးဒုက္ခတစ်ခုခုဖြစ်အောင် ပြုလုပ်ဆာတ်သော ဆရာများကိုလည်း ကြုံတွေ့ခဲ့ရသည်။

အထက်လမ်းဆိုသော ဆရာများကို တွေ့ရသည်။

အောက်လမ်းဟူသော ဆရာများကိုလည်း တွေ့ရသည်။

အထက်လမ်းဆိုပြီး ဒုက္ခရောက်အောင် ဆောင်ရွက်နေသော လူမျိုး ကိုတွေ့ရသကဲ့သို့ အောက်လမ်းဆိုပြီး လူသားတို့၏ ဘေးဒုက္ခများကို ကယ် တင်ခဲ့သော ပုဂ္ဂိုလ်များကိုလည်း တွေ့ခဲ့ရသည်။

ထိုအရာပေါင်းစုံထဲမှ ကျွန်ုပ်နှင့်ကြုံခဲ့ရသော ဆရာဆိုသည့်ပုဂ္ဂိုလ် နှစ်ဦးကို စာဖတ်ပရိသတ်အား တင်ပြလိုက်ပါသည်။

✿ ✿ ✿

[၂]

❑

လွန်ခဲ့သော (၃၅) နှစ်ခန့်က ကျွန်ုပ်သည် ဟံသာဝတီ အနောက် ခြမ်း၊ မုတ်ကျွန်းတိုက်နယ်တွင် ပါဝင်သော သာယာကုန်းရွာကလေးတွင် သားများနှင့် အတူနေထိုင်ခဲ့သည်။ ကျွန်ုပ်တွင် ထိတ်တုံးရွှေဟူသော ဘကြီး တစ်ယောက်ရှိသည်။ လွန်စွာ စိတ်ကောင်းရှိသလို လွန်စွာ ပေပေတေတေ နှင့် မိုက်ကန်းသူလည်းဖြစ်သည်။ မဟုတ်လျှင် လုံးဝမခံတတ်ပါ။ သူကြီး မျိုးရိုးဖြစ်ပြီး ငယ်စဉ်ကဆိုးလွန်းသဖြင့် ဖခင်ဖြစ်သူ သူကြီးက ထိတ်တုံးထဲ အခဏထည့်သဖြင့် ငယ်နာမည် မောင်ရွှေမှ ထိတ်တုံးရွှေ ဖြစ်လာရ သည်။

ကျွန်တော့်မှာ ငယ်စဉ်ကတည်းက သူ့လက်ပေါ် ကြီးပြင်းခဲ့ရသဖြင့် သူ့အကျင့် သူ့စရိုက်များစွာကို အမွေရခဲ့သည်။ ကျွန်တော်တို့ဒေသသည် သောင်းကျန်းသူပေါင်းစုံ၏ဒဏ်ကို ခံခဲ့ရပြီး၊ ဖွံ့ဖြိုးမှု အလွန်နောက် ကျခဲ့ရသည်။ ၁၉၈၀ ဝန်းကျင် ကျော်ရောက်မှ အဖြူရောင်နယ်မြေဖြစ်ခဲ့ သည်။ တောသူတောင်သားများမှာ အလွန်ရိုးအကြပြီး လယ်ယာလုပ်ငန်း ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။ တံငါလုပ်ငန်းလုပ်ကိုင်သူ အချို့ သည်။

www.burmeseclassic.com



ရန်ကုန်မြစ်နှင့် တိုးမြစ်ကို ဆက်သွယ်ထားသော သခွပ်မြစ်ကမ်းဘေးတွင် တည်ရှိသည်။ ဆက်သွယ်ရေးခက်ခဲပြီး ရေလမ်းခရီးကိုသာ အားထားကြရသည်။ နွေအခါတွင် ကုန်းလမ်းခရီးကို အသုံးပြုကြသည်။ ကျွန်တော်တို့ရွာကလေး၏ သုံးပုံနှစ်ပုံခန့်ကို ချောင်းက ဖြတ်သန်းစီးဆင်းနေသဖြင့် ရွာကလေးက နှစ်ပိုင်းဖြစ်နေသည်။ အရှေ့ပိုင်းနှင့် အနောက်ပိုင်း ဟုခေါ်ဝေါ်ကြသည်။ ကျွန်တော်တို့အိမ်မှာ အနောက်ပိုင်းတွင် တည်ရှိသော်လည်း ကျွန်တော်က ဆယ်တန်းအောင်ပြီးနောက် တက္ကသိုလ်မတက်မီ လူငှားများဖြင့် တဲတွင်နေထိုင်ခဲ့သည်။

နွေရာသီလယ်ယာလုပ်ငန်းခွင်ပြီးဆုံး၍ အနားရနေချိန်ဖြစ်သည်။ ညနေစောင်းသည်နှင့် ကျွန်တော်နှင့် အဘထိတ်တုံးရွှေတို့ ကျွန်တော်၏ တဲတွင် ဝိုင်းဖွဲ့ကြသည်။ ကျွန်တော်လည်း (၁၀) တန်းအောင်သည့်နှစ်မှစ၍ အဘနှင့်တွဲပြီး အရက်သောက်တတ်နေပြီဖြစ်သည်။ ထိုအချိန်က ကျွန်တော်တို့ဒေသတွင် ချက်အရက်သာရှိသည်။ ချက်အရက်ဆိုသည်မှာ ထန်းလျက်ကို ချက်သော ထန်းလျက်အရက်ဖြစ်သည်။

အဘထိတ်တုံးရွှေက ထန်းလျက်အရက်ကို ကိုယ်တိုင်ချက်သောက်သည်။ ကျွန်တော်ကလည်း အဘအတိုင်း တပည့်ကျော်သံလုံးကို ချက်စေ၍ သောက်ကြသည်။ ကျွန်တော်နှင့် အဘထိတ်တုံးရွှေတို့က အရက်သောက်လျှင် အမြည်းကောင်းမှ သောက်ကြသည်။ အမြည်းမပါလျှင် မသောက်ကြပါ။ ယခုလည်း တဲရှေ့ကန်ထဲမှ ကွန်ပစ်ထားသော ပုစွန်တုပ်မီးဖုတ်ဖြင့်လည်းကောင်း၊ ငါးကြော်ဖြင့်လည်းကောင်း ဝိုင်းဖွဲ့နေကြခြင်းဖြစ်သည်။

ကျွန်တော်တို့ဒေသသည် မြစ်ချောင်းများပေါများပြီး ရေတက်ရေကျရှိသော ဒေသဖြစ်သဖြင့် ရေချိုရေငန် ငါးပုစွန် အလွန်ပေါလှသည်။ ယခုလည်း တပည့်ကျော်သံလုံး ရှာဖွေပေးသော အမြည်းဖြင့် ဆက်ရက်မင်းစည်းစိမ်ခံစားနေကြသည်။ ရွာအနောက်ပိုင်းမှ အသံချဲ့စက်သံကိုလည်း ကြားနေရသဖြင့် ...

''အဘ ... ရွာထဲက အသံချဲ့စက်သံကြားတယ် ... ဘာရှိလို့လဲ''

စိတ်ကူးသစ်စာပေ



''ငါလည်း အမှတ်တမဲ့ဘဲကွ''

''သံလုံး ... မင်းရော သိလား။ ဘာကြောင့် ဖွင့်တာလဲ''

''အစ်ကိုလေး ... အဲဒါ ကိုထော်ကြီးတို့အိမ်က ဖွင့်တာ''

''ဘယ်သူလဲ ဟိုဆရာယောင်ယောင်လုပ်နေတဲ့ ထော်ကြီးလား''

''ဟုတ်တယ် ...။ အဲဒီ ကိုထော်ကြီးအိမ်က''

''ဘာလဲ သူ့သမီး မင်္ဂလာဆောင်မှာမို့လို့လား''

''မဟုတ်ပါဘူး ... အစ်ကိုလေးရဲ့ အခုဖွင့်နေတာက ကိုထော်ကြီးကို ဆရာအဆင့်တက်ပေးတဲ့ပွဲ အစ်ကိုလေး''

''ဘယ်လိုကွ ... ဆရာအဆင့်တက်တယ် ... ဟုတ်လား''

''ရွာထဲမှာတော့ ပြောနေကြတာပဲ ( ) ဂိုဏ်းဆိုလားပဲ။ ဂိုဏ်းချုပ်ဆိုတဲ့ ဆရာနဲ့ သူ့တပည့်လေးငါးယောက်လည်း ရောက်နေကြတယ်။ အဲဒီအပြင် ဒီနယ်မှာရှိတဲ့ သူတို့ဂိုဏ်းဝင်ဆိုတဲ့ ဆရာတွေလည်း လာအဆင့်တက်ကြမှာတဲ့။ ပြီးတော့လည်း အဲဒီဂိုဏ်းချုပ်ဆရာကြီးကို ကန်တော့တဲ့ ဆရာကန်တော့ပွဲကိုလည်း ဒီညလုပ်ကြမှာတဲ့ ... အစ်ကိုလေးရဲ့''

''အင်း ... ထော်ကြီးကတော့ ထပ်လုပ်နေပြီ။ ဟိုတစ်ခါ ဖြစ်သွားတာ မမှတ်သေးဘူးလားမသိဘူး''

''ဘယ်တစ်ခါ ဖြစ်တာလဲ ... အဘရဲ့ ပြောစမ်းပါဦး''

''မနှစ်တုန်းကကွ ... လူကလေးက မြို့မှာ ကျောင်းသွားတက်နေတော့ ဘယ်သိမှာလဲ။ ဖြစ်တာက ဟိုဘက် ကသစ်ပင်ရွာမှာ''

''ထော်ကြီးဆိုတာ ငယ်ငယ်ကတည်းက ဘုရားယောင်ယောင်၊ တရားယောင်ယောင်နဲ့ နေလာတာ၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က မြို့သွားတုန်းနဲ့ ဆရာတစ်ယောက်နဲ့တွေ့ပြီး တပည့်ခံလိုက်တယ်။ အဲဒီနောက် သူ့ကိုယ်သူ ဆရာလို့ ကင်ပွန်းတပ်ပြီး ပယောဂကုတော့တာပဲ''

''ဟုတ်၊ မဟုတ်တော့မသိဘူး။ အပေါ်ဖြူ အောက်ဖြူဝတ်ပြီး အင်းအိုင်ကုံးကို လက်က မချတော့ဘူး။ ကာယကံရှင် ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ သူကတော့ အတင်းကုတာပဲ။ ဒါနဲ့ မနှစ်က ကသစ်ပင်ရွာက

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လူနာတစ်ယောက်က ရောဂါဖြစ်တာ တော်တော်နဲ့မပျောက်လို့ သူ့ကို လာပင့်တယ်။ လူနာအမည်က ဦးလေးမောင်တဲ့၊ အရင်က ပဲခူးရိုးမဘက်မှာ အခဲလိုက်ရင်းနဲ့ အသက်မွေးခဲ့တာ။ အသက်ကြီးလာတော့ သူ့ရွာပြန်လာနေတာ''

''သူ့ရောဂါက ညနေဆိုရင် တဟီးဟီးနဲ့ ချမ်းပြီး အဖျားတက်တော့တာပဲ။ ပျောက်သွားလိုက် ပြန်ဖြစ်လိုက်နဲ့ကြာလာတော့ ပယောဂထင်ပြီး သူ့ကိုလာပင့်တာ။ တောသူတောင်သားတွေဆိုတာ အသိဉာဏ်လည်း မရှိတော့ ပိုဆိုးတာပေါ့။ သူက လိုက်သွားပြီး ထုံးစံအတိုင်းပေါ့ ကန်တော့ပွဲတွေ၊ ဘာတွေပြင်ပြီး မန်းမှုတ်စုတ်တံနဲ့ ဆေးထိုးပြီး ကုတော့တာပေါ့။ လူနာကလည်း အတော်ဖြစ်နေတော့ မသက်သာဘူး''

''ဒီတော့ သူက လူနာမှာ ရွာသူက အပင်းသွင်းထားတယ်။ အဲဒီအပင်းကို ထုတ်မှရတော့မယ်ဆိုပြီး အပင်းထုတ်ဖို့ စီစဉ်တယ်။ အပင်းကလည်း ဝမ်းသွားမှ ကျမှာဆိုပြီး သူ့ရဲ့ဆေးတော်ကြီးကို သွေးပြီး တိုက်ပါလေရော။ ဆေးတော်ကြီးဆိုတာကလည်း ကနခိုကိုကြိတ်ပြီး လုပ်ထားတဲ့ဆေး၊ အချိန်အဆဘဲများသွားလို့လား၊ ဆေးတော်ကြီးကဘဲ တန်ခိုးတွေစွတ်ပြလို့လားမသိဘူး၊ ဝမ်းတွေသွားလိုက်တာ ည (၁၂)နာရီထိုးတဲ့ အထိမရပ်ဘူး။ အပင်းကျမကျတော့ မသိဘူး၊ ဦးလေးမောင်လည်း မြော့မြော့ဲကျန်တော့တယ်။

နောက်ဆုံး ဘယ်လိုမှ မတတ်နိုင်တော့ ရွာထဲက အပ်ပုန်းဆရာ ရမ်းကုကို သွားခေါ်နိုင်းလိုက်ရတယ်။ ရမ်းကုဆရာကလည်း ဝမ်းသွားပြီးဆီးမသွားဘူး။ ဆီးဘက်လှည့်ပြီး သွားလိုက်ရင် ဝမ်းကနည်းပြီး လူနာသက်သာသွားမှာဘဲဆိုပြီး ဆီးဆေးတွေတိုက်လိုက်တယ်။ အဲဒီတော့ လူနာဦးလေးမောင်ခမျာ ဝမ်းရော၊ ဆီးရော ဒလဟောသွားပြီး တစ်ခါတည်းဆုံးပါလေရော''

''ဖြစ်ရလေဗျာ''

''ဟုတ်တယ် ... လူလေးရေ၊ ထော်ကြီးကလည်း တတ်ယောင်ကားနဲ့ ဝမ်းသွားအောင် ဆေးတိုက်၊ ဟိုရမ်းကုကလည်း ဆီးဘက်လှည့်ရင်





သက်သာမှာပဲဆိုပြီး ဆီးဆေးတိုက်တော့ ဆီးရော၊ ဝမ်းရောသွားတော့ သေတာပေါ့''

''အဲဒါနဲ့ လူနာလည်းသေရော သူ့ညီအစ်ကိုမောင်နှမတွေက ဒီဆရာကြောင့်ဆိုပြီး တုတ်တွေ၊ ဓားတွေနဲ့ ဝိုင်းလိုက်ကြတာ သူ့ဆေးအိတ်ဆောင် မယူနိုင်ဘူး ထွက်ပြေးလာခဲ့ရတာ။ အခုထိ အဲဒီရွာကို မသွားရဲဘူး''

''ဟား ... ဟား ... ဟာ ... ဟား ... ''

''အဘရယ် ... တောထဲမှာ မုဆိုးလုပ်ခဲ့တော့ ငှက်ဖျားတွေ ဘာတွေ မိလာသလားမှမသိပဲ။ ဒါကြောင့် အချိန်မှန်မှန် ချမ်းတုန်ပြီး အဖျားတက်တာနေမှာ''

''ဟုတ်မှာပေါ့ ... လူလေးရယ်၊ တောသားတွေဆိုတော့ ဘာသိပ်သိမှာလဲ''

''အခုလည်း ထော်ကြီးဘာတွေ အဆင့်တက်ပြီး ဘာတွေလုပ်မယ်ဆိုတာ သွားကြည့်ကြရအောင်ကွာ''

''သွားလေ ... အဘ၊ လိုက်တာပေါ့''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

ကျွန်တော်နှင့် အဘထိတ်တုံးရွှေတို့နှစ်ယောက် အသံချဲ့စက်ဖွင့်နေသော ကိုထော်ကြီးအိမ်သို့ ထွက်လာခဲ့ကြသည်။ ကိုထော်ကြီးအိမ်ရှေ့တွင် မဏ္ဍပ်တစ်ခု ထိုးထားသည်။ ခေါင်းရင်းဘက်တွင် ဆယ်ပေပတ်လည်ခန့် မဏ္ဍပ်အသေးတစ်ခု ပြုလုပ်ထားပြီး သဲဖြူခင်း၍ ရာဇမတ်များ ကာထားသည်။ တိုင်လေးတိုင်တွင် ငှက်ပျောပင်များကို စိုက်ထားသည်။ စင်ပေါ်တွင် ဘုရားကျောင်းဆောင်တစ်ခုကို တင်ထားသည်။ ပန်းအိုးများတွင် ပန်းများကို ဝေနေအောင် ထိုးထားလိုက်သည်။ ၎င်းတို့၏ရှေ့ဘက်တွင် ကန်တော့ပွဲများကို စင်ဖြင့် တင်ထားသည်။

ကျွန်တော်တို့ နှစ်ယောက်ဝင်လာသည်ကိုတွေ့တော့ ကိုထော်ကြီးက လှမ်းခေါ်သည်။

"ကိုထိတ်တုံးရွှေတို့ ကိုရဲနိုင်တို့ . . . လာကြဗျာ၊ အိမ်ပေါ်တက်ကြပါ"

"အေးပါကွာ"

ကျွန်တော်တို့ အိမ်ပေါ်တက်လိုက်တော့ ဘုရားခန်းရှေ့တွင် အသက်(၆၀)ခန့် လူကြီးတစ်ဦးကို ရှေ့တွင် လူဆယ်ယောက်ခန့်က ကျုံ့ကျုံ့ကလေး





ထိုင်၍ အရိုအသေပေးနေသည်ကို တွေ့ရသည်။ အိမ်ပေါ်တွင် ကျွန်တော်တို့ သိသော၊ မသိသော လူအတော်များများကို တွေ့လိုက်ရသည်။

အိမ်ရှင်ဖြစ်သော ကိုထော်ကြီးဆိုသူက သူတို့၏ ဆရာကြီးဆိုသူနှင့် ကျွန်တော်တို့ကို မိတ်ဆက်ပေးသည်။ ကျွန်တော်တို့ကလည်း ဂိုဏ်းဆရာအဆင့်တက်ပွဲကို လေ့လာလို၍ ဖြစ်ကြောင်းပြောရာ ဆရာကြီးက . . .

"လေ့လာပါ . . . လေ့လာပါ။ စိတ်ပါဝင်စားတယ်ဆိုရင်လည်း ဂိုဏ်းထဲကို တစ်ခါတည်း ဝင်လို့ရပါတယ်"

"ဂိုဏ်းထဲကိုဝင်ဖို့အတွက် ဘယ်လိုစည်းကမ်းချက်များ သတ်မှတ်ထားပါသလဲ"

"များများစားစားတော့ မရှိပါဘူး။ (၁) အရက်မသောက်ရဘူး။ (၂) သူများမယား မပြစ်မှားရဘူး၊ (၃) အမဲသားမစားရဘူး။ ဒီသုံးချက်ပဲ ရှောင်ရမှာပါ"

"ကောင်းတဲ့အချက်တွေပါပဲ။ ကျွန်တော်တို့က လယ်သမားတွေဖြစ်ပြီး နွားနဲ့အတူတူ လုပ်ကိုင်တဲ့အတွက် အမဲသားမစားပါဘူး။ သူများမယားလည်း မပြစ်မှားပါဘူး။ ဒါပေမဲ့ အရက်မသောက်ရဘူးဆိုတာကိုတော့ လိုက်နာနိုင်လို့ပါခင်ဗျာ"

"တစ်ခါတလေမှ ဆရာကြီးက ခွင့်လွှတ်ရင် ဖြစ်ပါတယ်"

"နေပါစေ . . . ဆရာကြီးခင်ဗျာ၊ လေ့လာရုံပဲ လေ့လာပါရစေ"

"အေး . . . အေး . . . ကောင်းပါပြီကွယ်။ ဝင်ချင်ရင်တော့ အချိန်မရွေး ပြောနော်"

"ဟုတ်ကဲ့ . . . ဆရာကြီး၊ ဟုတ်ကဲ့ပါ"

ကျွန်တော်တို့အိမ်ပေါ်တွင် စကားပြောနေစဉ်အတွင်း မဏ္ဍပ်ထဲ၌ ဆရာကြီးတပည့်ဆိုသူများက မယ်ဒလင်၊ ဂီတာ၊ တယောများဖြင့် သီချင်းမှုတ်ကြတော့သည်။ ကိုထော်ကြီးကိုမေးကြည့်တော့ ဆရာအဆင့်တက်ပွဲအပြင် ဂိုဏ်းအုပ်ဆရာကြီးအား ပူဇော်ပွဲပါသည့်အတွက် တီးကြဆိုကြခြင်းဖြစ်သည်တဲ့၊ ကောင်းပါလေ့။



www.burmeseclassic.com

www.burmeseclassic.com



ည (၉)နာရီခန့်တွင် ဂိုဏ်းအုပ်ဆရာကြီးဆိုသူက ခေါင်းရင်းဘက် မဏ္ဍပ်အတွင်းဝင်သွားပြီး ဘုရားရှိခိုးတော့သည်။ ထို့ပြင် ရသေ့ရှစ်သောင်းနှင့် ရှိရှိသမျှ ထွက်ရပ်ပေါက်မပေါက်ဆရာအားလုံးကို ပင့်ဖိတ်ပြီး ဂိုဏ်းဆရာများအား အဆင့်တက်ရန် စီစဉ်တော့သည်။ ရှေ့ဦးစွာ အဆင့်မရသေးသော ကိုထော်ကြီးကို ခေါ်လိုက်သည်။ အောက်က ပိတ်ဖြူလုံချည်၊ အပေါ်ပိုင်း ဗလာကျင်း၍ ဆရာကြီးရှေ့သို့ ဝင်သွားရသည်။ ဘုရားကို ဦးစွာ ကန်တော့ရသည်။ ထို့နောက်ပင့်ဖိတ်ထားသော ဆရာအပေါင်းကို ကန်တော့ပြီး ဆရာကြီးရှေ့တွင် ထိုင်ရသည်။ ဆရာကြီးက နဖူးကျောပြင်နှင့် ရင်ဘတ်တို့တွင် စုတ်တံဖြင့် ဆေးထိုးပေးတော့သည်။

ထို့နောက် ဦးခေါင်းကိုလက်ဝါးဖြင့် အုပ်၍ မန်းမှုတ်တော့သည်။ ထို့နောက် လက်ထဲသို့ ဆေးတောင့်သုံးတောင့်ထည့်ပေးပြီး ပြန်ထွက်စေသည်။

ကိုထော်ကြီးပြီးသွားပြီးနောက် ကျန်သောတပည့်များအား အလှည့်ကျ ဆေးထိုးဆေးပေးပြီး ဂိုဏ်းစဉ်တက်ပေးတော့သည်။ ကိုထော်ကြီးလည်း ပြုံးပြုံးပြုံးပြုံးဖြင့် ကျွန်တော်တို့ အနားရောက်လာသဖြင့် အဘထိတ်တုံးရွှေက ...

"ထော်ကြီး ... မင်းက ဆရာအဆင့် ဘယ်လောက်လဲကွ"

မေးလိုက်ရာ ကိုထော်ကြီးက ...

"ပုံမှန်ဆိုရင် တစ်ဆင့်ပဲရမှာ၊ 'ပထမဆင့်' ပေါ့။ ဒါပေမဲ့ ကျုပ်က ဒီပွဲကို အကုန်အကျခံပြီးလုပ်လို့ 'ဒုတိယအဆင့်' ပေးလိုက်တယ်လို့ ကျုပ်ကို ပြောလိုက်တယ်ဗျ"

"ဟော့ ... ဒီလိုလည်း ရှိတာပဲလား"

အဘ မျက်လုံးပြူးသွားသည်။

"မပြန်နဲ့ဦးဗျာ။ ည (၁၂)နာရီ တိတိမှာ နဂါးအစာကျွေးဦးမှာ"

"ဘယ်လို နဂါးအစာကျွေးမှာဟုတ်လား"

"ဟုတ်တယ် ... စောင့်ကြည့်သွားပါဦး"

'နဂါး' အစာကျွေးမည်ဆို၍ ကျွန်တော် စိတ်ဝင်စားသွားသည်။



ကျွန်တော်ကဲ့သို့ပင် အဘထိတ်တုံးရွှေလည်း နှုတ်ခမ်းဆုံ၍ အလွန်စိတ်ဝင်စား သွားသည်။ ကျွန်တော်က ...

"အဘ ... နဂါးကို အစာကျွေးမယ်ဆိုတာ ဘယ်လိုလဲ။ ကျွန်တော်တို့နယ်မှာ နဂါးဆိုတဲ့အကောင်လည်း မရှိပါဘူး"

"အေး ... အဘလည်း မပြောတတ်ဘူး။ စောင့်ကြည့်ရသေးတာပေါ့"

ကျွန်တော်တို့ တူဝရီးလည်း စိတ်ဝင်တစားဖြင့် စောင့်မျှော်ကြည့်နေကြသည်။ ည (၁၂) နာရီထိုးသည်နှင့် ဂိုဏ်းချုပ်ဆရာကြီးနှင့် တပည့်အပေါင်းတို့က စားသောက်ဖွယ်မျိုးစုံတို့ကို ဗန်းကြီးဗန်းငယ်များဖြင့် ထည့်၍ နောက်ဖေးခြံစည်းရိုးနားရှိ တောင်ပို့အနီးတွင် ချထားလိုက်သည်။ ထို့နောက် အားလုံးနောက်သို့ ငါးပေခန့်ဆုတ်၍ မတ်တတ်ရပ်နေကြသည်။ လပြည့်ညဖြစ်၍ လမင်းက ထိန်ထိန်သာနေသဖြင့် ပတ်ဝန်းကျင်ရှိ မြင်ကွင်းအားလုံးကို ထင်ရှားစွာ မြင်နေကြရသည်။

ကျွန်တော်နှင့် အဘထိတ်တုံးရွှေတို့မှာလည်း နဂါးဆိုသောသတ္တဝါကို စာထဲပေထဲ ဇာတ်ထဲ ရုပ်ရှင်ထဲတွင်သာ မြင်ဖူးကြသည်။ အပြင်တွင် လက်တွေ့မြင်ရတော့မည်ဖြစ်သဖြင့် စိတ်လှုပ်ရှားနေကြသည်။ နဂါးဆိုသောသတ္တဝါကို နဖူးတွေ့ ဒူးတွေ့ ကြုံတွေ့ရတော့မည်ဖြစ်သဖြင့် မျက်တောင်မခတ်ဘဲ ငေးကြည့်နေကြသည်။ စားသောက်သည့်အပြင် လူကို အန္တရာယ်ပြုပါက ခုခံရန်နှင့်မနိုင်ပါက ထွက်ပြေးရန် ပြေးလမ်းကိုလည်း ရှာဖွေထားရသည်။

အစာကျွေးပြီး (၁၅)မိနစ်ခန့်အကြာတွင် တောင်ပို့အတွင်းမှ ပုရွက်ဆိတ်များ တန်းစီထွက်လာကြသည်။ ပုရွက်ဆိတ်ပေါင်းများစွာ ထွက်လာပြီး ဗန်းများဖြင့် ပြင်ဆင်ထားသော စားသောက်ဖွယ်ရာများကို ဝိုင်းဝန်းအုံခဲ၍ စားသောက်ကြတော့သည်။ ထိုအချိန်၌ပင် ...

"အောင်ပြီ"

"အောင်ပြီ"

"အောင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်နေသော ကျွန်တော်နှင့် အဘထိတ်တုံးရွှေတို့မှအပ ဆရာကြီးဆိုသူနှင့် တပည့်လက်သားအပေါင်းတို့က လက်သီးလက်မောင်း တန်း၍ ဝမ်းသာအားရ ဟစ်ကြွေးကြတော့သည်။ ကျွန်တော်နှင့် အဘထိတ် တုံးရွှေတို့ကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ဘာပြောရမှန်း မသိ၊ ကိုထော်ကြီးကို ကြည့်လိုက်တော့လည်း သူ့ဆရာကြီးနှင့် ကျန်သူများ က 'အောင်ပြီ' ဟု အော်နေ၍ သူက လိုက်အော်နေရသည်။ သူမျက်နှာက လည်း ဝေခွဲ၍မရသောမျက်နှာ . . .

အားလုံး ကိစ္စပြီးစီး၍ လူရှင်းချိန်တွင် ကျွန်တော်တို့က ကိုထော်ကြီး ကို ခေါ်၍ အကျိုးအကြောင်းကို တိုးတိုးတိတ်တိတ် မေးသောအခါ ကိုထော် ကြီးက . . .

"ကျွန်တော်လည်း နဂါးကျွေးမယ်ဆိုတော့ စိတ်လှုပ်ရှားတာပေါ့။ ပြီးတော့မှ ဆရာကြီးက ကျွန်တော့်အနားကပ်ပြီး သူတို့လုပ်သလို လိုက် လုပ်ဆိုလို့ သူတို့အော်သလို လိုက်အော်လိုက်ရတာပါ" တဲ့။

ကောင်းရော . . .။ ကျွန်တော်နဲ့ အဘထိတ်တုံးရွှေတို့ 'နဂါး' ကို မမြင်ခဲ့ရဘဲ ပုရွက်ဆိတ်တပ်ကြီးကိုသာမြင်ပြီး ပြန်လာခဲ့ရသည်။ ပုရွက် ဆိတ်များနေသော တောင်ပို့အနီးသို့ စားသောက်စရာများ သွားချတော့ ကိုယ်တော်ချောတို့က တပျော်တပါး လာရောက်သုံးဆောင်ကြသည်ပေါ့။

ကိုထော်ကြီး အပါအဝင် ဘယ်တပည့်တွေ ဘယ်အဆင့်ရသည် တော့ မသိလိုက်ပါ။ ဂိုဏ်းအုပ်ဆရာကြီးဆိုသူကတော့ တပည့်တွေ ကန် တော့လိုက်သော ဆန်၊ ဆီ၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တွေကတော့ အပြန်တွင် လှည်းနှစ်စီးဖြင့် တိုက်၍ လိုက်ပို့လိုက်ရသည်တဲ့။ တစ်နှစ်စာ ဆော့ ဖူလုံပြီပေါ့။

ကိစ္စက ဒီမျှနှင့် ပြီးစီးမသွားခဲ့။

✿ ✿ ✿

[၄]

❑

တစ်ပတ်ခန့်ကြာသောအခါ ကျွန်တော် တဲတွင်ရှိနေစဉ်အချိန် ရွာဆော်ကိုမောင်ဦး ရောက်လာပြီး . . .

"အစ်ကိုလေး . . . အစ်ကိုလေးကိုရဲနိုင်"

"ဟေ . . . ဘာလဲကွ"

"သူကြီးက ခဏလိုက်ခဲ့ပါဦးတဲ့။ အခုလိုက်ခဲ့ပါတဲ့"

"ဘာကိစ္စ ခေါ်တာလဲကွ"

"ကျွန်တော်လည်း မသိဘူး . . . အစ်ကိုလေးရ၊ အဘထိတ်တုံးရွှေ ... ဆရာတော်ကြီးဆိုတဲ့လူရော၊ အရှေ့ပိုင်းက ငပေါသိန်းဝင်းရော ရောက် ...ကြတယ်"

"အေး . . . အေး . . . လိုက်တာပေါ့ကွာ"

ကျွန်တော်လည်း လာရောက်ခေါ်သော ရွာဆော် ကိုမောင်ဦးနှင့် ...လိုက်လာခဲ့သည်။ ရွာလယ်ပိုင်းရှိ သူကြီးအိမ်သို့ ရောက်သောအခါ ...ဆော်ကိုမောင်ဦးပြောသည့် လူအပေါင်းကို ခညောင်းစွာ တွေ့လိုက်ရ ...သည်။ သူကြီးဆိုသူမှာလည်း ကျွန်တော့်ဦးလေး အငယ်ဆုံးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်သူကြီးဆိုတော့ သက်ဆိုင်ရာက သားအကြီးအဘထိတ်တုံးရွှေကို သူကြီးခန့်သော်လည်း အချုပ်အချယ်ရှိသည့်အလုပ်ကို မလုပ်လိုဟုဆို၍ ငြင်းသဖြင့် ဦးလေးအငယ်ဆုံးက ရွာတွင် သူကြီးလုပ်နေရခြင်းဖြစ်သည်။

ကျွန်တော် ရောက်သွားသောအခါ သူကြီးဖြစ်သူ ဦးလေးငယ်က ...

"လာ ... လာ ... တူလေးထိုင်"

"ဘာကိစ္စရှိလို့လဲ ... ဦးလေးရဲ့။ ကျွန်တော့်မှာ အလုပ်တွေနဲ့"

ဟုတ်ဟုတ်မဟုတ်ဟုတ် ကျွန်တော်က အထာကိုင်လိုက်သည်။

"ဟုတ်ပါတယ် ... တူလေးရာ၊ ဒီမှာ ပြဿနာတက်နေလို့"

"ဘာပြဿနာလဲ ... သူကြီးရဲ့"

"ငပေါသိန်းဝင်းက ဆရာထော်ကြီးကို ဓားနဲ့လိုက်လို့"

"ဓားနဲ့လိုက်လို့ ... ဟုတ်လား"

"ဟုတ်တယ်ကွ"

"ဘာဖြစ်လို့လိုက်တာလဲ ... သူကြီး"

"အဲဒါတော့ မင်းကိုယ်တိုင် ငပေါသိန်းဝင်းကို မေးကြည့်တော့"

"ကိုသိန်းဝင်း ... ခင်ဗျား ဘာဖြစ်လို့ ဆရာထော်ကြီးကို ဓားနဲ့လိုက်ရတာလဲ"

"ဒီလို ... ကိုရဲနိုင်ရ၊ ကျွန်တော် မနက်က တဲမှာ အဘိုးနဲ့ကွင်းပိုင်ကို ထုံးစံအတိုင်း တင်မြှောက်တယ်။ အဲဒီအချိန်မှာ ဦးလေးထိတ်တုံးရွှေ ရောက်လာပြီး ... 'ဟေ့ကောင် ... ငပေါ၊ တင်မနေနဲ့ မင်းတင်နေလည်း အဘိုးက လာမစားနိုင်ဘူး' တဲ့။ ဘာကြောင့်လဲလို့ ကျုပ်က ထပ်မေးတော့ 'မနေ့က ဆရာထော်ကြီးက အဘိုးကို ခြေထောက်တွေလက်တွေ ကြိုးတုပ်ပြီး သူ့အိမ်ရှေ့က ကုက္ကိုပင်မှာ ဓောက်ထိုးဆွဲထားတယ်' တဲ့။ ဒါကြောင့် ကျုပ်တို့ ပ,သတင်မြှောက်နေတဲ့ အဘိုးကို ဒီလိုလုပ်ရမလားဆိုပြီး ဓားနဲ့ ခုတ်မလို့ လိုက်တာ အပြေးမြန်လို့ ... ဟင်း"

ကျွန်တော့်အမေးကို ငပေါသိန်းဝင်းက ရှည်လျားစွာ ရှင်းပြရင်း ဆရာထော်ကြီးကိုပါ မကျေမနပ် ကြည့်လိုက်သည်။ အဘထိတ်တုံးရွှေကို ကြည့်လိုက်တော့ မျက်နှာက မချိုမချဉ်။ အဘကတော့ ဘယ်လိုကောက်နှုတ်ပြန်မည်မှန်းမသိ။ ဟိုဘက်ယောက်ကလည်း အမှုမပြည့် ကျမ်းမပြည့်။

"အဘ ... ကိုထော်ကြီးက အဘိုးကို အိမ်ရှေ့ကုက္ကိုပင်မှာ ကြိုးတုပ်ပြီး ဓောက်ထိုးဆွဲထားတယ်လို့ ပြောလိုက်တယ်ဆိုတာ တကယ်လား"

"အေးလေ ... တကယ်ပေါ့။ ငါပြောတာ ဟုတ်တယ်"

"သူလုပ်တာကို အဘ မြင်လို့လား"

"မြင်တော့မမြင်ဘူး၊ ငါ ကြားတော့ကြားတယ်"

"ဟုတ်လား ... ဘယ်လိုကြားတာလဲ ပြောပါဦး"

"ဒီလိုကွ ..."

လွန်ခဲ့သော နှစ်ရက်ခန့်က အဘထိတ်တုံးရွှေတစ်ယောက် ရွာထဲသို့လာရင်း ဆရာကိုထော်ကြီးအိမ်ရှေ့ ရောက်ခဲ့သည်။ ကိုထော်ကြီး အိမ်ရှေ့တွင် လူအချို့ကိုတွေ့၍ မေးမြန်းကြည့်ရာ ရွာအရှေ့ပိုင်းမှ ဒေါ်မွှေးသမီး မနွယ်နီကို ပယောဂကပ်နေ၍ ကုနေကြောင်းသိရသဖြင့် အဘထိတ်တုံးရွှေသည်း အိမ်ပေါ်သို့ တက်လာခဲ့သည်။ အိမ်ရှင်ကိုထော်ကြီးက အဘထိတ်တုံးရွှေကို ဘုဂလန့်တိုက်လွန်းသဖြင့် မကြိုက်သော်လည်း မပြောသာ၍ ကြည့်နေလိုက်သည်။

ဘုရားစင်ရှေ့တွင် ဆရာကိုထော်ကြီးက တင်ပျဉ်ခွေထိုင်နေပြီး ဒေါ်မွှေးသမီးမနွယ်နီက ကိုထော်ကြီးရှေ့တွင် လက်အုပ်ချီ၍ ကျုံ့ကျုံ့ကလေးထိုင်နေသည်။ မနွယ်နီအနီးတွင် ကိုထော်ကြီးသမီးက တစ်တောင်ခန့်ရှိသော သစ်သားတုတ်တစ်ချောင်းကို ကိုင်၍ ထိုင်နေသည်။ အဘထိတ်တုံးရွှေက သားတွင်ရှိသော ဒေါ်အုံးကို တိုးတိုးကပ်၍ ...

"ဟဲ့ ... မယ်အုံး၊ ထော်ကြီးဆေးကုတာကတော့ ဟုတ်ပါပြီ၊ သူ့သမီးကရော တုတ်တစ်ချောင်းကိုင်ပြီး ဘာထိုင်လုပ်နေတာလဲ"

"ကိုထိတ်တုံးရွှေကလည်း သူ့သမီးကလည်း စေပိုင်ဆရာတော့ ဆိုတစ်ခါ ဆရာအဆင့်တက်တုန်းက ဂိုဏ်းချုပ်ဆရာကြီးက တက်ပေးသွား







www.burmeseclassic.com

www.burmeseclassic.com



တာ။ သူ့လက်ထဲက တုတ်ကလည်း ပေါ့သေးသေးမထင်နဲ့။ ဆရာကြီး ချိုးမြှင့်သွားတဲ့ 'နဝင်းတုတ်'တဲ့ တော့"

"ဟုတ်ပါပြီ။ အဲဒီတုတ်နဲ့ သူက ဘာလုပ်မှာလဲ"

"လူနာမှာ စွဲကပ်နေတဲ့ ပယောဂကောင်က ဆရာ့ကို ရန်ပြုရင် အဲဒီတုတ်နဲ့ နှိမ်နင်းရအောင်လို့ အသင့်စောင့်နေတာ"

"ကောင်းရော ...။ ပယောဂဆရာကလည်း ကိုယ့်အန္တရာယ် တော့ ကိုယ်ရှောင်တတ်သားပဲ"

"ကဲ ... ကဲ ... ကလေးမ၊ ဘုရားကို ဦးသုံးကြိမ်ချပြီးရင် ဆရာ့ ကို ကန်တော့"

"ကဲ ... ရောဂါရှင်၊ မင်းခန္ဓာကိုယ်နဲ့ အသက်ကို ဆရာ့ကို အပ် သလား"

ကလေးမလေးက မဖြေ။

"ဟဲ့ ..."

"ဖြန်း ..."

"ပြောလေ"

ဆရာထော်ကြီးက ကြိမ်းပြင်ကို လက်ဝါးဖြင့်ရိုက်ပြီး မေးမှ 'အပ်' အပ်ပါတယ်ဆရာ"

"ကောင်းပြီ ...။ ဆရာ ကုတော့မယ်။ ကဲ ... ရောဂါရှင်ကလေးမ မှာ စွဲကပ်နေတဲ့အပကောင် ... မင်း အခုချက်ချင်း ရောဂါရှင်ထံက ခွာ ရမယ်။ အခု ထွက်စမ်း ... ထွက်"

ဆရာထော်ကြီးက မနွယ်နီ၏ဦးခေါင်းကို လက်ဝါးဖြင့်အုပ်၍ အမိန့် ပေးသည်။ မနွယ်နီကလည်း ဆရာထော်ကြီးကို မျက်လုံးလေးပြူး၍ ကြည့် နေသည်။

"ဟဲ့ ... ထွက်လို့ပြောနေတာ မကြားဘူးလား၊ အမယ် ... ငါ့ကို တောင် ပြန်ကြည့်နေသေးတယ်။ ကဲဟာ ... ကဲ ..."

"ဖျန်း ... ဖျန်း ..."





ကိုထော်ကြီး၏လက်ဝါးက ကလေးမလေး၏ပါးပေါ် ကျရောက် သွားသဖြင့် ကလေးမလေးမှာ ပုံရက်သား လဲကျသွားသည်။

"ကဲ ... မှတ်ပြီလား။ မထွက်သေးဘူးလား"

"ဆရာ ... ဆရာ ... သမီး မနွယ်နီပါ၊ ပယောဂကောင် မဟုတ် ပါဘူး"

မနွယ်နီမှာ ပါးပြင်များနီရဲ၍ မျက်ရည်များကျလာပြီး ပယောဂ မဟုတ်ကြောင်း ရှင်းပြသော်လည်း ထော်ကြီးက လက်မခံ။

"အောင်မာ ... နင်က ငါ့ကို အာခံချင်တယ်ပေါ့။ ငါကလည်း ဒါမျိုးမှ တွေ့ချင်တာ"

"ကဲ ... ဒီအပိုင်မှာနေတဲ့ အဘိုးဆိုတဲ့ပုဂ္ဂိုလ် ... အထက်ဆရာ အမိန့်၊ ကျုပ်အမိန့်နဲ့ဆင့်ခေါ်တယ် ... လာစမ်း။ ဟောဒီ ပယောဂကောင် ကိုချုပ်ပြီး နဖူးနဲ့ကြမ်းကို ငါးချက်လောက် နာနာဆောင့်စမ်း"

"ဆောင့်စမ်း ..."

"ဟဲ့ ... အဘိုး၊ ချုပ်ပြီး ဆောင့်လိုက်စမ်း"

"ဆရာ ... ဆရာ ... သမီးပါ ... နွယ်နီပါ။ ဘာအပကောင်မှ မရှိပါဘူး"

"ဘာမရှိရမှာလဲ။ ဟေ့ ... အဘိုး၊ ငါဆရာခိုင်းတာ လုပ်ဘူး သား။ မလုပ်ရင် မင်းကိုပါ အပြစ်ပေးရမယ်"

"ကဲ ... ဆိုင်ရာမိုင်ရာတွေနဲ့ နဂါးငါးကောင် ... လာစမ်း၊ အမိန့် နာခံတဲ့အဘိုးကို ခြေတွေ၊ လက်တွေကို ကြိုးတုပ်ပြီး အိမ်ရှေ့က ကုက္ကို ပင်မှာ ဖောက်ထိုးဆွဲထားလိုက်စမ်း"

"ကဲ ... အဘိုးကိုတော့ အပြစ်ပေးပြီးပြီ။ ပယောဂကောင်ပဲ ကျန် တော့တယ်"

"ဟဲ့အကောင် ... ကလေးမလေးကိုယ်က မထွက်သေးဘူး သား"

"ဆရာ ... သမီးပါ ... နွယ်နီပါ။ ဘာပယောဂကောင်မှ မရှိပါ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ . . . ငါ့ကို အခုထိ အာခံချင်နေသေးတယ်။ ကဲ ဟာ . . ."

"ဖျန်း . . ."

"အား"

"ဖျန်း . . ."

"အား"

"ဖျန်း . . ."

"အား"

ဆရာထော်ကြီး၏ လက်ဝါးက ကလေးမလေး၏ ပါးပြင်ပေါ်သို့ ဆက်တိုက်ကျသွားသဖြင့် ကလေးမလေးမှာ ခွေခွေကလေး လဲကျသွားသည်။ ဆရာထော်ကြီးသမီး စေပိုင်ဆရာမဆိုသူမှာလည်း တုတ်တဝင့်ဝင့်ဖြင့် ဝင်ရိုက်မည်လုပ်နေ၍ အဘက . . .

"ကိုထော်ကြီး . . . တော်တော့ဗျာ။ ကလေးမလေးလည်း တော်တော်နာနေပြီ"

"ကျုပ်ဆေးကုနေတာ ခင်ဗျား ဝင်မရှုပ်နဲ့"

"ရှုပ်တာ မဟုတ်ဘူး။ ခင်ဗျားလုပ်ပုံမဟုတ်လို့၊ ပယောဂမဟုတ်ပါဘူးလို့ သူ့ကိုယ်သူ ကိုယ်တိုင်ပြောနေတဲ့ဟာကို"

"ပယောဂတွေက ဒီလိုပဲ ဝန်မခံတတ်ကြဘူးဗျ"

"မလိုချင်ဘူးဗျာ . . . ခင်ဗျားမရပ်ရင် သက်ဆိုင်ရာကို ရိုက်နှက်ညှဉ်းပန်းမှုနဲ့ တိုင်ရလိမ့်မယ်"

အဲဒီလိုဝင်ပြောတော့မှ သူဆေးကုတာကို ရပ်သွားတယ်။ သူ့လက်ချက်နဲ့ သတိလစ်မတတ်ဖြစ်နေတဲ့ ကလေးမလေးကိုလည်း မနည်းနာနစ်ယူရတယ်။ ပါးနှစ်ဖက်စလုံးလည်း သူရိုက်ထားတဲ့ဒဏ်တွေကြောင့် ရောင်ကိုင်းနေလို့ အိမ်ထဲက အိမ်ပြင်တောင် မထွက်နိုင်ဘူး"

သူတို့လုပ်တဲ့လုပ်ရပ်တွေ သာမန်ထက် လွန်ကဲနေလို့ အဘက ဝင်တားလိုက်တာ။ အဘသာမတားရင် ဘယ်လောက်အထိ ရိုက်နှက်နေဦး





မလဲ မသိဘူး။ အဲဒီနေ့ကလည်း အဘိုးဆိုတဲ့ပုဂ္ဂိုလ်ကို သူပါးစပ်က ကြိုးတုပ်ပြီး ကုက္ကိုပင်မှာ ဖောက်ထိုးဆွဲနိုင်းပြီး အပြစ်ပေးတာကြားလို့ ငပေါသိန်းဝင်း အဘိုးမြှောက်တော့ ငါက တမင်ပြောလိုက်တာကွ"

ကျွန်တော် အဘထိတ်တုံးရွှေပြောစကားကို ကြားတော့ ရယ်ချင်စိတ်ကို မနည်း အောင့်ထားလိုက်ရသည်။ တော်တော်လည်း ဟုတ်သည့်အဘ။

"ကဲ . . . ကဲ . . . ကိုထော်ကြီး၊ ခင်ဗျားဆေးကုတာလည်း ကုပေါ့ဗျာ။ တရားလွန်တော့ မဖြစ်ပါစေနဲ့။ ဟိုတစ်ခါလည်း ကသစ်ပင်ရွာမှာ အပြေးမြန်လို့ ခင်ဗျား ဒုက္ခမရောက်တာ။ အခုလည်း ကလေးမလေး တစ်ခုခုဖြစ်ရင် ခင်ဗျား ရှင်းရတော့မှာ။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ အဘိုးဆိုတာ ကျုပ်တို့တစ်နယ်လုံး တင်မြှောက်နေတာ။ အဲဒါကို ခင်ဗျားက သွားထိမိကော့ ယုံကြည်မှုလွန်ကဲတဲ့သူက ဘယ်ခံချင်မလဲ။ နောက်ဆို ဆင်ခြင်ပါ။ ကဲ . . . ကဲ . . . သွားနိုင်ပါပြီ"

"ဟုတ်ကဲ့ . . . သူကြီး"

"ကဲ . . . ငပေါသိန်းဝင်း။ နောက်တစ်ခါ မမေးမစမ်းဘဲ အဲဒီလို ဘုတ်ဆွဲ၊ ဓားဆွဲဆိုရင် ထိတ်တုံးထဲထည့်မယ်။ ကြားရဲ့လား"

"ဟုတ်ကဲ့ . . . သူကြီး"

"ကဲ . . . မင်းလည်း ပြန်နိုင်ပြီ"

"ဟုတ် . . . ဟုတ်ကဲ့ပါ . . . သူကြီးမင်း"

ဆရာထော်ကြီးနှင့် ငပေါသိန်းဝင်းတို့နှစ်ဦး ပြန်သွားတော့ ဦးလေးသူကြီးက . . .

"အစ်ကိုကလည်းဗျာ . . . ဒီငပေါသိန်းဝင်းက အဘိုးတို့၊ ကွင်းပိုင်တို့၊ ဦးရှင်ကြီးတို့ဆို သိပ်ယုံတာ။ အမြဲတမ်း တင်မြှောက်နေတာ။ သူယုံကြည်တဲ့ ကိုးကွယ်ပသတဲ့ အဘိုးကို ထော်ကြီးက သစ်ပင်မှာ ဖောက်ထိုးဆွဲတယ်၊ အပြစ်ပေးတယ်ဆိုတော့ သူဘယ်ခံချင်မလဲ။ ဒီကောင်က နဂိုကတည်းက ကျပ်က မပြည့်ဆိုတော့ ပိုဆိုးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတောင် ထော်ကြီး အပြေးမြန်လို့။ မမြန်ရင် ဓားစားမိတယ်"

"အေး . . . ငါကလည်း ထော်ကြီး တရားလွန်လုပ်နေတာတွေကို ကြည့်မရလို့ ပညာပေးလိုက်တာ"

"အေးပါ . . . အစ်ကိုရာ၊ နောက်ကို ဆင်ခြင်စမ်းပါ"

"ဟော့ကောင် . . . မင်းကအကြီးလား၊ ငါကအကြီးလား"

"အစ်ကိုက အကြီးပါ"

"ဒါဆို မင်းက သူကြီးဆိုပြီး ငါ့ကို ပါဝါပြတာလား"

"မဟုတ်ပါဘူး . . . အစ်ကိုရာ၊ ငါက စေတနာနဲ့ပြောတာပါ"

"ကဲ . . . တူလေး မောင်ရဲနိုင်၊ လာ . . . သွားမယ်။ ငါ အာခြောက်သွားပြီ။ ထုံးစံအတိုင်း ဝိုင်းဖွဲ့ကြမယ်"

အဘထိတ်တုံးရွှေက ပြောပြောဆိုဆို ကျွန်တော့်ကိုခေါ်၍ သူ့အိမ်သို့ ပြန်လာခဲ့ကြသည်။ ထိုနေ့ညနေ အရက်ဝိုင်းတွင် ကျွန်တော်တို့အုပ်စု ထိုကိစ္စကို ပြန်ပြောပြီး တဝါးဝါး တဟားဟားဖြင့် ပွဲကျနေကြသည်။ တတ်လည်း တတ်နိုင်သည့် အဘထိတ်တုံးရွှေ။

✿ ✿ ✿

[၁]

❑

ထိုကိစ္စများ ပြီးစီးသည့်နောက်တွင် ကျွန်တော်လည်း ရန်ကုန်တက္ကသိုလ်တွင် ပထမနှစ်ကျောင်းသားအဖြစ် တက်ရောက်ခဲ့သည်။ ရန်ကုန်မြို့ကြီးတွင် ကျောင်းတက်ရသော်လည်း ရွာကိုသာ သတိရနေခဲ့သည်။ ညနေစောင်းသည်နှင့် အဘထိတ်တုံးရွှေတို့ သံယောင်းမ ဦးပိန်တို့နှင့် ဝိုင်းဖွဲ့လေ့ရှိသည်ကိုသာ မြင်ယောင်နေတော့သည်။

ပထမနှစ် စာမေးပွဲဖြေပြီးသည်နှင့် နောက်နေ့တွင် ရွာကိုပြန်သာခဲ့တော့သည်။ ကျွန်တော့်အပေါင်းအသင်းများအပါအဝင် အဘတို့က ဝမ်းသာအားရ ဆီးကြိုကြသည်။ သူတို့ကလည်း ကျွန်တော်ကို သတိရနေကြသည်တဲ့။ သောက်ဖော်သောက်ဖက် တေဖော်တေဖက် တစ်ယောက်ပြန်လာတော့ ဝမ်းသာနေကြခြင်းဖြစ်သည်။

ပြန်ရောက်သည့် ညနေဝိုင်းတွင်ပဲ ဝိုင်းဖွဲ့ကြတော့သည်။ အရက်ကတော့ ထုံးစံအတိုင်း ထန်းလျက်ချက်အရက်နှင့် ကြက်သားကာလသားချက်၊ ကျွန်တော်လည်း မသောက်ရတာကြာပြီဖြစ်သော ချက်အရက်နှင့် ပြန်ဆုံဆည်းရသဖြင့် သဘောကျနေသည်။ ဝိုင်းမှာလည်း စကြနောက်



www.burmeseclassic.com

www.burmeseclassic.com



ကြဖြင့် အတော် ပျော်ရွှင်နေကြသည်။ ရေချိန် မကိုက်တကိုက်အချိန်တွင် အဘထိတ်တုံးရွှေက ...

"လူလေး ... အခု တို့ရွာကို ဆရာတစ်ယောက်ရောက်နေတယ်ကွ"

"ဘာဆရာလဲ ... အဘ"

"ရောက်တုန်းကတော့ အထက်လမ်းဆရာဆိုပြီး ရောက်လာတာပဲ။ ပြီးတော့ ဘာတွေလုပ်နေမှန်း မသိတော့ဘူး"

"ဘယ်က ဘယ်လိုရောက်လာတာလဲ ... အဘရ"

"ရွာအရှေ့ပိုင်းက လှမြင့်နဲ့ ပါလာတာပဲကွ။ သူ့နာမည်က ဇော်မြင့်တဲ့။ ငါတို့ကတော့ ကုလားဆရာလို့ပဲ ခေါ်တယ်။ သူ့ကိုမေးကြည့်တော့ အနောက်မဇ္ဈိမကလာတာလို့ ပြောတယ်။ နောက်တော့မှ ဒလက ပါလာတာတဲ့ကွ"

"သူက ဘာတွေလုပ်နေလို့လဲ အဘ"

"ရောက်ခါစကတော့ ဘုရားဘေးကွင်းပြင်မှာ မဏ္ဍပ်ကြီးထိုးပြီး သူ့တပည့်တွေနဲ့စုပြီး ဘုရားရှိခိုးတော့တာပဲကွ။ မိုးကျတော့ ကိုလှသန်းအိမ်ကို ပြောင်းသွားတယ်။ ပထမတော့ ဘုရားလိုလို၊ တရားလိုလိုနဲ့ နောက်ပိုင်းကျတော့ အဲဒီအိမ်ပေါ်မှာပဲ အရက်ဝိုင်းဖွဲ့ပြီး သောက်တော့တာပဲ"

"ဗျာ ... ဆရာက အရက်သောက်တယ်။ ဟုတ်လား အဘ"

"ဟုတ်တယ်ကွ ...။ အရက်ကို ဖင်ထောင်အောင် သောက်တာ"

ပြီးတော့ သူသောက်တာ မဟုတ်ဘူး။ အဘ------- သောက်တာလို့ ပြောသေးတယ်။ အံမယ် ... တစ်ခုတော့ ရှိတယ်ဗျ။ သူ့တပည့်တွေက သူသောက်ဖို့ အရက်နဲ့အမြည်းကို အလှည့်ကျ ပို့ပေးရတာ"

"ဟာ ... တယ်ဟုတ်ပါလား"

"ဟုတ်တယ် ... ရှူလေးရ။ ဒီကုလားဆရာက တစ်ခုကောင်းတော့ရှိတယ်။ သူ့တပည့်တွေကို စကတည်းက နဖူးမှာ စုတ်တံနဲ့ ဆေးထိုး





ပေးလိုက်တယ်။ အဲဒီ ဆေးထိုးပေးလိုက်တဲ့အချိန်ကစပြီး သူ့တပည့်တွေက သူ ဘာပဲလုပ်လုပ် အကောင်းမြင်တယ်။ ဘာပဲခိုင်းခိုင်း အကုန်လုပ်တော့တာပဲ။ သူ့ဓာတ်ခန်းဖွင့်ထားတဲ့ ကိုလှသန်းအိမ်မှာ ယောကျ်ား၊ မိန်းမ အကုန်စုအိပ်ကြတော့တာပဲ"

"ဟုတ်ရဲ့လား ... ဦးပိန်ရာ၊ သူတို့ယောကျ်ားတွေကရော မပြောကြတော့ဘူးလား"

"ပထမတော့ ပြောတာပေါ့ကွာ။ နောက်ပိုင်း ပြောမရတော့ လွှတ်ထားလိုက်ရတာ။ အခုတော့ သူတို့ယောကျ်ားတွေပါ ပါကုန်တော့တာပဲ"

"အဲဒီဆရာက ဘာတွေများ မ,စလို့လဲ"

"မ,စတာ မစတာ မသိဘူး၊ သူ့ကိုးကွယ်တဲ့ လူတွေအားလုံးတော့ စီးပွားပျက်ကုန်တော့တာပဲ"

"ကျွန်တော် အဲဒီဆရာကို တွေ့ချင်တယ် ... အဘရာ"

"တွေ့ရပါ့မယ် ... လူကလေးရာ၊ ဝိုင်းသိမ်းတော့ အဲဒီဘက်ကို သွားကြည့်တာပေါ့"

ကျွန်တော်တို့အုပ်စုလည်း ည(၉)နာရီခန့်အချိန်တွင် ဝိုင်းသိမ်းပြီး ကုလားဆရာ ဓာတ်ခန်းဖွင့်ထားသည်ဆိုသော ရွာအရှေ့ပိုင်းရှိ ဦးလှသန်းအိမ်သို့ ထွက်လာခဲ့ကြသည်။ ကျွန်တော်တို့ ရောက်ရှိသွားသည့်အချိန်တွင် အိမ်ပေါ်၌ ကုလားဆရာအပါအဝင် လူအယောက်အစိတ်ခန့်ကို တွေ့လိုက်ရသည်။ သူ့တပည့်များပင် ဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့ကိုမြင်တော့ အိမ်ရှင် ဦးလှသန်းက ...

"ကိုထိတ်တုံးရွှေတို့ပါလား"

"လာပါ ... လာပါ ... ဘာကိစ္စများ ရှိလို့လဲ"

"ဘာမှတော့ မရှိပါဘူးဗျာ။ ဟောဒီ ကျုပ်တူလေးက ခင်ဗျားတို့ဓာတ်ခန်းကို လေ့လာချင်တယ်ဆိုလို့ပါ"

"လေ့လာပါ ... လေ့လာပါ ..."

ကျွန်တော်တို့လည်း သင့်တော်ရာနေရာတွင် ထိုင်လိုက်ကြသည်။ ကုလားဆရာဆိုသူကို ကြည့်လိုက်တော့ အသားညိုညို၊ နှုတ်ခမ်းမွှေးစစ



www.burmeseclassic.com

www.burmeseclassic.com



နှင့်။ ထို့နောက် ထိုဆရာက ဦးဆောင်၍ ဘုရားရှိခိုးကြတော့သည်။ (၄၅) မိနစ်ခန့် ဘုရားရှိခိုးပြီးနောက် ကုလားဆရာက . . .

"သမီးတော်လေး . . . မနှင်းဆီ"

"ရှိပါတယ်ဘုရား"

"အဘအတွက် ဘာဖါခဲ့လဲကွယ့်"

"ကြက်သားကြော်နဲ့ ငါးဟင်းပါဘုရား"

မနှင်းဆီဆို၍ ပြန်ထူးပြီး ပြန်ဖြေသူက ရွာလယ်ပိုင်းမှ ဒေါ်ကျင်မိ ဒေါ်ကျင်မိက ဘယ့်နှယ့် မနှင်းဆီဖြစ်နေရသလဲ။ ကျွန်တော်ပင် ခေါင်း ခြောက်သွားသည်။

"မစံပယ်ကရော အဘအတွက် ဘာပါလာလဲ"

"သမီးတော်က အဘအတွက် ပုစွန်ကြော်နဲ့ ကဏန်းပြုတ်ပါ ဘုရား"

"ကောင်းတယ် . . . ကောင်းတယ်။ အခု အဘ သောက်စားနေ တာတွေက သမီးတော်တို့၊ သားတော်တို့ ကုသိုလ်ရအောင် ဆောင်ရွက်နေ တာ။ ဇော်မြင့်ဆိုတဲ့ ဟောဒီလူသောက်တာ မဟုတ်ဘူးနော်။ အထက်က အဘ သောက်တာ"

ထို့နောက် အိမ်ဦးခန်းတွင်ပင် သူ့တပည့်များက အရက်သောက် ရန် အရက်နှင့်အမြည်းကို ပြင်ဆင်ပေးရသည်။ ထိုကုလားဆရာဆိုသူက အရက်သောက်လိုက်၊ အမြည်းစားလိုက်နှင့် ဟန်ကျနေတော့သည်။ သူ သောက်စားနေစဉ်အတွင်း သူ့တပည့်အမျိုးသမီးများက သီချင်း တစ်ယောက် တစ်ပုဒ် သီဆိုကြရသည်။ သီချင်းတစ်ပုဒ်ဆုံးလျှင် တပည့်အားလုံးက သံပြိုင် ဖြင့် . . .

"ယောက်ျား၊ ယောက်ျား . . . သပ်သပ်၊ မိန်းမ၊ မိန်းမ . . . သပ် သပ်၊ ညအခါ . . .'ပူးကြကပ်ကြ'"

ဟု သုံးကြိမ် သံပြိုင်သီဆိုရသည်။

ဆရာလုပ်သူလည်း အတော် ရေချိန်ကိုက်လာသောအခါ . . .

"ကဲ . . . ဟိုကညှေ်သည်တွေရော လုပ်ကြဦးမလား"





"နေပါစေ၊ ကျွန်တော်တို့က ပြည့်စုံနေပါပြီ"

"ဒါဆိုရင်လည်း ကိုယ်လုံဆေးလေး ဘာလေး ထိုးသွားပါလား။ လာဘ်လာဘလည်း ကောင်းတယ်။ ကျုပ် ထိုးပေးလိုက်ပါ့မယ်"

"နေပါစေ . . . ဆရာ၊ မထိုးတော့ပါဘူး"

အထိုးခံရသူတော့ လာဘ်လာဘကောင်းမကောင်း မသိ၊ ထိုးပေး သည့်ဆရာအတွက် လာဘ်လာဘကောင်းသည်ကတော့ ကျွန်တော့်အမြင် ပင်။ ခေတ္တနေပြီးနောက် ကျွန်တော်တို့အုပ်စု ပြန်လာခဲ့ကြသည်။ အပြန် လမ်းတွင် အဘက . . .

"အဲဒီဆရာဆိုတဲ့အကောင်က ဖင်ထောင်အောင် သောက်ဦးမှာ ကွ။ မူးပြီးလဲသွားမှ ဝိုင်းကပြီးတာ"

"နေပါဦး . . . အဘရဲ့၊ ဟို . . . ဒေါ်ကျင်မိကြီးက ဘယ်လိုဖြစ်ပြီး မနှင်းဆီ ဖြစ်သွားရတာလဲ"

သူက အမျိုးသမီးတွေကို အဲဒီလိုနာမည်တွေ ပေးတာ။ သူ့ရှေ့ မှာ အချင်းချင်းခေါ်ရင်တောင် သူပေးထားတဲ့ နာမည်ကိုပဲ ခေါ်ရတာ။ ပြီး တော့ မူးလာပြီဆိုရင် အဲဒီအမျိုးသမီးတွေကို ဆရာ့ကို ချစ်ရဲ့လား၊ နင်တို့ ယောက်ျားတွေနဲ့ ငါ ဘယ်သူ့ကို ပိုချစ်လဲလို့ အမြဲမေးတယ်။ သူ့ကိုပိုချစ် တယ်လို့ပြောမှ ကျေနပ်တာ"

"တစ်ခုရှိတာက သူ့ဆေးထိုးပြီး တပည့်ဆိုတဲ့လူတွေက သူဘာ လုပ်လုပ် ကျေနပ်နေကြတာ။ မကောင်းဘူးလို့ တစ်ခွန်းမပြောကြဘူး"

"အင် . . . အဘရယ်၊ ဒီလောက် မဟုတ်တာလုပ်နေတဲ့ လူတစ် ယောက်ကို အဘတို့ကရော၊ ရွာကရော ဘာဖြစ်လို့ လက်ခံနေကြတာ လဲ"

"အဘတို့လည်း အခြေအနေစောင့်ကြည့်နေတာ တစ်ခုခုတော့ လုပ်ရမှာပေါ့ကွာ"

"ဟုတ်တယ် . . . ကိုထိတ်တုံးရွှေရ။ သူ့ကြောင့် စီးပွားပျက်တဲ့ လူတွေလည်း ပျက်ကုန်ကြပြီ။ လင်မယားချင်း ရန်ဖြစ်ပြီး ကွဲတဲ့လူတွေက ကွဲကုန်ကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ...အခုလည်း ငါ့တူလေးကို ကိုယ်တိုင်မြင်စေချင်လို့ ခေါ်ပြတာ"

ထိုနေ့ညက ပြန်သာလာခဲ့သည် ကျွန်တော့်ရင်မှာ သိပ်မရှင်း။ တောသူတောင်သားများ၏ ရိုးသားမှု မသိနားမလည်မှုတို့ကို အသုံးချ၍လည်းကောင်း၊ အထက်ဆရာများ၏ အမည်နာမများကို အသုံးပြု၍လည်းကောင်း မဟုတ်တရုတ်အလုပ်များကို လုပ်နေသော ထိုကုလားဆရာဆိုသူ၏ လုပ်ရပ်များကို ကျွန်တော် နည်းနည်းမျှ ဘဝင်မကျခဲ့ပါ။

ထိုနွေကျောင်းပိတ်ရက်အပြီး ကျွန်တော် ဒုတိယနှစ်တက်ရန် ရန်ကုန်သို့ ပြန်လာခဲ့သည်။ ထိုနှစ် သီတင်းကျွတ်ရွာပြန်ချိန်တွင် ထိုဆရာဆိုသူကို မတွေ့ရတော့ပါ။ မေးမြန်းကြည့်သောအခါ အဘထိတ်တုံးရွှေနှင့် ရွာမှလူငယ်များ ပေါင်းပြီး ထိုဆရာတည်းခိုနေသောအိမ်ကို ညအခါ ခဲ၊ အုတ်ခဲကျိုးတို့ဖြင့် ဝိုင်း၍ ထုကြသည်တဲ့။ ကုလားဆရာမှာလည်း ခေါင်းကွဲသွားပြီး ညတွင်းချင်း ပြန်ပြေးသွားတော့သည်တဲ့။ အဘတို့အုပ်စု ဝိုင်းထုသော အုတ်ခဲကျိုးမှာ လှည်းတစ်စီးတိုက်စာပင် ရှိသည်ဆိုသည်။

ကုလားဆရာ ပြေးသည့်နောက်သို့ သူတည်းသော အိမ်ရှင်လှသန်း၏မိန်းမနှင့် အခြားတစ်ယောက်တို့က ဆရာနှင့်မခွဲနိုင်ဟုဆိုကာ လိုက်ပါသွားပြီး ဝတ်ကြီးဝတ်ငယ် ပြုစုနေကြသည်တဲ့။

နောက်တစ်နှစ်ခန့်အကြာတွင် ထိုကုလားဆရာသည် ဒလတွင် ဥပစ္ဆေဒကံဖြင့် သေဆုံးသွားကြောင်း ကြားသိလိုက်ရပါသည်။ ထိုဆရာ အသေစောသွား၍ပင်။ မစောပါက လူတွေကို ဘယ်လောက် ဒုက္ခပေးဦးမည်မသိတော့ပါ။

ကျွန်တော်ကြုံတွေ့ခဲ့သော ဆရာဆိုသည့် ထိုလူနှစ်ယောက်ပင် ဖြစ်ပါသည်။

ဝင်းနိုင် (ရွှေပြည်သာ)

BURMESE CLASSIC .com

www.burmeseclassic.com